
www.burmeseclassic.com



www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်









## မာရ်အောင် ဂါထာတော်

ယော မာရသေန မာသန္န၊
မာသန္န ဝိဇယုသသဝေါ။
တိဏာယ ပိန မညိတ္တ၊
သောနော ဒေတု ဇယံ ဇိနော။

အနက်

**အာသန္နဝိဇယုသသဝေါ**– အနီးရှိ အဖွတ္တာရန်၊ ကိုယ်တွင်းမာရ်ကိုတွန်းလှန်ဖြိုခွင်း အောင်မြင်ခြင်းတည်းဟူသော ပွဲသဘင်ရှိတော်မူသော၊ **ယောဇိနော**–ငါးမာရ်အောင်တတ် အကြင်မြတ်စွာဘုရားသည်၊ **အာသန္နံ**– အနီးသို့ရောက်လာသော၊ **မာရသေနံ**– မာရ်မင်း၏စစ်သည်အပေါင်းကို၊ **တိဏာယပိ**–မြက်တစ်ပင်မျှ လောက်သော်လည်း၊ **နမညိတ္တ**– ထင်မှတ်တော်မမူ၊ **သောဇိနော**– ထိုငါးမာရ်အောင်မြင်ရှင်တော်မြတ်ဘုရားသည်၊ **နော**– အောင်ဆုလိုလား အကျွန်ုပ်တို့အား၊ **ဇယံ**–အောင်မြင်ခြင်းကို၊ **ဒေတု**– ပေးတော်မူပါစေသတည်း။

လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com


# နက္ခတ္တရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း





နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

ဒ-ဘ-ဓ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A. A.T.C.M

(Wuhan). D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ထွေး

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

စာတည်းချုပ်

ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးဆန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(စတုနိကာယကောဝိဒ၊ဝိနယဓရ၊ဓမ္မာစရိယ)

* ဦးသန်းအောင်ဆွေ

[ဓမ္မာစရိယ(မဟာဝဏ္ဏိဒိ မြန်မာဂုဏ်ထူး)

ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ

(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar), H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း


ဖောင်တော်ပဲ့စေတီတော်မှ

ဘိုးတော်ကြူ၏ အစီအမံဖြင့်

ပြုလုပ်ထားသော ကျားမင်းကြီးမှာ...

☝ စာ-၉၁


ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)၊

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးကျော်မင်းစိုး(၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်၊

အမှတ် ၁၇/ထ၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဝါးစာပေ

ရှမ်းတောင်ကယား ဖြန့်ချိရေး

မီလျံနာစာပေ (တောင်ကြီး)

ဝင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

☎-၀၁ ၂၄၂၂၈၄၊ ၀၉ ၇၇၆၃၄၆၇၈၅၊ ၀၉ ၂၅၂၅၈၃၀၇၅။

ကြော်ငြာတာဝန်ခံ

ယဉ်ကျေးဝေ

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

အမှတ် ၃၆၄

တန်ဖိုး – ၂၂၀၀ကျပ် (ဖြန့်ချိဈေး)

[နှစ်ထောင့်နှစ်ရာကျပ်]

အုပ်ရေ

၁၀၀၀

☎-၀၁ ၂၄၂၂၈၄၊


၀၉ ၇၇၆၃၄၆၇၈၅၊ ၀၉ ၂၅၂၅၈၃၀၇၅။




F.1B. November, 2016.

www.burmeseclassic.com

www.burmeseclassic.com



ယခင်က စေတီနှစ်ဆူ ရှိခဲ့သော်လည်း
နှစ်စက်ရောင်စေတီတစ်ဆူကိုသာ
ဖူးတွေ့ရတော့သည်... ➡ စာ-၁၅

မိုးဇိုင်းတောင်ပေါ်ရှိ
မဟာဂမုန်းရွှယ်ပင်ကြီးနှင့်
မဟာဂမုန်းဥကြီးအကြောင်းကို... ➡ စာ-၄၄



## တွေ့ဆုံခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ် သဘာဝသုခ
တိုင်းရင်းဆေးကုခန်း ဆရာဦးထွန်းဝေ(တဆ-၀၂၀၆၄)
နှင့် တွေ့ဆုံဆွေးနွေးခဲ့သော မီးယပ်ဖြူဆင်းရောဂါ
ကာကွယ်စောင့်ရှောက်နည်း [မြောင်းမြ မောင်ယဉ်တင့်] ၁၆၉
မြွေကုဆရာကြီးနှင့် တွေ့ဆုံခြင်း [ဘုန်းမြင့်ကျော်] ၁၈၅


## ပညာပေးရောင်ခြည်


ကွင်းလျှောကြိုးပြားချည်နည်း [ထက်မင်းကျော်စွာ] ၁၇၅


## လက္ခဏာရောင်ခြည်


အမေးရှိ၍ အဖြေရှိခဲ့ရပါသည်
[ဆရာဦးခင်မောင်လင်း- B.Sc၊ ရွှေဘို] ၇၀
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၁၁၀
တစ်ချက်ကောင်းပေါကွက် [ဦးသော်ခင်-ဟသ်ာတ] ၁၁၉
နိုင်ငံခြားသဘော်လိုက်လုပ်ငန်း အကျိုးပေးမလား
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၂၅
လက္ခဏာပဟေဠိအဖြေညီကြစို့ ၁၃၉


## လမ်းညွှန်ရောင်ခြည်


ပေဒင်ကာဝိနှစ်ဆူ ပူဇော်ခဲ့ကြသည့် ရုပ်ပွားတော်များ
[ငြိမ်းသော်တာ] ၁၅
ဆံတော်ရှင် ခြင်းနတ်ဘုရား ထံတော်ပါးဆီသို့(၂)
[ထက်မင်းကျော်စွာ] ၅၃
ဝေရောစန ကျောက်စိမ်းစေတီတော် ပူဇော်မှုခရီး(၂) ၉၅
စပါးတောင်ရှိ သာသနာ့အောင်မြေ
လေးသွဲ့န်းခံတောင်ခရီး(၃) [မောင်မောင်စိုး-ထားဝယ်] ၁၁၃
ဂန္ဓာရီပညာရှင်များ လေ့လာသင့်သော မိုးနဲ့မြို့
[ဝိစိတြ] ၁၆၈


## အထူးကဏ္ဍရောင်ခြည်


ရန်အောင် ရွှေမင်စေတီတော်နှင့် ရှေးမြန်မာ့အစီအရင်
[ခွန်စိုင်းဝမ်း] ၉
ရေဝေလေး ချေပြာဇိုင်နှင့် စိတ်ဝင်စားဖွယ်ရာများ
[မင်းကျော်ဒွိ-ဂန္ဓီရတောင်တန်း] ၁၃
ထင်ရှားသည့် ကျိုက်ထီးရိုးကလေး(၅)ဆူမှ
ဝါးပြူတောင် ကျိုက်ထီးရိုးကလေး [ကိုသောင်း-သိမ်ဇရပ်] ၃၃
ကသာမြို့ ဘုရားငါးဆူ ပေါ်တော်မူပြီးနောက်
ဖြစ်ရပ်ဆန်းများ(၂) [ကသာ သင်းမွေး] ၅၇
သာသနာကျွန်း၏ ဝိသေသနှင့် ခန်းယိုသျှုတ္တရအမြင်(၂)
[ဟူဂျင်းစီ] ၈၁

www.burmeseclassic.com


## ✌ ကိုယ်ထွေ့ရောင်ခြည် ✌

နေဝင်ပြီးဆို... [လွယ်ကောင်းအောင်] ၁၂၁
ကျွန်ုပ်နှင့် လေထဲကအသံ(၂) [မောင်နီး-ကျောက်မဲ] ၂၃၈
အဘ ရတ္တန်းစင်တောင်ဆရာတော်နှင့်
ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေရှင် [မောင်အောင်ဝင်းမန်း] ၂၅၃
မေတ္တာလက်နက် [ကောင်းဟိန်း-ကျွန်းသစ်] ၂၆၅
ထူးထွေတည့် ဖုံ့ရာသော်
[ဒေါ်သုမနစိစိတ္တ-B.Sc,H,G.P,Dip.Ed] ၂၉၇

## ✳ ကျင့်စဉ်ရောင်ခြည် ✳

အဘိဓာသုတ်ကျင့်စဉ်အရ ဗွားများပုတီးစိပ်နိုင်ကြစေရန်
ရှစ်ဌာနပုတီးစိပ်နည်း [မောင်ဝင်းဘို-ချင်းတွင်းမြေ] ၁၄၅
ဝိဇ္ဇာရ မှော်ပညာတစ်ရပ်[အကြားအမြင် လေ့ကျင့်နည်း]
[ဦးအုန်းသွင်-သာကေတ] ၁၉၃
ဘေးမဲ့စွမ်းအား အကျိုးများ [ဗိုလ်မင်း-မင်းလှ] ၂၀၁
ခင်ပွန်းကြီးဆယ်ပါး ဖြစ်မှားကင်းစင် အဓိဋ္ဌာန်အောင်မြင်
[အောင်ချစ်ကြည်-ကြို့ပင်ကောက်] ၂၂၅

## ● အစီအရင်ရောင်ခြည် ●

ဥစ္စာပျောက် ဆန်မန်း
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၅၄
မြေကွက် အမြန်ဆုံး ရောင်းထွက်ချင်သလား
[သတိုးစော-သုံးဖက်လှ] ၁၃၂
ရခိုင်မိုးတားနည်း အစီအရင် [ရွှေစိုင်ကျော်-မြောက်ဦး] ၁၅၅
အလုပ်အကိုင် လာဘ်ပွင့်လန်းစေသည့်
ရှေးရှေးက အဆောင်ယတြာ [နေမဝင်-နတ်မောက်] ၁၈၃
ရန်အပေါင်း အောင်မြင်စေသောနည်း
[မောင်ဗဟိန်း-အင်းတော်] ၂၀၇
အောင်သမ္ဗုဒ္ဓေနှင့် အောင်ဓာတ်အစီအရင်၊
အောင်ဓာတ်ကျင့်စဉ် [ဂါမဏီဇော်-ဝိဇ္ဇာဓရ စစ်ကိုင်း] ၂၂၉

## ❒ အဖိုးရတ်ရောင်ခြည် ❒

ဣန္ဒြာသယဓာတ်လုံး စီရင်နည်း
[အောင်ထွန်းရွှေ-ထနောင်းဝင်း] ၁၃၄
ဦးဘညွန့်၏သွပ်ဇုက္ခ အပိုင်း(၅) [ဦးမင်းဇင်-ရွှေနဝင်း] ၁၅၇
နှင်းဆီပင်မှ လက်တွေ့ငွေပြဒါး [ရဲမျိုးသူ-ဇောဇိမြိုင်] ၁၇၃
သွေးတိုးဝမ်းမှန် နှမ်းခေါင်းပမာ ဓာတ်ဆေးပြာ
[မြန်မာသမားတော် မင်းတင်မောင်-တဆ.၄၁၉] ၂၀၃
သွပ်ဖမ်းနည်း [တင်လှ-ဆ-မ-ငြိမ်း] ၂၃၂





နတ်စက်ရောင် ဆုတော်ကြီးနှင့်
အာစာရပုဂ္ဂိုလ်များတို့ ကိုးကွယ်ခဲ့ကြသော
ရုပ်ပွားတော်မြတ်ကြီးများ ဖြစ်လေရာ... ➡ စာ-၁၉


ယာယီကျောင်းဆဲ ရှုက်နှာစားသက်
ကမ်းပါးစောက်ဖါးဆောက်လျှင်
မြေပြုသော နည်းလျှင်းတစ်ခုမှာ... ➡ စာ-၆၁






www.burmeseclassic.com

www.burmeseclassic.com



ဤဘုရားစေတီတော်မှာ
အဘဘိုးဘိုးအောင် တည်ထားကိုးကွယ်ခဲ့သော
ဘုရားဟု ကျော်ကြားပါသည်… ➡ စာ-၄၁

တောင်တော်ပုံစေတီတော်
ကျောက်စာတိုက်အား
အပြီးသတ်ထားသော သမိုင်းဝင် မိကျောင်းမှာ… ➡ စာ-၉၂



## ✱ ဂီတာစုန်ရောင်ခြည် ✱


ဣစ္စာသယ အပွင့်ဂါထာ [ချမ်းသာအောင်- ချောင်းဦး] ၁၃၇
ဂုဏ်တော်ကိုးပါး သစ္စာအဓိဋ္ဌာန်
ဘုရားရှိခိုးဆုတောင်း [မြင့်] ၁၄၀
ထူးဆန်းသော သမ္ဗုဒ္ဓေဂါထာ
[ဦးဝါသဝ-ကံဦးကျောင်း၊ မိုးညှင်း] ၂၂၀


## ✱ ဆေးနည်းဟိုရောင်ခြည် ✱


အနာကျက်တဲ့ ငှက်ပျောဆေး [ဆရာဦးစိန်ညွန့်-သထုံ] ၁၈၂
လက်တွေ့ ကင်းဆိပ်ပျောက်ဆေးနည်း
[ဆရာသန်းဆောင်-နဘဲကန်] ၂၇၂
ကလောဥ အဆိပ်တောက်သော်
[ပုလဲရောင်(18)-သိမ်ဖရပ်] ၂၉၃


## ◆ ဆေးဗေဒရောင်ခြည် ◆


စဖိုကွဲနာအတွက် ဆေးတစ်လက်
[ကျော်ကျော်စိုး-မိုးကုတ်] ၁၀၃
ဂန္ဓာရီရသေ့ကြီး၏ လျှို့ဝှက်သော ဆံပင်နက်အားတိုးဆေး
[သမ္ဗုဒ္ဓ] ၁၅၃
ရေဖျဉ်းစွဲရောဂါအတွက် ဆေးကောင်းတစ်လက်
[လှထွန်းဇွေ-စက်စဲ] ၁၉၁
မဟာမြိုင်ဆရာတော်ကြီး ချီးမြှင့်သော
အဘယဆေးတော်ကြီး [ဦးအုန်းမြင့်ကြီး-ပါရမီ] ၂၂၄


## ✱ ဂန္ထဝင်ရုပ်ပုံရောင်ခြည် ✱


ကိုးနဝင်းစေတီက သိုက်ရွှား [ဆန်းဝင်း-အောင်မြေ] ၂၈၁
နတ်ကြမ်းသည့် လက်ဆောင်ယူ ရွှေအင်ပင်
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၂၈၄


## ✎ ထူးခြားသစ်ပင်ရောင်ခြည် ✎


ကျွန်ုပ်နှင့် ဆန်းကြယ်သော ဂမုန်းပင်များ(၄)
[လိပ်ဂမုန်း] [ဝသုန်သက်လွင်] ၁၂၉


## ✤ စကားသုတရောင်ခြည် ✤


မပုပ်မသိုးသော ရုပ်ကလာပ်တော်များ
[ရမည်းသင်း ခင်မောင်ကျော်] ၂၁၇
ဖိုဝင်ရုပ်ပြောင်း ဝိဇ္ဇာလောင်း သိကောင်းမှတ်ဖွယ်ရာ
[ပညာစက္ခု မင်းလက်ျာအောင်] ၂၃၃


## † ထူးခြားပုစ္ဆာရောင်ခြည် †


အသက်ရှိတဲ့ ဖွားခြောက် [ကိုသက်ရှည်] ၂၁
မမြင်ဘူးသေးသူများ မြင်ဖူးစေချင် [သိန်းငှက်ခြေကုပ်ဟန်
မြန်မာ့ရှေးဟောင်းဆေးတံ] [ဇီးကုန်းဖြောမော်] ၈၆
စိတ်ဝင်စားဖွယ်ကောင်းသော အဆောင်ကျောက်မျက်များ
အကြောင်း(၃) [အောင်ဇ-LL.B] ၁၇၇
လက်ဝါးသဏ္ဌာန် သိဒ္ဓိဝင်ဖုန်းညာတံ
[မောင်ပြည်ကျော်-မင်းတုန်း] ၂၀၉


နက္ခတ္တရောင်ခြည်မှတ်တမ်း ၅

www.burmeseclassic.com

www.burmeseclassic.com


**ကိုယ်ခံပညာရောင်ခြည်**

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏ ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း) (၁)
[ဆရာကြီးမင်းယက္ခ–တိုက်ပွဲဝင်] ၁၉၈

**အမျိုးသမီးအလှရောင်ခြည်**

သကြားနှင့်ထန်းလျက်နှီးဆီ ပုရွက်ဆိတ်တက်ခြင်း ကင်းဝေးစေဖို့ [ဦးစိန်–တိုးချောင်ကြီး] ၂၂၃

**ဗုဒ္ဓသာသနာရောင်ခြည်**

ပညတ်မှ ဓာတ်ဖွဲ့ယှက်သလော [အောင်လှသန်း–မင်းဘူး] ၁၈၁
မြေကြီးပမာ အမြဲရှုသော် [သမ္ဗုဒ္ဓ] ၂၄၉
သိချင်တာတွေ များပါတယ် [စောမိသွင်–ရန်ကုန်] ၂၅၆

**မြစ်ချင်းကြိုးဆေးပင်ဆေးမြစ်ရောင်ခြည်**

ထူးဆန်းသော မဟာဂမုန်းဥကြီး [အောင်ဇ–LL.B] ၄၄
စံပယ်ဖြူ ကြူကြူမွှေးတဲ့ ပန်းကလေး၏ ဆေးဖက်ဝင် အစွမ်းသတ္တိများ [ဦးမင်းဇင်–ရွှေနဝင်း] ၂၁၄

**တိရစ္ဆာန်ရောင်ခြည်**

ဝက် အနာပေါက်ခဲ့သော် [ပေါင်းတည် သိန်းဝင်းထက်] ၁၄၃
ကျွဲနွား ဆီးချုပ်ရောဂါ [ငွေသိန်း–တိ/မွေး/ကု] ၁၇၁

**ကြည်ညိုခြင်းရောင်ခြည်**

မဟာကျန်ရာဇမုနိရုပ်ပွားတော် [ပုသိမ် မောင်စောမောင်] ၁၆၁

**ဒေသမြေရောင်ခြည်**

စစ်ကိုင်းတောင်မှ ဆုတောင်းပြည့်ဝ အောင်ပန္နက်နှစ်နေရာ [ဝဇ္ဇာကျော်–ဂန္ဓာရီ] ၄၁
စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၄၅)[မောင်တော်ပုံစေတီတော်] [အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၈၉

**ထီဗေဒရောင်ခြည်**

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ထီထိုးလိုက ရွေးချယ်ပါ ဂဏန်း [ဆရာရဲထက်] ၁၈၄
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၀၈

**စိုက်ပျိုးရေးရောင်ခြည်**

သီးနှံပင်များသာမက လူသားနှင့် အိမ်မွေးတိရစ္ဆာန်အတွက်ပါ စွယ်စုံအသုံးဝင်သည့် အရွက်ကစော်ဖောက် အပင်အားဆေးရည် Fermented Plant Juice(FPJ) [တနိုင်း၁] ၁၈၈





[illegible] သက်တော်(၁၀၀)၊ ဝါတော်(၈၀) (၂-၅-၂၀၁၃) ရက်နေ့တွင် [illegible] ပျံလွန်တော်မူသည်။


မင်းတို့ ငါတို့ သံသရာလည်တာ ဒီပျော်ရွှင်မှုကြောင့် အပျော်စွဲကြောင့် ဒုက္ခရောက်ရတာ … စာ–၂၅

ကျောက်သစ်ဥအတွင်းသားကို ပြုလုပ်ထားသော အဝါရောင်စေတီနှင့်လက်ခုပ်ကျောက်ကို… စာ–၁၇၇




www.burmeseclassic.com

www.burmeseclassic.com




အဘ
အောင်မင်းခေါင်
၏
အောင်
ဓာတ်တိုင်
ထူ၍
လိုရာဆန္ဒပြည့်
ဆုတောင်းက...
စာ-၄၂



အောက်ခံ
ကျောက်ဖျာ
ပေါ်တွင်
တင်ထားသော
ထောင်နေသည့်
ကျောက်လုံးကြီး၏
အောက်ပိုင်းအစွန်း
လွတ်နေသည်မှာ...
စာ-၃၄

ဝက်ပါဆရာတော်ကြီး၏
၂၄လုံးပဋ္ဌာန်း
ဆေးပုတီးများကိုလည်း... စာ-၅၂



**▲ အောင်မြင်ကျန်းမာရေးရောင်ခြည် ▲**

အသက်ရှည်ကြောင်း နည်းလမ်းကောင်းတစ်ခု
[မောင်အေးကြူ-စီးပွားရေး] ၁၅၀

**✪ အင်းစမရောင်ခြည် ✪**

ပျော်ရွှင်ချမ်းသာ အိမ်တော်မင်္ဂလာ [ဇော်မြင့်-မြင်းခြံ] ၂၁၀

**✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎**

သက်တော်(၁၀၀)နှစ်၊ ဝါတော်(၈၀)ရ
သက်တော်ရှည်ဆရာတော်ကြီး၏ မပုပ်မသိုး
မီးမကျွမ်းသည့် ဖြစ်ရပ်ဆန်းများ [ပျိုးလက်ညို] ၂၅
သမိုင်းအခိုင်အမာနှင့် ရှေးဟောင်း တနင်္သာရီမြို့က
ခန္ဓာကိုယ် မပုပ်မပျက်သော ဝက်ဘာဆရာတော်ကြီး
ဦးဥတ္တမ(၂) [ခင်ခင်ဝင်း-မော်ရဝတီ] ၄၉
ငွေတောက်ကုန်းရွာ အလက်ာရာမကျောင်းဆရာတော်
အရှင်မုနိန္ဒ၏ ကြည်ညိုဖွယ်ရာ ဘဝဖြစ်စဉ်တော်များ(၃)
[စံထွန်းသာ] ၆၅
ရွှာမိသာ ရွှေသိမ်တော်ကျောင်းမှ
ဆရာတော်အရှင်မဟိန္ဒအား ဂါရဝပြု ပူဇော်မှုခရီး(၄)
[စောသိင်းလ] ၁၀၅

**✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤**

ရွှေကူနဂါးရုံမှာ အစိဋ္ဌာန်ဝင်စဉ်က ထူးဆန်းသော
အတွေ့အကြုံများ [ပခုက္ကူ ဆန်းမြင့်ထွန်း] ၂၄၁
ဦးသူတော်ကြီး ခွင့်လွှတ်ပေလို့သာ
[မောင်ကံ-တံတားရွှာ] ၂၅၇
ထူးဆန်းသော မိုးကြိုးမီးလုံးနီကြီး [စန္ဒာမိုး-တောင်ငူ] ၂၆၃
တောင်ညိုဘိုးဘိုးကြီးနှင့် ကျွန်တော် [ဦးစိုး-မတ္တရာ] ၂၈၉
နှင်းပုလဲက လူပျံတော်လူခြောက်ညီနောင်(သို့မဟုတ်)
သူ့အပြန်လမ်း ခန့်မှန်းကြည့်ကြပါစို့
[အီကင်း ဦးမြမောင်-မန္တလေး] ၃၀၁

**✪ အမေးအဖြေရောင်ခြည် ✪**

ဘုရားဖူး၊ ကျမ်းစူးသူများအတွက် တိုက်ဆိုင်တာလား
ကံကြမ္မာလား သိရှိသူ သုတေသီ ပညာရှင်များမှ
ဖော်ထုတ် ရေးသားပေးကြပါ
[ကိုဝင်းတင်-လယ်လှ၊ အထက်မင်းလှ] ၁၉
အာတာပုအာ [ကောင်းမြင့်မြတ်စိုး] ၂၄၄



www.burmeseclassic.com

www.burmeseclassic.com

## နေ့စဉ်သုံး ဗေဒလမ်းညွှန်ရောင်ခြည်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၅၂
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၅၉
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ–ကျိုက်လတ်] ၁၉၂
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၂၁၆

## မြန်မာ့ရိုးရာပညာရောင်ခြည်

တိုင်လေးမျိုး တွက်နည်းနှင့်အဟော
[ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်] ၁၇၂
ကောဇာမှာ ကောင်းသလား [မောင်ဗဟိန်း–အင်းတော်] ၂၂၂

## ကျန်းမာရေး ဓာတ်မာရောင်ခြည်

(၁၂)လရာသီ နက္ခတ်ဓာတ်စာ သိဟ်ရာသီ(Leo)
ဝါခေါင်လ နက္ခတ်ဓာတ်စာ ဆောင်ရန်ရှောင်ရန်
ဆေးဖက်ဝင် အစားအစာများ [ဆရာ မင်းချမ်းသာ] ၂၃၁
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၃၀၄

## ဝိဇ္ဇာဓရရောင်ခြည်

မော်လူးကို ဘိုးမင်းခေါင် ရောက်ခဲ့စဉ်က
[ညီမင်းထက်–မြန်မာစာ] ၂၇၃

## ပရလောကရောင်ခြည်

စိပ်ပုတီးစိပ်ရန် လာ၍သတိပေးသော
မိန်းကလေးတစ်ယောက်အကြောင်း
[စကြံတောင် သူတော်–စဥ့်ကူးမြို့] ၁၇၄
ပရလောကသူတစ်ဦးနှင့် တွေ့ဆုံရခြင်း [သွန်းနေနီ] ၂၃၉
တွင်း၏မာယာ [ခင်သစ္စာ–ဆက်သွယ်ရေး] ၂၄၆
စက်နောက်မှာ ပြေးလိုက်နေတဲ့မိန်းမ
[တောင်တွင်း ကျော်ငြိမ်း] ၂၅၅
လူတို့၏စိတ်အကြံကိုသိသော ပရလောကသား
[စလင်း ဦးကျော်] ၂၆၀
အမျှပေးဝေသော်လဲ သာဓု မခေါ်နိုင်သူ
[အေးချမ်းမော်–မင်းလှ] ၂၆၉
ပရသားရဲ့အစွဲ [ဘိုဌေး–တနင်္သာရီ] ၂၉၄
အိမ်ခေါင်းရင်းမှ ထုံးဖွေးဖွေးနှင့် အဘိုးအုတ်ဂူ
[ချို–အမရပူရ] ၃၀၅

ဓ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



နဂါးမယ်တော်နှင့်
ဝိဇ္ဇာဇော်ဂျီ ရုပ်တုနှစ်ခုကို
ထူးခြားစွာ တွေ့ရှိရသည်...
☛ စာ-၃၈



“မင်းတို့ ငါ့ကို ရေနဲ့ နို့တိုက်ကြဦးလေ” လို့
အိပ်မက်ပေးတယ်...
☛ စာ-၂၁

☛ စာ-၈၆



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥမင်စေတီ

သမိုင်းဝင်

# ရန်အောင် ရွှေဥမင်စေတီတော်

နှင့် ရွှေးမြန်မာ့ အစီအရင်

**ရန်အောင်မြို့ဟောင်း၊ ဈေးဆောင်ဘက်၊ ကျောင်းဝင်းကျယ်ကြီးအတွင်း** ရှေးကျသော ရုပ်ပွားတော်ကြီးများ ကိန်းဝပ်တော်မူသည့် ရွှေဥမင်စေတီကို စိတ်ဝင်စားဖွယ် ဖူးတွေ့ရသဖြင့် **ရွှေဥမင်ကျောင်းဆရာတော် ဦးကောဝိဒ**အား ဖူးမြော်မေးလျှောက်ကြည့်သည်။

'လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာလောက်က တည်တာပဲလို့ သိရတယ်၊ သမိုင်းအထောက်အထား မှတ်တမ်းတွေ မကျန်ရစ်ဘူး'

ဟူ၍ မိန့်ကြားသည်။ စေတီအနောက်မြောက်ဘက်တွင် ခေါင်းလောင်းတစ်လုံး တွေ့ရသည်။ **ခေါင်းလောင်းစာအရ ၁၁၆၅ ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်တွင် လှူဒါန်းကြောင်း** သိရသည်။ စေတီသမိုင်းဆိုင်ရာ အချက်အလက်များ ပါဝင်ခြင်း မရှိချေ။

စေတီတိုက်မ လိုဏ်အတွင်း ဝင်ရောက်ဖူးမြော်သောအခါ ရုပ်ပွားတော်ပုံများမှာ အလွန် ရှေးကျလှသည်ကို သတိပြုမိသည်။ လွန်ခဲ့သော နှစ်ပေါင်း(၃၀၀)ခန့်က ပြန်လည်မွမ်းမံခြင်းလည်း ဖြစ်နိုင်ပါသည်။

ရုပ်ပွားတော်များသည် **ဘုရားရှင်ချမ်းသာကြီး၊ မင်းရာမ ရုပ်ပွားတော်များကဲ့သို့** မျက်လုံးတော်၊ နှုတ်ခမ်းတော် သွန်းလုပ်မှုလက်ရာ စောလှသည်။ ပုဂံခေတ်နှောင်းကာလ လက်ရာဟု မှန်းဆရလေသည်။

## ထူးခြားသည့် တန်ဆောင်များ

စေတီမှာ ကုလားကျောင်းတိုက်မအတွင်း အလယ်မဏ္ဍိုင်ခံကာ လေးဖက်လေးတန် ဆင်းတုလေးဆူ ပူဇော်ထားသည်။ ပုဂံဘုရားစေတီများကဲ့သို့ပင် လိုဏ်ဥမင် ကျဉ်းကျပ်စွာ တည်ဆောက်ကာ ဆင်းတုများအား မော်၍ ဖူးရသည်။

**အနောက်ဘက်မုခ်ဦး တောင်ဝင်ပေါက်ရှိ အနောက်လှည့် ရုပ်ပွားတော်မှာ တင်ပျဉ်ခွေထားဟန်ရှိပြီးသည်။ ဘုရှိ**





www.burmeseclassic.com

www.burmeseclassic.com



◆ အနောက်မုခ် ရုပ်ပွားတော်



◆ မြောက်ဘက်မုခ်ရုပ်ပွားတော်



◆ အဘယမုဒြာဟန်တော် လက်အဆုံ

ပဒေသမုဒြာပြင် စံပယ်၍ နံဘေးလိုဏ်နံရံ (၂)ဖက်တွင် မုခ်တွင်းကာ သာဓကနှင့်ပါး မူတော်ဟန် ရုပ်တုများ သွန်းလုပ်ထား သည်။

ဤရုပ်ပွားတော်အား ပန်း,ဆီမီး, ရေချမ်း ကပ်လှူကာ ရန်အောင်မြင်၍ အမှုတဘောင်ကိစ္စ အနိုင်ရရေး၊ ရောဂါ ဝေဒနာဆိုးများမှ လွတ်ကင်းချမ်းသာ ခြင်း၊ မြေကြမ်း, လူကြမ်း, ဆင်,မြင်း, သရဲကြမ်းများကို အောင်နိုင်ခြင်း၊ ဘုန်းတန်ခိုး ထက်မြက်ခြင်း စသည် ဆုပန်နိုင်သည်ဟု ကြားနာရသည်။ မာရဝိဇယမုဒြာဟုလည်း ခေါ်တွင် ကြောင်း သိရသည်။

ဆရာတော်က မြောက်ဘက်မုခ် လိုဏ်သို့ ဆက်လက် ခေါ်ဆောင်သွားကာ...

'ဒီရုပ်ပွားတော်နဲ့ လက်ရာပုံစံတူတာ ပခုက္ကူက သီဟိုဠ်ရှင်တစ်ဆူပဲ ရှိတယ်လို့

◆ အနောက်မုခ် လိုဏ်နံရံတွင်းမှ
သာဓကရဟန္တာရုပ်တု



◆ မြောက်ဘက်လိုဏ်မှ
သာဓကရုပ်တု



◆ ဗထေဒီအနီးမှ
ရှေးခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



▲ အရှေ့ဘက်မုခ် ရုပ်ပွားတော်



တောင်ဘက်မုခ်မှ မုဒြာသုံးရပ်ဖြင့် ပူဇော်ထားသည့်မတ်ရပ်တော်

တွေ့ရတယ်။ ကျောင်းပေါ်မှာလဲ ဒီမုဒြာနဲ့ မတ်ရပ်တော်ဓာတ်ပုံတွေ အများကြီး ရှိပါတယ်။ ဒီပုံစံနဲ့လဲ လုံးဝ မတူတာ တွေ့ရတယ်။

ခရီးလမ်းပန်း သွားလာတဲ့အခါ ဒီဘုရားမှာ ပန်းရေချမ်းကပ်ပြီး ဆုတောင်းသွားရင် အန္တရာယ်ကင်းတယ်။ လမ်းခရီး အဆင်ပြေတယ်လို့ ဆရာတော်ကြီးတစ်ပါး မိန့်ကြားဖူးပါတယ်'

ဟု ရှင်းပြသည်။

ယာလက်ဖဝါးကို ဖြန့်ထောင်းကာ လက်မောင်းတော် ကွေးထားသော **အဘယမုဒြာဖြစ်သည့် ဘေးမဲ့ပေးတန်ဖြစ်သည်။** မစိုးရိမ်လင့်၊ မကြောက်ကြနှင့်၊ ကြက်သီးမွေးညင်းထခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း တစ်စုံတစ်ရာ မရှိကြလင့်။ ကိုးကွယ်အားထားရာ ဗုဒ္ဓမြတ်စွာ ရှိနေပါပြီဟူသော ဓဇဂ္ဂသုတ်ပရိတ်တော် ဒေသနာကို ဟောကြားနေဟန်ဖြစ်သည်။

ဝဲလက် တည်နေဟန်မှာ ကရုဏာမုဒြာဖြစ်၍ ဝေနေယျအားလုံးတို့အား ရင်ဝယ်သားကဲ့သို့ သဘောထားကြောင်း ပြဆိုသည်။ ရှေ့ ဝဲယာတွင် လက်အုပ်ချီပူဇော်နေသည့် သာဝကရဟန်း မတ်ရပ်ရုပ်တုနှစ်ခု ရှိလေသည်။ ဆရာတော်က...


'ဒီရုပ်ပွားတော်နဲ့ ပတ်သက်ပြီး အကာမတစ်ယောက် လာလျှောက်ဖူးတယ်။ ရန်ကုန်ကပဲ၊ ရန်အောင်မြို့က သူဦးလေးဆီကို အလည်လာတာ။ သူ့ဆီကို ဒီရုပ်ပွားတော် ကြွလာတယ်လို့ အိပ်မက် မက်လို့ အခုလာဖူးတာပါဆိုပြီး ပန်း၊ ဆီမီး ကပ်လှူသွားတယ်'

ဟု မိန့်ကြားသည်။ ဤမုခ်တွင် ဆေးဝါးများကို သိဒ္ဓိတင်ပါက အစွမ်းပိုမိုထက်မြက်စေ၍ မိမိ၌ ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်ပါလျှင် (ရွှေဥမင်မြောက်ဘက်မုခ် လိုဏ်ရှိ)ဤရုပ်ပွားတော်အား တမ်းတတိုင်တည်ပါက အာရုံ၊ အိပ်မက် စသည် တွင် ကြွရောက်၍ အေးငြိမ်းစေနိုင်သည်ဟု သိရသည်။

အရှေ့ဘက် လိုဏ်အတွင်း၌ တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်တော်မူ၍ မျက်နှာတော် သွန်းလုပ်ပုံ လက်ရာမှာ အနောက်မုခ်၊ တင်ပျဉ်ခွေဆင်းတုထက် နောက်ကျဟန်ရှိသည်။ ပိုက်ထားသော ဝဲလက်တော် လက်မအောက်တွင် အမြုတေအား သုံးသပ်ဟန် အပူဇော်ခံလျက်ရှိသည်။ အထူးပြု ဆုပန်ခြင်း မရှိဟု

www.burmeseclassic.com

www.burmeseclassic.com





◄ ရွှေဥမင်ကျောင်း

ရွှေဥမင်ဆရာတော် ဦးကောဝိဒ ►

သိရသည်။

တောင်ဘက်မုခ်တွင်းရှိ မတ်ရပ်တော်မှာ ထူးခြားသော မုဒြာဖြင့် ကိန်းဝပ်တော်မူသည်။ ဲလက်ဝါးကို ရင်ညွှန့်၍ ဖိထားရာ **မဟာကရုဏာမုဒြာ**ဖြစ်သည်။

**ယာလက်မှ လက်မ၊ လက်ညှိုးနှင့် လက်ခလယ်တို့ကို ကွေး၍ အထက်သို့ ထောင်ထားကာ လက်သူကြွယ်နှင့် လက်သန်းကို အောက်သို့ လှန်ချထားသည်။**

ဝိမုယမုဒြာနှင့် ဝရမုဒြာ ပေါင်းစပ်ထားခြင်းဖြစ်သည်။ လက်ဝဲလက်မှ မဟာကရုဏာမုဒြာပါ စုစုပေါင်း မုဒြာ သုံးခုပေါင်း ပူဇော်ထားသည်။

**မဟာကရုဏာမုဒြာမှာ** ရန်မာန် ပြေပျောက်ခြင်း၊ မှီခိုအားကိုးရာ ရရှိခြင်း၊ မင်းအာဏာ တန်ခိုးထက်မြက်ခြင်း၊ ရန်သူများမှ သနားကြင်နာ ခွင့်လွှတ်ခြင်း၊

**ဝိမုယမုဒြာမှာ** လူအများ အရေးပေး ချီးမွမ်းမှု ခံရခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ လေးနက်ခြင်း၊ တန်ခိုးဣဒ္ဓိပါဒ် ပြည့်စုံခြင်း၊ သူရသတ္တိထက်မြက်ခြင်း။

**ဝရမုဒြာမှာ** ကောင်းချီးမင်္ဂလာ ဆုလာဘ် ပြည့်စုံခြင်း၊ ဆန္ဒပြည့်ခြင်း၊ ရာထူးစည်းစိမ် တိုးတက်ခြင်း၊ စစ်ချီစစ်တက် အနိုင်ရခြင်း၊ အမှုအောင်ခြင်း စသည့် အကျိုးသွားများ စုပေါင်းပြည့်ဝစေသည့် ရုပ်ပွားတော်ဖြစ်သည်။

## ရှေးမြန်မာအစီအရင်

ရွှေဥမင်စေတီနှင့် ရုပ်ပွားတော်များသည် ဉာဏ်ကွန့်မြူးကာ ထူးခြားရုံမျှ တီထွင်ပြုလုပ်ထားခြင်း မဟုတ်ပါ။ ရှေးခေတ်ကာလ ရန်အောင်မြို့ အနေအထားအရ ကင်းစခန်းမြို့ ဖြစ်ခဲ့ရာ မြို့တောင်ဘက်အစွန်းတွင် ကိန်းဝပ်သော စေတီဖြစ်သည်။

ထို့ကြောင့် တောင်ဘက်စွန်း၊ မြို့ပြင်ပမှ လာရောက်တိုက်ခိုက်ကြမည့် ရန်သူများအတွက် အဆီးအတားအဖြစ် စီရင်ပူဇော်သော မြန်မာ့ရှေးရိုးအစီအရင်တစ်ခုဖြစ်သည်ဟုသိရသည်။

**ဘုရားရှင်အား ကိုယ်စားပြုတော်မူ၍ ဖြစ်၍ ဆောင်ရွက်သော အစီအရင်ဖြစ် ပါသည်။ သာမန် အစီအရင်များထက် ပို၍ ထူးခြားထက်မြက်မှု ရှိသည်။**

အထူးသဖြင့် တောင်ဘက်မုခ်မှ ရုပ်ပွားတော် စံပယ်တော်မူပုံကို လေ့လာပါလျှင် မင်းတို့၏ တန်ခိုးအာဏာ ကြီးမြင့်ထက်မြက်မှု၊ သူရသတ္တိပြည့်စုံမှု၊ စစ်ချီစစ်တက် အောင်မြင်အနိုင်ရမှု စသည်တို့ကို အလေးထားပူဇော်သော မုဒြာဟန်များ ပေါင်းစပ်ပူဇော်ထားသည်ကို တွေ့ရပါမည်။

စေတီမြောက်ဘက်တွင် ရန်အောင်မြို့တော်နှင့် ဧယုတောင်တို့ တည်ရှိသဖြင့် မြောက်ဘက်မတ်ရပ်တော်ကို အဘယမုဒြာနှင့် မဟာကရုဏာ ပေါင်းစပ် ပူဇော်ထားခြင်း ဖြစ်လေသည်။

မြို့တော်နှင့် မြို့သားများအတွက် ဘေးဘယာ ဝေးကွာခြင်း၊ ရန်မာန် ပြေပျောက်ခြင်း ကောင်းကျိုးများခံစားရစေရန် ရည်ရွယ်ပူဇော်ထားသည်။

ထို့ကြောင့် ရန်အောင်မြို့ ရွှေဥမင်စေတီသည် အံ့မခန်းသော လက်ရာ၊ ထူးခြားသော ပုံဟန်နှင့် ထက်မြက်သော မြန်မာ့အစီအရင်ပညာတို့အတွက် စံပြုလေ့လာဖွယ် ကောင်းလှသော စေတီတစ်ဆူဖြစ်ရာ အခွင့်ကြုံလျှင် လေ့လာကြည့်ရှုနိုင်ရန် တိုက်တွန်းဖော်ပြရပါသည်။

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com

# ရေဝေလေး ရေပြာအိုင် နှင့်

## စိတ်ဝင်စားဖွယ်ရာများ

မင်းကျော်ဦး
(ဂမ္ဘီရတောင်တန်း)

မန္တလေးတိုင်းဒေသကြီး အတွင်းမှ **ဒီးဒုတ်ရေပြာအိုင်** ရှမ်းပြည်နယ် **ရွာငံဒေသမှရေပြာအိုင်**တို့အကြောင်း၊ သတင်းစာနှင့် ဂျာနယ်အချို့မှာ ဖတ်ရှုခဲ့ရပါသည်။ ဒီးဒုတ်ရေပြာအိုင်ကို တော့ ကျွန်ုပ် ကိုယ်တိုင်ပင် ရောက်ရှိခဲ့ဖူးသည်။

ယခု ကျွန်ုပ်ဖော်ပြပေးမည့် ရေပြာအိုင်မှာ လူသိအလွန်နည်းပါသည်။ အနီးဝန်းကျင် ဒေသခံအချို့မှလွဲလျှင် မည်သူမှ မသိရှိ မရောက်ဘူးသေးပေ။

ယခင်က လုံခြုံငြိမ်းချမ်းသောဒေသ မဖြစ်ခဲ့၍ မည်သူမျှ မသွားလာနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ယခုတော့ ကရင်ပြည်နယ်မှာ လုံခြုံငြိမ်းချမ်းမှု အခြေအနေများစွာ တိုးတက်လာပြီဖြစ်၍ မည်သည့်အရပ်ဒေသက မည်သူမဆို ထိုနေရာသို့ အလွယ်တကူ သွားလာနိုင်ပေပြီ။

ဒေသခံတို့က “**ရေဝေလေး**”ဟု သာ ခေါ်ကြသည်။ **ဖာပွန်ခရိုင် ကမမောင်းမြို့နယ်၊ မဲ့သနရွာနှင့် တားပေါင်ရွာကြားတွင်** ရှိသော်လည်း မည်သည့်ရွာနှင့်မှ မနီးပါ။


ထိုရေဝေလေးအနီးတွင် မည်သည့်ရွာမျှ မရှိပါ။ သို့သော် မဲ့သနရွာနှင့်တော့ အနည်းငယ် ပို၍နီးပါသည်။

ကမမောင်းမြို့၏ အနောက်ဘက်ရှိ မီးဖိုင်းတောင်တန်း၏ အနောက်ဘက်ခြမ်းတွင်ရှိသော ရေဝေရေထွက်နေရာတစ်ခု ဖြစ်သည်။ ထိုရေဝေလေးမှ စမ်းချောင်းကြီး၊ စမ်းချောင်းငယ်အချို့ စတင်စီးဆင်းကြသည်။ အထင်



▲ ရေဝေလေးကျောင်းအနီး ကျောက်တောင်ကုန်းမြင့်ပေါ်မှ အဓိဋ္ဌာန်စေတီနှင့် ရေပ်ထယ်

▼ “ရေဝေလေး”ရေထွက်အိုင်၏ စိမ်းပြာရောင် ရှုခင်းတလှ




ရှားဆုံးမှာ မဲ့သနချောင်းဖြစ်သည်။

‘ရေဝေလေးရေအိုင်ဟာ အပြာရောင် အလွန်လှတယ်။ ရေကလဲ အလွန်ကြည်တယ်။ရေအနက်ကတော့ဘယ်သူမှ မတိုင်းတာနိုင်ကြဘူး။

ဟို အင်္ဂလိပ်ခေတ်က အင်္ဂလိပ်လူမျိုးတစ်စု ဒီနေရာရောက်လာပြီး အောက်စီဂျင်ဘူး ရေငုပ်ကရိယာတွေနဲ့ ရေငုပ်ပြီး အနက်တိုင်ဖူးတယ်။

အဲဒီ ရေငုပ်သမား ရေပေါ်ကို ပြန်တက်မလာနိုင်ဘဲ ပျောက်ဆုံးသွားလို့ ပြန်သွားကြတယ်။ အဲဒီနောက်ပိုင်း ဘယ်သူမှ ရေအနက် လာမတိုင်းကြတော့ဘူးလို့ ရှေးလူကြီး သိမီသူတွေ ပြောပြဖူးတယ်။

www.burmeseclassic.com





▲ ရေဝဝလေးကျောက်တွင်း
အလယ်ရှိ ကန့်လန့်သင်ပင်တံတား

◀ ရေဝဝလေးကျောက်တွင်း
ရေပြာအိုင်နှင့် ထိုနေရာမှ
တောင်စီးထင်ရှားသော
ရေတံခွန်ငယ်စမ်းချောင်း

ပြီးတော့ ဒီရေဝလေးအနီး ကျောက်တောင်တွေပေါ်မှာ ဂန္ဓာရီဝိဇ္ဇာလမ်းလိုက်စားတဲ့ပုဂ္ဂိုလ်ထူးတွေ မကြာခဏလာပြီး အဓိဋ္ဌာန်ထိုးတာတွေ သမထအားထုတ်တာတွေ လုပ်ကြရင်း အောင်မြင်သွားကြသလို ဆေးဝါးစီရင်တဲ့ ဝိဇ္ဇာဓိုရ်တွေ အင်းစီရင်တဲ့ ဝိဇ္ဇာဓိုရ်တွေလဲ ဒီရေဝလေးရေပြာအိုင်က ရေတွေနဲ့ အောင်မြင်မှုတွေရှိခဲ့ဖူးကြောင်း သိရတယ်။

ရေဝလေးရေအိုင်အတွင်းမှာ အလွန်ထူးဆန်းတဲ့ ရေလုံးကလေးတွေ တစ်ခါတစ်ရံ အများအပြား တွေ့ရတယ်။ ပြဒါးစိုက်လုံးလိုပဲ ရေပြဒါးရှင်လုံးလို့ ပြောကြတယ်။ ဖမ်းယူတတ်ရင် ရနိုင်တယ်လို့ ဂမ္ဘီရပညာရှင်ကြီး တချို့က ပြောတယ်။

ကျွန်တော်ကိုယ်တိုင် အဲဒီ ရေပြဒါးရှင်လုံးတွေ တွေ့မြင်ရဖူးတယ်။ မဖမ်းတတ်လို့ မရခဲ့ဖူးဘူး။ တခြားထူးဆန်းတာတွေ အများကြီး ရှိသေးတယ်'

မီးဖိုင်းတောင်တန်းတစ်ခွင်မှာ ရသေ့ဝတ်ဖြင့်လည်းကောင်း၊ ဝတ်ဖြူစင်ကြယ်ဝတ် လူသူတော်အဖြစ်လည်းကောင်း၊ ဂန္ဓာရီ လှည့်လည်သွားလာခဲ့ဖူးသော စောငွေထွန်းက ပြောပြသဖြင့် ကျွန်ုပ်မှာ ထိုရေဝလေးကို စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နယ်မြေလုံခြုံငြိမ်းချမ်းစပြုနေပြီဖြစ်သော ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ၏ လကွယ်ပိုင်း(၁)ရက် တွင် စောငွေထွန်းကို လမ်းပြအဖြစ် အဖော်ပြုကာ သူမောင်းနှင်သော ဆိုင်ကယ်၏နောက်မှခွစီး၍ ရေဝလေး ရှိရာသို့ ကျွန်ုပ် ခရီးထွက်ခဲ့ပါသည်။

တောင်ကြိုတောင်ကြား တောကြိုချုံကြားများကို အချိန်တစ်နာရီခန့် ဖြတ်သန်းသွားပြီး နောက်ရေဝလေးသို့ ဝင်ရောက်သောတောင်ကြားကို ရောက်ရှိခဲ့သည်။

ထိုနေရာမှာ လှည်းလမ်းသာရှိ၍ မော်တော်ကားဖြင့် မသွားနိုင်ပါ။

www.burmeseclassic.com

နောက်မကြာခင် မော်တော်ကားလမ်း ပေါက်လိမ့်မည်ဟု ထင်ပါသည်။

တောင်ခြေမရောက်မီ သုံးလေး အလုံအကွာမှ ရေဝေလေးတောင်သို့ ကြည့်လိုက်ရာ တောင်စောင်းတွင် ထုံးဖြူဖြူ စေတီငယ်တစ်ဆူနှင့် ကျောက်သားအတိ တောင်ကုန်းပေါ်မှာ ထုံးဖြူဖြူစေတီတော်တစ်ဆူ၊ ဇရပ်တစ်ဆောင်တို့ကို တွေ့မြင်ရသည်။


တောင်ခြေတွင် ရေဝေလေးဘုန်းတော်ကြီးကျောင်းရှိပြီး စေတီတော်တစ်ဆူကို ဖူးတွေ့ရသည်။ စေတီတော်အနီးမှာ သိမ်ရှိသည်။

ရေဝေလေး ဆရာတော်မှာ အလှူမင်္ဂလာရှိသောရွာတစ်ရွာသို့ ကြွသွားသဖြင့် မဖူးတွေ့ခဲ့ရပါ။ အခြားသော ရဟန်းသံဃာ၊ ဘုန်းကြီးကျောင်းသား စသည်တို့လည်း မတွေ့ရပါ။

ရေဝေလေး ဘုန်းတော်ကြီးကျောင်းဝင်းတောင်ဘက်**ကျောက်သားတောင်ကုန်းပေါ်ရှိ စေတီတော်နှင့် ဇရပ်ကျောင်းတို့မှာ သမထ၊ ဝိပဿနာ အားထုတ် အောင်မြင်ဖူးကြသော နေရာထူးဖြစ်ကြောင်း သိရသည်။ အဝိဇ္ဇာနိအောင်နေရာဟု**စောင့်ရှောက်တွန်းက ပြောပြသည်။

ကျောင်းဝင်းပရိဝုဏ်မှ အရှေ့ဘက် တောင်ခြေသို့ ကျောက်တုံးကျောက်ဆောင်များပေါ် ဖြတ်၍ လမ်းလျှောက်သွားရာ (၅)မိနစ်ခန့်အကြာတွင် **"ရေဝေလေး"**ရေပြာအိုင်သို့ ရောက်ရှိသည်။

အပြာရောင်အလွန်လှသော ရေရှခင်းမျိုးကို တွေ့ရှိရသည်။ ၆ပေ သုံးလေးဆယ်ခန့်သာ ကျယ်ပါမည်။ ထိုရေပြာအိုင်၏ အလယ်မှာ သစ်ပင်ကြီးတစ်ပင် ကန့်လန့်လဲနေသည်။



◆ ရေဝေလေးဘုန်းတော်ကြီးကျောင်း ပရိဝုဏ်

◆ ရေဝေလေးပရိဝုဏ် အဝေးမြင်ကွင်းနှင့် ရေဝေလေးသို့ အဝင်လမ်းတစ်နေရာ



ရေအိုင်ကို အလယ်မှ တစ်ဝက်ပိုင်း ဖြတ်ထားသကဲ့သို့ဖြစ်နေ၍ ဟိုဘက်သည်ဘက် လမ်းလျှောက်၍ ရပါသည်။ သစ်ပင်တံတားဟုခေါ်ရပေမည်။

**ရေဝေလေးကျောက်တွင်း**ဟုဒေသခံအချို့ခေါ်သော ရေပြာအိုင်၏ အနောက်ဘက်သို့ ရေတံခွန်ငယ်စမ်းချောင်းတစ်ခု စီးဆင်းနေကြောင်း တွေ့ရသည်။ ရေချိုးရန် အလွန်ကောင်းပေမည်။ နွေရာသီတွင် အပန်းဖြေစခန်းဖွင့်လျှင် ကောင်းမည်ဟု စိတ်ကူးမိသေးသည်။

ဆရာတော်ကို မတွေ့ခဲ့သဖြင့် ထိုရေဝေလေး၏ အခြားသော စိတ်ဝင်စားဖွယ်ရာများကို မမေးမမြန်း မစုံစမ်းနိုင် ဖြစ်ခဲ့ပါသည်။ နောက်တစ်ကြိမ်သွားဖြစ်လျှင် ယခုထက် ပိုမိုပြည့်စုံစွာ ဖော်ပြပေးနိုင်ပါလိမ့်မည်။

**စာဖတ်သူများ ဒေသန္တရဗဟုသုတ ရရှိကြပါစေ...**

**မင်းကျော်ဒွီ**
**(ဂန္ထီရတောင်တန်း)**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

မှ ထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အငြေကျော်လေဆေးလျက်ဆား



## ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် ငှက်ဖျားရောဂါသောက်ဆေး

၀၇ဘ၁ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်ခင်ခင်ထွေး၏

**သမားအို** အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ၀၇ဘ၁ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ,အစပ်၊ အချဉ်,အငန်စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်နှမ်းနှမ်းကြည်၏

**သမားအို** အမှတ်တံဆိပ် ယားနာသောက်ဆေး ၀၇ဘ၁ Y၀၀၉၀၇၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ,အစပ်,အချို,အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်,သွေးပျက်,ဝမ်းလျှော,အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး,သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဒေါ်အေးအေးစု၏

**သမားအို** အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ၀၅ဘ၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဦးသန်းဇော်၏

**သမားအို** အမှတ်တံဆိပ် အငြေကျော်လေဆေးလျက်ဆား ၀၇ဘ၁ Y၀၀၉၀၇၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၍ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဒဒ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၀၈)လမ်း၊ မင်္ဂလာဈေးအနီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၁၀၊ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရှေးဒင်ကာစိန္နှစ်ရှု ပူဇော်ခဲ့ကြသည်

ရုပ်ပွားတော်များ

ငြိမ်းသော်တာ

**နတ်စက်ရောင် ဆရာတော်နှင့်** ဘုန်းတော်အဇာဂရုတို့သည် ညောင်ရမ်းခေတ်ကာလတွင် နဂ္ဂတ်ဖေဒင် အရာ၌ ထင်ရှားကျော်ကြားကြသူများ ဖြစ်ကြသည်။

အဇာဂရုပုဏ္ဏားသည် နတ်စက်ရောင်ဆရာတော် သီတင်းသုံးတော်မူသည့် ကျောင်းပေါ်သို့ တက်ရောက်လာမြော်သောအခါ ဆရာတော် ကျိန်းစက်နေသဖြင့် စကားစမြည် လျှောက်ထားခွင့် မရပေ။

သက်န်းခြုံအောက်မှ ပေါ်နေသည့် ဆရာတော်၏ ခြေဖဝါးကိုကြည့်ကာ ဇာတာဖွဲ့ထားခဲ့လေသည်။

ဆရာတော် နိုးလာ၍ ဇာတာခွင်ကို မြင်လျှင် ကျောင်းသားတို့အား စုံစမ်းမေးရာ အကြောင်းကို သိရှိရလေသည်။

သို့ဖြစ်ရာ အဆိုပါ ဒါယကာ (အဇာဂရု)၏ ခြေရာကိုကြည့်ကာ ဇာတာဖွဲ့၍ အပြေးမြန်သော ကျောင်းသားဖြင့် အမီလိုက်ပေးစေလေသည်။


မြန်မာသက္ကရာဇ် ၁၀၁၀ ပြည့်နှစ်၊ တော်သလင်းလဆန်း(၉)ရက် ဗုဒ္ဓဟူးနေ့တွင် သာလွန်မင်းသည် အဇာဂရုကိုခေါ်၍ ကောင်းမှုတော်စေတီ ထီးတင်ရန် အခါကိုမေး၏။ အဇာဂရုက...

'အရှင်မင်းကြီး ထီးတင်ရန် မမီပါ။ အရှင့်သားတော်လက်ထက်မှ ထီးတင်အခါ ပေးပါမည်'

'နင်က ငါ နတ်ရွာစံတော့မယ် ဆိုသပ။ ဘယ်တော့စံမလဲ တိတိကျကျ ပြောစမ်း'

'နက်ဖြန်နံနက် တစ်ချက်တီးမှာ နတ်ရွာစံတော်မူပါမယ်'

'အေး...မဟုတ်လို့က နင်နဲ့ သားမယား စည်းစိမ်အားလုံး မီးပုံတိုက်မယ်'



နတ်စက်ကျောင်းစေတီ

ထိုည သုံးချက်တီးတိုင်အောင် သာလွန်မင်း မည်သို့မှ မဖြစ်သော ကြောင့်...


'အဇာဂရု နင် မှားတော့မယ်၊ သားမယားနဲ့ သေဖို့ပြင်တော့'

'အချိန်မတန်သေးပါဘုရား'



www.burmeseclassic.com

www.burmeseclassic.com






▲ အရှေ့လှည့်မှန်

◄ နတ်စက်ရောင်ဆရာတော် ပူဇော်ခဲ့သည့် ရုပ်ပွားတော်

▼ ၁၃၃၅ ခုနှစ်က တည်ဆောက်သည့် ဂန္ဓကုဋိတန်ဆောင်းတော်



လေးချက်တီးသောအခါ **သာလွန်မင်း အနာရောက်၍(ရှုတ်တရက်များနာ၍) နောက်နေ့ တစ်ချက်တီးချိန်၌ နတ်ရွာစံလေသည်။**

သို့ဖြစ်၍ သာလွန်မင်း၏သားတော် ပင်းတလဲမင်း ခေါ် မင်းရဲနန္ဒမိတ်၊ ငါးထပ်ကြီးဘုရားဒကာမင်း နန်းတက်ဆက်ခံကာ 'ကောင်းမှုတော်ဘုရားထီးတင်ရလေသည်။

နတ်စက်ရောင် ဆရာတော်သည်လည်း တိုင်းပြည် ထိတ်လန့်ချောက်ချားသည် များကို အစီအရင်ပြုကာ သာယာငြိမ်းချမ်းစေတော်မူသည်။

မင်းနှင့် ပြည်သူတို့မှ အလွန်ကြည်ညိုကြကာ ၁၀၄၅ ခုနှစ်၊ ဝါဆိုလဆန်း(၃)ရက် ကြာသပတေးနေ့တွင် နန်းတက်သော **"ရမည်းသင်းမင်းသည် နတ်စက်ရောင်ဆရာတော် ရှင်စက္ကာဘိဃောသအား မြေထဲကျောင်းကို လှူဒါန်းလေသည်။**

## နတ်စက်ရောင်နှင့် အဇာဂရုဘုရားများ

စစ်ကိုင်းမြို့၊ ထားဝယ်ဈေးကုန်းရပ်၊ ဈေးကုန်းကျောင်းတိုက်အတွင်း၌ ကိန်းဝပ်တော်မူကြသည်။ ယခင်ကစေတီနှစ်ဆူ ရှိခဲ့သော်လည်း နတ်စက်ရောင်စေတီတစ်ဆူကိုသာ ဖူးတွေ့ရတော့သည်။

ကုလားကျောင်းလိုဏ်ခံ၍ လေးထောင့်ပစ္စယံသုံးဆင့်အထက် အားကောင်းသော ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

ပထမနှင့် ဒုတိယပစ္စယံ ထောင့်စွန်းများတွင် ကလသာအိုး တစ်လုံးစီနှင့် တတိယပစ္စယံထောင့်စွန်းတွင် အရံစေတီတစ်ဆူစီ ပူဇော်ထားသည်။ အရှေ့လှည့်မုခ် ပါဝင်၏။

လိုဏ်အတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူသည်။ ဘူမိဖဿမုဒြာရုပ်ပွားတော် ဖြစ်သော်လည်း ပေါင်ခွင်ပေါ်ရှိ ပက်လက်လှန်ထား

www.burmeseclassic.com

www.burmeseclassic.com





ယခုနှစ်(၆၀)ကျော်က ပန်းပုလက်ရာအချို့
အဇာဂရုဘုရား ပူဇော်ခဲ့သည့်
ရုပ်ပွားတော် ◆

သော ဝဲလက်တော်မှာ လက်ခလယ်၊ လက်သူကြွယ်တို့ကို အပေါ်သို့ အနည်းငယ် ကော့ထောင်ထားသည်ကို တွေ့ရ၏။ ဝဲလက်တော်ကို ပေါင်ခွင်၌ ချထားသည့်ဟန် မဟုတ်ဘဲ အနည်းငယ် ကြွထားလေသည်။

အဇာဂရုစေတီမှာ စေတီပျက်အုတ်ပုံအဖြစ် ရှိခဲ့၍ အရှေ့လှည့်မုခ်လိုဏ်တွင်း စံပယ်တော်မူသော ရုပ်ပွားတော်တစ်ဆူသာ ကျန်ရှိ၏။

လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က စေတီရာ အုတ်ပုံအား ဖြိုဖျက်၍ ရုပ်ပွားတော် ကိန်းဝပ်ရန် ဂန္ဓကုဋိတန်ဆောင်းကို ဆောက်လုပ်လှူဒါန်းကြသည်။

စေတီတစ်ဆူလုံးအတွက် ကုသိုလ်ရှင်အင်အား မလုံလောက်သောကြောင့် ဖြစ်သည်ဆို၏။ နတ်စက်ရောင် စေတီနှင့် အဇာဂရုစေတီ နှစ်ဆူသည် တောင်,မြောက် ယှဉ်တွဲ၍ တည်ခဲ့ဟန် ရှိပေသည်။

ဂန္ဓကုဋိတန်ဆောင်း အုတ်တိုက်နဖူးစီး၌ "၁၃၁၇ ခုနှစ်" ကမ္ပည်းကို တွေ့ရ၏။ တန်ဆောင်းအတွင်း၌ အဇာဂရုကောင်းမှု ရုပ်ပွားတော်ကို မျက်နှာတော် ပြည့်ဖြိုးစွာ ဖူးတွေ့ရ၏။ ဘူမိဖဿမုဒြာဖြစ်၍ လက်ဝဲလက်တော်မှာ ပေါင်ခွင်၌ ချထားဟန် မဟုတ်ဘဲ အနည်းငယ် မြှင့်မထားပုံ ဖြစ်သည်။

နောက်ခံ ပလ္လင်တံကဲများတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့မှ သရုပ်ဖော် ပန်းတော့ရုပ်လုံးများဖြင့် တန်ဆာဆင်ထားသည်။ နေမိမင်းသရုပ်ဖော်ရုပ်လုံးကို နမူနာပြု ဖော်ပြလိုက်ပါသည်။

နှစ်(၆၀)ကျော်တိုင်အောင် မူလလက်ရာအတိုင်း မပျက်မစီးတည်ရှိကာ အနုစိတ် ပန်းတော့လက်ရာမျိုးဖြစ်လေရာ မြန်မာ့ပန်းတော့ပညာအဆင့်အတန်းကို ဂုဏ်ယူဖွယ်

www.burmeseclassic.com

လေ့လာနိုင်ကြပေသည်။

နတ်စက်ရောင်ဆရာတော် သီတင်းသုံးခဲ့သည့် မြေထဲကျောင်းသည် လွန်ခဲ့သော နှစ်သုံးဆယ်ကျော်ခန့်က တွေ့မြင်ရသေးသည်။

အတန်ပင် ချို့ယွင်းနေပြီဖြစ်သည်ဟု ယခု ပူဇော်မှုခရီးတွင် လိုက်ပါကူညီပေးတော်မူသော ပေါ်တော်မူကျောင်းဆရာတော် ဦးဣန္ဒကမှ မိန့်ကြားတော်မူသည်။

စေတီများ၏ တောင်ဘက် မနီးမဝေး၌ တည်ရှိခဲ့ကာ ယခုအခါ လုံးဝပြိုပျက် ပျောက်ကွယ်သွားလေပြီ။

**နတ်စက်ရောင် ဆရာတော်နှင့် အဇာဂရုပုဏ္ဏားတို့ ရေးသားခဲ့ကြသည့် လောကီအဘိဓာရင်ကျမ်းများ၊ ဗေဒင်ကျမ်းများ၊ လုပ်ရတ်ကျမ်းများ များစွာရှိသော်လည်း လက်ဘဲသွားမြင် နက်ရှိုင်းစွာ ရေးသားထားသဖြင့် လူသားမိတို့ ဉာဏ်မမီသဖြင့် ယုံတမ်း ပုံပြင်သာ ရှိနေခဲ့ရာ ဆရာတော်တို့ ကောင်းမှု ရုပ်ပွားတော်နှစ်ဆူက သက်သေသာဓကပြလျှက် နောင်လူတို့အား မလွှဲသော လုံ့လဖြင့် ကြိုးပမ်းဖော်ထုတ်ကြစေရန် တိုက်တွန်းတော်မူသကဲ့သို့ ရှိကြပေသည်။**

## လမ်းညွှန်

ရုပ်ပွားတော်နှစ်ဆူကို ဖူးမြော်လိုပါက စစ်ကိုင်းမြို့၊ ထားဝယ်ဈေးကုန်းရပ်၊ ဈေးကုန်းကျောင်းတိုက် နံဘေး၌ သီးခြားအရံတံတိုင်းဖြင့် ကိန်းဝပ်တော်မူပါသည်။

နတ်စက်ရောင်နှင့် အဇာဂရုဟု မေးမြန်းပါက လူတိုင်း မသိနိုင်ကြပါ။ အသက်(၆၀)ခန့်နှင့်အထက် လူကြီးများသာ သိရှိကြ၏။ နတ်စက်ရောင် စေတီအနီးတွင် အုတ်တိုက်မှော်ရုံကြီး တစ်ဆောင်ရှိကာ ရပ်ကွက်အတွင်း သာသနာရေးဆိုင်ရာ ကိစ္စများ ပြုလုပ်ကျင်းပလေ့ရှိလျက် "**ကိုးနဝင်းမှော်ရုံ**" ဟု ခေါ်ကြ၏။

ထို့ကြောင့် ကိုးနဝင်းမှော်ရုံကို စံမှန်းကာ ရုပ်ပွားတော်နှစ်ဆူကို ဖူးမြော်နိုင်ကြပေသည်။

ဉာဏ်ပညာ ထက်မြက်တော်မူသည့် နတ်စက်ရောင်ဆရာတော်ကြီးနှင့် အဇာဂရုပုဏ္ဏားတို့ ကိုးကွယ်ခဲ့ကြသော ရုပ်ပွားတော်ကြီးများ ဖြစ်လေရာ သဏ္ဌာန်တူ နိမိတ်ဆောင်၍ မိမိတို့၏ ဉာဏ်ပညာများ ထက်မြက်ကြီးမားခြင်း၊ ပညာရဲရင့် ပွဲလယ်တင့်ခြင်း (တတ်သိပညာတို့အား အကျိုးရှိစွာ အသုံးချနိုင်ခြင်း) စသည့် မျှော်ကိုးဆုတောင်းနိုင်သည့် ကိုယ်စားတော်များ ဖြစ်တော်မူကြလေသည်။

**[လိုက်ပါကူညီပေးသော ဦးဣန္ဒက (ရွှေမင်းဝံပေါ်တော်မူကျောင်းဆရာတော်)အား ဂါရဝပြုလျက်...]**

**ငြိမ်းသော်တာ**

စာမျက်နှာ (၂၃)မှ အဆက်

နီးပါးရှိကာ ဦးခေါင်းကကြီးတာ တွေ့ရသည်။

နွားခြောက်မှာ တကယ့်ကျောက်သားကဲ့သို့ တင်းမာလျက်ရှိကာ အလေးချိန်အားဖြင့် ခန့်မှန်း တစ်ပိဿာခွဲ၊ နှစ်ပိဿာရှိမည်ဟု ခန့်မှန်းရပါသည်။

'နွားခြောက်ကလေးက အသက်ရှိတယ်ဆိုရင်တော့ တစ်နည်းမဟုတ် တစ်နည်း အကျိုးပေးမှာပဲ'

'အကျိုးပေးတာ မပေးတာ ကံအကြောင်းတရားပေါ့ဗျာ။ ခွေးတို့ ကြောင်တို့ လွတ်တဲ့နေရာတော့ ကောင်းကောင်းမွန်မွန် ထားပေးလိုက်ပါ'

'ဗဟုသုတ ကြည့်ချင်တဲ့သူ ရှိရင်လဲ လာပြီး အချိန်မရွေး လာကြည့်လို့ရတယ်'

ဟု ပြောဆိုကာ ကျွန်တော်တို့လည်း ကိုမောင်စန်းတို့ မိသားစုအား နှုတ်ဆက်ကာ ပြန်လာခဲ့ပါတော့သည်။

**ကျေးဇူးမှတ်တမ်း ။ ။ နွားခြောက်အကြောင်း သိလိုသမျှ ပြောပြပေးသူ ဦးမောင်စန်းသား ကိုစိုးလင်းတို့အား ကျေးဇူးတင် မှတ်တမ်းပြုပါသည်။**

**နွားခြောက်အား ကိုယ်တိုင် ကြည့်ရှုလေ့လာလိုပါက...**

ရောက်မြို့နယ်၊ ဇောင်းတောကန်အုပ်စု သုံးပုတ္တန်ကျေးရွာ ဦးမောင်စန်း+ဒေါ်ခင်စန်းတို့၏သား ကိုစိုးလင်း+မအေးနွဲ့မိုတို့ နေအိမ်တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

**ကိုသက်ရှည်**


**နက္ခတ္တဗေဒင်ကြည့်မဂ္ဂဇင်း...**
**ပါရမီမဂ္ဂဇင်း**
**တိုက်သို့**
**ဆက်သွယ်ရန်**
**ဖုန်းနံပါတ်**
**အသစ်များ...**
၀၉-၇၃၆၄၄၅၈၉
၀၉-၂၈၅၆၀၃၀၇၉




www.burmeseclassic.com

www.burmeseclassic.com



◆ နွားခြောက်အားအနီးကပ်မြင်ရပုံ

ကိုသက်ရှည်

# အသက်ရှိတဲ့ နွားခြောက်

ကလေးခြောက် လူခြောက်ကလေးများ အကြောင်း စာအုပ်တွေမှာလည်း ဖတ်ရသည်။ သူပြော ငါပြော ဘယ်ရွာမှာတော့ ဦးလုတို့ မိသားစု ကလေးခြောက်လေး မွေးလို့တဲ့ သတင်းစကားရသည်။

ကိုယ်တိုင် လူခြောက်ကလေးအား မမြင်တွေ့ဘူးပါ။ မမြင်ဘူးသည်က လည်း အဆန်းတော့မဟုတ်။ ကလေးခြောက်မွေးသည့် မိသားစုကိုက သူတို့အိမ် ကလေးခြောက်ရှိတာ၊ မွေးတာ လူမသိစေလို၍ ဖုံးကွယ်ထားတာလည်း ဖြစ်နိုင်သည်။

ကလေးခြောက်မွေးသည့် အိမ်ရှင်မိသားစုတို့အဖို့ ကလေးခြောက်မွေးပြီး ကလေးခြောက်က အသက်ရှိတယ် ဆိုလျှင် မွေးပြီး မိသားစု မိဘတို့အား အိပ်မက်ပေးတတ်သည်။

လုပ်ငန်းကိုင်တာ လုပ်ကိုင်တာအစ သူက ဘာလုပ်ငန်းလုပ်လျှင် အကျိုးအမြတ် ရှိမည်ဆိုတာကအစ အိပ်မက်ပေးကာ အသိပေးတတ်သည်။

အခြားသားသမီးတို့အား အဝတ်အစား ရွှေငွေ လက်ဝတ်လက်စားဆင်ပေးလျှင် ကလေးခြောက်အားလည်း တန်းတူဆင်ပေးရသည်ဟု ဆိုကြသည်။

ကလေးခြောက်ကလေးများ အချိန်တန် အရွယ်ရောက်လို အိမ်ထောင်ပြုသည့်အရွယ် ရောက်လျှင်လည်း သူက သူ့လို ကလေးခြောက် မိန်းကလေးမွေးသည့် ရှိသည့်ရွာ၊ မိဘနာမည်နှင့်တကွ အိပ်မက်ပေးကာ တောင်းရမ်းပေးရတာလည်း ရှိသည်ဟု ဆိုကြ၏။

အများအားဖြင့် ကလေးခြောက်မွေးသည် မိသားစုတို့ စီးပွားရေးလုပ်ငန်းဆောင်တာ မှန်သမျှ အစစ အဆင်ပြေနေတာ တွေ့ရသည်။

မွေးချင်း မိဘဆွေမျိုးတို့အား ကောင်းကျိုးပေးလေ့ရှိသည်။ ထိုဖြစ်ရပ်က လူသားသက်ရှိ ကလေးခြောက်မွေးသူတို့၏ ဖြစ်ရပ်အတွေ့အကြုံ တစ်စိတ်တစ်ဒေသပင် ဖြစ်သည်ဟု ဖတ်ရှုရပါသည်။

လူခြောက်မွေးတာ ကြားဖူး တွေ့ဖူးကြသော်လည်း အဟိတ်တိရစ္ဆာန်ဖြစ်သည့် နွားမကြီးမှ နွားခြောက်ကလေး မွေးသည့်သတင်းက ကြားရခဲသည် ဆိုရမည်။ ရှိတော့ရှိသည်။ အရေအတွက်အားဖြင့် နည်းသည်ဟု ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကြားသိခဲ့ရသည့် နွားခြောက်မွေးသည့် ကာယကံရှင်မှာ **ရေနံချောင်းမြို့ အနောက်မြောက်ဘက် ကျွန်းထဲရွာတစ်ရွာဖြစ်သည့် ကျမ်းကိုင်ကျွန်းရွာမှာ** ဖြစ်သည်။ ထိုနွားခြောက်အကြောင်းက ကိုညိုချောပြောပြ၍ သိရသည်။ နွားခြောက်အား ကိုယ်တိုင်မမြင်ဘူးခဲ့ပါ။

နွားခြောက်ကလေးမှာ လူခြောက်ကလေးများကဲ့သို့ အသက်ရှိတာ သိရသည်။ နွားခြောက်ကလေးကလည်း မွေးကတည်းက အိပ်မက်ပေး၍ လာသည်။ သူ အစာစားရန်အတွက် နွားကြီးများကဲ့သို့ နွားစာကျင်းငယ်တစ်လုံး သီးခြား ရိုက်ပေးထားရသည်။

မြက်,ရေတို့အား ထိုစာကျင်းမှာပင် ကျွေးပေးသည်။ သူနေထိုင်ဖို့ နေရာလည်း သီးခြားနွားခုံ ပြုလုပ်ပေးထားသည်။

နွားခြောက်ကလေး၏ ထူးခြားချက်မှာ နွားပိုင်ရှင် ကိုစန်းမောင်(နာမည်လွှဲ) မြက်ထည့်ကျွေးသည့်အခါ မြက်အား ကောင်းကောင်းမွန်မွန် စားသော်လည်း ဦးစန်းမောင်မိန်းမ မြက်ထည့်ကျွေးလျှင် မြက်အား ကောင်းကောင်းမစား နွားစာကျင်းထဲက မြက်အား နှုတ်သီးနှင့်ထိုးကော်ချလေ့ ရှိသည်။

ညအခါ လသာသာ အိမ်ရှေ့တလင်းထဲ မြက်ထုံးများ ချ၍ထားလျှင် မြက်ထွက်စားသည်။ နွားအရိပ်အရောင် မမြင်တွေ့ရသော်လည်း မြက်စားနေသည် အသံတို့အား ကြားနေရသည်။

အိမ်တွင် အတူမွေးထားသည့် နွားများ လွတ်လျှင်လည်း နွားခြောက်က အသိပေးတတ်သည်။ သခင်ဖြစ်သူကလည်း သူ့နွားခြောက်ကလေး၏ အသိပေးသည့် အမှတ်သညာတို့အား သိ၍လည်း နေသည်။

ကိုညိုချောက သူ၏ဘကြီးတော်သူဖြစ်၍ **"အဲဒီနွားခြောက် ဒီလောက်သိတတ် ထိမ့်ာနေရင် ရွာထဲက တခြားနွားတွေ ကိုယ်သောက်မြင်ကပ်တဲ့နွားတွေ လိုက်ဖော့နိုင်းပါလား"** ဟု ပြောတော့ ဘကြီးဖြစ်သူက...

'ဘယ်ဖြစ်မလဲကွ... ဒါကတော့ မခိုင်းချင်ပါဘူး'

ဟု ပြောခဲ့သည်။

ကိုညိုချောက ဘကြီးတော်သူမှီ ပြောင်လှောင်လို၍ ပြောခဲ့သော်လည်း နွားခြောက်ကလေးမှာ တကယ်သက်ရှိသူတော်ကောင်း နွားကလေးဖြစ်၍ မကောင်းတာခိုင်းလည်း လုပ်မှာမဟုတ်တာ သေချာပါသည်။

ကျွန်တော် မှတ်သားဖူးသည့် **ဆေးနွား,တိုက်နွားတို့မှာ အောက်လမ်းဆရာတို့က ဆေးနှင့် စီမံထားခြင်းဖြစ်၍** မကောင်းတာခိုင်းလည်း လုပ်သည်။

သို့သော် ထို တိုက်နွား,ဆေးနွားရုပ်တို့မှာ သူ့ထက် ပညာအရာသာသူနှင့် တွေ့သည့်အခါ တစ်ဖက်လူ စည်းချထားသည့် စည်းအတွင်း ဝင်ရောက်မိပါက ဆေးနွားရုပ်မှာ ဘာမှ အသက်မရှိတော့သလို တကယ့် အရုပ်တစ်ရုပ်လို ဖြစ်သွားတတ်သည်ဟု ဆိုပါသည်။

စည်းကျော်မိသည့် ဆေးနွားရုပ်အား တစ်ဖက်လူက အလွယ်တကူ ကောက်ယူလိုက်လျှင် ထိုတိုက်နွား, ဆေးနွား အစွမ်းကား ဘာမှ မရှိတော့ဟုလောကီပညာရှင်များက ဆိုကြသည်။

---

### ကိုယ်တွေ့ မြင်တွေ့ရသည့်

### နွားခြောက်

---

တစ်ညနေ နွားခြောက်ကလေး မွေးသည့်သတင်း ကြားရ၍ ကျွန်တော် ကိုထက်ထက်နှင့်အတူ ဆိုင်ကယ်နှင့် သွားရောက် ကြည့်ရှုကာ ဓာတ်ပုံရိုက်၍ သိလိုသမျှ မေးမြန်းခဲ့ပါသည်။

နွားခြောက်ကလေး မွေးသည့်နေရာက **ဆူးပုတ္တန်းရွာ ဦးမောင်စန်း+ ဒေါ်ခင်စန်းတို့၏သား ကိုစိုးလင်း+ မအေးနွဲ့ရီတို့ မွေးထားသည့် နွားမကြီးက မွေးခဲ့တာဖြစ်သည်။**

အမေနွားမကြီးက အရင် နှစ်သားမွေးပြီးဖြစ်သည်။ နွားမတစ်ကောင်၊ နွားထီးတစ်ကောင် မွေးအပြီး ယခု နွားခြောက်ကလေး မွေးခဲ့တာဖြစ်သည်။ **နွားခြောက်ကလေးမှာလည်း နွားထီးလေးဖြစ်သည်။**

'ဒီနွားခြောက်ကလေး မွေးခါစ ကျွန်တော်လဲ မကောက်ရဲလို့ ဒီအတိုင်းထားတာ၊ နောက်ကိုလှစန်း ရောက်လာလို့ နွားခြောက်လေး ကောက်လိုက်ပါပြောမှ ကျွန်တော်လဲ ကောက်ပြီး အရိုးအရွဲတွေသုတ်သင် အခုလို ထားလိုက်တာ။

ဒီနွားခြောက်လေးက တခြားနွားတွေလို (၁၀)လနဲ့ မွေးတာမဟုတ်ဘူး။ တစ်ခါလည်း (၁၂)လရှိမှ မွေးလာတာ'

ဟု ကိုစိုးလင်းက ပြောပြပါသည်။

'မွေးခါစကတည်းက ခြေချောင်း, လက်ချောင်းတွေ ဆွဲဆန့်ထားလိုက်ရင် ရတယ်။

အခုတော့ ဆွဲမဆန့်ထားလိုက်တော့ အိပ်နေတဲ့ ပုံသဏ္ဍာန် ခြေ,လက်တွေက ကွေးနေတာ။ အခုနေကျမှ ဆွဲဆန့်ရင်လဲ ကျိုးပဲ့ကုန်မှာစိုးလို့ ဒီအတိုင်း အိပ်နေတဲ့ပုံအတိုင်း ထည့်ထားလိုက်တာ'

ဟု ပြောပြသည်။

နွားခြောက်လေးမွေးပြီး သားဖြစ်သူအား ကိုမောင်စန်းက...

'ဟကောင် စိုးလင်း... နွားခြောက်လေး မြက်တို့,ရေတို့ စားလို့ သောက်



www.burmeseclassic.com

www.burmeseclassic.com



▲ ဦးမောင်စန်းနှင့် နွားခြောက်အနီးကပ်

လို့ရအောင် မြက်စင်ပုတ်ပေါ် အနီးနား ချိတ်ထားပါ'

ပြောရာ မြက်ပုတ်စင်ပေါ်တွင် ထားလျက် တွေ့ရသည်။

ကျွန်တော်က...

'နွားခြောက်လေးက အိပ်မက်တို့ ဘာတို့ကော မပေးဘူးလား'

ဟု မေးသည့်အခါ ကိုမောင်စန်းမှ...

'မသိပါဘူးကွာ... အိပ်တုန်းပဲကြီး လို့လား၊ လူကြီးတွေတော့ အိပ်မက် ပေးဘူး။ ဒါပေမယ့် မွေးပြီးနောက်ရက် မှာတော့ စိုးလင်းသားအကြီးကောင် ကိုတော့ အိပ်မက်ပေးတယ်လို့ ပြော တယ်။

နွားခြောက်လေးက "**မင်းတို့ ငါ့ကို ရေနဲ့နှီတိုက်ဦးကွ**"လို့ အိပ်မက်ပေး တယ်ပြောတယ်။

အဲဒီနောက် နှီညှစ်ပြီး ခွက်နဲ့ ထည့် ပေးထားသေးတယ်။ ခုနောက် မြက်နဲ့ ဖွဲနဲ့ ထည့်ထားပေးလိုက်တယ်'

'နောက် ဘာတွေ ထူးခြားတာ တွေ့ရသေးလဲ'

'မွေးပြီး (၂)လလောက်ရှိပြီ ခုထိ ထူးတာတော့ မရှိသေးဘူး။ ဒါပေမယ့် တစ်ခုထူးတာက တို့ရွာထဲက နွားကြီး၊ နွားငယ် မွေးတဲ့သူတွေ အချို့ အိမ် အတော်များများ နွားတွေ လျှာနာ ခွာနာ ဖြစ်တယ်။ အဖြစ်လဲ များတယ်။

တို့အိမ်ဝိုင်းထဲ မိသားစုမွေးတဲ့ နွား တစ်ကောင်မှ ခွာနာ လျှာနာဖြစ်တာ မတွေ့ရသေးဘူး'

ဟု ကိုမောင်စန်းက ပြောပြပါသည်။

**နွားခြောက်လေးမှာ တကယ့်အသက် ရှင်နေသည့် နွားတစ်ကောင် အိပ်နေသည့်** **သဏ္ဍာန် တွေ့ရသည်။**

**အရောင်က ရေနံရောင်မှိုင်းမှိုင်း နွားနှုတ်ခမ်း အပေါ်အရောင်က နီဝါရောင်၊ အမွေး၊ နှုတ်ခမ်းမွေးတို့ကလည်း ရှည် ထွက်လျက် တွေ့ရသည်။**

'ကြည့်စမ်းဗျာ... မျက်တောင်မွေး၊ နှုတ်ခမ်း မွေးကလဲ ရှည်လာတယ်။ အသက်ရှင်လျက် နွားတစ်ကောင်လိုပဲ'

မျက်ခုံးမွေး၊ နှုတ်ခမ်းမွေး တို့မှာ ခြောက်၍ ကြွေခြင်း၊ ကျက်ခြင်း မတွေ့ ရပေ။

'ပုပ်စော်ညှီစော်လဲ မနံဘူး။ ပုရွက်ဆိတ် ပိုးရှတို့ တက်တာလဲ မရှိဘူး။ အမြဲပဲ'

ဟု ဆိုက ကိုစိုးလင်းက နွားခြောက် အား ကိုင်၍ ဘယ်ညာလှည့်ပတ်ကာ ပြသည်။

နွားခြောက်ကလေး အရှည်မှာ တစ်ပေ၊ အချင်းလုံးပတ် သုံးထွာဆိုင်

www.burmeseclassic.com

www.burmeseclassic.com





# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . ရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးဝန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဉ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကု[illegible]**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတော်[illegible]
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

### ထေရုပ္ပတ္တိတော်

ဘွဲ့တော်မှာ "အရှင်ဘဒ္ဒန္တဝဏ္ဏသာမိ"ဖြစ်ပါသည်။ ပါဠိပါရဂူဘွဲ့ ချီးမြှင့်ခံရပါသည်။

တောရပ်မို့ပြီး (ရှုတင်)ဆောက်တည်၍ "ဝိနည်းဓိုရ်"ဆရာတော်ကြီးအဖြစ် သက်ထက်ဆုံး ရဟန်းဘဝဖြင့်သာ ကျင့်ကြံနေထိုင်သွားပါသည်။

ထို့ကြောင့် ငယ်ဖြူဆရာတော်ဟု ခေါ်ကြပါသည်။ ရခိုင်တိုင်းရင်းသားဖြစ်ပါသည်။

ကျောက်ဖြူမြို့နယ်၊ စနဲ၊ မင်းပြင်အုပ်စု၊ ပေါက်ပြင်ရွာတွင် ခမည်းတော် ဦးစံရွှေ မယ်တော် ဒေါ်စံဦးတို့မှ ၁၂၇၅ ခုနှစ် ကဆုန်လဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၁၁)နာရီအချိန် ဖွားမြင်သန့်စင်တော်မူပါသည်။

အလွန် ဖြူဖွေးသန့်စင်သော ကိုယ်ခန္ဓာရှိသဖြင့် လူချစ်လူခင်ပေါပါသည်။ သိတတ်စအရွယ်မှစ၍ အမျိုးသမီးများနှင့် နီးကပ်စွာနေခြင်း မရှိ၊ ဆော့ကစားခြင်းမရှိ၊ ရှောင်ဖယ်၍ ကင်းကင်းနေလေ့ရှိသည်။

(၇)နှစ်သားအရွယ်တွင် မိဘများအား ကိုရင်ဝတ်ပေးရန် အကြိမ်ကြိမ်ပြောသောကြောင့် ပေါက်ပြင်ရွာဦးကျောင်းဆရာတော် (ဦးနရိန္ဒ)ကို ဥပဇ္ဈာယ်ပြုတော်မူပြီး(ရှင်သာမဏေ)ပြုပေးရာ ယခုတိုင် လူထွက်ခြင်းမပြုတော့ ငယ်ဖြူရှင်အဖြစ် နေတော်မူသည်။

**သက်တော်(၁၀၀)နှစ်၊ ဝါတော်(၈၀)**ပျံတော်မူသည်အထိ နေသောကြောင့် ငယ်ဖြူဆရာတော်ကြီးဟု အသိအမှတ်ပြု လေးစားကြပါသည်။

သက်တော် (၂၀)နှစ်ပြည့်သောအခါ "**အေးပြိန်း**"**ဆရာတော်**ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒါယကာ ဦးကြည်အောင် ခေါ်ကြာသွင်ဖြူတို့က ပစ္စယာနုဂ္ဂဟကို ခံယူ၍ အထက်တန်း ရဟန်းတော်

သက်တော်(၁၀၀)နှစ်၊ ဝါတော်(၈၀)ရ

# သက်တော်ရှည်ဆရာတော်ကြီး

၏ ဖုတ်မသိုး

# မီးမလောင်သည့်

ဖြစ်ရပ်ဆန်းများ

ဖိုးလက်ဒို



ငါးပြေမဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ တောဘဝေဒ သက်တော်(၁၀၀)၊ ဝါတော်(၈၀) (၂၈.၅.၂၀၁၃) ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်သို့ ရောက်တော်မူပါသည်။

## အာစရိယဆရာတော်ကြီးများထံ တပည့်ခံယူခြင်း

ပထမဦးဆုံး ပေါက်ပြင်ဆရာတော် (ဦးနရိန္ဒ)၊ ဘသာရွာဆရာတော် အရှင် (ကုန္တာသက္က)၊ ဟသ်ာတမြို့နယ်၊ ဓမ္မီ မြို့သစ်ရှိ သာသနဝံသဓေယျ ဆရာ တော်ဦးကေသရ၊ ပခုက္ကူမြို့ မဟာ ဝိသုတာရာမ အလယ်တိုက် ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ ဦးပညာ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးကျောင်း တိုက် အဂ္ဂမဟာပဏ္ဍိတ ဦးကောဏ္ဍည၊ ဦးရာဇိန္ဒ၊ မန္တလေးတောင်ပြင် အသောကာရာမ တိုက်အုပ်ဆရာတော် ဦးတေဇနိယတို့ထံတွင် တပည့်ခံ ပညာ သင်ကြားခဲ့ပါသည်။

"ပါဠိပါရဂူ"ဘွဲ့ရရှိသဖြင့် ပါဠိမြန်မာ ပြန် အနုလုံပဋိလုံ ကျမ်းတော်များကို လက်တန်းပြန်ဆိုနိုင်၏။

ရတု၊ ရကန်၊ ချေင်းများကိုလည်း လက်တန်းရေးသား၍ ရှင်ပြုမင်္ဂလာ ရဟန်းခံ ဖိတ်ကြားလွှာများကို သီကုံး ခြင်း၊ ရေးခြင်း ပြုနိုင်ကြောင်း လက်တွေ့ လေ့လာသိရှိရပါသည်။

အင်းအိုင်၊ ဆေး၊ ဗေဒင်၊ နက္ခတ် လည်း ကျွမ်းကျင်တော်မူသည်။

## ကျောင်းထိုင်ဆရာတော်ဖြစ်ခြင်း

၁၃၀၇ ခုနှစ်မှစ၍ ၁၃၁၁ ခုနှစ်ထိ ငါးပြေမရွာကျောင်း ဆရာတော်အဖြစ် ပင့်လျှောက်သဖြင့် ပထမကြိမ် ဆရာ တော်အဖြစ် သာသနာပြုလေသည်။

၁၃၁၂ ခုနှစ်တွင် ဓမ္မီဆရာတော် ပျံတော်မူသောအခါ ဓမ္မီဆရာတော် အဖြစ် သွားရောက် ကျောင်းထိုင်ပေး လေသည်။

၁၃၂၅ ခုနှစ်တွင် စ၍ ယခုလက်ရှိ ဟိုင်းကြီးကျွန်းမြို့နယ်၊ ငါးပြေမ ကျေးရွာရှိ "**ဂန္ဓသာရ၊ ပဍ္စနိကာယ၊ မဟာဝိသုတာရာမဝံသ**" ကျောင်း တိုက်ကြီးသို့ ပြန်ပင့်ခေါ်ပါသဖြင့် "ဒုတိယ"အကြိမ် ငါးပြေမရွာကျောင်း တိုက်တွင် ကျောင်းထိုင်ဆရာတော် ဖြစ်လာပါသည်။

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၇)ရက်နေ့၊ ကြာသပတေးနေ့ ညနေ (၅)နာရီ(၃၀)မိနစ်တွင် မိမိခုတင်ပေါ် ၌ပင် တရားဘာဝနာပွားရင်းဖြင့် ရုတ်တရက် ကွယ်လွန်၍ "နတ်ပြည်" စံတော်မူလေသည်။

## ပီနည်းမိုရ် ဆရာတော်ကြီး

ဆရာတော်ကြီးအား မည်သည့် အချိန်ကြည့်ကြည့် တရားရှုမှတ်နေ ခြင်း၊ စာရေးနေခြင်း၊ စာဖတ်နေခြင်း၊ တရားမှတ်၍ စင်္ကြံလျှောက်နေခြင်းတို့ ဖြင့်သာ မြင်ရပါသည်။

ရဟန်းဘဝ တစ်လျှောက်လုံး ကျောင်းတွင်းသို့ အချိန်မတော် အပျို အအိုမရွေး မိန်းမဆို မဝင်ရ၊ အတွေ့ မခံ၊ အပူဇော်မခံ၊ လုံးဝ အမြင်မခံ၊ ဆွမ်းစားချိန်မှလွဲ၍မည်သူမှ အနီးမကပ် ရ၊ ဝေးဝေးနေရန် လက်ဖြင့်ပြသည်။

ကျောင်းရှိ ကိုရင်၊ ကျောင်းသား၊ ကပ္ပိယရဟန်း မည်သူမျှ အချိန်မတော် ရွာထဲမသွားရ၊ နေ့ခင်းဘက် ရွာထဲ သွားပါက ရဟန်းဖြစ်လျှင် သင်္ကန်းရုံပြီး သွားရ၏။ တင်၍ မသွားရပါ။ ဆရာ တော်ကြီးကိုယ်တိုင် ကိုယ်ရုံဖြင့်သာ သွားလာခြင်းပြုသည်။

ကျောင်းခြံအတွင်း ယောကျာ်း၊ မိန်းမ မည်သူမဆို ဘောင်းဘီဝတ်၍ မဝင်ရ၊ မလာရ၊ ရေမချိုးရ၊ သီချင်းဆို ခြင်း၊ အော်ဟစ်ဆဲရေးခြင်း မပြုရ၊ ဆူညံသံများ မပြုရ၊

အခါကြီးနေ့ကြီး အလှူရက်များမှ လွဲ၍ အသံချဲ့စက်ဖွင့်ခြင်း၊ ဓာတ်စက်၊ ရေဒီယိုများဖွင့်ခြင်း၊ သီဆိုကခုန် ပြေး လွှားဆော့ကစားခြင်းများ မပြုရပါ။

ကျောင်းသားကြီး၊ ကိုရင်၊ ရဟန်း တစ်ဦးဦးကို လျှို့ဝှက်လူယုံထား၍ ကျောင်းအတွင်း ည(၇း၀၀)နာရီ တစ်ကြိမ်၊ (၉)နာရီတစ်ကြိမ်၊ နံနက် (၄)နာရီတစ်ကြိမ် လူလွှတ်၍ နေ့တိုင်း စစ်ဆေး၏။

ညအိပ်ညနေ မိန်းမတွေ့လျှင် ချက်ချင်း ရွာတွင်း သွားအိပ်စေပါ သည်။ လူစိမ်းများကိုလည်း ထို့အတူ လက်ခံခြင်းမပြု၊ ရွာတွင်း သွားတည်း ရန် ချက်ချင်းလွှတ်၏။

ရဟန်းတု၊ ရဟန်းယောင်များ လူ့ အကျင့်ပျက်၊ လူရမ်းကားများ တွေ့ လျှင် ရွာလူကြီးခေါ်စေ၍ "**မင်းတို့ ကျောင်းမှာ မအိပ်ရဘူး။ အပြစ်ကြီး တယ်၊ ရွာမှာ သွားအိပ်ကြပါ**"ဟု ပြော၍ ရွာလူကြီးကို အပ်စေသည်။

ရွာ မူလတန်းကျောင်း မရခင်က ဘုန်းကြီးကျောင်းမှာပင် စာသင်ပေး၏။ ဆရာတော်ကြီးက ဩဝါဒပေးပြီး စာ တတ်ပြီးသူများ၊ တခြားရွာမှ ဆရာများ ကို ငွေပေး၍ သင်ကြားပေးစေ၏။

သာရေးနာရေးကို သူကိုယ်တိုင် အမျှဝေခြင်း၊ တရားဟောခြင်း၊ သာဓု ခေါ်ခြင်း ပြုပေးရမှ ကျေနပ်သည်။ ဆုံးမလမ်းညွှန်၏။ ထို့ကြောင့် ဆရာ တော်၏တပည့်ရင်းများစာတတ်ကြသည်။

ဆရာတော်ကြီးသည် **ရွှေငွေ မကိုင်၊ ရွှေပေါင်စံ၊ ငွေချေးခြင်း လုံးဝ မပြုလုပ်ပါ။** စေတနာနှင့် အပြတ်သာ လှူလေ့ရှိပါသည်။

## ဒါန၊ သီလ၊ ဘာဝနာတန်ခိုး အကျိုးပေး (ပြောသည့်စကားများ သွေးထွက်အောင် မှန်ခြင်း)

ငယ်ရွယ်စဉ်က ထူးခြားသည်ဟု မထင်ရသော်လည်း ဆရာတော်ကြီး သက်တော်(၆၀) ကျော်လာသောအခါ ထူးခြားမှုများ ပြလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်ကြီး၏ စံကျောင်းတော်ပရိဝုဏ်မြင်ကွင်း

တရားထိုင်ခြင်း၊ မေတ္တာပွားခြင်း၊ အစ အားကောင်းခြင်းကြောင့်ဟု ထင်ပါသည်။

**တစ်ခါတစ်ခါ သန်းခေါင်လောက် နတ်တွေလာတယ်၊ ပြောင်ပြောင်ဝင်းဝင်း မြင်ရတယ်၊ ကန်တော့ကြတယ်၊ မြို့ထဲမှာ သွားကြတယ်၊ တရားထိုင် တရားမှတ်ချင်လို့ လာတာ၊ မြင်တာ သိမြင်ရတယ်၊ တကယ်တော့ မပြောကြပါဘူး။**

တစ်ခါတစ်ခါ သေပြီးသူတွေ ရောက်လာကြတယ်။ ကန်တော့ကြတယ်။ ပြန်သွားကြတယ်။ အဲဒီလူတွေကို ရည်မှန်းပြီး ဒါနပြုပြီး အမျှပေးဝေကြလို့ မိသားစုတွေကို ပြောပြတယ်။

'ပိုက်ဆံမရှိဘူးလား၊ ငါ့ဆီက ယူပြီး လှူကြ သင်္ကန်းမရှိလဲ ငါပြန်လှူမယ်၊ ယူပြီး လှူကြ၊ အမျှပေးဝေကြ၊ သာဓုခေါ်မှ ကျွတ်တာ'

လို့ပြောပြီး သူကိုယ်တိုင် ကမကထပြုပြီး အလှူပေးစေသည်။ တရားဟော၊ အမျှပေး သာဓုခေါ်ခြင်း ကိုယ်တိုင် ပြုပေး၏။

ရှင်ပြု၊ ရဟန်းခံ မပြုနိုင်သူများကို နှစ်စဉ် သင်္ကန်းဝတ်ပေးခြင်း၊ ရှင်ပြုခြင်း၊ ရဟန်းခံပေးခြင်းပြု၏။

တစ်ခါတစ်ခါ တစ်ယောက်ယောက်ကို ရွာသို့လွှတ်၍ **"ဘာဝယ်လှူလိုက်ပါ ဘယ်နှစ်ခု၊ သစ်သီး ဘယ်နှစ်လုံး လှူလိုက်ပါ"** ဟု ပြော၏၊ ထိုစကားကို ယူ၍ (၃)လုံး၊ (၂)လုံးထိုးသူ၊ ထီထိုးသူများ ပေါက်ကြသည်။

ကျွန်ုပ်စာရေးသူလည်း ပေါက်ဖူးပါသည်။ လူတိုင်းကိုတော့ မပြော၊ သူ ခေတ်ကျသူကိုသာ ပြော၏။ ဆင်းရဲသူများ အဖြစ်များပါသည်။

လွန်ခဲ့သော(၁၀)နှစ် (၂၀၀၁ ခုနှစ်) လောက်က ဖြစ်ပါသည်။ တပေါင်းလဆန်း(၁၂)ရက်နေ့ နံနက်စောစောပင် ဆရာတော်ကျောင်းခြံဝ ရပ်ကြည့်နေ၏။

အထက်ရွာဘက်မှ မော်တင်ဘုရားဖူး သွားလိုသူများ ဆင်းလာကြ၏။ ဆရာတော်ကြီးက...

'ဘယ်သွားကြမှာလဲ၊ ဒီနေ့ ခရီးသွားလို့ မသင့်ဘူး၊ မသွားကြနဲ့၊ ရေလမ်းက မသွားနဲ့၊ ကုန်းလမ်းကသွားကြ၊ အန္တရာယ်ကင်းမယ် ပြန်ကြ'

ဟု ပြောသည်။

တချို့က ပြန်၍၊ တချို့က မပြန်။

'သေပျော်ပျော် နေပျော်ပျော်ပဲ ဆရာတော်၊ အားလုံးသွားကြတာ ပျော်စရာပါ'

ဟု ပြန်ပြောကြ၏။ နံနက်(၈)နာရီလောက်ထိ တား၏။ တချို့က တခြားလမ်းမှ သဘော်ဆိပ်ဆင်းကြ၏။

ထိုနေ့ နံနက်(၈း၄၅)မိနစ်တွင် လူအများ အုန်းအုန်းသူ၍ ဆိပ်ကမ်းမှ ပြန်တက်ပြေးလာကြ၏။ ဦးဦးဆုံး ထွက်ခွာသွားသော ရွာလိုင်း စက်လှေ မြုပ်တယ်ဟု ကြားရသည်။ လူ(၆၀) ကျော် ပါသွား၏။ (၃၃)ယောက်၊ ကလေး လူကြီး မိန်းမများ သေကြရသည်။

ထိုနေ့မတိုင်ခင် လဆန်း(၁၁)ရက်နေ့၊ ညနေ(၄)နာရီခန့်ကပင် အထက်ရွာမှ ဆရာတော်ကြီး၏ ဒကာမရင်းဒေါ်သောင်းကြည် ပန်းသီးများ ကျောင်းလာလှူ၏။

ဆရာတော်ကြီးက **"ဘယ်ကာလဲ"** ဟု မေးရာ...

'မြို့ကပါ ဘုရား၊ ထည့်ပေးလိုက်လို့ လာလှူတာပါ။ မနက်ဖြန် မော်တင်ဘုရားဖူးသွားရင်းနဲ့ သားကြီး ပြန်လာတာ ကြို့မလို့ပါ'

ဟု ပြန်ပြောသဖြင့် ဆရာတော်ကြီးက...

'မနက်ဖြန်ကို မသွားနဲ့၊ နောက်နေ့မှ သွား၊ အိပ်မက်မကောင်းဘူး၊ အန္တရာယ်ဖြစ်မယ်၊ တခြားလူတွေလဲ ပြောလိုက် ကုန်းလမ်းက သွားကြ၊ အန္တရာယ်ကင်းလိမ့်မယ် ဒကာမကြီး၊ မသွားနဲ့ မသွားနဲ့'

ဟု မိန့်၏။

နောက်နေ့မနက် ခြံဝမှ ဆီးတားသေး၏။ မရပါ။

'အရှင်ဘုရား သွားမှဖြစ်မယ်၊ သားကြီး လာမှာ'

ဟု ဆိုပြီး ဆင်းသွားလေ၏။ ဆရာတော်ကြီး ဝမ်းနည်းစွာဖြင့် **"သတ္တဝါ တစ်ခု ကံတစ်ခုပဲ"** ဟု မိန့်၍ ကျောင်းပေါ် ပြန်တက်ခဲ့လေသည်။

ကျောင်းပေါ်ရောက်ပြီး နာရီဝက်ခန့်ကြာသောအခါ **"လှေမှောက်သွားပြီး လူတွေပျောက်နေတယ်"** ဟု ဆူဆူညံညံ ချောင်းတွင်းမှ ကြားရသောကြောင့် ရွာသားများအုန်းအုန်းထ၊ တရုံးရုံး ဆင်းကြည့်ကြရာ ရွာနှင့် သုံးကွေ့ လေးကွေ့ အလွန်တွင် ပိုင်းပြေးစက်လှေမှောက်နေပြီး ရေထဲ၌လည်းကောင်း၊ ကမ်းဘေး ခနိတော

www.burmeseclassic.com

[illegible]

ဆေးသည်(၂)စင်းချိုင့် ဆယ်ယူသော်လည်း ဆက်လျော့ပြန်တည့် လုန်သောအခါ လူမစုံပါ။ ပျောက်နေ၏။ ကလေးလူကြီး (၃၃)ယောက် လုံးဝ ပြန်မရောက်ဘဲ အမှန်ပင် သေဆုံးရလေသည်။ ဆရာတော်ကြီး ဦးဆောင် သင်္ဂြိုဟ်ပေးရလေသည်။

ဆရာတော်ကြီးစကားက "သွေးထွက်အောင် မှန်ခြင်း"မဟုတ်ပါသလော။

(၃၃)ဦးသေဆုံးသော သင်္ဂြိုဟ်ရက်လည် ဒါနဆွမ်းသွတ် အလှူပွဲတွင် ဆရာတော်ကြီး မိန့်ကြားသည်မှာ...

'ဝမ်းနည်းစွာ ဒီမကောင်းတဲ့မြင်ကွင်းကို မကြည့်လို၊ မမြင်လို၍ ငါတားလိုက်သေးတယ် မရဘူးကွာ၊ သွားလိုက်ကြတာ တရုံးရုံး တပြုံးပြုံးနဲ့ ငါပြောတာ နားမဝင်ဘူး။ တချို့က "သေပျော်ပျော်၊ နေပျော်ပျော်"လို့တောင် ပြောခဲ့သေးတယ်ကွယ်။

အခုတော့ ပျော်နိုင်ကြသေးရဲ့လား ဒကာတို့ ဒကာမတို့။ "ပျော်ပျော်နေ သေခဲ"မဟုတ်ဘူး။ "ပျော်ပျော်နေ၊ သေတတ်တယ်"လို့ မှတ်ကြကွယ့်။

မင်းတို့ငါတို့ သံသရာလည်တာ၊ ဒီ ပျော်ရွှင်မှုကြောင့်၊ အပျော်စွဲကြောင့် ဒုက္ခရောက်ကြရတာ၊ တရားမရလို့ ဒုက္ခတွေကြုံရတာ၊ သတိထားကြတော့၊ အပျော်ပွဲတွေ သတိထားရှောင် လူများရင် မသွားနဲ့ အန္တရာယ်ရှိတာကို သိပါ။

ဆုတ်ကပ်ကာလမှာ လူလာဖြစ်ရတာ အသက်တိုကြတယ်မှတ်။ "ဒါန၊ သီလ၊ ဘာဝနာ" ပွားကြ၊ လုပ်ကြ၊ ဘုရား၊ တရား၊ သံဃာမမေ့ကြနဲ့'

ဟု မိန့်ကြား၍ သွားပါသည်။

## ရှာန်သမာပတ်လော

တစ်ခါတစ်ခါ ငါးပြေမဆရာတော်ကို ဖူးလိုက်ရတယ်။ ပုသိမ်၊ ရန်ကုန် သဘောပေါ်မှာတဲ့။

ငါးပြေမရွာအုပ်စုရှိ ဖားရွှေပုရွာက သားအမိနှစ်ယောက် ငါးပြေမရွာသို့ ကုန်းလမ်းမှ လာကြသည်။ (၂)နာရီခန့် လာချိန်ကြာ၏။

နေ့ခင်းကြောင်တောင်ဖြစ်၍ (၈)နှစ်၊ (၉)နှစ်သားအရွယ် ဖြစ်ပါသည်။ ကောင်းကင်ပေါ် မော့ကြည့်ပြီး...

'အမေ ဘုန်းကြီးတစ်ပါး ကောင်းကင်မှာ သွားနေတယ်၊ ကြည့်လိုက်ပါ'

ဟု ပြောရာ အမေက "ဘယ်မှာလဲ"ဟု မေးပြီး ကြည့်သည်။ မမြင်ရတော့ပါ။

အပြန်တွင် ဘုန်းတော်ကြီးကို ဝင်ဖူးသည်။ "**ဒီဘုန်းကြီးပဲ**"ဟု ကလေးက အမိကို ပြောပါသည်။ ဤစကားရှာမှာ အတော်ပျံ့သွားသေးသည်။

တစ်ခါတစ်ခါ ပလ္လင်ပေါ်မှာ ဟောကြားတာက...

'မင်းတို့ကို ငါ နေ့တိုင်း အိုခြင်းနာခြင်း ဒုက္ခကို ပြနေတာ၊ မြင်ကြရဲ့လား။ သေခြင်းတရားကို ပြဦးမယ်၊ ငါသေရင် မြေမမြှုပ်နဲ့၊ မီးမရှို့နဲ့၊ လောင်မယ်ထင်လား။ တောင်ပေါ်တင်ထား ကြီးပွားချမ်းသာကြလိမ့်မယ်'

ဟု မိန့်ပါသည်။

## ဆရာတော် ရှာပန ထူးခြားလှတယ်

(၂-၅-၂၀၁၃)နေ့ တန်ခူးလပြည့်နေ့ ဖြစ်ပါသည်။ ဆွမ်းမစားမီ ရတ်တရက် ဆရာတော်က...

'ဆောက်လက်စ မွှာရုံ ပြီးပြီလား။ တစ်ပတ်အတွင်း ပြီးအောင်ဆောက်၊ ငါမျက်စိ မမှိတ်ခင် ကြည့်သွားချင်တယ်'

ဟု ပြောသောကြောင့် တွန်းလှည်းအသင့်ပြင်ပြီး ဆရာတော်ကြီးအား ပွေ့တင်၍ တွန်းယူသွားပြီး ပြရသေး၏။

အရှေ့ဘက်ခြမ်းပြီးနေသော မွှာရုံကြီးအား မနီးမဝေးမှ တွန်းလှည်းအား ရပ်ပြီး ပြသောအခါ...

'အင်း.... ငါသေပျော်ပြီ ကျောင်းပြန်မယ်'

ဟု မိန့်ကြားသည်။

နောက်(၄)နာရီခန့် ကြာသောအခါ ဆရာတော် နေမကောင်းဟု ပြောကြသဖြင့် ငါးပြေမ၊ စန္ဒား၊ ဖိုးရွှေပု၊ ဂွိုတ်ကွင်းရွာမှ ဒကာမ၊ ဒကာမများ သွား၍ ဖူးကြသည်။ ကျွန်ုပ်(စာရေးသူ)လည်း သွားဖူးဦးမှပဲဟု ဆုံးဖြတ်၍ ကျောင်းပေါ်တက်သွား၏။

ကျောင်းကြီးပေါ်တွင် ဆရာတော်သည် ခုတင်ပေါ်တွင် ပက်လက်အနေအထား ကျိန်းစက်တော်မူနေသည်။ လူများပြည့်နေသော်လည်း ဆူညံမှုမရှိပါ။

ကျွန်တော် ဆရာတော် ခုတင်အနီး ကပ်၍ ရင်ဘတ်ထိရှိ လက်တော်ကိုကိုင်၍ သွေးစမ်းကြည့်ပါသည်။

ဆရာတော်က ချက်ချင်းပင် ကျွန်ုပ်၏ လက်အား ဖြန့်ချ၍ နာခေါင်းသို့ မ,ယူသွားပါသည်။ နာခေါင်းအနီးရောက်သောအခါမှ တစ်ဖက်သို့ ထိုးဝင်သွား၍ ကျွန်ုပ်၏ လက်ကို ဖြုတ်ချလိုက်လေသည်။ လုံးဝငြိမ်သက်သွားလေသည်။

ကျွန်ုပ်က ဘေးမှ ကြည့်နေသူများအား ဆရာတော် ပျံတော်မူသွားပြီဟု တိုးတိုးပြောပြီး အနီးမှရှိသာ ဆင်ဝင်တံခါး ပေါက်ဆင်းပြီး တိုးတိုးလေး ငိုရှိုက်နေပါသည်။

အထက်ရွာ၊ အောက်ရွာ နှစ်ရွာမှာ အနီးဆုံးဖြစ်၍ လူအများ ပြေးလာကြသည်။ စမ်းသပ်ကြသည်။ ဆရာဝန်ပြေးခေါ်ကြသည်။ ဒကာမများ အော်ဟစ် ငိုကြွေးကြသည်။ တစ်ကျောင်းလုံး ပွက်လောရိုက် ဆူညံနေပါသည်။

ဆရာတော် ပျံတော်မူသော ခုတင်ပေါ်တွင်ပင် စံကျောင်းဖွဲ့လျက် နေရာမပျက် ထားကြသည်။ ပြုအပ်သည်များ ပြုကြသည်။

လူနှင့် သတ္တဝါတို့မည်သည် (၃)ရက်မှ တစ်ပတ်အတွင်း ပုပ်၏၊ သိုး၏၊ နံ၏၊ အရည်ကျ၏။ ဤကား သဘာဝ

www.burmeseclassic.com

ဖြစ်ရပ်မှန်တည်း။

ဆရာတော်ကြီးမှာမူကား အရည်သည်း မကျ၊ ပုပ်လည်းမပုပ်၊ နံလည်း မနံပါ။ ပြကတေ့အတိုင်း ပျော့ပျော့ပျောင်းပျောင်းရှိ၏။ ခြေလက် ဒူးခေါင်းများ ကွေးကြည့်ဆန့်ကြည့်၊ ထောင်မ ကြည့်ကြသည်။ မူလ ကျိန်းစအတိုင်း သခုပင် အိပ်ပျော်နေသလို ရှိနေပါသည်။ ထူးခြားသော သဘာဝလွန် ဖြစ်ရပ်ဟု ယူဆနိုင်လေသည်။

## အဂ္ဂိ(ဈာပန)ပူဇော်ကြမယ်

(မြို့မြို့သဲသဲ ဘုန်းကြီးပျံ)ပွဲ

(၂-၅-၂၀၁၄)နေ့သည် ဆရာတော်ကြီး ပျံတော်မူသည့် တစ်နှစ်ပြည့်နေ့ ဖြစ်ပါသည်။


ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သည် မှန်ခေါင်းအတွင်း၌ ဆံတော်များ ရှည်လာခြင်း၊ ခြေသည်း လက်သည်း ရှည်လာခြင်း၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ ရှည်လာခြင်းတို့ကြောင့် ရိတ်ပယ် သန့်ရှင်းပေးရ၏။

အသားတော်အရောင် ဝင်းဝါ ကြည်လင်၍ သွေးကြောများ စိမ်းနေ၏။ တစ်ခါတစ်ခါ ဖောင်းကြွ၍နေ၏။

ထိုနေ့တွင် မတိုင်မီ တစ်ရက်ကြို၍ အဂ္ဂိ(ဈာပန)ပြုရန် စီမံကြသည်၊ ထိုနေ့ (၉)နာရီခန့်တွင် ထိုစဉ်က သာသနာရေးဝန်ကြီး ဦးဆန်းဆင့်အဖွဲ့နှင့် ကား (၅)စီးဖြင့် ရောက်ရှိလာသည်။ နိုင်ငံတော်ဈာပနအဖြစ် ပူဇော်ရမည်ဖြစ်ကြောင်း ချက်ချင်း စီစဉ်လေသည်။

အလောင်းတော်ကို ထုံးစံအတိုင်း သံဃာဝင်းဖြင့် ရှေ့ဦးစွာ ပင့်မ,ပူဇော်ကြ၏။ နောက် ဒေဝါဝင်းဖြင့်ပင် မ, ပူဇော်ကြ၏၊ နောက် ရာဇာဝင်းပြု၍ အဆင့် ပင့်မ,သယ်ယူ ပူဇော်ကြပါသည်။

လူပေါင်း(၁၀၀၀)ကျော်ဖြင့် ဆွဲ



◆ ဆရာတော်ကြီးရုပ်ကလာပ်တော် ထားရှိရာ စေတီတော်

တလားပြု၍ ကားကြီးပေါ်တွင် ပြာသာဒ်တင်ပြီး ဆရာတော်ရုပ်အလောင်းအား ဘုန်းတော်ကြီးကျောင်းဝင်းမှ လောင်တိုက် ပြာသာဒ်တော်သို့ ယူဆောင်ကြ၊ ပင့်ကြ ပူဇော်ကြသည်မှာ အလွန်စည်ကားလှပေသည်။

နေကလည်း တန်ခူးလ နေပူကျဲကျဲ (ဝန်ကြီးနှင့်တကွ ပရိသတ်အားလုံး) ဖိနပ်မစီးကြပါ။ အားလုံး တဖြည်းဖြည်း ခြေကျင် ပို့ဆောင် ဂါရဝပြု သယ်ယူကြပါသည်။

## မီးမကူးခြင်းနှင့် ဘုန်းကြီးပျံပွဲ

## မြို့မြို့သဲသဲ

အထက်ရွာ၊ အောက်ရွာ၊ စန္ဒားရွာ (၃)ရွာအကြား လယ်ကွက်လပ်တွင် ကြိုတင်၍ ညည့်ခံမဏ္ဍပ်၊ ညည့်ခံပွဲများ ဖျော်ဖြေမှုပွဲများ၊ လောင်တိုက် ပြာသာဒ်ကြီးများ ပြုလုပ်ထား၏။

ပန်းပု၊ ပန်းချီပညာရှင်များအား အခကြေးငွေ လိုသလောက်ပေး၍ ငှားပြီး ပြုလုပ်ထား၏။ သိန်း(၃၀၀)ခန့် စုစုပေါင်းကုန်မည်ဟု ခန့်မှန်းမိပါသည်။ အလွန်လက်ရာမြောက်၍ နတ်ဘုံနန်းမျှ ရှိလေ၏။

ညည့်ခံမဏ္ဍပ်တွင် ဝန်ကြီးနှင့်အဖွဲ့များ၊ သံဃာတော်ကြီးများ၊ ညည့်ပရိသတ်များ စုံညီသောအခါ ဝန်ကြီး၏ အမှာစကား၊ ဘုန်းတော်ကြီးများ၏ ဩဝါဒများ နာယူပြီး(ယေဘုယျ) အခမ်းအနား ပြုရန် ပြင်ဆင်၍ ညည့်ခံကျွေးမွေး အချိုရည်တိုက်ပါသည်။

သာခုခေါ် အမျှပေးဝေအပြီး နေကျဲကျဲပူရာမှ ရုတ်တရက် မိုးအုံ့လာ၏။ လေပွေတိုက်လာ၏။ လေပြင်းကျလာပြီး ဆရာတော်ထားရာ "မြပုခက်"ပေါ်ရှိ အမိုးများ ပွင့်လန်၍ ကောင်းကင်သို့ တက်သွား၏။

လူအများ သဲသဲရုတ်ရုတ် ထွက်ကြည့်ကြသည်။ ကောင်းကင်၌ မြူမှုန်များလား၊ ငှက်များလား၊ မီးခိုးငွေ့တန်းများလားမသိအောင် တိမ်တိုက်များ ရွေ့နေ၏။ ပုံရိပ်များလည်း ရွေ့လျားနေကြသည်။

ကြွရောက်လာသော ဆရာတော်ကြီးများ၏ ဩဝါဒအရ မီးမရှို့သင့်၊ ရုပ်အလောင်းကို စံကျောင်းဖြင့် ခေတ္တပူဇော်ထားသင့်သည်ဟု မိန့်ကြားသဖြင့်"အဂ္ဂိဈာပန"ပွဲကို မပြုနိုင်ခဲ့ပါ။

စံကျောင်းတော်ရှိရာ နာရီဝက်ခန့်ဝေးသော တောင်ပေါ်ထိ ပင့်ဆောင်ကြလေတော့သည်။

မော်တင် ပုသိမ်ကားလမ်းရှိ တောင်ပူစာ တစ်လုံးပေါ်တွင် ခေတ္တစံကျောင်း အမြန်ပြုလုပ်၍ စံထားရလေသည်။ စံကျောင်းမှအပြန် မိုးကားချုပ်ခဲ့ပြီဖြစ်၍ လောင်တိုင်တော်ကိုသာ ဒုံးများ ပစ်ဖောက်မီးရှို့၍ "အဂ္ဂိဈာပန" အခမ်းအနား ပြုလိုက်ကြလေသည်။

ညည့်ခံမြေကွက်လပ်တွင်လည်း ရခိုင်ဒုံးယိမ်းများ၊ ရခိုင်ရိုးရာ သိုင်းပြိုင်ပွဲ

www.burmeseclassic.com

(ကျင်ပြိုင်ပွဲခေါ်၏။) တက်ခုတ်ယိမ်း၊ အထိမ်းပြာသာဒ်ဖြင့် ပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲသဲ အုန်းအုန်းကျွက်ကျွက် ရှိလှပေ သည်။

ဤတစ်ကြိမ်နှင့်ဆို (၃)ကြိမ်တိတိ မီးမကူးသော ဆရာတော်ကြီး ဖြစ်ပါသည်။ "ဓမ္မိ"မှအပြန် ကရင်မြန်မာ (အဓိကရုဏ်း)အချိန် ရထားဖြင့် ပြန်လာသော ဆရာတော်ကြီးစီးသော ရထား မိုင်းထိ၍ မှောက်သွားသည်။ လူအများ သေကျေကြလေသည်။

ဆရာတော်ကြီး မသေခဲ့၊ မီး တစ်ကြိမ် လွတ်သွားပါသည်။ သူပုန်များ ဖမ်းသွားသည်၊ စခန်းရောက်သော အခါ တိုင်မှာ ကြိုးတုပ်ထားသည်။ မီးဖြင့် ရှို့သတ်သည်။

မကြာမီ တပ်မတော်နှင့်ရဲများ ရောက်လာပြီး တိုက်ပွဲဖြစ်ပြန်၏။ သူပုန်များ ဆုတ်ပြေး၏။ တပ်မတော် နှင့်ရဲက ဆရာတော်အား ကြိုးဖြေ၊ ဆေးကုပေးလိုက်သည်။

ယခုတစ်ဖန် ပျံတော်မူသော်လည်း "အဂ္ဂိဈာပန"မဖြစ်အောင် လေပွေက ဖျက်လိုက်သဖြင့် လွတ်ပြန်၏။ စာရှုသူ တွေးပါ။ **မီးမကူးသော ဆရာတော် အဖြစ် လက်ခံသင့်ပါသည်။**

### စံကျောင်းတော်(လှမ်းစေတီ)
### ထီးတင်ပြီးပြီ

ဆရာတော်ကြီး ပျံတော်မူသည်မှာ (၃)နှစ်ကျော်ခဲ့ပါပြီ။ (၂-၅-၂၀၁၆) အတွင်း အလှူခံရငွေ သိန်း(၄၀၀) ကျော် ရရှိခဲ့ပါသည်။

ထိုနေရာသို့ စံကျောင်းအဖြစ် ပင့်ဆောင်စဉ်က အတော်(၂၀)ပတ်လည် သွပ်မိုး ဖျဉ်ခင်းလေးသာ ဖြစ်ပါသည်။

ယခုပုံတွင် တွေ့မြင်ရသော ဝန်းကျင်နှင့် စံကျောင်းတော်စေတီများကို ထိုငွေများဖြင့် ပြုပြင်မွမ်းမံ တိုးချဲ့ တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

ရပ်ဝေးမှ ဒကာမကြီးတစ်ဦးက (အမည်မဖော်လိုသူ) လှူဒါန်းခဲ့သောငွေဖြင့် ဆရာတော်အုတ်ဂူပေါ်တွင် စေတီ (၃)ဆူကို တင်လှူခဲ့ခြင်း ဖြစ်ပါသည်။

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅)ရက်တွင် စေတီဂူဝန်းကျင် ကွက်လပ်တွင် လည်းကောင်း၊ အနီးပတ်လည်တစ်ခုလုံး အုန်းအုန်းဆူ လူစည်ကားလှပါသည်။

"အင်ပူ" စိန်သောင်းဆိုင်းကလည်း တဒူဒူ စည်ရွှမ်းနေသည်။ နေပူကျဲကျဲတွင် ပုရွက်အုံတစ်မျှ တရွရွ ကြိတ်ကြိတ်တိုးနေကြသည်။

(၆)နာရီခန့်တွင် အနောက်မှ မိုးသားခဲကြီး အုံ့ဆိုင်းလာသည်။ **"စေတီ ထွ'အပေါ် မိုးထား၏။**အခြားနေရာများ၌ နေကျဲကျဲပူ လယ်ကွင်းကြီး ဖြစ်နေသည်။

ဒေဝါဝင်း၊ ပြဟ္မာဝင်း၊ ရာဇာဝင်းများ ဂေါပက ဘုရားလူကြီးများ စုပေါင်း၍ ထီးတော်များကို စက်ကြိုးဖြင့် စေတီ ထိပ်သို့ ဆွဲတင်နေကြသည်။ စည်တော် ရွှမ်းခံပြီး မောင်းတဒူဒူ ရှိလေ၏။ "သိကြားမင်း၊ ပြဟ္မာမင်း၊ လူမင်း"များ ဝိုင်းရံ ကိုင်မ,ထားကြလေသည်။

ဟာရွှေ့ရွှေ့ထီးတော်များ၊ စေတီများ ထိပ်ပေါ်သို့ ရောက်သွား ရပ်တန့်ချိန်၌ အောင်ပွဲအဖြစ် လူများ၊ နတ်များ အချင်းချင်း စေတီပေါ်မှနေ၍ ရွှေမိုး၊ ငွေမိုး၊ သကြားလုံးမိုး၊ ပန်းမိုးဖြိုင်ဖြိုင် ရွာချလေသည်။

အော်ဟစ်သံပေး၍ ဆူညံစွာဖြင့် ပွတ်လောရိုက် ရုတ်ရုတ်သဲသဲ ဖြစ်နေ၏။ မိုးသားခဲကြီး ထီးသဏ္ဌာန်မှာ တဖြည်းဖြည်း မြောက်ဘက်သို့ ရွေ့သွားပြီး နေကျဲကျဲ ပူလာတော့သည်။ (၁၁)နာရီခန့်တွင် ပြီး၏။

ထိုထီးတော်ကို ငါးပြေမအထက်စု ရွာခံ ဦးလေးလုံးမိသားစု ၊ ဒေါ်ခင်မာအေး မိသားစုတို့မှ လှူဒါန်း၍ ရွာ(၅)ရွာမှ လှူဒါန်းငွေဖြင့် ရွာသူရွာသားများ၏ စုပေါင်းလှူဒါန်းသော အချိုရည်၊ ကြာဆံကျော်နှင့် မုန့်ပဲမျိုးစုံ လှူဒါန်းမှုဖြင့် လည်းကောင်း၊ အလှူမဏ္ဍပ် အတွင်း ရေစက်ချ၊ အမျှဝေ သာဓုခေါ်သံများ မိုးထက်တွင် ပျံ့သွားပါသည်။

### ဆရာတော်ကြီး၏ ဩဝါဒထူးများ

ဆရာတော်ကြီးသည် တရားဟောရန် ပလ္လင်တော်ပေါ်သို့ လူ,မချီ၍ တင်ပေးရသည်။

ဤမျှ အိုသော်လည်း ကိုယ်တိုင် ဟောရမှ ကျေနပ်သဖြင့် တင်ပေးရခြင်း ဖြစ်၏။

မပျံလွန်ခင် တစ်ပတ်လောက်ကမှ ပလ္လင်တက်ခြင်းကို စွန့်လေသည်။ အောက်ပါ ဥဒါန်းတော်ကိုလည်း (ခဏ၊ ခဏ)မိန့်ကြား၏။

'နိဗ္ဗာန် မဂ်ဖိုလ် အရင်လို လူတစ်ကိုယ် စိန်ပိုက်၊ ခြောက်လုံး။

စိန်ပိုက်ငါးလုံး လုံအောင်ပုံး၊ တစ်လုံးစိန်ပိုက် ရအောင်နှိုက်မှ၊ မဂ်ဆိုက်၊ ဖိုလ်ဝင် နိဗ္ဗာန် မြင်လိမ့်'

ဟူ၍ ဖြစ်၏။ တစ်ခါတစ်ရံတွင် ဖြစ်၏။

'မင်းတို့ ငါ့လို အသက်ရှည်ချင်ကြလား။ အသက်ရှည်ဆေး သိပ်မဝေးဘူးကွ မှတ်ထားကြနော်။ အသက်ရှည်ချင်ရင် သီလ မြဲအောင်နေ၊ စိတ်ကို ဖြူအောင်ထား၊ ဒါနပြု အမျှပေး သာဓု ခေါ်ကြဟဲ့။

စိတ်ကိုတင်း မကျစေနဲ့ တည်အောင်ကျင့် ဝက်သား အမဲသားရှောင် ငါးပါးသီလ မြဲပါစေ။ ရောဂါကင်းအောင်နေ အနာရောဂါ ရှိတဲ့နေရာ မသွားနဲ့ အမြဲသတိထား၊ ဆင်ခြင်ပြီး လုပ်ကိုင်စားကြ။

ချိုချိုသာသာပြော အပြုံးနဲ့ ပေါင်းသင်း

www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံ လူမိုက်နဲ့မပေါင်းနဲ့ကွ။ မိဘ၊ ဆရာ၊ လူကြီးသူမကို ရိုသေ၊ မိဘဆရာကျေးဇူးသိ။ မေ့နဲ့ ဘုရား၊ တရား၊ သံဃာ စိတ်ထဲစွဲနေတိုင်းရှိရှိ။ သူတော်ဆည်းကပ်၊ မြတ်တရားနာ။

ဆီးဝပ်လေမှုန်ရင် ရောဂါကင်းတယ်၊ ရောဂါကင်းရင် အသက်ရှည်တာပေါ့။ ပျားရည်နဲ့ သံပရာ၊ ချင်း သင့်ရုံရောသောက်၊ မြင်းခွာရွက်အမှုန့်နဲ့ ပျားရည်စစ်ကို သီးစေ့လောက်နေ့ပူလှန်းထား။ အိပ်ရာဝင်(၃)လုံး ရေစိမ်းနဲ့ သောက်၊ အမြဲသောက်၊ စွဲသောက်၊ အသက်ရှည်မယ် စမ်းကြည့်ကြ'

ဟူသတည်း။

## ထူးခြားသော ဆရာတော်ကြီး၏ စကား ဂမ္ဘီရပုံရိပ်များ

'ငါပျံတော်မူရင် မီးမသင်္ဂြိုဟ်၊ မြေမမြှုပ်နဲ့ တောင်ပေါ်တင်ထား။ ရွာမှာ အကျိုးကျေးဇူးရှိပြီး ကြီးပွားလိမ့်မယ်'

ဟူ၏။


ထိုစကားလည်း မှန်ပြန်လေ၏။

ကျွန်ုပ် စာရေးသူ(ပျိုးလက်ညို)သည် (၁၉၇၇/၇၈)ခုနှစ်က ဤငါးမြေမ ကျေးရွာသို့ အစိုးရခန့် လက်မှတ်ရ မူလတန်းကျောင်းအုပ်ကြီး အဖြစ်ခန့်ထား ပို့လွှတ် တာဝန်ပေးသဖြင့် ရောက်ခဲ့ရသည်။

အုပ်စုတစ်ခုလုံး ဒီရွာတစ်ကျောင်းနှင့် ကျောင်းဆရာတစ်ယောက်သာ ရှိသဖြင့် ထူးခြားစွာ ထိုညက ဆရာတော်ကြီး စာသင်ကျောင်းကို ကြွရောက်လာသည်။

'ပို့တာဝန်ကို မင်းကျညီတာ ငါစိတ်ချပြီ' ဟု မိန့်ရှိ၍ ပြန်ကြွသွားသည်။

**"တိုးတက်မှာပါ"**ဟုလည်း ဆိုခဲ့၏။ နှစ်ပေါင်း (၄၀)အတွင်း ကျွန်ုပ်နှင့် ရွာသား၊ နိုင်ငံတော် အစိုးရတို့ ပူးပေါင်း




ဆရာတော်ကြီးရုပ်ကလာပ်တော် ပြင်ဆင်ထားပုံ

ဆောင်ရွက်လာခြင်းကြောင့် ယခု အထက်တန်းကျောင်းခွဲ ရရှိလာပါသည်။

ရွာအုပ်စု ငါးရွာစလုံး မူလတန်းကျောင်းများ ရရှိလာပါသည်။

ဆရာတော်ကြီး ပျံတော်မူပြီး (၃)နှစ်အတွင်း မော်တင်ပုသိမ် ကားလမ်း စည်ကားလာသည်။ မပုံလွန်မီနှင့် ယခုအထိ ရွာလမ်းများ ကောင်းမွန်၍ ဆက်သွယ်ရေး ဖွံ့ဖြိုးလာ၏။

ယခင် ခုံဖိနပ်စီးသွားနေရသော လူများ စက်ဘီး၊ ဆိုင်ကယ် အိမ်တိုင်းမှာ ဝယ်နိုင်၏။ ကားပင် ဝယ်စီးကြလေပြီ။

**"တိုးတက်ပေစွ၊ ကြီးပွားလာပေစွ"**ဆရာတော်ကြီး မိန့်မှာစကားများ မှန်ပေစွဟု ယုံစားကြည်ညိုမိပါတော့သည်။

## ထူးခြားအံ့ဖွယ်(ရုပ်/နာမ်)နယ်

အဆွေ စာရှုသူ...သင် လေ့လာကြည့်လျှင် သိနိုင်မြင်နိုင်ပါသည်။

စာဆိုတစ်ဦးက...

'လောကမှာ လူတို့ရွာ၌(ကမ္ဘ ဇီဝ)ရုပ်၊ နာမ်ရလျှင် ဖြစ်ရပ်ပျက်ကြ(မရဏ)တည်း'

တဲ့။

နောက်တစ်ဦးက...

'သီလ၊ သမာဓိ ပညာ ပြည့်စုံပါလျှင် လိုရာပြီးမြောက် သိဒ္ဓိပေါက်၍ အံ့လောက်ဖွယ်ရာ ပြုပြင်လာသည်၊ ကမ္ဘာတဆုံး (ရုပ်/နာမ်)မသုဉ်းဘူး'

တဲ့။

အထက်ပါ အယူအဆ နှစ်မျိုးသည် ထူးခြားအံ့ဖွယ်(ရုပ်/နာမ်) နယ်၏။ ဂမ္ဘီရဖြစ်ရပ်ဆန်း မဟုတ်ပြီလားဗျာ။

သတ္တဝါတို့မည်သည် (၃)ရက်မှ (၇)ရက်အတွင်း ပုပ်၏၊ နံ၏၊ အရည်ကျ၏၊ ဖြစ်၍ ပျက်၏။ ရုပ်/နာမ် သဘောတည်း။ "ရှင်"လျှင် "သေ" ရ၏။ တရားသဘောတည်း။

သို့သော် သိပ္ပံနည်း၊ ဝိဇ္ဇာနည်းများကို အပြီးတိုင်အောင် တတ်မြောက်နားလည်သူ ပုဂ္ဂိုလ်ထူးများသည်ကား "သဘာဝ"နိယာမတရားများကို အမှားအမှန် ပြောင်းပြန် ပြောင်းလဲနိုင်သော အသိပညာများကို ရရှိကြသည်။

ထို့ကြောင့် အစစ်မှန်ဆုံး သစ္စာတရား(ပရမတ်) အမှန်ဆုံး မပြောင်းလဲသောတရားကို သိရှိနားလည်၍ "ဂမ္ဘီရ"ဆန်သော ဖြစ်ရပ်များ၊ အပြောများဖြင့် သက်သေပြု ရပ်တည်ကြလေသည်။

မြတ်ဗုဒ္ဓရှင်တော်က...

'နိဗ္ဗာန်ရောက်မှ ဒုက္ခငြိမ်းပါတယ်၊ အဆုံးသတ်ပါတယ်တဲ့'

အံ့ဩဖွယ် ထူးခြားဆန်းကြယ် ဂမ္ဘီရတရားတည်း။

***လေးစားထိုက်သူအားလုံးကို လေးစားစွာဖြင့်...***

ပျိုးလက်ညို

www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင်
# အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ



အမှတ်တံဆိပ်

ထဝဝတ (ဓာနယ်ဝင်) ၀၂၁/၀၆၁၄

မှတ်ပုံတင် ၁၁၁၈ (ပိုင်) ၀၁၂၅၇၇ လိုင်စင် ၁၁၇၈ (တိုး)

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . ."

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီး . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ . . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . ."

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တုရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ်သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။** . . . . ."

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

၃/၁၁၁/ဝေဇယန္တာအိမ်ယာ

၈/တောင်ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့

ဖုန်း – ၀၉ ၃၃၀၃၃၄၀၀၊ ၀၉ ၅၁၉၈၀၃၃၊ ၀၉ ၃၁၃၂၁၅၀၅၅

www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားသည့် ကျိုက်ထီးရိုးကလေး(၅)ဆူမှ

# ဝါးဖြူတောင် ကျိုက်ထီးရိုးကလေး

ကိုသောင်း (သိမ်ဖရုပ်)

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ **"ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီး"**ကို ဖူးမြော်ခဲ့ကြရသူ အပေါင်းတို့သည် ကြည်ညိုသဒ္ဓါယုံဖိတ်စွာဖြင့် မိမိတို့ အရပ်ဒေသရှိ တောင်ထွတ် တောင်စောင်းများပေါ်တွင် **"ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ကြီး"** သဏ္ဌာန်စေတီငယ်များကို တည်ထားကိုးကွယ်ခဲ့ကြသည်မှာ အရပ်ဒေသအနှံ့အပြားတွင် ရှိခဲ့ကြပေသည်။

ထိုသို့ တည်ထားကိုးကွယ်ခဲ့ကြသည့် စေတီတော်များအနက် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကြီးနှင့် အသွင်သဏ္ဌာန် တူသည့်အပြင် ထူးဆန်းအံ့ဖွယ်ရာ တန်ခိုးတော်တို့ဖြင့် တည်ရှိနေသော စေတီတော်ကလေးရှိကြသည်။ ထိုစေတီတော်လေးများကို **"ကျိုက်ထီးရိုးကလေး"**ဟု ပင် ဘွဲ့တော်တူ ခေါ်ဝေါ်ကြလေသည်။


ပေါင်းလောင်း တောင်ရိုးတစ်လျှောက်တွင်**"ကျိုက်ထီးရိုးကလေး"** ဘွဲ့တော်ဖြင့် ထင်ရှားကျော်ကြားခဲ့သည့် **စေတီတော်(၅)ဆူ** ရှိပါသည်။

ထိုစေတီတော်များမှာ...

၁။ ဝါးဖြူတောင် ကျိုက်ထီးရိုးကလေး၊
၂။ ပဲသန ကျိုက်ထီးရိုးကလေး၊
၃။ မုကြေးခို ကျိုက်ထီးရိုးကလေး၊
၄။ သက်ကယ်တောင် ကျိုက်ထီးရိုးကလေး၊
၅။ ပဲရစ် ကျိုက်ထီးရိုးကလေး

ဟူ၍ လူသိများ ထင်ရှားခဲ့သည်။

ဖော်ပြပါ ကျိုက်ထီးရိုးကလေး (၅)ဆူအနက် ကျွန်ုပ် သွားရောက်ဖူးမြော်ခဲ့သော **"ဝါးဖြူတောင် ကျိုက်ထီးရိုးကလေး"**၏ အတွေ့အကြုံများကိုသာ ပြန်လည်တင်ပြရန် ဖြစ်သော်လည်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များ ကျန်ရှိသည့် ကျိုက်ထီးရိုးကလေးများ အကြောင်းကိုလည်း အနည်းအကျဉ်း သုတဖြစ်ဖွယ် ရည်ရွယ်၍ ရှာဖွေစုဆောင်း တင်ပြအပ်ပါသည်။



▲ ဝါးဖြူတောင် ကျိုက်ထီးရိုးကလေးစေတီတော်

## (၁) ဝါးဖြူတောင် ကျိုက်ထီးရိုးကလေးစေတီ

၎င်းစေတီတော်မှာ ဆံတော်ရှင်



www.burmeseclassic.com

www.burmeseclassic.com





▲ ရင်ပြင်တော်ကျယ်အောင် ကလော်သည့်အခါ စေတီတော်တည်ရှိသော ကျောက်လုံးကြီး လှမ်းလာ၍ ရွှေ့မရသည့်ကျောက်တုံး

◄ အောက်ခံကျောက်ဖျာပေါ်တွင် တင်ထားသော ထောင်နေသည့် ကျောက်လုံးကြီး၏ အောက်ပိုင်းအစွန်း ထွက်နေသည်မှာ ဆံတော်ရှင် ကျိုက်ထီးရိုးကဲ့သို့ပင်

ကျိုက်ထီးရိုးကလေး စေတီတော်ကြီးနှင့် ပုံသဏ္ဌာန်တော် အလွန်တူလျက် တောပျော် ရသေ့၊ ရဟန်း၊ ဂန္ဓာရီ ပုဂ္ဂိုလ်များ အမြဲမပြတ် အဓိဋ္ဌာန်ဝင်ကြသည့် **"သာသနာပြု အခြေအောင်မြေ"** ဖြစ်သည်။

**ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်အတွင်း** ကိန်းဝပ်တော်မူသည်။ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မှ (၈)မိုင်ဝေးသော ဇီးပြောင်း (၁)ရွာမှတစ်ဆင့် ကျောက်ချဉ်တောင်လမ်း၊ ဝါးဖြူတောင်လမ်းတို့မှ ဆောင်းနှင့်နွေ ရာသီတွင် သွားရောက် ဖူးမြော်နိုင်ပါသည်။**

## (၂) မဲသန ကျိုက်ထီးရိုးကလေး

ဤ စေတီတော်သည်လည်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကြီးနှင့် (၇)မိုင်ခန့်တွင် တည်ရှိသည်။ **မဲသနရွာနှင့်** နီးသည်။

တောင်စွယ်တစ်ခုပေါ်တွင် လိပ်ခုံးသဏ္ဌာန် ကျောက်ဖျာကြီးရှိ၏။ ထိုကျောက်ဖျာ၏ ထိပ်ရှိကျောက်လုံးပေါ်တွင် စေတီတည်ထားသည်။

ရှေးအခါက မိုးလေကျပြီး စေတီအနီးရှိ ဖောင်မန်ကျည်းပင်ကြီး ပြိုလဲကျရာ စေတီတည်ထားသော ကျောက်လုံးအား ထိခိုက်မိ၍ ကျောက်ဖျာပေါ်မှ အောက်သို့ လိမ့်ကျသွားလေသည်။

နောက် (၇)ရက်အကြာတွင် မူလနေရာတွင် ပြန်လည် တည်ရှိနေသည်ကို အံ့ဖွယ်ဖူးမြင်ခဲ့ကြရသည်။

**ဘုရားဖူးလမ်းမှာ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ကွမ်းဆိပ်ရွာမှ ဆင်ပြန်ရွာ၊ ဒူးယင်းပင်ရွာ၊ လေးဘောရွာ၊ မဲသနဇရပ်ကြီးသို့** ရောက်၏။

ထိုဇရပ်ကြီးမှ တစ်ဆင့် **ညောင်ပင်ရွာ**သို့ ဖြစ်သွားရ၏။ တောနက်ပြီး ခရီးကြမ်းသဖြင့် ဘုရားဖူးအရောက်



www.burmeseclassic.com

www.burmeseclassic.com





◄ ပိမြဲတောင် ကျိုက်ထီးရိုးကလေးဘုရား
တောင်ပေါ်ရှိ ခြေတော်ရာစေတီ
ခြေတော်ရာကုန်းတော်ရှိ ကျောက်သမှန်စေတီ ►

ည်းပါးလေသည်။

## (၃) မုကြေးခို ကျိုက်ထီးရိုးကလေး

ဤစေတီတော်သည်လည်း ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၏ အရှေ့မြောက်ဘက်တွင် ရှိသည်။ **သဘောလေတောင်၊ လေချွန်တောင်**တို့နှင့် နီးသည်။ ယင်းတောင်ကို **"မုကြေးခို" (မငွေဦးခေါင်းတောင်)**ဟု ခေါ်သည်။

အမြင့် ပေ(၂၀၀၀)ခန့် မြင့်သည်။ ဘုရားရဲများ အလွန်ပေါသော်လည်း ဘုရားဖူးသူများကို အန္တရာယ်မပြုကြချေ။

**ဘုရားဖူးသွားရန် လမ်းမှာ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့မှ ကျောက်လုံးကြီး၊ ကံလေးအိုင်၊ ကျောက်နဂါး၊ ကနီးဖားရွာ**တို့ကို ဖြတ်၍ တောင်ဘက်သို့ (၃)မိုင် ကျော်ကျော်သွားရ၏။ လမ်းခရီးကြမ်း၍ အသွားအလာ ခက်ခဲသည်။

## (၄) သက်ကယ်တောင် ကျိုက်ထီးရိုးကလေး

ဤစေတီတော်မှာလည်း ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ကွမ်းဆိပ်ရွာအရှေ့ဘက် ပေါင်းလောင်းတောင်တန်းကြီး၏ တောင်စွယ်တစ်ခုပေါ်တွင် ကိန်းဝပ်တော်မူသည်။ ယင်းတောင်စွယ်ကို သက်ကယ်တောင်ဟု ခေါ်သည်။

စေတီတော်၏ ရင်ပြင်တွင် ဇရပ်ကြီးတစ်ဆောင်နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။ **၁၂၉၄ ခုနှစ်က** စေတီတည်ထားသော ကျောက်လုံးကြီး အောက်သို့ ပြုတ်ကျသွားခဲ့သည်။

ဘုရားပေါ်သို့ မိန်းကလေးတက်သောကြောင့်ဟု ဆိုကြသည်။ ပြုတ်ကျသွားခဲ့သော ကျောက်လုံးကြီးနှင့် စေတီတော်ကို ယခုတိုင် ရှာဖွေမတွေ့ရှိကြသေးပေ။

ထိုနေရာတွင် နောင်လာနောက်သားများက မြေပေါ်စေတီတစ်ဆူပြန်လည် တည်ထားကိုးကွယ်ခဲ့ကြသည်။

## (၅) မဲရစ် ကျိုက်ထီးရိုးကလေး


ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့အကြားတွင် တည်ရှိသည်။ တောင်ထိပ်ပေါ်ရှိ **ဖိုနံ့လောက်ဆိုင် ကျောက်တုံး (၃)လုံးပေါ်တွင်** ကျောက်လုံး(၁)လုံးရှိလေရာ ယင်းကျောက်လုံးပေါ်တွင် စေတီတော် တည်ထားခြင်းဖြစ်သည်။

စေတီတော်ကို ထမ်းရွက်ထားသည့် ကျောက်လုံးသည် အောက်ခံကျောက်လုံး (၂)လုံးပေါ်တွင်သာ ထိ၍ (၁)လုံး လွတ်နေသည်။ **(၃)နှစ်လျှင် တစ်ကြိမ်ကျလှည့်၍ တစ်လုံးစီလွတ်ကာ တည်ရှိကြောင်း** အံ့ဖွယ်ထင်ရှားခဲ့သည်။

စေတီတော် ကိန်းဝပ်သည့် တောင်ကို ဒေသခံများက **"ထီးဝါးဒီးတောင်"** (သို့မဟုတ်) **"သီးသီးကစွယ်တော်"** ဟု ခေါ်ကြသည်။ သဘောလေတောင်၊ မုကြေးခိုတောင်တို့နှင့် နီးသည်။ **အနီးဆုံးရွာမှာ** မဲရစ်ကျေးရွာဖြစ်သည်။

**ဘုရားဖူးလမ်းမှာ** ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာ၏ အရှေ့ဘက်ကမ်းရှိ ရွှေကျင်မြို့နယ်၊ ကွမ်းဆိပ်ကျေးရွာမှ ဖိုးထော်ဦးရေတွင်း၊ ယင်းမှ ကျုံချောင်ရွာ၊ ဝင်းကလုံးရွာ၊ ကျောက်ကျိုး၊ မဲကရွာနှင့် မဲရစ်ရွာတို့ကို ဖြတ်ကျော်သွားရသည်။ ခရီးကြမ်း၍ အသွားအလာနည်းသည်။

www.burmeseclassic.com

▲ ဝါးဖြူတောင်ကျိုက်ထီးရိုး

ရင်ပြင်တော်ပေါ်ရှိ ဇရပ်ကြီးတစ်ဆောင်

◀ ကျိုက်ထီးရိုးကလေးဆရာတော် ဦးပညာဝံသ

ဖော်ပြပါ ထင်ရှားသည့် "ကျိုက်ထီးရိုးကလေး"(၅)ဆူမှာ ထူးခြားသည်က အားလုံး ပဲခူးတိုင်းဒေသကြီး အတွင်းတွင် ကိန်းဝပ် တည်ရှိတော်မူကြသည်။

ပဲခူးတိုင်းဒေသကြီး၏ အရှေ့မြောက် နယ်စပ်ဒေသများတွင် တည်ရှိသဖြင့် ပဲခူးတိုင်းဒေသကြီးမှ အရောက်အပေါက် နည်းပြီး နီးစပ်သည့် ဒေသဖြစ်သော မွန်ပြည်နယ်သူနယ်သားများသာ အသိများ၏။ ဘုရားဖူးရောက်တတ်ကြသည်။

ပဲခူးတိုင်း ဒေသကြီးအတွင်းမှ ထင်ရှားလှသည့် "ကျိုက်ထီးရိုးကလေးစေတီ" (၅)ဆူလုံးကို ဖူးမြော်ခွင့်ရရန် ခက်ခဲလှသော်လည်း မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဇီးပြောင်း(၁) ကျေးရွာနှင့် (၁၀)မိုင်ခန့် သာဝေးသော **"ဝါးဖြူတောင် ကျိုက်ထီးရိုးကလေး"**ကို သွားရောက်ဖူးမြော်ခွင့်ရရေး အခွင့်အလမ်းကို နှစ်အတော်ကြာအောင် စောင့်ခဲ့ရသည်။

ထိုမျှော်လင့်ခဲ့ကြသော အခွင့်အလမ်းကို ဇီးပြောင်း(၁)ကျေးရွာရှိ **"ဆုတောင်းပြည့် အနန္တဇိနစေတီတော်"**၏ တန်ခိုးတော်ကြောင့်ဟု ယုံကြည်ပါသည်။

တန်ခူးလပြည့် ပွဲတော်အမီ စေတီတော်ကို ရွှေဆေးသင်္ကန်းကပ်လှူခြင်း၊ ရုပ်ပွားတော်များ ရောင်တော်ဖွင့်ခြင်း လိုအပ်သည့် ဆေးရောင်တို့ဖြင့် မုခ်ဝများတွင် ရေးခြယ်မွမ်းမံရန် လုပ်ငန်းအလှူကိစ္စကို ဆောင်ရွက်ပေးရန် တာဝန်ကျနေသော (၉၆)တပ်ခွဲမှူးနှင့် ဂေါပကအဖွဲ့မှ အကူအညီတောင်းသဖြင့် (၁၀)ရက်ခန့် ကြိုတင်သွားရောက်ကာ ကူညီ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ **"ဆုတောင်းပြည့် အနန္တဇိနစေတီတော်"**၏ ဝေယျာဝစ္စများကို သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ဖြင့် ပြုလုပ်ခဲ့သော ကုသိုလ်အကျိုးကြောင့် မည်သည့်အခက်အခဲမျှ မရှိဘဲ "ဝါးဖြူတောင် ကျိုက်ထီးရိုးကလေးစေတီတော်"သို့ "ဆုတောင်းပြည့်အနန္တဇိနစေတီတော်"ဘုရားပွဲ ၁၃၆၂ ခုနှစ်၊ တန်ခူးလပြည့်နေ့အပြီး လပြည့်ကျော် (၁)ရက်နေ့ (၁၉–၄–၂၀၀၀)တွင် ဇီးပြောင်း(၁)ကျေးရွာမှ ဦးမြင့်သန်းကိုယ်တိုင် လမ်းပြအဖြစ် လိုက်ပို့ပါသည်။

ရွာ၏ မြောက်ဘက်တံခါးမှ မြောက်ဘက်ဆီ တောလမ်းအတိုင်း တစ်နာရီခန့် လျှောက်မိလျှင် ကျောက်ချဉ်တောင်ခြေလမ်းသို့ ရောက်သည်။

ထိုမှ နာရီကျော်ကျော် ဆက်လျှောက်လျှင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၏ နယ်ခြားဖြစ်သည့် **ကြို့မကူးချောင်း**ကို ရောက်ကြသည်။

နွေရာသီတွင် သဲသောင်ခုံများဖြင့် ရေစပ်စပ်သာ စီးနေသော်လည်း မိုးအခါ ရေစီးသန်လှသည့် ထိုချောင်းငယ်ကို ကြို့လျှင် မကူးရန် သတိပေးစကားကို အစွဲပြု၍ **"ကြို့မကူးချောင်း"** ဟု အစွဲပြု ခေါ်တွင်ခဲ့ကြသည်။

ချောင်း၏ ပေါင်ဘက်ကမ်း မွန်ပြည်နယ်မှ မြောက်ဘက်သို့ ကူးမိလျှင် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်ကို ရောက်ကြသည်။

ရွှေကျင်မြို့နယ်အတွင်း ရောက်သည်နှင့် ဝါးတောကြီးများကို နေပြောက် မမြင်နိုင်လောက်အောင် ပိတ်ကျပ်ပေါက်နေသည်။ မြင်တွေ့ရခဲ့သော သစ်ပင်ကြီးများလည်း အတော်ပင် တွေ့မြင်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီခန့် လျှောက်ပြီးနောက် ဆိုင်းသံများ၊ တောင်ကျသံများ ကြားရ၍ မေးကြည့်ရာ "**မကလားချောင်း**" ကို ရောက်ကြောင်း သိရသည်။

မကလားချောင်း တစ်လျှောက် ချောင်းရိုးအတိုင်း (၂)ဖာလုံခန့် လျှောက်သွားကြည့်ကြသည်။ ဂဝံဆီများ တက်နေသည့် ဖယောင်းသား ကျောက်တုံး ကျောက်ခဲ အနီရောင်များနှင့် တောတောင်လျှိုမြောင်၏ မြင်ရခဲသော သဘာဝရှုခင်းကို ခံစား၍ ထခဲ့ပါ။

**မကလားချောင်း**ကိုကျော်၍ နာရီဝက်သာသာ လျှောက်လျှင် "**ကံ့ကော်ပြန့်စခန်း**"ကို ရောက်ကြသည်။ ကံ့ကော်ပင်များရှိပြီး မြေပြန့်သည့်နေရာကို အစွဲပြု၍ ဒေသခံတွေက "**ကံ့ကော်ပြန့်စခန်း**"ဟု ခေါ်ကြသည်။

ယခင်က ရွာဟောင်းနေရာဖြစ်၍ ဘဉ်းပင်များ၊ သရက်နှင့် ကြက်မောက်များ သီးနေသည်။ ငှက်နှင့် တောကောင်များ ကိုက်ခြွေထားသည့် သရက်သီးမှည့်များ၊ ကြက်မောက်သီးများကို အဆင့်သင့် ကောက်ယူစားသောက်ကြရသည်။

ကံ့ကော်ပြန့်စခန်းမှ တောင်တက်လမ်းအတိုင်း ဆက်လျှောက်ကြရာ နာရီဝက်ခန့်တွင် သဘာဝ ကျောက်တုံးကျောက်ခဲများသည် ထိုင်ခုံပုနှင့် စားပွဲ တည်ခင်းထားသကဲ့သို့ ရှိတော့သည်။

သာယာလှသည့် ထိုနေရာတွင် နားကြကာ ကောက်ယူလာကြသော အသီးအနှံများကို ကျောက်စားပွဲပေါ်တင်ကာ ကျောက်ထိုင်ခုံ ပုကလေးများပေါ် ထိုင်၍ အရသာ ခံစားခဲ့ကြသည်။

ထိုနေရာမှ တောင်ဘက်သို့ မျှော်ကြည့်လိုက်လျှင် ဝါးဖြူတောင်ကို မြင်



◆ ကျိုက်ထီးရိုးကလေး တောင်ထိပ်ရောက်ခါနီးတွင် လှမ်းမြင်ရသည့် ဝါးဖြူတောင်နှင့် နောက်ခံ ကျိုက်ထီးရိုးကြီးတောင်ထွတ်

ကြရသည်။ ဝါးဖြူတောင်၏ တောင်ဘက် နောက်ခံ တောင်တန်းပြာကြီးမှာ ဆံတော်ရှင် ကျိုက်ထီးရိုးတောင်ဖြစ်ကြောင်း လမ်းပြဦးမြင့်သန်းမှ ပြောသဖြင့် မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

ထိုနေရာသည် "ကျိုက်ထီးရိုးကလေးစေတီ" ကိန်းဝပ်တော်မူသည့် တောင်ခြေဟု သိရသည်။ မကြာပါ (၁၅)မိနစ်မျှ တောင်တက်လမ်းအတိုင်း တက်ပြီး တောင်ပေါ်ကို ရောက်ကြသည်။

ရင်ပြင်တော်ကို လှမ်းမြင်လိုက်သည်နှင့် ကျိုက်ထီးရိုးကလေးစေတီကို လိုက်ရှာကာ မျက်စိကစားကြည့်သည်။ မတွေ့ရ။

ရင်ပြင်၏ အရှေ့ဘက်မှ တောင်ပေါ်ကို တက်ရပြီး အလယ်တွင် ခြေတော်ရာကုန်းနှင့် စေတီများ ကာနေသဖြင့် အနောက်ဘက် တောင်စောင်းတွင်ရှိသော ကျိုက်ထီးရိုးကလေးစေတီကို အရှေ့ဘက်မှ တက်ကာ လက်ဝဲဘက် အတိုင်း ရင်ပြင်တော်ပေါ် လျှောက်ပြီးမှ ဖူးမြင်ရပါတော့သည်။

ကျောက်ဖျာကြီးပေါ်တွင် ဒေါက်ချာ ဆောင်းထားသော ရသေ့ဦးခေါင်းပုံ သဏ္ဌာန် လုံးလုံးရှည်ရှည် ထောင်နေသော ကျောက်လုံးကြီးထိပ်၌ စေတီ တည်ထားသည်။ **အမြင့်(၁၀)တောင်ခန့်ရှိပြီး လုံးပတ် (၂၀)တောင်ခန့်ရှိသည်။**

ဆံတော်ရှင် ကျိုက်ထီးရိုးကလေး စေတီတော်နှင့် ကျောက်လုံးကြီး အောက်ပိုင်း၊ အောက်ခံကျောက်ဖျာနှင့် ကျောက်လုံးတင်ထားသည့် အနေအထား၊ ကျောက်လုံး အပြင်ထွက်နေသည့် သဏ္ဌာန်များ အလွန်တူလှပေသည်။

စေတီတော် တည်ထားသော ထောင်နေသည့် ကျောက်လုံးကြီးနှင့် တစ်လံအကွာတွင် ထိပ်၌ အစိတ်စိတ် အမြွှာမြွှာ သဘာဝ ကွဲအက်နေသော ကျောက်လုံးတစ်လုံး ရှိသည်။

ထိုကျောက်တုံးကို ဘုရားရင်ပြင်တော် ကျယ်စေရန် မုပ္ပလင်ကျေးရွာမှ ဆရာတော်ဦးစန္ဒိမာ ဦးဆောင်၍ တွန်းဖယ်ကလော်ကြရာ စေတီတည် ရှိသော ကျောက်လုံးကြီး လှုပ်လာသည်။ မကြာမီ မိုးလေ အုံ့ဆိုင်းလာ၍ ဆက်မလုပ်ဝံ့တော့ဘဲ ထားခဲ့ရသည်။

စေတီတော်၏ အရှေ့ဘက်တွင် ခြေတော်ရာကုန်းရှိသည်။ ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခုနှစ် မိုးကြီးရွာပြီး တောင်ပြိုရာမှ အသစ်ပေါ်လာသည့် တောင်ပေါ်စမ်းပေါက်

ခြေတော်ရာ တစ်ဖက်ကို ဖူးမြင်ရသည်။ ခြေတော်ရာတွင် နဂါးနှစ်ကောင်တစ်ဖက်စီ ကာရံပြီး ပါးပျဉ်းထောင်ထားပုံ ထုလုပ်ထားသည်။ ဦးခေါင်းကိုထွင်း၍ လှည့်ရအောင် အရှင်စွပ်ထားသည်ကို တွေ့ရသည်။

နဂါးတစ်ကောင်တွင် **"ထ"** **အက္ခရာ** ထွင်းထိုးထား၍ နောက်တစ်ကောင်တွင် **"န" အက္ခရာ** ထွင်းထိုးထားသည်ကို တွေ့ရသဖြင့် နဂါးဖိုနှင့် နဂါးမ ခွဲခြားသိကြစေရန် ဖြစ်မည်ဟု စဉ်းစားမိခဲ့သည်။

ခြေတော်ရာကုန်းပေါ်တွင် စေတီတော်နှစ်ဆူ ဖူးတွေ့ရသည်။ တစ်ဆူသည် သမ္ဘန်ဦးနှင့် သဏ္ဌာန်တူ ကျောက်တုံးပေါ်တွင် စေတီတည်ထားသည်။

ထို့ကြောင့် ထိုစေတီတော်ကို ဝါးဖြူတောင် ကျိုက်ထီးရိုးကလေး **"ကျောက်သမ္ဘန်စေတီ"** ဟုပင် ဖော်ပြအပ်ပါသည်။

ခြေတော်ရာကုန်း၏ မြောက်ဘက်အောက်တွင် ကျောက်ဂူ နှစ်ဂူရှိသည်။ အလင်းရောင် လေဝင်လေထွက် အကျယ်အဝန်း အလောတော်ရှိ၍ တရားအားထုတ်ရန် အဆင်ပြေလှသည်။

ရှေးက ယင်းဂူများအတွင်းတွင် ရသေ့များ နေထိုင် တရားအားထုတ်ခဲ့ကြသည့် ဂူများဟု သိရသည်။

ရင်ပြင်တော်၏ တောင်ဘက်တွင် သိမ်ပျက်ကုန်းနေရာနှင့် ပြိုပျက်နေပြီဖြစ်သော စေတီတစ်ဆူရှိသည်။ စေတီတော်အနီးတွင် ကောင်းမှုရှင် ကမ္ပည်းမထိုးထားသော ခေါင်းလောင်းငယ်တစ်လုံးလည်း တွေ့ရသည်။

သိမ်ပျက်ကုန်းအနီးတွင် သွပ်မိုးဇရပ်ကြီးတစ်ဆောင်ရှိသည်။ သံဃာစင်ရှိသည်။ ဇရပ်၏ ထုပ်တန်းနှင့် ဒိုင်းများတွင် ဘုရားဖူး ရောက်လာကြသူများ မြေဖြူဖြင့် ရေးခြစ်မှတ်တမ်းတင်ခဲ့ကြသည့် လက်ရာများလည်း တွေ့ရသည်။

**ကုန်းတော်ပေါ်မှ ကြည့်လျှင် စစ်တောင်းမြစ်နှင့်စစ်တောင်း ရေ့ပျော်ကျော်တို့ကို ထင်ရှားစွာ တွေ့ရသည်။**

စေတီတော်၏ ရှေးသမိုင်းကို အတိအကျပြောနိုင်သူ မရှိသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။ သမိုင်းအထောက်အထား ရလိုရငြား **ယခင်က ဝါးဖြူတောင်ကျောင်းဆရာတော် ဦးကုဲ့သ[စစ်ကွင်းကျောင်းဆရာတော်]** ထံလည်း သွားရောက်လျှောက်ထားစုံစမ်းကြည့်ရာ ဆရာတော်က...

'ကျိုက်ထီးရိုးလေးသမိုင်းကို ကျုပ်လဲ မသိပါဘူး။ ကျိုက်ထီးရိုးကြီးနဲ့ ဒီကျိုက်ထီးရိုးကလေးက ညီတော်, နောင်တော်လို့တော့ ပြောတာ ကြားဖူးတယ်။

ကျိုက်ထီးရိုးကလေးက နောင်တော်ဖြစ်လို့ ညီတော်ကို မျှော်တာဖြစ်ပြီး အရင် သာသနာပွင့်စေတာလို့ ကြားဖူးတယ်'

ဟုအမိန့်ရှိခဲ့သည်။

ယခု ကျိုက်ထီးရိုးကလေးတောင်ပေါ်တွင် သီတင်းသုံးနေသည့် ဆရာတော် ဦးပညာဝံသသည် တောင်ပေါ်ရောက်ခဲ့သည်မှာ (၃)နှစ်ရှိပြီဖြစ်၏။ ဆရာတော် စတင် ကြွရောက်သည့် ၁၉၉၇ ခုနှစ်က ဆရာတော် တောင်ပေါ်ရောက်ပြီး မကြာမီ မိုးလေကြီးကာ တောင်များ ပြိုသည်မှာ နေရာအနှံ့အပြားတွင် ဘေးအန္တရာယ်အဖြစ်ကြုံရသော်လည်း ဝါးဖြူတောင် ကျိုက်ထီးရိုးကလေး စေတီတော်အတွက် အကျိုးထူးကြီး ရရှိခဲ့သည်။

ယခင်က တောင်ပေါ်တွင် ရေ အခက်အခဲ များစွာရှိခဲ့သည်။ တစ်မိုင်ခန့် ဝေးလံသည့် စမ်းပေါက်လေးမှ ရသမျှရေကို ပိုက်ဖြင့် သွယ်ယူခဲ့ရသည်။ လောက်လောက်ငငမရှိ၍ အလှူကိစ္စနှင့် ဘုရားဖူးများအတွက် အခက်အခဲ ရှိခဲ့သည်။

ယခု တောင်ပေါ်တွင် ရေလှောင်ကန်များ ရေလျှံလျက် ရှိနေသည်ကို ဝမ်းသာအားရစွာဖြင့် ရေထွက်သည့် စမ်းပေါက်ကြီးမှ ရေသွယ်ပုံကို လိုက်ပြကာ တောင်ပြိုသည့် ညအဖြစ်ကို ပြောပြပါသည်။

'ဘုန်းကြီးနဲ့ တပည့်ရဟန်းတို့ (၂)ပါးရှိတယ်။ ညဘက် မိုးကြီးရွာပြီး တောင်ပြိုသံတွေ၊ သစ်ပင်ကြီးတွေ လဲသံတွေဟာ တစ်တော,တစ်တောင်လုံး ဆူညံတုန်ခါနေတာပါပဲ။ ဘုရားဘက်က လဲပြိုသံတွေ ကြားရတယ်။

ဘုရားများ အောက်ကို လဲပြိုသွားမလား စိုးရိမ်မိတယ်။ ချက်ချင်း သွားကြည့်လို့လဲ မဖြစ်ဘူး။ မှောင်မည်းနေတာ။ မိုးလင်းမှ ဘုရားကို အရင်ဆုံး သွားတော့ နဂိုအတိုင်း မြင်ရလို့ ကြည်နူးမိတယ်။

www.burmeseclassic.com

သူ့အောက်နားက ကျောက်တောင်တွေ တောင် ပြိုကျခဲ့တာ။ ဘုရားမပြိုတော့ ကြည့်သိတာပေါ့ဗျာ။

တောင်ပြိုလိုက်တော့ ရေထွက်ပေါက် အသစ်ပေါ်လာပြီး အခု တောင်ပေါ်မှာ ရေပေါ်မိုးပေါ်နဲ့ အဆင်ပြေပါတယ်'

'ဆွမ်းခံမယ့် အရပ်က မနီးတော့ ဆရာတော်တို့ ဆရာတပည့်(၂)ပါး ဆွမ်းဝေယျာဝစ္စ ဘယ်လိုများ ပြည့်စုံကြပါသလဲ ဘုရား'

'ကိုးသိမ်ဇရပ်က ဒကာကြီး ဦးမြင့်တို့ မိသားစုနဲ့ ဇီးပြောင်း(၁) ရွာသူရွာသားများ လုံလောက်အောင် လှူကြပါတယ်'

'တောင်ပေါ်မှာ ဆရာတော် သီတင်းသုံးစဉ်ကာလ စေတီတော်ရဲ့ ထူးခြားနိမိတ်များ ဖူးမြင်ခဲ့ရပါသလား'

'ရောင်ခြည်တော် ကွန့်မြူးတာ (၂)ကြိမ် ဖူးမြင်ရပါတယ်။ တောတက်ကြတဲ့ သူတွေလဲ ဖူးရတယ်ထင်တယ်။

အဲဒီညက သူတို့ တောင်အောက်ကနေ ဘုရားမီးပူဇော်ထားတာကို ထိန်နေအောင် မြင်ရတယ်လို့ လာပြောကြတယ်။

အဲဒီအချိန်က ဘုရားကို မီးစက်နဲ့ မပူဇော်နိုင်သေးပါဘူး။

ကုန်းတော်ပေါ်ကို ကျားတစ်ကောင် မကြာမကြာ လာတတ်တယ်။ [illegible]ပေါက်အသံပေးလဲ မကြောက်ဘူး ဟိန်းပြီးတက်လာတာပဲ။ သူ ခဏခဏ လာပေမယ့် အန္တရာယ် မပြုတော့ ကျုပ်တို့လဲ မကြောက်တော့ပါဘူး'

ဟု အမိန့်ရှိပါသည်။

ဝါးဖြူတောင် ကျိုက်ထီးရိုးကလေးတွင် ယခင်က အမြဲတမ်းနေထိုင်သီတင်းသုံးသည့် ရသေ့ရဟန်း မရှိခဲ့။ ဆရာတော် ဦးပညာဝံသ (၁၇)ဝါနှင့် တပည့် ရဟန်းငယ်တစ်ပါးတို့ကိုယ်တိုင် ကျောင်းနေရာ တောရှင်းမြေညှိ ကျောင်းဆောက်ကာ အသက်သတ်လွတ် ဆွမ်းဘုဉ်း၍ သီတင်းသုံးလျက် သာသနာအကျိုး သယ်ပိုးနေကြသည်။

ဘုရားပွဲကို နှစ်စဉ် တန်ခူးလပြည့်နေ့ ပြုလုပ်၏။ သက်သတ်လွတ် ဆွမ်းကပ်၍ ဘုရားဖူးလာကြသူများကို သက်သတ်လွတ် စေတနာဒါသကျွေးသည်။

ဘုရားပွဲသို့ ထီးခလဲ့ရွာ၊ တောကြီးရွာ၊ ဇီးပြောင်း(၁),(၂),(၃),(၄),(၅) နှင့်(၆)ကျေးရွာ၊ ခရွဲရွာ၊ မုပ္ပလင်ရွာနှင့် သိမ်ဇရပ် ရွာသူရွာသားများ သွားရောက်ကြသည်။

၁၃၅၂ ခုနှစ်တွင် တပ်မတော်သားများနှင့် ကျေးရွာလူထု ပူးပေါင်း၍ ထီးတော်အသစ်တင်ခြင်း၊ ထုံး,သင်္ကန်းကပ်လှူခြင်း စသည် ကောင်းမှုများ ပြုလုပ်ခဲ့ကြသည်။

ယခုအခါ ဝါးဖြူတောင် ကျိုက်ထီးရိုးကလေးတောင်ပေါ်တွင် သီတင်းသုံးလျက် အနီးကပ် စောင့်ရှောက်လျက်ရှိသော ဆရာတော် ဦးပညာဝံသ၏ ကျေးဇူးကြောင့် ကုန်းတော်၏ ဖွံ့ဖြိုးရေးများ တိုးတက်စပြုကာ **"ဝါးဖြူတောင် ကျိုက်ထီးရိုးကလေး၏ အနာဂတ်သာသနာ ပွင့်ထွန်းရေး"** ကိုစေတနာအပြည့်အဖြင့်အကျိုးဆောင်လျက် ရှိသည်ကို ဖူးမြင်ခဲ့ရပေသည်။

'ကိုယ့်ရှေ့မှာ ပျက်နေတာ၊ ကိုယ့်အလှည့်
မကျခင် အရင် ကောင်းတာတွေ ကျင့်ကြံ
အားထုတ်ကြပါ'


ဟူသည့် အမှာစကားဖြင့် ရပ်နားပါသည်။ဘုရားဖူးဖော်များဖြစ်သည့်ဆရာကြင်၊ ဦးမြင့်သန်းနှင့် အဖွဲ့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

ဝန်ခံချက် ..

**ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ သမိုင်းပါ (ပေါင်းလောင်းတောင်တန်းတစ်လျှောက်မှ ကျိုက်ထီးရိုးကလေးစေတီများ)ကို မှီငြမ်းပါသည်။**

***ချမ်းသာသုခ ပြည့်ဝပါစေ။***

**ကိုသောင်း(*သိမ်ဇရပ်*)**




ဝါးဖြူတောင်ကျိုက်ထီးရိုးကလေး စေတီသို့ လမ်းညွှန်မြေပုံ

<u>စာရှုသူ... သုတေသီနှင့်</u>

<u>ပညာရှင်များသို့...</u>

ဤဘုရားဖူးခရီးမှာ ၂၀၀၀ ပြည့်နှစ် ပတ်ဝန်းကျင်က သွားရောက်ခဲ့သော ခရီးဖြစ်ပါသည်။ ယခုကာလ အတွေ့အကြုံများ မဟုတ်ပါ။

သို့ဖြစ်၍ ယခုကာလ သွားရောက်ခဲ့ဖူးသူများမှ အတွေ့အကြုံများ ရေးသားပေးပို့၍ နတ်လမ်းညွှန် 'ကုသိုလ်ထူး ယူကြပါရန် မေတ္တာရပ်ခံ ဖန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

*ဦးကျော်မိုးသိန်း*

*စာတည်း*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်–၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင် ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။




နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြွတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်း တို့ဟာ သီတန်္ဒဉ္စကာ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာလှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူးအောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့်ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်–(၁၉၂)၊ ဈေး(၇)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၁၅၂၂၅၊ ၀၉ ၂၅၀၁၅၀၈၇။


မြောင်းမြ မောင်ယဉ်တင့်

www.burmeseclassic.com

www.burmeseclassic.com



◆ ဘိုးမင်းခေါင်စေတီခေါ် ကျောက်စေတီ



◆ ဘိုးဘိုးအောင် အောင်စေတီ

ဝဋ္ဋကျော်
(ဂန္ဓာရီ)

# စစ်ကိုင်းတောင်မှ

ဆုတောင်းပြည့်ဝ

# အောင်ပန္နက်နှစ်နေရာ

ဂန္ဓာရီလောကတွင် ဝိဇ္ဇာစခန်း ထွက်ရပ်လမ်းသို့ မြန်းကြသည့် ပုဂ္ဂိုလ်များထဲရှိ **ဘိုးဘိုးအောင်**နှင့် **ဘိုးမင်းခေါင်** ဆိုလျှင် သိသူ အလွန်များကြပေသည်။

မြန်မာနိုင်ငံအနှံ့အပြား မြို့ရွာ အတော်များများတွင်လည်း ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့နှင့် ဆက်စပ်နေသော စေတီပုထိုးများ အောင်ဓာတ်နှက်များ ယုံကြည်ကိုးကွယ်ကြသူများ များစွာရှိကြောင်း ခရီးသွားသမားတစ်ယောက်အနေဖြင့် သိရပါသည်။

ထို့အတူ စစ်ကိုင်းတောင်ရိုးသို့ ရောက်ပြန်လျှင်လည်း ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်တို့၏ အောင်ဓာတ်နှက်တည်ရာ နှစ်နေရာကို တွေ့ရသည်။

**တောင်ဘက် ခြင်္သေ့တစ်ကောင် စောင့်ကာနေမှ ရွှေမိုးဦးပုညရှင်သို့ အသွား လက်ယာ ဘယ်ဘက် တစ်နေရာတွင် ဖြစ်သည်။**

**ကျောက်သားများကို ထုဆစ်၍ ကျောက်စေတီဟု လူသိများသော ဘိုးမင်းခေါင်စေတီတော်ကို အရင်ဖူးတွေ့ရလေသည်။**


ဉာဏ်တော်မှာ ပေ(၇၀)ခန့် မြင့်သည်။ အနီးတွင် **အောင်ဓာတ်တိုင်ရှိ၍ လိုရာဆန္ဒပြည့် ဆုတောင်းနိုင်သော ဓာတ်တိုင်ဟု သိရသည်။** အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက်နေရာ အောင်မြေဟု လူသိများပါသည်။

ဓာတ်တိုင်အခြေ အုတ်ခုံထက်တွင်

www.burmeseclassic.com




ဘိုးဘိုးအောင် အောင်စေတီ ပရိဂုဏ်မှ ဆွမ်းဦးပုညရှင်သို့ မြင်ကွင်း



ဘိုးဘိုးအောင် အောင်စေတီနှင့် ရှေးဟောင်းတံတိုင်းဝင်ပေါက်

**"အောင်မင်းခေါင် အောင်မြေဓာတ်ပန္နက်"** ဟု စာတန်း ရေးထိုးထားသည်။

လိုက်ပါ ပို့ဆောင်ပေးသူ စစ်ကိုင်းတောင်ရိုး သီလရှင်ကြီး၏ ပြောပြ စကားအရ အောင်မြေဓာတ်တိုင်ကိုကိုင်ကာ လိုရာဆန္ဒ




အောင်ဓာတ်တိုင်နှင့် ခြင်္သေ့



စေတီအခြေမှ ခြင်္သေ့တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



တော်တိုင်အခြေပြမြင်ကွင်း

ြ အဓိဋ္ဌာန်ထား အားထုတ်ခြင်းဖြင့် ျန်းမာရေး၊ စီးပွားရေးနှင့် ရာထူး ္ဌာနွှရအရေးတို့အတွက် အောင်ပန်း ်နိုင်ကြောင်း သိခဲ့ရသည်။

ောင်းတံန်းအတိုင်း အနည်းငယ် ်တက်ခဲ့ရာ ရွှေရင်အေးအရပ်သို့ ောက်သည်။ ဆွမ်းဦးပုညရှင် အသွား လမ်း ခဏတာ အမောဖြေရာ တစ်နေရာ ဖြစ်ပေသည်။

အနည်းငယ် တက်လှမ်းမိသော အခါ ထုံးဖြူဖြူဖွေးဖွေး သပ္ပါယ်လှ သော **"ဘိုးဘိုးအောင်အောင်စေတီ"** ကို ဖူးမြင်ရသည်။

ဘိုးဘိုးအောင် တည်ထားကိုးကွယ် ခဲ့သော ဘုရားဟု ကျော်ကြားပါသည်။ ပေ(ရ၀)ခန့်ပင် ဉာဏ်တော်ရှိသည်။

စေတီတော်ပတ်လည်မှ တံတိုင်း များမှာ ရှေးဟောင်းအုတ်တံတိုင်းများ ဖြစ်လျက် ပျက်စီးယိုယွင်းနေပါသည်။

လေ့လာ၍ သိရသလောက်မှာ တချို့မှာ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စေတီနှစ်ဆူရှေ့၌ အဓိဋ္ဌာန်ဝင် ဆု တောင်းကြလျက် အလိုဆန္ဒများ ပြည့်ဝအောင်မြင်ကြကြောင်း သတင်း ကြီးလှပါသည်။

စစ်ကိုင်းတောင် ဘုရားဖူးများ ဝင်ရောက်ဖူးမြော် ကြည်ညိုဆုတောင်း ၍ လောကီ လောကုတ္တရာ အောင်ပွဲဝင် နိုင်ကြစေရန် တင်ပြပေးလိုက်ရပါ သည်။

**ဝဏ္ဏကျော်(ဂန္ဓာရီ)**

စာမျက်နှာ (၄၆)မှ အဆက်

ြားသည်။

ထိုဥကြီးနှင့် ဥပွားအချို့၊ နွယ်လုံးအချို့ကို ဆန်အိတ်နှစ်လုံး ြင့် ထည့်၍ နိုင်လွန်ကြိုးလုံးကြီးနှင့် ချည်ကာ တောင်ထိပ်မှ ောင်ခြေသို့ အဆင့်ဆင့် တဖြည်းဖြည်းချင်း သယ်ဆောင် ာ ညနေ(၃)နာရီခွဲမှာမှ တောင်ခြေသို့ ရောက်ရှိကြောင်း ဆက်သည်။

မဟာဂမုန်းဥကြီး တစ်လုံးကပင်လျှင် (၁၀)ပိဿာနီးပါးလေးပြီး ပွားတစ်လုံးက (၂)ပိဿာကျော်လေးသည်။ နွယ်လုံးတချို့က ( )ပိဿာခန့်လေးသည်။ သူတို့ မနိုင်မနင်းဖြစ်ခဲ့ပေသည်။ ွယ်လုံးကြီးများနှင့် ဥပွားအချို့ကို မထမ်းနိုင်သဖြင့် ထားရစ်ခဲ့ ြရသည်။

မဟာဂမုန်းဥကြီးကို ပေကြိုးဖြင့် တိုင်းတာကြည့်ရာလုံးပတ် )ပေကျော် ရှိသည်။ ဥပွားတစ်လုံး၏ လုံးပတ်ကာ (၂)ပေခွဲခန့် ှိသည်။ နွယ်လုံး လတ်တစ်လုံး၏ လုံးပတ်မှာ (၇)လက်မ ခန့်ရှိသည်။ နွယ်လုံးကြီးများ မသယ်ယူနိုင်ခဲ့ကြပါ။

မဟာဂမုန်းဥကြီးနှင့် ၎င်းနွယ်ကြီးတို့၏ သက်တမ်းမှာ စ်ပေါင်းတစ်ရာခန့် ရှိနိုင်ပါသည်။ ရှေးဟောင်းသမိုင်းဝင် ုန်းဥဟု သတ်မှတ်နိုင်သည်။

အင်္ဂုရတ်ပညာတွင် "လုံကျင်း"သော သဘောတရားကို အခြေခံသိရှိထားသဖြင့်း ကျွန်ုပ်လည်း ရှေးအခါက ဆေးစွမ်း ထက်ခဲ့သော ဆေးရည်များ ရှိခဲ့ဖူးသည်။ ၎င်းမဟာဂမုန်းဆေးဥ ကြီးကို အဆင်ပြေသလို စိတ်ပိုင်းလိုက်ပြီး အဖုံးနှင့် အပိတ်ပါ သော ဆေးအိုးများအဖြစ်ထွင်းပါသည်။

မဟာဂမုန်းဥ ဆေးအိုးများအတွင်းသို့ ပျားရည်စစ်စစ် ပျားရည်သန့်သန့်များထည့်ကာ ဖုံးအုပ်ထားလိုက်သည်။(၃)ရက် ခန့် ကြာသည်နှင့် ပျစ်ချွဲခဲနေသော ပျားရည်မှာရေရိုးရိုးကဲ့သို့ ကျဲသွားကြောင်း တွေ့ရှိရသည်။

ထိုအရည်ကို အနည်းငယ် လျှာပေါ်တွင် တင်ကြည့် သောအခါ ချိုခါးအရသာ ရှိသည်။ (၇)ရက်တစ်ပတ် ကြာ သည်နှင့် ဆေးပျားရည်ကို ညစဉ် ပလတ် စတစ်ပိုက်ငယ် ဖြင့် တစ်ငုံစာခန့် စုပ်ယူပြီး ရေသန့်တစ်ခွက်ကြီးသောက်ပါသည်။

၎င်းဆေးရည်၏ အကျိုးမှာ ညဘက် ကောင်းစွာ အိပ် ပျော်ပါသည်။ မနက်ပိုင်းမှာ အိပ်ရေးဝစွာဖြင့် နိုးထပါသည်။ စိတ်ရွှင်လန်း၍ ခွန်အားပြည့်ဝပါသည်။ လုပ်ရှားမှုများတွင် အထူးပေါ့ပါး သွက်လက်လာသည်။ ရင်ပြည့်၊ ရင်ကယ်၊ ခေါင်းမူး၊ အကြောတက်တွေ မဖြစ်ပါ။

လူအိုလူကြီးများကို နုပျိုသန်စွမ်း ကျန်းမာစေသော အကျိုးထူးရစေပါ သည်။ အခါးကြောက်သူများပင်လျှင် သောက်သုံးနိုင်ပါလိမ့်မည်။ "အခါးဓာတ်"မများလွန်းခြင်း ကြောင့်ဖြစ်သည်။ သို့သော် ပျားရည်မကြိုက်သူများနှင့် ဆီးချိုရောဂါရှိသူများကတော့သောက်သုံးနိုင်မည်မဟုတ်ပါ။

၎င်းမဟာဂမုန်းဥကြီးမျိုးမှာမြန်မာနိုင်ငံအတွင်းရှိ ကျောက် တောင်ကြီးများပေါ်တွင် ရှိနိုင်မည်ဟုယူဆမိပါသည်။ရှာဖွေ သုတေသနပြုသင့်သော ဆေး နွယ်ပင်၊ ဆေးဥဖြစ်ပါသည်။

တောင်ကြာဥ အမျိုးအနွယ်ထဲက ဖြစ်နိုင်ကြောင်း တွေးဆ မိသည်။ နွေရာသီ အရွက်ကျချိန်ဖြစ်၍ ဆေးနွယ်ပင်ကြီး၏ အရွက်များကို မတွေ့ရှိရသဖြင့် ထိုဆေးနွယ်ပင်၏ အမျိုး အစားကို မခန့်မှန်းနိုင်ပါ။

**ဓမ္မတာနာမှန်လျှင် ကံကောင်းမည်။**

**အောင်ဇ *(LL,B)***

www.burmeseclassic.com

www.burmeseclassic.com

ကရင်ပြည်နယ်ဒေသကြီး၊ ဖာပွန်ခရိုင်၊ ကမမောင်းမြို့အနောက်ဘက် (၈)မိုင်ခန့်အကွာတွင် မီးဖိုင်းတောင်တန်းကြီးရှိပါသည်။ ရှေးအခါက ဝိဇ္ဇာမြို့တော်(အလုံမြို့) တည်ရှိခဲ့ကြောင်း ရသေ့ဝိဇ္ဇာဓိုရ်တို့၏ ပေစာ၊ ပုရပိုက်စာ မှတ်တမ်းဟောင်းများရှိသော တောင်ထူးတောင်မြတ် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော် (၁)ဆူကို ဌာပနာ၍ တည်ထားသော **"ရွှေအင်ဒုံ"ဘွဲ့အမည်ရှိ ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီး**တစ်ဆူ တည်ရှိသော တောင်တော်လည်း ဖြစ်သည်။

ဤမီးဖိုင်းတောင်တန်း၏ အရှေ့ အနောက် တောင်ခြေ၊ တောင်စောင်းများတွင် အိမ်ခြေအထိုက်အလျောက်များသော လူနေကျေးရွာငယ်များ ရှိကြသလို လူနေနည်းပါး၊ အိမ်ခြေနည်းပါးသော ရွာပုန်း/ရွာပျောက်များလည်း ရှိကြပါသည်။

ဖိုးသူတော်ဝတ်ဖြင့် တိုင်းရင်းဆေးပင်၊ ဆေးမြစ်၊ ဆေးဥများ ရှာဖွေစုဆောင်းရင်း မီးဖိုင်းတောင်တန်းအနှံ့ သွားလာနေသည့် စောငွေထွန်းမှာ မီးဖိုင်းတောင် အနောက်ဘက်ခြမ်း တောင်စောင်းတစ်နေရာရှိ ရွာပုန်းတစ်ရွာမှ ပိုးကရင်တိုင်းရင်းသား ဘုန်းတော်ကြီးတစ်ပါးနှင့် သိကျွမ်းရင်းနှီးရာမှ **ဆေးအဘိုး(ဆေးဝိဇ္ဇာအဘိုး) "ဖူးယော်"**အကြောင်း ကြားသိခဲ့ရသည်။


**"ဖူးယော်"ဆိုသော အဘိုးမှာ အသက် တစ်ရာကျော်မှာ ကွယ်လွန်ခဲ့ပြီးသူ မကွယ်လွန်မီ ဤမီးဖိုင်းတောင်ပေါ်ရှိ မဟာဂဃုန်းစွယ်ပင်ကြီးနှင့် မဟာဂဃုန်းဥကြီးအကြောင်းကို ပြောပြခဲ့သည်။**

"ဖူးယော်" အသက်(၃၀)အရွယ်လောက်က တောလိုက်မုဆိုးအဖြစ်

ဓမ္မာ (LL.B)


ထူးဆန်းသော

# မဟာဂဃုန်းဥကြီး



▲ သစ်ပင်သဏ္ဍာန်ဖြစ်နေသော မဟာဂဃုန်းဥကြီး

▼ မဟာဂဃုန်းဥကြီး၏ အစိတ်အပိုင်းတစ်ခုကို ထွင်းပြီး ပျားရည်ထည့်ထားပုံ



အသက်မွေးခဲ့သည်။ တစ်နေ့သောအခါ မျက်စိလည် လမ်းမှားပြီး မီးဖိုင်းတောင်တန်းပေါ်ရှိ ကျောက်သားတောင်ထိပ်တစ်နေရာမှာ အစာရေစာ ပြတ်လပ်သတိလစ်နေခဲ့သည်။

သတိပြန်ရသောအခါ ကျောက်လိုဏ်ဂူငယ်တစ်ခုအတွင်း ရောက်ရှိနေပြီး ရသေ့ကြီးတစ်ပါးက သူ့ကို ချိုး

www.burmeseclassic.com





▲ မဟာကမ့်ဥကြီး ဥမှာနှင့် ဥကဲ့သို့
ပေါက်ကြွနေသော နွယ်ပင်အပိုင်းအချို့
ဈေးမကမ့်ဥကြီးအနီးမှ ဥမှာများ ▶

အရသာရှိသည့် ဆေးရည်ကို ဝါးခွက်ငယ်ဖြင့် တိုက်နေကြောင်း မြင်တွေ့ရသည်။

ထိုရသေ့နှင့် ဖူးယော်တို့ စကားပြောကြည့်ရာ ဘာသာစကား မတူသဖြင့် နားမလည်ကြဘဲ လက်ဟန်ခြေဟန်နှင့်သာ ပြောကြရသည်။ ရသေ့ကြီး၏ လက်ဟန်ပြ ပြောဆိုမှုမှာ ဖူးယော်ကို အမဲလိုက်လုပ်ငန်း မလုပ်ဘဲ ဆေးကုသသည့် ဆရာလုပ်ငန်းလုပ်ဖို့ ဟူ၍ ဖူးယော် နားလည်လိုက်သည်။

ထို့နောက် ရသေ့ကြီးက ကျောက်ဂူငယ်နှင့် မနီးမဝေးရှိ ကျောက်တောင်စောင်းပေါ်တွင် ဘေးစောင်းကပ်ပေါက်နေသော လူတစ်ဖက်စာခန့်ကြီးသည့် သစ်ဥကြီးတစ်လုံးရှိရာကို လိုက်ပြပေးသည်။

ကျောက်တုံးနှင့် ကပ်နေသောဘက်မှာ ဥကြီးတစ်ခြမ်းခန့် အပေါက်ကြီးဖြစ်နေပြီး ထိုအပေါက်ကြီးအတွင်းမှာ မည်းညစ်ညစ်အရည်များနှင့် ပြည့်နေကြောင်း တွေ့ရသည်။

ထိုအပေါက်၏ အပေါ်ဘက်မှာ သဘာဝ ကျောက်ခေါင်းပျားအုံ တစ်အုံရှိပြီး ထိုပျားအုံမှ ပျားရည်များ ဥအတွင်းသို့ တစိမ့်စိမ့် စီးဝင်အောင် ဝါးချောင်းငယ်လေး ထောက်ထားကြောင်းလည်း တွေ့ရသည်။

ထိုသစ်ဥကြီးမှ အရှေ့နှင့်အနောက်တွင် လူ့ခြေသလုံးခန့် ကြီးမားဖွံ့ဖြိုးလှသော နွယ်ပင်ကြီးများထွက်ကာ အနီးဝန်းကျင်မှာ နွယ်ဒန်းလို ရှင်သန်နေကြသည်။ အချို့နွယ်များတွင် ဥပွားငယ်များရှိသည်။

ထိုသစ်ဥအခေါင်းထဲမှ မည်းညစ်ညစ်အရည်များကို ဝါးကျည်တောက်ငယ်ဖြင့် ထည့်ပေးပြီး အပြန်လမ်းကို လိုက်ပို့ပြသပေးခဲ့သဖြင့် ရွာသို့ ပြန်ရောက်လာခဲ့သသည်။

ထိုရွာပုန်းနှင့် အနီးဝန်းကျင့်ရှိ လူများ နာမကျန်းဖြစ်လျှင် "ဖူးယော်"က ဝါးကျည်တောက်ထဲမှ အရည်များကို မနက်၊ ည အနည်းငယ်စီ တိုက်ပေးလိုက်သည်။ နှစ်ရက်,သုံးရက်ဆိုလျှင် ရောဂါများ သက်သာသွားကြပြီးနောက် မကြာမီ ရောဂါပျောက်ကင်းသွားကြမြဲဖြစ်သည်။

ထိုအချိန်မှစ၍ ဖူးယော်မှာ ဆေးဆရာကြီးဖြစ်လာသည်။ အမဲလိုက်လုပ်ငန်း မလုပ်တော့ပေ။ ဇနီး၊ သားသမီးလည်း မရှိသဖြင့် ဘုန်းတော်ကြီးကျောင်းများတွင် နေထိုင်ခဲ့သည်။

အသက်ကြီးသောအခါ **"ဆေးအဘိုး"(ဆေးဝိဇ္ဇာအဘိုး)**ဟူ၍ အခေါ်ခံခဲ့ရသည်။ ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်များနှင့် ဝေးလံပြီး သွားလာရခက်ခဲသည့် မီးဖိုင်းတောင်တန်းအနောက်ခြမ်းမှာ ဆေးဝိဇ္ဇာအဘိုး၏ မည်းညစ်ညစ်ဆေးရည် အစွမ်းက ဒေသခံတိုင်းရင်းသားတို့၏ အားကိုးရာ ဖြစ်ခဲ့သည်။

ဆေးအဘိုးဖူးယော်၏ ဆေးရည်ကုန်သွားလျှင် တောင်ပေါ်တက်၍ ဆေးသွားယူမြဲ ဖြစ်သည်။ သူ့မှာ တပည့်တပန်းလည်း မရှိ၊ ဆေးကုသခလည်း ဘာမှမယူပါ။

ဖူးယော် အသက်(၉၀)ကျော်အထိ

www.burmeseclassic.com





▲ ကျောက်တောင်နံရံကျောက်တုံးတွင် ကပ်နေသော မဟာဂမုန်းဥနှင့် ရောမနွယ်ပင်ကြီး သဘာဝအတိုင်းပုံ

◀ 'မဟာဂမုန်းဥ၏ ရောမနွယ်ပင်ကြီး

တောင်ပေါ်တက်၍ဆေးရည်ကိုယ်တိုင်သွားယူခဲ့ရသည်။ အသက်တစ်ရာခန့်တွင် ဖူးယော် ဆေးသွားမယူနိုင်တော့သဖြင့် ဆေးရည်ရှိသောနေရာကို ဘုန်းတော်ကြီးအား ပြောပြခဲ့သည်။

ဘုန်းတော်ကြီးက ထိုနေရာကို ဒကာများအား ပြောပြပြီး သွားယူခိုင်းသော်လည်း ရှာဖွေ မတွေ့ခဲ့ကြပါ။

ဤသတင်းစကား ကြားသည်မှစ၍ ဖိုးသူတော်စောငွေထွန်းမှာ ရသေ့ဂူနှင့် ဆေးသစ်ဥကြီးကို ရှာဖွေပါတော့သည်။ သုံး,လေးနှစ်ခန့် ဖွဲကောင်းကောင်းနှင့်ရှာဖွေတော့မှတွေ့ရှိခဲ့သည်။

ပြိုလဲနေသော သစ်ပင်ကြီးပိ၍ ပြိုပျက်နေသည့် ကျောက်ဂူဟောင်းကို တွေ့ရှိရသည်။ ရသေ့ကြီးကို မတွေ့ရှိရသလို မည်သည့် သက်ရှိလူသားကိုမှလည်း မတွေ့ရှိရပါ။

ထိုနေရာကား အရှေ့ဘက်မှ တောင်(၂)လုံးကျော်ရသလို အနောက်ဘက်မှလည်း တောင်(၃)လုံးလောက်ကျော်တက်နေသောတောင်အလယ် ကျောက်တောင်ကြီးတွင် ရှိနေခြင်း ဖြစ်သည်။

တောင်ခြေမှ (၃)နာရီကျော်တက်ရသည်။ လမ်း လုံးဝမရှိဘဲ ခက်ခဲစွာ တက်ရသည်။

ကျောက်လိုဏ်ဂူပျက်၏ မြောက်ဘက်(၁)ဖာလုံခန့် ကျောက်တုံးကြီးပေါ်တွင် လူတစ်ဖက်ခန့်ရှိသော သစ်ဥကြီးတစ်လုံးကို တွေ့ရှိရသည်။

သစ်ဥကြီး၏ အရှေ့နှင့်အနောက်မှာ ရောမနွယ်ပင်ကြီး(၂)ပင် ထွက်နေသည်။ နွယ်ပင်လုံးကြီးမှာ အငယ်ဆုံး လက်ဖျံ၊ လက်မောင်းလုံးခန့်ရှိ၍ အကြီးဆုံးမှာ ပေါင်လုံးခန့်အထိပင် ရှိသည်။ ဆေးဝိဇ္ဇာဖူးယော်က ထိုဆေးဥကြီးကို **"မဟာဂမုန်းဥကြီး"**ဟု နာမည်ပေးခဲ့သည်။

ဆေးဥကြီးမှာ ကျောက်တောင်တွင် ထောင်လိုက် ကပ်နေသည်။ ကျောက်တုံးနှင့်ကပ်နေသော အခြမ်းမှာ သပိတ်ကြီးတစ်လုံးစာခန့် အပေါက်ကြီး ဖြစ်နေသည်။

သို့သော် ထိုဥကြီး၏ အောက်ခြေမှာ အနည်းငယ်ပေါက်နေသဖြင့် ဆေးရည်များ မရှိတော့ပါ။ တောသတ္တဝါတစ်ကောင်ကောင် ကိုက်ဖောက်ထားဟန်ရှိသည်။

ထိုဆေးဥကြီး၏ အပေါ်ဘက်တွင် ပျားအုံဟောင်းကို တွေ့မြင်ရသည်။ ပျားများ မရှိတော့ပါ။ စိတ်ပျက်လက်ပျက်ဖြင့် ထိုနေရာမှ ပြန်ဆင်းလာခဲ့သော စောငွေထွန်းမှာ ကျွန်ုပ်ဖနီး၏ မောင်ငယ် ဖြစ်ပါသည်။

သူနှင့် ကျွန်ုပ်(၂၀၁၅)ခုနှစ်အတွင်းက စတင်တွေ့ရှိစဉ် ထိုမဟာဂမုန်းဥကြီးအကြောင်း ကျွန်ုပ်ကို ပြောပြဖူးပါသည်။

ထို့ကြောင့် ကျွန်ုပ်က ထိုဥကြီးကို ရှာဖွေခိုင်းရာ တွေ့ရှိသဖြင့် သွားရောက်ယူဆောင်ခိုင်းခဲ့ပါသည်။ **စောငွေထွန်းနှင့် အသက်(၁၆)နှစ်အရွယ် သားဖြစ်သူတို့ကို ခိုင်းခဲ့ခြင်းဖြစ်သည်။**

သူတို့သားအဖနှစ်ဦး တောင်ခြေသို့ နံနက်(၇)နာရီရောက်ကြောင်း၊ တောင်ထိပ်ပေါ်သို့ (၁၀)နာရီတွင်ရောက်ကြောင်း၊ ဥကြီးကို ရှာဖွေ၍ (၁၂)နာရီတွင် တွေ့ကြောင်း ကျွန်ုပ်ကို အဆက်မပြတ် ဖုန်းဖြင့် ဆက်သွယ်အကြောင်း

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ အခု စာရေးဆရာကြီးကို အကူအညီ တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည့်နည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'


'ညီသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှိပ်နယ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

## ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဇနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ။ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီမသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေက အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး၊ ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း-မြန်မာရေး
**စကြာမင်း**
**တိုင်းရင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၃၀၉၃၁၊ ၅၂၂၉၃

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းအခိုင်အမာနှင့် ရှေးဟောင်း တနင်္သာရီမြို့က ခန္ဓာကိုယ် မပုပ်မပျက်သော


# ဝက်ဘာဆရာတော်ကြီး ဦးဥက္ကံသ (၂)

ခင်ခင်ဝင်း
(မော်ရဝတီ)

လခင်လမှ အဆက်

ဖူးမြော်ဖူးမဝ ဝက်ဘာဆရာတော်ကြီး

ဦးဥက္ကံသ၏ ဂုဏ်ထူးများ



◆ သက်တော်(၉၂)နှစ်မှာ ရိုက်ထားပုံ

ယနေ့တိုင်း ဝက်ဘာဆရာတော်ကြီး၏ ရုပ်ကလာပ်ကို သွားရောက်ဖူးမြော် မှတ်တမ်းပြုခြင်း ဝက်ဘာတောင်တော်ကြီးပေါ်ရှိ ဘုရားတန်ဆောင်းကျောင်းများကို လေ့လာခြင်းများ ပြုပါသည်။

အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီးအား အဖူးမြော်ရောက် လာကြသူများသည်း Facebook စာမျက်နှာများမှတစ်ဆင့် သိရပြီး မြန်မာနိုင်ငံသို့ ပြန်လာကာ ဆရာတော်ကြီးကို လာဖူးမြင်ကြသည်ဟု ကြားရပါသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ဖူးမြော်လေးလက် မိုးလျက် ပန်းစုံတို့နှင့် ဖူးညို တရားသီလပေးပွဲများ **ဆရာတော်ကြီး ပျံလွန်တော်မမူမီနှင့် ပျံလွန်တော်မူပြီး ထူးခြားဖြစ်စဉ်များ** ဓာတ်ပုံမှတ်တမ်းများကို ဆရာတော်ကြီး၏ ရုပ်ကလာပ်ဘေးတွင် တီဗွီဖြင့် ပြသနေသည်ကို ပရိသတ်များ ကြည့်ရှုလေ့လာပြုနေကြသည်။

ထိုသမျှ ညှိသည်များကိုလည်း ဝက်ဘာ၊ နေ့လယ်စာများနှင့် မပြတ်ကျွေးမွေးနေပါသည်။

ဤသား၍ မြန်မာဆန်သော နယ်မြေသားတို့၏ ယဉ်ကျေးမှုများမှာ တနင်္သာရီမြို့ကြီး၏ ရှေးအစဉ်အလာ မပျက်သော အငွေ့အသက်များ ထင်ဟပ်နေပါသည်။

ဒီနေ့တော့ ဆရာတော်ကြီးအား ကိုးကွယ်ကာ အမြဲပြုစုသော ဒါယိကာမ ဒေါ်တင်ဝင်းနှင့် တွေ့ဆုံကာ ဆရာတော်ကြီး၏ ထူးခြားချက်များကို ပြောပြသဖြင့် မှတ်တမ်းပြု ရေးသားအပ်ပါသည်။

'ဆရာတော်ကြီးက ခန္ဓာဝန်စွန့်တော့မယ်ဆိုတိုင်း ကျွန်မတို့က ဆရာ တပည့်တော်တို့ကို သနားသောအားဖြင့် နေပါဦးဘုရားလို့ အမြဲ လျှောက်တင်ရတယ်'

တနင်္သာရီ မြို့သူမြို့သားများက ဆရာတော်ကြီးများကို ဆရာဟု ခေါ်ဝေါ်ပြောဆိုတတ်ကြကြောင်း ပြောပြပါသည်။

'တစ်ခါတစ်ခါတော့လဲ ဆရာ ခံစားနေတဲ့ ဝေဒနာကို မကြည့်ရက်တော့ဘူး။ အသက်ရှူကျပ်တဲ့ဝေဒနာပါ။ ဝေဒနာကို အင်မတန်သည်းခံနိုင်စွမ်းရှိတယ်။ ညည်းတွား မရှိဘူး။ အတိတ်က ဟယ်စဉ်က ပြုခဲ့တဲ့ ဝဋ်ကြွေးတဲ့ ဝဋ်ကြွေးပြန်ဆပ်နေတာ။ ငယ်စဉ်က ဆရာ

www.burmeseclassic.com

မုန့်စားနေတာကို အနားမှာ ထိုင်ကြည့်နေတဲ့ ခွေးငယ်တစ်ကောင်ဟာ ဆရာတော်စားနေတဲ့ မုန့်ကို လုစားသတဲ့။'

အဲဒီခွေးငယ်ကို ဖမ်းပြီး ခွေးပါးစပ်ထဲကို မုန့်အပြည့် သိပ်ထည့်ပေးလိုက်တာ ခွေးဟာ အသက်ရှူကျပ် လည်ချောင်းနင်နေသလို အခုပြန်ခံရပြီး ဝဋ်ကြွေးဆပ်နေရတာလို့ ဆရာက နောင်းလူများ သတိသံဝေဂရအောင် ပြောပြတယ်'

'ဆရာတော်က ငယ်ဖြူလား'

'ဟု ကျွန်မက မေးမိပါသည်။

'အသက်(၄၀)မှ ရဟန်းဖြစ်တယ်ဆိုတော့ **"ငယ်က ကြိုက်သူ မရှိရ"** လို့ မေးလျှောက်တော့ အပျိုကြီးနှစ်ယောက်ရှိတယ်။ ဝန်ထမ်းလုပ်ခဲ့တော့ စာရေးသောက်ရေးအတွက် လစာပေးပြီး စားသောက်ချက်ပြုတ်ခိုင်းရတယ်။ သူတို့က ကြိုက်တာပေါ့။ **ငါ့ကိုကြိုက်မရ**"လို့ပြောထားရတယ်'


ဆရာတော်က ငယ်စဉ်ကတည်းက အိမ်ထောင်ရေးကို ရှောင်ခဲ့ကြောင်း ဝန်ထမ်းလုပ်ခဲ့သည့် အသက်(၃၅)နှစ်အထိ လူ့ဘဝကို ပြန်ပြောပြသည်။ ဒါယိကာမဒေါ်တင်ဝင်းက ဆက်ပြောပြပါသည်။

'ကျွန်မက ဆရာတော်ကို လာပြုစုတာ တစ်နေ့တော့ အိမ်က အမြန်ထွက်လာလိုက်တာ ဆရာပေးထားတဲ့ သင်္ကန်းအဆောင်လေး ကျန်ရစ်ခဲ့တယ်။

အဲဒီမှာ ဆိုင်ကယ် တိုက်မလို့ဖြစ်တာပဲ။ တော်တော်ကြောက်သွားတယ်။ ကျောင်းရောက်တော့ ဆရာက သိပြောတယ်။ သင်္ကန်းစမှ မချိထားတဲ့ ဆိုင်ကယ်တိုက်မှာပေါ့တဲ့။

ဒီမှာ ကြုံတွေ့နေတာ ဆရာက အားလုံး သိနေတယ်။ ဒါကြောင့် အခုလို ဆရာတော်ရဲ့ သင်္ကန်းကို ကလစ်မှာ ချိပြီး ခေါင်းမှာ အမြဲတပ်ထားတယ်'

ခေါင်းမှာ ချိထားသော သင်္ကန်းကြိုး အဆောင်ကို ပြ၍ ကျွန်မ ခင်တောင်းပြီး



◆ ၂၀-၄-၂၀၀၆ နေ့က မှတ်တွေ့ရသော ရုပ်ကလာပ်

◆ ဝင်္ကာဘာသရာတော်ကြီး ခေါင်းရိုက် ဆံတော်မွှေးများ ရှည်လာပြီ

လုံးဝမွေးလျှက် ပုလင်းထဲတွင် ရေမျှားပုံသမီရသည်



ကိုင်ကြည့်မိပါသည်။

'တစ်နေ့တော့ ကျွန်မ ဆရာတော် ခုတင်ခြေရင်းလေးမှာ မှီပြီး စဉ်းစားနေတယ်။ ဆရာကို လာပြုစုနေရတာ ဈေးဆိုင်ကို ပိတ်ထားရတာလဲ ကြာပြီ။ လူငှားကောင်မလေးနဲ့ ပစ်ထားလို့လဲ မဖြစ်၊ ဖောက်သည်တွေလဲ ဈက်ကုန်ပြီလား မသိ,လို့ တစ်ယောက်တည်း စိတ်ထဲမှာ တွေးနေမိတယ်။ အဲဒီအခါ ဆရာက...

'ပြန်...ပြန် အလုပ်ပျက်၊ အကိုင်ပျက် ဒီမှာလာပြီး အချိန်ဖြုန်းနေတယ်'

လို့ ထပြောတယ်။

သူတစ်ပါးရဲ့ စိတ်အကြံကိုလဲ သိနေ တယ်။ အသက်(၉၉)နှစ်ဆိုပေမယ့် ကုဋီသွားရင်းလဲ သူများကူတာ လ... မခံဘူး။ သူများ ဒုက္ခပိုမှာကိုလဲ အင်မတန် စိုးရိမ်တယ်။

တောထဲတောင်ထဲမှာ သွားပုံတော်... မှုမယ် ပြောလို့၊ ဒီမှာပဲ ပြန်တော်မူပါ ဘုရား။ တောထဲတောင်ထဲဆို တပည့် တို့ ဘယ်မှန်းမသိ ငိုပြီး လိုက်...

www.burmeseclassic.com





◆ ၄-၄-၂၀၀၆ နေ့ ပျံတော်မူသည့်နေ့က ရုပ်ကလာပ်

ဝင်္ဘာဆရာတော်ကြီး၏ သင်္ကန်းအထောင် ▶

နေရပါမယ်ဘုရား။ ဒီမှာ ဆိုရင် ငိုပဲ ငိုနေမယ် မရှာရဘူးပေါ့ဘုရားလို့ လျှောက်ထားရတယ်။

မီးသင်္ဂြိုဟ်ရမလား ဘုရားလို့ လျှောက်တော့ "**မီးလောင်ခံမယ်**" လို့ ပြောပါတယ်။ မီးရှို့လို့ မလောင်ဘူးလို့ ပြောတဲ့သဘောပေါ့။

ဆရာ့ ခြေဖမိုးခြေဖဝါးတွေ အရမက်နဲ့ ဆေးဂမုန်းတွေ လိမ်းပေးချင်း ဆရာရဲ့ ခြေဖဝါးကို အဝတ်ဖြူနဲ့ ခြေရာယူမယ်ဆိုပြီး အရန်သင့် လုပ်ထားတယ်။ ပြီးမှ ခြေဖဝါးတော် ယူခွင့်ပြုပါဘုရားလို့ ခွင့်တောင်းတော့ ဆရာက "**မထင်ရ**" တဲ့။

အဆင်သင့်လဲ လုပ်ပြီးနေပြီမို့ ခြေဖဝါးတော်နှစ်ဖက်ကို ပိတ်ဖြူနဲ့ ထပ်လိုက်တော့ ဆရာပြောသလိုပဲ မထင်ပါဘူး။ ဒါပေမယ့် အဲဒီပိတ်စကို ဒီအတိုင်းပဲ အမှတ်တရ သိမ်းထားလိုက်တယ်။

ဆရာ... တပည့်ဒါယကာတွေထဲမှာ ဘယ်သူ့ကို ပိုချစ်လဲဘုရားလို့ မေးဖူးတယ်။ ဆရာက အားလုံးကို ချစ်ပါတယ်။ အားလုံးကို နှင်းမှုန်ကြီး လွှမ်းခြုံထားသလို နတ်ပိဋကအဖြစ်နဲ့ စောင့်ရှောက်နေမယ်လို့ ပြောပြီး လက်နှစ်ဖက်မိုး လွှမ်းခြုံပြတယ်။

'ဆရာ နိဗ္ဗာန်ကို မကူးသေးရ' လို့ မေးလျှောက်တော့...

'နိဗ္ဗာန်ကို ကူးဖို့ ရောက်နေပြီ၊ နောက်ကို ပြန်လှည့်ကြည့်လိုက်တော့ တပည့်တွေ ဆေနေယျတွေရဲ့ ဒုက္ခတွေကို မြင်ပြီး ပြန်ကယ်ဦးမယ်ဆိုပြီး ပြန်လှည့်ခဲ့တာ၊ နတ်ပိဋက အဖြစ်နဲ့ ပြန်ကယ်ဦးမယ်၊ နောင်ပွင့်မယ့် ဘုရားလက်ထက်ကျမှ ပေါ်ဘိကျွံဒေါ်တာ ယူတော့မယ်'

ဒေါ်တင်ဝင်း ပြောပြသည်များကို နားထောင်ရင်း ဝင်္ဘာဆရာတော်ကြီးဦးဥက္ကံသသည် ကျွန်မတို့၏ ဂေါတမမြတ်စွာဘုရား သုမေဓာ ရှင်ရသေ့ဘဝက စိတ်ဓာတ်မျိုးပါလားလို့ ဆရာတော်ကြီးအား ကြည်ညို သဒ္ဓါများ တိုးပွားရပါတော့သည်။

## ဆံတော်မှုန်လေးများမှ ထူးခြားမှု

ဆရာတော် ဆံချသည်နှင့် ဆုံခိုက် ဆံစ သေးသေးမှုန်မှုန်လေးများကို ပုလင်းတွင်ထည့်၍ ကိုးကွယ်ထားသော ဒါယိကာမဒေါ်ကြည်စန်း၏ အိမ်တွင်၊ ဒေါ်တင်ဝင်း၏ အိမ်မှာ ရုပ်ပွားတော် တရားထိုင်နေတဲ့ပုံ ပေါ်လာတယ်။

ဆံတော်တွေ အလုံးဖြစ် ရှည်ထွက်နေပုံကို TVမှာ ပြသထားတာကိုလည်း ဓာတ်ပုံရိုက် မှတ်တမ်းပြုခဲ့ပါသည်။

## ပျံတော်မမူခင်နှင့် ပျံတော်မူပြီး ကိုယ်တော်မှ အလင်းရောင်များထွက်

ပျံတော်မူမယ့်နေ့ ဆရာတော်ကို ကြည့်လိုက်တော့ ဘုရားခန်းရှေ့မှာ တရားထိုင်နေတာ တွေ့လို့ အနောက်က ဓာတ်ပုံကို ဖုန်းနဲ့ရိုက်လိုက်တာ "**နားက အလင်း အဆုတ်လိုက်ကြီး ပေါ်ထွက်လာတာ တွေ့ရတယ်**" ဟု ပြောပြသည်။

ထိုဖုန်းကိုလည်း ဒေါ်တင်ဝင်းက ပြပါသည်။ အများသူငါ ကြည်ညိုနိုင်ရန် TVမှာ ပြသထားပါသည်။

**ပျံတော်မူပြီးနောက် ရုပ်ကလာပ်တော် ရင်ဘတ်တော်မှာ ရောင်ခြည်အလင်း တန်းများ ထိုး ထြောက်ရှန်. တန်းထွက် နေပုံကိုလည်း TV မှာ ပြသထားသည်ကို ဖူးတွေ့ရပါသည်။**


## ဆရာတော်ကြီးကျောင်းမှာရှိနေလျက် ဆွမ်းလောင်းလိုက်ရသူ

တနင်္သာရီမြို့ သာသနာ့ရိပ်သာ



www.burmeseclassic.com

www.burmeseclassic.com



▲ အထုံး ၃ ထုံးပါသော ဝေဘူဆရာတော်ကြီး၏ သင်္ကန်းအဆောင်ကြီး




▲ ဝေဘူဆရာတော်ကြီး၏ ၂၅ လုံး ပဋ္ဌာန်းစေ့ပုတီး

လမ်းရှိ ဆရာတော် အရှင်တေဇဝံသ မဟာစည်သာသနာ့ရိပ်သာ ဆရာတော်ကို သွားကြည့်ညိုရင်း ရဟန္တာဟု ကျော်ကြားသော ပထမဆရာတော် အရှင်သာဂရ တရားအားထုတ်ခဲ့သော ဂူလေးနှင့် တစ်ပါးကျောင်းလေးကို ကြည့်ညိုနိုင်ရန် လိုက်ပို့ပေးပါသည်။

တစ်ပါးကျောင်းလေး၏ အနောက်မှာ ဂူဝရှိပါသည်။ ဂူ၏ အတွင်းပုံသဏ္ဍာန်မှာ...

***




ဖန်တီးတည်ဆောက်ထားသော ဂူလေးဖြစ်ပြီး ကျောင်းကြီးနှင့် အလွန်အလှမ်းဝေးပါသည်။

တစ်ပါးကျောင်းလေးထဲ လှည့်ပတ်ကြည့်ညိုတော့ ခြများတက်၍ ပျက်တော့မည့် သဏ္ဍာန်ရှိသော်လည်း အမျိုးမှန် အဖိုးတန်သစ်များနှင့် ဆောက်လုပ်ထားသဖြင့် နှမြောစရာတော့ အလွန်ကောင်းပါသည်။ တံခါးချပ်တစ်ခုတည်းကို ဖွင့်ပိတ်ကြည့်မိတော့...

မရဏံမေ ဓုဝံ
ဇီဝိတံမေ အဓုဝံ
ပေါ်တိုင်းရှုမှတ်နေ
အမှုမှုများ
စကားသိမ်းဆည်း
အစားမကြီး
တစ်ယောက်တည်းနေ
အိပ်နေနိုးကြား
စောင့်စည်းကျင့်ကြံ

မှတ်သားစရာ **ဆရာတော်ကြီးအရှင်သာဂရ၏** စာများကို ကူးခဲ့၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူများလည်း သိစေခြင်းငှာ ကုသိုလ်ပွားရပါသည်။ **"နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် နှစ်မြို့ရွှေရိုရေးသော တနသာ်ရီမြို့မှ ထူးခြားဆန်းကြယ်သော သာသနာ့ရိပ်သာ ပထမဆရာတော်ကြီးအရှင်သာဂရ"**၏ ကျောင်းကို သွားရောက် ကြည့်ညိုခြင်းဖြစ်ပါသည်။

လက်ရှိဆရာတော် အရှင်သာဂရ၏ တပည့်ရင်း ဦးတေဇဝံသက မိန့်ကြားသည်မှာ...

'ဆရာတော်အရှင်သာဂရရဲ့ တတ်ပုံကို သေသေချာချာ ကိုးကွယ်ထား တန်ခိုးကြီးတယ်'

ဟု မိန့်ကြားပါသည်။

အောက်ကျောင်းလေးကို ရောက်တော့ ဘုရားစင်ရှေ့မှာ ငါးအလုကန်ကဲ့သို့ မှန်ရောင်လေးထဲ ရဟန္တာအရှင်မြတ်ကြွသောပုံ ဖြစ်ပေါ်သည်ကို ကြည်ညိုခဲ့ရပါသည်။

အဲဒီကျောင်းမှာပဲ အစ်မဒေါ်ကြွယ်နှင့် တွေ့ဆုံစကားပြောရင်း ဝေဘူဆရာတော်ကြီး၏ ကိုယ်ခွဲ ချာန်အဆင့် အကျင့်တရားများကို သိခွင့်ရခဲ့ပါသည်။

အစ်မဒေါ်ကြွယ်သည် သူ့အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com

က ဝက်ဘာဆရာတော်ကြီး ကျောင်းမှာ ဦးပဥ္စင်းဝတ်နေကြောင်း၊ ဆရာတော်ကြီး၏ ဂမုန်းပန်းပေါင်း ဆေးများ ဖော်စပ်ရာ ကူညီလုပ်ကိုင်ပေးရကြောင်း ပြောပြပါသည်။

'ဒီဝက်ဘာတောင်က ဂမုန်းပင် ဆေးပင် အစုံ ရှိတယ်လေ။ ပန်းတွေလဲ အစုံပွင့်တော့ ဂမုန်းပေါင်း(၁၀၀၀)၊ ပန်းပေါင်း(၁၀၀၀)ဆေး အခုတော့ စက်နဲ့ ကြိတ်တယ်၊ အားလုံး အခြောက်လှန်းပြီး အိတ်(၄၀)ရရင် တစ်ခါ ကြိတ်တယ်'

'ဘာပန်းတွေထည့်လဲ အစ်မ'

'လေးကျွန်းစကြာ၊ ခေါင်ရန်းပန်း၊ ဒီတောက်ပန်း၊ ခရေပန်း၊ တောင်လုံး ကျော် ကြာပွင့်ဆန်၊ နနွင်း အများကြီး

**သစ္စာပန်းနဲ့ ကလပ်စကြာ (စကြာ ခ်အမြှုလေးများ) မထည့်ရဘူးလို့** ဆရာတော်က မှာထားတယ်။

ဝက်ဘာဆရာတော်ကြီးရဲ့ ဂမုန်း ပေါင်းပန်းပေါင်းဆေးလုံးကို သုံးစွဲ ဆောင်ထားမယ်ဆိုရင်...

'ဝက်ဘာဆရာတော်ကြီးရဲ့ မေတ္တာကို ခံယူပါတယ်ဘုရား ရောဂါတွေပျောက်ပါစေ' လို့ ဆုတောင်းပြီး စားသုံးဆောင် ထားရတယ်ဟု ပြောပြပါသည်။

'ဆရာတော်ကြီးရဲ့ သင်္ကန်းတော်ကို ဆောင်ထားရင် အန္တရာယ်ကင်းတယ်။ ဆိုင်ကယ်,ကားတွေမှာ ဆောင်ထား ချည်ထားကြတယ်။

အဲဒီသင်္ကန်း ဆောင်ထားတဲ့အိမ် မီးမလောင်ဘူး။ မြို့တ်မှာ မီးအကြီး အကျယ်လောင်တုန်းက ဆရာတော် ကြီးသင်္ကန်းဆောင်ထားတဲ့အိမ်ကို မီး မလောင်ဘူး၊ မီးကွင်းသွားတယ်။

နောက်ပြီး တနင်္သာရီက ရွှေလိပ်ပြာ မှာရှိတဲ့ မချိုငယ်ဆီ ဝက်ဘာ ဆရာ တော်ကြီး ဆွမ်းခံကြွလို့ ဒူးရင်းသီး ဘျလိုက်သတဲ့။ ရွှေလိပ်ပြာကလဲ ညီနည်းဝေးတယ်။



▲ လက်ရှိ ကျောင်းထိုင်ဆရာတော်အား [illegible] စာရေးသူအား ပုတီး ဆေး သင်္ကန်းများ [illegible] လှူပါသည်

▼ ဝက်ဘာဆရာတော်ကြီးအား [illegible] အကြောင်း [illegible] များ ပြောပြနေသော ဒေါ်တင်ဝင်းနှင့် စာရေးသူ



မချိုငယ်ကလဲ မိုင်းထိထားတဲ့သူ ဆရာတော်ကြီးကလဲ ဘယ်မှမသွား မကြွဘူး၊ ဝက်ဘာတောင်မှာပဲ ရှိနေ တယ်။

အားလုံး ငြင်းခုံပြောစမှတ် ဖြစ်ကြ တယ်။ နောက်ဆုံးတော့ မချိုငယ်ကို အလှူမြောက်အောင် ဝက်ဘာ ဆရာ တော်ကြီး သွားချီးမြှောက်တာ ဈာန် တန်ခိုးနဲ့ပေါ့'

ဝက်ဘာဆရာတော်ကြီး၏ သက်ရှိ ထင်ရှားရှိစဉ် ပဋ္ဌာန်းရွတ်ပွား သရဏဂုံ တည်ထားသော သင်္ကန်းစများက ကုန် သလောက်ရှိသွားပြီဖြစ်သည်မို့ လက်ရှိ ကျောင်းထိုင် ဆရာတော်ကလည်း နည်းနည်း စွန့်လှူသည်။

တည်းခိုသောအိမ်မှ ကိုသန်းစိုးဝင်း နှင့် ဒေါ်စန်းစန်းမြင့်တို့ အိမ်ဆီမှလည်း တစ်ခုရသဖြင့် ကျေးဇူးတင်ရပါသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ခင်ခင်ဝင်း(မောရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာမဟာဒွိ ဆရာဦးသန်းမြင့်
(တိုင်းရင်းဆေး)

# ဥစ္စာပျောက် ဆန်မန်း

မြန်မာ့ ဂမ္ဘီရပညာရပ်များသည် ထူးလည်း ထူးပါ၏၊ ဆန်းလည်း ဆန်းပါ၏၊ အံ့သြဖွယ်လည်း ကောင်းလှပါ၏။ သို့သော် ထိုပညာရပ်များသည် သူ့အကြောင်း အားလျော်စွာ တိုက်ဆိုင်လာမှသာလျှင် အသုံးပြုသော ပညာရပ်များ ဖြစ်ပါသည်။

ဒူးဆစ်ကြီး ရောင်ရမ်းပြီး နာကျင်ကိုက်ခဲကာ ထိုင်ရအခက် ထရအခက် ခံစားနေရသောသူတစ်ဦးမှာ ဆေးခန်းများတွင် ဓာတ်မှန်ရိုက် ဆေးထိုးဆေးသောက်နှင့် ကုသသော်လည်း မပျောက်ပါ။

မြန်မာ့စုတ်ထိုး ဆေးလိမ်းများနှင့် ကုသ၍လည်း မပျောက်ပါ။ ပျောက်ပြန်တော့လည်း မြေကိုင် ဆီမန်းလိမ်းရုံမျှနှင့်ပင် နှစ်ရက်,သုံးရက်အတွင်း ပကတိ ပျောက်ကင်းသွားသည်ကို မြင်ဖူး,တွေ့ဖူးပါသည်။

ယခု စာရေးသူ တင်ပြမည့် ဥစ္စာပျောက် ဆန်မန်းမှာလည်း ထူးဆန်းအံ့သြဖွယ်ကောင်းသော ဂမ္ဘီရပညာရပ်အနေဖြင့် တိမ်မြုပ်ပျောက်ကွယ်မသွားစေရန် ထုတ်ဖော် တင်ပြရခြင်းဖြစ်ပါသည်။

အချိန်အားဖြင့် နှစ်ပေါင်း (၃၀) ကျော်၊ (၃၅)နှစ်ခန့် ရှိခဲ့ပါပြီ၊ စာရေးသူသည် ပြင်ဦးလွင်မြို့ရှိ ဆင်ဖြူကံကျောင်းတွင် အဂ္ဂိရှတ်ထိုးနေစဉ်က ဖြစ်ပါသည်။

စာရေးသူသည် ရွှေနှင့်စပ်ပြီး အလေးချိန် ငါးပဲသားရှိ ဓာတ်သားကို အပျော့အပျဉ်း သိလို၍ ပေတုံးပေါ်တွင် တင်ပြီး တူနှင့် ထုကြည့်ရာ ၃,၄ချက်ခန့်တွင် လွင့်စဉ်သွားပါတော့သည်။

အဂ္ဂိရှတ်ဖိုရုံကို သွပ်ပြားဖြင့် ကာထား၍ ဓာတ်သားထိမှန်သော အသံကို ကြားလိုက်ရပါသည်။

စာရေးသူလည်း ထိုနေရာ တစ်ဝိုက်တွင် ရှာကြည့်ရာ မတွေ့ရပါ။ ထိုအချိန်ကျောင်းပေါ်မှ ဦးတေဇောဘာသ (မွှာစရိယ)နှင့် ရန်ကုန်ဦးဝေပုလ္လတို့ နှစ်ပါးပါ ကြွရောက်လာပြီး စာရေးသူနှင့်အတူ ဓာတ်သားကို ရှာကြပါသည်။ ရှာမတွေ့ပါ။

အဂ္ဂိရှတ်ဖိုရုံအနီးတွင်လည်း ထင်းများ ပုံထားသည်မှာ ရင်ခေါင်ခန့်ရှိပါသည်။ ထိုထင်းပုံကိုလည်း ကိုရင်နှင့်ကျောင်းသားများ အကူအညီဖြင့်

www.burmeseclassic.com

ယ်ရှားစေပြီး ရှာကြပြန်သည်။ ခါတ်သားကား ရှာမတွေ့သေးပါ။

ထိုသို့ ဓာတ်သားကို ရှာဖွေနေစဉ်မှာပင် ဘောရုံကျောင်းမှ ရွှေဒေါင်း ဆရာတော် ဦးတိလောက ကြွရောက်လာပါသည်။ ဆရာတော်မှ...

'ကိုယ်တော်တို့ ဘာပျောက်လို့ ကြီးမဲကြီး ရှာနေတာလဲ'

ဟု မေး၍ ဦးတေဇောဘာသမှ...

'ဒီဆရာရဲ့ ရွှေနဲ့စပ်ထားတဲ့ ဓာတ်သားကို တူနဲ့ ထုနေတုန်း လွင့်စဉ်သွားလို့ ဝိုင်းရှာပေးတာ၊ ရှာမတွေ့သေးပါဘူးဘုရား'

ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်မှ...

'ရွှေနဲ့စပ်ပြီးသားဆိုတော့ ဘယ်လောက်သားလဲဗျ'

ဟု မေးရာ စာရေးသူမှ...

'ငါးပဲသားရှိပါတယ် ဘုရား'

ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်မှ...

'ရှာနေကြတာ ကြာပြီနဲ့တူတယ် သူတွေလဲ မောနေကြပြီ'

ဟု ပြော၍ ဦးတေဇောဘာသမှ...


'မောဆို ဒီနားက ထင်းပုံကြီးတောင် ဖိုက်ပျောတောဘက် ရောက်သွားပြီ၊ ခါတောင် ရှာမတွေ့သေးဘူးဘုရား'

ဟု လျှောက်ထားလိုက်သည်။

ဆရာတော်မှ...

'အေးအေးဆေးဆေးပေါ့ တွေ့ရမှာပါ၊ မောလဲမောနေကြပြီ၊ ကဲ... လာကြ ကျောင်းပေါ်တက်ကြစို့'

ဟု ကျောင်းပေါ်ခေါ်သွား၍ ဦးတေဇောဘာသ၊ ဦးဝေပုလ္လတို့နှင့်အတူ စာရေးသူပါ လိုက်ပါသွားပါသည်။



ကျောင်းပေါ်သို့ရောက်သော် ရေနွေးနှင့် ကြံသကာဘုဉ်းပေးပြီး ခဏနားနေကြပါသည်။

ထိုအချိန် ဆရာတော်မှ...

'သိမ်ဝင် ဆန်ရှိသလား'

ဟု မေးရာ ဦးတေဇောဘာသမှ **"ရှိပါကြောင်း"** လျှောက်ထားပြီး လက်ဖက်ရည်အောက်ခံ ပန်းကန်ပြားဖြင့် တစ်ပန်းကန် ယူလာပြီး ဆရာတော်ကို ပေးလိုက်ပါသည်။

ဆရာတော်မှ ဆန်ကို သုံးပုံ ပုံပြီး ပထမအပုံကို နနွင်းဆိုးပြီး **"ဆန်ဝါ"** ဟု သတ်မှတ်ပါသည်။

ဒုတိယဆန်ကို နနွင်းနှင့် ထုံး အနည်းငယ် ရောစပ်ဆိုးပြီး **"ဆန်နီ"** ဟု သတ်မှတ်ပါသည်။

တတိယဆန်ကို ပကတိအတိုင်းထားပြီး **"ဆန်စိမ်း"**ဟု သတ်မှတ်ပါသည်။ ထိုကဲ့သို့ သတ်မှတ်ထားသော **"ဆန်ဝါ၊ ဆန်နီ၊ ပကတိဆန်စိမ်း"** တို့ကို အားလုံးရောစပ်ပြီး ဂါထာစုတ်ပါသည်။

**ဂါထာမှာ...**

'ဉုံ အယံ ဘိက္ခုံ အနာဂတံ သဗ္ဗအာပတ္တိ ယော အာရောစေ ယာမိ'

*[(၃၇)ခုပ်]*

**(မှတ်ချက်)...လောကီပညာ ဖြစ်၍ ဉုံကို ရှေ့မှ ခံရပါမည်။**

ဤကဲ့သို့ ဆန်ဝါ၊ ဆန်နီ၊ ဆန်းစိမ်းတို့ကို ဂါထာစုတ်ပြီး စာရေးသူအား...

'ကဲ...ဆရာ၊ ဆရာ့ပစ္စည်း ပျောက်တဲ့နေရာမှာ ဒီဆန်မန်းကို ဆရာကိုယ်တိုင်သွားကြဲပေတော့၊ ကြဲပြီး ဆရာပြန်လာခဲ့ပေါ့'

ဟု ဆရာတော် မိန့်ကြားသောကြောင့် စာရေးသူလည်း ဆန်ပန်းကန်ကိုကိုင်ပြီး ကျောင်းပေါ်မှဆင်းကာ အဂ္ဂိရတ်ဖိုရုံ အတွင်းအပြင် ကြဲပါတော့သည်။ ပက်ကြဲပြီး ကျောင်းပေါ်သို့ ပြန်တက်ကာ ခေတ္တခဏ ရေနွေးသောက်နေပါသည်။

ခဏအကြာ ရွှေဒေါင်းဆရာတော်မှ...

'ကဲ...လာကြဗျာ ဆရာ့ပစ္စည်း သွားရှာကြရအောင်'

ဟု ခေါ်ပြီး အဂ္ဂိရတ်ဖိုရုံအတွင်း ရှာဖွေကြပါသည်။ ဆရာတော် ဦးတေဇောမှ ...

'ဟာ...ဒီမှာ တွေ့ပြီ...တွေ့ပြီ'

ဟု ပြော၍ အားလုံးသွားကြည့်ရာ အဂ္ဂိရတ်ဖိုရုံအပြင် သွပ်ပြားအကာဘေးတွင် ဆန်စေ့များ စုပုံနေသောနေရာတွင် တွေ့ရှိရပါသည်။

**ဥစ္စာပျောက်သော နေရာတွင် ဆန်များ စုပုံနေတတ်ကြောင်း ရွှေဒေါင်း ဆရာတော်မှ မိန့်ကြားပါသည်။**

ထို့ကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များ ပညာဗဟုသုတဖြစ်စေရန်အတွက် ရွှေဒေါင်းဆရာတော်၏ ဥစ္စာပျောက် ဆန်မန်းဂမ္ဘီရနည်းပညာကို ဆရာတော်၏ မူရင်းအတိုင်း ရေးသားလိုက်ပါသည်။

***ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။***

ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်
*(တိုင်းရင်းဆေး)*

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေး ပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့် ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာ လား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်း မှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက် ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံ မက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်း ကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း တစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေး က ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်း ကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ


ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈/၃၅၆၊ မေတ္တာဝိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁၈၈၆၁၂


မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com



● ခဲတော်ရွာ၏ အနောက်ဘက် သံလမ်းဘေး ကုန်းမြင့်ပေါ်တွင် ကမ္ဗလိပ်ဆရာတော်ကြီး ဖေမဲကောင်ဖြစ်စဉ် ဘုရားတည်ရန် အထက်ပုဂ္ဂိုလ်များ၏ တိုက်တွန်းမှုကြောင့် တည်ဖြစ်သော "ကျွှမ်းအလင်း ဝေညာဉ်ထင်သွား" စေတီတော် ဖြစ်ပါသည်



▲ မဲဟင်းရွာ ဘုန်းတော်ကြီးကျောင်း အတွင်း ကမ္ဗလိပ်ဆရာတော်ကြီး၏ ကုသိုလ်ဖြစ် စေတီရံတန်ဆောင်ဖြစ်သည်

ကာလ သင်္ချိုင်း

တသာမြို့

# ဘုရားငါးဆူ ပေါ်တော်မူပြီးနောက်

ဖြစ်ရပ်ဆန်းများ (၂)

**ထင်လမှ အဆက်**

ကမ္ဗလိပ်ဆရာတော်ကြီးက ပြောပြီး သွားသောအခါ စာရေးသူတို့သည် သီကျောင်းပေါ်မှဆင်းပြီး ကမ်းပါး အောက်အောက်သို့ သွား၍ နဂါးတွင်းရှိ သော နေရာသို့ ငုံ့ကြည့်ကြပါသည်။

ဆရာတော်လည်း အောက်ဆင်း လိုက်လာပြီး နဂါးတွင်းနေရာကို လက်ညှိုးဖြင့် ညွှန်ပြပါသည်။


ထို့နောက် စာရေးသူတို့ ပြန်တော့ မည်ဟု ဆရာတော်အား လျှောက် ထားပြီး ပြန်ခဲ့ကြပါသည်။ မဖြတ်ဘဲ ကျန်ရှိနေသော သစ်ဓေးတုံးကို ဓာတ်ပုံ ရိုက်ခဲ့ပါသည်။


ထို့နောက် သမီးနှင့်မြေးတို့ကို ပြန်ခိုင်းလိုက်ပြီး မဲဟင်းရွာသို့ သွားကြ ရန် ဦးသာဒွေးအား ပြောပြပါသည်။ ဘာဖြစ်လို့လဲဆိုတော့ မဲဟင်းရွာ အနောက်ဘက် သံလမ်းဘေးတွင် ဘုရားတည်ပြီးမှ ယခု ပေါ်တော်မူ ဘုရားငါးဆူကို တည်သည်ဖြစ်၍ ထို ဘုရား တည်ဖြစ်သည်မှာလည်း အကြောင်းပေါ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မဲဟင်းရွာအနောက်ဘက် သံလမ်းဘေး ကုန်းမြင့်ပေါ်ရှိ စေတီတော်အိုကြီးတွင်

အလယ်ပေါ်တော်ကြီး၏ ထီးတော်တွင်

ရောင်ခြည်တော် ကွန်မြူးစဉ် နဂါးလိုလို အမြှီးတန်းကို တွေ့ရသည်

ထိုအကြောင်းကို ဦးသာဒွေး ပြော ထားပြီး၍ သိပြီးဖြစ်သဖြင့် ဘုရားငါးဆူ တည်ဖြစ်သွားသည်နှင့် ဆက်နွယ် လျက်ရှိနေသောကြောင့် သွားပြီးဖူးလို သည်ကတစ်ကြောင်း၊ မဲဟင်းရွာမှ လူကြီးများနှင့် တွေ့ရ၍ အပြည့်အစုံ သိရမည်ဖြစ်သည်က တစ်ကြောင်း ကြောင့် သွားလိုခြင်း ဖြစ်ပါသည်။

စာရေးသူတို့သည် ကသာသို့ တန်းတန်းမတ်မတ် မပြန်သေးဘဲ မဲဟင်းရွာရှိရာသို့ ချိုးကွေ့၍ ဝင်ခဲ့ပြီး ဘုန်းကြီးကျောင်းသို့ သွားကြပါသည်။

မနက်ဖြန်(တန်ခူးလကွယ်)နေ့တွင် အလှူရှိ၍ ချက်ပြုတ်နေကြပါသည်။ ထိုရွာက ကပ္ပိယကြီး ပြောသည်မှာ လည်း ဦးသာဒွေး ပြောပြထားသည် နှင့် အတူတူ ဖြစ်ပါသည်။

ကပ္ပလိပ် ဆရာတော်ကြီးသည် လွန်ခဲ့သော လေးနှစ်ကျော် ငါးနှစ်ခန့် က အကြီးအကျယ် ဖျားနာခဲ့ပါသည်။ ထိုစဉ်က ကသာတစ်မြို့လုံး ကပ္ပလိပ် ဆရာတော် ပျံလွန်တော်မူသွားပြီဟူ၍ ဟိုးလေးတကျော် ဖြစ်ခဲ့ပါသည်။

အမှန်မှာ ဆရာတော်ကြီး မေ့မြော သွားသည်မှာ တစ်ရက်နှင့်တစ်ည ကြာပါသည်။ သတိပြန်လည်လာ သောအခါ...

'ငါ့ကို ဘုရားတည်ဖို့ လာပြောနေကြပြန်ပြီ။ မဲဟင်းရွာအနောက်ဘက် သံလမ်းဘေးက ကုန်းကမူပေါ်မှာရှိတဲ့ နေရာမှာ တည်ရမှာ အမြန်တည်ကြပါ'

ဟု မိန့်တော်မူပါသည်။

ထိုဘုရားပေါင်းရှိသော နေရာကို တွေ့ရသည်မှာလည်း တစ်မျိုးတော့ ဆန်းပါသည်။ သံလမ်းဖောက်ရန် အတွက် လမ်းအူကြောင်းကို မြေညှိ စက်ကြီးများဖြင့် ရှာကြရာ မဲဟင်းရွာ အနောက်ဘက်တွင်ရှိသော တောင် ကမူကြောအတိုင်း လမ်းထွင်ခဲ့ပါ သည်။

ယခု တည်ထားသော စေတီနား ပေ အစိတ် နှစ်ဆယ်အကွာ ရောက် တော့ မြေညှိစက်လည်း ရပ်သွားပါ သည်။ စက်နှိုး၍ မရတော့ပါ။

မောင်းသူက ထူးသည်ဆိုပြီး ရှေ့နား တိုးသွား၍ မြေပြင်တစ်ကြောကို ကြည့် ရာ ရှေးဟောင်းအုတ်ချပ်များ ခင်းထား သည်ကို တွေ့ရသည်။

ထို့နောက် ချုံပုတ်လိုလိုတွေ၌ ရှင်းလင်းရာ အုတ်ပုံကို တွေ့ရသည်။ ရှေးဘုရားဟောင်းတစ်ဆူဟု သိရပြီး လမ်းအင်ဂျင်နီယာကို ပြောပြီး လမ်းလွှဲ ကာ တောင်ကမူအောက် မြေညှိပြန် အတိုင်း လမ်းကြောင်းရှာရပါသည်။

ထိုအကြောင်းကို မဲဟင်းရွာသား များလည်း သိကြပြီး ကပ္ပလိပ်ဆရာ တော်လည်း သိထားပြီး ဖြစ်သည်။ သို့သော် ထိုနေရာတွင် ဘုရားတည်ရန် ရည်ရွယ်ချက် မရှိခဲ့ပါ။ ယခု ပျံလွန် တော်မူသည်ဟု ကျော်သွားပြီး မေ့မြောခဲ့ရာမှ ပြန်သတိရလာသော အခါမှ မိန့်တော်မူခြင်းဖြစ်သည်။

ယခုရက်အတွင်း အမြန်တည်ကြဖို့ လည်း နှစ်ကြိမ်,သုံးကြိမ်ခန့် မိန့်သဖြင့် ဆရာတော်ထံပါး ရောက်နေသော ဆရာတော်၏တပည့် မဲဟင်းဆရာ တော်သည် ရွာသို့ ပြန်ကြွပြီး ကျောင်း တွင်းရှိ အုတ်,ဘိလပ်မြေ,ထုံး,သဲတို့ကို သယ်စေပြီး ရွာရှိ ကပ္ပိယကြီးများကို ခိုင်းရပါတော့သည်။

ထိုသို့ ဘုရားတည်နေစဉ် သုံးရက် မြောက်တွင် ဆရာတော်သည် ပြန်






www.burmeseclassic.com

www.burmeseclassic.com





▲ မဲဟင်းရွာစေတီကြီးအနီးတွင်ရှိသော ကျောက်ချပ်ကြီးတွင်ရှိသော စာများ

◀ မဲဟင်းရွာစေတီကြီးအနီးတွင် ယနေ့တိုင် ရှိနေသော ကျောက်ချပ်ကြီး

ည်ထုထောင်လာခဲ့သည်မှာ ယနေ့ ချိန်ထိ ဖျားခြင်း,နာခြင်း အလျှင်း နိုတော့ပါ။

ထိုစေတီတော်၏ ဘွဲ့တော်ကိုလည်း ဆရာတော်တို့က"**ကာသုတ်ကာယက်**" ဘုရားဟု အမည်ပေးထားသည်ဟု ချက် ပြောပြပါသည်။

"ဘာဖြစ်လို့လဲ"ဟု ဆိုတော့ "အမြန်ဆုံးပြီးအောင် တည်ရလို့"ဟု ပြောပါသည်။

စာရေးသူတို့လည်း မဲဟင်းရွာ အနောက်တွင်ရှိ သံလမ်းဘေး ကုန်း ပေါ်တည်ထားသော ဘုရားစေတီသို့ သွားကြည့်ကြပါသည်။ သံလမ်းဘေး ကုန်းပေါ်တွင် "**ကမ္ဘာ့မင်းအပေါင်း ညောင်းဝပ်တွား ဒုတိယစေတီ တော် တည်နေသည်**" ဟူသော ဆိုင်းဘုတ်ကို တွေ့ရပါသည်။

ထို့နောက် ကုန်းပေါ်သို့ တက်သွား ရာ စေတီတစ်ဆူကို တွေ့ရပါသည်။ ကမ္ဘာ့မင်းအပေါင်း ညောင်းဝပ်တွား စေတီတော်အား ဦးချရှိခိုးပြီး စာရေးသူ တို့လည်း ပြန်ခဲ့ကြပါသည်။

ထို့နောက် မဲဟင်းရွာကျောင်းရှိ ကပ္ပလိပ်ဆရာတော်ကြီး အပါအဝင် ဦးဆောင်ပြု၍ အသစ်ပြန်လည်တည် ထားသော စေတီကြီးကိုလည်းကောင်း၊ ဆရာတော်ကြီးကိုယ်တိုင် အကုန် အကျခံ၍ တည်ထားသော စေတီရဲ့ တစ်ဆူနှင့် အခြားစေတီရံ (၃)ဆူကို လည်းကောင်း ဖူးတွေ့ခဲ့ရပါသည်။

စေတီကြီး၏ရင်ပြင်တွင် ကပ်လျက် စိုက်ထားသော ကျောက်စာတိုင်ကို တွေ့၍ ဖတ်ကြည့်ရာ စာများမှာ ဖတ် ၍မရတော့။ ထင်ရှားသော စာကြောင်း (၂)ကြောင်းကို ဖတ်ရသဖြင့် အလွန် အံ့ဩရပါသည်။

ထိုကျောက်စာချပ်တွင် ၁၂၂၅ ခုနှစ် ဟူ၍လည်းကောင်း၊ ဗိုလ်မင်းအပေါင်း ဟူ၍လည်းကောင်း တွေ့ရပါသည်။ ထို့ကြောင့် နှစ်ပေါင်း(၁၅၃)နှစ် ရှိပြီဖြစ် သော ကျောက်စာချပ်ကြီးကို မှတ် တမ်းယူခဲ့ပါသည်။

စာများကို စာလုံးများအတိုင်း သံချွန်ဆွဲ၍ဖော်လျှင် ဖတ်နိုင်မည် ဖြစ်ပါသည်။ မဲဟင်းဘုန်းကြီးကျောင်း သည် လမ်းဘေး တစ်ဖက် ကုန်းမြင့် တန်းလေးပေါ်တွင် ရှိသဖြင့် **မင်းတက် လှေကား,မင်းဆင်းလှေကား** ဟူ၍ အစွဲပြု ခေါ်နေကြသော နေရာ(၂)ခု ကိုလည်း တွေ့ရပါသည်။

မေးကြည့်ရာ ယခုရွာ၏ အထက် နားတွင် "**မင်းလယ်ရွာ**"ဟူ၍ ရှိကြောင်း၊ ယင်းရွာမှာ မင်းတစ်ပါး တောလည်လာသည်ကို အစွဲပြု၍ အမည်တွင်ခဲ့ကြောင်းဖြစ်၍ ထိုတော လည်လာသော မင်းက ယခု မဲဟင်း ရွာရှိ ဘုရားများ တက်ဖူးခဲ့သည်ကို အစွဲပြု၍ ပြောစမှတ် ရှိခဲ့ကြောင်းသာ ဖြစ်ပါသည်။ တိတိကျကျ မသိခဲ့ရပါ။

မက်လင်ချောင်မှ ရဟန္တာဟု အများ ကြည်ညိုခဲ့ကြပြီး မြွေကြီး(၂)ကောင် (နဂါးဟု ယူဆသော)ပတ်ခွေ၍ ပါးပျဉ်း နှင့် အုပ်မိုးထားသည်ကို ပန်းချီဆွဲ ထားသော ပုံတော်ကို မတွေ့ရပါ။

ယခင် စေတီကြီး၏ သစ်သားဇရပ် ဆောင်လည်း မရှိတော့ဘဲ အုတ်တိုက် ဆောင်အသစ် ဖြစ်နေပါသည်။ ရဟန္တာဆရာတော်ကြီး၏ ပန်းချီပုံ



www.burmeseclassic.com

www.burmeseclassic.com





◆ ယာယီကျောင်းထဲတွင် ကမ္ဘာ့လီဆရာတော်ကြီးနှင့် ရဟန်းတော်များ ဆွမ်းဘုဉ်းပေးနေစဉ်

၁၃၇၀ ခုနှစ် တန်ခူးလပြည့်ကျော် (၁၄)ရက်နေ့က မှန်ဘုရားကို ပထမအကြိမ် ဌာပနာပိတ်ရန် လှူဒါန်းထားသည်များကို ကြည့်နေသော ကမ္ဘာ့လီဆရာတော်ကြီးနှင့် အနားတွင် ထိုင်နေသော မျက်မှန်နှင့် ကိုယ်တော်မှာ မက်လင်ချောင်ဆရာတော်ဖြစ်သည် ◆

ရှိ၊မရှိကို မဲဟင်းဆရာတော်အား လျှောက်ထားကြည့်ရာ ယခင်ကျောင်းထိုင်ဆရာတော်ကြီး လက်ထက်က ဖြစ်လိမ့်မည်။ စေတီကြီးလည်း ပြိုပျက်၍ သစ်သားရုပ်ကြီးလည်း မိုးဒဏ်၊ လေဒဏ်တို့ကြောင့် ပျက်စီးသွားပြီ ဖြစ်၍ ဘာမှ မရှိတော့ကြောင်း မိန့်ခဲ့ပါသည်။

မဲဟင်းရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း ယခင်က စေတီပေါင်း(၁၀)ဆူ ရှိခဲ့သည်။ အရှေ့မြောက်တွင် ရေကန်ကြီးရှိသည်။

စေတီများကို စုပေါင်း၍ အသစ်ပြန်လည်တည်ထားသလို ရေကန်ကိုလည်း ပြန်ရှင်းထား၍ ကြည်လင်သန့်ရှင်းနေပါသည်။

ဦးသာဒွေးနှင့် စာရေးသူတို့လည်း မဲဟင်းရွာမှနေ ကသာသို့ ပြန်ခဲ့ကြပါသည်။

* * *

စာရေးသူတို့ရောက်ပြီး နောက်နေ့ (တန်ခူးလကွယ်နေ့)တွင် မှန်ဘုရားကို ဌာပနာ သွင်းပါသည်။ ပထမအကြိမ် သွင်းခြင်းဟု သိရပါသည်။ ဒုတိယ အရစ်တွင် ဒုတိယအကြိမ် သွင်းဦးမည်ဟု သိရပါသည်။ ယုံကြည်သဒ္ဓါရှိသည့်အတိုင်း ရွှေ၊ငွေ၊ ကျောက်များ ထည့်လှူကြပါသည်။

ထိုနေ့ ညနေ(၅)နာရီခန့်(လူစဲသွားချိန်)တွင် အမည်မဖော်လိုသော နတ်ဝင်သည် မိန်းမတစ်ဦး နတ်ဝင်ပူးပါသည်။ ဘုရားကို ကန်တော့ရန် လာကြောင်းပြောပြီး ကန်တော့သွားပါသည်။

သို့သော် နောက်(၂)ရက်ကြာပြီး နောက် အခြားမိန်းမတစ်ဦးက ည(၇) နာရီခန့်တွင် ဝင်ပူးပြန်ပါသည်။ နဂါးပြည်မှ လာကြောင်းပြောပါသည်။

ဘုရားငါးဆူ၏တောင်ဘက် ဝါးတစ်ရိုက်ခန့် (၁၈)ပေခန့်အကွာတွင် ကျောက်ခဲတစ်လုံးကို ချ၍ ထိုနေရာတွင် တူးပါ။ ရုပ်ပွားတော်တစ်ဆူ တွေ့လိမ့်မည်။ ထိုနေရာတွင် နဂါးရုံဘုရား တည်ပါဟုလည်း ပြောသွားသည်။

ထို့ကြောင့် ထိုကျောက်ခဲ ချထား... သောနေရာတွင် တူးကြရာ တစ်တောင် ကျော်လောက် အနက်တွင် ဆင်း... ရုပ်ပွားတော်တစ်ဆူကို အမှန်တွေ့ကြ... ရပါသည်။

ထိုနေရာကို ယာယီကျောင်းဆောင် ငယ်လေးဆောက်၍ မှန်သေတ္တာတွင် ထည့်၍ ပူဇော်ထားပါသည်။

ဤအကြောင်းကို ဦးသာဒွေးကိုယ်တိုင် ပြောပြပြီး ဘုရားငါးဆူသို့သွားပြီး လိုအပ်သော အချက်အလက်များ ရလိုရငြား သွားကြရန် နှစ်ဦးသဘောတူ... သွားကြပြန်ပါသည်။

ယခုအကြိမ် သွားသည်မှာ ဘုရား ငါးဆူသို့ တိုက်ရိုက်မသွားဘဲ မက်လင် ချောင်ဘုန်းကြီးကျောင်းနှင့် ယခင် ရဟန္တာဆရာတော်ကြီး သီတင်းသုံး... သော ကျောင်းဟောင်းနေရာ ... မည်။

ထို မက်လင်ချောင်ဘက်က... ဘုရားငါးဆူရှိရာသို့ ချောင်းဖြတ်ပြီး သွားကြမည်မှာ တိုင်ပင်ထားကြသည်

www.burmeseclassic.com

www.burmeseclassic.com





◆ ယာယီကျောင်း၏ မျက်နှာစာဘက် ကမ်းပါးအောက်၏ အောက်တွင် တွေ့ရသော နဂါးတွင်းတစ်ခု

◆ ပေါ်တော်မူဘုရားငါးဆူ အနီး ပါတော်ရိုက်အကျွာ နတ်ဝင်သည်တစ်ဦး၏ ပြောပြချက်အရ တူးဖော်ရရှိသော ရှေးဟောင်းရုပ်ပွားတော်တစ်ဆူဖြစ်သည်။ ထိုနေရာတွင် နဂါးရုံဘုရားတည်ပါမည်

အတိုင်း မက်လင်ချောင်ဘုန်းကြီးကျောင်းကို အရင်ဝင်ပါသည်။

**ဘုရားငါးဆူကို နဂါးများက ရှေ့က၊ ခတ်တော်များက အလယ်က၊ ဘုန်းကြီး (၂)ပါးက လက်အုပ်ချီလျက် နောက်က လိုက်ပါသည်ကို တွေ့ရသည်မှာ အမှန်ဖြစ်ကြောင်း၊ လူတိုင်းကိုပြောလျှင် ယုံကြမှာ မဟုတ်ကြောင်းကို မက်လင်ချောင် ကျောင်းဆရာတော်နှင့် ခန့်နေဦးပဥ္စင်း ကိုယ်တိုင် ပြောခဲ့ပါသည်။**

ကပ္ပလိပ်ဆရာတော်ကလည်း ပြောခဲ့ပြီးပြီ။ ဆရာတော်၊ ဦးပဥ္စင်းတို့ကိုယ်တိုင် မျက်မြင်တွေ့ရသည်ဖြစ်၍ တပည့်တော်တို့ ယုံကြည်ကြပါသည်ဟု ပြန်လည် လျှောက်ထားလိုက်ပါသည်။

ယခင် ရဟန္တာဆရာတော်ကြီး သီတင်းသုံးခဲ့နေသော နေရာကို သွားကြည့်ချင်ကြောင်းလည်း လျှောက်ထားပါသည်။

ရဟန္တာဆရာတော်ကြီးသည် ယခု မက်လင်ချောင်ရွာ၏ မြောက်ဘက်တွင် ရှိခဲ့သည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ဘုန်းကြီး(၃)ပါး ကျောင်းထိုင်ခဲ့သည်။ ဘယ်လိုမှနေ၍မရခဲ့။

ကျောင်းအောက် မြေကြီးထဲက လူသံတွေလိုလို၊ စကားပြောသံတွေလိုလို၊ ကလေးငိုသံတွေလိုလို ကြားရပြီး တစ်နှစ်ပင်ပြည့်အောင် ကျောင်းမထိုင်ရ၊ ပျံလွန်တော်မူကြသည်။

နောက်ဆုံး ကျောင်းထိုင်ဘုန်းကြီးက ကျောင်းအောက်တည့်တည့် တောင်ကမ်းပါးတွင်ရှိ နဂါးဂူဟု ယူဆသောနေရာကို သစ်လုံးများ ထိုးသွင်း၍ ပိတ်ဆို့ခဲ့သည်။

ကျောင်းကိုလည်း ယခုလက်ရှိနေရာ (ယခင်နေရာနှင့် လေးဖာလုံခန့်အကွာ) သို့ ပြောင်းခဲ့ကြောင်း၊ မက်လင်ချောင်ရွာကလည်း တဖြည်းဖြည်းနှင့် ယခုလက်ရှိ ကျောင်းနေရာနှင့် ကပ်လျက်မို့ ပြန်ပြောင်းခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က လောက်ဖြစ်မည်။ အိမ်ခြေဆယ့်လေး၊ ငါးအိမ်မျှသာ ရှိခဲ့ကြောင်းနှင့် ယခုမှ ရွာကြီးတစ်ရွာ ဖြစ်လာကြောင်း ဆရာတော်က ပြောပြပါသည်။

မက်လင်ချောင်ကျောင်းနှင့် ရွာ ပြောင်းရသည်မှာ ယခုနောက်ဆုံး မဟုတ်သေးပါ။ ရဟန္တာဆရာတော်ကြီးက ဘုရားငါးဆူနေရာရှိသော ကမ်းပါးအောက် ကုန်းတန်းလေးပေါ်တွင် သီတင်းသုံးခဲ့ကြောင်း၊ အိမ်ခြေကလည်း ခုနစ်အိမ်၊ ရှစ်အိမ်မျှသာ ရှိကြောင်း...

ထို့နောက် ဘာကြောင့်ရယ်မသိ ဆရာတော်ကြီးက တစ်ဖက်ကမ်းတွင်ရှိသော ကုန်းတန်းလေးသို့ပြောင်းရာ အိမ်များလည်း လိုက်ပြောင်းခဲ့ကြကြောင်း...

တစ်ဖန် ရေကြီးသည့်ဒဏ် ခံရပြီးနောက် ကုန်းပေါ်သို့ တက်ပြန်ရ၍ ရွာကလည်း လိုက်ပြောင်းကြကြောင်းနှင့် နောက်ဆုံး ဒီနေရာရောက်မှ အတည်ဖြစ်သွားကြောင်း ပြောပြပါသည်။

ကုန်းပေါ်ရောက်ပြီးနောက် ရဟန္တာဆရာတော်ကြီးက ဘုရားတစ်ဆူ တည်ခဲ့ပြန်သည်။ ယခု အုတ်ပုံသာ

www.burmeseclassic.com

www.burmeseclassic.com





◆ ရဟန္တာဟု ကျော်ကြားခဲ့သော ဆရာတော်ကြီး တည်ထားခဲ့သည့် စေတီသောင်ဝံနေရာကို ဓာတ်ပုံရိုက်ပြသည်

ရဟန္တာဟု ကျော်ကြားခဲ့သော ဆရာတော်ကြီး သောက်ခဲ့သော ရေတွင်း။ ယခုတိုင် ယုံကြည်စွာ သောက်နေကြသေးပြသည် ▶

တွေ့ရ၍ ပြန်လည်၍ ဘုရားတစ်ဆူ တည်ရန် သဘောတူကြပြီး ဖြစ်သည်။

**ကမ်းပါးစောက်တွင် ဆရာတော်ကြီး သောက်သုံးခဲ့သော သဘာဝတွင်း ရှိ၍ ထိုရေကို သောက်သုံးကြလျှင် ရောဂါပျောက်သည်ဟု ယုံကြည်စွာဖြင့် ရွာသားများက ခပ်ယူ၍ သောက်နေကြကြောင်း၊ ထို သဘာဝရေတွင်းနှင့် ကပ်လျက် နဂါး များ ပျော်မြူးခဲ့သည်ဆိုသော တွင်း လည်းရှိကြောင်း ပြောပြပါသည်။**

လွန်ခဲ့သော(၂)ရက်က ကျွဲကျောင်း သားများကိုယ်တိုင် နဂါးတွင်းတစ်တွင်း တွင် မည်းမည်းခုံးခုံးကြီးတစ်ခု ပေါ်နေ သဖြင့် လိပ်ကြီးဖြစ်မှာပဲဟု တုတ်နှင့် ထိုး၍ ဆယ်ကြပါသည်။

**ဘယ်လိုမှ ဆယ်၍မရ ဖြစ်နေရာမှ အနားရှိ ကျွဲကျောင်းနေသော လူကြီး များကို ခေါ်ပြခဲ့ကြောင်း၊ လူကြီးများက ဒါဟာ လိပ်ကျောကုန်းမဟုတ် မြွေကြီး တစ်ကောင်၏ ကျောကုန်းသာဖြစ် ကြောင်းပြော၍ ကြောက်လန့်ပြီး ပြေးခဲ့ကြ ပါသည်။**

ထိုအကြောင်း ရွာမှ လူကြီးအချို့ သိ၍ သွားကြည့်သောအခါ ထိုမြွေ ကျောကုန်းလည်း မရှိတော့ဘဲ နွံနစ် များ ထကျန်ခဲ့သည်ကိုသာ တွေ့ရ ကြောင်းလည်း ပြောပြပါသည်။

စာရေးသူတို့လည်း ယခင်ရွာ ဟောင်းရှိ ရဟန္တာဆရာတော်ကြီး သီတင်းသုံးခဲ့သော နေရာသို့ သွားကြ ပါသည်။ ကျောင်းဟောင်းနေရာတွင် သရက်၊ မန်ကျည်း၊ ပိန္နဲ၊ ထန်းပင်၊ တရုတ်စံကားပင်တို့ကို တွေ့ရပါသည်။ ဆရာတော်ကြီး၏ အရိုးဂူကိုလည်း တွေ့ကြရပါသည်။

ဆရာတော်ကြီးတည်ခဲ့သော စေတီ ဘုရားအုတ်ပုံနေရာလည်း တွေ့ကြရ ပါသည်။ ယင်းမှ ကမ်းပါးစောက် အောက်ခြေသို့ဆင်းပြီး နဂါးတွင်းများ နှင့် ဆရာတော်ကြီး သောက်သုံးခဲ့ သည်ဆိုသော ရေတွင်းကိုလည်း တွေ့ခဲ့ကြပါသည်။

စာရေးသူတို့ ကမ်းပါးပေါ်မှ အောက် သို့ ဆင်းသွားစဉ် ရေလာခပ်သော မိန်းမနှစ်ယောက်ကို လှမ်းမြင်ရပါ သည်။

ထိုမှတစ်ဆင့် ယခု တည်ထားလျက် ရှိသော ဘုရားငါးဆူရှိရာ မက်လင် ချောင်၏ တစ်ဖက်ကမ်းသို့ ချောင်းကို ဖြတ်၍ ကူးကြပါသည်။

ချောက်ချောင်းဖြစ်၍ ရေမနက်ပါ။ ဘုရားငါးဆူရှိရာ ချောက်ကမ်းပါးပေါ် သို့တက်ပြီး ယာယီကျောင်းပေါ်သို့ ရောက်ကြပါသည်။

ယာယီကျောင်းပေါ်တွင် မက်လင် ချောင်ရွာမှ ဦးညွန့်မောင်ဆိုသူကို တွေ့ ရပါသည်။ ဦးညွန့်မောင်က စပ်စပ်စုစု လေ့လာထားသမျှ သိရသည်မှာ ယခု ရွာတွင်ရှိသော အသက်(၈၁)နှစ် (သက္ကရာဇ် ၁၃၃၈ ခုနှစ်)ရှိပြီ ဖြစ်သော ဒေါ်လှမေ၏ ပြောပြချက်အရ ဖြစ်ပါ သည်။

ဒေါ်လှမေ အသက်(၁၀)နှစ်သမီး တွင် ရဟန္တာဆရာတော်ကြီးအား ဈာပနပွဲပြုလုပ်သည်။ (၃)နှစ်ထား သည် ဆိုသဖြင့် သူ(၇)နှစ်သမီးအရွယ် တွင် ပျံလွန်ခြင်းဖြစ်သည်။ **ဆရာတော် ၏သက်တော်(၈၀)ခန့်ဟု** ဆိုရသည်။ ဘွဲ့တော်ကိုတော့ မမှတ်မိတော့ပါ။

ထို့ကြောင့် ယခု ဘုရားငါးဆူကို

www.burmeseclassic.com





◆ ရှေးဟောင်း(၁၂၇)နှစ်ကျော်က အုတ်ချပ်များ

◀ ယာယီကျောင်းဆောင်

ဆရာတော်ကြီး ယခုဘက်ကမ်းတွင် နှိုင်းက တည်ထားခဲ့မည်ဖြစ်၍ ခန့်မှန်းခြေ (၁၂၇)နှစ် ကြာခဲ့ပြီဖြစ်သည်။

ထိုအတွင်း ဆရာတော်ကြီးလည်း ပြောင်း၊ နှစ်တွေလည်း ကြာညောင်းခဲ့ပြီဖြစ်၍ ပျက်စီးခြင်းနှင့် သစ်တော၊ ပင်းတောများ၏ မျိုဝါးခြင်းကြောင့် ပျောက်ကွယ်နေခဲ့ခြင်း ဖြစ်ပါသည်။

ကြာပန်းပုံသဏ္ဌာန်များ အနှစ်က ဖြစ်နေသော သစ်စေးတုံးများကို ဘယ်လိုရရှိကြောင်း မေးကြည့်ပါသည်။ ဦးညွန့်မောင်မှ ပြောပြသည်မှာ ယခုတည်နေဆဲဖြစ်သော မုခ်ဘုရား အတွက် လိုအပ်သော သစ်ချောင်းများ ရှာရန် တစ်ပင်တည်း ထီးတည်းကျန်နေသော သစ်စေးပင်ကို စက်လွှနှင့် ထွဲလိုက်သည်။

ထို့နောက် ချိန်းဆော(Chain Saw) နှင့်ပင် တစ်ဝက်ဖြတ်ပြီး အဖျားပိုင်းကို စိတ်လိုက်ပါသည်။(ယခု ရွာတွေမှာ ချိန်းဆောနှင့် ဖြတ်လှဲ၊ ချိန်းဆောနှင့် ခွဲစိတ် လုပ်နေကြသည်။)

ကျန်သောအပိုင်းကို ခွဲစိတ်ရန် ဟန်ပြင်တိုင်း၊ လုပ်တိုင်း တစ်ခုမဟုတ် တစ်ခုက အဖျက်ဝင်နေသည်။ ဥပမာ လုပ်တတ်သည့်သူက မနက်ဖြန် ခွဲမည်ဟု ကြံထားလျှင် နေမကောင်း ဖြစ်ရတာတို့၊ အရေးပေါ် သွားစရာ ပေါ်လာ၍ သွားရတာတို့၊ ဖြတ်မည်လုပ်လျှင် စက်ပျက်ရတာနှင့် မခွဲဖြစ်ပါ။

သို့ဖြင့် ထိပ်ပိုင်းကို ကြည့်လိုက်ပြန်တော့လည်း ပန်းပုံသဏ္ဌာန်လိုလို တွေ့ရပြန်ပါသည်။

ထို့ကြောင့် ထူးခြားမှု ရှိသည်ဟု ထင်သည့်အတိုင်း မခွဲစိတ်တော့ဘဲ သစ်စေးပင်စည်ကြီးကို အတွင်းလိုက် ဖြတ်ကြည့်ရာ တွေ့ရသည့်အတိုင်း သစ်စေးနှစ်များက ကြာပုံသဏ္ဌာန် ပေါ်နေသည်။

ယခု ကျန်နေသော အတုံးကြီးကို မဖြတ်ဖြစ်တော့သည်မှာ တဖြည်းဖြည်း မှေးမှိန်လာသောကြောင့် ဖြစ်ပါသည်။

ဤသည်တို့မှာ ကသာမြို့ မက်လင်ချောင်ရွာမှ ပေါ်တော်မူဘုရားငါးဆူကို အသစ် ပြန်လည်တည်ပြီးနောက် သိရသည်တို့ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို အားပေးဖတ်ရှုသူတိုင်း သိစေလိုသောဆန္ဒဖြင့် ရေးသားခြင်းဖြစ်ပါသည်။

ဆက်လက်၍ အကြောင်းဆက်များ ရှိလာလျှင် ရေးသားပါဦးမည်၊ နဂါးများ ရှိခဲ့သည်ဆိုသော ဂူဟောင်းကြီးကို သစ်လုံးများဖြင့် ပိတ်သွင်းထားသည်ကို ပြန်လည် ဖော်ထုတ်ဦးမည်ဟုလည်း မက်လင်ချောင်ဆရာတော်က မိန့်ခဲ့ပါသည်။

စေတီဟောင်းကိုလည်း ပြန်လည် တည်ဦးမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရမ်ဝေးရပ်နီးမှ စာဖတ်ပရိသတ် အပေါင်းကို လာရောက်လေ့လာနိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

ဤဆောင်းပါး ဖြစ်အောင်(ရေးဖြစ်အောင်) တိုက်တွန်းပြီး အဘက်ဘက်မှ ကူညီပေးသော **ဦးသာဒွေး (ခေါ်) သာဂဒူး(ကသာ)ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့်** ကျေးဇူးတင် ထိုက်သူတို့ကိုလည်း မဖော်ပြသည်ကို ခွင့်လွှတ်ကြပါရန် တောင်းပန်ပါသည်။

**[တိမ်မြုပ်နေသော သာသနာ့ရောင်ခြည်များ ထွန်းလင်းတောက်ပလာပါစေသတည်း...]**

**ကသာ သင်းမွှေး**



www.burmeseclassic.com

www.burmeseclassic.com


## ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊ အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

<u>Diseases to be applied</u>

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်-၇၄၁၊ဒနသိဒ္ဓိလမ်း (၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




www.burmeseclassic.com

www.burmeseclassic.com



◆ အရှင်မုနိန္ဒရဟာန်ပြင်ရာ သုမင်္ဂလသိမ်တော်

စံလွင်နီသာ

ဋ္ဌေးတောက်ကုန်းရွာ အလင်္ကာရာမကျောင်းဆရာတော်

# အရှင်မုနိန္ဒ

## ၏ ကြည်ညိုဖွယ်ရာ ဘဝဖြစ်စဉ်တော်များ (၃)

**ယခင်လမှ အဆက်**

'င်းမြို့ကို ရောက်ရင် လူလည်လုပ်မလာနဲ့၊ ရာန်လည်လုပ်ခဲ့ ရဟန်းလိုသာ လည်လည် ယ်ဝယ်ဖြစ်ပါစေ။ လူလည်ဆိုတာက လူ့မှုအရ အဝဝနဲ့ဆိုင်တဲ့ ဘုရားဖူးလိုက်ပို့တာ၊ ဈေးဝယ်လိုက်ပို့တာ၊ လူတွေရဲ့အလေ့အထကို သိကျွမ်းကျင်တာ မလုပ်ခဲ့နဲ့။

ရဟန်းလည်ဆိုတာက သင်ခဲ့ရတဲ့ နှစ်ကာလ အချိန်အခါနဲ့ ညီမျှတဲ့ စာတွေကိုသာ တတ်ခဲ့ပါစေ။ ပွဲလမ်းသဘင်တွေ မကြည့်နဲ့'

ဟု မှာကြားတော်မူခဲ့သည်။

ဆရာ၏ စကားသည် ဝိနည်းတော်နှင့် အတူတူပင် ဖြစ်သည်ဟု သဘောကျ်တာ လိုက်နာခဲ့ရာ မန္တလေးမြို့ ရောက်ခါစတွင် ဦးပဥ္စင်းအချို့က ...င်းလျှောက်ထွက်ရအောင် ဆိုသဖြင့် လိုက်သွားရာ ရုပ်ရှင်ရုံကြီးအတွင်းသို့ ရောက်သွားသည်။

**"ပြန်မည်"** ဆိုသောအခါ ရုပ်ရှင်မပြီးမီ ပြန်သွားပါက ဒဏ်ငွေဆောင်ရသည်ဆိုလေရာ ဝတ္ထုငွေ မကိုင်သည့် အရှင်မုနိန္ဒမှာ ဒဏ်ငွေဆောင်စရာ မရှိသဖြင့် ရုပ်ရှင်ပြီးသည်အထိ မျက်စိမှိတ်ကာ နေ့လယ်က သင်ထားသည့် စာများကို စိတ်တွင်းမှ စာပြန်ခဲ့ရလေသည်။

တစ်ကြိမ်တွင်လည်း **"သာသနာရေးနဲ့ဆိုင်တဲ့ ကိစ္စရှိတယ်"** ဟု ပြောဆိုကာ ဇာတ်ရုံကြီးအတွင်းသို့ ခေါ်သွားကြသည်။ **"ဒါ ဘုရားပွဲတော် ဘာသာ သာသနာနဲ့ ဆိုင်တာပေါ့"** ဟု ဆိုကြလေရာ နောက်ဆုံးတန်းတွင် ထိုင်၍ ဦးပဥ္စင်းများ အလစ်တွင် ကျောင်းသို့ ပြန်ပြေးခဲ့ရလေသည်။

စာသင်ရန် ရောက်လာသည်၊ ဇာတ်ပွဲ သုတရှာရန် မဟုတ်ဟု သဘောပိုက်၍

www.burmeseclassic.com

နေ့လယ်က စာဝါကို ညဘက်တွင် ပြန်၍ ကျေညက်အောင် လုပ်သည်။ လွတ်လပ်ရေးမရမီ ကာလဖြစ်၍ နိုင်ငံရေးအတွက် စည်းရုံးသော်လည်း မပါဝင်ခဲ့။ ခမည်းတော်က တော်လှန်ရေးသမား ဖြစ်စေလို၍ မယ်တော်က တရားကျင့်ရဟန်း ဖြစ်စေလိုခဲ့ရာ မယ်တော့်အလိုကျ ကျင့်ကြံခဲ့သည်။

မန္တလေး၊ ပခုက္ကူမြို့များတွင် စာသင်ယူစဉ် ရဟန်းလည်သာလုပ်၍ လူမှုရေးရာ လျစ်လျူပြုခဲ့ရာ **"ကင်ပွန်းတပ်မှန့်ပါ"**ဟု ပြောဆိုကပ်လှူသောအခါ အဓိပ္ပာယ် နားမလည်သဖြင့် လက်ခံရန်သင့်,မသင့် တွေဝေခဲ့ရဖူးလေသည်။


## ဘုန်းကြီးမဟုတ်ပါ

ဆရာတော်သည် သက်တော်(၉၀)၊ ဝါတော်(ရ၀) ပြည့်သည့်တိုင် မိမိကိုယ်ကို "ဦးပဥ္စင်း"ဟုသာ ပြောဆိုသုံးနှုန်းသည်။ မြေလတ်နှင့် အညာဒေသတွင် ကျောင်းထိုင်ဆရာတော်ကို **"ဘုန်းကြီး"**ဟု ခေါ်ဝေါ်သုံးနှုန်း၍ ခန်းနေသံဃာကို **"ဦးပဥ္စင်း"**ဟု သုံးနှုန်းလေ့ရှိသဖြင့် ဒါယကာတစ်ဦးက မေးလျှောက်သောအခါ...

'ဦးပဥ္စင်းဆိုတာ ဝယ်တာကို ညွှန်းတာမဟုတ်ပါဘူး။ အသက်အရွယ်အရ ဦးပဥ္စင်းကြီး၊ ဦးပဥ္စင်းကလေး ခေါ်တာပဲ ရှိပါတယ်။ ဘုန်းကြီးဆိုတာလဲ အသက်ကြီးတာကို ညွှန်းတာ မဟုတ်ပါဘူး။ ဘုန်းတန်ခိုးကြီးတာကို ဆိုလိုဟန် တူပါတယ်။

ဦးပဥ္စင်းတို့ သင်ခဲ့ရတဲ့ စာတွေထဲမှာတော့ ဘုန်းကြီးဆိုတာ မပါဘူး။ ဘိက္ခုလို့ ပါတယ်။ သံသရာက လွတ်အောင်ရှာသူ ဘိက္ခုလို့ ခေါ်တယ်။ ဦးပဥ္စင်းဆိုတာ ဘိက္ခုအစားသုံးတဲ့ အရပ်စကားပါ။

ရှေးကျမ်းစာတွေမှာ ဗေဒိဘိက္ခု ခေါ်တော်မူ၍ ရဟန်းပဥ္စင်းအဘိ ဖြစ်လျှင်စေသတည်း



သိမ်တွင်းရုပ်ပွားတော်

လို့ ပါတယ်။ အင်္ဂါငါးပါးနဲ့ ပြည့်စုံလို့ ဦးပဥ္စင်းလို့ သုံးတာ။ ဘုန်းမကြီးဘဲ ကိုယ့်ကိုယ်ကိုယ် ဘုန်းကြီးလို့သုံးရင် ရှိန်းရာကျမယ်။ ကျမ်းဂန်ဝိနည်းကို မသိဟန်ဆောင်ရာ ရောက်မယ်။ ဒါကြောင့် ဘုန်းကြီးမဟုတ်ပါဘူး ဦးပဥ္စင်းပါ' ဟု ဖြေကြားတော်မူသည်။

**[ပဥ္စင်းဟူသည် (၁)ဝတ္ထုသမ္ပတ္တိ၊ (၂)ဉတ္တိသမ္ပတ္တိ၊ (၃)အနုသာဝနသမ္ပတ္တိ၊ (၄)သီမာသမ္ပတ္တိ၊ (၅)ပရိသသမ္ပတ္တိဟူသော သမ္ပတ္တိငါးမျိုးနှင့် ညီညွတ်သဖြင့် ပဥ္စ၊ ပဥ္စင်းဟု ခေါ်သည်။**

**ရဟန်းဖြစ်က အသက်အရွယ်အရ ဦးပဥ္စင်း၊ မောင်ပဥ္စင်းဟု ခေါ်ဝေါ်၍ လူဖြစ်က သံဃာ့ဂုဏ်ကို အလေးထား၍ ကြီးငယ်မဟူ ဦးပဥ္စင်းဟုသာ ခေါ်သင့်ကြောင်း ပေါင်မြို့၊ ဘုရားကြီးကျောင်းဆရာတော် အရှင်ပညာဒီပက မိန့်ကြားခဲ့သည်။]**

ဆရာတော်သည် အခြားကျောင်းထိုင် ဆရာတော်အချို့ကဲ့သို့ မိမိကိုယ်ကို **"ဘုန်းကြီး"**ဟု သုံးနှုန်းခြင်း မရှိသကဲ့သို့ ကျောင်းထိုင်ဆရာတော်ဟုလည်း မှတ်ယူခြင်း မရှိပါ။






www.burmeseclassic.com

www.burmeseclassic.com



◆ သိမ်ထိပ်ရှင်မှ လက်ဝဲဘက် ရှေးရုပ်ပွားတော်



◆ လက်ယာဘက် ရှေးရုပ်ပွားတော်

မြို့လေးတွင် စာသင်နေစဉ် သက်တော်(၃၂)နှစ်အရွယ် ၁၃၀၀ ပြည့်နှစ်တွင် ဂွေးတောက်ကုန်းဆရာတော် ဦးစန္ဒက "ခဏလာခဲ့ပါဦး"ဟု မှာလိုက်သဖြင့် ကြွရောက်လာရာ ကျောင်းအပ်၍ ဆရာတော် ဦးစန္ဒမှာ ဂွေးတောက်ကုန်းရွာအရှေ့ မလှမ်းမကမ်း တောစပ်တွင် ကန်နှစ်ဆင့်တောရဟူ၍ တည်ထောင်ကာ တောရဆောက်တည် နေတော်မူသည်။

ပညာသင် ဆက်သွားပါရစေဟု အတန်တန် ပြောသော်လည်း မရချေ။

'မင်းပညာရေးက ဒီလောက်ဆိုရင် သင့်လောက်ပြီ။ အကြောင်းရှိရင် ဇါလဲ ဒီကိုလာပြီး ကူညီမှာပဲ။ မင်း ဆိုး လွှတ်လွှတ်လပ်လပ် သဘောကျနေပါ' –

ဟု မိန့်ကြားသည်။

ထိုစဉ်က ဆရာတော်လေး ဦးမုနိန္ဒသည် ကိုယ်တိုင်က ဘာမှ မသိသဖြင့် အကြောင်းရှိတိုင်း ကန်နှစ်ဆင့်တောရသို့ စေလွှတ်တော့သည်။

ကန်နှစ်ဆင့်တောရ ဆရာတော်ကြီးလည်း ရပ်ရေးရွာရေး လူမှုရေးကိစ္စအဝဝရှိတိုင်း ကိုယ်တိုင်ကြွရောက်ဖြေရှင်းပေးရကာ နောင်သော် တိုက်အုပ်ဦးပဥ္စင်း အရှင်မာဂိန္ဒကို ကိစ္စအဝဝလွှဲအပ်ဖြေရှင်းစေရလေသည်။

အလားတူပင် သီတင်းသုံးသည့် ကျောင်းကိုလည်း မိမိအပိုင်ဟု မှတ်ယူခြင်းမရှိပေ။ ဆရာတော် အသက် (၈၀)ကျော်လာသည့်တိုင် နေ့ညမဟူ ကုဋီသို့သာ ကြွ၍ ကျင်ငယ်စွန့်ရသဖြင့် ဒါယကာကြီးတစ်ဦးက…

'အရှင်ဘုရား ကျင်ငယ် စွန့်ဖို့လောက်နဲ့ ညအချိန် ကုဋီမကြွပါနဲ့။ မတော်တဆ လဲပြိုကျနေရင် ခက်ပါမယ်။ ကျင်ငယ်အိုးမှာ စွန့်ပါ။ မနက်ကျရင် တပည့်တော် သွန်ပေးပါ့မယ်'

ဟု လျှောက်၍ ကျင်ငယ်အိုးထားပေးသည်။

နံနက်တွင် ကျင်ငယ်အိုးသွန်ရန် လာကြည့်သောအခါ စွန့်ထားခြင်း မရှိသဖြင့် မေးလျှောက်ကြည့်ရာ…

'ဒကာကြီး ဒီကျောင်းက သံဃိကကျောင်းကွယ့်။ ကျင်ငယ်စွန့်ရင်း အမှတ်မထင် ကြမ်းပေါ် တစ်စက်လောက် ကျသွားရင် ဦးပဥ္စင်း အာပတ်သင့်တယ်။ ဒါကြောင့် မစွန့်တာပါ'

ဟု ဖြေကြားလေသည်။

## ကြေးစည်တီးသော ဘုန်းကြီး

တစ်ချိန်က ကျေးရွာတစ်ရွာ၌ ရှာဦး

www.burmeseclassic.com

ကျောင်းတွင် ဝိနည်းတော်အတိုင်း နေထိုင် ကျင့်သုံးတော်မူသဖြင့် ရွာလုံးကျွတ် ကြည်ညိုလေးစားကြသော ဆရာတော်ကြီးထစ်ပါး ရှိသည်။

တစ်နေ့တွင် ရွာဦးကျောင်းဆီမှ အခါမဟုတ် ကြေးစည်တီးသံ အဆက်မပြတ် ထွက်ပေါ်လာနေသည်။ ကျေးရွာထုံးစံလေ့အရ ဘုန်းကြီးတစ်ပါး ပျံတော်မူလျှင် ယင်းကဲ့သို့ ကြေးစည်ကို အဆက်မပြတ် တီးခတ်လေရာဆရာတော်ကြီး ပျံတော်မူလေပြီဟူ၍ ဒကာ, ဒကာမများ ကျောင်းသို့ စုဝေးလာကြသည်။

ကျောင်းဝင်းတွင်းရောက်သော လူသူ မမြင်ရသဖြင့် "အမှန်ပင် ဆရာတော်ကြီးတော့ ပျံတော်မူရှာပြီ" ဟု ကျောင်းပေါ်သို့ အဆောတလျင် တက်ရောက်ကြသည်။

ကျောင်းပေါ်တွင်ကား ကြေးစည်တီးနေသူမှာ ကျောင်းသား၊ ကိုရင် မဟုတ်ဘဲ ဆရာတော်ကြီး ကိုယ်တိုင် ဖြစ်နေသည်။ လူများ အတန်စုံလင်သောအခါ ဆရာတော်က ကြေးစည်ချ၍ တင်ပျဉ်ခွေထိုင်ကာ "**ကိုင်း သာဓု ခေါ်ကြပေရော့**"ဟု မိန့်တော်မူ၏။

ဒကာ,ဒကာမများ သို့လော သို့လောနှင့် အတွေးရခက်နေစဉ် ဆရာတော်က...

'ဒကာ ဒကာမတို့ ငါ ဒီကျောင်းမှာ နေရပေမယ့် လူထွက်ရ ကောင်းမလားလို့ ဒွိဟစိတ်က အမြဲ လွှမ်းမိုးနေခဲ့တယ်။ ဒီလိုနဲ့ နေလာလိုက်တာ ငါ အသက်(၈၀)၊ ဝါ(၆၀)ပြည့်တဲ့ ဒီနေ့မှာ ငါ ဘယ်တော့မှ လူမထွက်တော့ဘူးလို့ အပြီးအပိုင် ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် သာဓုခေါ်ကြ'

ဟု ရှင်းလင်းမိန့်ကြားလေသည်။



◆ ပြိုပျက်နေသည့် ဂူဘုရားတစ်ဆူ

ဤပုံပြင်ကလေးနှင့် ပတ်သက်၍ ဆရာတော်ဦးမုနိန္ဒက ဤသို့ မိန့်တော်မူသည်။

'ဦးပဉ္ဇင်းကတော့ ကိုရင်ဖြစ်တဲ့ (၁၆)နှစ်သားကတည်းက တစ်ခါတည်း အာရုံပြတ် ကြေးစည်တီးပြီး သာသနာ့ဝန်ထမ်းဖို့ ဝင်လာခဲ့တာပဲ'

ဟု ဖြစ်လေသည်။

## အောင်မြင်ရေးနည်းလမ်း

ရဟန်းရှင်လူအများ ကြည်ညိုလေးစား၍ ရဟန္တာဟု သမုတ်ခြင်းခံရသော ငွေးတောက်ကုန်း အလက်ာရာမကျောင်းဆရာတော် အရှင်မုနိန္ဒနှင့် ပတ်သက်၍ ကြည်ညိုဖွယ်များကို မှတ်သားရရှိသလောက် တင်ပြရာတွင် နိဂုံးအနေဖြင့် ဆရာတော် လမ်းညွှန်တော်မူခဲ့သည့် အားလုံးအတွက် အောင်မြင်ရေးနည်းလမ်းကို တင်ပြပါမည်။

'လောကမှာ အောင်မြင်ဖြစ်ထွန်းပြီး သုခ

ပြည့်စုံဖို့ နည်းလမ်းကတော့ ကမ္မဋ္ဌာ...
အားထုတ်ခြင်းပါပဲ။ ဒီလိုဆိုတော...
ခုနစ်ရက်စခန်း၊ ဆယ်ရက်၊ တစ်...
လေးဆယ့်ငါးရက် တရားစခန်းဝ...
ပြောတာမဟုတ်ပါဘူး။ ဒီလို လုပ်နေ...
သူတွေကိုလဲ ဦးပဉ္ဇင်း ဘာမှ ဝေဖန်...
အကြောင်း မရှိပါဘူး။ လုပ်နိုင်...
ပိုကောင်းတာပေါ့။

အခု ဦးပဉ္ဇင်းပေးမယ့်နည်းက သင်...
ဝါးပင်အောက် ဝင်စရာမလို...
တောထဲ တောင်ကြား သွားစရာ...
မလိုဘူး။ ဂူအောင်းစရာလဲ မလို...
အလုပ်ပျက် အကိုင်ပျက် အိုးပစ်အိမ်...
သွားဖို့ မဟုတ်ပါဘူး။

နေ့စဉ်နေ့တိုင်း အိပ်ရာဝင် အိပ်...
ထ ဘုရားရှေ့မှာဖြစ်စေ၊ သင့်လျော်...
နေရာ နောက်ဆုံး အိပ်ရာထဲမှာဖြစ်...
ဘုရားကို အာရုံပြုပြီး ညဦး(၅)မိနစ်...
မနက်စောစော (၅)မိနစ်၊ ဒါတော်...
များသေးရင် မနက် (၂)မိနစ်၊ ည(၂)မိနစ်...
စုစုပေါင်း (၄)မိနစ် လောက်ပါပဲ။

ကမ္မဋ္ဌာန်းနည်းပေါင်း လေးဆယ်လော...
ရှိတယ် မဟုတ်လား။ အဲဒီ လေးဆယ်ထဲ...
တချို့နည်းတွေက ဗုဒ္ဓဘုရားမတိုင်ခင်...
ဂိုဏ်းဆရာကြီးတွေရဲ့ နည်းတွေလဲ ပါတယ်...
အခုလုပ်ရမှာက အဲဒီနည်းမျိုးစုံ မဟုတ်ပါဘူး...
ဗုဒ္ဓနည်းတွေထဲက သုံးမျိုးတည်းပါ။

၁။ ကာယနုပဿနာကမ္မဋ္ဌာန်း

ဒါက ကိုယ်မှာဖြစ်တာကို မှတ်တာ၊ ဘုရား...
ဟောတာက နှာသီးဖျားတဲ့၊ နှာသီး...
အောက်က အသက်ရှူတာ၊ လေဝင်...
ထွက်တာကို သတိကပ်ပြီးနေပါ။ ပထ...
တော့ (၂)မိနစ်၊ (၃)မိနစ်လဲ ခက်မှာ...
အလေ့အကျင့် များလာရင် စိတ်တ...
လာပြီး အနားက ...သံကိုတောင် မကြား...
တော့ဘူး။ စိတ်က နှာသီးဖျားကို ရောက်...
တည်ထားနိုင်လာမယ်။ ဒါက ဘာလဲဆိုတော...



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကို တည်ငြိမ်အောင်၊ စိတ်ကို အနားရအောင်၊ စိတ်ထဲမှာ သန့်ရှင်းပြီး စိတ်ဓာတ် အင်အားတွေ ပြည့်လာအောင် လုပ်တဲ့ နည်းပါပဲ။

၂။ စိတ္တာနုပဿနာကမ္မဋ္ဌာန်း

ဒါက တည်ငြိမ်မှု ရထားတဲ့ စိတ်ရဲ့ အခြေအနေကို အမြဲမပြတ် သတိထား ထိန်းချုပ်ရမယ်။ အမျက်ထွက်တာ၊ မုန်းတာ၊ မနာလိုတာ၊ ဝန်တိုတာတွေ ဖြစ်လာရင် သိနေရမယ်။


အဓိပ္ပာယ်က မကောင်းတာတွေ ကင်းနေရမယ်။ မကောင်းမှုတွေ တားပြီးသား ဖြစ်နေရမယ်။ ရှောင်နေရမယ်။ နောက်ဆုံး မကောင်းမှုက အလိုလို ကင်းဝေးနေသလို အသားကျနေရမယ်။

၃။ ဓမ္မာနုပဿနာကမ္မဋ္ဌာန်း

ဒါက သီလ၊ သမာဓိ၊ ပညာ တိုးတက်ပြည့်ဝစေဖို့ ပြုလုပ်တဲ့ နည်းပဲ။ ရဟန်းတွေမှာတော့ စာပေသင်ကြားခြင်း၊ ဆရာသမားစကား လေးစားနာယူခြင်း၊ စာဖတ်ခြင်း၊ မြင်မြင်ပြုခြင်း၊ ဆွေးနွေးဟောပြောခြင်း၊ ဆင်ခြင်တွေးတောခြင်းကို လေ့ကျင့်ပြုလုပ်ရတယ်။

လူတွေမှာတော့ ဘဝတိုးတက်ကြောင်း နည်းလမ်းတွေ ဆည်းပူးရမယ်။ ကောင်းရာညွှန်ပြနိုင်တဲ့ ဆရာသမားစကား လေးစားနာယူရမယ်။ အကျိုးရှိမယ့် စာပေ၊ ဓမ္မစာပေတွေ ဖတ်ရှုရမယ်။ ပြန်ပြောရမယ်။

လူရှိတဲ့အခါ ဘဝတိုးတက်မယ့်စကား တရားဓမ္မ စကားမပြောနိုင်ရင်တောင်မှ လောကအကျိုးမပျားတဲ့၊ သိမ်ဖျင်းတဲ့စကားတွေ ရှောင်ပြီး ရသီဥတု မိုးလေအခြေအနေအရ ဘယ်နေ့မျိုးကြဲပြီး ဘယ်နေ့ ဘာစိုက်ရင် ကောင်းမယ်၊ ဘယ်နေ့ ဘာရောင်းရင်



◆ တောင်မြို့ရွှေရုပ်ပွားတော်ကြီး

ကောင်းမယ် စသဖြင့် ဆိုင်ရာလုပ်ငန်းကိစ္စအတွက် ညှိနှိုင်းဆွေးနွေးသင့်တယ်။

ညအိပ်ရာဝင်ခါနီး (၂)မိနစ်လောက် ကမ္မဋ္ဌာန်းထိုင် စိတ်တည်ငြိမ်လာတဲ့အခါမှာ ဒီနေ့ ငါ ဘာတွေ အမှားအယွင်း လုပ်ခဲ့မိပါလိမ့်၊ မှားခဲ့ရင်လဲ မနက်ဖြန် ဒီလို မမှားအောင်၊ ထပ်မမှားမိအောင် ဆင်ခြင်တွေးတောပြီးမှ အိပ်ရာဝင်။ ဒီလိုနဲ့ အကျင့်ရလာတော့ အမှားနည်းလာမယ်။

စိတ်ဓာတ် သန့်ရှင်းတည်ငြိမ်တဲ့ အလေ့အကျင့် ရပြီးပြီဆိုရင် စိတ်အညစ်အကြေးဖြစ်စေမယ်၊ ဒေါသအမျက်၊ ဝန်တိုမှုတွေ၊ ဝိုက်မျှင်းထိုင်းမှိုင်း ပျင်းလွင့်မှုတွေ၊ ပူပန်သောကသံသယတွေ ဖယ်ရှားနိုင်ပြီး ကောင်းမြတ်တဲ့ ဉာဏ်အမြော်အမြင်တွေ တိုးပွားလာမယ်။ နောက်ဆုံးမှာ သဘာဝတရားကို ဟုတ်တိုင်းမှန်ရာ သိမြင်နိုင်ပြီး ပရမတ္ထသစ္စာကိုလည်း သိမြင်ပြီး ချမ်းသာသုခ ရရှိပါလိမ့်မယ်။

(၂)မိနစ်ထဲ ဆိုပေမယ့် အလေ့အကျင့် မှန်လို့ အချိန်များလာရင် အကျိုးသက်ရောက်မှု ရှိလာမှာပါ။ အချိန်ကြာဖို့က အဓိက မဟုတ်ပါဘူး။ ထွက်လေဝင်လေ မိအောင် မှတ်ဖို့၊ စိတ်သန့်ရှင်းစင်ကြယ်အောင် မှတ်ဖို့က အဓိကပါ။ (၂)မိနစ်၊ (၃)မိနစ်နဲ့ မှုတာအောင် စားလို့ရတဲ့ အစာကို (၃)နာရီလောက်ကြာအောင် စားလို့ မထူးပါဘူး။

လူ့လောက လူ့ဘောင်မှာ စားဝတ်နေရေး ဖန်တီးရတဲ့အချိန် နည်းသွားရင်လဲ မကောင်းပြန်ဘူး။ ကိုယ့်ကိုယ်ကိုယ် နစ်မွန်းသွားစေမယ့် လမ်းကြောင်းကနေ ကယ်ဆယ်တဲ့ အနေနဲ့ မနက်(၅)မိနစ်၊ ည(၅)မိနစ်လောက် ကျင့်နိုင်ရင် အောင်မြင်မှုလမ်းစကို ရောက်ပါလိမ့်မယ်။ နောင် အချိန်ရတဲ့ အခါ များများ ကြာကြာကလေး ကျင့်ကြပေါ့”

ဟူ၍ လုပ်ငန်းခွင်မပျက် ကမ္မဋ္ဌာန်း အားထုတ်ဖြစ်အောင် တိုက်တွန်းတော်မူခဲ့လေသည်။

ကြည်ညိုဖွယ် ဖြစ်စဉ်တော်များနှင့် ရဟန်းထူးတစ်ပါးဟု သတ်မှတ်ခြင်း ခံရသည့် **ဆရာတော် အရှင်မုနိန္ဒ၏ မပုပ်ပျက်သည့် ရုပ်ကလာပ်တော်ကို တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား ကျေးရွာမှတစ်ဆင့် ခြောက်သွေ့သော အချိန်များ၌ လွယ်ကူစွာ သွားရောက်နိုင်ကြပါသည်။**

ဤပူဇော်မှုတွင် လိုက်လံ့စွာ ကူညီပေးခဲ့သည့် **ဦးစိန်ဝင်း(ဗွေးတောက်ကုန်း)နှင့် ဆရာမ အေးဆွေကြည် (ဆတ်သွား)တို့အား ကျေးဇူးအထူး တင်ရှိပါသည်။**

**စံထွန်းသာ**



www.burmeseclassic.com


www.burmeseclassic.com

အဖြေရှိခဲ့ရပါသည်

'အချစ်ရေးမှာ ကံကောင်းနိုင်ပါ့မလား' ကြည့်ပါ။

❖ နှလုံးလမ်းကြောင်းသည် ကြိုးသဏ္ဌာန် ဖွာလန်နေတာကို တွေ့ရမယ်။(က–က)

* * *







ဒါကတော့...

အချစ်ရေးနဲ့ ပတ်သက်ရင် ဝမ်းနည်းဖွယ်ရာများနဲ့ ကြုံတွေ့နိုင်တဲ့ ပြယုဂ်ပါပဲ။

❖ **နှလုံးလမ်းကြောင်းက လမ်းခွဲတစ်ခုသည် အင်္ဂါဗိုဂြိုဟ်ထဲသို့ ကွေးညွှတ်ဆင်းခြင်း၊ နှလုံးလမ်းကြောင်းကို တစ်နေရာတွင် မျဉ်းတစ်ကြောင်းက ဖြတ်ပိတ်ထားခြင်းကို တွေ့ရတယ်။ (ခ–ခ)**

* * *




ဒါကတော့...

အချစ်ရေးမှာ ဟန့်တားခံရမှုတွေ ပြဿနာကြီးငယ်ကြုံတွေ့ရမှုတွေရဲ့ သင်္ကေတပါပဲ။

ကဲ... ဒါဆိုရင် အချစ်ရေးမှာ ကံကောင်းနိုင်ပါဦးမလား။

*သာယာ ချမ်းမြေ့ပါစေ*

ဆရာ ဦးခင်မောင်လင်း
(*B.Sc* ရွှေဘို)
(လက္ခဏာ–မဟာဘုမ်သုတေသီ)

www.burmeseclassic.com

www.burmeseclassic.com

# အသက်ကျ အလုပိုဆီး,ဝမ်း မှန်စေလိုလျှင်

(ကြော်ငြာဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ပေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် အစား နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို မှိုင်းရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တွေလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ ကြတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက လည်းတော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အတုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉၇၃၁၉၇၂၄။

www.burmeseclassic.com

ဆံတော်ရှင်

# ဖြင်းနှစ်ဘုရား

ထံတော်ပါးဆီသို့ (၂)

ထက်မင်းကျော်စွာ

**ယခင်လမှ အဆက်**

မင်းတစ်ရာ့တစ်ပါး တောင်တွင် ... ပြည့်လွန်နှစ်များက မဟာ ဗောဓိမြိုင်ဆရာတော် ကျင့်ကြံအား ထုတ်ခဲ့ဖူးသည်။ ရောဂါဝေဒနာ နှောင့်အယှက်၊ ရဟန်း၊ လူ၊ အမှု ဆောင်ကိစ္စ အနှောင့်အယှက်များ ... ကြုံတွေ့ရင်ဆိုင်ရသည်ဆို၏။

... နေ့တွင် မျက်လုံးတစ်ဖက် ... ကွယ်သော ကိုရင်ကြီးတစ်ပါး ... ၏။ သူ့နာမည် ဝင်းစိုး။ ဘွဲ့ ... ပီလေ။ သထုံကလေးသမှ လာ ... ဆို၏။ နှစ်ညမျှ အိပ်သွား၏။


... တို့နှင့် တွေ့တွေ့ချင်း **"တပည့် တော် သပိတ်တွေ စုတ်နေတာသာ ကြည့်ပါဘုရား... အဲဒါ လူတွေ ... တိုင်း တောတိုးရလွန်းလို့"** ... ကို လျှောက်ထား၏။ ထို့နောက် ကိုရင်ကြီးနှင့်အတူ ဆွမ်းခံဆင်းရာ...

'ရဟန်းဆိုတာ ဆွမ်းခံရပါသဘုရား... ကိုရင်ဆိုတာ ဆွမ်းမခံပါဘုရား'

ဟု လျှောက်ထားပြန်၏။

'အင်း...ငါ ဘုရင်မဟုတ်လို့ ဆွမ်းခံစားနေရသည်ပဲ။ မင်းတစ်ရာ့တစ်ပါးတောင်နှင့် ရဟန်းအမှုထမ်းချင်း မတူညီ၊ သို့ကြောင့် ဤတောင်မှ ငါ ထွက်ပေးသင့်သည်' ဟူ၍ ဆုံးဖြတ်မိသည်။

**၁၃၄၅ ခုနှစ်၊ နယုန်လကွယ်နေ့** ညနေတွင် ထိုဆရာတော် (မင်းတစ်ရာ့ တစ်ပါးတောင်တွင် ဘုရားတည်ရန် ဆောက်နေသော ဆရာတော်)အား မိမိ ကျောင်း၌ ဝါမဆိုတော့ပါကြောင်း လျှောက်ထား၏။ *[မဟာဗောဓိမြိုင်ဆရာ တော်၏ ခရီးလမ်းကြမ်း။ စိန်းမြေ့ရွှာ၊ တစ်သက်တာ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ စာမျက်နှာ–၂၉၀၊ ၂၉၁ မှ ထုတ်နုတ် ဖော်ပြပါ၏။]*




● ပုံ(၉) ဘာမဲ့ဆရာတော်အထိမ်းအမှတ်စေတီ



www.burmeseclassic.com

www.burmeseclassic.com



▲ ပုံ(၁၀) ဖင်းကျိုက်စေတီမုခ်ဦးနှင့် ဝိဇ္ဇာညီနောင်တောင်တန်းအဆင့်ဆင့်

ဆရာတော်သည် ထိုနှစ်(ဒုတိယ)ဝါကို ကတွန်ရွာအနီး **ကျောက်ခမောက်တောင်** (မင်းတစ်ရာ့တစ်ပါးတောင်၏ မြောက်ဘက်တွင် ရှိ၏။)တွင် ကပ်ဆို၍ ၁၃၄၆ ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်နေ့တွင် ဖင်းကျိုက်နယ်မြေမှ အပြီးအပိုင်စွန့်လျက် ရန်ကုန်သို့ ကြွခဲ့လေသည်။

ဆရာတော်သည် သာစည် ရွှေကျောင်းကုန်းတွင် သီတင်းသုံးနေရာမှ အိပ်မက်နိမိတ်အရ တိသသီဟရသေ့ညီနောင် သီတင်းသုံးခဲ့ရာ ဖင်းကျိုက်သို့သွားရန် ပြင်ဆင်ရသည်။

၁၃၄၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆)ရက်နေ့ ညနေတွင် ပေါင်မြို့သို့ ရထားဖြင့် ရောက်ရှိခဲ့၏။ ***[ဖင်းကျိုက်ဘူတာတွင် အမြန်ရထား မရပ်သောကြောင့် ဖြစ်သည်။]***

ပေါင်မြို့မှ ဖင်းကျိုက်ရွာသို့ ပြန်သွားရာ ည(၇)နာရီတွင် တောင်ခြေ ခြသေ့နှစ်ကောင်မုခ်ဦးသို့ ရောက်သည်။ ရင်ပြင်တော်သို့ ည(၉)နာရီအချိန် မှောင်ကြီးမည်းမည်း၌ ရောက်၏။

၁၃၄၃ ခုနှစ် ဆရာတော်၏ တတိယ မြောက်ဝါကို ဖင်းကျိုက်ဘုရားသိမ်တွင် ကပ်ဆို၏။ ၁၃၄၄ ခုနှစ် စတုတ္ထဝါကို မင်းတစ်ရာ့တစ်ပါးတောင် ကျောက်ဂူတွင် ကပ်ဆို၏။

ထိုဂူကား ကျိုက်ထီးရိုးနောင်တော်ဟု ခေါ်ကြသည့် ကျောက်လုံးကြီးအောက်တွင်ရှိ၏။ ၁၃၄၅ ခုနှစ်၊ ပဉ္စမဝါကို ကတွန်ရွာအနီး ကျောက်ခမောက်တောင်၌ ကပ်ဆို၏။

ဖင်းကျိုက်တောင်တွင် သုံးနှစ်သုံးဝါ ကပ်ဆိုခဲ့ကြောင်း ထေရုပ္ပတ္တိတွင် ဖတ်ရှုခဲ့ရလေသည်။

## ဝိဇ္ဇာညီနောင်စေတီ

တောင်ပိုင်ဘိုးဘိုးအား ဂါရဝပြုပြီးနောက် တောင်တက်ကားလမ်းအတိုင်း တက်ခဲ့ရာ ဆံတော်ရှင်စေတီ မုခ်ဦးနှင့် ဝိဇ္ဇာညီနောင်စေတီသို့ သွားရာ စောင်းတန်းလှေကား အဆင့်ဆင့်ကို မြင်တွေ့ရသည်။

မုခ်ဦး၏ လက်ဝဲဘက်ကုန်းတော်တွင် ဘားမဲ့ဆရာတော် အထိမ်းအမှတ်စေတီ တည်ထားသည်။[ပုံ-၉]

ညောင်ရမ်းခေတ်ကာလ ထင်ရှားခဲ့သော ဘားမဲ့ဆရာတော်ကြီးသည် ဂစ္ဆဂိရိခေါ် ဖင်းကျိုက်ဆံတော်ရှင်ကိန်းဝပ်ရာ တောင်ထွတ်၏ အနောက်ကပ်လျက် တောင်ခုလတ် ခြသေ့နှစ်ကောင်မုခ်ဦးမှ ခြေကျင်တက်ရသော စောင်းတန်းလှေကားလမ်း၏ ထက်ဝက်ခန့်တွင် သီတင်းသုံးတော်မူခဲ့၍ ထိုနေရာကို **"ဘားမဲ့ကုန်းတော်"**ဟု လူသိများလေသည်။

ဘားမဲ့ဆရာတော် အထိမ်းအမှတ် စေတီကုန်းတော်သို့ တက်ရောက်ဖူးမြော်ကာ ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရာ **ဝိဇ္ဇာညီနောင် စေတီနှစ်ဆူကို** လှမ်း၍ ဖူးတွေ့ရသည်။

ထိုစေတီနှစ်ဆူ ရင်ပြင်တော် ကျဉ်းမြောင်းလှ၍ အောက်ခြေမှ စောင်းတန်း

www.burmeseclassic.com

…များ ဆီးကာထားသဖြင့် ဤ …မှပင် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ …သည်။[ပုံ–၁၀၊ ပုံ၁၁]

…ဘုရင် မနူဟာမင်းလက်ထက် **…သက္ကရာဇ် ၄၀၀ ပြည့်နှစ်ခန့်** …ပဋိက္ခရားနယ်မှ လှေသင်္ဘော …၍ သောင်တင်လာသော ဗျတ်ဝိ၊ …ညီနောင်သည် ဖင်းကျိုက်တောင် …သူတစ်ပါးထံ ခိုလှုံ၍ ဝိဇ္ဇာအတတ် … လေ့လာကျင့်ကြံနိုင်ခဲ့ကြသည်။

…ကိုဖိုဝင်သား စားမိ၍ သိဒ္ဓိပြီးသူ …ကြရာ ဆရာရသေ့က ဘုရင့်ထံ …ရန် လမ်းညွှန်တော်မူသည်။

…ထုံပြည်ကြီးကား ကျွမ်းသူပုန်တို့ …ကြောင့် မငြိမ်မသက်ဖြစ်နေ၍ ဖွံ့ဖြိုး …ကားနေသော ပေါက္ကာရာမသို့ …ရောက်စေသည်။

…ညီဖြစ်သူ ဗျတ္တက ဆရာ့စကား …တိုင်း ပေါက္ကာရာမသို့ သွားရောက် …သော်လည်း အစ်ကိုဗျတ်ဝိမှာ …သမီး မအိုဇာနှင့် ချစ်ကျွမ်းဝင် …မှုနေသဖြင့် မခွဲနိုင် မခွာရက် …နေရ၏။

ထို့နောက် မြို့ဝန်၏ ဥဖါယ်တံမျဉ် …လုပ်ကြံမှုကြောင့် သထုံမြို့တွင်ပင် …နှံချုပ်ငြိမ်းခဲ့ရလေသည်။

ဤကုန်းတော်ကလေးကား ဗျတ်ဝိ၊ …ညီနောင် ကျင်လည်နေထိုင်ခဲ့ရာ …ရာ ဖြစ်သောကြောင့် ဝိဇ္ဇာညီနောင် …တီနှစ်ဆူကို ရည်စူးတည်ဆောက် …ခြင်းဖြစ်သည် ဆိုလေသည်။ [ပုံ–၁၂]


**၁၉၃၀ ပြည့်လွန်နှစ်များ**မှ စ၍ …ဘာမော့မြိုင် ဆရာတော်ကြီး …သီတင်းသုံးခဲ့သည့် ၁၉၈၀ ပြည့်လွန် …နှစ်များအထိ ဤကုန်းတော်၌ စေတီ …တိုနှစ်ခုသာ ရှိခဲ့၏။[ပုံ–၁၃]

ယခုအခါ စေတီနှစ်ဆူကို မွမ်းမံပြီး၍



ပုံ(၁၁) ဝိဇ္ဇာညီနောင် စေတီကုန်းတော်

ပုံ(၁၂) ဝိဇ္ဇာညီနောင်ကုန်းတော်အခြေ



ဆံတော်ရှင်ကုန်းတော်မှ ကြည့်လျှင် လွန်စွာ သပ္ပါယ်လေသည်။ ကုန်းတော် အနောက်ဘက် ချောက်ကမ်းပါး နံရံ၌ **"ရသေ့မ"**ဂူရှိ၏။ **ထိုဂူတွင် ဆရာ တော်ကြီး ရက်အတန်ကြာ သီတင်း သုံးခဲ့ကြောင်း သိရလေသည်။**

ယခုအခါ သာမန်ကျောက်ဂူငယ် အဖြစ်သာရှိ၍ သီတင်းသုံးသော ရသေ့ ရဟန်း မရှိဟု ပြောကြသည်။

## သိတာန်ဆောင်း

ဝိဇ္ဇာညီနောင်ကုန်းတော် အခြေတွင် ဆံတော်ရှင်ကုန်းတော်သို့ တက်ရာ လှေကားစောင်းတန်းရှိ၏။ ယင်း လှေကား၏ လက်ဝဲဘက်၊ အောက် အနိမ့်တွင် စကားပြောသံများ ကြားရ သဖြင့် ဆင်းကြည့်ရာ အုတ်တိုက် ကျောင်းတစ်ဆောင်ကို သစ်ပင်များ အကြားတွေ့ရ၏။

ဆံတော်ရှင်စေတီအား ထိန်းသိမ်း စောင့်ရှောက်လျက် သီတင်းသုံးနေ သော ဆရာတော်တစ်ပါးရှိ၏။ ခရီး ထွက်ကြွနေသဖြင့် ကျောင်းတံခါးများ ပိတ်ထားပါသည်ဟု ကပ္ပိယ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၁၃) ဆံတော်ရှင်ကုန်းတော်မှ မြင်ရသော ဝိဇ္ဇာညီနောင်စေတီမြင်ကွင်း

နှစ်ဦးက ပြောပြသည်။ ကျောင်းအနီးရှိ ဆွမ်းချက်ဆောင်၌ ချက်ပြုတ်နေကြခြင်းဖြစ်သည်။

သေချာစွာ မေးမြန်းကြည့်သော အခါ ရှေးယခင် နှစ်ပေါင်း(၄၀)ခန့်က ကျွန်ုပ်တို့ ခက်ခက်ခဲခဲ ဆင်းသက်လှေလာခဲ့ရသည့် **"သံတန်ဆောင်း"** **နေရာ** ဖြစ်ကြောင်းသိရ၏။

ယင်း၏ အနောက်ဘက် လှိုဏ် အတွင်း၌ သုံးထပ်ဂူရှိ၍ ပထမထပ်သို့ ရောက်ဖူးသည်ဖြစ်ရာ လမ်းစ ရှာဖွေ ကြည့်ရာ ချုံနွယ်များသာ တွေ့ရ၏။ အောက်သို့ အနည်းငယ်မျှ ဆင်းသက်လှေလာနိုင်ပါက သုံးထပ်ဂူရှိရာကို မှန်းဆနိုင်ပေမည်။

အမျိုးသမီးလေးများက ဆရာတော် မရှိသဖြင့် ခွင့်မပြုဝံ့ကြောင်း တောင်းတောင်းပန်ပန် ပြောဆိုကြသဖြင့် သံတန်ဆောင်းနေရာရှိ အုတ်တိုက် ကျောင်းသစ်နှင့်တကွ ပတ်ဝန်းကျင် ရှုခင်းကိုလည်း ဓာတ်ပုံမှတ်တမ်း မပြု ဖြစ်ခဲ့ချေ။

သံတန်ဆောင်းမှ အနောက်ဘက် လှိုဏ်ကလေးကို ကျော်လိုက်ပါက လူ (၁၅)ဦးခန့် နေထိုင်နိုင်သော တောင်ခါးပန်း မြေညီရှိ၏။ ထက်ဝက်ခန့်မှာ ကျောက်ဖျာအစွန်း အုပ်မိုးထားကာ သဘာဝကျောက်မဏ္ဍပ် ဖြစ်နေသည်။

တောင်ဘက်တွင် တောင်နံရံရှိ၍ အင်္ဂတေဖို့ပိတ်ထားသော ကျောက်ကြားလှိုဏ်လမ်း ဥမင်တစ်ခုရှိ၏။

လူတစ်ယောက် ချောင်ချိစွာ သွားလာနိုင်သည်။ **ထိုဥမင်အတိုင်း ဝင်သွားပါက ဆံတော်ရှင်စေတီ၏ ဌာပနာတိုက်တွင်းသို့ ရောက်သည် ဆို၏။**

**ကိုယ်တိုင် ဝင်ရောက်ဖူးခဲ့သော တိုင်းရင်းဆေးဆရာ ဦးသက်ဝင်** **(ကတွန်ကျေးရွာ၊ ပေါင်မြို့နယ်)**နှင့် အတူ ကျွန်ုပ်တို့ ငါးဦးခန့် လိုက်ပါ လှေလာသောအခါ ဥမင်လမ်းဝကို အင်္ဂတေဖြင့် ဆို့ပိတ်ထားပြီး ဖြစ်သည် ကို တွေ့ရ၏။

အင်္ဂတေပင် ကောင်းစွာ မခြောက် သေးသဖြင့် ပိတ်ထားသည်မှာ ရက် ပိုင်းသာ ရှိသေးကြောင်း မှန်းဆရ **၁၃၃၉ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ်(၁)ရက်နေ့တွင် မြင်တွေ့ ရခြင်းဖြစ်သည်။**

ထိုကွက်လပ်သည် ပထမရှုမြင် ဉာဏ်သိတော်ဆောက်တည်ပါက အာဟာရကို အလိုအလျောက် ဖြည့် ပေးသည်ဟု ဦးသက်ဝင်က ကိုယ်တိုင် ကျွန်ကြီးစဉ်က အတွေ့အကြုံကို ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုမှ ကျောက်စွန်းများကို တွဲခိုကာ **အောက်ခြေသို့ ဝါးနှစ်ပြန် (၂၀-၃၀)ခန့် ဆင်းသွားပါက ဒုတိယဂူသို့ ရောက်သည်။** လေ,မိုး လုံခြုံသော ကျောက်လိုဏ်သဘာဝဂူ ဖြစ်သည်။ လူ(၆)ဦးခန့် နေနိုင်သည် ဆို၏။

ထိုမှအောက်ဘက် ဝါးတစ်ပြန်ခန့် ဆင်းကား **တတိယဂူ**ရှိသည်။ လူတစ်ဦး ထိုင်လျောင်းနေနိုင်သည်။ ထို **ဒုတိယထပ်ဂူနှင့် တတိယထပ်ဂူသို့**ကား ကျွန်ုပ်တို့ မရောက်ဖြစ်ခဲ့ပါ။


ကမ္မဋ္ဌာန်းတရားကို ကောင်းစွာ ကျင့်ကြံ အားထုတ်သူများအတွက် ပြည့်စုံသော ကူညီပံ့ပိုးမှုများ ဒိဋ္ဌရရှိစေသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာမြို့နယ် နယ်လှည့်အားထုတ်သူ ဦးကြည် ပုဂ္ဂိုလ်ထူးတစ်ပါး တိုက်ကျွေးသည့် ဆေးကို မှီဝဲရကာ အသက်ရှည် အနာကင်းစွာဖြင့် သာသနာပြု လုပ်ငန်းများ ပြုလုပ်နိုင်ခဲ့သည်ဟု ၂၀၀၀ ပြည့်နှစ်တွင် နွားလပို့တောင်၌ ဆုံတွေ့စဉ် ပြောပြခဲ့လေသည်။ ***[မိတ်ဆွေဖြစ်သူ ဆရာဦးသက်ဝင်းမှာ ၂၀၀၀ ပြည့်ခန့် အသက် (၈၆)နှစ်အရွယ်၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း သူ၏မြေးထံမှ သိရှိရသည်။]***

## နဂါးမယ်တော်

မြောက်ဘက်စောင်းတန်း **[ပုံ-၁၄]** သည် ဘုရားထပ်များအတိုင်း ဆံတော်ရှင် ကုန်းတော်သို့ တက်ခဲ့ရာ စောင်းတန်း နံဘေးတွင် ရုပ်တုရုပ်လုံးများ ပြုလုပ်ထားသည်ကို တွေ့ရ၏။

ဆေးကြိမ်လုံး ထမ်းထားသော ဇော်ဂျီရုပ် နှစ်ခုတွဲ၍ တွေ့ရတတ်သည်။ ဝိဇ္ဇာညီနောင်ဟု ခေါ်ကြသော



▲ ပုံ(၁၄) ဆံတော်ရှင် မြောက်ဘက်စောင်းတန်း

**ဗျတ်ဝိ,ဗျတ္တ** ညီနောင်ကို ရည်ညွှန်းဟန်ရှိ၏။

ဇော်ဂျီကို နီညိုရောင် ဝတ်စုံဝတ် ပုဂ္ဂိုလ်အဖြစ် သိမှတ်ထားရာ ဤတွင် **အစိမ်းရောင်ဝတ်စုံနှင့် ဇော်ဂျီကို ထူးဆန်းစွာ တွေ့ရလေသည်။**

ယင်းနှင့်အတူ နဂါးရုပ်တုများ၊ နဂါးခေါင်းဆောင်းနှင့် အမျိုးသမီး ရုပ်တုများလည်းတွေ့ရသည်။**[ပုံ-၁၅]** ယင်းမှာ ဝိဇ္ဇာနှင့် ပျော်ပါး၍ နဂါးဥများ ထားရစ်ခဲ့ကြသည့် နဂါးမယ်တော်များကို ရည်ညွှန်းကြောင်း သိရသည်။

ဤအရပ်ဒေသကား နဂါးမများ ကျက်စားလေ့ရှိသော အရပ်ဒေသ ဖြစ်သည်။ ပင်လယ်တွင်း မနီးမဝေးရှိ သပြေပင်ကျွန်း **(မွန်ဘာသာဖြင့် "ကော့ကရင်"ဟုခေါ်၏။)**တွင် နေထိုင်ကာ ကမ်းခြေ၊ တောင်ခြေသို့ လူယောင်ဆောင်၍ လာရောက် ကျက်စားလေ့ ရှိကြသည်။

ထိုအခါ ဝိဇ္ဇာဓိုရ်များနှင့် ပျော်ပါးကာ ရရှိလာသော သန္ဓေနဂါးဥများကို ကမ်းခြေ၌သာ ဥချထားကာ ပင်လယ်တွင်းသို့ ပြန်ဆင်းသွားလေ့ ရှိကြသည် ဆို၏။

သထုံဘုရင် သူရိယစန္ဒာ(ခေါ်) တိသသမ္မသီဟရာဇာ၏ မိခင်သည် လည်းကောင်း၊ မိဖုရားခေါင် နာဂသူဇာ၏ မိခင်သည်လည်းကောင်း၊ သာသနာ သက္ကရာဇ် ၁၉၁ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိ သထုံပြည်ပျက်၍ **"ဥဒ္ဒိန္နရာဇာမင်း"** မြို့သစ်တည်သော ဧည၀တီ(စမ္ပါနဂိုရ် လကွန်းဗျည်း) မင်းဆက် (၁၂)ဆက် မြောက် သိန္နဂါမင်း၏ မိဖုရားခေါင် ဝိမလဒေဝီ၏ မိခင်သည်လည်းကောင်း နဂါးမယ်တော်များ ဖြစ်ကြလေသည်။

**[သိန္နဂါမင်းနှင့် ဝိမလဒေဝီ မိဖုရားခေါင်တို့မှ သားတော် သမလ နှင့်ဝိမလတို့ ဖွားမြင်ခဲ့ရာ ထိုမင်းညီနောင်သည် ဟံသာဝတီ(ပဲခူး)မြို့တော်ကို စတင် ထူထောင်ခဲ့ကြသည်ဆို၏။]**

သူရိယစန္ဒာမင်း၏မိခင် နဂါးမယ်တော်သည် ဆံတော်ရှင်စေတီ တည်စဉ်က သဒ္ဓါထက်သန်စွာဖြင့် မျက်လုံးကို ထုတ်ယူလှူဒါန်းရာ ဆံတော်ကြွတ် ဖြစ်သွားသည်ဆို၏။

ထို့ကြောင့်ပင် စေတီဘွဲ့တော်ကို **နဂါးမမျက်လုံးစေတီ (ကျိုက်ဗရယ် မွတ်နတ်)**ဟု မွန်ဘာသာဖြင့် ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထို့အပြင် ဂဠုဂီရိတောင်ထွတ် တည်ရှိပုံမှာ နဂါး ပါးပျဉ်းထောင်နေသည့်ဟန်ဖြစ်ကာ နဂါးတို့ ကျင်လည်ရာနေရာ ပြယုဂ်ဖြစ်သည် ဆိုကြ၏။

သာသနာတော်ကို အထူး ကြည်ညို ကိုင်းရှိုင်းကြလေရာ သာသနာ့အကျိုး ဆောင်ရွက်သူ၊ ကမ္မဋ္ဌာန်းဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၁၅) နဂါးမယ်တော်နှင့် (ဗိန္ဒာ)ဖော်ရှိရုပ်နှစ်ခု

ဆောက်တည်သူတို့ကို အထူးပင် ကူညီ စောင့်ရှောက်ပေးကြသည်ဟု ကျင့်ကြံအားထုတ်သူများက ပြောပြကြလေသည်။

နဂါးတို့သည် တောင်ခြေ မနီးမဝေး ပင်လယ်ပြင်ရှိ **သမြေပင်ကျွန်း (မွန်ဘာသာဖြင့် "ကော့ကရင်")**တွင် မှီတင်းနေထိုင်ကြသည်ဟု ရှေးသမိုင်း၌ ဖော်ပြထားသည်။

ယခုအခါ ပေါင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်(ဘီလူးကျွန်း) အကြားနှံ့တင်မြေ လယ်ကွင်းပြင်၌ **"ကော့ကရင်" ကျေးရွာ**သည် နှစ်ကာလ ရှည်ကြာသော ကာလကပင် တည်ရှိခဲ့သည်ဆိုသဖြင့် ဆက်စပ် တွေးတောဖွယ်ရာ ဖြစ်လေသည်။

သရက်ပင်စခန်းမှ မြောက်ဘက် စောင်းတန်းမုခ်ဦးသို့ ခရီးတစ်မိုင်ခန့်ရှိသည်ဆို၏။ ယခုအခါ ထိုခရီးကို အင်္ဂတေကားလမ်းဖောက်လုပ်ပြီးစီးပြီဖြစ်၍ ဆိုင်ကယ်များနှင့် လေးဘီးမောင်း ကားငယ်များ သွားလာနိုင်ကာ မုခ်ဦးအနီးသို့ ရောက်ရှိနိုင်ပြီဖြစ်၏။

## ဦးခိုက်ပူဇော် ဆံရှင်ကျော်

ဘုရင့်နောင်မင်းတရားကြီး ဘိတ်(မြိတ်)၊ ထားဝယ်၊ ယိုးဒယား(ထိုင်း)သို့ စစ်ချီရာတွင် ဖြင်းနတ်ဆံတော်ရှင်စေတီအား ရှိခိုးပူဇော်ခဲ့ကြောင်း **နဝဒေးကြီးက သူ၏ "မြင်းမိုရ်နှင့်သာ"** ချိုးပိုဒ်စုံရတုတွင် အောက်ပါအတိုင်း ရေးဖွဲ့ထား၏။

'လျှပ်သွင်စကြာ၊ အဝိညီးညီး ဆောင်ထီးကိုယ်ပါ။ ကြားနာပန်းတင်၊ ခုံမြင်ကြွားကြွား။ ပုံညွှားဖွယ်လိ၊ ထပိသိမှူးမော်၊ ဆံရှင်ကျော်ကို ရွှေလျော်ချပ်လွှာ၊ မြလွှာလွှာဖြိုး။ သာနိုးခိုင်ဖြည့်၊ ညှို့သည့်ပုပ္ပာ၊ ကွမ်းယာလာဘက်ရှိပန်ဆက်၍' *[မူရင်းသတ်ပုံအတိုင်း]*

သိကြားဘုံဗိမာန်သို့ ရောက်လုနီးနီး မြင့်မားလှသော တောင်ထွတ်တောင်ဖျားရှိ ဆံတော်ရှင်စေတီတော်မြတ်သည် ပျံကြွသွားလုမတတ် ထင်မှတ်များရ၏။

မျက်စိသီဝေ မူးမော်လောက်အောင်ပင် မြင့်မားမတ်စောက်လှသည်။ စေတီတော်အား ရွှေစစ်သင်္ကန်းများ ကပ်လှူ၍ ပန်း, ဆီမီး, ရေချမ်း, လက်ဖက်, ကွမ်းယာ ပူဇော်ဖွယ် စုံလင်စွာဖြင့် ဆက်ကပ်ပူဇော်ခဲ့သည်ဟု ဖွဲ့နွဲ့ရေးသားထားခြင်း ဖြစ်လေသည်။

အလားတူပင် **အနောက်ဘက်လွန်မင်းထက်ထက်(အေဒီ ၁၆၀၅ ခုနှစ်–၁၆၂၈ ခုနှစ်) မင်းရေးယျရန္တမိတ်၏ "တာဝတီသာ" ချီ ဘုရားတိုင်ရတု**၌ လည်းကောင်း...

ကုန်းဘောင်ခေတ် **ဘိုးတော်ဘုရားလက်ထက် မုဋ္ဌမမြို့စား "သီရိမဟာသီဟသူ" စေရတုများ**တွင် လည်းကောင်း...

ဖြင်းနတ်ဘုရား၏ တင့်တယ်သပ္ပါယ်ပုံနှင့် ဝန်းကျင်ရှုခင်းသာများကို စိတ်ဝင်စားဖွယ် လေ့လာနိုင်ကြလေသည်။

## ရှေ့တော်မှောက်ဝယ်

စောင်းတန်းလှေကားများ အဆုံးတွင် ဆံတော်ရှင် ကုန်းတော်ရင်ပြင်မြောက်ဘက်သို့ ရောက်ရှိသည်။

မဟာသက္ကရာဇ် ၁၁၂ ခုနှစ်တွင် တိဿရသေ့သည် ကိတ္တိမ သားသမီးများဖြစ်ကြသော သထုံဘုရင်နှင့် မိဖုရားခေါင်တို့ ဦးဆောင်စေ၍ အများကောင်းမှုဖြင့် ဆံတော်ရှင်စေတီကို တည်ထားကိုးကွယ်ခဲ့သည်။

ထို့နောက် သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သာသနာပြုမထေရ် သောဏဥတ္တရနှင့် ရဟန္တာငါးပါး ဦးဆောင်မှုဖြင့် စူဠသီရိမာသောကခေါ် ရာဇာစောဝေမင်းက **ဥာဏ်တော် (၁၈)တောင်အထိ** ဆက်လက်မွမ်းမံပူဇော်သည်။

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားစူး၊ ကျိမ်းစူးသူများအတွက်

# တိုက်ဆိုင်တာလား ကံကြမ္မာလား



သိရှိသူ သုတေသီပညာရှင်များမှ ဖော်ထုတ် ရေးသားပေးကြပါ

…ပဝေသဏီ မင်းများမှသည် …ကြီးများလက်ထက်အထိ ဘုရား၊ …ကျောင်း၊ ကန်၊ ဇရပ်များကို ဆောက် …လှူဒါန်းကြပြီး ၎င်းဘုရား၊ ကျောင်း၊ …ကန် ဇရပ်များကို ဖျက်ဆီးသူများသည် …ပွင့်တော်မူမည့် အရိမေတ္တေယျ …ဘုရားကို မဖူးရစေ (သို့မဟုတ်) …ဒုက္ခမျိုးစုံနှင့် ကြုံတွေ့ကြပါစေ …ညြဖင့် ကျိန်စာအမျိုးမျိုးထား၍ …နိုးတတ်ကြပါသည်။

…ဖျက်ဆီးကြသူများမှာလည်း အမှန် …ယယ်ပင် ဘေးဒုက္ခမျိုးစုံနှင့် ကြုံတွေ့ …ရသည်ကို ကျွန်တော်တို့ငယ်စဉ်မှ …အချိန်ထိ ဖတ်ဖူး၊ မှတ်ဖူး၊ ကြား …ကြရပါသည်။

…အချို့ဆိုလျှင် ဘုရားကျွန်အဖြစ်နှင့် …စဉ့်မြေးဆက် ဘုရား၏ဝေယျာဝစ္စ …များကို လုပ်ရင်းကိုင်ရင်း တောင်းရမ်း …သောက်နေရသည်မှာ ယနေ့ …တိုင် မြင်တွေ့နေရဆဲ ဖြစ်ပါသည်။

…နည်းတူစွာ ကျွန်တော်တို့နယ် …တွင် **"ဘုရားစူး၊ ကျိမ်းစူးမျိုး"**ဟု …ကာ လူတော်တော်များများက …ကွင်း၍ အရေးမလုပ်၊ မဆက်ဆံ …ယယ်ခံနေရသော မိသားစုဝင် …တော်များများလည်း ရှိနေကြပါ …သည်။

ဘုရားစူး၊ ကျိမ်းစူးမျိုးဆိုသည်မှာ …ကြောင်းအရာတစ်ခုခုကို တစ်ဖက် …တစ်ဖက် တစ်ဦးနှင့်တစ်ဦး အငြင်း …ဖြစ်ကြရာမှ မိမိကသာလျှင် ဟုတ် …ကြောင်း ကျိမ်းကိုင်၍ သစ္စာဆိုကြ … ထိမ်လည်၍ ကျိမ်းသစ္စာကျိန်ဆို သူကို **"ကျိမ်းစူးသူ"**ဟု ခေါ်ပြီး ယင်းတို့မှ ပေါက်ဖွားလာသော မိသားစုဝင်များကို**"ကျိမ်းစူးမျိုး"**ဟုခေါ်ပါသည်။

ထိုသူများလည်း အမှန်တကယ်ပင် ဘေးဒုက္ခမျိုးစုံနှင့်ကြုံတွေ့နေကြရပါသည်။

ဥပမာတစ်ခု တင်ပြရသော် ဦးထွန်းခိုင်နှင့် ဦးဖိုးမောင်တို့သည် အလွန်ချစ်ခင်ရင်းနှီးကြသော သူငယ်ချင်းနှစ်ဦး ဖြစ်ကြပါသည်။ ဦးထွန်းခိုင်တွင် လုပ်ကိုင်စားသောက်စရာ လယ်ယာများ ပေါများသော်လည်း ဦးဖိုးမောင်မှာမူ လုပ်ကိုင်စားသောက်စရာ လယ်ယာများမရှိသဖြင့် ကျဘမ်းအလုပ်ကိုသာ လုပ်ကိုင်စားသောက်နေရပါသည်။

ထို့ကြောင့် ဦးထွန်းခိုင်မှ ဦးဖိုးမောင်အား သူပိုင်လယ်ယာများထဲမှ အချို့ကို အပိုင်ပေးခြင်းမဟုတ်သော်လည်း ခေတ္တလုပ်ကိုင်စားသောက်ရန် ခွဲဝေ၍ ပေးခဲ့ပါသည်။

နှစ်ပေါင်းများစွာကြာမြင့်လာသောအခါ ဦးထွန်းခိုင်မှာ ကွယ်လွန်သွားရှာပါသည်။

ထိုအခါ ဦးထွန်းခိုင်၏ သားသမီးများက ဦးဖိုးမောင်ထံမှ ယင်းတို့၏ဖခင် ပေးထားခဲ့သော လယ်ယာများကို ပြန်လည်၍ တောင်းဆိုခဲ့ရာ ဦးဖိုးမောင်သည် ထိုလယ်ယာများကို ပြန်လည်မပေးနိုင်ကြောင်း၊ ထိုလယ်ယာများမှာ သူပိုင်ဆိုင်သောလယ်ယာများဖြစ်ကြောင်း ငြင်းဆိုခဲ့ရာမှ ပြဿနာဖြစ်ကြပါတော့သည်။

နောက်ဆုံးတွင် သူကြီးအိမ်ရောက်ကာ ဦးဖိုးမောင်သည် ကျိမ်းသစ္စာကျိန်ဆို၍ သူပိုင်လယ်ယာများဖြစ်ကြောင်း ငြင်းဆိုပါတော့သည်။

နှစ်များ မကြာမီမှာပင် ဦးဖိုးမောင်သည် စီးပွားရေးများ ကျဆင်းလာပြီး ကျန်းမာရေးပါချို့တဲ့လာကာ သူပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ရောင်းချ၍ ဆေးကုသလာခဲ့ရာမှ ဦးထွန်းခိုင်ခွဲဝေပေးထားသော လယ်ယာများပါ မကျန် ကုန်ဆုံးခဲ့ပြီး နောက်ဆုံးတွင် အသက်ပါ ဆုံးရှုံးခဲ့ရပါတော့သည်။

ဦးဖိုးမောင်၏ မိသားစုဝင်များနှင့်အတူ ယင်းတို့မှ ပေါက်ဖွားလာသော သားစဉ့်မြေးဆက်ထိ "ကျိမ်းစူးမျိုး"ဟု ဆိုကာ အများ၏ဝိုင်းပယ်ခြင်းကို ခံနေရရုံမျှမက လုပ်ကိုင်စီးပွား မဖြစ်ထွန်းဘဲ ဆင်းဆင်းရဲရဲနှင့် ရှိနေကြပါသည်။

**အချို့သောသူများမှာ ချမ်းသာသောသူများနှင့် အိမ်ထောင်ကျ၍ စီးပွားရေး အဆင်ပြေသော်လည်း အမှုအခင်းမျိုးစုံ ပြဿနာပေါင်းစုံနှင့် အမြဲလိုလို ကြုံတွေ့နေရတတ်ပါသည်။**

ထိုသို့သော မိသားစုဝင်များ၏ ဘေးဒုက္ခအပေါင်းတို့မှ ပြေပျောက်စေလိုခြင်းအလို့ငှာ **"ယတြာကောင်းလျှင် မင်းလောင်းပျောက်တယ်"** ဆိုသော စကားရှိသည်နှင့်အညီ **ထိုအခက်အခဲများကို ပြေပျောက်စေနိုင်သည့် နည်းလမ်းများ အစီအရင် ယတြာများ ရှိခဲ့ပါက သိရှိသူ သုတေသီပညာရှင်များမှ ဖော်ထုတ်ရေးသားကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

*သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ။*

**ကိုဝင်းတင် (လယ်လှ)**
**အထက်မင်းလှ**



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

• • • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး




သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း။ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၅]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထို။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း။ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

**ဓဓ နှစ္စမှုရောင်ခြည်မရှု၊ဇင်း**

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ...*

*၃ဝ၆၃]*

လူတစ်ယောက်... ကိုယ်အား သိပ္ပံနည်း... ကျ သွေးစစ်ကြည့်ခြင်း... ဖြင့် **ယူရစ်အက်စစ်... အလွန် များနေခြင်း... အေအက်စ်အို သီတာ... ယူနစ်(၂ဝဝ)ထက် ... ခြင်း။ နောက်ဆုံး အာ... အေ စမ်းသပ်မှု၌ (+) ... အပေါင်းလက္ခဏာ... ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအခဝင့်ဆဝ့်တို့ကိုသိရှိနိုင်ပေသည်...

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ ကျောက်... ဝီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်... သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါ... သည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ။ ယာဉ်မောင်း... များ။ စက်ချုပ်သမားများ။ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေ... များ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း လေမှန်က... ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆...*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း။ ကျ... ခြင်း။ နှလုံးကျပ်ခြင်း။ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း။နှလုံး... အားနည်းခြင်း။ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးတို့**... သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း... ဉာဏ်ရည်ထက်မြက်စေသော **"သတ္တဂုဏ်"**နှင့် ပြည့်စုံသော... ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်း... ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော... အခါ၌ လည်းကောင်း။ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်း... ကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်း... ကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ... ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း- ၂၉ဝ၆၁ဝ အပြင် မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



◆ သာသနာကျွန်းအား
ထိန်းသိမ်းစောင့်ရှောက်နေသော
ဦးပဥ္စင်းတောသရ
ထိုစဉ် ရောက်ရှိခဲ့ကြ
လုံးယက်နှင့် ညက်တော်
ကိုဖြစ်ပွားနေသည့် ပြည်လုံးစေတီ ▶



ဟုလျှင်းဝိ

# သာသနာကျွန်း

## ၏ ဝိသေသနှင့် ခန်းယို့သျှတ္တရအမြင် ( ၂ )

ဆယ်ငယ်မှုအဆက်

စေတီတော်အနီးတွင် သာသနာ ကျွန်း ဘိုးဘိုး၏ နတ်ကွန်းတစ်ဆောင် ဆောက်ထားရာ အတွင်း၌ ရွှံ့နွားရုပ် ... နှစ်ကောင်ဆွဲသော လှည်းကလေး ... တင်းတောင်းငယ်များဖြင့် ... ထားသော စပါးစေ့များကို တွေ့ ... သည်။

... တ်ဝန်းကျင် လယ်မြေများမှ စပါး ... ထွက်တိုးစေရန် လှည်းကောင်း၊ ... သူမျိုးငါးပါး၏ ဘေးရန်မှ လွတ် ... စေရန်လည်းကောင်း ကျွန်းပိုင် ... တို့အား တိုင်တည်အပ်နှံကာ စပါး ... ချိန်တွင် မူလကတိအတိုင်း စပါး ... ရေ မည်မျှ၊ လှည်းစီးရေ မည်မျှ ... ၌ အတိအကျ လာရောက် လှူဒါန်း ထားကြခြင်း ဖြစ်သည်။

နတ်ကွန်းနံဘေးတွင် ပြိုပျက်နေသော ရွှံ့နွားရုပ်များ၊ လှည်းငယ်၊ တောင်းငယ်လေးများနှင့်အတူ စုပုံနေသည့်စပါးစေ့များစွာကို တွေ့ရှိရလေသည်။

ဂေါပက အဖွဲ့ဝင်တစ်ဦးဖြစ်သော သာသနာကျွန်းအနီး လယ်ယာလုပ်ကိုင်သူ ဦးမောင်က...

'ညရေးညတာ အရေးကြီးစွပေါ်

www.burmeseclassic.com





◄ ကျွန်းတိုင် ဘိုးဘိုးရုပ်တု

သာသနာ့ကျွန်းတိုင် ဘိုးဘိုးနတ်ကွန်း ►

ပေါက်လို့ ဖြစ်စေ၊ ပွဲလမ်းသဘင် သွားလိုလို့ဖြစ်စေ တဲမှာ အစောင့်အဖော် မရှိတဲ့အခါ သာသနာကျွန်း ဘိုးဘိုးကို စောင့်ရှောက်ပေးပါလို့ ရည်မှန်း တိုင်တည် အပ်နှံရတယ်။

လူတစ်ဦးမှ မရှိပေမယ့် အခြားလူစိမ်း၊ သူစိမ်း တစ်ဦးတစ်ယောက်က လာခေါ်ရင် ထူးသံပေးတယ်။ တဲရှေ့မှာ မီးခွက်ထွန်းခြင်း၊ တံမြက်လှည်းခြင်း စတဲ့ 'လူရိပ်လူခြည် ပြတဲ့အတွက် မကောင်းကြံသူ၊ ခိုးဝှက်သူတွေ လှည့်ပြန်ကြရတဲ့အကြောင်း တဲနီးနားချင်းတွေ ပြန်ပြောလို့ သိရပါတယ်'

ဟု ပြောပြသည်။

ယင်းနံဘေးတွင် ဦးရဲခေါင်နတ်ကွန်း၊ ကျွန်းနေ မကြီး ,မငယ် နတ်ကွန်း၊ ဒေ့ဝ်သည်နတ်ကွန်း စသည်တို့မှာ သစ်သားဆောင်ငယ်လေးများအဖြစ် တွေ့ရသည်။

နတ်ကွန်းများ၏ မြောက်ဘက်တွင် ဓမ္မာရုံတစ်ဆောင်ရှိလျက် ဦးပဥ္စင်း ဦးသုဝဏ္ဏကိုယ်တော် သီတင်းသုံးနေလေသည်။

'ဦးပဥ္စင်း ဒီနယ်ကို ရောက်စတုန်းက ဟိုကားလမ်းနံဘေး ကျိုက်ထီးရိုးလေး စေတီအနီး တောကျောင်းမှာ သီတင်းသုံးတယ်။ ဆွမ်းခံထွက်တဲ့အခါ မြွေဖါးတွေ ထုံကျည့်ပြီး မလျှောက်နိုင်လောက်အောင် ကျွန်းမာရေး ညံ့လာတော့ ဦးပဥ္စင်းကြီး အကူအညီနဲ့ သာသနာကျွန်းမှာ ပြန်နေတယ်။

ကျွန်းပေါ်က ရေပူတွင်းတွေနဲ့ အရပ်ဒေသ ကိုက်ညီလို့ပဲလား မပြောတတ်ဘူး။ ပကတိ ကျန်းမာစွာနဲ့ တရားဓမ္မ ကျင့်ကြံအားထုတ်နိုင်လာတယ်။ စိတ်နှလုံးကြည်လင်ပြီး ပစ္စည်းလေးပါးဒါယကာလဲ အထိုက်အလျောက် ပေါ်များလာပါတယ်'

တရားကမ္မဋ္ဌာန်းအလုပ်ဖြင့်သာ အချိန်ပြည့် မွေ့လျော်နေသော ဦးပဥ္စင်းသုဝဏ္ဏ၏ မိန့်ကြားချက်များ ဖြစ်သည်။

## သာသနာကျွန်း၏


## ခန့်ယို့ တည်ဆောက်ဖွဲ့စည်းပုံ

ခန့်ယို့သျှတ္တရဆိုင်ရာ သိဿထင်ရှား၍ ခွဲခြားရ လွယ်ကူသော အဆင်တန်ဆာများသဘာဝအလျောက် ဖြစ်တည်နေသည့် သာသနာကျွန်းမြေအား ဦးပဥ္စင်းဦးကေသရ၏ ဦးဆောင်

မှုဖြင့် လှည့်လည် ကြည့်ရှုစဉ်တွင် ... ရှေ့အလားအလာကို ပြတ်သား... မြင်ယောင်မိပေသည်။

အဓိက စေတီ၊ ရုပ်ပွားနှင့် ရေပူတွင်... များ၏ ပုံသဏ္ဌာန်မှာ (ကျင်းချိုးကွမ်... 金 牛 宮) ခေါ် ပြိဿရာသီ... နွားသိုးခေါင်းပုံသဏ္ဌာန် ဖွဲ့တည်နေ... သည်။

* * *




"ဆည်ဆောနှစ်ပါးနဲ့ ညဘက်... ဒီကျွန်းပတ်ဝန်းကျင်ကိုလည်း လက်... ခတ်မိရင် တုံ့ပြန်မှုရှိ ချက်ချင်း ဒို့... ရပါလိမ့်မယ်"





www.burmeseclassic.com

www.burmeseclassic.com



▲ ကျွန်းနေ မကြီးမထယ် နတ်ကွန်း

▼ ကတိအတိုင်း လာရောက် လျှိုနေသောသည့် လှည်းနွားတင်တောင်းနှင့် ပဲမျိုး



ဦးပဉ္စင်း၏ စကားကို ကြားမိသော ...ခါ နွားသိုးခေါင်းသင်္ကြန် ထူးခြားစွာ ...ည်မှုအား ဆင်ခြင်မိသည်။ လောက ...အတွင်း လျှို့ဝှက်ဆန်းကြယ်မှုများ ...တွင် သာသနာကျွန်း၏ ဝိသေသ ...ခုပင် ဖြစ်ပေလိမ့်မည်။

ဤကဲ့သို့ပင် ကျွန်း၏အနောက် ...က်တွင် ပေါက်ရောက်နေသော ...န်းပင်မှ "**ကြိုးကြာ လည်မော့ကာ ...ပေါ်လျှပ်ကူးပြေးဟန်**" ထန်းနို့ (...န်းသီးထွက်သော ရိုးညှာတံ)တစ်ခု ...အား ဦးပဉ္စင်း၏ တောရကျောင်းပေါ် ...င် တွေ့ရှိခဲ့ရသည်။


အခြားထူးခြားသော ဝိသေသတစ်ခုမှာ သမဲ့ပင်များ ကျွန်းအနှံ့ ရှင်သန်ပေါက်ရောက်နေခြင်း၊ ရေခရာပင်များလည်း သမဲ့ပင်ခြေတွင် ဝန်းရံခစားသကဲ့သို့ ပိုင်းပတ်ပေါက်ရောက်ခြင်းစသည် ရက္ခဖြစ်တည်ဟန် (木 行 မှုရှင်း) ဖြစ်သည်။

ယင်းတို့အား စုစည်းသုံးသပ်ပါက နွားသင်္ကြန်သည် မြေလွှာခက်ဖြာ (地 支 တိကျိုးရှဲ)ခေါ် အချိန်ကာလ သင်္ကေတ ( 丑 )ချိုအား ပိုင်ဆိုင်သည်။ မွေးနှစ်သခင် အစီအစဉ် အမှတ်(၂)ဖြစ်၍ သန်းခေါင်ကျော်(၁) နာရီမှ (၃)နာရီအတွင်းအား ပိုင်ဆိုင်သည်။

ဆည်းဆာနှစ်ပါးဖြစ်သော ညမှောင်စ၊ နံနက်လင်းစ အချိန်များသည် နွား၏ အိမ်ပြန်ချိန်၊ နိုးထချိန်များ ဖြစ်သည်။ ထို့ကြောင့်ပင် ယင်းအချိန်များ၌ ထူးခြားသော ဝိသေသတစ်ခုခု ဖြစ်ပေါ်နေမည် ဖြစ်သည်။

နွားအား တရုတ်ယဉ်ကျေးမှုနယ်ပယ်တွင် သနားကြင်နာတတ်ကာ သည်းခံဖွဲ့ရှိသော ခန္တီပါရမီရှင်အဖြစ် အမွှမ်းတင်ကြသည်။ မဟာကရုဏာရှင် ကွမ်ယင် လောကနတ်သားမှ လူသားထံ စေလွှတ်သော တမန်တော် သတ္တဝါ ဖြစ်သည်။

* * *



တောင်အရပ်မှ တွေ့မြင်ရသော သာသနာကျွန်း၊ ရေပူအိုင်များ၊ သာသနိကအဆောက်အအုံများ တည်နေပုံမှာ ( )ကျဲ့(Jiè) ဟူသော စာစကားအား အသော့နှင့် ရေးထားပုံ ( ) ဖြစ်သည်။ အဓိပ္ပာယ်မှာ "**တမန်**"ဟူ၍ ဖြစ်သည်။

ဖွဲ့ရှိ၍ သည်းခံတတ်သော နွား၏ သရုပ်နှင့် တမန်တော်ဟူသော (Jiè) စကားလုံးတို့ ပေါင်းစည်းကာ သာသနာကျွန်းမြေသည် တရိပ်ရိပ် တိုးတက်စည်ကားလာပေလိမ့်မည်။

နွား၏ မိဘမေတ္တာနှင့် မာနကျ...



www.burmeseclassic.com

www.burmeseclassic.com





◆ နတ်ကွန်းများအား သမဲ့ ရော၊ လယ်ယာမြေများနှင့်အတူ တွေ့ရစဉ်

◀ ရေရာသမ်များ ငြိမ်းနေသောသမဲ့ပင်

ကြမ်းတမ်းမှု သဘာဝသရုပ်များကြောင့် အံ့ဩဖွယ် ပြင်းထန်သော လျှို့ဝှက်စွမ်းအင်များ တည်ရှိနေခြင်း ဖြစ်သည်။

ကြိုးကြာပြေးဟန် ထန်းနို့ကား ရေမာတ် ပေါ်ကြွယ်သည့် သာသနာကျွန်းမြေအား ပြန်လည် စည်ကားစေသော နိမိတ်ဖြစ်သည်။

ကြိုးကြာတို့သည် ရာသီအလိုက် လှည့်လည် သွားလာ ကျက်စားကာ အချိန်တန်လျှင် မူရင်းနေရာသို့ ခရီးဝေးအား ဖြတ်သန်း ပျံလာစမြဲ ဖြစ်သည်။ ရေပေါ်လျှပ်ပြေးခြင်းက ရေမာတ်ကြွယ်သည့် သာသနာကျွန်းအား ရည်ညွှန်းခြင်း ဖြစ်သည်။

ထန်း။ ပေ စသည်တို့အား "**ကျုံး**" ဟု ခေါ်ဆိုကြလေရာ နည်းမှီးယူနိုင်သော သစ်ပင်ဟုလည်း အဓိပ္ပာယ်ရသည်။ နည်းမှီး စံယူခြင်း(宗)အား သစ်ပင်သင်္ကေတ ရေးထုံး( 木 )ဖြင့် ပေါင်းစည်းကာ (棕 ) ကျုံး(Zōng) ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် ထန်းနို့ (棕 榈 花 梗 Zōng Lií hūa gěng)မှ ကြိုးကြာ ရေပေါ် လျှပ်ပြေးဟန် ဖြစ်တည်နေခြင်းအား ရေမာတ်ကြွယ်သည့် သာသနာကျွန်းမြေအတွက် ထွန်းလင်းမှု ကောက်ချက်ချမှတ်ခြင်း ဖြစ်လေသည်။

အခြားဝိသေသဖြစ်သော ရက္ခဖြစ်တည်ဟန်အနေဖြင့် ခရာပင်သည် အရွက်ပေါ် ဆူးရောက်သဖြင့် သစ်သားမာတ် အခြေခံတွင် မီးမာတ်သင်္ကေတ ဆင့်၍ တည်ခြင်း ဖြစ်သည်။

ရေမာတ်သည် သစ်သားမာတ်ကို ထောက်ပံ့သကဲ့သို့ သစ်သားမာတ်မှ မီးမာတ်ကို ထပ်မံ ဖြစ်တည်စေပြန်ရာ ရှေ့ပူစိမ့်စမ်း ပေါ်ကြွယ်သော ကျွန်းမြေအတွက် အလွန် လိုက်ဖက်တင့်တယ်သော အဆင်တန်ဆာ ဖြစ်သည်။

တစ်ဖန် ကျွန်းလုံးပြည့် ဖွံ့ဖြိုး သန်စွမ်းလှသည့် သမဲ့ပင်မှ အကိုင်းအား မီးရှို့ခြင်းဖြင့် အခြားအစွန်းမှ ကျဆင်းလာသော သမဲ့ဆီသည် ပွေး၊ ဝဲယားနာမှအစ အရေပြားဆိုင်ရာ ဝေဒနာများအတွက် အစွမ်းထက်လှသော ဆေးတစ်လက်ဖြစ်ရာ ယင်းတို့ ခြံရံထားသော ရေပူအိုင်များ အရေပြား ယား

ဆိုင်ရာ ဆေးဖက်ဝင်မှု စွမ်းရည်

လိုက်ဖက်ညီလှသော ဖြစ်တည်

မှုရှင်း(Mu Xíng) ဖြစ်လေသည်။

ဤကဲ့သို့ ထူးခြားပုံဖော် ဖြစ်တည်

များအပြင် ဒိသာဗလခေါ် အရပ်မျက်

စွမ်းအားအခြေအနေများကို စိစစ်ပါ

လေအေးရိုင်းများ၊ ဆီးနှင်းမုန်တိုင်း

သခင် ရွှမ်းဝူ၊ စစ်သည်ညိုကြီး၏

ချမ်းသော အအေးလှိုင်းဒဏ်ကို

ကန်တော်မင်္ဂလာမှ အစဉ်အမြဲ ဖိတ်

စီးဆင်းနေသည့် ရှေ့ပူများက လုံလော

အောင် တားဆီးပေးနိုင်လေသည်။

ရေပိုင်နက်ဖြစ်သော မြောက်အရပ်

အေးမြသော ရေမာတ်အား အခုံ

ဆန့်ကျင်သည့် ပူနွေးသော ရေမာ

သည် ယင်းနှင့်ယန်း ဟန်ချက်

မျှတစေလေသည်။

အရှေ့ဘက်ဆီမှ မြင့်မြတ်သော

တိမ်ပြာနဂါးအား ကိုယ်စားပြုနိုင်

ကုလားမတောင်စွယ်မှ ကွေ့ကော

ညို့မှိုင်းသည့် တောင်ပြာတန်း

စွမ်းဆောင်ပေးလေရာ

တောင်ပေါ်သစ်တော သစ်သား

များ ပေါ်ကြွယ်လှသဖြင့် မီးအန္တရာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်င် စိုးရိမ်ဖွယ် ကောင်းလှသည်။

သို့သော် အနောက်ဘက်မှ "ပိုင်ဟူ" များရှိပိုင်ဆိုင်သော သတ္တုမြောက် အောင် သီးစားပင်များဖြစ်ခြင်း၊ မြို့ပြ ဆက်သွယ်ရေးပြယုဂ်ဖြစ်သော စွမ်းအင် သုံး ယာဉ်၊ ရထားများက သတ္တုနှင့်မီး သတ်နှစ်ပါးအား သဟဇာတဖြစ်စေ သည့် ကြားခံများဖြစ်နေခြင်း၊ ရစ်ခွေ စီဆင်းလာသည့် စမ်းရေ ချောင်းရေ များမှ မီးတောက်အား ထိန်းချုပ်နိုင်ခြင်း အကြောင်းတို့ကြောင့် တောင်ပေါ်တွင် သာမီးလောင်ခြင်း မကြာမကြာ ကြုံ တွေ့ရှုမှုသာ ဖြစ်နိုင်ခြေ ရှိလေသည်။

အနောက်အရပ် သတ္တုမြောက်သခင် များဖြူ၏ ရန်ကိုမှ ကျယ်ပြန့်သော ပင်လယ်ပြင်အား ကိုယ်စားပြု ကြားခံ ဖြစ်သည့် လယ်ကွင်းပြင်များက ပျော့ ပျောင်းစေလေသည်။

လူအများစု၏ အဓိက အာဟာရ ဖြစ်သော စပါးသီးနှံများ ပေါကြွယ်စွာ ထွက်ရှိခြင်းက သုခဝတီနိဗ္ဗာန်ပြည်၏ ဝင်းတံခါးမှူး "ပိုင်ဟူ" မှ ချီးမြှင့်သော သတ္တုမြောက် လက်ဆောင်ပဏ္ဏာများ ဖြစ်ကြလေသည်။

မုတ္တမကွေ့ ပင်လယ်အော်သည် အနောက်ဘက်နည်းတူ တောင်ဘက် တွင်လည်း ကွေ့ဝိုက် ကြားခံနေသော ကြောင့် ဖိုဝင်ငှက်၊ တာနီ ကျူးရွှဲ၏ မီးတောက်စွမ်းအင်များကို ပျော့ပျောင်းစေ သော နွေးထွေးမှုသို့ ပြောင်းလဲနိုင်ခဲ့ သည်။

* * *

ဤသို့ဖြင့် ဒီသာဗလ အရပ်မျက်နှာ ဆိုင်ရာ အားကောင်းခြင်း၊ ဌာနဗလရပ် တည်မှုဆိုင်ရာ တည်ငြိမ်ခြင်း၊ ဆက် နွယ် ပျော့ပျောင်းမှု သမ္ဗန္ဓဗလအား ဖြည့်စုံခြင်း စသည်တို့၏ ပေါင်းစည်းမှု ကြောင့် သာသနာကျွန်းနယ်မြေသည် နောင်အရှည်တည်ကာ သာသနာ ပွင့်လင်း ထွန်းကားနိုင်တော့မည် ဖြစ် သည်ကို ထူးခြားသော ဝိသေသများ နှင့် တွဲဖက်ကာ သုံးသပ်နိုင်ပေသည်။

- ◎ မိုးတွင်းအခါ ပတ်ဝန်းကျင် လယ်မြေများ ရေမွှေးဖွေး ပြည့်လျှံနစ်မြုပ်သော်လည်း ကျွန်း မြေပြင် ရေမလွှမ်း၊ ဒယ်အိုးယာ ဖြစ်တည်နေ သော သာသနာကျွန်း။
- ◎ ခံတက်၊ ခရာ၊ လမု၊ ကနစို၊ သမဲ့ စသည် အသုံးဝင် အဖိုးတန်သော ပရပင်များ။ ဆေးဖက်ဝင် ရေပူအိုင်များ ပေါများ တည် ရှိသော သာသနာကျွန်း။
- ◎ သမ္မာဝါယာမ၊ သမ္မာအာဇီဝဖြင့် ရိုးသားစွာ ကြိုးပမ်းနိုင်ကြောင်း နိမိတ်ကောင်း ညွှန်ပြနိုင် သော သာသနာကျွန်း။
- ◎ ဖရုသဝါစာ ကြမ်းတမ်းရုန့်ရင်းသော နှုတ်မှ အမူအရာတို့အား ယဉ်ကျေးဖွယ်ရာ တား မြစ်သော သာသနာကျွန်း။
- ◎ နက်ရှိုင်း၍ လျှို့ဝှက်ချက်များ ဆန်းကြယ်စွာ ဖြစ်တည်နေသော ရေပူနွံအိုင်များ ပေါများ သည့် သာသနာကျွန်း။

ဆီသို့ မိမိတို့ကိုယ်တိုင် သွားရောက် ကြည့်ညို၊ ကျင့်ကြံ၊ လေ့လာခြင်းအား ဖြင့် အကျိုးထူးကိုယ်စီ ရယူနိုင်ကြပါစေ ဟု လမ်းညွှန် ဆန္ဒပြုရလေသည်။

## ဟူရျင်းဖီ


ပရဒေသပင်များအတွက် ကျမ်းကိုး

❖ ပုံပြ ဆေးအဘိဓာန်၊ အရှင်နာဂသိန် (တတိယတွဲ)

◎ 话说中国

(中国北京·百万庄路 24号)

◎ ဘုရားသမိုင်းအား ဂေါပကအဖွဲ့မှ ဖြန့်ဝေသော ပြည်လုံးစေတီသမိုင်း စာစောင်မှ ရရှိပါသည်။




သာသနာကျွန်း၏ ခန်းမှန်းသျှဟ္တရ ဆိုင်ရာ ဖြစ်တည်မှုများ



www.burmeseclassic.com

www.burmeseclassic.com



▲ သိန်းငှက်ခြေကုပ်ဟန် မြန်မာ့ဆေးတံ

# ပမြင်ဖူးသေးသူများ မြင်ဖူးစေချင်

သိန်းငှက်ခြေကုပ်ဟန် မြန်မာ့ရှေးဟောင်းဆေးတံ

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ငွေတောက်ချောင်း ဖုံးစိုးစုကျေးရွာမှ အဘဦးမောင်လှိုင်ထံတွင် ထူးခြားသော ရှေးဟောင်းဆေးတံတစ်ခုကို တွေ့ရှိခဲ့ရသည်။

**ထိုဆေးတံမှာ သိန်းငှက်ခြေကုပ်ဟန် မြန်မာ့ရှေးဟောင်း သစ်သားဆေးတံတစ်ခုပင် ဖြစ်ပါသည်။**

အရှည်မှာ **ရှစ်လက်မခန့်ရှိပြီး** သိန်းငှက်၏ ခြေထောက်မှာ ဟန်ပါပြီး အနုစိတ် ထွင်းထုထားသည့်အတွက် မြန်မာ့ ရှေးဟောင်းပန်းပုလက်ရာကို မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**စီးကုန်းဆြာမော်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

## အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ ၊ ၁၁၀၆၇၂)  (တသဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂)  ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အညီလိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထို့အတူပင် ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး အပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အဲတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံ ရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေ အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါ ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား။" "ပေးပါ့ဗျာ၊ ပေးပါ့ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့်
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ သုန္ဒရ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၃၂/၉)၊ ဘုတလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၁၁၃ ။**




www.burmeseclassic.com


www.burmeseclassic.com

# စစ်ကိုင်းတောင်ရှိ သမိုင်းဝင်စေတီများ


ဏ၏ အောင်မြေနှင့် ပွိုင့်ပူဇော် ဂါထာတော်များ (၄၅)

အောင်မြေမြတ်
(စစ်ကိုင်းတောင်)





▲ ဖောင်တော်ဦးစေတီအရှေ့ဘက်မှ ဖောင်တော်ဦးစေတီတော်အား
ဖူးမြင်ရပုံ လက်ယာဘက်တွင် ဖောင်တော်ပွဲစေတီတော် တည်ရှိနေပုံ
◀ ဖောင်တော်ဦးစေတီတော်အား ဖူးမြင်ရပုံ
▼ ဖောင်တော်ပွဲစေတီတော်အား အဝေးမှ ဖူးမြင်ရပုံ



ဖောင်တော်ပွဲစေတီတော်

နမောတဿ ဘဂဝတော အရဟ
တော သမ္မာသမ္ဗုဒ္ဓဿ။

*[၃-ကြိမ် ရွတ်ဆိုပါ။]*

ဓာပိတံ စည်သူ ရာဇေန၊
ရွှေဖောင်တော်ပွဲ့ဝှ စေတီယံ။
ဝန္ဒာမိ ဗုဒ္ဓ ဥဒ္ဒိဿ၊
ဝိပ္ပသန္နေန စေတသာ။

*(ဦးညာဏမွေ၊ ဣန္ဒာသယ)*

မြန်မာပြန်

**အဟံ**–"..."ဟု နာမသမုတ် အကျွန်ုပ်သည်၊

**စည်သူရာဇေန**– အလောင်းစည်သူ ဟု ဓမ္မကျော်ကြား မင်းတရားသည်၊

**ဓာပိတံ**–ကိုးကွယ် တည်ထားအပ်သော၊

**ရွှေဖောင်တော်ပွဲ့ဝှ စေတီယံ**– ရွှေဖောင်တော်ပွဲဟု ခေါ်ဆိုပြုသည့် စေတီတော်ဖြစ်သော၊

**ဗုဒ္ဓံ**–သက်တော်ထင်ရှား မြတ်ဘုရားကို၊

**ဥဒ္ဒိဿ**–မှန်းဆရည်စူး၍၊

**ဝိပ္ပသန္နေန**–သဒ္ဓါရွှမ်းစို ကြည်ညို လှသော၊


**စေတသာ**–ချမ်းသာယိုဖိတ် ကုသိုလ် ဟိတ် စေတနာဖြင့်၊

**ဝန္ဒာမိ**–ရှိသေမြတ်နိုး ရှိခိုးပါ၏။

**ဘုရားတည်နှစ်**။ ။သက္ကရာဇ် ၄၅၄ ခုနှစ်။


**ဒါယကာ**။ ။ သိကြားမင်းပေးသော

www.burmeseclassic.com





◆ ဖောင်တော်ဦးစေတီ လိုဏ်ဂူအတွင်း စံပယ်တော်မူသော ရှေးဟောင်း
အင်္ဂတေလက်ရာရုပ်ပွားတော်အား ဖြည့်စွက် မှုမြင်ကွင်း
◆ ဖောင်တော်ဦးစေတီတော်အား ရှုထောင့်တစ်ခုမှ မြင်ကွင်းနှင့် အောင်မြေနေရာ
◆ ဖောင်တော်ဦးစေတီတော်မြတ်အား အဝင်မုခ်ဦးတွင်
တရုတ်နဂါးကြီးများဖြင့် တွေ့မြင်ကွင်း



ဘွဲ့ **သီရိတြိဘဝနာဒိတျာ ပဝရ ပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ** အမည်ခံယူတော်မူသော **"အလောင်းစည်သူ"**မင်း။

**တည်နေရာ။** ။ ထူပါရုံစေတီတော်ကြီး၏ တောင်ဘက်၊ ဧရာဝတီမြစ်ကမ်းနဖူး။

**ပွဲတော်ရက်။** ။ သတ်မှတ်ထားခြင်း မရှိပါ။

**အောင်မြေဌာန။** ။ ကျားညီနောင်၏ အလယ်တည့်တည့် ရုပ်ပွားတော်ရှေ့။

**အစောင့်အရှောက်။** ။ မြစိမ်းရှင်မယ်တော်။

**ထူးခြားချက်။** ။ အလောင်းစည်သူမင်းကြီးသည် သိကြားမင်း ပေးဆက်သော ကျောက်သားဆင်းတုတော်ရှင်ဖြူဘုရားနှင့် ဗောဓိညောင်သားရှင်လှဘုရားတို့ စေတီတော်တည်ရန် အဓိဋ္ဌာန်တော်ဖြင့် သက်နီးနက်ရွှေဖောင်တော်တွင် တင်ဆောင်၍ စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့်တကွ ပုဂံပြည်မှ ဆန်တက်လာခဲ့လေ၏။

အင်းဝမြို့နှင့် မျက်နှာချင်းဆိုင် စစ်ကိုင်းမြို့အနီးသို့ ရောက်ရှိလာခဲ့လေရာ ဖောင်တော် တွံ့ရပ်သွားလေ၏။ ဖောင်တော်ပါ မင်းချင်းတစ်ဦးမှ မြစ်အတွင်း ခုန်ဆင်း၍ စူးစမ်းလေသည်။

သက်နီးနက် ဖောင်တော်နှင့် ကျောက်ဆောင်အကြား၌ ကျောက်မီကျောင်းကြီး ကာဆီးနေသောကြောင့် ဖြစ်လေသည်။

**ထိုကျောက်မီကျောင်းကြီးမှာ ရှေ... ကြက်ကျ ရွှေကြက်ယက်စေတီတော် များကို စောင့်ရှောက်နေခြင်းဖြစ်ကြောင်း ရှေးလူပုဂ္ဂိုလ်များက ပြောဆိုကြ သည်။**

ဆည်းဆာအချိန်လည်း ဖြစ်သော ကြောင့် စစ်ကိုင်းဘက် ကမ်းနဖူးတွ... ရွှေဖောင်တော် ရပ်နားခဲ့လေ၏။

ဤဆိပ်ကမ်းနေရာမှာ အင်းဝဘုရင် နရပတိမင်းကြီး သက္ကရာဇ် ၈၀၅ ခုနှ... က ထူပါရုံစေတီတော်ကြီး ရွှေထီးတော်...

www.burmeseclassic.com





◄ မြိုင်ဖြူရှင် ဗိမာန်တော်အတွင်းမှ အင်းဝခေတ် ရွှေတောင်းရုပ်ပွားတော်အား ဖူးမြင်ရပုံ

▲ ဖောင်တော်ပွဲစေတီတော် အတွင်း မှန်ဦးအာရုံမှ ရှုပေါ်လှသော သင်္ကန်းတော် ဆင်မြန်းထားသည့် အင်းဝခေတ် ကျောက်ဖြူသားဆင်းတုတော်

▼ ဖောင်တော်ပွဲစေတီတော်မှ ဘိုးတော်ကြူ၏ အစီအစဉ်ဖြင့် ပြုလုပ်ထားသော ကျားမင်းကြီး



...ကျင်းပခဲ့သောအခါ စစ်ကိုင်း ...တော်သို့ အင်းဝနေပြည်တော်မှ ...စ်အင်္ဂါ(၄)ပါးနှင့်တကွ ရဟန်း ... ပရိသတ်များ အလွယ်တကူ ...ကျော် ဘုရားဖူးနိုင်ဖို့ တံတားကြီး ...ဆောက်ခဲ့ရာ ဌာနဖြစ်လေသည်။

...ထမဆုံး မြန်မာ့နည်းမြန်မာ့ဟန် ...မြန်မာ့လက်ဖြစ် ရောဝတီတံတား ...ဖြစ်လေ၏။

ကျွန်စစ်မင်း၏ မြေးတော် အလောင်းစည်သူမင်းကြီးသည် သက်နှင်းနက် ရွှေဖောင်တော် ဆိုက်ကပ်ရာ ဒေသများတွင် အထိမ်းအမှတ်အားဖြင့် **"ဖောင်တော်ဦး"**ဘွဲ့ အမည်ဖြင့် များစွာသော အရပ်တို့၌ တည်ထားခဲ့လေ၏။

အခြားသော ဆိပ်ကမ်းများတွင် **"ဖောင်တော်ဦးစေတီ"**တစ်ဆူစီသာ တည်ထားခဲ့သော်လည်း စစ်ကိုင်းအရပ်၌ကား အံ့ဖွယ်ဖြစ်ရပ်ကြောင့် **ဖောင်တော်ဦး၊ ဖောင်တော်ဝမ်းနှင့် ဖောင်တော်ပွဲစေတီတော် (၃)ဆူကို အရှေ့အနောက် အစဉ်အတိုင်း တည်ထားကိုးကွယ်တော်မူလေသည်။**

**"ဖောင်တော်ဦး" စေတီတော်**အား ဦးစားပေး တည်ထားခဲ့သော်လည်း ထူးခြားချက်မှာ စစ်ကိုင်းတစ်မြို့နယ်လုံးမှ ဒကာအများမှာ ရောက်ရှိခြင်း အလွန်နည်းပါးလှလေ၏။

**"ဖောင်တော်ဝမ်း စေတီတော်"**ကိုလည်း လာရောက် ပူဇော်သူ မရှိလောက်အောင် နည်းလှ၏။

**"ဖောင်တော်ပွဲ စေတီတော်"**ကိုသာ အထူးအားထား လာရောက်ပူဇော်သူများနှင့် စည်ကားနေလေ့ရှိလေသည်။

သို့အတွက် ကျွန်ုပ်က အဘွားဖြစ်သူ **"ဆရာမကြီးဒေါ်ပုံ"**အား သိလိုသမျှ မေးမြန်းခဲ့လေ၏။

'လှေတွေ၊ သင်္ဘောတွေဆိုတာ ရေစုန်ရေဆန်၊ လေစုန်လေဆန် ခရီးနှင်နေကြရတာဆိုတော့ ရေဒဏ်ကိုလဲ ခံကြရတယ်၊ လေဒဏ်ကို ကျော်ဖြတ်ရတယ်၊ ကျောက်ဆောင် သဲသောင်ကိုလဲ ရှောင်ကြရတယ်ဆိုတော့ လှေဦး၊ သင်္ဘောဦးက အရင်ဆုံး ခံကြရတာ ဘယ်ကောင်းပါ့မလဲ။

သင်္ဘောဝမ်းမှာက နားခိုစရာလဲဖြစ်၊ ပစ္စည်းဘဏ္ဍာ သိုလှောင်ရာလဲဖြစ်တဲ့အတွက် အတော်ကောင်းမွန်ပါရဲ့ကွယ်။ သင်္ဘောပွဲပိုင်းဆိုတာက ဒီသင်္ဘောကြီးတစ်စီးလုံးရဲ့ အဲသက်ပဲလေ၊ လိုရာခရီးကြမ်းအတွက် အလွန်အရေးပါတဲ့အတွက် အရာရောက်သလိုပေါ့'


ဟု ပြောပြလေ၏။


ဖောင်တော်ပွဲ စေတီတော်တွင် **"သာသနာ့ပြု ဘိုးတော်ကြူ"**သည် နှစ်ပေါင်းများစွာ နေထိုင်ကာ ခုနစ်ဆော် သားသမီးများအား ကူညီခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





▲ ဖောင်တော်ပဲ့စေတီတော် ကျောက်စာတိုက်အား
အမြီးတင်ထားသော သမိုင်းဝင်မိကျောင်း
ဖောင်တော်ပဲ့စေတီတော်၏ ရှေးဟောင်းကျောက်စာ ▶

**နှစ်(၂၀)ခန့်ကြာမြင့်စွာ** လောကီကိစ္စ အဝဝကို အောင်မြင်စွာ ဆောင်ရွက်ခဲ့လေ၏။ ထို့ပြင် ဖောင်တော်ပဲ့ စေတီတော်ကြီးအတွင်း သာသနာဆိုင်ရာ အဆောက်အအုံများ များစွာ ဆောက်လုပ် သာသနာပြုခဲ့ပါသည်။

**[သာသနာပြု ဘိုးတော်ကြူနှင့် ကျွန်တော်အတွေ့အကြုံကို သီးခြား ဖော်ပြပေးပါမည်။]**

ယခုအခါ ဖောင်တော်ပဲ့စေတီတော်ကြီးမှာ ဖောင်တော်ဦး ဆရာတော်များက ဆက်လက်ပြုပြင် မွမ်းမံစောင့်ရှောက်ထားလျက်ရှိနေလေပြီ။

## ဖောင်တော်ပဲ့စေတီပုံဟန်

စေတီတော် တည်ထားဟန်မှာ ရှစ်ထောင့်ဂရိုချိုး ဖိနပ်တော်၏ ထောင့်စွန်းများတွင် ခြင်္သေ့တစ်စီးစီ တင်ထားလေရာ ထောင့်စွန်းခြင်္သေ့ ရှစ်စီးဖြစ်လေ၏။

ပစ္စယာသုံးဆင့်ကိုလည်း ရှစ်မြှောင့်ဂရိုချိုးပုံဟန် ပြုထားလေသည်။

ထူးခြားမှုမှာ ပါပထောင့်စွန်းများ၌ များစွာသော စေတီများကဲ့သို့ ကြာသွပ် အိုး၊ မနုသီဟနှင့် အရံစေတီငယ်များ ဆင်ယင်ထားခြင်း လုံးဝ မရှိပါ။ ရိုးရိုးရှင်းရှင်း စေတီတော်အား ဖူးမြော်ကြည်ညိုနိုင်ကြလေ၏။

ပစ္စယာသုံးဆင့်၏ အထက်တွင် **ကြာထောင်ပန်းလက်များ**ဖြင့် ခေါင်းလောင်းတော်အား ပိုင်းပတ် တန်ဆာဆင်ထားပါသည်။

ခေါင်းလောင်းတော်မှ ခရေသီးတိုင်အောင် ရွှေရောင်တော်များဖြင့် ပူဖော်ထားရှိလေ၏။

ခေါင်းလောင်းတော်၏ ခါးစည်းတော်အောက်တွင် **ဘီလူးမင်းကြီး ရှစ်ဦးက** ဂြိုဟ်နံ အရပ်၊ ထောင့်များ၌ ရွှေပန်းကုံးများကို ယှက်စပ်ကိုင်တွယ်၍ ပိုင်းပတ်ထားဟန်ဖြစ်ပါသည်။

ရွှေခါးစည်းတော်၏ အထက်ပိုင်း၌ ရွှေယပ်တောင်ရှစ်ခုကို ခြူးပန်းစိန်တောင်တစ်ခုစီ ခြား၍ အချိုးကျ တန်ဆာဆင်ထားလေ၏။

ရွှေခေါင်းလောင်းတော်၏ အထက်ပိုင်း ဖောင်းရစ်များကို ဆယ်ထပ်ဆင့် တင်ထားပုံမှာ စိတ်ဝင်စားဖွယ် ဖြစ်လေ၏။ စေတီတော်မွမ်းမံ ဖြည့်စွက်သူ အလှူရှင်၏ နေ့နံဟု ယူဆရလေသည်။

ရွှေဖောင်းရစ်ဆယ်ဆင့်၏ အပေါ်၌ ပုလဲသွယ်ဆယ်လုံး ပိုင်းပတ်ထားပြီး ထုပိကာနှစ်ဆင့်တင်၍ ခရေသီးကို မြင့်တင်ထားလေရာ ထူးဆန်းလှပါပေ၏။

ရွှေခေါင်းလောင်းတော်၏ ဥ
တော်နှင့် တစ်ပြေးညီ ခရေသီးတော
မြင်းမိုရ်ထိပ်တွင် ရွှေထီးတော်
အထွတ်တင်ထားပုံမှာ အနှိုင်းမဲ့
ဘုရားရှင်၏ အတုမဲ့ အာနုဘော
ဖော်ပြသကဲ့သို့ ခံစားကြရလေသ

ဖောင်တော်ပဲ့စေတီတော်၏ အ
တောင်ဘက်မျက်နှာစာမှာ "**အော**
**မြေဌာန"ဖြစ်ကြောင်း ဘိုးတော်**
မှ ပြောပြခဲ့ပါသည်။ အောင်မြေ
အား လွယ်ကူစွာ သိရှိနိုင်အော
အားမာန်ပါလှသော ကျားမင်းညီ
တို့ဖြင့် ဘုရားရှင်၏ ဝဲယာတွင် ထာ
လေသည်။

ဖောင်တော်ဦး၊ ဖောင်တော်ဝ
ဖောင်တော်မဲ့ စေတီတော်သုံး
ရှေးဟောင်းကျောက်စာမှာ
တော်ပဲ့စေတီတော်၏ တနင်္ဂနွေ
တွင် ကျောက်စာတိုက်ဖြင့် အခိုင်
ထားရှိသောကြောင့် သုတေသန
ရှင်များအတွက် တန်ဖိုးကြီးလှပါ

ကျောက်စာတိုက်၏ တောင်


www.burmeseclassic.com



◆ ဘိုးတော်ကြီး၏ တပည့်များဖြစ်သော [illegible]




◆ ဘိုးတော်ကြီး၏ [illegible] ဗိမာန်တော်ကြီးအား တွေ့မြင်ရပုံ



◆ ဖောင်တော်ပဲ့စေတီတော်၏ အောင်တံခွန်တိုင်

**[illegible] အမြီးကို တင်၍ စောင့်ရှောက်နေသော သမိုင်းဝင် ကျောက်မီကျောင်းကြီး၏ပါးစပ်မှာ ချွန်မြနေသော** **ကြောင့်** နဂါးတစ်ကောင်ကဲ့သို့ မာန်ဖီနေဟန်ဖြစ်ပါသည်။ (၆)ပေခန့် အလျားရှိလေ၏။

အချို့သော လူကြီးသူမများက [illegible]င်း မိကျောင်းကြီးအား **သူရဲကောင်း "ရန်မာန်ငထွေး" က တိုက်ခိုက်အနိုင်ယူခဲ့သောကြောင့်** အထိမ်းအမှတ် ပြုလုပ်ထားသည်ဟု အဆိုရှိခဲ့လေ၏။

## ဖောင်တော်ဝမ်းစေတီ

ဖောင်တော်ပဲ့စေတီ၏ အရှေ့ဘက်တွင် အနီးကပ်တည်ရှိပါသည်။ စေတီတော်ကို အရှေ့အရပ်မျက်နှာပြုလိုဏ်ဂူအနေအထားဖြင့် လေးထောင့်ထို့ချိုးစေတီဖြစ်လေ၏။

စေတီအမိုးထက်တွင် ပစ္စယာသုံးဆင့်အား ရှစ်မျက်နှာအချိုးဖြင့် ပုံစံပြုပြီး တည်ထားလေသည်။ ပထမပစ္စယံ၏ ဒါပထောင့်စွန်းများတွင် လေးထောင့် ပလ္လင်ပေါက်၍ ဒုတိယပစ္စယံအထိ ပုံစံတူ တန်ဆာဆင်ထားလေ၏။

ပစ္စယံ(၂)ဆင့်စလုံး၏ ပလ္လင်ပေါက်များ၏ အပေါ်၌ ပါပထောင့်လေးမျက်နှာသို့ ရှုကြည့်နေဟန် ပစ်တိုင်းထောင်ရုပ်များ ပါရှိလေ၏။

**အဓိပ္ပါယ်မှာ [illegible] ရင်ဆိုင် [illegible] နိမိတ်ဆောင်နေလေသည်။**

အထက်ဆုံး တတိယပစ္စယံမှာ အရံစေတီငယ်လေးဆူ ဖြစ်လေ၏။ ခေါင်းလောင်းတော်မှာ ရှစ်မြှောင့်ချိုးဖြစ်၍ ဖောင်းရစ်ငါးရစ်၏ အထက်ဝယ် ထုပိကာ(၂)ဆင့်ဖြင့် ခရေသီးသို့ ဆက်သွယ်ထားလေရာ လောကီ၊လောကုတ္တရာအတွက် အထောက်အပံ့ကောင်းဖြစ်လေသည်။

ဖောင်တော်ဝမ်း စေတီတော်၏ အခြေမှာ ဖိနပ်တော်နှင့် ခြင်္သေ့ရုပ်များ မပါသောကြောင့် စဉ်းစားဖွယ်ရာ ဖြစ်လေ၏။

လိုဏ်ဂူအတွင်းမှ ရုပ်ပွားတော်မြတ်မှာ ဒူးတော်နှင့် ခြေလက်တော်များ ကြီးမားပြည့်ဖြိုး၍ ပခုံးနှစ်ဖက် သေးငယ်သော ပင်းယခေတ် အင်္ဂတေလက်ရာကောင်းတစ်ဆူ ဖြစ်ပါသည်။

## ဖောင်တော်ဦးစေတီ

ဖောင်တော်ဝမ်းစေတီ၏ အနီးအညာဘက်တွင် ဖောင်တော်ဦးစေတီကို ဖူးမြင်နိုင်ကြပါသည်။ ပုံဟန် အနေအထားမှာ တစ်ဆူနှင့်တစ်ဆူ လုံးဝကွဲပြားခြားနားသောဟန် ဖြစ်လေ၏။

စေတီတော်၏ ဖိနပ်တော်မှ အထက်ဆုံး ခရေသီးတိုင်အောင် **ဝိုင်းစက်သော စက်ဝိုင်းများဖြင့်** ပန္နက်တည်ဆောက်၍ အထပ်လိုက် ကြီးစဉ်ငယ်လိုက်ဆင့်တင်ထားပုံဖြစ်လေသည်။

ဓမ္မစကြာ၏ အနက်သဘောကို သရုပ်ထားသကဲ့သို့ ကြီးမြတ်ခြင်း၊ သေးငယ်ခြင်း၊ ပျောက်ကွယ်ခြင်း၊ အသစ်တဖန် ဖြစ်ပေါ်ခြင်းတို့ကို နိမိတ်ဆောင်နေလေသည်။


ပစ္စယံသုံးဆင့်မှာလည်း မည်သည့် အဆင်တန်ဆာမျှ မပါရှိဘဲ ရှင်းလင်းတင့်တယ်စွာ ဖူးမြင်ပူဇော်နိုင်ကြလေ၏။

ဖိနပ်တော်ကိုလည်း အဝိုင်းပတ်



www.burmeseclassic.com






◆ ဖောင်တော်ပြဲစေတီတော်မှ ဘုရားရေသပ္ပာယ်ရန်
ရေမှောင်းရုပ်ပွားတော်နှင့် နဂါးရုံကန်တော်

◆ ဖောင်တော်ပြဲစေတီတော်မှ ဘိုးတော်ကြီးနှင့်
တည်ဆောက်သူများ၏ ကုသိုလ်တော်ကျောက်စာ

◆ ဖောင်တော်ပြဲစေတီတော်၏ ရေမှောင်းလက်ကျန် အဝင်ဝမုခ်ဦးအား
သစ်ပင်ချုံနွယ်များအကြား တွေ့မြင်ရပုံ



စီမံထားသောကြောင့် ဘုရားဖူးများ အဖို့ တက်နင်းခြင်းမရှိနိုင်သည့်အတွက် အပြစ်တစ်စုံတစ်ရာ စိုးစဉ်းမျှ မရှိစေတော့ပါ။

ပစ္စယံများ၏အပေါ်တွင် ခေါင်းလောင်းမှောက်မှာ ဖောင်းရစ်များနှင့် ခရေသီးတော်တို့ထက် ၃ချိုး ၁ချိုးမျှသာ တည်ဆောက်ထားပါသည်။ သို့အတွက် ခေါင်းလောင်းတော်၌ ခါးစည်းတော် လုံးဝ ထည့်သွင်းမထားပါ။

ခေါင်းလောင်းမှောက်၏ အရင်းတွင် ပုလဲလုံးများကို ဆင့်တင်ထားလေရာ "ထဆင်ထူး"ကို ထောင်ထားသကဲ့သို့ ကောင်းမြတ်သော အကျိုးတရားကို ရရှိနိုင်ကြပေ၏။

ပုလဲလုံးများ၏ အထက်တွင် မဟာဗောဓိညောင်ရွက်များကို ကနုတ်စိန်တောင်ဖြင့် အနားကွပ်၍ စေတီတော်အား ဝန်းရံထားရှိလေ၏။ မဟာဗောဓိညောင်ရွက် တစ်ဆယ့်ရှစ်ရွက် ဖြစ်လေသည်။

ဖောင်းရစ်(၉)ဆင့်အား ကြာပန်းများအပေါ်၌ ရွှေရောင်အဆင်းဖြင့် ခရေသီးတိုင်အောင် ပူဇော်ထားလေ၏။ ခရေသီး၏ အထက်ဝယ် ရွှေထီးတော်ကို အထွတ်တင် ပူဇော်ထားလေရာ ကျွန်ုပ်သည် **ဘိုးဘိုးအောင်၏ "ဝ"စကြာဂါထာတော်**ကို တွေ့မြင်ခဲ့ရလေ၏။ ဂါထာတော်မှာ...

ဝရဗုဒ္ဓေါ ဝရဓမ္မော၊
ဝရသံဃော ဝရိဿရော၊
ဝရစေတော ဝရံဒေတု၊
ဝရဟိမေ ဝရံဝရံ၊

အနက်

**ဝရစေတော**– မြတ်သော စိတ်ရှိ တော်မူသော၊ **ဝရိဿရော**– မြတ်သော တရား မြတ်သောရဟန်းတို့ကို အစိုး တော်မူသော၊ **ဝရဗုဒ္ဓေါ**– မြတ်စွာ ဘုရားသည်လည်းကောင်း၊ **ဝရဓမ္မော**–မြတ်သောတရားသည် လည်းကောင်း၊ **ဝရသံဃော**–မြတ်သော သံဃာတော် သည် လည်းကောင်း၊ **မေ**– အကျွန်ုပ် အား၊ **ဝရံ**– မြတ်သော ဆုကို၊ **ဒေတု**– ပေးတော်မူပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဖောင်တော်ပွဲစေတီတော် ပရိဝုဏ်အတွင်းမှ နောင်တော်ကြီးစေတီ



ဖောင်တော်ပွဲစေတီတော်မှ တံခါးစောင့်သရဲကြီး



ဖောင်တော်ပွဲစေတီတော်၏ အဝေါင် အရှေ့ဘက် မြစ်မရှင်ဆင်တော်ကြီး

...ရံ–မမြုတ်သော ဝရံဆုကို၊ **ဝရဟိ**
–...ပေးဘဲ နေရှောင်ပါစေသတည်း။

[**ပါဠိဆရာကြီး၏ မှတ်ချက်။** ။ ဤ ...သည် ပိဋကတ်ပါဠိ အဋ္ဌကထာ ...၍ လာသော ဂါထာမဟုတ်သဖြင့် ...သင့်သလို ကြံစည်၍ အနက်ပေး ...ရပါသည်။]

*[ဤဂါထာတော် ပါဠိအနက်ကို ...ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း ...၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း ...၍ မွှာစရိယ(မဟာဝဏ္ဏဒီမြန်မာ ...ထုး)၊ ဒီဃဘာဏက–ဒီဃနိကာယ ...ဝီဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေး ...သည်။]*

ဟူ၍ ဖြစ်ပါသည်။

...ဖောင်တော်ဦး၊ ဖောင်တော်ပွဲ စေတီ ...တော်တို့အား ရိုးရှင်းသပ္ပာယ်စွာ တည် ...ဆောက် စီမံထားရှိရခြင်း၏ သဘော ...ထာန်ကို ဒီပဲယင်းဆရာတော်ကြီး ...အား မေးလျှောက်ခဲ့လေ၏။

၁။ ...ဘာဝ ဘေးဥပဒ်အန္တရာယ်များကို ကြံ့ကြံ့ ...ခံနိုင်စေခြင်း။

၂။ ...ဆင့်ယှက်ဖျက်ဆီးသူတို့ကို တွန်းလှန်နိုင် ...ခြင်း။

၃။ ...ရှာတဏ္ဍာတို့ကို လုံခြုံပြည့်စုံစေနိုင်ခြင်း။

၄။ ...ဘုရားဒီးတစ်လျှောက် အောင်မြင်စွာ ရောက်နိုင်ခြင်း။

၅။ သာသနာတော်ကြီး နေလိုလလို ထွန်း တောက်စေကြောင်း မှတ်သားခဲ့ရလေ၏။

ဖောင်တော်ဦးစေတီ တံတိုင်း၏ အရှေ့ဘက်တွင် ဘိုးတော်ဦးဝိုင်းခေါ် ဗဒ္ဒံမင်း၏ ကုသိုလ်တော်ရွှေဂူကြီး စေတီတော်မြတ်ကြီး တင့်တယ် ဝင့်ကြွားစွာ တည်ရှိပါသည်။

မြောက်ဘက် ကိုက်(၂၀၀)အကွာ တွင် **အင်းဝဘုရင် နရပတိမင်းကြီး ၏ နာမည်ကျော် ထူပါရုံစေတီတော် ကြီး** တည်ရှိလေ၏။

ဖောင်တောင်ပွဲ စေတီတော်၏ အနောက်ဘက်တွင် ဘိုးတော်ဦးဝိုင်း၏ အိမ်တော်ရာခေါ် အောင်မြေလောက စေတီတော်ကြီး တည်ရှိလေရာ ဖောင် တော်ဦး၊ ဖောင်တော်ဝမ်း၊ ဖောင်တော်ပွဲ စေတီတော်တို့သည်ကား ဘူမိနက်သန် မှန်လှသောအောင်မြေဌာနဖြစ်လေသည်။

❖ ဖောင်တော်ပွဲ စေတီတော်အား အဓိကထား ရေးသားရခြင်းမှာ သိကြားမင်း ဆက်ကပ်သော ရှင်ဖြူ နှင့်ရှင်လှ ဘုရား(၂)ဆူတို့ ခေတ္တ သီတင်းသုံးခဲ့သော နေရာတော်ဖြစ် ခြင်း။

❖ ရှားရှားပါးပါး **"ဖောင်တော်ဦး၊ ဖောင်တော်ဝမ်း၊ ဖောင်တော်ပွဲ"** ဟူ၍ အစ၊ အလယ်၊ အဆုံး ပြည့်ဝ ပြည့်စုံသော အမတာနိဗ္ဗုဖောင် သဖွယ် ဖြစ်ခြင်း။

❂ မိကျောင်းမင်းအား အနိုင်ယူခဲ့ရာ ဇေယျဝတီ မြစ်ကမ်းဖြစ်ခြင်း။

❂ လွန်စွာထူးခြား တန်ခိုးကြီးမားသော စေတီ တော်များ၏ အလယ်ဗဟိုဖြစ်ခြင်း။

❂ ဘိုးတော်ကြူကဲ့သို့ ထူးခြားသော ပုဂ္ဂိုလ်များ ၏ သာသနာပြုရာ ဌာနဖြစ်ခြင်း။

ယနေ့တိုင်အောင် စစ်ကိုင်းမြို့တော် ကြီး၌ ကြီးမားသော ငလျင်ဘေး၊ မီး ဘေး၊ ရေဘေးတို့မှ ကြံ့ကြံ့ခိုင် မယိုင် မလဲ မပြိုကွဲ တည်ရှိနေလေသည်။

**ဤစေတီတော်သုံးဆူမှာ ဗုဒ္ဓ စည်း၊ ရာဇစည်း ဖြစ်သောကြောင့်** စစ်ကိုင်းမြို့သို့ ဘုရားဖူး ရောက်ရှိလာ ပါက မဖြစ်မနေ လာရောက် အားထုတ် ဆုတောင်းသင့်လှသော အောင်မြေ ဌာနတစ်ခု ဖြစ်ပါကြောင်း ဒါနလမ်း ညွှန်လိုက်ရပါသည်။

*အဝေရာ ဘေးမဲ့ အေးမြအောင်မြင် ကြပါစေ...*

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

▶ ကြော်ငြာ ဆောင်းပါး ◀

မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တသထလတိုး (၁၁၂)

# နှလုံးရောဂါ ကင်းဝေးအောင် မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

**အမှတ်-(၅၂/၁၅၆)သမောဓိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၁၂**

**ကြော်ငြာ ကောင်းယဉ်တင့်**

www.burmeseclassic.com

www.burmeseclassic.com

# ဝေဠုဝန် ကျောက်စိမ်းစေတီတော်

ထက်မြင့်ကျော်စွာ

ပူဇော်မှုခရီး (၂)

ယခင်လမှ အဆက်






◆ အမြင့်လယ်မှ အနီးကပ်ရှုရစဉ်

◆ အရှေ့ဘက်မြေပြင်မှ ကျောက်စိမ်းပုံတော်စေတီ

◆ အရှေ့တောင်ထောင့်အမြင့်မှ ရှုရစဉ်



အောက်ခြေတွင်

ယင်းနောက် စေတီရင်ပြင်မှ ဆင်း ...ကာ စေတီဝင်းအတွင်း ပတ်လမ်း ...လျှောက် လှည့်ပတ်ကြည့်ရှုသည်။

...ဦးစွာ အနောက်တောင်ထောင့် ...ရှိ ကျောက်စိမ်းမော်ကွန်းပြတိုက် ... ပြတိုက်အတွင်း၌ အလှူရှင် ...ဒါယကာ ဦးစိုးနိုင်၊ ဒေါ်အေး ...ဒိုင် ဇနီးမောင်နှံ၏ ဓာတ်ပုံကို ...၍ တွေ့ရ၏။

ဘုရားခန်းတွင်ကား စေတီတော် တည်ဆောက်ရေး ဩဝါဒါစရိယ သဃ်န်းကျွန်းမြို့နယ်၊ ရွှေသုဝဏ် ကျောင်း ဆရာတော် အရှင်သဒ္ဓိယ ၏ ရုပ်ပုံတော်ကို ဖူးတွေ့ရသည်။

အောက်ဘက်နံရံတွင် စေတီတည် ဆောက်စဉ်က အသုံးပြုသော ကျောက်စိမ်းတုံးများ၏ ပုံများ၊ စေတီ တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများ

www.burmeseclassic.com




◆ ဘုရားခန်းမှ ရွှေသုဝဏ်ဆရာတော်ဓာတ်ပုံ




◆ အရှေ့တောင်အခြေမှ ရှင်ဥပဂုတ္တ

◆ ကျောက်စိမ်းမော်ကုံ



◆ တည်ဆောက်စဉ် မှတ်တမ်းဓာတ်ပုံ



ကို ကားချပ်များဖြင့် ပြသထားလေသည်။

ထိုမော်ကုံတွင် စေတီမှတ်တမ်းစာအုပ်များကို ရောင်းချပေးသဖြင့် ဝယ်ယူ ပူဇော်ခဲ့သည်။

မော်ကုံမှထွက်၍ စေတီတောင်ဘက်ပတ်လမ်းမှ စတင်လျှောက်ခဲ့ရာ အရှေ့တောင်ထောင့်၊ စေတီအခြေ၌ ရှင်ဥပဂုတ္တကျောင်းဆောင်နှင့် ရုပ်တုတော်ကို ရေကန်ငယ်အတွင်း၌ တွေ့ရ၏။

ထိုမှ မြောက်ဘက်၌ နဂါးရုံရုပ်ပွားတော်တစ်ဆူနှင့် ယင်း၏ မြောက်ဘက်တွင် ရှင်သီဝလိကျောင်းဆောင်နှင့် ရုပ်တုတော်တို့ကို ဖူးမြင်ရသည်။

စေတီပုရိဝုဏ်မှာ အဝိုင်းသဏ္ဌာန်ရှိ၍ (၅)ဧက ကျယ်ဝန်းလေရာ သစ်ပင်ပန်းပင်များ ဝေဆာစွာ စိုက်ပျိုး၍ ပြင်းခြောက်သွေ့သည့် အထက်အညာဒေသ၌ စိမ်းလန်းစိုပြည်သော သဘာဝရက္ခဥယျာဉ်ဖြစ်ပေါ်လာစေရန် ကြိုး

www.burmeseclassic.com



◆ အရှေ့တောင်အစွန်မှ နဂါးရုံ

အရှေ့တောင်အစွန်မှ ရှင်သီဝလိ ◆

◆ ရှင်သန်စ ပန်းဥယျာဉ်





ကျောက်စိမ်းများ စီထပ်ကာ ရေကန်အဖြစ် ဖန်တီးကာ ရေစင်မှ သောက်ရေသန့်များကို ပို့လွှတ်ဖြည့်ဆည်းထားသည်။

ရေကန်နံရံ အပြင်ဘက်၊ အောက်ခြေနားတွင် ရေဘုံဘိုင်ခေါင်းများနှင့် မြန်မာ့ဓလေ့ အုန်းမှုတ်ခွက်များ အစီအရီတွေ့ရ၏။

သောက်ရေ သီးသန့်ဖြစ်၍ မျက်နှာသစ်ခြင်း၊ ခြေလက်ဆေးကြောခြင်း၊ ရေချိုးခြင်း၊ သယ်ယူခြင်း မပြုရဟု စာတန်း ရေးထိုးထားသည်။

ကျောက်စိမ်း ရေသန့်ဖြစ်သောကြောင့် ဤရေကို သောက်သုံးခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ စီးပွားဥစ္စာ၊ ဉာဏ်ပညာများ တိုးပွားစေလိမ့်မည် ဆိုလေသည်။

အပြင်ဘက်နားတွင် ကျောက်ပျဉ်ကြီးတစ်ချပ်နှင့် မှန်ရည်တစ်ခွက်ကို သနပ်ခါးတုံးများနှင့်အတူ တွေ့ရ၏။

...လျက်ရှိကြောင်း သိရသည်။

...ပန်းမြက်များ စိုက်ပျိုးထားကာ ပါး...း ရွက်လှ၊ စိန်ပန်း စသည့် ဒေသ...သီဥတုနှင့် အဆင်ပြေနိုင်မည့် သစ်...များမှာ လူတစ်ရပ်ခန့် ရှိပြီဖြစ်သည်...ကို တွေ့ရပေသည်။

...စေတီ အရှေ့မုခ်လမ်းမကို ကျော်...သာအခါ ကျောက်စိမ်းစေတီငယ်...တစ်ဆူကို ဖူးတွေ့ရသည်။

နောင်တော်ကြီးခေါ် ပုံတော်စေတီ...ကိုယ်စားတည်ထားခြင်းဖြစ်၍ ပုံသဏ္ဌာန်မှာ လေးထောင့်ဇလားပုံ နှစ်ဆင့်ခံ၍ ခေါင်းလောင်းမှောက် စေတီပေါက်ထားခြင်းဖြစ်သည်။

ကျောက်စိမ်းစေတီကြီး၌ အရံစေတီ၊ ကလသာအိုး စသည် တန်ဆာဆင်ပူဇော်ထားခြင်းမရှိဘဲ ဤစေတီငယ်သည် အရံစေတီကိုယ်စားလည်း ဖြစ်သည်ဆိုလေသည်။

ထိုမှ ရှေ့ဆက်ခဲ့ရာ မြောက်ဘက်မုခ်ဦးမရောက်မီတွင် ကျောက်စိမ်းရေကန်နှင့် ကျောက်ပျဉ်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com







▲ ကျောက်စိမ်းကျောက်ပျဉ်(ကြီး)

◀ မြောက်မုခ်အနီးမှ သနပ်ခါးကျောက်ပျဉ်(ငယ်)

▼ ကျောက်စိမ်းရေကန်



သက်ကြီးအမယ်အိုများနှင့် ကလေးသူငယ်များ ဝိုင်းအုံနေကြသည်။

အတွင်းပိုင်းတွင် ခါးစောင်းခန့် မြင့်သော ကျောက်ပျဉ်ကြီးတစ်ခုရှိကာ လုံမပျိုများ၊ ရွယ်လတ်အမျိုးသမီးများ လိမ်းကျံပြင်ဆင်နေကြသည်ကို တွေ့ရသည်။

ကျောက်စိမ်း ကျောက်ပျဉ်ဖြစ်၍ ဘေးအန္တရာယ် ကင်းရှင်းစေကြောင်း သိရသဖြင့် လူအနည်းငယ် ရှင်းအောင်စောင့်၍ သနပ်ခါး အနည်းငယ်ယူကာ နဖူးတွင် မှန်ကူကွက်တို့လျက် ဓာတ်ပုံမှတ်တမ်းပြုခဲ့လေသည်။

## ကျောက်စိမ်းအဆောင်ကလေးများ

ထို့နောက် ဝေဠုဝန်ကျောက်စိမ်းစေတီတော်အား နှုတ်ဆက်ဦးခိုက်၍ မြောက်ဘက်မုခ်မှ ပြန်ထွက်ခဲ့သည်။

အမြန်လမ်းမကြီးမှ စေတီတော်သို့ တိုက်ရိုက် လမ်းဖောက်လုပ်လျက်ရှိသော်လည်း မပြီးစီးသေးသဖြင့် စစ်ကိုင်းမြစ်ငယ် ကားလမ်းမှ ဝင်ရသော မြောက်ဘက်မုခ်သည်သာ အဓိက အဝင်လမ်း ဖြစ်နေသည်။

ယင်းအနီးတွင် ကျောက်စိမ်း လည်ဆွဲ၊ ကျောက်စိမ်းပုတီး၊ ကြိုးဆိုင်းဆည်းလည်း စဖြင့် ကျောက်စိမ်း အဆောင်ပစ္စည်းကလေးများ ရောင်းချလျက်ရှိသည်။

မိမိတို့မှာ စစ်ကိုင်းမြစ်ငယ်လမ်းမှ လာခဲ့၍ အင်းဝသို့ သွားရန် အမြန်လမ်းသို့ ခရီးပေါက်မပေါက် သိလိုသဖြင့် စုံစမ်းကြည့်၏။

ဆိုင်တစ်ဆိုင်မှ လူရွယ်က အမြန်လမ်းသို့ တက်ရန် မြေလမ်းကလေးရှိကြောင်း သေချာစွာ လမ်းညွှန်ပေးသည်။ ပြီးသော် ဖွင့်လက်စ သူ့ဆိုင်ကို ဆက်လက် ခင်းကျင်းနေလေသည်။

ဘုရားဖူးပရိသတ်များအကြား တိုးဝှေ့ဝင်ရောက်လျက် တစ်ဇောတ အော်ရောင်းနေသူများကဲ့သို့ အတင်းအဓမ္မ စပ်ဟပ်ခြင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

ကျောက်စိမ်းဆည်းလည်း ကို စျေးမေးကြည့်ရာ ဘုရားစျေး အတင်ခြင်းမရှိဘဲ မန္တလေးဈေး ဆိုင်များနှင့် မကွာလှသည်ကို ရ၏။

ည်းလည်းတစ်ခုကို နေအိမ်၌ ဆင်ရန် ဝယ်ယူခဲ့ရာ **"သူတော် င်းပိုက်ဆံနဲ့ ဆိုင်ကုန်၊ ပစ္စည်း ရောင်းထွက်ပါစေ"** ဆိုလျက် ဖြင့် တဖတ်ဖတ် ရိုက်လေ သည်။

ကျောက်စိမ်းကား မြင့်မြတ်၍ ကောင်းကင် ကြီး၏ အဆင်တန်ဆာဖြစ်သည်။ မြတ်ခြင်း၊ ဘေးရန်ကင်းခြင်း၊ စည်းစိမ် တိုးပွားခြင်း၊ ပညာဉာဏ်ကြီးမားခြင်း၊ သတ္တိရှိခြင်းတို့ကို ပေးစွမ်း၏။

သင်းတို့နှင့် ဆက်စပ်၍ ကောင်းကျိုး ရရှိနိုင်ရန် လိုအပ်သည်ကား **"မှန်ကန်ခြင်းသစ္စာ"** ပေါင်းကူး ကားဖြစ်ကြောင်းတရုတ်ဂန္ဓာရီကျမ်း ဖွင့်ဆို၏။

ကျောက်စိမ်းအဆင်တန်ဆာကို နေ ဂေဟာ၌ ချိတ်ဆွဲထားခြင်းဖြင့် တွင်းရေး သာယာ၍ အိမ်ဂေဟာ ရှင်းစေသည်။ အသားနှင့် ထိကပ် ဆင်ခြင်းဖြင့် သုခ၊ စည်းစိမ်၊ ရှည်ကျန်းမာခြင်း ဟူသည့် လာသုံးဖြာ ပြည့်ဝစေသည်။


မိမိကိုယ်တိုင်သော် လည်းကောင်း၊ ခြားတစ်ပါးသူအပေါ်၌ သော်လည်း ကောင်း ရန်သူမိတ်ဆွေ မခွဲခြားဘဲ **"မှန်ကန်ခြင်းသစ္စာ"** ကို အရင်းပြုရ သည် ဆိုလေသည်။

ကျား၊ ခြသေ့် စသည်ဖြင့် နေ့နံရုပ် ပါဝင်သည့် ဆွဲပြားကလေးများ သည်း ရောင်းချသဖြင့် မြန်မာမှုဓလေ့ အတိုင်း နေ့နံသင့် ဆွဲပြားကလေးများ




▲ အမြန်လမ်း မိုင်တိုင် ၃၆၀ မှ မြင်ရပုံ

▼ ဓာတ်တော်ရာမြေပုံ




▼ ဓာတ်ပုံ အလှူရှင် ဦးမိုးမိုး ဒေါ်အေးအေးမိုးဓာတ်ပုံ





www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းအဆောင်အချို့

ကို ဝယ်ယူ အဆောင်ပြုနိုင်ကြသည်။ ကျောက်စိမ်း စံကူးခါတ်ရန်ဆောင်၍ လိုရာ အောင်မြင်ပြည့်စုံနိုင်ကြပေသည်။

## နှုတ်ဆက်ဂါရဝ

ယင်းနောက်တွင် ဆိုင်ရှင်လူရွယ် လမ်းညွှန်သည့်အတိုင်း အမြန်လမ်းပေါ်သို့ ရောက်ရှိကာ မိုင်တိုင်(၃၆၁) အရောက်တွင် ယာခင်းပြင်အဝေးဆီမှ ကျောက်စိမ်းစေတီကို လှမ်း၍ ဖူးမြင်ရသည်။ စေတီတော် အင်္ဂါထောင့်ဆီမှ ဖူးတွေ့ရခြင်းဖြစ်သည်။

အမြန်လမ်းသည် စေတီကုန်းတော်၏ အနောက်တောင်ထောင့်အရပ်မှ အရှေ့မြောက်ထောင့်အရပ်ဆီသို့ဦးတည်ကာ(အင်္ဂါထောင့်ဂြိုဟ်တိုင်နှင့် အနီးဆုံး) ဖြတ်သန်းသွားသည်ကို တွေ့ရ၏။

စေတီရင်ပြင် အင်္ဂါထောင့်၌ **တံခွန်တိုင်** ရှိ၏။ တံခွန်,အလံသည် ထင်ရှားခြင်း ကိုယ်စားပြု၏။ ထို့ပြင် အင်္ဂါထောင့်အောက်ခြေ၌ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ စသည့် ထူးခြားသော ရဟန္တာရုပ်တုများ ပူဇော်ထား၏။

အင်္ဂါဂြိုဟ်အား ကောင်းခြင်းဖြစ်ကြောင်း တွက်ဆရ၏။ ကမ္ဘာတွင် မြန်မာနိုင်ငံ၌သာရှိသော ကျောက်စိမ်းစေတီများအနက် တတိယမြောက်ဖြစ်ရာ အင်္ဂါနံသင့် သင်္ချာကို အထူးပြုသကဲ့သို့ ရှိ၏။

စေတီတွဲတော်ပညတ်"**ဝေရောစန**" စနေအဖျားဖြစ်လေရာ "တေဇ" အောင် ခါတ်ဆောင်နေပေသည်။ ကုသိုလ်ရှင် ဦးစိုးနိုင်သည်လည်း အင်္ဂါနံသင့် အမည်ပညတ်ပင်ဖြစ်၏။ **ဦးစိုးနိုင်က စေတီတည်ရခြင်း ရည်ရွယ်ချက်ကို** ဤသို့ မှတ်တမ်းပြုသည်။

'မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများထွက်ရှိရာ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကျောက်စိမ်းသည် ရတနာကိုးပါးတွင် အပါအဝင်ဖြစ်သော သယံဇာတပစ္စည်း ဖြစ်၍ နောင်တစ်ချိန်တွင် ကွယ် ပျောက်သွားနိုင်ခြေ ရှိ၏။

သို့ဖြစ်၍ တန်ဖိုးကြီးမားသော ကျောက်စိမ်းများဖြင့် တည်ထားသော ဝေရောစန ကျောက်စိမ်းစေတီ စိတ်ဝင်တစား လာရောက်ဖူး လေ့လာကာ ဗုဒ္ဓဝါအ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားမျာ ဖြစ်ပေါ်လျက် သာသနာတော် ပြန့်ပွာ ရေးအတွက် ကြီးမားသော အထောက် အပံ့ဖြစ်စေလိမ့်မည်' ဟူ၍ စေတီမှတ်တမ်းစာအုပ် ဖော်ပြထား၏။ လေ့လာကြည့် ရသမျှတွင် ကျောက်စိမ်းစေတီ သည် ဥစ္စာလို ရန်ဂြိုဟ်ရှာ သည့် "**စံကူး**"ခါတ် ဂြိုဟ်တွဲဖြစ်ခြင်း...

တန်ဆာဆင် ပူဇော်ထားဟန်၊ ကိ ဝပ်တော်မူဟန်တို့အရလည်း "တေဇ" အောင်ခါတ်ဆောင်နေခြင်း...

စေတီတည်စဉ် ဩဝါဒ မိန့်ကြား လမ်းညွှန်တော်မူသည့် ဆရာတော် အရှင် သဒ္ဒိယ နံတော် သောကြာနှ ဒါယကာဦးစိုးနိုင် မွေးနံအင်္ဂါတို့ "ဇသ" အောင်ခါတ်ဆောင်နေခြင်း...

စသည်တို့ကြောင့် ကောင်းမှုရှင်၏ ရည်ရွယ်ချက်အတိုင်း ဖူးမြော် ကြည်ညို သူ ပရိသတ်ဒါယကာ စည်ကား၍ မြန်မာနိုင်ငံအနှံ့အပြားသို့ သာသနာတော် ပြန့်ပွား ထွန်းလင်းနိုင်လိမ့်မည် ဖြစ်ကြောင်း ဝေဒအမြင်ဖြင့် ဂါရဝပြု ပူဇော်လိုက်ရပေသည်။

**ထက်မင်းကျော်ဇော**



www.burmeseclassic.com

www.burmeseclassic.com

# စအိုကွဲနာအဖျက်

## ဆေးတစ်လက်

...တောင့်ဖြစ်ခဲ့သော ရောဂါတို့ ...အိုကွဲနာသည် ဖြစ်ခဲလှသည်။ ...ခြင်း၍ အပူအားကောင်းသော ...တွင် အများအားဖြင့် ဝမ်းချုပ် ...ကြပြီး စမြင်းခံကာ ဝမ်းသွား ...တတ်ကြလေသည်။

...၃၃ ခုနှစ် နွေရာသီတွင် စာရေး ... ဝမ်းသွားခက်တတ်သည့် ဓလေ့ ...ကြောင့် နှစ်ရက်လျှင် တစ်ကြိမ်မျှ ...သွားရာ စမြင်းများ စုလုံးလျက် ...သွားခက်ပြီး စအိုကွဲထွက်သွား ...သည်။

...စွာ နာကျင်လျက် သွေးစိမ်းများ ...သွင် စီးကျလာတော့သည်။

...နုတ်ဆေး အသင့်မရှိ၍ ဝမ်းပျော့ ...အစာများ စားလျက် မနက်ကျည်း ...ရည် လုပ်သောက်သော်လည်း ...ပျော့သဖြင့် ဝမ်းသွားတိုင်း လွန်စွာ ...ကျင်လျက် သွေးများ ယိုစီးတတ်ရာ ...သွားရမည်ကိုပင် ကြောက်လန့် ...ပါသည်။

...နုတ်ဆေး ဝယ်စားပြန်တော့ ...သည်း စအိုကွဲနာ သက်သာလျက် ...သွားမှုကြောင့် လူမှာ နုံး၍ကျန်ရစ် ...သည်။ နေ့စဉ်ရက်ဆက် ဝမ်းနုတ်ဆေး ...ပြီး ရက်အတော်ကြာ၍ ပျောက်ပြီ ...ထင်နှင့် ဆေးဖြတ်ကြည့်သောအခါ ...ပြီး စအိုမှာ ပြန်ကွဲပြန်ပေသည်။

ဆေးစားလျှင် သက်သာ၊ ဆေးဖြတ် ...လျှင် ပြန်ကွဲနှင့် လုံးချာလည်နေသည် ... နှစ်လကျော်သွားသဖြင့် အနာထဲ ...၍ အခြားရောဂါပိုးများ ဝင်သွားပါက ...ဖွယ်ရှိသည်ဟု တွေးပြီး မန္တလေး ...ကြီးဖြင့် ဝမ်းနုတ်ဆေးတစ်ဖုံ မှာ ...ပါတော့သည်။

ဝမ်းနုတ်ဆေးဟု ခေါ်ခြင်းထက် ...ပျော့ဝမ်းမှန်ဆေးဟု ဆိုက ပို၍ ...ပါသည်။



ယခင်က တစ်ဖုံကို (၂၅)ကျပ်သား ကျသော်လည်း ၁၉၉၅ ခုနှစ်တွင် (၆၅)ကျပ် ကျပါသည်။ ထိုဆေးမှာ မြင်းခြံတွင် နေစဉ်က ကိုလှဦးထံမှ ကူးယူခဲ့သော **မြင်းခြံသမားတော် ဦးတင်၏ သွေးသန့်ဝမ်းနုတ်ဆေး** ဖြစ်ပါသည်။

ဝမ်းနုတ်ဆေးဟုသာ ခေါ်သော်လည်း ဝမ်းမှာ နူးညံ့ပျော့ပျောင်းရုံမျှ သွားလွယ်လျက် အားအင်မကုန်ခမ်းစေပါ။

အိပ်ရာဝင် ကွမ်းသီးလုံးခန့် ရေနှင့် ဝဝသောက်ရပါသည်။ ရက်ပေါင်း (၂၀)မျှ သောက်၍ ဖြတ်ကြည့်ရာတွင် စအိုကွဲနာ အရှင်းပျောက်သွားပြီဖြစ်သဖြင့် ကြီးမားသော ဝဋ်ဒုက္ခမှ ကင်းလွတ်ရပါတော့သည်။

ထိုဆေးနည်းကို မိတ်ဆွေအပေါင်းအား ဖြန့်ဝေပေးထားသဖြင့် အာယုဒီဃ ဝမ်းပျော့ဆေးဟု အမည်တစ်လျက် ဖော်ပြီး ရောင်းကြပါသည်။

အရေပြားရောဂါမျိုးစုံနှင့် သွေးမသန့်သူတို့အတွက်မူ ကွမ်းသီးလုံးခန့် အိပ်ရာဝင် ရေဝဝဖြင့် သောက်ပါ။ အိပ်ရာထ ရေမှန်မှန်ချိုးပေးပါ။ ဒိဋ္ဌ ပျောက်ကြောင်း ဦးတင်၏ အညွှန်းတွင် ပါရှိသည်။

သို့အတွက် စအိုကွဲနာ ဖြစ်တတ်သူ အပေါင်းနှင့် အရေပြားရောဂါ ရှိသူ အပေါင်းအား မှီဝဲနိုင်စေရန် ဆေးနည်း ဝေငှလိုက်ပါသည်။

**မြင်းခြံသမားတော် ဦးတင်၏**

**သွေးသန့်ဝမ်းနုတ်ဆေး**

| | | |
|---|---|---|
| ပွေးကိုင်း | (၇)ကျပ် | (၈)ပဲ |
| ဇက်သာ | (၂)ကျပ် | (၄)ပဲ |
| သိန္ဓော | (၂)ကျပ် | (၈)ပဲ |
| သင်္ဘောဆားပုပ် | (၁)ကျပ် | (၄)ပဲ |
| အလိုက္ကူ | (၁)ကျပ် | |
| လိပ်ကျောက်ဆူး | (၁)ကျပ် | |
| နွယ်ချို | (၂)ကျပ် | |
| ကြစုသီး | | (၁၂)ပဲ |
| ကြွေပုပ် | | (၈)ပဲ |
| ကလိပ်ကြီးဆန် | | (၄)ပဲ |
| ချေးသီး | | (၄)ပဲ |
| ကလောသီး | | (၄)ပဲ |

တန်ဖိုးကြီးမားပြီး ခက်ခဲသည့် ဆေးအမည်များ မပါသဖြင့် မိသားစုတိုင်း ဆောင်ထားနိုင်သည့် ဆေးဖြစ်သဖြင့် ဆောင်ထားကြပါရန် တိုက်တွန်းရင်း...

**ချမ်းမြေ့ကြပါစေ**

**ကျော်ကျော်စိုး(မိုးကုတ်)**



www.burmeseclassic.com

www.burmeseclassic.com

‘ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ’

‘အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ’

‘ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ’

‘ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ’

‘ဆေးတွေ မသုံးစွဲဘူးလား’

‘သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ’

‘ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ “အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ” ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ’

‘ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ’

‘ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်’

‘ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို

•ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

**စကြာမင်း**

အမှတ်တံဆိပ်

**အားတိုးဆေး** ရှိပါ

(ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄))



(ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၃/၀၅၁၃)

သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ’

‘မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည် လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့’

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေ တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အား တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင် စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာ မင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုနန္ဒာမှတ်တိုင်အနီး
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၄၅၂၉၄၁

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

ရွာမိဿာ ရွှေသိမ်တော်ကျောင်းမှ ဆရာတော်

# အရှင်ပညိန္ဒ

အား ဂါရဝပြု ပူဇော်မှုခရီး (၄)

ဇော်သိင်္ဂလ

## ယခင်လမှ အဆက်

...မိုမှာသောကမင်း၏ ဝက်ပခြင်း ...ခြင်း)အရွယ် မုဋ္ဌောစေတီကို ...ရထာမင်း သိမ်တော်တည်သော ... ဥဿာတော်မြှင့်၍ ရွှေသိမ်တော် ...အဖြစ် ပူဇော်ခဲ့သည်။

...ောက်တွင် အလောင်းစည်သူမင်း ...မင်းအဆက်ဆက်တို့ မွမ်းမံခဲ့ကြ ... ဥဿာတော်(၄၅)တောင်အမြင့် ... ရောက်ရှိခဲ့သည်။


...င်းစေတီသည် လျောင်ဒဏ် ...ောင့် ယိုယွင်းပြုန်ရာ"**၁၃၃၂ ခုနှစ်၊ ...ဆိုင်းလတွင် ဆရာတော် ...တို့အား အမှူးထား၍ ပြန် ...ပြုလုပ်သည်**"ဟူသော ကမ္ပည်း ... တွေ့ရသည်။

...စေတီတော်မြောက်ဘက်၌ ပြိုပျက် ...သော ဂန္ဓကုဋီတိုက်တော်နှင့် ရတနာ ... ရုပ်ပွားတော်တို့အား မြင်တွေ့ ...သည်။ မူလအလှူရှင်မှာ ကောင်းမှု ...ပြီး၍ ရုတ်တရက် ကွယ်လွန် ... ယခုတိုင် ရေစက်သွန်းချခြင်း ...ရသေးဟု သိရသည်။

...တ်တိုက်တည်သောသူမှာ မြစ်ရာ ...အရွယ် မောကျွန်ရစ်သည်ပြင် ကုသိုလ် ...သည့် အလှူရှင် မျှော်လင့်ချက်ရှိ ... သိရလေသည်။

## ...ဉီးမှ မိကျောင်းရုပ်များ

...စေတီဝင်းအတွင်း လှည့်လည် ...သိပြီးနောက် အရှေ့ဘက် အဝင် ... ပြန်ထွက်ခဲ့ရာ အဝင်မုခ်ဝရှိ အုတ်



▲ ထိပ်ခွက်ဘုရား

အင်္ဂတောကွဲအက်ရာ အကြောင်းကို ညွှန်ပြ၍ ဦးပဥ္စင်းက ဤသို့ဆို၏။

'ဆရာတော် ပျံလွန်တော်မူခါနီးတော့ အဝင်မုခ် ဒီနေရာက မိုးမောက်ပြီး ခုံးကြွလာတယ်။





www.burmeseclassic.com

www.burmeseclassic.com

မြေအောက်က နဂါးကြီးတစ်ကောင် ဖြတ်သွားလို့ မြေတွေမို့မောက်လာသလို အဆောင်ကြီးကို ခုံးကြွနေလို့ တပည့်တွေက စိုးရိမ်ကြတယ်။ ဆရာတော်က "ဘာမှ မဟုတ်ပါဘူး။ မကြာခင် ပျောက်သွားမှာပါ"လို့ မိန့်တော်မူတယ်။

မကြာခင်မှာ ဆရာတော် ပျံလွန်တော်မူပြီးနောက် မြေကြီးလဲ ပြန်ကျသွားတာ အခုဆိုရင် အက်ကြောင်းတွေရှိလို့သာ မို့မောက်ခဲ့တာ သိနိုင်တော့တယ်။ ဆရာတော် ပျောက်တော့မယ်၊ ထွက်တော့မယ်လို့ နိမိတ်ပြတာလား အတွေးခက်လှပါတယ်'


မုခ်ဝအထွက် တစ်ဖက်တစ်ချက်စီတွင် **မိကျောင်းရုပ်တစ်ရုပ်စီ** တွေ့ရသည်။ ရှေးအခါကပင် ရှိခဲ့၍ မည်သည်ကို ရည်ညွှန်းကြောင်း မသိရဟု မိန့်ကြားသည်။

မိကျောင်းကား များသောအားဖြင့် မြစ်ချောင်းပေါများသော အောက်နယ်၊ မြစ်ဝကျွန်းပေါ်ဒေသ မွန်ပြည်နယ်တို့တွင် အတွေ့အမြင်များ၍ မွန်ဓာတုစေတီများ သမိုင်းတွင် မိကျောင်းကို အထူးပြု ဖော်ပြလေ့ရှိကြသည်။

**ရွှေသိမ်တော်စေတီ ကျောက်စာ** (ခေတ်သစ်ထိုး)တွင် **(မွန်တိုင်းရင်းသားတို့ အလိုအရ ရွှေအတိပြီးသော မျက်နှာတော်ပါရှိသော ရုပ်ပွားတော်များ ဌာပနာပြုသောကြောင့် မုဋ္ဌောဘုရား။ ရွှေမျက်နှာဘုရား)** ဟူ၍ ရေးထိုးထား၏။

ဆရာတော် ဦးမဟိန္ဒသည်လည်း မွန်ပြည်နယ်၏ အဓိကရ ဆေးတောင်တစ်ခုဖြစ်သော ကုလားမတောင်သို့ ကြွရောက်ကာ ညာတင်ကုတ်ပုံတော်များ အလှူခံရရှိခဲ့၏။

ကုလားမတောင်မှာ ဗုဒ္ဓဘုရားရှင် ပွင့်တော်မမူမီကာလကပင် တည်ရှိခဲ့၏။ ဘိုးတော်အဋ္ဌနမင်း သက္ကရာဇ်



▲ တန်ဆောင်းတိုက်တွင်းမှ ရုပ်ပွားတော်

ဖြို့ကြွင်း (၅၃)ခုနှစ်တွင် သုဘိန္ဒနာဂရပြည်(ယခု သထုံမြို့ အနီးရှိ၏။)၌ တိဿရာဇာမင်း စိုးစံ၏။


ထိုမင်း၏ သားတော်နှစ်ပါးဖြစ်သော တိဿကုမ္မာနှင့် သီဟကုမ္မာတို့သည် ခမည်းတော်၊ မယ်တော်တို့ထံ ခွင့်ပန်၍ **ဂဠ္ဍီရိ(အင်းဝခေတ်တွင် ဖြင်းနုတ်တောင်၊ ယခုအခါ ဇင်းကျိုက်တောင်)** သို့ သွားကာ ရသေ့ပြုလုပ်နေကြကုန်၏။

ရသေ့ညီနောင်နှစ်ပါးသည် **ဂဠ္ဍီရိ** ခေါ် **ဒိဂရယ်နုတ်**(ဇင်းကျိုက်တော[င်]) တောင်နှင့် **ဒိုဟလယ်ဘို့** (ကုလား[မ]) တောင်)၊ **ဒိုနွတ်တမော့**(ကျောက်လုံး) ကြီးတောင်၊ ယခုအခါ ကျိုက်မာ[ရော]) ဆုတောင်းပြည့်စေတီ ကုန်းတော[်] သီတင်းသုံးဖော် ဗုဒ္ဓညာဏ ရ[သေ့] နေထိုင်ရာ **ဒိုတမော့[...]** **တောင်**(ယခု နွားလ[ဉ်းတ]ောင်)တို့တွင် လှည့်လည်သီတင်းသုံး ကျင့်ကြံရာ[...]



www.burmeseclassic.com

www.burmeseclassic.com




◆ စေတီသမိုင်းကျောက်စာ

ဦးတော်သီဟရသေ့က ဒိုဂရွယ်ကပန်းတောင်(ယခု ဖွဲ့ကပင်တောင်)သို့ ပြောင်းရွှေ့ သီတင်းသုံးလေသည်။

အကျယ်ကို သိလိုပါက...

- မွန်ရာဇဝင်စေတီတော် သမိုင်းပေါင်းချုပ် (မွန်၊ မြန်မာ နှစ်ဘာသာ)
- ပျားစွဲတောင်(ကျိုက်ထို) ကျိုက်ထီးရိုးစေတီသမိုင်း(မွန်၊ မြန်မာ)
- ဒိုတမော့ခတွန်ဂလန်တောင် (နွားလပို့တောင်) ကျိုက်ထီးရိုး စေတီသမိုင်း(မွန်ဘာသာ)

တို့တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။

**"မိကျောင်းကိုသတ်လျှင် ရွှေအိုးသုံးလုံးရမည်"**ဟူသော မွန်စကားဆိုရိုးရှိ၏။ မိကျောင်းကို မွန်ရေးထုံးဖြင့် (ကျာံ)ဟုရေး၏။ မိကျောင်း (ကျာံ) ကိုသတ်ခြင်း= အသတ်တင်ခြင်းဖြင့် (ကျာ်)ဖြစ်၏။ မြန်မာဘာသာဖြင့် **"မြတ်စွာဘုရား"**ဟု အဓိပ္ပာယ်ရ၏။ ရွှေအိုးသုံးလုံးကား ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သရဏဂုံသုံးပါး ဖြစ်လေသည်။

သို့ဖြစ်လေရာ **"ရွှေမျက်နှာစေတီ"**ဟူ၍ မွန်တိုင်းရင်းသားတို့အလိုအရ ဘွဲ့မည်တွင်သော စေတီကုန်းတော်တွင် ၁၃၀၅ ခုနှစ်မှ ၁၃၆၁ ခုနှစ်တိုင်အောင် (၅၆)နှစ်တာ သီတင်းသုံး၍ သတ္တဝါအများ ခုနစ်ရက်သားသမီးတို့ကို ကယ်ဆယ်တော်မူကာ **ဗုဒ္ဓ၊ ဓမ္မ၊ သံဃ** ရတနာသုံးပါး၌ သက်ဝင်ယုံကြည်စေရန် ဟောဖော်တိုက်တွန်းတော်မူသော ဆရာတော်အရှင်မဟိန္ဒ၏ ကုလားမတောင် ရွှေမျက်နှာစေတီနှင့် မိကျောင်းရုပ်တို့မှာ သမိုင်းမှတ်တိုင်များအဖြစ် နိမိတ်ဆောင် ကျန်ရစ်သည်ဟု ယူဆရပေသည်။

## မဝသူ ကျွေး၊ ဝသူဖေး၍

ဆရာတော် အရှင်မဟိန္ဒသည် ဆင်းရဲချမ်းသာမရွေး အယုတ်အလတ်မမြတ်မရွေး ကူညီကယ်ဆယ်ပေးကာ သာသနာတော် ပွင့်လင်းစေရေးကို အားထုတ်တော်မူခဲ့သည်။

ဝမ်းမဝသည့် နွမ်းပါးသူ၊ သူတောင်းစားမှအစ စားရေရိက္ခာပေး၍ ကူညီတော်မူသည်။ ဝမ်းဝသော်လည်း ရှေးအတိတ်ကံ ပွင့်လင်းချိန် မရောက်သဖြင့် အတိတ်ကောင်းမှု ပိတ်ဆို့ တားဆီးခံထားသူတို့ ပွင့်လင်းစေရန် ဖေးမကူညီတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစက်မရှုမြင်သည့် တန်ဆောင်း

ဆရာတော်၏ လုပ်ရတ်ပညာဖြင့် အောင်မြင်ထွန်းပေါက်ခဲ့သူ စီးပွားရေးလုပ်ငန်းရှင်များစွာကို ဦးပဥ္စင်းက အမည်၊ လုပ်ငန်း၊ နေရပ်လိပ်စာနှင့်တကွ မိန့်ကြားတော်မူကာ သူတို့၏ ဓာတ်ပုံ၊ ပန်းချီကားများကို ညွှန်ပြတော်မူသော်လည်း ပုဂ္ဂိုလ်ရေးအရ ချန်လှပ်ခဲ့ရပါသည်။

မဝသူကျွေး၊ ဝသူဖေး၍ သာသနာတော် ပွင့်လင်းရေးကို ဝါယမ စိုက်ထုတ်တော်မူခဲ့သော ဆရာတော်ကြီး ဖြစ်တော်မူပါပေသည်။

## ခေါင်းရွက်ဘုရား

သိမ်စေတီမုခ်ဦးမှာ ၁၃၀၃ ခုနှစ်က တည်ဆောက်လှူဒါန်းခြင်းဖြစ်ကာ ရွှေသိမ်တော်ကျောင်း ရဟန်းတော်များ ဆက်လက် မွမ်းမံထိန်းသိမ်းမှုကြောင့် မူလ လက်ရာအတိုင်း မြင်တွေ့ရသည်။

စေတီဝင်းအရှေ့ဘက် မုခ်ဦး တစ်ဖက်တစ်ချက်စီတွင် ဆရာတော် ဦးမဟိန္ဒ တည်ဆောက်ပူဇော်သော စေတီနှစ်ဆူ ကိန်းဝပ်တော်မူသည်။ ၁၃၅၀ ပြည့်နှစ်ခန့်က တည်ထားခြင်းဖြစ်ကာ သရီရ ဓာတ်တော်မွေတော်များနှင့်အတူ လုပ်ရတ်ပညာဖြင့် စီရင်ထားသော ဓာတ်လုံးများကိုပါ ဌာပနာပြုထားကြောင်း သိရသည်။

စေတီမှာ ပစ္စယံအထက်ခေါင်းလောင်းမှောက် ပတ်လည်တွင် ရဟန္တာရုပ်တုများ ဝန်းရံထားသည်။ တစ်မျက်နှာလျှင် ငါးပါးစီ ဖူးမြင်ရသည်။

ထိုမှ မြောက်ဘက်တွင် ပြိုပျက်လုနီးပါး ရှေးစေတီတစ်ဆူမှာ ချုံနွယ်များ ပိတ်ဖုံးလျက်ရှိသည်။ အရှေ့လှည့် လိုဏ်မုခ်တွင် ထင်ရှားသော အက်ကြောင်းကြီးများကို မြင်တွေ့ရသည်။ **ခေါင်းရွက်ဘုရားဟု ခေါ်ကြသည်။**

လိုဏ်အတွင်း၌ ပုဂံခေတ်လက်ရာ တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ စံပယ် တော်မူသည်။ ဦးခေါင်းတော်အထက် ရောင်လုံ့ခြုံနှိက ပြိုလုတဲတဲ စေတီတော် အား မလွှဲမှာ ထောက်ပင့်ပေးသကဲ့ သို့ ရှိ၏။


ဤအခြေအနေကြောင့်သာ စေတီ တစ်ဆူလုံး ပြိုကျခြင်း မရှိသေးသည်ဟု ယူဆရသည်။ ထို့ကြောင့် ခေါင်းရွက် ဘုရားဟု ခေါ်ကြခြင်းဖြစ်သည်။

"ခေါင်းရွက်"ဘုရားစေတီမှာ အချိန် အခါမရွေး ပြိုကျနိုင်သော အခြေအနေ၌ ရှိသဖြင့် ပါရမီရှင်တို့ "**ပေါင်းဖက်**" ကုသိုလ်ပြုကြခြင်းဖြင့် နှစ်ပေါင်း (၁၀၀) ခန့် သက်တမ်းရှိသော ရှေးဟောင်း လက်ရာ စေတီတော်ကို မပျောက်



www.burmeseclassic.com

www.burmeseclassic.com



● အသင်မှန်မှ မိကျောင်းရုပ်

-ပျက်စေရန် ထိန်းသိမ်းနိုင်ကြစေ
-ကြောင်း ဆုတောင်းရပေသည်။

ထိုစေတီ၏ အရှေ့မြောက်ထောင့်
-ချပ် ကွင်းပြင်တွင် ပြန်လည်မွမ်းမံ
-ည့်ဆောက်ရန် သာသနာအလံ စိုက်
-ထူထားသည့် စေတီဟောင်းတစ်ဆူ၏
-ရုတ်ပလ္လင်နှင့် ပစ္စယံ အကြွင်းအကျန်
-များ မြင်တွေ့ရသည်။

**ဆရာတော်ဦးမဟိန္ဒသည် ဤစေတီ
-တောင်အတွင်းမှ ကြေအိုးနှင့် ခေါင်းလုံး
-များ တူးဖော်ရရှိခဲ့ခြင်း ဖြစ်သည်။**

ဤစေတီတော်ကို တံတားဦးမြို့နယ်၊
-ဒုယ်တော်ကျေးရွာကျောင်း ဆရာ
-တော်က "လောကအောင်မြင်စေတီ"
-ဟု ဘွဲ့မည်သမုတ်၍ အသစ်တစ်ဖန်
-ပြည့်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ
ကြောင်း သိရှိရလေသည်။

## နှုတ်ဆက်ဂါရဝ

ရွှေသိမ်တော်စေတီဝင်းနှင့် ကျောင်းမြေအတွင်း လေ့လာကြည့်ရှုပြီးသောအခါ လက်ရှိဆရာတော်နှင့် ဦးပဥ္စင်းများကို ရှိခိုးနှုတ်ဆက်၍ ရေဦးမြို့သို့ ပြန်လာခဲ့သည်။

ဆရာတော် ဦးမဟိန္ဒသည် ချီးကျူးအားကျဖွယ် သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ၌ မျက်စိနှစ်ကွင်း အလင်းမရသည့်အချိန်တွင်ပင် အနားယူခဲ့ခြင်း မရှိကြောင်း သိရသည်။

ကျောင်းဝင်းအတွင်း၌ အတွဲအကူမလိုဘဲ တစ်ပါးတည်း သွားလာလှုပ်ရှားနိုင်သည့်အပြင်...

ရွှေဘိုခရိုင် ရေဦးမြို့နယ်မှ မိုင်ပေါင်း (၅၀၀)ကျော် ဝေးကွာသည့် သထုံခရိုင်၊ ပေါင်မြို့နယ်တိုင်အောင် ကြွရောက်တော်မူသည့်အပြင် ပေ(၃၀၀၀)ကျော် မြင့်၍ စောင်းတန်းလှေကား မရှိသည့် ကုလားမတောင် မြေလမ်းတောင် တက်ခရီးကိုပင် တက်ရောက်ကာ သာသနာအကျိုး ဆောင်ရွက်တော်မူသည်ဖြစ်ရာ အံ့သြလေးစားစွာ ဦးတင်ရပါသည်။

**ခဏတာ ဖူးတွေ့ခဲ့ရသော်လည်း ကျေးဇူးကြီးမားလှသည့် ဆရာတော်အရှင်မဟိန္ဒအား ဂါရဝပြုလျက်...**

**စောသိင်းလ**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ

ကြည့်ပါ။

◎ **အင်္ဂါဂြိုဟ်ခုံကစတဲ့ ဉာဏ်လမ်းကြောင်းကို တွေ့ရတယ်။ (က)**
ဒါကတော့...
ရန်လိုတတ်ခြင်းရဲ့ သင်္ကေတပါ။

◎ **ဉာဏ်လမ်းကြောင်း ဖြောင့်တန်းပြီး ရှည်လျားနေပါတယ်။ (ခ)**
ဒါကတော့...
တွက်ထိုးညှိစရိုက်ရဲ့ သင်္ကေတပါ။

◎ **လက်သန်းတိုပါတယ်။ (ဂ)**
ဒါကတော့...
ဘုသောက်ပြောတတ်တဲ့ အကျင့်စရိုက်ပါပဲ။

◎ **လက်မသည် တောင့်တင်းပြီး** အနည်းငယ် ကော့သယောင် တွေ့ရတယ်။ **(ဃ)**
ဒါကတော့...
ဆတ်ဆတ်ထိမခံနိုင်တဲ့ အကျင့်ပါပဲ။

ကဲ...ဒါဆိုရင်...




သူ... ဘယ်လို
လူစားလဲဆိုတာ
သိနိုင်လောက်ပါပြီ။

***အေးပါစေ အောင်ပါစေ။***

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင် (ကြော်ငြာဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အခါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်း ကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ နေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်း လို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ဆိုတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ မာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ ခဏလေးအပြင်သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွား ဖြစ်ဘူး ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေ တာ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီး လိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ် တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ မှာလည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြော တက်တာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်း ညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော် ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာ ပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသား တွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေ တယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ် တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက် တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါ အဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ် ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ် အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလ အညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်း ကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက် ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စာစောကပြောခဲ့တဲ့ သာ မန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ်ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ဝင်း)(၁၁၂/၁၂၁၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကိုဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးမာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **ကြောမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၃၀၉၁၊ ၀၉ ၇၃၁ ၉၇၅၂၄။

www.burmeseclassic.com

စပါးတောင်ရိုး သာသနာ့အောင်မြေ

# လေးသျှန်းခံတောင်ခရီး (၃)

မောင်မြမောင် (ထားဝယ်)


ယခင်လမှအဆက်

အနောက်ဘက် တောင်စောင်း ရှိ ဘုရားသိမ်တွင် ထိုင်တော်မူ ာက်ဆင်းတုတော်ဘုရားသုံးဆူကို ဖူးမြော်ရသည်မှာ ကြည်ညိုသဒ္ဓါ ထက် န်ပွားများ ကြည်နူးပီတိ ဖြစ်ရပါ၏။

ဘုရားသိမ်၏ အနောက်ဘက်မှာ နှစ်ထပ်တိုက်ကျောင်းဆောင်သစ် ဆောင်ကိုလည်း သစ်လွင်ထည်ဝါ တွေ့ရ၏။ အနောက်တောင်ထောင့် ာင်စောင်းတွင် **သာသနာစောင့် ာမင်းကြီးလေးပါး ဝန်းရံလျက် သနာ့ တံခွန်တိုင်**ထိပ်ပေါ်တွင် န်တော်တစ်ပါး ရပ်တော်မူလျက်ရှိ ည့် ရုပ်တုတော်ကို အမြင့်ထူးစွာ ြည်ညိုဖူးမြင်ရလေသည်။

**ဆရာတော်ဦးကောဝိဒသည်** နှမ ောင် (မြစိမ်းရောင်တောင်)ပေါ်၌ ညာ တရားဓမ္မ အားထုတ် သီတင်း နေထိုင်လျက်ရှိပြီး ဘုရားဖူးများ ညမရွေး တရားဓမ္မအားထုတ် ည်သီလ တည်ဆောက်ခြင်းကို ောင်ရွက်နိုင်ရန် ဘုရား၊ စေတီ၊ ာင်း၊ သိမ်၊ ဇရပ်၊ ရေကန် စသည် ို့ကို တည်ဆောက် တူးဖော်ခဲ့ခြင်းဖြစ် ည်။

နှမတောင် (မြစိမ်းရောင်တောင်) ပေါ်တွင် စေတီ၊ ဘုရားတည်ခြင်း၊ ာင်း၊ သိမ်၊ ရေကန်၊ ဇရပ်များ ည်ဆောက်သည်မှာလည်း ခက်ခဲပါ ည်။ တော်ရုံသဒ္ဓါတရား စေတနာ





အရှေ့တောင်ထောင့်အရပ်မှ ရောက်အောင်သဲ့ရာဝင်များရှင်စေတီအား ဖူးမြော်ရစဉ်



စံကျောင်းတော်အတွင်း ရှုံ့နှိမ့်စင်သေရာတော်နှင့် တောင်ပွားဆရာတော် ဦးသုဘဿနတို့၏ ရုပ်တုတော်တို့ကို ကြည်ညိုဖူးရစဉ်

တရားတို့ဖြင့် တည်ဆောက်ရန်မှာ မလွယ်ကူပါ။

သို့နှင့် ဆရာတော်ဦးကောဝိဒ၏ စပါးတောင်တန်း သာသနာပြုလုပ်ငန်း များ ဆောင်ရွက်ကြရာတွင် ပြည်သူ များက စေတနာသဒ္ဓါတတ်အားနိုင် သမျှ ပါဝင်လှူဒါန်းကြခြင်းဖြင့် ကုသိုလ်ယူကြပါသည်။

ဘုရားစေတီဟောင်း ပြုပြင်ရခြင်း သည် အသက်ရှည်၏။ အပါယ်မလား၊ နိဗ္ဗာန်ဝင်သည်ထိ ကောင်းကျိုးပေး တတ်၏။

နှမတောင်(မြစိမ်းရောင်) စေတီ ရင်ပြင်တော်ပေါ်မှ ပတ်ဝန်းကျင်ကို

www.burmeseclassic.com

ကြည့်လိုက်ရာ မြောက်ဘက်အဝေး မြင်ကွင်းမှာ စကြာရှင်စေတီ၊ အောင်သံဝရ ရောဝဏ်ဆင်များရှင်စေတီတို့ကို လှမ်း၍ ဖူးမြင်ရ၏။

မြောက်ဘက် တောင်ခြေကုန်းမြင့် တစ်ခုပေါ်ဝယ် မြစိမ်းရောင်သိုက်နန်းကို လှမ်းမြင်ရ၏။ တောင်ဘက်တွင် တောင်စဉ်တောင်တန်း အသွယ်သွယ်၊ တောတောင်လျှိုမြောင် အထပ်ထပ် သစ်ပင်စိမ်းစို အုပ်ဆိုင်းလျက်ရှိ၏။

အနောက်ဘက်တွင် ဖြတ်သန်းစီးဆင်းနေသော မြစ်ထားဝယ်ကို အထင်ရှားမြင်တွေ့ရလေသည်။

တစ်ဖန် ထားဝယ်မြို့နှင့် ရပ်ကွက်/ ကျေးရွာများကို အပေါ်စီးမှ မြင်တွေ့ရသည်မှာ မြေပြင် ပြားပြားဝပ်နေသည့် အနေအထားမြင်ကွင်း၊ စပါးတောင်ခြေ တစ်ဝိုက်တွင် မြူတွေက ဝေ့ဆိုင်းရစ်ပတ်လျက်ရှိ၏။

ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ စာရေးသူ နှမတောင်ပေါ်ဘုရားဖူး ရောက်ခဲ့စဉ်က ဆရာတော်ဦးကောဝိဒ သီတင်းသုံးနေသည့် ကျောင်းဆောင်သစ်တွင် သွားရောက်၍ ကန်တော့ဖြစ်ပါ၏။

ဆရာတော်အား နှမတော်ရှင်ဖော မြစိမ်းရောင်စေတီနှင့် ပတ်သက်၍ ထူးခြားသည့် အတွေ့အကြုံများ ရှိပါက မိန့်ကြားပေးပါရန် လျှောက်ထားရ၏။

ထိုစဉ် ဆရာတော်ဦးကောဝိဒက...

"သာဂရမြို့(ယခု မြို့ဟောင်းရွာ)မှာ အုပ်ချုပ်စိုးစံတဲ့ မင်းရှင်ဝံရဲ့ နှမတော်ရှင်ဖောဟာ သာသနာသက္ကရာဇ် ၇၇၅ ခုနှစ်မှာ စပါးတောင်တန်းရဲ့ တောင်ဘက်စွန် တောင်ထိပ်ဝယ် စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့တယ်။

ဒီစေတီတော်ကို နှမတော်ရှင်ဖောစေတီလို့



မြစိမ်းရောင် သိုက်နန်း အဆောက်အအုံအတွင်း အရှေ့ဘက်မှ မြင်ရသော မြင်ကွင်း

မြစိမ်းရောင် သိုက်နန်း အဆောက်အအုံအတွင်း အနောက်ဘက်မှမြင်ရသော မြင်ကွင်း



ခေါ်ဆိုမှု ပြုကြသလို နှမတောင်တွင် မြစိမ်းရောင်သိုက်နန်းချုပ်တည်ရှိပြီး သိုက်မများ စောင့်ရှောက်တာကြောင့် မြစိမ်းရောင်စေတီလို့လဲ ခေါ်ဆိုကြတယ်။

ဒါပြင့် နှမတောင်ထိပ်မှာ တည်ထားတဲ့ ရှင်ဖောရဲ့စေတီကို ယခုအခါ နှမတော်ရှင်ဖောမြစိမ်းရောင် ဆုတောင်းပြည့်စေတီလို့ ခေါ်ဆိုမှုပြုတယ်။ ထို့အတူ ဤစေတီကို "ဖေယျတု နှမတောင်မြစိမ်းရောင်ဆုတောင်းပြည့်စေတီ"လို့ လဲ ခေါ်ဝေါ်ကြပြန်ပါတယ်။

ဆရာတော်ဦးသုဒဿန လက်ထက် နှမတော် ရှင်ဖောမြစိမ်းရောင်စေတီမှာ မိုးကြိုးခထားလို့ ထက်ပိုင်းပြတ်ဖြစ်နေတယ်။ ဒီစေတီကို ဘုရားဒါယကာ ဦးအိုသီးက ပြုပြင်ခဲ့တယ်။

ကောဇာသက္ကရာဇ် ၁၃၁၉ ခုနှစ် တပို့တွဲလပြည့်နေ့မှာ ရွှေထီးတော် တင်လှူခဲ့တယ်။ ဆရာတော်ဦးသုဒဿန ပထမဦးဆုံး ပြုပြင်တဲ့စေတီလဲ ဖြစ်တယ်။

နှမတော် ရှင်ဖောမြစိမ်းရောင်စေတီဟာ နှစ်ပေါင်း ကြာညောင်းလာတာကြောင့် ဘက်စုံပြုပြင်ရန် လိုအပ်လာပါတယ်။

ဒါကြောင့် ဆရာတော်အနေနဲ့ ဒီစေတီတော်ပြုပြင်တဲ့လုပ်ငန်းရပ်တွေ


www.burmeseclassic.com

www.burmeseclassic.com



◆ မြစိမ်းရောင် ဝိုက်ချန်အဆောက်အအုံကြီးရှာ တောင်ကုန်းပေါ်မှ နှမတော် ရှင်ဇော်မြစိမ်းရောင်စေတီ၌ ထီးတော်မတင်မီမြင်ကွင်း

◆ နှမတော်ရှင်ဇော်မြစိမ်းရောင်စေတီ ထီးတော်တင်လှူ ပူဇော်ပွဲအခိုင်းအတန်းကို တွေ့ရစဉ်





◆ နှမတော်ရှင်ဇော်မြစိမ်းရောင်စေတီ၌ ထီးတော်မတင်မီမြင်ကွင်း

(၃)နှစ်တာကာလ စီမံကိန်းနဲ့ ဆောင်ရွက်ဖို့ ရည်မှန်းထားခဲ့ပါတယ်။

ဆရာတော်အနေနဲ့လဲ ဒီစေတီတော် ဝိုင်းဝန်းကျင်မှာ စောင့်ရှောက်နေကြတဲ့ သာသနာ စောင့်နတ်မင်းကြီးများ၊ တော စောင့်နတ်များ၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များနဲ့ မမြင်အပ်၊ မြင်အပ် ပုဂ္ဂိုလ်တွေက ဆရာတော်အား ကိုယ်ရောင်ကိုယ်ဝါ အထင် အရှား ပြသခြင်း၊ ပစ္စည်းဥစ္စာရွှေငွေများပေး ခြင်း အများသူငါတွေကိုလဲ စိတ်ထိတ်လန့် ချောက်ချားစေတဲ့ လှုပ်ရှားမှုအသံပေးခြင်း စသည်တို့ကို မပြုရန်...

အကယ်၍ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များနဲ့ စောင့်အရှောက်အပေါင်းတို့က ဒီစေတီတော်ရဲ့ သာသနာ့ပြုလုပ်ငန်းတွေအတွက် ကူညီ ထောက်ပံ့ပေးမယ်ဆိုရင်လဲ အလှူဒါယကာ၊ ဒါယိကာမများ ပေါ်ပေါက်လာစေဖို့သာ စိတ် ဆော်နှိုးဆော်ပေးစေလိုကြောင်း၊ ဒီစေတီ တော်ထံပါးမှာ အဓိဋ္ဌာန်ပြုတောင်းပန် မေတ္တာရပ်ခံ ရပ်ခံထားခဲ့ပါတယ်။

ဒီလိုနဲ့ မြစိမ်းရောင်စေတီကို ဘက်စုံ ပြုပြင်ဖို့ ရည်မှန်းထားတဲ့အချိန်မှာ မမျှော်လင့်ဘဲ ပြီးခဲ့တဲ့နှစ် ဝါဆိုလပြည့် နေ့မှာ ရန်ကုန်မြို့နေ အလှူရှင် ဒါယိကာ မကြီးတစ်ဦး ဆရာတော်ရဲ့ကျောင်းကို ရောက်လာပြီးတော့ နှမတော်ရှင်ဇော် မြစိမ်းရောင်စေတီကို ပြုပြင်လိုကြောင်း လျှောက်ထားသူတစ်ဦး ပေါ်ပေါက်လာ ခဲ့ပါတယ်။

ဒါပြင့် နှမတောင်(မြစိမ်းရောင် တောင်)ပေါ်တက် ကားလမ်း တန်စောင်းနဲ့ ကျောင်း၊ သိမ်၊ ရေကန် စတဲ့ သာသနာ့အဆောက်အအုံတွေ လှူဒါန်းမယ့်ပုဂ္ဂိုလ်တွေလဲ ပေါ်ပေါက် လာပြန်ပါတယ်။

ဒါကြောင့်လဲပဲ မြစိမ်းရောင်စေတီ ဘက်စုံမွမ်းမံပြုပြင် တည်ဆောက်ရေး လုပ်ငန်းတွေကို အချိန်ကာလ(၃)နှစ်နဲ့ ဆောက်ရွက်ဖို့ ရည်မှန်းထားခဲ့ပေမယ့် ဤစေတီကို လက်တွေ့ဘက်စုံပြုပြင် ရေး လုပ်ငန်းတွေကို ဆောင်ရွက်ကြတဲ့ အခါမှာ(၃)လနဲ့အပြီး ဆောင်ရွက်နိုင်




www.burmeseclassic.com

www.burmeseclassic.com



▲ ဒေသချာ နမ့်တောင်မြစ်ရောင် ဆုတောင်းပြည့်စေတီတော်
မြောက်ဘက်မုခ်အတွင်း ထိုင်တော်မူဘုရားအား ဖူးမြော်ရစဉ်

▼ နမ့်တောင်(မြစ်ရောင်တောင်)ပေါ်မှ အရှေ့ဘက်မြင်ကွင်း






▲ နမ့်တော်ရှင်ဓာတ်မြစ်ရောင်စေတီ
၌ ထီးတော်တင်လှူပြီး ဖူးမြော်ရစဉ်

▼ ရေကန်ကြီးအနီး
ရှင်ဥပဂုတ္တတော်မြတ်အား ဖူးမြော်ရစဉ်




▼ နမ့်တောင်(မြစ်ရောင်တောင်)
ပေါ်၌ ရေကန်ကြီးတစ်ကန် တွေ့ရစဉ်






www.burmeseclassic.com

www.burmeseclassic.com







နမတောင်(မြစိမ်းရောင်တောင်)ပေါ် အနောက်ဘက်ဘုရားဆောင်တွင် ထိုင်းတော်မှ ကျောင်းဆင်းတုတော် ဘုရားသုံးဆူအား ပူဇော်စဉ်

ထီးတော်ရှု စေတီကို တွေ့ရစဉ်

အနောက်ဘက် ဘုရားဆောင်နှင့် နှစ်ထပ်တိုက် ကျောင်းဆောင်သစ်မြင်ကွင်း

ခဲ့ပါတယ်။

ဒါနဲ့ အခုလာမယ့် တပို့တွဲလပြည့်ကျော်(၉)ရက် (၃-၃-၂၀၁၆)နေ့မှာ ရွှေထီးတော်တင် အလှူမင်္ဂလာပွဲကြီး ကျင်းပဖို့ စီစဉ်ဆောင်ရွက်နိုင်ခြင်းဟာ ဤစေတီရဲ့ ထူးခြားချက်ဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်’

ဟု မိန့်ကြားခဲ့ပါတယ်။

ထို့နောက် ဆရာတော်ဦးကောဝိဒ က နှမတောင်စေတီ(မြစိမ်းရောင်စေတီ) ပြုပြင်ရာမှ ထွက်ရှိလာသော ရှေးဟောင်းအုတ်ပြားချပ်များ ပြသဖြင့် စာရေးသူ အုတ်ပြားတစ်ချပ်ကို တိုင်းတာကြည့်ရာ အလျား(၁၇)လက်မ၊ အနံ(၈)လက်မ၊ ထု(၃)လက်မ ရှိကြောင်း လေ့လာ မှတ်တမ်းမှုပြုရပါသည်။


ထိုစေတီ၏ ရှေးဟောင်းကြေးခေါင်းလောင်းများကို လေ့လာမှုပြုရသလို ရှေးဟောင်းကြေးပြား တစ်ချပ်ပေါ်တွင် မှတ်တမ်းတင်ထားသော အကြောင်းအရာများက ဤစေတီ၏ သမိုင်းကို ဖော်ညွှန်းပြဆိုရာ ရောက်ပါသည်။

နှမတော်စေတီ(ခ) မြစိမ်းရောင်စေတီကို ကောဇာ သက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် မောင်ရွှေအိန်၊ မမိဥတို့က ပြုပြင်၏။ ထို့နောက် ကောဇာသက္ကရာဇ် ၁၃၁၉ ခုနှစ်တွင် ရှမ္မတွင်းရွာနေ ဦးဖိုးသီး၊ ဒေါ်အေးမယ်သင်နှင့် ဘုမ္မော်ရပ်နေ ဦးချိုစိုင်၊ ကောဇာ သက္ကရာဇ် ၁၃၄၁ ခုနှစ်တွင် ရန်ကုန်မြို့နေ ဦးဘာလေ+ဒေါ်မိမိလှ၊ ဦးချိုစိုင်...

ကောဇာသက္ကရာဇ် ၁၃၅၀ ပြည့်နှစ်တွင် ဒေါင်းငုရပ်နေ ဦးစံသိန်း+ဒေါ်မကြိုင်၊ ကောဇာသက္ကရာဇ် ၁၃၅၆ ခုနှစ်တွင် ရန်ကုန်မြို့နေ ဒေါက်တာမိုးလွင်၊ ဒေါ်တင့်တင့်ဝေတို့သည် ဤစေတီမိုးကြိုးခ၍ ပြုပြင်ခဲ့ရသည်။

ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်တွင် ရှမ္မတွင်းရွာနေ ဦးဖိုးသီး၊ ဒေါ်အေးမယ်သင်တို့၏ သားသမီးများနှင့် အမျိုးဒါယကာတို့ စုပေါင်း၍ ဤစေတီအား ရွှေသင်္ကန်းကပ်လှူ

www.burmeseclassic.com




နမ်တောင်(မြစိမ်းကျောင်း) စေတီရင်ပြင်ပေါ်မှ မြင်ရသော ကျောက်တက်မြင်ကွင်း

ထားဝယ်မြို့မြင်ကွင်း



ထားဝယ်မြို့နှင့် ရပ်ကွက်၊ ကျေးရွာများမြင်ကွင်း





သာသနာ့ဘုံခွန်တိုင်ကို အမြင့်ထွတ်မှာ ကြည်ညိုဖွယ်မြင်ရစဉ်

ကောင်းမှု ပြုခဲ့ကြပါ၏။

ယခုတစ်ဖန် ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ်တွင် တောင်ပွားကျောင်းဆရာတော်ဦးကောဝိဒ ဦးစီး၍ ခုံဝင်းဒပ်ရပ်နေ ဦးသိန်းအောင်+ဒေါ်လှကြည်၊ ရန်ကုန်မြို့နေ မောင်ကျော်ဖြိုးဝေ+ မသလင်းစံတို့က ဤစေတီကို ပြုပြင်ခြင်း...

လမ်းဖောက်လုပ်ခြင်း၊ ရေကန်ရင်ပြင်ခင်းခြင်း၊ ဘုရား၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ တန်ဆောင်းတန်း၊ မြစိမ်းရောင်နေအိမ်စသည့် သာသနာ့အဆောက်အအုံများ တည်ဆောက်လှူဒါန်းခဲ့ကြောင်း မှတ်တမ်းပြုထားသည်ကို တွေ့ရှိခဲ့ရလေသည်။

ရှေ့လဆက်ဖတ်ပါရန်

**မောင်မောင်စိုး(ထားဝယ်)**

www.burmeseclassic.com

www.burmeseclassic.com

# ရစ်ချက်ကောင်း ဟောကွက်




ကြည့်ပါ။

- အသက်လမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်း ပူးကပ်နေတာကို တွေ့ ရတယ်။ (A.A)

ဒါကတော့...

- ကြောက်တတ် လန့်တတ်မယ်။
- မိုးမိုးစိတ် ပိုမယ်။
- ညှင်သောက များမယ်။
- ဆုံးဖြတ်ချက်-မပြတ်သားဘူး။
- စိတ်စွမ်းအားနည်းမယ်။
- အကြည့်မှု လျော့နည်းမယ်။
- ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့စိတ်တွေ လွှမ်းမိုးထားမယ်။
- အဝန်ပျက်ကွက်မှာ စိုးတယ်။
- ရုံးထမ်းအလုပ်နဲ့ အကျိုးပေးတယ်။
- ကိုယ်ပိုင်လုပ်ငန်းနဲ့ အဆင်မပြေနိုင်ဘူး။
- အမှားအယွင်းတွေ များတတ်တယ်။
- ဦးဆောင်မှု မပေးနိုင်ဘူး။
- ဆင်ခြင်ဉာဏ်အားနည်းမယ်။
- စောတ်တတ်တယ်။
- ဆုံးမရ လွယ်ကူတယ်။
- ကိုးကွယ်တဲ့ ဂိုဏ်ဂဏတရားရှိမယ်။
- ယုံကြည်နိုင်မှု ရှိမယ်။

အသည်အားဖြင့် ဟောပြောလို့ရပါတယ်။ လက္ခဏာရှင်ရဲ့အမေးကို ကြည့်ပြီး အဖြေပေးလိုက်ရုံပါပဲ။ သုတအလို့ငှာ တင်ပြပေးလိုက်ပါတယ်။

ရကွန္တော အင္တာနံ ရက္ခတိ

ဦးသော်ခင် (ဟသ်ာတ)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

## အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း
အမှတ်တံဆိပ်
# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဖက်ကြောထိုးခြင်း။ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်၊ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက် သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အော ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလ မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသား ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကို ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရော အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာန နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ် သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင် ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက် ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲ ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအ ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အ ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အ အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူ နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အ သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာ အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြ အကျိုးပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုနန္ဒမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၅၂၂၉၄၁


ဦးဇော်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

# နေ့စဉ်ပြုံးဆို့....

လွယ်ကောင်းကြောင်



◆ စောမွန်လှဘုရား

မ်ပြည်နယ်သည် နှစ်ဆန်း ရက်နေ့ဆိုလျှင် ဘာအလုပ်မှ ကြတော့ဘဲ ဘုရားသွား၊ င်းတက်ကြသည့်နေ့။ ဒါကို တော့ နှစ်ဆန်းတစ်ရက်နေ့မှာ င်ပန်း–ပင်းတယ ကားကို စောင့် ၏။ ကားလိုင်းတွေက ပိတ်ထား ကားက မလာတော့ စောင့်ရင်း ...

မ်ပြည်နယ်သည် အခြေအနေ ဘုန်းတော်ကြီးများ ဆိုင်ကယ်စီးမှ လာရေး အဆင်ပြေ၏။ ပဌာန်း ဆိုရလေမလား... ထိုအရှင်ကို တားမိတော့ တကူးတကပင် ဖြင့် အသွားအပြန် (၇၀)နီးပါး နိဗ္ဗာန်ကူးတို့ လိုက်ပို့ပေးပါတော့ ည်။

ထိုအရှင်သည် အောင်ပန်းမြို့နယ်၊ မွန်လှတောင်မှာ တစ်ပါးတည်း စရှိနေသူ ဖြစ်၏။ စောမွန်လှ င်ဆိုတာ ပုဂံခေတ် အနော်ရထာ ားစောမွန်လှ တည်ထားသည့် ကို အစွဲပြု၍ (ဘုရားတောင်) မွန်လှတောင်ဟု ခေါ်သည်။

ထိုတောင်သည် တောင်ကြီးထက် ားဖြင့် မြင့်ပါသည်။ ထိုအရှင်ကို နေသူမှ စိတ်ဝင်စားလာ၍ မေးစမ်း သည်။

ထိုအရှင်သည် ကိုရင်ဘဝကတည်း သာသနာဘောင် ရောက်ရှိခဲ့၏။ စဉ်ကပင် ပရိယတ္တိ စာပေတွေကို ကြားခဲ့၏။ တရားကို ငယ်စဉ် တည်းကပင် ဝါသနာပါခဲ့သော ည်း အားမထုတ်ဖြစ်ခဲ့ပေ။

ထိုအရှင် ကလေးဘဝက င်ပုလု ဆရာတော်ကြီးသည် င်ပန်းမြို့ကို သာသနာပြု ရောက်ခဲ့၏။ ဆရာတော်ကြီး ဟောကြားခဲ့သည့် **သံဝေဂလင်္ကာ လေးက...**

'တိုင်ကြီး(၄)ခု မြှင့်ပြီးပါပြီ၊ ခန္ဓာအိမ်ကြီး ဆောက်ပြီးပါပြီ၊ အိုကြ၊ နာကြ၊ သေကြရမည်'

ကလေးဘဝကတည်းက ဘုရား ဝတ်ပြု ရွတ်ဆိုတတ်ခဲ့သည်။

အရွယ်ရလာတော့ တိုင်ကြီး(၄)ခု ဆိုတာ ဘာလဲဆိုသည့် တရား အဓိပ္ပါယ်ကို ရှာဖွေချင်လာ၏။ တိုင်ကြီး (၄)ခုဆိုတာ **"ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော"**ဆိုတာ သိလာခဲ့ ရသည်။

ဒီတောင်ပေါ် မရောက်မီ (၃)နှစ် ဆက်တိုက် ညစဉ် အိပ်မက် မက်ခဲ့၏။ အိပ်မက်ထဲမှာ ဘုရားပျက်၊ ရေတွင်း ပျက်၊ ဇရပ်ပျက်ကို မြင်နေရ၏။

တောင်ပေါ်က ကြည့်လိုက်ပါ ကလည်း အရပ်လေးမျက်နှာ အားလုံး မြင်နေရ၏။ နောက် ဒီတောင်ပေါ်ကို ရောက်တော့ အိပ်မက်ထဲကအတိုင်း ဖြစ်နေတော့သည်။

ဒီတောင်ကို ရှေ့ကလည်း နေသွား ကြသည့် သူများ ရှိကြပါ၏။ ကြာကြာ မခံပေ၊ ပြန်ဆင်းပြေးကြ၏။

အကြောင်းမှာ စောမွန်လှတောင် သည် အခြောက်အလှန့် ပေါ၏။ ကြမ်း၏။ သိုက်များ၊ သရဲ၊ ဘီလူး အမျိုးမျိုး စမ်းသပ်ခံခဲ့ရသည်။ ဘီလူးပုံ က နှာတံ မပါပေ၊ နှာခေါင်းပေါက် ပါ၏။ ညီစို့စို့ အနံ့ရှိ၏။

သရဲကား နားရွက်ချွန်ချွန်၊ မျက်လုံး ဝိုင်း၏။ သရဲအနံ့က နေပူထဲက ငွေးကို





www.burmeseclassic.com

www.burmeseclassic.com



◆ စောမွန်လှတောင် ဆရာတော်



◆ ရောက်ရှိလာ တရားကျင့်ရာ ဘုရားလိုဏ်ဂူ

ရေနှင့်ပက်လိုက်ပါက ထွက်လာသည့် အနံ့ ရှိ၏။

ဥစ္စာစောင့်တွေကတော့ ထိုင်နေတာ တွေ့ရတတ်၏။ လူနှင့် မတူပေ။ လူနှင့်တူတာ မျက်နှာလောက်ပဲ ရှိပါသည်။ လမ်းလျှောက်ပါက လူတွေက ခြေထောက်က နောက်ကို ကွေး၏။ သရဲတွေက ခြေထောက်က အလယ်ခွင်၏။ ကွတကွတနှင့် လမ်းလျှောက်ကြ၏။

ထိုအရှင် တောင်ပေါ်ကို စ,ရောက်ခါစက ဘာမှ မရှိပေ။ အိုးခွက်,ပန်းကန်,ဇွန်း ဘာမှ မပါပေ။ ဘယ်သူမှလည်း မလာရဲကြပေ။ ထိုအရှင်သည် နို့ဆီခွက်ကလေး တစ်ခွက်ပါ၏။ ထမင်းခြောက် (၄,၅)ဘူးသာ ရိက္ခာအဖြစ် ပါလာခဲ့သည်။

ထမင်းခြောက်ကို အစိမ်းစားသောအခါ ဗိုက်ပေါက်ထွက်မတတ် နာကျင်၏။ ရေစိမ်စားမှ သက်သာ၏။ မီးမွေး နို့ဆီခွက်ထဲ ထမင်းခြောက်ထည့် မီးနှင့်ကပ်ထားသောအခါ ပို၍ စားရတာ အဆင်ပြေပါသည်။

ထိုရိက္ခာအခြောက် ကုန်သွားသောအခါ စားစရာ မရှိတော့ပေ။ မြင်းခွာရွက်များကို ပြုတ်စားရ၏။

ရှေးက ရသေ့သူတော်စင်များလည်း တောထဲမှာ သစ်ဥ၊ သစ်ဖု၊ သစ်ရွက်တွေပဲ စားပြီးနေကြတာကို သတိရတော့ တောထဲက တွေ့သမျှ အသီးအရွက် မစားဘူးတာ မရှိတော့ပါ။

ယားတာ၊ အဆိပ်သင့်တာတွေလဲ ကြုံခဲ့ရပါသည်။ စာဖတ်ရင်း မဟာမြိုင် ဦးဇောတိက ရေးသည့် စာအုပ်ထဲက စာသားလေးတစ်ခုကို သဘောကျမိ၏။

'သူများတွေက ပူဇော်တာထက် မိမိကိုယ် မိမိက ပူဇော်နိုင်ဖို့ရာ လိုတယ်'

မိမိကိုယ်မိမိ ပူဇော်နိုင်ဖို့ ဆိုတာက ကိုယ်လုပ်သည့် အလုပ်က ထိရောက်မှု ရှိလာပြီဆိုလျှင် ယုံကြည်မှုတွေလည်း တိုးတက်လာတော့တာပဲ၊ သတ္တိတွေလည်း တိုးလာခဲ့သည်။ ထိုယုံကြည်ချက်မျိုး တစ်နှစ်လောက်ကြာမှ ရခဲ့ပါသည်။

တောင်ပေါ် စ,ရောက်ခါစက နေ့စဉ်ညတိုင်း မျက်ရည်ကျခဲ့ရရှာသည်။ စားစရာမရှိ၊ နေစရာ အမိုးအကာမရှိ၊ ကြောက်တာက တစ်မျိုးနှင့် ညရောက်တိုင်း တစ်နှစ်လောက် ငိုခဲ့ရသည်။

သရဲက တကယ်ခြောက်တာ။ အိပ်နေရင်း ခြေထောက်ကို မ,သည်။ အပေါ်ကို မြှောက်ချ၊ ခေါင်းကို မ,ခံရသည်။ အကြိမ်ပေါင်းများစွာ ခံခဲ့ရတော့ နှလုံးရောဂါတောင် ဖြစ်ခဲ့ရသည်။ ဆေးမကုနိုင်ပေ။ တရားရှုမှတ်ရင်းနှင့် သက်သာရသည်။

ဂျာမဏီနိုင်ငံသား တစ်ယောက်သည် ကလောဘက်မှ လမ်းလျှောက်လာရင်း စောမွန်လှတောင်ခြေ မြက်တောထဲမှာ အိပ်ပျော်နေရာမှ တောမီးလောင်လာတာ သူ မသိလိုက်ပေ။

ထိုအရှင်မှ သွားရောက်နှိုးသောအခါ ကျေးဇူးတင်ရှာ၏။ ထိုစဉ်ကယ် အသက်သခင် ကျေးဇူးရှင်ဆိုကာ နွေဦးပေါက်တိုင်း နှစ်စဉ် လာလည်လေ့ ရှိပါသည်။


ထိုအရှင်သည် ငတ်တစ်လှည့် ပြတ်တစ်လှည့် စောမွန်လှ ဘုရားဝင်းမှာနေစဉ် သရဲက ကိုယ်ထင်ပြ သရဲအရုပ်သည် ကျောင်းခေါင်

www.burmeseclassic.com



◆ စောမွန်လှဘုရား

ဂျာမနီမှ ရိုက်ခဲ့သော နှစ်စဉ် လာလေ့ရှိ ◆



)ပြန်စာ ရှိသည်ဟု ဆိုပါသည်။ (၄)ပေလောက် အရပ်မြင့်ပါသည်။

မျက်နှာက လူမျက်နှာပုံ၊ နွားကိုယ် လုံးလောက်ရှိ၊ လက်က ခွာ၊ ခြေ ထောက်ကလည်း ခွာပုံ ဖြစ်ပါသည်။

နှလယ်ခင်းလည်း ကိုယ်ထင်ပြ ဘာ ကြုံဖူးပါသည်။ အပုပ်နံ့များလည်း ထော၏။ မိန်းမတစ်ယောက်နှင့် ကလေး နှစ်ယောက် ငိုနေတာကိုလည်း မကြာ ခဏ တွေ့ရ၏။

တောင်ရိုးမကြီးက သင်တိုင်း အရှည် ဝတ်ထား၏။(စကတ်ပုံပေါ့။) ဆံပင်ရှည်၏။ ခြေသလုံးမှာ ရွှေကွင်း များ ဝတ်ထား၏။ တချို့ သရဲများ လာထိ၏။ ကျောင်းထရံကို လာပုတ် ၏ ကျောင်းကို လှုပ်၏။

နယ်ခံများက ယခုထိ ကြောက်နေ ကြသေး၏။ တစ်ယောက်တည်း မလာ ရဲကြပေ။ လူအုပ်နှင့်မှ လာရဲကြ၏။ ထိုအရှင်ကျောင်းသည် သူခိုးလည်း လာရဲတော့၊ သော့လည်း ခတ်စရာ မလိုတော့ပါ။

ထိုအရှင်သည် ခေါင်းပါး စွာ ကေစာရီ ကျင့်နေတာ (၁၆)နှစ်ရှိခဲ့ပါပြီ။ စောမွန်လှ ဘုရားကို ခေတ်အဆက် ဆက်က ပြုပြင်ခဲ့ကြသည်။ ထိုအရှင် လက်ထက်မှာ လည်း ပြုပြင်နိုင်ခဲ့ပါသည်။

ထိုအရှင် လာဘ်လာဘ ရှားပါးစဉ် က နားကျပ်ချင်တာ ဆီမရှိပေ။ ထို အခါ နတ်စင်မှာ သွား၍...

'မင်းတို့ ဒီတောင်မှာ ငါလာပြီး သာသနာ ပြုတာ ကြာပြီ။ နားကျပ်ချင်တာတောင် ဆီမရှိဘူး'

ဟု ဘာရယ်မဟုတ် သွား၍ ပြောမိ လိုက်သည်။

နောက်ရက် ဆီတစ်ပုံး လာ၍ လှူ သွားကြ၏။ နောက် ငွေတစ်သိန်း လိုသောအခါ သွားပြောရာ ငွေတစ် သိန်း လာလှူသွား၏။ ဖုန်းလိုအပ် သောအခါလည်း ဖုန်း လာ၍လှူသွား ကြ၏။ (၃)ကြိမ်တိုင်တိုင် နတ်စင်မှာ သွား၍ တောင်းခဲ့ဖူးသည်။

ခြေထောက် ခေါက်လဲသောအခါ လမ်းမလျှောက်နိုင်တော့ပေ။ ဆိုင်ကယ် လာ၍ လှူသွားကြ၏။ ထူးခြားတာက ဆိုင်ကယ်သည် ဆီမစားပေ။ စာရေး သူ၏ကိုယ်တွေ့ဖြစ်၏။ တောင် အတက်(၁၀)မိုင်ခန့်ကို ဓာတ်ဆီ လက်ဖက်ရည်ပန်းကန် တစ်လုံး လောက်သာ စားပါသည်။

တိကျသော သမိုင်းအချက်များ မရှိ သော်လည်း တောင်ရိုးပါးစပ်ရာဇဝင် မှာ ကျန်စစ်သားကို နန်းတိုင်သားဟု ဆိုကြ၏။ ကျန်စစ်သား ပေါက်ကို(ဖုဂံ) ထိုတောင်ပေါ်မှ မျှော်ကြည့်လေ့ ရှိသည်ဟု ဆိုကြ၏။ တောင်အောက် အနောက်စောင်းစောင်းတွင် ညဘက်

www.burmeseclassic.com



ထိုအရှင်မြတ် တိုင်တည်လေ့ရှိသော နတ်စင်

လှမ်းကြည့်ပါက မြူမထပါက မီးရောင်များကို မြင်ရလေ့ ရှိပါသည်။

ထိုအရှင်သည် အရိုးစုကမ္မဋ္ဌာန်း စီးဖြန်း၏။ အရိုးနိမိတ် တော်တော်လေး စွဲနေ၏။ ဈေးထဲ ရောက်တာ ဈေးရောင်းသူ၊ ဈေးဝယ်သူများ အရိုးစု ထင်နေတော့သည်။ ဂုဏ်တော် ကွန်ချာကိုလည်း ပုတီးစိပ်လေ့ ရှိ သည်။

ကမ္မဋ္ဌာန်းအင်အား ကောင်း လေလေ အခက်အခဲ အတိုက်အ လောကဓံတွေကို ခံနိုင်ရည် ရှိလာ တော့သည်။ အခုတော့ "စောမွန်လ တောင်သည် အရင်လို မကြမ်းတော့ ထိုအရှင်ကိုပင် ကူညီစောင့်ရှော နေတာ ထင်ရှားပါတော့သည်။

**လွယ်ကောင်းအောင်**

# ခေါင်းကိုက်မန်းဂါထာ



လွန်ခဲ့သော ၂၀၀၁ခုနှစ်က ဖြစ်သည်။

တစ်နေ့ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာအုပ် လှူရန်သွားရာ အခန်းနေ ဦးပဋ္ဌင်းဦးနာရဒနှင့် တွေ့ပါသည်။ စကားစမြည်ပြော ကြရင်း...

'အေးကွာ...မင်းက စာလေးဘာလေး ရေးတယ်ဆိုတော့ ဂါထာမန္တန်နဲ့ ပတ်သက်ပြီး ငါကိုယ်တွေ့ သုံးနေတဲ့ ခေါင်းကိုက်မန်းဂါထာကို ပေးရသေး တာပေါ့'

'အမိန့်ရှိပါဦး ဘုရား'

'ခေါင်းကိုက်တဲ့သူကို ဘုရားရှေ့မှာ ဦးသုံး ကြိမ်အချနိုင်းပြီး သူ့ရဲ့ ဦးခေါင်းကို ညာလက်ဝါးနဲ့ အုပ်ကိုင်ပြီး(၃၇)ခေါက် မန်းရမယ်။ မန်းတဲ့အခါ သမာဓိနဲ့ စူးစိုက်ပြီး မန်းရမယ်။ အဲဒီဂါထာ ကတော့...

**'ဥုံမုနိ သူရိယော မေ့မှာ သံဃော လှန်လေရာလှန်၊ ပြန်လေရာပြန်သွားဟာ'**

တဲ့'

'တင်ပါ့ဘုရား ကျေးဇူးတင်လှပါတယ် ဘုရား'

**မောင်ပြည့်ကျော်(မင်းတုန်း)**



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားသဘောလိုက်လုပ်ငန်း

အကျိုးပေးလား

သရက်ကြီးဦးအောင်မြင့် (ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ




တနင်္သာရီတိုင်းဒေသကြီး ဇာတိဖြစ်တဲ့ အသက်နှစ်ဆယ်ကျော် အမျိုးသားလူငယ်တစ်ဦးက ကျွန်ုပ်ရဲ့ လက္ခဏာဗေဒင်ဟောခန်းမှာ လာရောက်တွေ့ဆုံပြီး နိုင်ငံခြားသဘောလိုက်တဲ့ လုပ်ငန်းနဲ့ အကျိုးပေး/မပေး မေးမြန်းပါတယ်။

ဒီမေးခွန်းမျိုးအတွက် ပေါင်းစပ်စဉ်းစားရမယ့် အချက်တွေ ရှိနေပါတယ်။ အဲဒါတွေကတော့...

▲ **ရေကြောင်းအန္တရာယ် ကင်း/မကင်း။**

▲ **နိုင်ငံခြား သွားလာလုပ်ကိုင်ရမယ့်ကံ ရှိ/မရှိ**

▲ **ဝန်ထမ်း လုပ်ငန်း အကျိုးပေးနိုင်ခြင်း ရှိ/မရှိ**

▲ **အလုပ်အကိုင် ရာထူး အဆင့်အတန်းကို ရှိ/မရှိ**

▲ **ငွေကြေးဥစ္စာ တိုးတက်ချမ်းသာနိုင်ခြင်း ရှိ/မရှိ**

❖သူရဲ့ ဘယ်,ညာ လက်ဖဝါးပြင် လက်ဖဝါးစောင်းက တနင်္လာဂြိုဟ်ခုံဟာ ရှင်းလင်းပြီး အဖျက်သင်္ကေတတွေမရှိဘူး။ တနင်္လာဂြိုဟ်ခုံ ကောင်း ပိုင်ဆိုင်ထားတယ်။

**(က)အကွက်ရာ**

-ဒါဟာ...ရေကြောင်းအန္တရာယ် ကင်းစေပါတယ်။

❖ဘယ်,ညာ အသက်လမ်းကြောင်းတွေက **တနင်္လာဂြိုဟ်ခုံဘက်ကို ကားထွက်ရောက်ရှိ**နေပါတယ်။

**(ခ)အကွက်ရာ**



www.burmeseclassic.com

www.burmeseclassic.com




ဒါဟာ...နိုင်ငံခြား သွားလာလုပ်ကိုင်ရမယ့် ကံ ရှိစေပါတယ်။

❖ဘယ်,ညာ လက်ဖဝါးပြင်မှာ အသက်လမ်းကြောင်း အဖျားနဲ့ ဦးခေါင်းလမ်းကြောင်း အဖျား **နှစ်စင်တီမီတာခန့်ပူးပြီး ဦးခေါင်းလမ်းက** တနလ်ာဂြိုဟ်ခုံဘက် အနည်းငယ် ကွေးညွှတ်ပါတယ်။ **(ဂ)အက္ခရာ**

ဒါဟာ...ဝန်ထမ်းလုပ်ငန်းများနဲ့ အကျိုးပေးစေပါတယ်။

❖ဘယ်လက်ဖဝါး အသက်လမ်းကြောင်းပေါ်မှာ တိုးတက်မှုလမ်းတစ်ကြောင်း ထင်ရှားသလို၊ ညာ လက်ဖဝါးပြင် အသက်လမ်းကြောင်း ပေါ်မှာ တိုးတက်မှုလမ်း သုံး, လေးကြောင်းလောက် ထင်ရှားရှိပါတယ်။**(ဃ)အက္ခရာ**

ဒါဟာ...အလုပ်အကိုင် အဆင့်အတန်း ရာထူးအဆင့်အတန်း တိုးတက်ရရှိစေပါတယ်။

❖ဘယ်,ညာ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ အဖျက်လမ်းကင်းရှင်းပြီး **ထောင်လိုက် အောင်မြင်ရေးလမ်းရှိခြင်း (င)အက္ခရာနဲ့** လက်သူကြွယ်ထိပ်မှာ ခရုပတ်ဗွေရှိပြီး လက်ညှိုးထိပ်ထက် ပိုရှည်လျားခြင်း **(စ)အက္ခရာ**တို့ ရှိပါတယ်။

ဒါဟာ... ငွေရှာကောင်းခြင်း၊ နာမည်ဂုဏ်သတင်း ကောင်းခြင်း၊ စီးပွားရေးကောင်းခြင်းတို့ကို ဖြစ်စေပါတယ်။

❖လက်ဖဝါးပြင်က ကျယ်ပြန့်ရှည်လျားပြီး လက်ချောင်းတို့နဲ့ ဖွဲ့စည်းထားတဲ့အတွက် တေဇောလက်ဖဝါး အမျိုးအစားကောင်း ဖြစ်ပါတယ်။

ဘာပဲလုပ်လုပ်၊ ဘယ်မှာနေနေ အောင်မြင်တိုးတက် ကြီးပွားချမ်းသာမယ့် လက္ခဏာကောင်းသူ ဖြစ်တယ်။ ဒါတွေကြောင့်...

နိုင်ငံခြားသင်္ဘောလိုက် လုပ်ငန်းအကျိုးပေးမယ့်သူလို့ ဖြေလိုက်တယ်။

**မှတ်ချက်။ ။ ယခု လက္ခဏာရှင်ဟာ... နိုင်ငံခြားသင်္ဘောအမြန်ဆုံး ပြန်တက်ရဖို့ ယတြာအစီအရင် လာရောက်တောင်းခံ ဆောင်ရွက်သူ ဖြစ်ပါတယ်။**

*(လက္ခဏာပညာသုတ တိုးပွား[...] ပါစေ။)*

*ဒေါင်မြင်ကျော်ကြား ချမ်းသာ[...] ပွားအောင်...*

**ဆရာကြီး ဦးအောင်မြင့်[...]**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ[...]**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)

ဆော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

ဪ... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ...ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'ထိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက် (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ...ကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ...ယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက် ...နဲ့ပဲ'

'ဒီဆို နှစ္ဆတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက် ...တဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်း ...ကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် ...ဝေ)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ...လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် ...က်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ...ပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ...အတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ ...ပေါ့'

'တဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ...ရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ...ဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ ...ဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြော ...ရှိန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်း ...ဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို ...တွင် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ...သလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၅၁၃ YR ၀၀၅၁၃၈၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင် ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




(ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆ရ၀၈)

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံး၀ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ၀ယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်း ရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရော

သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော် ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာ တယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေး ကောင်းနှစ်လက်ကြောင့် ဖက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါ ရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆ

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေ တယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအ အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အ ကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်း ခင်ဗျားလိုပဲ အများရဲ့ ကောင်းဆိုတိုက်တွန်းချက်ကြော ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါ ပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာန မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါ

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင် အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ် ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေး ဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သော ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ၀ယ်ယူပြီး ဆေးညွှန် အတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်း ဆေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မ ပါနဲ့။ ကျွန်တော်ရဲ့ ဖက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရော တော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက် ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြော ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘ၀တူ အရိုးကျိုးပေါင်းရောဂါရှင်များအ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်း တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရော ဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း"လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-စ/၆၆၆ သုဝဏ္ဏလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)**



www.burmeseclassic.com

www.burmeseclassic.com





ဝသုန်သက်လွင်

ကျွန်ုပ်နှင့်

# ဆန်းကြယ်သော ဂမုန်းပင်များ

## (၄)လိပ်ဂမုန်း

ကျွန်ုပ်သည် ကျွန်ုပ်နှင့် ဆန်းကြယ်သော ဂမုန်းပင်များအနက် "**သူတော်ဂမုန်း ဘီလူးဂမုန်းနှင့် နဂါးမောက်ဂမုန်း**"များအကြောင်းကို မိမိလေ့လာမှတ်ထားသမျှ အတွေ့အကြုံများနှင့် ယှဉ်လျက် ဖော်ပြခဲ့ပါသည်။

ဆက်လက်၍ အမှတ်(၄) လိပ်ဂမုန်းအကြောင်းကို ရေးမည်ဟု ပြင်ဆင်နေစဉ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်မှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမဂ္ဂဇင်းကို စာရေးသူအတွက်မေတ္တာလက်ဆောင် ပို့ခဲ့ပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၏ အတိကာကို ကြည့်ပြီး စာရေးဆရာ အောင်အောင်ကျော်(အိမ်မဲ) ရေးသားသည့် "**ဂမုန်းပင်စိုက်လျှင် သတိထားစေချင်**"ကို ဖတ်ရှုခဲ့မိပါသည်။

စာရေးတင်ပြသူ၏ ဖော်ပြချက်များကို သဘောဆန္ဒချင်းတူ၍ လက်ခံပါသည်။ ပျံလွန်တော်မူသွားသည့် ကျောင်းတန်း သာသနာပြုဆရာကြီး ဦးဥတ္တမသာရသည်ပင် ဂမုန်းကို အလေးထားခဲ့ဖူး၏။

ဂမုန်းတွင် သိဒ္ဓိအမျိုးမျိုးရှိပါသည်။ "**အင်းဂမုန်း**"ဆိုရချင် သချိုင်းမြေနှင့် သိမ်မြေခံစိုက်ကာ အစီအမံဖြင့် ပယောဂကု ဆရာတချို့ သုံးကြသည်ဟု သိရပါသည်။ "**ဘီလူးဂမုန်း**"ကိုလည်း ထို့အတူ သုံးပါသည်။

တချို့ဂမုန်းဆိုလျှင် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ လာဘသိဒ္ဓိတို့တွင် အသုံးပြုကြသည်။

မစိုက်အပ်သော ဂမုန်းများရှိသလို စိုက်အပ်သောဂမုန်းများလည်း ရှိပါသည်။ စိုက်မည်ဆိုပါက နက္ခတ် အချိန်အခါနှင့် စိုက်ပျိုးမည့်ဂမုန်းပင်နှင့် သက်ဆိုင်သော ဂါထာမန္တန်ရွတ်ဆိုပါက ပိုမို အစွမ်းထက်ပါသည်။

ဂမုန်းများ စိုက်ပျိုးရာတွင် အမျိုးအမည်စုံလာပါက မိမိ မစိုက်ဘဲနှင့် အခြားသော ဂမုန်းပင်များ (အကောင်းအဆိုး) ရောက်လာ ပေါက်လာတတ်ပါသည်။

စုပြုံမစိုက်ဘဲ တစ်အိုးချင်း စိုက်သင့်ပါသည်။ ထို့ကြောင့် တချို့သောသူများသည် ဂမုန်းပင်စိုက်ရမှာကို ကြောက်ကြသည်။ ကြောက်မည်ဆိုက ကြောက်စရာပါ။

ဆရာအောင်ကျော်(အိမ်မဲ) ရေးသည့် ဆောင်းပါးထဲမှ "ဦးတင်မောင်"လို ဂမုန်းပန်းဘုရားလှူမိရာမှ "ဘီလူးဂမုန်း"ဖြစ်နေလျှင် မခက်ပါလား။

ဦးတင်မောင်မှာ နေ့စဉ် ဘုရားရှိခိုးခြင်း၊ ပရိတ်တော်ဂုဏ်တော်များ ရွတ်ပွားနေခြင်းကြောင့် ဘေးဆိုးနှင့် မကြုံရခြင်းဖြစ်ပါသည်။

ကျွန်ုပ်ကိုယ်တိုင်ပင် ဂမုန်းစိုက်ပျိုးခြင်းကို စွန့်လွှတ်လိုက်ရခြင်း အကြောင်း ရှိပါသည်။ အချိန်မလေးနိုင်၍လည်း ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

(တစ်ချိန်က ကျွန်ုပ် စိုက်ပျိုးထားသည့် "ရွက်ပေါက်ဂမုန်း"ကို "ခွက်ပေါက်ဂမုန်း"ထင်၍ အနီးထောင်ကစားသမားအုပ်စုသည် ကျွန်ုပ်ထံတွင် ဝင်ထွက်စုံစမ်းကြ၏။

ဝယ်ယူရန် အလဲအလှယ်ပြုရန် ပြောဆိုကြရာ ငြင်းဆန်မိသဖြင့် ဂမုန်းပင်ကို လာခိုးသော အဖြစ်အပျက်ကြောင့် စိတ်ကုန်သွားရခြင်းလည်း ဖြစ်သည်။)

အကယ်၍ ဝါသနာအရ စိုက်မည်ဆိုပါလျှင် ရိုးရိုးသာစိုက်ပါ။ ဘုရားဂုဏ်တော်၊ ပရိတ်တော်များရွတ်ပါ။ အမွှေးနံ့သာနှင့် ရေသန့်လောင်းပေးပါ။

ကောင်းသော ဂမုန်းဆိုပါလျှင် (ဥပမာ– **ကျီးမင်းဂမုန်း၊ ဟော်နန်းဂမုန်း၊ ဒေါင်းဂမုန်း**) မိမိအား တစ်စုံတစ်ရာသော အကျိုးကို ပေးပါလိမ့်မည်။

ဂမုန်းပင်များတွင် လူကို အကျိုးပြုသော အပင်များရှိပါကြောင်းနှင့် ဆေးဖက်ဝင်ဂမုန်းပင်များလည်း ရှိကြသည်ဖြစ်ရာ ယခု ကျွန်ုပ်၏ ဤစာစုတွင် ကျွန်ုပ်နှင့် ဆန်းကြယ်သော ဂမုန်းပင်များ အမှတ်(၄)အဖြစ် လိပ်ဂမုန်းကို ဖော်ပြပါမည်။

လိပ်ဂမုန်းနှင့် ကျွန်ုပ် စတင် တွေ့ချိန်မှာ **သံဖြူဇရပ်မြို့၊ နန္ဒဝန်မွန်ကျောင်း**တွင်ဖြစ်သည်။ နန္ဒဝန်မွန်ကျောင်းကို စတင်တည်ထောင်ခဲ့သူ ဆရာတော်ကြီး **"ဦးဝိမလ"(ယခုပျံလွန်တော်မူ)**နှင့် ကျွန်ုပ်မှာ ထိုစဉ်က ဆရာရင်း တပည့်ရင်းများ ဖြစ်ခဲ့ကြသည်။

တစ်နေ့သော နေ့လယ်ခင်း၌ ကျွန်ုပ် ကျောင်းသို့ ရောက်သွားသောအခါ ဆရာတော်ကြီးနှင့် ဂမုန်းပင်များအကြောင်း ပြောဆိုကြရင်း...

'အကာကြီးကို ပြရဦးမယ်၊ မနှစ်က မော်လမြိုင်ကနေ တရုတ်လူမျိုး အကာတစ်ဦး ရောက်လာပြီး စိုက်ထားပေးခဲ့တဲ့ ဂမုန်းတစ်ပင်ရှိတယ်။ လိပ်ဂမုန်းလား၊ ဖားဂမုန်းလား မမှတ်မိတော့ဘူး။

ဆရာတော် သေသေချာချာ စိုက်ထားပါ၊ လိပ်ခေါင်းရောဂါအတွက်လဲ အသုံးဝင်တယ်လို့ လျှောက်ထားဖူးတယ်'

ဆရာတော်ကြီးမှ ဤသို့ ပြောပြီး အနီးရှိ ကျောင်းသားတစ်ဦးကို သွားယူစေပါသည်။ ကျောင်းသားနှင့် သံသပိတ်ဟောင်းတစ်လုံး ပါလာသည်။ ဆရာတော်သည် ကျွန်ုပ်ကို သပိတ်ကို ပေးကာ...

'ဆရာတော်လဲ ဒီအိုးကို မေ့မေ့လျော့လျော့ ပစ်ထားတာ စိုက်ထားပေးခဲ့တုန်းက အရွက်တွေရှိပါတယ်။ ရေ မှန်မှန်မလောင်းပေးလို့ သေသွားပြီထင်တယ်'

ဟု ပြောပါသည်။

အရွက်များပင် ခြောက်သွေ့နေသဖြင့် ဘာအပင်ဟူ၍ ဝေခွဲ၍ မရပါ။ ဂမုန်းပင်ဖြစ်ပါလျှင် ရေမှန်မှန် မပေးပါက အရွက်များကျ၍ ခြောက်သွားလေ့ရှိပါသည်။

မိုးကျလျှင် ရှင်သန်လာပြီး မိုးကုန်လျှင် တဖြည်းဖြည်း အရွက်ကျကာ ဥအဖြစ် အစာသိုလှောင်ပြီး တစ်နွေလုံးနားနေတတ်ကြောင်း လေ့လာဖတ်ရှုသိထားပါသည်။

သို့ဖြစ်၍ အိုးထဲတွင် မည်သည့်အပင်ရှိကြောင်း တိတိကျကျ သိရှိနိုင်ရန် တူးဖော်ခွင့်တောင်းပြီး ဓားနှင့် ဆွကာ အသာအယာ ထုတ်ကြည့်လိုက်သောအခါ မြေကြီးများနှင့် ဖုံးအုပ်နေသော ဥများကို သံသပိတ်ထဲတွင် တွေ့ရသည်။

ဥပေါ်မှ မြေများကို ဖယ်ထုတ်ကြည့်ရာ "လိပ်ဂမုန်းဥ"များဖြစ်နေသည်။ ဥများမှာ သပိတ်အတွင်း၌ ဆယ်လုံးခန့်ရှိသည်။ ဟော်လန်သစ္စာပန်းဥကြီးများနှင့် ရွယ်တူခန့် ကြီးထွားနေကြသည်။

ကျွန်ုပ်တစ်ခုချင်း ကြည့်နေသည်ကို မြင်ရသော ဆရာတော်က...

'ဘာဥတွေလဲ'

ဟု မေးရာ ဆရာတော်ကြီး အံ့ဩဝမ်းသာစေလိုသဖြင့် ကျောင်းသား ဖလားနှင့် ရေတစ်ခွက် ခပ်ခိုင်းလိုက်ပါသည်။ အကြီးဆုံးဥတစ်လုံးကို မပဲ့မကြေအောင် ရေစင်စင်ဆေးပါသည်။

ထို့နောက် ကျွန်ုပ်လက်ဝါးပေါ်တင်ပြီး ဆရာတော်ကို ပြသလိုက်ရာ ဆရာတော်သည် ပါဝါမျက်မှန်တပ်ကြည့်ပြီး...

'ဒကာကြီး ဒီဥက ဘာအကောင်လဲ'

ဟု တအံ့တဩမေးရာ...

'သေသေချာချာကြည့်တော်မူပါ ဆရာတော်၊ သပိတ်ထဲမှာ စိုက်ထားတဲ့ ဂမုန်းပင်ဥတွေပါ ဘုရား၊ လိပ်ကလေး တစ်ကောင်မတူဘူးလား'

လက်ဝါးပေါ်မှ ဥကို ပက်လက်လှန်ပြလိုက်သည်။ ဆရာတော်သည် ကျွန်ုပ်ပြသသည်ကို အသေအချာကြည့်ပြီး...

'ဟာ လိပ်ပေါက်စလေးပဲ တစ်ခါမှ မမြင်ဖူးဘူး၊ အကာကြီး ဆရာတော်ကို မျက်လှည့်ပြနေတာလား'

ဆရာတော်ကြီးက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ပြုံးရယ်ကာ မေး ကျောင်းသားလေးမှာလည်း သ လိပ်ကလေးတစ်ကောင်ကို မြင်ရသည့်ပမာ မျက်လုံးပြူးနေသည်

'တပည့်တော် မျက်လှည့်ပြနေတာ ပါဘူး ဆရာတော်၊ ဒီဥဟာ လိပ် စစ်စစ်ပါ။ ဟောဒီမှာ ခေါင်း၊ ခြေ၊ လက်၊ အစုံအလင်ရှိတယ်၊ တပည့်တော်က





www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းပဲ ဖတ်ထားဖူးတာပါ။

အခုမှ လိပ်ဂမုန်းဥကို မြင်ရတာ လိပ်ဂမုန်းက ဆန်းကြယ်ပါတယ်၊ သက်ရှိလိပ်သတ္တဝါများ ဥ,ဥသလိုမျိုးဥပြီး ပေါက်ချိန်တန်ပေါက်သလို အခုလို ဒီလိပ်ဂမုန်းပင်က ဥ,ဥပြီး အားပေါက်နေတာ ကိုယ်လက်အင်္ဂါစုံနေတော့ တကယ့်လိပ်ကလေးကို တွေ့ရသလိုပဲ'

ဤသို့ ကျွန်ုပ်ရှင်းပြလိုက်ပြီး...

'လိပ်ဂမုန်း ဘယ်လောက်စွမ်းသလဲဆိုတာ သိချင်ရင် သက်ရှိလိပ်ကို ဒီလိပ်ဂမုန်းဥနဲ့ တို့လိုက်ရင် သက်ရှိလိပ်က ရှေ့တိုးမရဘဲ ရပ်နေရတယ်တဲ့၊ ဆရာတော် လိပ်ဂမုန်းရတာ ကံကောင်းပါတယ်။ ဆရာတော်မှာ လိပ်ခေါင်းရောဂါ ရှိတယ်မဟုတ်လား။ ပျောက်ကင်းအောင် တပည့်တော် လုပ်ပေးပါ့မယ်'

'ဟုတ်ပါ့မလား ဒကာရယ် ဆရာတော်မှာ ဆေးစုံနေပြီ အခုထိ လိပ်ခေါင်းရောဂါက မပျောက်သေးဘူး'

'ဆရာတော်ဖြစ်နေတဲ့ လိပ်ခေါင်းက အတွင်းလိပ်ခေါင်းလား၊ အပြင်လိပ်ခေါင်းလား'

'အတွင်းလိပ်ခေါင်း'

'စိတ်ချ ဆရာတော် တပည့်တော် သက်သာ ပျောက်ကင်းအောင် ကုပေးမယ်'

ကျွန်ုပ်၏ အာမခံလျှောက်ထားမှုကြောင့် ဆရာတော်မှာ ရွှင်ပျစွာဖြင့် သာဓု ခေါ်ခဲ့ပါသည်။

ချစ်စွာသော 'ဂမုန်းဝါသနာရှင် စာရှုသူများခင်ဗျား...

**လိပ်ဂမုန်းမှာ အမြင့်အတောင်ဆုပ်ခန့် နှင့် အရွက်မှာ ခပ်ရှည်ရှည်ဖြစ်ပါသည်။ ကုန်းမြေကို ကြိုက်ပါသည်။ ဥဥပြီးမှာ သီတင်းကျွတ်၊ တန်ဆောင်မုန်းပြီးပြီး ဥပုံသဏ္ဌာန်မှာ ပကတိ သက်ရှိလိပ်ဥ နှင့် တူပါသည်။**

အတွင်းလိပ်ခေါင်း၊ အပြင်လိပ်ခေါင်း ဟူ၍ နှစ်မျိုးရှိသည်။ အတွင်းလိပ်ခေါင်းဖြစ်လျှင် ဝမ်းနုတ်ဆေးတစ်ခုခုတွင် လိပ်ဂမုန်းဥကို မြှုပ်ပြီး (၃)ရက်ခန့် စားပါက ပျောက်ကင်း သက်သာပါသည်။

အပြင်လိပ်ခေါင်းဖြစ်ပါက လိပ်ဂမုန်းဥနှင့် တို့ပေးပါက (၂၄)နာရီအတွင်း လိပ်ခေါင်း ကျုံ့ဝင်သွားပါလိမ့်မည်။

ဥမပေါ်မီကာလတွင် လိပ်ဂမုန်းအရွက်ကို ထောင်းပြီး အရည်ကို လူးပေး သောက်ပေးပါက မည်သည့်ဥပဒ်မှ မရှိဘဲ ပျောက်ကင်းသွားပါလိမ့်မည်။

သို့ဖြစ်ပါ၍ လူကို အကျိုးပြုသည့် ကျွန်ုပ်နှင့် ဆန်းကြယ်သော ဂမုန်းပင်များထဲမှ လိပ်ဂမုန်းအကြောင်းကို တင်ပြလိုက်ရပါသည်။

**(မှတ်ချက်။ ။ စာကြွင်း...**

**တချို့သော တရုတ်လူမျိုးများသည် လိပ်ဂမုန်းမှာ စီးပွားလာဘ်လာဘတိုးသည် လိပ်ကဲ့သို့ ကိုယ့်ဘက်ကို ယက်သည့်ပမာ ငွေဝင်များသည်ဟု ယုံကြည်ကာ အိမ် သို့မဟုတ် ဈေးဆိုင်၊ ကုန်တိုက်များတွင် ဖောက်နက်ရှိသော ထမင်းစားကြွေပန်းကန်နှင့်ဖြစ်စေ ဟင်းရည်သောက် အဝကျယ် ပန်းကန်လုံးကြီးတွင် ရေထည့်ကာ လိပ်ဂမုန်းဥကို ရေထဲ ထည့်စိမ်ထားပါသည်။ လိပ်ကလေးတစ်ကောင် ရေကူးနေသလို မြင်နိုင်ပါသည်။**

**မကြာမကြာ ရေအသစ် လဲလှယ်ပေးပါ။ ရက်ကြာလာလျှင် ကျောဘက်မှ ရိုးတံရှည်(အရွက်ကဲ့သို့) ထွက်လာပြီး ပြန်ကျသွားပါမည်။ တဖန် ပြန်ထွက်လာပါသည်။**

**ရေထည့်ထားသော ပန်းကန်တွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ လိပ်,စာ အဖြစ် ပေါက်ပေါက်နှင့် အမွှေးနံ့သာများ ထွန်းပေးထားတတ်ကြပါသည်။**

**အထူးသဖြင့် စိုက်ပျိုးသူအချို့သည် လိပ်ဂမုန်း ပြုပြင်စီရင်ထားသည်ကို တစ်ပါးသူ မမြင်မသိအောင် လျှို့ဝှက်ဖုံးကွယ် စိုက်ထားတတ်ပါသည်။**

**ဆရာတော်အား လိပ်ဂမုန်းပင် ပေးခဲ့သူမှာ မော်လမြိုင်မြို့ ယခင် မိုင်ဒါဈေးကြီးတွင် အလှကုန်ပစ္စည်းများ ရောင်းနေသော တရုတ်လူမျိုး "ဦးစိန်ဝှက်"ဖြစ်ပြီး ယခုအခါ ကုန်တိုက်ကြီးနှင့် ချမ်းသာနေပါကြောင်း။ စာရေးသူ)**

**ဝသုန်သက်လွင်**



www.burmeseclassic.com

www.burmeseclassic.com



သတိုးဇော
(သုံးဖက်လှ)

# မြေကွက်

## အမြန်ဆုံး ရောင်းထွက်ချင်သလား

အလွန်ချမ်းအေးလှသော ဆောင်းတွင်ကာလ မနက်ခင်းတစ်ခုဝယ် ကျွန်ုပ်ဆီသို့ တပည့်ဖြစ်သူ မောင်မိုးနှင့် မောင်ကျော်ဇင်တို့ ရောက်ရှိလာကြပါသည်။ ယင်းတို့အား ကျွန်ုပ်မှ နေရာထိုင်ခင်းပေးရင်း ရေနွေးခွက်ဘူးကို ချပေးကာ...

'အေးတယ် ငါ့လူတို့... ရေနွေးပူပူလေးကို မှုတ်သောက်ထားကြ၊ ဒါမှ အချမ်းပြေမယ်'

ဟု ပြောလိုက်ပါသည်။

ထိုအခါ မောင်မိုးက ပြုံးစိစိလုပ်ရင်း...

'ကျွန်တော်တို့က အချမ်းပြေနေပါပြီ ဆရာရဲ့...ပြေးလွှားလာခဲ့ရတော့ ချွေးတောင် နည်းနည်းစို့နေသေးတယ်'

ဟု ပြောရာ မောင်ကျော်ဇင်ကပါ...

'ဟုတ်တယ်ဆရာ... ဒီကောင်ပြေးလို့ ကျွန်တော်ပါ လိုက်ပြေးလာရတာ မောတောင် မောတယ်'

ဟု ဝင်ရောက် ထောက်ခံလေ၏။ သို့နှင့် ကျွန်ုပ်က...

'ဒါဖြင့်လဲ ငါပဲ သောက်ရမှာပေါ့ကွာ၊ ငါက အိမ်ထဲမှာ ငြိမ်ကုပ်နေရတော့ အချမ်းက တယ်မပြေချင်ဘူး။ ဒါနဲ့ နေစမ်းပါဦး... မင်းတို့ အစောကြီးလာတာ ကိစ္စရှိလို့လား'

ဟု ကျွန်ုပ်က ရေနွေးတစ်ခွက် ငှဲ့ထည့်ရင်း မေးလိုက်ရာ မောင်မိုးက...

'ရှိပြီလား ဆရာရယ်... မနေ့က ကျွန်တော် ဗေဒင်ဟောတော့ မိန်းမကြီးတစ်ယောက် မြေရောင်းချင်လို့ လာတိုင်ပင်တယ်။

ကျွန်တော်လဲ ဆရာသင်ပေးထားတဲ့နည်းအတိုင်း အင်္ဂဝိဇ္ဇာပညာနဲ့ ဇာတ်ဆင်ပေးလိုက်တယ်။ အဲဒါ မှန်လား မေးချင်လို့ပါ'

ဟု ဆို၏။ ထိုအခါ ကျွန်ုပ်က မျက်မှောင်ကျုံ့လိုက်ရင်း...

'မင်းက ဘယ်လိုပေးလိုက်လို့တုံး'

ဟု ပြန်မေးလိုက်မှ မောင်မိုးက...

**'ကစော့၊ ကန်စွန်းဇာတ်လေ ဆရာရဲ့'**

ဟု ပြောလေ၏။

'ဪ...**ကျွန်ုပ်တိသင်ကိုက် အစ် အရင်ပဲ** မမှားပါဘူးကွ၊ ဒါနဲ့ အချိန်အခါကရော'

ဟု ကျွန်ုပ်က ထပ်ဆင့်မေးလိုက်ပါသည်။ ထိုအခါ မောင်မိုးက မသိမသာ... ရင်ကော့ရင်း...

'စရေဇာတ်ပေါ်တဲ့ သောကြာအခါ... ဆရာရဲ့ ဆရာပဲ သင်ပေးထားတယ် မဟုတ်... လား။ သောကြာအခါဟာ စရေဇာတ်... တယ်။

ဗိယောဆိုတဲ့ လေဇာတ်ဖြစ်လို့ လျှင်... မြန်မြန်ဖြစ်စေလိုတဲ့ ကိစ္စရပ်တွေမှာ သုံး... ဆိုတာလေ အဲဒါ လက်တွေ့သုံးလိုက်...'

ဟု အားရပါးရ ပြောလေ၏။ ထို... ကျွန်ုပ်က ပြုံးလိုက်ရင်း...

'မှန်ပါတယ် မောင်မိုး... စရေဇာ... အမှန်ပေါ်တဲ့အခါပါပဲ၊ ဒါပေမယ့် ဒီအ... တိုင်မျိုးက မြေကိစ္စဇာတ်ရိုက်... မသွက်လက်ဘူး၊ အလွန်ပဲ နှေး... လေးလံတတ်တယ်ကွ။

ဘာဖြစ်လို့လဲဆိုရင် **အခိုက်ဆို... အမြစ်ပြုပ်မှာ မြေနဲ့ ဗုဒ္ဓဟူး ဒိုင်... နေလို့ပဲ။** ဒါကြောင့် မြေကွက်ကိစ္စ... ဆိုရင် ဒီအခါတိုင် မသုံးသင့်... အကယ်၍ မလွှဲမရှောင်သာ သုံးဖြစ်... လဲ ဗုဒ္ဓဟူးသားသမီးအတွက် မြေ... သုံးသင့်တယ်'

ဟု ရှင်းပြလိုက်ပါသည်။ ထိုအ... မောင်မိုးက ပါးစပ်အဟောင်းသား... ရင်း...

'ဟာ ပြဿနာပဲ ဆရာရေ... ဒေါ်မြင့်မြင့်စန်းတဲ့ ဗုဒ္ဓဟူးသမီး...



www.burmeseclassic.com

www.burmeseclassic.com

…တော့အစီအရင် မအောင်မြင်တော့ …ပါ့နော်’

…ဟု အရေးသောပါး မေးလေ၏။ …ခါ ကျွန်ုပ်က ခေါင်းအသာခါယမ်း …ရင်း…

‘…မအောင်မြင်ဘူးလို့ မပြောပါဘူး …ခတ်ဟာ ခတ်ရဲ့သဘောဆောင် …ရွှမ်းမှာပါပဲ။ ဒါပေမယ့် နိုင်မာတဲ့ …တွေဖြစ်လို့ အထွက်လေးပြီး နေ့း …သေချာတယ် ငါ့လူရေ…အဲဒီမိန်းမ …ဆီ မအောင်မြင်လို့ ပြန်လာလိမ့် …’

…ဟု ပြောလိုက်ပါသည်။ ထိုအခါ …လုံး ငြိမ်၍ နားထောင်နေသော …ကျော်ဇင်က…

‘…ခတ်ရိုက်ခတ်ဆင် လုပ်ရတာ …ခါတစ်ခါ စိတ်ညစ်တာ အဲဒါပဲ …ရာ…အောင်မြင်တဲ့အခါ အောင်မြင် …မအောင်မြင်တဲ့အခါ မအောင်မြင် …ဘူး’

…ဟု မဆီမဆိုင် ဝင်၍ ညည်းညူလေ … ကျွန်ုပ်က မောင်ကျော်ဇင်ဘက် …အသာ ငဲ့ကြည့်ရင်း…

‘ခတ်ရိုက်တိုင်းသာ အောင်မြင် …ဆိုရင် ဗေဒင်ဆရာတွေ အားလုံး …ပေါက်သလို ဖြစ်ကုန်မှာပေါ့ကွ။ …ရိုက်ခတ်ဆင်တစ်ခု အောင်မြင် …ဆိုတာ ခတ်ခံ ခတ်အုပ် မှန်ရ …။

…ပေးအပ်တဲ့သူဟာ သီလသမာဓိ …ကြီးရမယ်၊ ယူတဲ့လူကလဲ ဆရာ …လေးစားသမှုနဲ့ ယုံယုံကြည်ကြည် …ဆောင်ရမယ်၊ စိတ်အာရုံစူးစိုက် …ရမယ်။

ဒါမှ အဲဒီအစီရင်ဟာ အောင်မြင် …မယ်၊ ဆေးတစ်ပုံ ဖော်စပ်သောက် …လိုပေါ့ကွာ။ ဒီဆေးဟာ ဒီလူနဲ့ …ချင်းပြီး ပျောက်ပေမယ့် အခြားလူ အတွက် ပျောက်ချင်မှ ပျောက်မယ်၊ မပျောက်တာတော့မဟုတ်ဘူး ပျောက်ဖို့ ကြာမယ်ပေါ့ကွာ။

ဒါကို ကိုယ်က စွဲစွဲမြဲမြဲ သောက်ပေးလိုက်ရင် နောက်ဆုံး အမြစ်ပြတ်ပျောက်ကင်းတာပါပဲ။ အခုလဲ ဒီသဘောပဲ ခတ်ရိုက်နည်းတစ်ခုဟာ ဒီလူနဲ့ အဆင်ပြေ အောင်မြင်ပေမယ့် နောက်လူအတွက် အဆင်ပြေချင်မှ ပြေမယ် လုံးလုံး အဆင်မပြေတာတော့ မဟုတ်ဘူး။

အဲဒီခတ်ကိုပဲ အဆင့်ဆင့် ရိုက်ပေးရင် မကြာစဉ်း အဆင်ပြေသွားမှာပါ၊ ဒါကြောင့်လဲ မင်းတို့ကို ငါက အစီရင် အမျိုးမျိုး သင်ပေးနေရတာပေါ့။

ငါမှတ်မိသလောက် မြေရောင်းထွက်စေမယ့် ခတ်ရိုက်နည်းတင် (၁၀)ခုထက်မနည်း မင်းတို့ကို သင်ပြီးပါပြီ။

တစ်မျိုးမဟန် တစ်မျိုးကြံပြီး ခတ်ရိုက်ကြပေါ့ကွာ။ အားလုံးဟာ သူ့နည်းနဲ့သူ စွမ်းကြတာချည်းပါပဲ။ တစ်ခုခုကြုံတုန်း မြေရောင်းထွက်နည်း တစ်ခုထပ်သင်ပေးရဦးမယ်။ ဒါလဲ သုံးကြည့်ကြပေါ့’

ဟု ရှည်လျားစွာ ပြောလိုက်ပါသည်။ မောင်ကျော်ဇင်မှာ တစ်စုံတစ်ရာကို အလေးအနက် တွေးဟန်နှင့် ငြိမ်ကျသွားပါသည်။ မောင်မိုးကမူ…

‘ပြောပါဦး ဆရာရဲ့’

ဟု ထောက်ခံပြောဆိုလေ၏။ ထိုအခါ ကျွန်ုပ်က…

‘ဒီလိုကွ… တနင်္ဂနွေအခါအတွင်းမှာ အိမ်ရှေ့ ညှို့ခန်း၊ ဒါမှမဟုတ် ဘုရားစင်ရှေ့ ခုံလေး တစ်လုံးချရမယ်၊ ခုံပေါ်မှာ အင်ဖက်တစ်ခုတင်၊ အင်ဖက်ပေါ် ရောင်းမယ့်မြေရဲ့ ခြံလေးထောင့်မြေတွေ တင်ထားရမယ်’

ဟု ပြောလိုက်ရာ မောင်မိုးက ကြားဖြတ်၍…

‘“ခြံလေးထောင့်မြေ”ဆိုတာ ဘာလဲ ဆရာ’

ဟု မေး၏။

‘ခြံလေးထောင့်က မြေကို တူးယူဖို့ ပြောတာလေကွာ၊ ဘာမှ မခက်ပါဘူး။ မရှင်းရင်မေးပေ့ါ။ ကဲ… နားထောင်၊ ဆက်ပြောဦးမယ်၊ အဲဒီ အင်ဖက်ပေါ်က မြေတွေလို ကိုယ်ရောင်းချင်တဲ့ မြေကွက်ကို သဘောထားပြီး ကန့်စွန်း(၅)စည်းနဲ့ “ဝါ့မြေ အမြန်ရောင်းထွက်”ဆိုပြီး (၂၃)ချက်ရိုက်မယ်။

ပြီးတာနဲ့ မြေကြီးပေါ်က တင်ထား၊ နောက်နေ့ ၁နေ့အခါမှာ အသစ်လဲပြီး ဆက်ရိုက်၊ အင်ဖက်နဲ့ မြေကြီးကို လဲစရာမလိုဘူးနော်၊ ကန့်စွန်းကို လဲပေးဖို့ ပြောတာ၊ အဲဒီလို (၅)ရက် ဆက်ရိုက်ပေး နောက်ထပ် (၁၄) ရက်အတွင်း ထူးခြားပါတယ်’

ဟု ကျွန်ုပ်က ရှင်းပြလိုက်ရာ မောင်မိုးက မထူးဆန်းဟန်နှင့်…

‘ကန့်စွန်း။ ကစော့ အင်္ဂဝိဇ္ဇာပညာပါပဲလား ဆရာရယ်၊ ဒီမှာကစော့ မပါတာဘဲ ထူးတယ်’

ဟု ဆိုလေ၏။ ယင်း၏စကားကြောင့် ကျွန်ုပ်က ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်း…

‘ရေအိုင်ကလေး တွေ့တာနဲ့ ငါးပဲရှိရမယ်လို့ ပုံသေ တွေးရသလား မောင်မိုးရယ်… ခရုတို့၊ ဂဏန်းတို့၊ ဖားတို့ ရှိလိမ့်မယ်ဆိုတာ မတွေးမိဘူးလား။

ငါးရှိတယ်ဆိုတာကရော ငါးပနော်လား၊ ငါးရံ့လား၊ ငါးပြေမလား ဆိုတာ မခွဲခြားတော့ဘူးလား။

အခုအစီရင်ဟာ ကန့်စွန်းပါတာ မှန်ပါပေတယ်။ ဒါပေမယ့် ဒီအစီရင်က **အနီးခြသေ့်နဲ့ ဟောက်ပြီး ပုတ်သင်ကိုက်နိုင်းလိုက်တဲ့ အစီရင်ကွ၊** ညှပ်ရိုက်တဲ့ အထူး ခတ်တစ်မျိုးပေါ့ကွာ၊

ဒါ့အပြင် ဝေးဝေးမှာ သွားပြီး ခတ်

 (စာမျက်နှာ (၁၃၅) သို့)


www.burmeseclassic.com

www.burmeseclassic.com

# ကုလ္လာသယဓာတ်လုံး

စီရင်နည်း

အောင်ယွန်းမြ
(ထနောင်းဝင်း)



ယခု ကျွန်တော်တင်ပြမည့် ကုလ္လာသယဓာတ်လုံးသည် လက်ယာစား လမ်း ရွှေဖြစ်နည်း မဟုတ်ပါ။

သက်ရှိပုဂ္ဂိုလ်အပေါင်းတို့အား ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်သန်၍ ယင်းဓာတ်လုံးစီရင်နည်းနှင့် အာနိသင်ရှိပုံ သုံးစွဲနည်းများကို ရေးသားဖော်ပြပါမည်။

ဝယ်ယူရမည့် ဓာတ်ပစ္စည်း မများလှ၊ လုပ်ဆောင်ရမည့် အဆင့်ကလည်း အကြိမ်ရေ မများလှပါ။ လွယ်ကူစွာ စီရင်လုပ်ကိုင်နိုင်သော ကုလ္လာသယ ဓာတ်လုံးစီရင်နည်းကို တင်ပြပါမည်။

| | |
|---|---|
| သတ္တုကုလ္လားဆေး(၇)ပါး | (၂)ပဲသားစီ |
| ပြဒါး | (၂)ပဲသား |
| ဂွတ်မှုန်ကြီး | (၄)ကျပ်(၁၂)ပဲသား |
| သွပ်ဖြူ | (၂)ပဲသား |
| ဘော် | (၂)ပဲသား |

## လုပ်ထုံး

**သံတ္တုကုလ္လာ၊ ပြဒါးဓာတ်(၈)ပါး**ကို အမှုန့်ပြု **ဝါးနက်ကျည်တောက်မှာ** ထည့်၊ မြေမှာစိုက်ပြီးလျှင် ဂွတ်၊ သွပ် (၂)ပါး အရည်လည်အောင်ထိုး အရည်လည်လျှင် ဝါးကျည်တောက်မှာလောင်း အအေးခံ၍ ထားပါ။ အေးလျှင် ခွဲယူထား။

**ဆားလေ့ာ် (၁၀)ကျပ်သား၊ လက်ချားမီးဖောက်(၅)ကျပ်သား** ယင်းကို ချော်ရည်ဖြစ်အောင်ထိုး၊ ချော်ရည်ဖြစ်လျှင် ဘော်၂(ပဲ)သား ထည့်၍ ယင်းနောက် ဝါးကျည်တောက်ထဲမှ ဓာတ်ကိုထည့် လုံးခိုင်သရွေ့ထိုး။ (၃) လုံးထိုး။

ထို့နောက် **တိုက်ကမျက်(၃)ပါး** (၃)ကျပ်စီ အမှုန့်ပြု၍ အိုးသစ်နှင့်ကျို၊ ယင်းအရည်ကို ခံရည်ပြု၍ (၆)မီး လောင်း ယင်းနောက် ရေနံချေးမှာ (၇)မီးလောင်း ကုလ္လာသယဓာတ်လုံး အဆင့်ပြီး၏။

## သုံးစွဲနည်း

ကမ္ဘာပေါ်တွင် ဖြစ်ပွားတတ်သော ရောဂါကြီးများအတွက် ဓာတ်လုံးကို ရေသန့်သန့်အိုးမှာ အနည်းဆုံး (၃)နာရီ ထည့်စိမ်၍ အိမ်ကို စည်းဝိုင်းပြီးလျှင် ပက်ဖျန်းထားပါလေ။ ကပ်ကြီးရောဂါများကို အမှန်ကာကွယ်နိုင်ပါသည်။

အဖုအကျိတ် ပုလိပ်ဖြစ်သောသူများမှာ ဓာတ်ပွတ်ထိုလ်သီးနှင့် ဆတူသွေး၍ လိမ်းလျှင် အကျိတ်ပြေပြီး သက်သာလာပါသည်။

စုန်းမှုနက်ပူး ဘီလူးသရဲ အစွဲအပင်းနှင့်တကွ ပယောဂဟူသမျှကို ဓာတ်လုံးရည်နှင့် သွေး၍ ဝမ်းထဲကိုလည်း တိုက်၊ မျက်နှာကိုလည်းတောက် ချက်ချင်းထွက်ခွာ၍ ပျောက်ကင်းလိမ့်မည်။

ခွေးရူးကိုက်၊မြွေကိုက်မှာ သံပရာရည်နှင့် သွေး၍ ထိပ်ကို စုတ်နှင့်ထိုး၊ ဒဏ်ရာကိုလည်း ဆားနှင့်သွေး၍ သုတ်၊ ဓာတ်လုံးကို ရေနှင့်သွေး၍ ဝမ်းထဲကိုတိုက်၊ တစ်ကိုယ်လုံး လိမ်းပေး ခွေးရူးမပြန် အဆိပ်မတက်နိုင်ပါ။

ချောင်းဆိုးသွေးပါ အဆုတ်နာမှာ ပျားရည်နှင့် အနည်းငယ်သွေး၍ တစ်နေ့ (၅)ကြိမ်၊ (၆)ကြိမ် လျက်ပါ။

သလိပ်ကပ် ပန်းနာ၊ ရင်ဘတ်နာ၊ ဘေးထိုးရင်ကျပ်နာတို့မှာ သံပရာရည်နှင့် သွေး၍ လျက်ပါ။

ကြက်ညှာများမှာ သံပရာရည်နှင့် သွေး၍ (၂)နာရီ တစ်ကြိမ်လျက်ပါ။

မီးမဖွားနိုင်ခြင်း၊ ဆီးအောင့်ခြင်းကို နှမ်းဆီနှင့်သွေး၍ ရင်ဘတ် လိမ်းချပေးပါ။

ကိုယ်ဖောကိုယ်ရောင် ကိုယ်ထဲ ကိုက်ခဲခြင်း၊ ဒူလာမီးယပ် ချည့်နွဲ့ခြင်း ထုံနာကျဉ်နာ အဖုအပိမ့်အကွက် ခြင်းများကို နံ့သာဖြူနံ့သာနီ ဓာတ် နှင့် များများသွေး၍ တစ်ကိုယ်လုံး လိမ်းပေးပါ။ (၉၆)ပါးသောဝေဒနာ ကို နတ်ရေစင်ဖျန်းသကဲ့သို့ ချက်ချင်း ပျောက်ကင်း ချမ်းသာနိုင်ပါသည်။

ခေါင်းအုံခေါင်းကိုက်သော် ချင်း နှင့် သွေး၍ နားထင်မှာ သုတ်၊ ဇက် လိမ်း။ မူးမော်ထိုင်းမှိုင်းခြင်း ကရမက်နှင့်သွေး၍ မျက်နှာကို လိမ်း နားထိုင်းနားပင်း လေထွက်နာပြည် ကို နှမ်းဆီနှင့်သွေး၍ ကြက်တောင် ကျပ်ပါ။

မျက်စိနာ တိမ်သလာ ခြင်းကို ကြိတ်မှန်ရွက်ရည်နှင့် သွေး ကွင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

ကိုက်သွားဖုံးရောင်၊ နာကျင် ခြင်းကို သံပရာရည်နှင့် သွေး၍ င်းမှာ လိမ်း။

တ်စအိုနာ ထိပ်ကပ်နာကို သံပရာ နှင့်သွေး၍ အနည်းငယ် ရှူပါ။

နာမီး အသားမာပေါက်သော် သီနှင့်သွေး၍ အနာကို လိမ်းပါ။

သားမြွတ် အနာပေါက်သော် မြစ်နှင့် သွေး၍ အနာကို လိမ်းပါ။

တွင်းသက်တံ၊ အပြင်သက်တံနာ နွှင်းစိမ်းနှင့် သွေး၍ အနာကို ပါ။

င်နာကျပ်နာကို ဒန့်သလွန်မြစ်နှင့် ၍ ခဏခဏ လိမ်းပေးပါ။

ကြောတင် အကြောကပ်သော် သီနှင့် သွေး၍ ဆုပ်နယ်ပေးပါ။

မြေကိုင်မှာလည်း ယင်းနည်း င်းလုပ်ပါ။

ဆဲနှင်းခူ အစိုအခြောက်တို့ကို ကို သံပရာရည်နှင့် ဓာတ်လုံးနှင့် လိမ်းပါ။

လုံထိခိုက် တိုက်ခိုက် ရှုးရှခြင်း နှမ်းဆီနှင့် ဓာတ်လုံးဆတူသွေး၍ ဆေးဘဲနှင့် လိမ်းပါ။ မကျက်နိုင် အနာများကိုလည်း ယင်းနည်း င်း လုပ်ပါ။

ကကလောင်နာပေါက်သော် ရေ သွေး၍ အနည်းငယ်တိုက်ပါ။

ပွေးညှင်း တင်းတိပ် မှည့်ခြောက် တို့ကို သံပရာရည်နှင့် သွေး၍ လူးပါ။

မုတ္တနှင့် လည်ပင်းကြီးရောဂါမှာ ရေလုံအိုးကွဲနှင့် ဆတူသွေး၍ လိမ်းပါ။

ဒူလာလိပ်ခေါင်းထွက်မှာ အုန်းဆီ၊ ဖားပြုပ်ဆီ ရရာနှင့် သွေး၍ သုတ်လိမ်း မီးမှာကင်ပါ။

ဝက်ရူးပြန်သော် ဝက်မှာကပ်သော ရွှံ့နှင့်သွေး၍ တိုက်ပါလေ။

ဤ ကုဏ္ဍာသယဓာတ်လုံးသည် **မြန်မာအဂ္ဂိရတ်ပညာရှင်တို့ စီမံထား ခဲ့သည့် (၉)ပြည်ထောင် ကုဏ္ဍာသယ ဓာတ်လုံး ဖြစ်ပါကြောင်း** ရဟန်းရှင် လူအပေါင်းတို့ တွေ့ရှိပါက ဖော်စပ်၍ ဗိဝိတဒါန ကယ်ဆယ်တော်မူကြပါ ကုန်။

ဤကုဏ္ဍာသယ ဓာတ်လုံးစီရင်နည်း နှင့်သုံးစွဲနည်းကို လူအပေါင်းတို့ အကျိုး ကျေးဇူးများရန် **ဆရာကြီးတစ်ဦး၏ မှတ်တမ်းစာစောင်မှ** ထုတ်နုတ်၍ တင်ပြပါသည်။

ထိုကုဏ္ဍာသယဓာတ်လုံး စီရင်သုံးစွဲ လိုလျှင် ဓာတ်ဖက်ကျွမ်းကျင်သော ဆရာကြီးများနှင့် တိုင်ပင်နှီးနှော၍ စီရင်ပြီး အသုံးပြုလျှင် ပိုမို၍ အကျိုး ကျေးဇူးများမည် ထင်ပါသည်။

**အောင်ထွန်းရွှေ(ထံနှောင်းဝင်း)**

စာရှုသူ သုတေသီ ပညာရှင်တို့ခင်ဗျာ. . .

ဤဓာတ်လုံး ဆေးအသုံးနှင့်ပတ်သက်၍ ပိုမို သိရှိသူများ၊ တွေ့ကြုံဖူးသူ များ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတို့သို့ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ကြားအပ်ပါသည်။

လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

စာမျက်နှာ (၁၃၃)မှ အဆက်

ရိုက်နေစရာမလိုဘူး၊ ရိုက်မယ့် မြေကြီး လေး ယူထားရုံနဲ့ အိမ်မကွာအိုးမကွာ ရိုက်လို့ရတယ်။

စွမ်းလဲ စွမ်းပါတယ်၊ မင်းတို့ လက် တွေ့ သုံးကြည့်ကြဦးပေါ့။ ကဲ... စကား လဲ တော်တော်ရှည်သွားပြီ ငါ့မှာ လုပ် စရာကိစ္စလေးရှိသေးတယ်ဟေ့ မင်းတို့ ပြန်ဖို့သင့်ပြီ'

ဟု လောခေါ်လိုက်မှမောင်မိုးက...

'ကျွန်တော်တို့လဲ ပြန်တော့မလို့ပါ ဘဲ ဆရာရယ်...ဆရာ့အချိန်တွေ တမင်ကုန်အောင် လုပ်မိသလိုဖြစ် တော့ အားတောင်နာတယ် အဟဲ'

ဟု ဆိုလေ၏။ ကျွန်ုပ်က...

'အားနာချင်ယောင် ဆောင်မနေပါ နဲ့ကွာ မင်းအကြောင်း ငါအသိဆုံးမို့ ဒါမျိုးတွေ ရိုးနေပါပြီ။ ကဲ...ကဲ လစ်ကြ တော့'

ဟု ဆိုလိုက်ရာ မောင်မိုးက...

'ဒါဖြင့် လစ်ပြီဆရာရေ... အဲဒီ မိန်းမကြီး မအောင်မြင့်လို့ ပြန်လာရင် တော့အခုနည်း စမ်းကြည့်သေးတာပေါ့'

ဟု ပြောကာ ပြန်သွားကြလေတော့ ၏။ ဤနေရာ၌ ၁နေ့အခါ ယူဆနည်း ကို ဖော်ပြရန်လိုလာ၏။

သို့ကြောင့် **နေ့အလိုက် ၁နေ့အခါ (အချိန်)**များကိုဖော်ပြပေးလိုက်ပါသည်။

***

| | | | | |
|---|---|---|---|---|
| ၁ နွေနေ့ | ⇨ | ၆း၀၀ | မှ | ၇း၃၀ |
| ၂ လာနေ့ | ⇨ | ၁၂း၀၀ | မှ | ၁း၃၀ |
| ၃ ဂါနေ့ | ⇨ | ၇း၃၀ | မှ | ၉း၀၀ |
| ၄ ဟူးနေ့ | ⇨ | ၁း၃၀ | မှ | ၃း၀၀ |
| ၅ တေးနေ့ | ⇨ | ၉း၀၀ | မှ | ၁၀း၃၀ |
| ၆ ကြာနေ့ | ⇨ | ၃း၀၀ | မှ | ၄း၃၀ |
| ၀ နေနေ့ | ⇨ | ၁၀း၃၀ | မှ | ၁၂း၀၀ |

*သင့်ဘဝ သာယာပါစေ*

**သတိုးစော(သုံးဖက်လှ)**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/ဝ၅၁၃**

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်မျ... ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်မျ... ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထ... ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖ... ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျ... ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှာ... ရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်... ၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်း... နှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးန... ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြော... ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြ... ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကော... ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အော... ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြ... လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြော... အကြောများ အားနည်းခြင်း၊ လေအားနည်း... ခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒ... ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြ... အရိုးအဆစ်အကြောနဲ့ လေးဖက်နာရော... များကို သက်သာပျောက်ကင်းစေတဲ့ဆေး... ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်... အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေး... လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွ... ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျော... ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်... သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေး... ဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့...

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းကြီး၊**

**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ဖုန်း-၇၂၂၆၅၁**

www.burmeseclassic.com

www.burmeseclassic.com

# ကုဏ္ဍာသယယ ဘုင်ဂါထာ



သွမ်းသာအောင်
(ချောင်းဦး)

ဘဝသံသရာခရီးသည် ရှည်လျားသည်ဖြစ်ရာ လမ်းဆုံးပန်းတိုင် ရောက်မချင်း အလီလီ အပွားပွား ပြောင်းလဲလာသော သုခ,ဒုက္ခတို့သည် ကြုံတွေ့ရင်ဆိုင်နေကြရဦးမည် ဖြစ်၏။

လောကီလူသားတို့သည် သုခ ဟူသော ကောင်းကျိုးများသာ ခံစားလိုကြသော်လည်း ဒုက္ခ ဟူသော စိတ်မချမ်းမြေ့ဖွယ် အကြား ထိတွေ့ခံစားမှုတို့ကို ဝေးစွ ဝေးနိုင်သမျှ ဝေးစွာ ရှောင်ရှားလိုကြသည်သာ။

သို့တစေ မကြုံတွေ့လိုသော်လည်း တွေ့နေတတ်သည့် လောကဓံ ဆိုးလေးထွေဖြစ်သည့် လာဘ် မရခြင်း၊ အခြွေရံသင်းပင်းမရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ကိုယ်စိတ်ဒုက္ခ ရောက်ခြင်းတို့သည်ကား တစ်ခုမဟုတ် တစ်ခု တစ်ချိန်မဟုတ်တစ်ချိန် အလှည့်ကြုံ လာတတ်ကြပေသည်။

ကျွန်ုပ်တို့သည် ကံ,ကံ၏ အကြောင်းတရားကြောင့် လူဖြစ်လာသည်ဖြစ်ရာ ကောင်းတာပြုခဲ့လျှင် ကောင်းတာဖြစ်မည်။ ဆိုးတာပြုခဲ့လျှင် ဆိုးတာဖြစ်မည်။

ကိုယ်,နှုတ်,စိတ်တို့ဖြင့် တစ်ခုသော ဘဝက မကောင်းတာပြုခဲ့လျှင် ယခု ဘဝတွင် မကောင်းတာဖြစ်မည်။ ထိုသို့ မကောင်းမှုများ၏ ယခုဘဝတွင် ရရှိသော အကျိုးဆက်ကို ဝဋ်ကြွေးဟု ခေါ်ဝေါ်သမုတ်ကြသည်။ ဝဋ်ကြွေးကို ယကြာချေ၍ ကျေမည်မဟုတ်ပေ။ ဂါထာရွတ်၍လည်း ပြေနိုင်ဖွယ် မရှိပေ။

ထိုဒုက္ခတို့မှ အတန်တန် သက်သာရာ ရစေခြင်းငှာ ကျွန်ုပ်သည်လည်း ကျွန်ုပ်ကိုယ်တွေ့ ဂါထာတစ်ပုဒ်ကို ပါရမီမဂ္ဂဇင်းမှ တစ်ဆင့် စာရှုသူတို့ကို ဒါနပြုလိုပါသည်။

**၁၉၈၆ ခုနှစ်ခန့်က** ကျွန်ုပ်သည် အလုပ်လက်မဲ့ ဖြစ်နေရာ ဤဂါထာကို အမြဲမပြတ် ရွတ်နေဖြစ်ခဲ့ပါသည်။

ကျွန်ုပ်သည် ဗေဒင်ဝါသနာပါသည် ဖြစ်ရာ ထိုနှစ်တွင်ပင် ဆရာတော် တစ်ပါး ကျောင်းထိုင်ဘုန်းကြီးအဖြစ် နှင့် ရပ်ကွက်အတွင်းမှ (ခေမာသီရိ) ကျောင်းသို့ ရောက်လာရာ ကျွန်ုပ် ဝါသနာပါရာ ဗေဒင်ပညာရပ်များ သင်ယူခွင့်ရခဲ့ပါသည်။

ထိုမှ သင်ဟောဘဝဖြင့် လှည့်လည် ဟောခဲ့ရာ ဟောပြောမှုများတွင်လည်း များစွာ အဆင်ပြေခဲ့ခြင်း၊ အထင် အာရုံများ အထောက်ကူပြုခြင်း စသည်တို့ဖြင့် အောင်မြင်မှုများ ရခဲ့ပါသည်။

ထိုနှစ်တွင်ပင် ကင်မွန်းတော်ရွာတွင် တွဲဖက် အလယ်တန်းကျောင်းဆရာ အလုပ်ရရှိခြင်းတို့ဖြင့် အလုပ်ကိုင် ဝင်ငွေတို့ အဆင်ပြေခဲ့ပါသည်။

ထိုစဉ်က အဋ္ဌမတန်းသည် အစိုးရ စစ်ဖြစ်ရာ ကျွန်ုပ်သည် သင်ကြားမှု ကြိုးစားရုံသာမက ကျွန်ုပ် ယုံကြည် သော ဂါထာကို တပည့်များပါ သင် ကြားရွတ်ဖတ်စေခဲ့ရာ ကျွန်ုပ်သင် သောစာများ(အလေးပေးသော သင် ခန်းစာများ)သည် စာမေးပွဲနှင့် အံဝင်ခွင်ကျ တိုးခြင်းများ အံ့သြစွာပင် ကြုံခဲ့ရပါ သည်။

ထိုနှစ်(၁၉၈၇/၈၈) စာသင်နှစ်တွင် ရှစ်တန်း (၈၅)ရာခိုင်နှုန်းကျော် အောင်မြင်ခဲ့ပါသည်။

ဤဂါထာကို ယုံကြည်စွဲမြဲစွာ ရွတ်ဖတ်ခဲ့ကြ၍ ဂါထာ၏ စွမ်းအားသည် ကျွန်ုပ်နှင့် တပည့်များအား အထွတ် ထိပ်သို့ ပို့ဆောင်ပေးခဲ့သည်ဟု ယုံကြည်နေမိသည့်အလျောက် ဘဝ တူ အလုပ်လက်မဲ့ ဖြစ်နေသူများ၊ စာမေးပွဲ အောင်မြင်လိုသောသူများ၊ ငွေကြေးလာဘ် ရှင်စေလိုသောသူများ၊ အတိုက်ခံများသူများအတွက် လောက



www.burmeseclassic.com

www.burmeseclassic.com

ဒဏ်၏ ထိုးနှက်မှုမှ တိုးထွက်နိုင်ရန် ရည်သန်၍ ဤဂါထာကို ဒါနပြုလိုက်ရပါသည်။

ဤဂါထာကို တောနေရဟန်းတစ်ဦးမှ ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။

**ဂါထာမှာ...**

နမော ဇိနဿ
ဇိနော မယှံ
ဇယံ ဒေတု။

ခက်ခဲသော ပါဠိအသံထွက်

**ဇိနဿ** = ဇိနတ်သ
**မယှံ** = မယ်ရှံ

အနက်

**ဇိနဿ** – ရန်မာန်ဟူသမျှ အောင်တော်မူသော မြတ်စွာဘုရားအား၊ **နမော**–ရှိခိုးပါ၏၊ **ဇိနော**–ရန်မာန်ဟူသမျှ အောင်တော်မူသော မြတ်စွာဘုရားသည်၊ **မယှံ**–အကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တဗေဒင်ကြည့်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ဟူ၍ ဖြစ်ပါသည်။

အောင်မြင်မှုများကို ပေးခြင်း၊ ပညာရခြင်း၊ လာဘ်ပွင့်ခြင်းတို့ကို ကိုယ်တွေ့ကြုံခဲ့ရ၍ ဤဂါထာကို **"ဣဋ္ဌာသယအပွင့်ဂါထာ"** ဟု အမည် ပေးလိုက်ရပေသည်တကား။

**ချမ်းသာအောင်**
**(ရှောင်ဦး)**


**စာမျက်နှာ (၁၃၉)မှ အဆက်**

**လက်ဝှာကောပမမော်ဆို အဖြေများ**

**၁။ ပုံစံ(၁) လက်ဖဝါးပြင်ပုံစံပိုင်ရှင်က ကျန်းမာရေးညံ့ပါမယ်။**

ဘာကြောင့်လဲဆိုတော့ အရံအသက်လမ်းကြောင်းမပါတဲ့ အသက်လမ်းကြောင်းကို ဥပဒ်လမ်းတွေ ဖြတ်သန်းနေလို့ ဖြစ်ပါတယ်။

* * *




**ပုံစံ(၂) လက်ဖဝါးပြင်ပုံစံပိုင်ရှင်က ကျန်းမာရေး ကောင်းမွန်မယ်။** ဘာကြောင့်လဲဆိုတော့ အသက်လမ်းကြောင်းကို ထိဖြတ်နေတဲ့ လမ်းရှိပေမယ့် အရံအသက်လမ်းကြောင်း ကာထားခြင်းကြောင့် ဖြစ်ပါတယ်။


* * *




**၂။ ပုံစံ(၂) လက်ဖဝါးပြင်ပုံစံပိုင်ရှင်က ကိုယ်ပိုင်အိမ်ခြံမြေ ကြီးကြီးမားမား ကျယ်ကျယ်ဝန်းဝန်း ပိုင်ဆိုင်ပါမယ်။**

ဘာကြောင့်လဲဆိုတော့ နှလုံးလမ်းကြောင်းနဲ့ ဦးခေါင်းလမ်းကြောင်း၊ အသက်လမ်းကြောင်းတို့ကို ထိစပ်တည်ရှိတဲ့ ဗိမာန်သင်္ကေတ မင်္ဂလာအမြဲအရံ ရှိနေလို့ ဖြစ်ပါတယ်။

* * *





**၃။ ပုံစံ(၂) လက္ခဏာပိုင်ရှင်က အိမ်ထောင်ရေးကံ ကောင်း မယ်။**

**ပုံစံ(၁) လက္ခဏာပုံစံပိုင်ရှင်က** အိမ်ထောင်ရေးကံ ညံ့မယ်။

ဘာကြောင့်လဲဆိုရင်... **ပုံစံ(၂) လက္ခဏာပိုင်ရှင်ရဲ့ နှလုံးလမ်းကြောင်း** ကောင်းမွန်ပြီး ပုံစံ(၁) လက္ခဏာရှင်ရဲ့ နှလုံးလမ်းကြောင်းက ပြတ်တောက်နေလို့ ဖြစ်ပါတယ်။

* * *




**(လက္ခဏာပညာသုတ တိုးပွား ပါစေ)**

**အောင်မြင်ကျော်ကြား ချမ်းသာ ပွားအောင်...**

**ဆရာကြီး ဦးအောင်မြိုင်**
**(ဥပဒေသွဲ့)**
**လက္ခဏာဗေဒင်ပညာရှိတော်**

www.burmeseclassic.com

# လက္ခဏာပဟေဠိ

## အဖြေညှိကြစို့


သရက်ကြီးဦးအောင်မြင့်
(ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ


ပုံစံ-၁



ပုံစံ-၂



ယခုလအတွက် **အသက်(၅၀)နှစ်ဝန်းကျင်အမျိုးသမီးကြီး(၂)ဦးရဲ့ ဘယ်လက်ဖဝါးပြင်များကို** ပုံစံ(၁)နဲ့ ပုံစံ(၂)ဆိုပြီး ဖော်ပြပေးထားပါတယ်။ အဲဒီလက်ဖဝါးပုံစံများကို သေချာ လေ့လာကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ ဘယ်သူက ကျန်းမာရေးညံ့ပြီး ဘယ်သူက ကျန်းမာရေးကောင်းမလဲ၊ ဘာကြောင့်လဲ။

၂။ ကိုယ်ပိုင်အိမ်ခြံမြေ ကြီးကြီးမားမား ကျယ်ကျယ်ဝန်းဝန်း ပိုင်ဆိုင်မလဲ၊ ဘာကြောင့်လဲ။

၃။ ဘယ်သူက အိမ်ထောင်ရေးကံ ကောင်းမလဲ၊ ဘယ်သူက အိမ်ထောင်ရေးကံ ညံ့မလဲ၊ ဘာကြောင့်လဲ။

မိမိတို့ရဲ့အဖြေကို သီးခြားစာရွက်လွတ်ပေါ်ရေးမှတ်ပြီးမှ ပဟေဠိအဖြေများနဲ့ တိုက်ဆိုင်ကြည့်ကြဖို့ အကြံပေးအပ်ပါတယ်။

ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၃၈ )တွင်
ကြည့်ရှုပါရန်။

www.burmeseclassic.com

# ဂုဏ်တော်ကိုးပါး သစ္စာအဓိဋ္ဌာန်

ဘုရားရှိခိုးဆုတောင်း

မြင့်



ခင်မင်ရင်းနှီးသည့် သူငယ်ချင်းသည် တရားစခန်း လိုက်ဝင်နေသဖြင့် သူနှင့်တစ်နှစ်တစ်ခါသာ ဆုံဖြစ်ပါသည်။

ကျွန်မက စာဖတ်ဝါသနာပါသည် ကြောင့်သူလာသည့်အခါ တရားစာအုပ်လေးများ ယူလာပေးလေ့ ရှိပါသည်။

သည်တစ်ခေါက်မှာ သူငယ်ချင်းသည် ဆိုဒ်ကြီးသည့် ဘုရားစာအုပ်ကို လက်ဆောင်ပေးပါသည်။

စာအုပ်တွင် ဂါထာများ၊ ကျင့်စဉ်ဝင်နည်းများနှင့် စုံလင်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။ စာဖတ်များသူအဖို့ သိပြီးသားတွေ ဖြစ်ပေမည်။

သည်စာအုပ်ပါ ဘုရားဂုဏ်တော် ပူဇော်ရာတွင် ရိုးရိုးပူဇော်ခြင်းမျိုး မဟုတ်သဖြင့် မသိသေးသော သူတော်ကောင်းများနှင့် မေ့နေသူများ အမှတ်ရပြီး အထူးပူဇော်နိုင်ရန် ထပ်ဆင့်ဓမ္မဒါနပြုလိုက်ပါသည်။

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သောဘဂဝါ ဣတိပိ အရဟံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ကိလေသာတို့ ကုန်စင်လျက် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား...

မြတ်စွာဘုရားသည် ကိလေသာတို့ ကုန်စင်လျက် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့် **"အရဟံ–အရဟံ"** ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

ဤမှန်ကန်သော သစ္စာစကားကြောင့် လည်းကောင်း။ ဤသို့မှန်ကန်စွာ ဆိုရသော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း...

အရဟံ မြတ်စွာဘုရားအား ဤသို့ ရှိခိုးပူဇော် ပူးမြော်မာန်လျှော့ ကန်တော့ရပါသောကြောင့် လည်းကောင်း...

ဘုရားတပည့်တော် (...)သည် လူနတ်ဗြဟ္မာသတ္တဝါတို့မှ နှစ်လိုချစ်ကြည်ကြသည် ဖြစ်ပါစေသတည်း။ ဝန်မတိုရန်မလိုကြသည်ဖြစ်ပါစေတည်း။ မကောင်းမှု အကုသိုလ် ကင်းရသည် ဖြစ်ပါစေတည်း။ သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့မှာလည်း ထိုနည်းတူ ဖြစ်ပါစေဘုရား။

၂။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အလုံးစုံသော တရားအပေါင်းတို့ကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသော မြတ်စွာဘုရား...

မြတ်စွာဘုရားသည် အလုံးစုံသော တရားအပေါင်းတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူသော အကြောင်းကြောင့် **"သမ္မာသမ္ဗုဒ္ဓေါ – သမ္မာသမ္ဗုဒ္ဓ"** ဂုဏ်တော်နှင့်ပြည့်စုံတော်မူပါပေသည်။

ဤမှန်ကန်သော သစ္စာစကားကြောင့်လည်းကောင်း။ ဤသို့မှန်ကန်စွာ ဆိုရသောသစ္စာစကား၏တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း...

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအား ဤသို့ ရှိခိုးပူဇော် ပူးမြော်မာန်လျှော့ ကန်တော့ရပါသောကြောင့်လည်းကောင်း...

ဘုရားတပည့်တော် (...)သည် **ထွင်ဉာဏ်၊ လျင်ဉာဏ်၊ သင်ဉာဏ် ဖြစ်သော ဉာဏ်ပညာတို့ကို** ထွ... ပြောင်၍ ကြံတိုင်းအောင် ဆောင်တိုင်း မြောက်သည် ဖြစ်ပါစေတည်း။

သဗ္ဗေသတ္တာ သတ္တဝါအပေါင်း... မှာလည်း ထိုနည်းတူ ဖြစ်ပါစေဘုရား...

၃။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏတရား(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား...

မြတ်စွာဘုရားသည် ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏတရား (၁၅)ပါး... နှင့် ပြည့်စုံတော်မူသော၊ ဉာဏ်... ကျင့်စဉ်တို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် **"ဝိဇ္ဇာစရ... သမ္ပန္နော–ဝိဇ္ဇာစရဏသမ္ပန္န"** ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်...

ဤမှန်ကန်သော သစ္စာစ... ကြောင့် လည်းကောင်း၊ ဤသို့မှန်... စွာ ဆိုရသော သစ္စာစကား၏ ... တေဇော် အာနုဘော်ကြော... လည်းကောင်း...

ဝိဇ္ဇာစရဏသမ္ပန္န မြတ်စွာဘု... အား ဤသို့ ရှိခိုးပူဇော် ပူးမြော်...



www.burmeseclassic.com

www.burmeseclassic.com

ကျွော့ ကန်တော့ရပါသောကြောင့် လည်းကောင်း ဘုရားတပည့်တော် (…)သည် **ဝိဇ္ဇာဉာဏ်အထူးဖြင့်** ပြည့်စုံသောရန်ဆူး ထွင်နိုင်သည် ဖြစ်ပါစေသတည်း။

သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့သည်လည်း ထိုနည်းတူ ဖြစ်ပါစေဘုရား။

၃။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယောဘဂဝါ ဣတိပိ သုဂတော၊ စတုတ္ထံမို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ကောင်းသော စကားကိုသာ ဆိုတော်မူ၍ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား…

မြတ်စွာဘုရားသည် ကောင်းမြတ်မှန်ကန်သော သစ္စာစကားကိုသာ ဆိုတော်မူတတ်၍ သဗ္ဗညုတဉာဏ် ကြောင်း လမ်းစဉ်ကောင်းမှ ကြွတော်မူသော အကြောင်းကြောင့် **"သုဂတော–သုဂတ"**ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

ဤမှန်ကန်သော သစ္စာစကား ကြောင့် လည်းကောင်း၊ ဤသို့မှန်ကန်စွာ ဆိုရသော သစ္စာစကား၏ တန်ခိုး တေဇော် အာနုဘော်ကြောင့် လည်းကောင်း…

သုဂတ မြတ်စွာဘုရားအား ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ရပါသောကြောင့်လည်းကောင်း ဘုရား တပည့်တော်(…)သည် **ဆိုရေးရှိက ဆီလျော်စွာသော စကားကောင်း လမ်းစဉ်ကောင်းတို့ဖြင့်** အောင်နိုင်သည်သာ ဖြစ်ပါစေသတည်း။

လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား…လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၏ တန်ခိုးကျေးဇူးပါဒ် ကြောင့် ဘုရားတပည့်တော်၏ သွားရာ လာရာ ဘဝခရီး မှန်ကန်ဖြောင့်မတ်ပါစေသတည်း။

သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့မှာလည်း ထိုနည်းတူ ဖြစ်ပါစေဘုရား။

၅။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယောဘဂဝါ ဣတိပိ လောကဝိဒူ ယ္ဗမှို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးကို ကုန်စင်အောင် သိမြင်တော်မူသော မြတ်စွာဘုရား…

မြတ်စွာဘုရားသည် ကမ္ဘာလောကကြီးကို ကုန်စင်အောင် သိမြင်သူ ဆရာတစ်ဆူ ဖြစ်တော်မူသော အကြောင်းကြောင့် **"လောကဝိဒူ–လောကဝိဒူ"**ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

ဤမှန်ကန်သော သစ္စာစကား ကြောင့် လည်းကောင်း၊ ဤသို့မှန်ကန်စွာ ဆိုရသော သစ္စာစကား၏ တန်ခိုး တေဇော် အာနုဘော်ကြောင့် လည်းကောင်း…

လောကဝိဒူ မြတ်စွာဘုရားအား ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရပါသောကြောင့်လည်းကောင်း…

ဘုရားတပည့်တော် (…)သည် ကောင်းကျိုးခပ်သိမ်း ပြီးပြည့်စုံ၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ဖြစ်ပါစေတည်း။

သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့မှာလည်း ထိုနည်းတူ ဖြစ်ပါစေဘုရား။

၆။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယောဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ ဆဋ္ဌမှို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

မယဉ်ပါးသော လူယောကျ်ား၊ မယဉ်ပါးသော နတ်ယောကျ်ား၊ မယဉ်ပါးသော ဘီလူးယောကျ်ား၊ မယဉ်ပါးသော တိရစ္ဆာန်ယောကျ်ားတို့အား ယဉ်ပါးအောင် ဆုံးမတော်မူတတ်၍ ယောကျ်ားတကာတို့၏ အထွတ်အမြတ် ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား…

မြတ်စွာဘုရားသည် မယဉ်ပါးသော ယောကျ်ား၊ မိန်းမ၊ ဆုံးမထိုက်သော သတ္တဝါများကို ယဉ်ပါးအောင် ဆုံးမရာ တွင် အတုမရှိ ယောကျ်ားတကာတို့၏ အထွတ်မြတ်ဆုံး ဖြစ်တော်မူသော အကြောင်းကြောင့် **"အနုတ္တရော ပုရိသဒမ္မသာရထိ – အနုတ္တရော ပုရိသဒမ္မသာရထိ"** ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

ဤမှန်ကန်သော သစ္စာစကား ကြောင့် လည်းကောင်း၊ ဤသို့မှန်ကန် စွာ ဆိုရသော သစ္စာစကား၏ တန်ခိုး တေဇော် အာနုဘော်ကြောင့် လည်းကောင်း…

အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ရှင် မြတ်စွာဘုရားအား ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ရပါသောကြောင့် လည်းကောင်း…

ဘုရားတပည့်တော် (…)သည် မယဉ်ပါးသော လူရမ်းကားတို့ဘေးမှ အစဉ်ကင်းဝေးရသည် ဖြစ်ပါစေ သတည်း။

သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့မှာ လည်း ထိုနည်းတူ ဖြစ်ပါစေဘုရား။

၇။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ သတ္တမှို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

လူနတ်ဗြဟ္မာသတ္တဝါတိုင်း အကျိုးစီးပွားကို ညွှန်ပြဆုံးမတော်မူတတ်သော မြတ်စွာဘုရား…

မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ရှေ့ဆောင်ညွှန်ကြားကျိုး ကိုးကွယ်အားထားရာ အကျိုးစီးပွားပြ

www.burmeseclassic.com

ရာ ဆရာသခင် ကျေးဇူးရှင်စစ်စစ် ဖြစ်တော်မူသော အကြောင်းကြောင့် **"သတ္ထာဒေဝမနုဿာနံ – သတ္ထာ ဒေဝမနုဿာနံ"** ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

ဤမှန်ကန်သော သစ္စာစကားကြောင့် လည်းကောင်း၊ ဤသို့မှန်ကန်စွာ ဆိုရသော သစ္စာစကား၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် လည်းကောင်း... **သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ရှင်မြတ်ဘုရားအား** ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရပါသောကြောင့် လည်းကောင်း...

ဘုရားတပည့်တော် (...)သည် ဆရာသခင် ဘုရားရှင်၏ မကောင်းမြစ်တာ ကောင်းရာညွှန်လတ် အတတ်သင်သည့် အဆုံးအမ အပဲ့အပြင်တွင် အစဉ်တည်ပါစေသတည်း။

အသိကောင်း၊ အတတ်ကောင်းဖြင့် ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပါစေသတည်း။ သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့မှာလည်း ထိုနည်းတူ ဖြစ်ပါစေဘုရား။

၈။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
သော့ဘဂဝါ ဣတိပိ ဗုဒ္ဓေါ အဌမ္ဗိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါး မြတ်တရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် ပိုင်းခြားထင်ထင် သိမြင်၍ ပြန်လည် ဟောကြားတော်မူတတ်သော မြတ်စွာဘုရား...

မြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင် သယမ္ဘူဉာဏ်ဖြင့် ပြတ်ပြတ်ထင်ထင် သိမြင်တော်မူ၍ လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့ကိုလည်း သိမြင်စေတော်မူသော အကြောင်းကြောင့် **"ဗုဒ္ဓေါ–ဗုဒ္ဓ"** ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

ဤမှန်ကန်သော သစ္စာစကားကြောင့် လည်းကောင်း၊ ဤသို့မှန်ကန်စွာ ဆိုရသော သစ္စာစကား၏ တန်ခိုးတေဇော်အာနုဘော်ကြောင့်လည်းကောင်း...

ဗုဒ္ဓ မြတ်စွာဘုရားအား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရပါသောကြောင့်လည်းကောင်း...ဘုရားတပည့်တော်(...)သည် ဒုက္ခသစ္စာကိုသိ၊ သမုဒယသစ္စာကိုပယ်နိုင်ပြီး၊ နိရောဓသစ္စာကို ဆိုက်ရောက်၍၊ မဂ္ဂသစ္စာကို ပွားများနိုင်ပါစေတည်း။

သစ္စာလေးပါး မြတ်တရားဖြင့် နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်သည် ဖြစ်ပါစေသတည်း။

သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့မှာလည်း ထိုနည်းတူ ဖြစ်ပါစေဘုရား။

၉။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
သောဘဂဝါ ဣတိပိ ဘဂဝါ နဝမ္ဗိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ မေတ္တာတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား...

မြတ်စွာဘုရားသည် အတိုင်းမသိ၊ အနှိုင်းမရှိသော ဘုန်းတန်ခိုးအာနုဘော်တို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် **"ဘဂဝါ–ဘဂဝါ"** ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

ဤမှန်ကန်သော သစ္စာစကားကြောင့်လည်းကောင်း၊ ဘဂဝါ မြတ်စွာဘုရားအား ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရပါသောကြောင့် လည်းကောင်း... ဘုရားတပည့်တော် (...)သည် ဘဂဝါ တန်ခိုးအရှိန်တို့[illegible] ဆုတောင်းတိုင်း ပြည့်စုံရသည် ဖြစ်[illegible] စေသတည်း။

ဤသို့ ဆုတောင်းပြည့်ဝသော[illegible] တန်ခိုးကုသိုလ်ပါဒ်ကြောင့် ဘုရားတပည့်[illegible] (...)သည် အပါယ်လေးပါး၊ ကပ်သုံး[illegible] ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိ[illegible] တရားလေးပါး၊ ဗျသနတရားငါးပါး၊ အနာမျိုး(၉၆)ပါး၊ မိစ္ဆာဒိဋ္ဌိ(၆၂)[illegible] ဘေးဆယ်တန်၊ ရန်ဆယ်ပါး၊ မကောင်း[illegible] သော အနိဋ္ဌဖလ ဒုက္ခဝေဒနာဆိုး[illegible] အပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်[illegible] ငြိမ်းသည် ဖြစ်၍...

မဂ်တရား၊ ဖိုလ်တရား၊ ဉာဏ်တရား[illegible] ဈာန်တရား၊ နိဗ္ဗာန်တရားတော်မြတ်[illegible] ကောန်ကေ ရလွယ်ရောက်လွယ် [illegible] မျောက်ပြုလွယ်သည်ဖြစ်ပါစေဘုရား[illegible]

ယခုဘဝတွင်လည်း ဘုရားတပည့်[illegible] တော်(...)သည် အသက်ရှည်ခြင်း[illegible] အနာကင်းခြင်း၊ အဆင်းလှခြင်း[illegible] ဉာဏ်ပညာ ကျော်စောကြီးခြင်း၊ ဘုန်း[illegible] တန်ခိုးအစိုးရခြင်း၊ ကံကောင်း[illegible] ထောက်မခြင်းတို့ တင်းတင်းပြည့်[illegible] တောင့်တရာရာ အဖြာဖြာ လိုရာ[illegible] အဝဝတို့သည် မုချမသွေ ပြည့်စုံပြည့်[illegible] ပါစေသတည်း။

သဗ္ဗေသတ္တာ သတ္တဝါအပေါင်း[illegible] မှာလည်း ထိုနည်းတူ ဖြစ်ပါစေဘုရား[illegible]

ဂုဏ်တော်ကိုးပါး၏အရှင် မြတ်[illegible] ဘုရားရှင်အား ဘုရားတပည့်တော်[illegible] (...)သည် ဝပ်တွားပူဇော် ဖူးမြော်[illegible] လျှော့ ကန်တော့ပါ အရှင်ဘုရား[illegible]
(သာဓု...သာဓု...သာဓု...)

***၉–ကြိမ် ဦးချက် [illegible]***
***သူတော်ကောင်းစိတ်[illegible]***
***နိုင်ပါစေ။***

ပြီး



www.burmeseclassic.com

www.burmeseclassic.com

# ဝက် အနာပေါက်ခဲ့သော်



ဆေးနည်းပြောပြသော ဆရာ ဦးမြင့်စိုး

အလောက စာရေးသူနှင့် ညီနောင်ချာသဖွယ် ခင်မင်ရင်းနှီးသော ...ငယ်ချင်း ဆရာဦးမြင့်စိုးအိမ်သို့ ...ောက်ခဲ့သည်။

အိမ်ရှေ့တွင် မြင့်စိုး၏အမေ ...လေးဒေါ်ထားနှင့်တွေ့၍ စာရေးသူ...

'ဒေါ်လေး ဟိုကောင်ကြီးမြင့်စိုး ...ား'

'မိုပို့တော် နင့်လူ ဟိုဝက်ခြံဘေးမှာ ...လုပ်ရှုပ်နေတယ်'

'ဘယ်လိုလဲကွ ဝက်မွေးမြူရေး ...ား အခြေအနေကောင်းရဲ့လား'

'အခြေအနေ ကောင်းတယ်တော့ ...တ်ဘူးပေါ့ကွ။ တို့ဝန်ထမ်းတွေ ...တော့ တစ်နိုင်မွေးမြူရေး၊ စိုက်ပျိုး ...တစ်ခုခုတော့ တွဲလုပ်နေရတာ ...'

'ဒါထက် ငါအရင်တစ်ခေါက် ...တုန်းက ကျောကုန်းမှာ အနာ ...ပေါက်နေတဲ့ ဝက်ကြီးတွေ ပျောက် ...ပြီလား'

'အေးကွ ကောင်းသွားပြီ၊ ဆေးနည်း ...တော့လဲ အလွယ်သား'

'ဆေးနည်းက ဘယ်လိုလဲ လုပ်ပါ ...'

'ဆေးနည်းက လွယ်ပါတယ်ကွာ။ **...ခိုးအမှုန့်၊ နနွင်းမှုန့် ဆတူ ...ဆေးဆိုင်က ပရုပ်နည်းနည်း၊ ...ညှို နှမ်းဆီနဲ့ဖျော်ပြီး ဝက်အနာ ...သိပ်ပေးလိုက်ရုံပဲကွ**'

'...နေပါဦး မင်း အဲဒီဆေးနည်း ...သူပြောတာလဲ'

'...ဟိုကောင်ကြီးလေးကွာ။ ...ကျွန်ဆရာဝန် ခင်ထွန်းပေါ့ကွ'

'...ဟို အင်းမကဝယ်လာတဲ့ **သဲဝဲစား ...တဲ့ဝက်လေးရော** ကောင်းသွားလား'

'ကောင်းသွားပြီကွ။ မင်းနယ်ကွာ ဝက်သာ ဝဲစားလို့ကတော့ ငါးညီရည် လောင်းပေးလိုက်၊ အနာပေါ်ကို နှစ်ခါလောက် လောင်းပေးရုံနဲ့ ပျောက်ပါတယ်ကွာ'

'**ဝက်ချောင်းဆိုးရင်** ဘာလုပ်ပေးရလဲ ပြောပါဦး'

'အလွယ်လေးရယ် အစာထဲကို ဆားခါး ဒါမှမဟုတ် အိမ်သုံးဆား နည်းနည်းထည့်ကျွေးလိုက်။ လက်စနဲ့ မင်းမှတ်သွားဦးကွ။ ဝက်လေးဖက်နာဖြစ်ရင်တော့ ဝက်ကို မဲရိုင်းပင်နဲ့ ရိုက်ပေး၊ နည်းနည်းတော့ကြာတယ်။ သူက တန်ပြန်နည်းလို့ ပြောတယ်'

'မင်းတောင် ဝက်နဲ့ပတ်သက်တဲ့ ဆေးမြီးတိုတွေ တော်တော်သိနေမှကိုး'

'ဒီလိုပေါ့ကွာ။ သူနဲ့မကင်းတော့လဲ လေ့လာမှတ်သားရတာပေါ့။ ပွဲတွေ့ဆိုတော့လဲ မယုံလို့ မရဘူးလေ'

'ဒါဆိုရင်တော့ မင်းဆေးနည်းကို တခြား တစ်နိုင်မွေးမြူရေးသမားတွေ အတွက် လက်ဆောင်ကမ်းဦးမှပဲ'

'ကောင်းတာပေါ့ကွာ။ ငါလဲ ဆေးနည်းဒါနဖြစ်၊ တခြားလူတွေလဲ အကျိုးများတာပေါ့ကွာ'

**(သဲကုန်းမြို့နယ်၊ အုတ်ဗိုစုကျေးရွာမှ ဆရာဦးမြင့်စိုးအား ဂုဏ်ပြုလျက်...)**

***မေတ္တာအရင်းခံ စေတနာမှန်ဖြင့်...***

**ပေါင်းတည် – သိန်းဝင်းထက်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

# သွေးတိုးရောဂါရှင်များ..

# စကြာမင်း

## အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဖနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် . ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေး**[...] **ကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြ**[...] **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အ[...] ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်[...] သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေ[...] နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း [...] အုံ့ခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်း[...] အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရော[...] ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်း[...] စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်း[...] စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီ[...] ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မ[...] "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေး[...] စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါ[...] သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "[...] တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အ[...] ခေါက်ဆွဲ ပူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်[...] ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကို[...] ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့[...]

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မ[...]

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသ[...] ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ [...] မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ [...] ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်[...] ချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ [...] ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်[...] ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထား[...] လိုလိမ့်မယ်..."

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၂၅[...]

---

www.burmeseclassic.com

www.burmeseclassic.com

အဘိဓမ္မာသုတ်ကျင့်စဉ်အရ
ပွားများပုတီးစိပ်နိုင်ကြစေရန်

# ရှစ်ဈာန် ပုတီးစိပ်နည်း



မောင်ဝေငြိ (ချင်းတွင်းမြေ)

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ၊ စာမျက်နှာ (၂၁၆)တွင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ဖော်ပြခဲ့သော **"၁၂၉၉ ခုနှစ် ကပ်ဆိုက်ဗုဒ္ဓအကျွရာ ဗျည်း စမပုံတော်နှင့် မွေ့လေးတောင်ရသေ့ကြီး ဦးခန္တီ၏ အကွယ်အကာဂါထာတော်"** ခေါင်းပါးတွင် ရသေ့ကြီးဦးခန္တီ အကွယ်အကာဂါထာနှင့် အလားတူ ဂါထာတော်ကြီးကို "ကျေးဇူးရှင် ဆိုင်းဆရာတော်ကြီးလည်း လက်စွဲပြု ရွတ်ဆိုပူဇော်ခဲ့ကြောင်း ယောဂီ ဥပါသကာ,ဥပါသိကာတို့ကို ရွတ်ဆိုရန် ညွှန်ပြဟောကြားခဲ့ကြောင်း ထည့်သွင်းဖော်ပြခဲ့ပါသည်။

ယင်း ဂါထာတော်ကြီးပါရှိသော **"မေတ္တာ အဘိဓမ္မာသုတ်ကျင့်စဉ်"** ကျမ်းငယ်အကြောင်းကိုလည်း ဖော်ပြခဲ့ပါသည်။

ယခု ဆက်လက်တင်ပြလိုသော အကြောင်းအရာမှာ ယင်းကျမ်းစာအုပ်ငယ်တွင် စာမျက်နှာ နံပါတ်(၃)မှစ၍ စာမျက်နှာ(၆)အထိ ဟောကြားထားသော **မေတ္တာပွားပုံ၊ မေတ္တာပို့လွှတ်ပုံ**တို့ကို ဟောကြား ညွှန်ပြထားသည့်အတိုင်း ရေးသားတင်ပြအပ်ပါသည်။

ဆက်လက်၍ စာမျက်နှာ(၆)မှစ၍ (၁၆)အထိ **"အဂ္ဂတ္တိုရုံပါဠိတော်လာ အဘိဓမ္မာသုတ် နှုတ်တက်ဆောင်ရန် အကျဉ်းချုပ်ကား"** ဟူသော ခေါင်းစဉ်ငယ်အောက်တွင် ဆောင်ပုဒ် (၂)ခုပါရှိသည်။ ဆောင်ပုဒ်(၂)ခုမှာ...

၁ အို,နာ,သေ,ကွဲ၊ ကံနှစ်တွဲ၊ အမြဲနေ့တိုင်းရှု
၂ အကုသိုလ်က အပါယ်ကျ၊ ကုသိုလ်ပြုမှ ကောင်းရာရ၊ ကံသာမူလဖြစ်သမျှ။

ဆောင်ပုဒ်(၂)ခုမှ တစ်ခုစီခွဲ၍ (၈) ဌာန ပုတီးစိပ်နိုင်ရန်လည်း ဟောကြား ညွှန်ပြထားသည်ကို စာရှုသူ မမွှေ မိတ်ဆွေအပေါင်းတို့ ရှုပွားနိုင်ကြစေရန် မူရင်းစာတိုင်း ဆက်လက်၍ တင်ပြလိုက်ရပါသည်။

ပထမဦးစွာ စာမျက်နှာနံပါတ်(၃)မှ စာမျက်နှာနံပါတ်(၆)အထိ ဟောကြားထားသော မေတ္တာပွားပုံ မေတ္တာပို့လွှတ်ပုံတို့ကို ညွှန်ပြထားသည့်အတိုင်း ရေးသားတင်ပြမည် ဖြစ်ပါသည်။

'ဤမေတ္တာဖြင့်ပင် စိတ္တဝိသုဒ္ဓိအခြေခံ၍ ဝိပဿနာတက်ရန် အလိုရှိသူတို့မှာ အသက်ရှင်သော မိ,ဘ,ဆရာ စသည် တစ်ယောက်ယောက်ကိုသာ ဉာဏ်ဖြင့် ရှုရှုစိုက်စိုက် ပွားများကြရာ၏'

**ပွားများပုံကား...**

'အမိချမ်းသာပါစေ၊ အမိချမ်းသာပါစေ၊ အဘချမ်းသာပါစေ၊ ဆရာချမ်းသာပါစေ၊ မည်သူချမ်းသာပါစေ'

စသည်ဖြင့် မိမိတို့ အလိုရှိကြသည့် ပုဂ္ဂိုလ်တည်းဟူသော **"ပရိကမ္မနိမိတ်"** ရှိရာသို့ ဉာဏ်လွှတ်၍ နေ့စဉ် တစ်နာရီ, နှစ်နာရီ စသည် ပွားများသော ယောဂီမြတ်တို့သည် ယင်း ပရိကမ္မနိမိတ်ဖြစ်သော ပုဂ္ဂိုလ်ရှိရာမှခွာ၍ မိမိတို့ အလိုရှိရာ အနီးအနားသို့ ယင်းပုဂ္ဂိုလ်အာရုံကို ဆောင်ယူ၍ ရနိုင်လျှင် **"ဥဂ္ဂဟနိမိတ်"** ကို ရသည်မည်၏။

ယင်း ပရိကမ္မ,ဥဂ္ဂဟ နိမိတ်နှစ်ပါးကို ရရှိပြီး၍ အာရုံ မတည်သေးသော အခါ ပွားများသော ဘာဝနာသည် **"ပရိကမ္မဘာဝနာ"** မည်၏။

ယင်းဥဂ္ဂဟနိမိတ်ကိုပင် အာရုံပြုပြီးလျှင် မြဲမြံစွာ တည်ကြည်၍ နီဝရဏကင်းရုံသာဖြစ်သော ဘာဝနာသည် **"ဥပစာရဘာဝနာ"** မည်၏။

ယင်းဥဂ္ဂဟနိမိတ်ကိုပင် အာရုံပြုပြီးလျှင် အခါခါပွားများ၍ ကာမစ္ဆန္ဒ စသော နီဝရဏတို့ကင်းပြီး အာရုံထဲသို့ စိတ်ဝင်၊ စိတ်ထဲသို့ အာရုံဝင်သကဲ့သို့ ဖြစ်လျက် ဈာန်အင်္ဂါတို့လည်း ထင်ရှားလာ၍ ငြိမ်သက်တည်ကြည်စွာ ဖြစ်ပေါ်လာသော သမာဓိဘာဝနာသည် **"အပ္ပနာဘာဝနာ"** မည်၏။

ယင်း အပ္ပနာအဆင့်ဆင့်တို့ကို ဝသီဘော်ငါးပါးတို့ဖြင့် လေ့လာ၍ စတုတ္ထဈာန်တိုင်အောင် တက်နိုင်လေ၏။

ဤသို့ မေတ္တာလုပ်ငန်းကြီးဖြင့် **အာရုံနိမိတ်နှစ်ပါး၊ ဘာဝနာသုံးပါး၊ ဈာန်လေးပါးတို့ကို** ရနိုင်ရုံမျှမက ယခု ပစ္စက္ခ၌ ဒိဋ္ဌအကျိုး တစ်ဆယ့်တစ်ပါး ခံစားရကြောင်းနှင့် အင်္ဂုတ္တိုရ်ပါဠိတော်လာကို လက်နှင့် ဆိုရမူ...

"ချမ်းသာသုံးမျိုးကို အိပ်နိုးအိပ်ပက် ချစ်လျက် လူ,နတ်စောင့်လတ်နှံသည်များ ပေးကား



www.burmeseclassic.com

www.burmeseclassic.com

မလောင် အိပ်ရှောင်မသင့် လက်နက်ဖြင့်ပမစူးရှတည့်။

လွှင့်ပစိတ်စာည် မျက်နှာကြည်မေ တွေ့ဝေမရှိ ဒေသရာဘိဆို မင်္ဂိုလ်မရ ရှိပြန်ကသော်လားရပြုပ္ပာပြည် ဆယ့်တစ်လီ များသည်မေတ္တာအကျိုးတည်း"

ထိုမှတစ်ပါး ရောဂါ, ကပ်, ဥပဒ်တို့ ကင်းပျောက်ခြင်း၊ အလိုဆန္ဒပြီးခြင်း စသည်တို့ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံသော အကျိုးကျေးဇူးများကို မိမိတို့ကပင် သက်သေပြနိုင်အောင် အားထုတ်ကြဖို့ အချက်တို့ကား မေတ္တာပို့သအပ်သော ပုဂ္ဂိုလ်တို့အထံသို့ ချမ်းသာစေလိုသော မေတ္တာစိတ် ရောက်ပြီးလျှင် စူးစူးစိုက်စိုက် ကြိမ်ဖန်များစွာ ဘယ်ဘာသာနှင့်မဆို ပွားများလိုက်ပါမူ...

ဈေးလည်းကင်း၊ ရန်လည်းကွာ လိုရာကိစ္စ အစုစုတို့လည်း ပြီးစီးကြ၍ နွားမဝတ္တုကဲ့သို့ သက်သေအမျိုးမျိုး ပြုနိုင်ကြရန် အကြောင်းကိစ္စ တွေ့ကြုံကြတိုင်းတို့မှာ, အထူးအားသစ်ကြပါလေ။

ပါဠိဘာသာမှတစ်ပါး၊ မြန်မာဘာသာနှင့် ပွားများလို့ မေတ္တာဟုတ်သည်ဟုမထင်၊ ကိုယ့်အိမ်သားကို ပွားများလို့လည်း မေတ္တာဟုတ်သည်ဟု မထင်သူတို့အတွက် နွားမဝတ္တုကို ဆက်၍ ဆိုဦးအံ့။

ဘယ်ဆရာတို့ကမှ သားငယ်ကို နို့တိုက်နေသော နွားမကြီးကို ပါဠိဘာသာနှင့် မေတ္တာပို့ မသင်ထားပါ။

မိမိတို့ နွားတိရစ္ဆာန်ဘာသာနှင့်ပင် နှစ်ခြိုက်၍နေရှာသည့် သားငယ်တည်းဟူသော သတ္တဝါအနက်ရှိရာသို့ ချမ်းသာစေလိုသော မေတ္တာစိတ်အစဉ် ရောက်ပြီးလျှင် စူးစူးစိုက်စိုက် နို့တိုက်ရင်း ပို့သနေလိုက်ဆဲအခါ မုဆိုးက လာပြီးလျှင် ရှည်စွာသော လှံမကြီးနှင့်တစ်ဟုန်ထိုးလိုက်ရာ မစူးပါဘဲ ထန်းရွက်လုံပမာ ခွေလိပ်၍ သွားရှာသည့် ထိုနွားမမေတ္တာကား **ဥပစာ၊ အပ္ပနာ မဟုတ်ပါ။**

ထိုခဏမှာပင် သားငယ်တည်းဟူသော အာရုံကို ထင်မြင်၍ နွားတို့ဘာသာနှင့် အခါခါ စူးစိုက် ပွားများလိုက်ချက် ဝိသုဒ္ဓိမဂ် ရွှေကျမ်းထွက် ထိုမေတ္တာအကျိုးဆက် သက်သေများကို ယုံကြည်အားထားကာ ဘယ်ဘာသာနှင့်မဆို ချမ်းသာစေလိုသော မေတ္တာစိတ်ရောက်၍ ပွားများ အားထုတ်ကြပါက ဒိဋ္ဌဓမ္မ အကျိုးထူးများကို ကောန်ရနိုင်ကြလိမ့်မည်ဟု ယုံယုံကြည်ကြည် စိတ်ထား၍ ပွားများအားသစ်နိုင်ကြပါစေသတည်း။

***မေတ္တာပွားနည်း အကျဉ်းပြီး၏။***

ဆက်လက်၍ အဘိဓာသုတ်ကျင့်စဉ်အရ ပွားများပုတီးစိပ်နိုင်ကြစေရန် **ရှစ်ဌာနပုတီးစိပ်နည်းကို** မူရင်းဟောကြားချက်အတိုင်း အောက်တွင် ရေးသားတင်ပြလိုက်ရပါသည်။ **(စာမျက်နှာ ၆မှ ၁၆ အထိ ဖော်ပြထားပါသည်။)**

အင်္ဂုတ္တိုရ်ပါဠိတော်လာ အဘိဓာသုတ် နှုတ်ဆောင်ရန် အကျဉ်းချုပ်ကား။

၁။ အို,နာ,သေ,ကွဲ ကံနှစ်တွဲ အမြဲနေ့တိုင်းရှု
၂။ အကုသိုလ်က အပါယ်ကျ၊ ကုသိုလ်ပြုမှ ကောင်းရာရ၊ ကံသာ မူလဖြစ်သမှု။

ဤအဘိဓာသုတ်အရကို ပွားများ ပုတီးစိပ်လိုကြပါမူ။ မိမိတို့အပေါ်၌ အို, နာ, သေရေး, အပါယ် စသော ဘေးဒုက္ခကြီး အမျိုးမျိုးတို့နှင့် အဆိုးတကာ့ "တေဒဂ်ရ"ဖြစ်သော မိမိတို့ ခန္ဓာဆိုးကြီးတို့က မအိုချင်တယ်လို့ မနေရအောင် မိမိတို့လည်ပင်းကို အိုကွင်းကြီး တပ်ပြီးလျှင် အဆုံး၌ သေပေါက်ကြီးထဲသို့ ရောက်အောင် ယခု ဆွဲနေဆဲကိုလည်းကောင်း၊ ရှေ့က ဆွဲခဲ့ပြီးသမျှတို့ကို လည်းကောင်း နောင်ဆွဲလတ္တံ့ တို့ကိုလည်းကောင်း ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍...

၁။ ဤခန္ဓာဆိုးကြီးက အိုဘေးကြီးနှင့် နှက်နေ
ဆဲ၊ အိုဘေးကြီးနှင့် နှက်နေဆဲ" ဟူ၍
လည်းကောင်း။

၂။ ဤခန္ဓာဆိုးကြီးက အိုဘေးကြီးနှင့် နှက်ခဲ့
လုပြီ၊ အိုဘေးကြီးနှင့် နှက်ခဲ့လုပြီ" ဟူ၍
လည်းကောင်း။

၃။ ဤခန္ဓာဆိုးကြီးက အိုဘေးကြီးနှင့် နှက်ချည်
သေး၊ အိုဘေးကြီးနှင့် နှက်ချည်သေး" ဟူ၍
လည်းကောင်း။

ထင်မြင်လာအောင် တစ်ပိုဒ်လျှင် **အနည်းဆုံး ပုတီး(၃)ပတ်ကျစီ လောက်** ပွားများကြပါလေ။

တစ်ဖန် မိမိခန္ဓာဆိုးကြီးတို့က မနာချင်တယ်လို့ မနေရအောင် မိမိတို့ လည်ပင်းကို နာကွင်းကြီး တပ်ပြီးလျှင် အဆုံး၌ သေပေါက်ကြီးထဲသို့ ရောက်အောင် ယခုဆွဲနေဆဲကို လည်းကောင်း၊ ရှေ့က ဆွဲခဲ့ပြီးသမျှတို့ကို လည်းကောင်း၊ နောက်ဆွဲလတ္တံ့တို့ကို လည်းကောင်း ဉာဏ်နှင့် မိမိပြူးပြူး ကြည့်၍...

၁။ ဤခန္ဓာဆိုးကြီးက နာဘေးကြီးနှင့် နှက်နေ
ဆဲ၊ အိုဘေးကြီးနှင့် နှက်နေဆဲ" ဟူ၍
လည်းကောင်း။

၂။ ဤခန္ဓာဆိုးကြီးက နာဘေးကြီးနှင့် နှက်ခဲ့
လုပြီ၊ အိုဘေးကြီးနှင့် နှက်ခဲ့လုပြီ" ဟူ၍
လည်းကောင်း။

၃။ ဤခန္ဓာဆိုးကြီးက နာဘေးကြီးနှင့် နှက်ချည်
သေး၊ အိုဘေးကြီးနှင့် နှက်ချည်သေး" ဟူ၍
လည်းကောင်း။

ထင်မြင်လာအောင် တစ်ပိုဒ်လျှင် အနည်းဆုံး ပုတီး(၃)ပတ်ကျစီလောက် ပွားများကြပါလေ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် မိမိခန္ဓာဆိုးကြီးတို့က သေချင်တယ်လို့ မနေရအောင် မိမိတို့ လည်ပင်းကို သေကွင်းကြီး တပ်ပြီးလျှင် အမှတ်မရဏအဆုံးစွန် သေပေါက်ကြီး ကျအောင် ယခုဆွဲနေဆဲကို လည်း ကောင်း၊ ရှေ့က ဆွဲခဲ့လုပြီးသမျှတို့ကို လည်းကောင်း၊ နောင်ဆွဲလတ္တံ့တို့ကို လည်းကောင်း၊ ဉာဏ်နှင့် မိမိ ပြုံးပြုံး ကြည့်၍...

၁။ ဤခန္ဓာဆိုးကြီးက သေဘေးကြီးနှင့် နက်နေဆဲ၊ သေဘေးကြီးနှင့် နက်နေဆဲ” ဟူ၍ လည်းကောင်း၊

၂။ ဤခန္ဓာဆိုးကြီးက သေဘေးကြီးနှင့် နက်ခဲ့လှပြီ၊ သေဘေးကြီးနှင့် နက်ခဲ့လှပြီ”ဟူ၍ လည်းကောင်း၊

၃။ ဤခန္ဓာဆိုးကြီးက သေဘေးကြီးနှင့် နက်ချည်သေး၊ သေဘေးကြီးနှင့် နက်ချည်သေး”ဟူ၍ လည်းကောင်း၊

ထင်မြင်လာအောင် အနည်းဆုံး ပုတီး(၃)ပတ်ကျစီလောက် ပွားများကြပါလေ။

တစ်ဖန် မိမိခန္ဓာဆိုးကြီးတို့က ချစ်ခင်သမျှ မိတ်,လင်မယား,သားသမီး သည်တို့နှင့် မကွဲချင်တယ်လို့ မနေရအောင် မိမိတို့လည်ပင်းကို ကွဲကွင်းကြီး တပ်ပြီးလျှင် ရှင်ကွဲ သေကွဲနှင့်မပြတ် ကွဲပေါက်ကြီးထဲသို့ ကျအောင် ယခုဆွဲနေဆဲကို လည်းကောင်း...

ရှေ့က ဆွဲခဲ့လုပြီးသမျှတို့ကို လည်းကောင်း၊ နောင်ဆွဲလတ္တံ့တို့ကိုလည်းကောင်း ဉာဏ်နှင့် မိမိပြုံးပြုံးကြည့်၍...

၁။ ဤခန္ဓာဆိုးကြီးက ကွဲဘေးကြီးနှင့် နက်နေဆဲ ကွဲဘေးကြီးနှင့် နက်နေဆဲ” ဟူ၍ လည်းကောင်း၊

၂။ ဤခန္ဓာဆိုးကြီးက ကွဲဘေးကြီးနှင့် နက်ခဲ့လှပြီ၊ အိုဘေးကြီးနှင့် နက်ခဲ့လှပြီ” ဟူ၍ လည်းကောင်း၊



၃။ ဤခန္ဓာဆိုးကြီးက ကွဲဘေးကြီးနှင့် နက်ချည်သေး၊ အိုဘေးကြီးနှင့် နက်ချည်သေး” ဟူ၍ လည်းကောင်း၊

ထင်မြင်လာအောင် တစ်ပိုဒ်လျှင် အနည်းဆုံး ပုတီး(၃)ပတ်ကျစီလောက် ပွားများကြပါလေ။

တစ်ဖန် မိမိခန္ဓာဆိုးကြီးတို့က ရှိရှိသမျှသော ပစ္စည်းတို့မှ မမွဲချင်တယ်လို့ မနေရအောင် မိမိတို့ လည်ပင်းကို မွဲကွင်းကြီးတွေ တပ်ပြီးလျှင် ရှင်မွဲ, သေမွဲ ခါးမှာ စွပ်သည့် အဝတ်တောင် မပါဘဲ မွဲပေါက်အကြီးဆုံးကြီးထဲသို့ ကျသွားအောင် ယခု ဆွဲနေဆဲကို ယင်းရှေ့က ဆွဲခဲ့လုပြီးသမျှတို့ကို လည်းကောင်း၊ နောင်ဆွဲလတ္တံ့တို့ကို လည်းကောင်း မိမိ ပြုံးပြုံးကြည့်၍...

၁။ ဤခန္ဓာဆိုးကြီးက မွဲဘေးကြီးနှင့် နက်နေဆဲ မွဲဘေးကြီးနှင့် နက်နေဆဲ”ဟူ၍ လည်းကောင်း၊

၂။ ဤခန္ဓာဆိုးကြီးက မွဲဘေးကြီးနှင့် နက်ခဲ့လှပြီ မွဲဘေးကြီးနှင့် နက်ခဲ့လှပြီ”ဟူ၍ လည်းကောင်း၊

၃။ ဤခန္ဓာဆိုးကြီးက မွဲဘေးကြီးနှင့် နက်ချည်သေး၊ မွဲဘေးကြီးနှင့် နက်ချည်သေး” ဟူ၍ လည်းကောင်း၊

ထင်မြင်လာအောင် တစ်ပိုဒ်လျှင် အနည်းဆုံး ပုတီး(၃)ပတ်ကျစီလောက် ပွားများကြပါလေ။

ဤနှဲ...

'သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာ ဘာဝေါ ဝိနာဘာဝေါ'

ဟူသော ပါဠိတော်အရ တစ်ခုထဲကို သတ္တဝါတွေနှင့်တော့ (ကွဲ)ပစ္စည်းဝတ္ထု တွေနှင့်တော့(မွဲ)ဟု အထူးထင်ရှား အောင် နှစ်စုခွဲ၍ ပြလိုက်ပေသတည်း။

ဤဝတ္ထုပစ္စည်းများကို ဘဝအဆက် ဆက် မမွဲရအောင်ကား ဒါန–အလုပ်နှင့် ကုန်ကျခံ၍**(ရတနာသုံးတန် – ဒါန တည်းဟူသော ငွေဘဏ်တိုက်ကြီး ထဲသို့ ထည့်သွင်းထားသျှ)**

သီလ–အလုပ်နှင့် အကုန်အကျ လည်းခံ သီလကိုဖျက် ရရန့်ဝတ္ထုပစ္စည်း တို့လည်း မယူကြဘဲ **(ရတနာသုံးတန် သီလတည်းဟူသော ရွှေဘဏ်တိုက် ကြီးထဲသို့ ထည့်သွင်းထားသျှ)**၊

ဘာဝနာ–အလုပ်နှင့် အကုန်ကျ လည်းခံ၊ ဘာဝနာကိုဖျက်၍ ရရန် ဝတ္ထုပစ္စည်းတို့ကိုလည်း မယူကြဘဲ **(ရတနာသုံးတန် ဘာဝနာတည်းဟူ သော စိန်,ကျောက်ဘဏ်တိုက်ကြီး ထဲသို့ ထည့်သွင်းထားသျှ)**

ထိုသူတို့သာ ဘေးရန်ဟူသမျှ လွတ်ကင်းကြ၍ ရောက်ရာဘဝက နိဗ္ဗာန်ကျအောင် (ရတနာသုံးတန် ထိုထိုဘဏ်တိုက်ကြီး)တို့မှ ထုတ်သုံး ရသဖြင့် ဘဝအဆက်ဆက်တို့မှာ မမွဲနိုင်ကြရသော အချက်ကောင်းကြီး များကို စောစောက သတိရကြ၍ မိမိ တို့လည်း (ဘဏ်)သွင်းထားဖြစ်အောင် သွင်းထားကြပေ။ ချစ်ဆွေ ဟူသမျှတို့ ကိုလည်း မမွဲကြရအောင် တိုက်တွန်း ကြပါပေ။

တစ်ဖန် မိမိခန္ဓာဆိုးကြီးတို့က လင် မယား၊ သားသမီး၊ ပစ္စည်းဥစ္စာ၊ မိမိခန္ဓာ တို့အတွက်နှင့် မိုက်မှားကာရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com

*မိုက်မှားနေကြ၍ အပါယ်သို့* မကျချင်
တယ်လို့ မနေရအောင် မိမိတို့လည်ပင်း
ကို အပါယ်ကွင်းကြီးတွေ တပ်ပြီးလျှင်
ရှေ့ကလည်း အပါယ်မီးထဲမှာ သံတွေခဲ
ရဲရဲကြီးကဲ့သို့ ငရဲမီးကောင်မကြီး၊ ငရဲမီး
ကောင်ထီးကြီးတွေ ဘဝအဆက်ဆက်
ဖြစ်နေကြရအောင် ဆွဲဆောင်ခဲ့လုပြီး
သမျှတို့ကိုလည်းကောင်း...

ယခုဘဝ ပစ္စက္ခမှာလည်း ထိုလင်၊
မယား စသည်တို့နှင့်ပင် မိုက်မှားကွက်
ရှိသမျှ မိုက်မှားနေကြသည့်အတွက်
သေဝက တစ်ခါတည်း အပါယ်မီး
ကောင်မကြီး၊ အပါယ်မီးကောင်ထီး
ကြီးများ ဖြစ်ကြရန် တွင်တွင်ကြီး ဆွဲငင်
ကြလတ္တံ့တို့ကိုလည်းကောင်း ဉာဏ်
နှင့်မိမိ ပြူးပြူးကြည့်၍...

၁။ "ဤခန္ဓာဆိုးကြီးက အပါယ်ဘေးကြီးနှင့်
နက်ခဲ့လုပြီ အပါယ်ဘေးကြီးနှင့် နက်ခဲ့
လုပြီ"ဟူ၍ လည်းကောင်း။

၂။ ဤခန္ဓာဆိုးကြီးက အပါယ်ဘေးကြီးနှင့်
နက်ချည်သေး အပါယ်ဘေးကြီးနှင့် နက်
ချည်သေး"ဟူ၍ လည်းကောင်း။

ထင်မြင်လာအောင် မကောင်းမှု
ပြုခွင့် ဆိုက်လာတိုင်းတို့၌ အများတို့
စားရမှာထက် ငါတစ်ယောက်တည်း
အပါယ်မီးမှာ အခံရခက်မည်များကို
ငါတစ်ယောက်တည်း အပါယ်မီးမှာ
အခံရခက်မည်များကို သတိထားပြီး
လျှင် အနည်းဆုံး တစ်ပိဒ်လျှင် ပုတီး
(၃)ပတ်ကျစီလောက် ပွားများကြပါ
လေ။

တစ်ဖန် ဝဋ်ကိုတောင့်တ ဝဋ်ကုသိုလ်
အကျိုးကြီးအောင်ဟု သာမညအကျိုး
ကို တောင့်တသောကုသိုလ်၊ လောက
ကိုငဲ့၍ အမှတ်တမဲ့ပြုသော ကုသိုလ်
တို့သည် ဝဋ်မှ ထွက်မြောက်ကြောင်း
မဟုတ်ဘဲ ဝဋ်ထဲ၌သာ ခန္ဓာများစွာနှင့်
ကာမဂုဏ်ချမ်းသာတို့ကိုသာ ပေးစွမ်း



နိုင်၏။

ထို လူ့နတ်ဗြဟ္မာတို့၏ ခန္ဓာကာမ
ဂုဏ်တို့သည်၊ လူ့နတ်ဗြဟ္မာတို့၏
ကိလေသာမီးတို့ အစာအစစ် ကေန်
ဖြစ်လှ၍ ကိလေသာမီးတွင်းကြီးထဲသို့
ထိုခန္ဓာ့ကာမဂုဏ်တို့က ယခုလည်း
ဆွဲနေဆဲကိုလည်းကောင်း၊ ရှေ့က
လည်း ဆွဲခဲ့လုပြီးသမျှတို့ကို လည်း
ကောင်း၊ နောင်လည်း ဆွဲလတ္တံ့တို့ကို
လည်းကောင်း ဉာဏ်နှင့်မိမိပြူးပြူး
ကြည့်၍...

၁။ "ဤခန္ဓာဆိုးကြီးက ကိလေသာဘေးကြီးနှင့်
နက်နေဆဲ ကိလေသာဘေးကြီးနှင့် နက်နေ
ဆဲ"ဟူ၍ လည်းကောင်း။

၂။ "ဤခန္ဓာဆိုးကြီးက ကိလေသာဘေးကြီးနှင့်
နက်ခဲ့လုပြီ ကိလေသာဘေးကြီးနှင့် နက်ခဲ့
လုပြီ"ဟူ၍ လည်းကောင်း။

၃။ "ဤခန္ဓာဆိုးကြီးက ကိလေသာဘေးကြီးနှင့်
နက်ချည်သေး ကိလေသာဘေးကြီးနှင့်
နက်ချည်သေး"ဟူ၍ လည်းကောင်း။

ထင်မြင်လာအောင် ထိုထိုအာရုံ
ကာမဂုဏ်တို့အနားသို့ ချဉ်းကပ်လို
တိုင်း စသည်တို့မှာ တစ်ပိဒ်လျှင်
အနည်းဆုံး ပုတီး(၃)ပတ်ကျစီလောက်
ပွားများ အားသစ်ကြပါလေ။

တစ်ဖန် အဘိဓာသုတ်က ကမ္ဘ
သကာ၊ ကမ္ဘဒါယာဒါ စသည်တို့အရ
"ကံသာမူလဖြစ်သမျှ"ဟု လက်ာပြ
တိုင်း ရှုကြဖို့မှာ တစ်ပါးသူက တစ်ပါး
သူကို ဘယ်လိုပင် စောင့်ရှောက်
စောင်မ စိုးရိမ်ကြောင့်ကြစေကာမူ
ထိုစိုးရိမ်ကြောင့်ကြ စောင့်ရှောက်
စောင်မတိုင်း မဖြစ်နိုင်ကြကုန်။ မိမိတို့
ကံအားလျော်စွာသာ ဖြစ်နေကြရသည့်
အချက်ကြီးတို့ကိုသာ ဉာဏ်နှင့် မိမိ
ပြူးပြူးကြည့်၍...

"ခပ်သိမ်းသော သူတို့သည် ကိုယ့်ကံနှင့်
ကိုယ်ဖြစ်ကြကုန်၏။ ကိုယ့်ကံနှင့်ကိုယ်
ဖြစ်ကြကုန်၏"

ဟု သံသရာတစ်လျှောက်လုံးကြီး
တို့မှာ ကိုယ့်ကံနှင့်သာ ကိုယ်သွားကြ
ရမှာကို ထင်မြင်ကြကာ ပိုင်နိုင်လာ
အောင် အနည်းဆုံး တစ်နေ့ တစ်နေ့
လျှင် **ရှေ့က(၇)ချက်နှင့်တကွ ပုတီး
(၃)ပတ်ကျစီလောက်** ရှုကြပါလေ။

ဤအချက်စုကို ပိုင်နိုင်သူတို့သည်
ဆွေမျိုး၊ မိဘ၊ သား၊ မယား စသည်
တို့ကို လျစ်လျူထား၍ သူတော်ကောင်း
တရားဘက်သို့ အားတက်နိုင်၏။

သေဝများလည်း ယင်းတို့ကို
ခင်တွယ်မှု စသည်အတွက်နှင့် အပါယ်
ဘက်သို့ မရောက်နိုင်ကြရ၊ အကယ်၍
ဆွေမျိုးတွေ အကုန်သေ၊ ပစ္စည်းတွေ
အကုန်ပျက်၍ မိမိတစ်ယောက်တည်း
သာ ယခုချက်ချင်း ဖြစ်ကြသူတို့မှာ
သောကအပူကို ချက်ချင်းဖျောက်ပယ်
နည်းကား...

"ဆွေမျိုးတွေ အကုန်သေလျှင်လည်း သေ
လိုက်ကြမောင့် ပစ္စည်းတွေ အကုန်ပျက်လျှင်
လည်း ပျက်လိုက်ကြမောင့် ငါ့မှာ အရှင်မရှုံး
သေးဘူး။ ငါ့မှာ အရှင်မရှုံးသေးဘူး"

ဟု စိတ်ကို "တင်းတင်းကြီး" ထား
ရမည်။

အဘယ်သို့ အရှင်းမရှုံးစေနည်းဟူ



www.burmeseclassic.com

www.burmeseclassic.com

...ည့် ဤဘဝသို့ လာခဲ့ရင်းက ခါးမှာ ...သည့် အဝတ်တစ်ခုမျှလည်းမပါ၊ ...သွေးမျိုး မိတ်သင်္ဂဟ တစ်ယောက် ...ည်း မရှိဘဲ မိမိတစ်ယောက်တည်း ... ဘွားခနဲ ဖြစ်ပေါ်လာရသည့် ...တ် အရင်းတည်ကတည်းက ...ည်းကလေးမျှ အရှုံးမရှိသေးတဲ့ ...င်...

ဤဘဝသို့ ငါရောက်လာစက ...ခါအမူ၊ နှုတ်၏အမူတို့ကို မပြုနိုင် ...တဲ့နှင့်တောင် ဤမျှလောက် ...ပြောင်လာနိုင်သေးတာကပဲ။ ယခု ... ခါးမှာစွပ်သည့် အဝတ် ရှိလာရုံ ...ကိုယ်အမူ၊ နှုတ်အမူလည်း ပြုနိုင် ...မိတ်သင်္ဂဟများစွာတို့ပင် အထင် ...

ဤဘဝသို့ လာစ ရောက်စကထက် ...တရားတွေ အပုံကြီးတောင် ...ပါလျက် ဘာအတွက် သောက ...ည်နည်းဟု စိတ်ကို အားကြီး ...င်းလိုက်က ပူပင်သောကရှိ ...ကို ကင်းပကုန်ကြရာသတည်း။ ...ပကြအောင်...

"... ဤဘဝသို့ လာခဲ့ခြင်း အရင်းမရှုံး ...ဘူးဟဲ့...အရင်းမရှုံးသေးဘူးဟဲ့"

... ကြာမကြာ အခါခါ ရှုကြကာ ...တို့ကို အတင်းပယ်ဖျောက် ... သူတော်ကောင်းတွေတို့...

**...ထက် အကျယ် မေတ္တာပွားပုံ၊ ...သုတ်ပွားပုံတို့ကို သိလိုကြ ...သုဒ္ဓိကျင့်စဉ်၊ ပဋိစ္စသမုပ္ပါဒ် ... စာအုပ်တို့မှာ ရှုကြည့်ကြ ...တား အမှာစကား။**

... မိမိတို့ခန္ဓာကိုယ်ကြီး ဆိုးချက်ကို ...သာအောင် ဤရှစ်ဌာနတို့ကို ...း ပုတီး(၁)ပတ်ကျစီ စသည် ...၌ နေ့စဉ် အားထုတ်ကြသော ...တ်တို့အား ထင်ရှားလာတတ်သော အကျိုးကား မိမိတို့ ခန္ဓာဆိုးကြီးနှင့်တကွ လောက အားလုံးကြီးတို့၌ ပျင်း,မုန်း,ငြီးငွေ့,မပျော်မွေ့ဘဲ ခန္ဓာကင်းရာ နိဗ္ဗူတာသို့ စိတ်ညွတ်စေနိုင်သော အကျိုးရှိကြောင်းကို ယင်းအင်္ဂုတ္တိုရ်ပါဠိတော်၌ "**သဗ္ဗလောကေ အနဘိရတသညီ**"ဟု ဟောတော်မူ၏။

**အနက်မြန်မာပြန်ကား...**

**သဗ္ဗလောကေ** – လူ,နတ်,ဗြဟ္မာ ပါယ်လေးရွာတုန်း အလုံးစုံသော လောက၌၊ **အနဘိရတသညီ**– ပျင်း,မုန်း,ငြီးငွေ့,မပျော်မွေ့ဖွယ် မတင့်တယ်ဟု အမှတ်ရှိသည်ဖြစ်၍၊ **ဝိဟရတိ**–နိဗ္ဗာန်သို့ ကူးတတ်ခါနေ၏။

**[ဤသို့ ငြီးငွေ့သော ယောဂီသူမြတ်သည် ဝိပဿနာအလုပ်ဘက်သို့ မြန်စွာတက်၍ ဘယ,အာဒီနဝ,နိဗ္ဗိန္ဒ စသော ဝိပဿနာဉာဏ်သို့ လျင်မြန်စွာတက်၍ မြန်စွာပေါက်ရောက်ရခြင်း အကျိုးထူးများကို ခံစားရ၏။]**

***မေတ္တာအဘိဏှသုတ်ကျင့်စဉ်ပြီး၏။***

(မေတ္တာပွားနည်း၊ ပို့လွှတ်နည်း အကျဉ်းနှင့် အဘိဏှသုတ်ကျင့်စဉ်အရ ပွားများပုတီးစိပ်နည်းဖြစ်သော ရှစ်ဌာန ပုတီးစိပ်နည်းပြီး၏။)

*ထပ်ဆင့်တင်ပြပူဇော်သူ*

**မောင်ဝင်းဘို(ချင်းတွင်းမြေ)**

ကိုးကားချက်

မိုးညှင်းဆရာတော်ကြီး ဟောကြားတော်မူသော "မေတ္တာအဘိဏှသုတ်ကျင့်စဉ်"ကျမ်းငယ် [၁၃၁၅ ခုနှစ်၊ မတ်လ၊ စာမျက်နှာ (၃)မှ(၆)ထိနှင့် စာမျက်နှာ (၆)မှ(၁၆)အထိ]


**မည် သူ မ ဆို ပါ ဝင် ရေးသား နိုင်ပါသည်...**

*စာမူပို့လိုက...*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

အမှတ် ၂၀၉–မြေညီ၊

၂၉–လမ်း(အထက်)

ပန်းဘဲတန်းစာတိုက်၊

ရန်ကုန်မြို့။

ဖုန်း–၀၁ ၂၄၂၂၈၄။

၀၉ ၇၈၆၃၈၈၇၅

၀၉ ၂၁၅၈၀၁၅။




www.burmeseclassic.com

www.burmeseclassic.com

# အသက်ရှည်ကြောင်း



## နည်းလမ်းကောင်းတစ်ခု

**မောင်မြအေးကြူ(စီးပွားရေး)**

ဒီဆောင်းပါးကို ရေးရခြင်းရဲ့ အဓိက အကြောင်းကတော့ စာဖတ်ပရိသတ်များ...အထူးသဖြင့် ကျွန်တော့် အရွယ် လူကြီးတွေအတွက် ကျန်းမာရေး အထောက်အကူတစ်ခု ဖြစ်စေလိုတဲ့ စေတနာကြောင့်ပါ။

သိတဲ့အတိုင်း...ကျွန်တော့်လို (၇၀) ဝန်းကျင် အသက်ရှိသူတွေမှာ ရောဂါတွေကတစ်ခုမဟုတ်နှစ်ခု,သုံးခု,လေးခုတွေ ဖြစ်နေကြတာ မဟုတ်လားဗျာ။

ပြောရရင်တော့ သေခါနီးလာပြီ။ လှည်းအိုးကြီးတွေ ဖြစ်လာကြပြီကိုး။ သူငယ်ချင်းတစ်ယောက်ကတော့ ပြောဖူးတယ်။

'မင်းတို့ကွာ... ဆေးစစ်တာ(Medical Check Up)တွေ ဘာတွေ လုပ်မနေကြစမ်းပါနဲ့။ စစ်လိုက်လို့ "တစ်ခု"ထွက်လာရင် နောက်အစတွေက ဆက်တိုက်လိုက်လာတော့မှာ။ ငါကတော့ မလုပ်ဘူး'

တဲ့။

"အေး... မင်းနေနိုင်သမျှတော့ နေဦးပေါ့" လို့သာ စိတ်ထဲက ပြန်ပြောလိုက်မိပါတယ်။ သူ့ကို ပြန်ပြောနေရင် အခြေအတင်ဖြစ်ရုံပဲ အဖတ်တင်မှာ မဟုတ်လားဗျာ။

သူ့အယူအဆ၊ ကိုယ့်အယူအဆ တူမှုကြတာမှ မဟုတ်ဘဲလေ။ ဒါက ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ခံယူချက် မတူကြပုံကို ပြောပြခြင်းသာပါ။

ပြောချင်တာက ဒီလိုဗျ...ကျွန်တော် အပါအဝင် ၁၉၆၄ ခုနှစ်မှာ စီးပွားရေး တက္ကသိုလ်(ရန်ကုန်)ကို စတင် တက်ရောက်ပြီး ၁၉၆၈ ခုနှစ်မှာ ဘွဲ့ရခဲ့ကြတဲ့ ကျောင်းသား/သူတွေဟာ ၂၀၀၄ ခုနှစ်ကစပြီး နှစ်စဉ် ဖေဖော်ဝါရီလ (၁၂)ရက် ပြည်ထောင်စုနေ့တိုင်း စီးပွားရေးတက္ကသိုလ်ရှေ့ကို စုရပ်ထားလို့ ကားကြီးနှစ်စီးနဲ့ နေ့ချင်းပြန်ခရီး ထွက်ခဲ့ကြပါတယ်။ Annual Gathering ပေါ့။

အဲဒီမှာ သူငယ်ချင်းဟောင်းတွေ စုစုပေါင်းဆို (၁၀၀)ကျော်လောက် ပြန်ဆုံမိကြတာမို့ အလွန်မှ ပျော်ဖို့ ကောင်းပါတယ်။ ကိုယ့်အသက်တွေကို မေ့... ကျောင်းတုန်းကအတိုင်း နောက်ကြပြောင်ကြ ဆဲကြဆိုကြနဲ့မို့ အင်မတန် ရင်းနှီးခင်မင်ကြပါတယ်။

ဒီနှစ် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ တုန်းကဆို တွေ့ဆုံပွဲလုပ်တာ (၁၃) ကြိမ်မြောက်ရှိခဲ့ပြီ။ နှစ်မပျက် ဆက်တိုက် လုပ်ခဲ့ကြတာကိုး။

အဲဒီကမှ တစ်နှစ်မှ တစ်ခါ ဆုံရတာ အားမရလို့ဆိုပြီး ဘယ်သူက စ,လိုက်တယ် မသိပါဘူးဗျာ။ တစ်လတစ်ခါ ဆုံကြမယ်ပေါ့ဆိုပြီး... အရင်တုန်းကတော့ ကမ်းနားလမ်း(ရန်ကုန်)Western P[...] Restaunantမှာ ဆုံဖြစ်ခဲ့ပါတယ်။

နောက်တော့ M3တို့၊ 3.Ge[...] ကန်တော်ကြီးစောင်းက Western P[...] တို့ဆီ ရောက်သွားကြပါတယ်။ ဒီ[...] ဆုံပွဲမှာတော့ လူ(၃၀)ဝန်းကျင်လော[...] ပုံမှန်တွေ့ကြတာပါ။

ဒီနှစ် ဖွန်လဆုံပွဲလေးမှာ[...] ဩစတေးလျက ပြန်လာတဲ့ သူ[...] ချင်း ရဲတင့်တို့ ပါလာပါတယ်။ [...] နှလုံးရောဂါလဲရှိတယ်။ ဆီးချို သွေး[...] လဲရှိတယ်။

အော်ဇီက ပြန်လာပြီးနော[...] နှလုံးသွေးကြောကျဉ်း ရောဂါ[...] သွေးကြောနှစ်ချောင်းကို Stant[...] လိုက်ရတယ်လို့ ပြောပါတယ်။ တ[...] ကတော့ သွေးကြောကျဉ်းနေတာ[...] (သုံး)ချောင်းပါ။

စစ်ဆေးကြည့်တဲ့အခါမှာ [...] တတိယ နှလုံးသွေးကြောအနီးမှာ [...] ကြောမျှင်လေးတွေ ထပ်ပေါ[...] နှလုံးကို အထောက်အကူ ပြု[...] ကြောင့် အဲဒီသွေးကြောကို S[...] ထည့်စရာမလိုတော့ဘူး ဖြစ်သွ[...] တဲ့။ သူပြောတာကို အ[...]တိုင်း[...] ပြောရရင်...

'ကျွန်တော် အော်ဇီမှာ ရှစ်လ[...]

> **ကျန်းမာရေး (သို့) နှလုံး အတွက် ဆေးကောင်း တစ်လက် ကတော့ လမ်းလျှောက်ခြင်း ပါပဲ...**

www.burmeseclassic.com

...ပါတယ်။ သားကခေါ်လို့သွားတာ။ ...တော့ ဆေးစစ်ပါတယ်။ နှလုံး ...ကြောသုံးချောင်း ကျဉ်းနေပါ ...။ ဆရာဝန်က လမ်းလျှောက်ခိုင်း ...။ ကျွန်တော်က ပျင်းတယ်။ ...လျှောက်ချင်ဘူး။

...သားက ကျွန်တော့်ကို အတင်း ...ခင်းတယ်။ Smart Watch ဝယ်ပေး ...။ ဒေါ်လာ(၁၀၀)လောက် ပေးရ ...။ လက်မှာ ပတ်ထားရတယ်။ ...ကိုသိုးလုံးလောက်မည်းမည်းအပြား ...ကို သူပတ်ထားတာ ပြပါတယ်။)

...ဒီ Smart Watchမှာ ဘာပါလဲ ...တော့ လမ်းလျှောက်တာ ဘယ် ...ကြာပြီဆိုတဲ့အချိန်၊ ခြေလှမ်း ...နှုန်းလှမ်း လှမ်းပြီးပြီ၊ ကီလိုမီတာ ...လောက်ရောက်ပြီ၊ ခန္ဓာကိုယ်ထဲ ...ဘယ်လိုရီ ဘယ်လောက် ခြေဖျက် ... ဆိုတာတွေ ပါ,ပါတယ်။

...ကျွန်တော်က ပေါင်(၂၀၀)လောက် ...တယ်။ ကယ်လိုရီ ဘယ်လောက် ...ဖျက်မလဲ ဆိုတာကိုတော့ ဆရာဝန် ...က တွက်ပေးတာပါ။

...ကျွန်တော်ဆို (၄၀၀)နဲ့(၅၀၀)ကြား ...ဖျက်ရတယ်။ ခန္ဓာကိုယ်အလေးချိန် ...က်အရွယ် စတာတွေအပေါ် ...ည်ပြီး ကယ်လိုရီခြေဖျက်ရမှု ...တာ နည်းတာ ကွာပါတယ်။

...တော့ ကျွန်တော့်ဝိတ်က ပေါင် ...ပဲ ရှိတော့တယ်။ ပေါင်(၂၀) ...သွားတယ်။ ဝိတ်ကျသွားတော့ ... နေလို့ကောင်းလာတယ်။

...ဆရာဝန်တွေ ပြောတာကတော့ ...လျှောက်တဲ့အတွက် ဝိတ်နေတဲ့ ...သွေးကြောအနီးမှာ သွေးကြော ... အသစ်လေးတွေ ပေါ်လာတာလို့ ...ပါတယ်။

...ကြောင့် တစ်ချောင်းကို Stant

# သူငယ်ချင်း တစ်ဦး ကလဲ လမ်းလျှောက် ရင် ဆီးချို ကျတာ အမှန်ပဲလို့ ဆိုပြန်တယ်...

မထည့်လိုက်ရတော့ဘူး။ နောက်တစ်ခုက ဆေးစစ်တဲ့အခါ ကျွန်တော့် အဆုတ်မှာ ဒဏ်ရာတွေ့ရတယ်၊ ဆရာဝန်က ဆေးလိပ်သောက်သလား မေးတော့ ကျွန်တော် ဆေးလိပ်ဖြတ်တာ နှစ်(၂၀)ရှိပြီလို့ ဖြေပါတယ်။

ခင်ဗျား ဆေးလိပ်ဖြတ်ပေမယ့် ဒဏ်ကတော့ ကျန်နေသေးတာပဲတဲ့။ ဒါကြောင့် သူငယ်ချင်းတို့ ဆေးလိပ်လုံးဝ မသောက်ကြပါနဲ့တဲ့။ လမ်းလျှောက်ကြပါတဲ့'

သူငယ်ချင်းတွေက ဝိုင်းမေးကြလို့ သူဖြေတာက...

'သွေးကြောနှစ်ချောင်းမှာ Stantထည့်ရတဲ့အတွက် သိန်း(၁၂၀)လောက် ကုန်ပါတယ်။ အာရှတော်ဝင်ဆေးရုံမှာပါ။ ဘန်ကောက်မှာလုပ်ရင် (၂၀၀)လောက် ကုန်မယ်။ Stantကို လက်ခံသွေးကြောကနေ ထည့်တာ။ ထုံဆေးလေးထိုးလို့ ပျှက်ဆိတ်ကိုက်တာလောက် နာတာကလွဲလို့ ဘာဝေဒနာမှ မခံစားရပါဘူး'

လို့ပြောပြီး Ipadနဲ့ရိုက်ထားတဲ့ Stantကို ပြပါတယ်။

ကျွန်တော်တို့ မြင်တာကတော့ ပန်းသီးကို စွပ်ထားတဲ့ ဖော့ပြားအိတ် (ပိုက်ကွန်လို အကွက်နဲ့)လေးလိုမျိုး ရှည်မျောမျော အချောင်းလေးပါပဲ။

'ကဲ...စာရှုသူ မိတ်ဆွေများခင်ဗျား ဒီအတွေ့အကြုံအရ ကျွန်တော့် ကောက်ချက်ကတော့ ကျန်းမာရေး (ဝါ)နှလုံးအတွက် ဆေးကောင်းတစ်လက်ကတော့ **လမ်းလျှောက်ခြင်းပါပဲ။** ဘုရားရှင်ကလဲ လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူး (၅)မျိုးကို ဟောခဲ့ပြီးသားပါလေ။

ဩော်...မေ့တော့မလို့ ပြောစရာ ကျန်သေးတယ်ဗျ။ **လမ်းလျှောက်တဲ့အခါ မနှေးမမြန်လျှောက်ပါ။** နှေးနှေးကွေးကွေးသော်လည်းကောင်း၊ အပြေးတစ်ပိုင်းသော်လည်းကောင်း မလျှောက်ပါနဲ့။ မိနစ်(၃၀)လျှောက်ပါ။ Smart Watchကတော့ မြန်မာနိုင်ငံမှာလဲ ဝယ်လို့ရနေပါပြီ။ လေး,ငါးသောင်းတန်ကနေ တစ်သိန်းကျော်အထိ အမျိုးမျိုး ရှိပါသတဲ့။

ရဲတင့်ရဲ့စကားအဆုံးမှာ ဆီးချိုရှိနေတဲ့ သူငယ်ချင်းတစ်ဦးကလဲ "**လမ်းလျှောက်ရင် ဆီးချိုကျတာ အမှန်ပဲ**" လို့ သူ့ကိုယ်တွေ့ကို ထောက်ခံပါတယ်။

"**ဆေးလိပ်မသောက်၊ လမ်းလျှောက်ကြပါစို့**"လားဗျာ...

**[သူငယ်ချင်း ရဲတင့်ကို ကျေးဇူးတင်စွာဖြင့်...]**

***ရှင်လန်းချမ်းမြေ့ပါစေ***

| |
|---|
| **မောင်အေးကြူ(*စီးပွားရေး*)** |



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ



✣ ကြွက်နှစ်ဖွား



ငွေကြေးလာဘ်လာဘ ရှင်လန်းသော ကာလဖြစ်သည်။ မထင်မှတ်သော နေရာများမှ ငွေကြေးများ တို့တို့တိတိ ဝင်နေတတ်သည်။

ယာဉ်ရထား ပြုပြင်မွမ်းမံရမည်။ ကြာရှည်ခံ စားဖွယ် စည်သွတ်ကုန်ပစ္စည်းများနှင့် အကျိုးပေးမည်။ နေအိမ်တွင် ခြ၊ ပုရွက်၊ ကြွက်၊ ပိုးမွှား အဖျက်အဆီးများ လျော့ပါးသွားမည်။

✣ နွားနှစ်ဖွား



သုတေသနလုပ်ငန်းများ အောင်မြင်မည်။ စီးပွားရေးတွင် မြေစမ်းခရမ်းပျိုးရသော လုပ်ငန်းများ အဆင်ပြေမည်။ ရုပ်သံဖမ်းစက်များ ဝင်တတ်သည်။

သစ်,ဝါး အချွန်အစများ ထိခိုက်မှုကြောင့် ဒဏ်ရာအနာတရ ဖြစ်ဖွယ်ရှိသည်။ အထည်အလိပ်နှင့် ပတ်သက်၍ အကျိုးပေးသော ကာလ ဖြစ်သည်။

✣ ကျားနှစ်ဖွား



ခန့်မှန်း တွက်ဆမှုများ လွဲချော်နေတတ်သည်။ လက်တွေ့ကျသော လုပ်ငန်းများကိုသာ အာရုံစူးစိုက် လုပ်ကိုင်သင့်သည်။

ကံစမ်းမဲနှင့် ထီဆုများပေါက်နိုင်ခြေ မရှိပါ။ အုတ်,သဲ,ကျောက် အိမ်ဆောက်ပစ္စည်းများကြောင့် ငွေကြေးအကျိုးအမြတ် ရရှိနိုင်သည်။ ခံတွင်းဆိုင်ရာဝေဒနာများ သတိပြုကာကွယ်ပါ။

✣ ယုန်နှစ်ဖွား



အိမ်,ခြံ,မြေ ဝင်ကိန်းရှိသည်။ နေအိမ်သို့ ချစ်ခင်ရင်းနှီးသော မိတ်ဆွေရင်းချာ အလည်အပတ် ရောက်ရှိနိုင်သည်။

ဓာတုဗေဒပစ္စည်း၊ တွင်းထွက်ပစ္စည်းများနှင့် အကျိုးပေးသောကာလဖြစ်သည်။ လွင်ပြင်ကျယ်ဒေသများသို့ သွားရကိန်းရှိသည်။ စားကောင်းသောက်ဖွယ်များ သုံးဆောင်ရဖွယ်ရှိသည်။

✣ နဂါးနှစ်ဖွား



သင်ယူမှတ်သားထားသော တတ်သိပညာများကြောင့် ငွေကြေးဝင်နိုင်သည်။ ပတ်ဝန်းကျင်မှ အံ့ထင်ကြီးလေးစားမှု ခံရတတ်သည်။

စိတ်ရွှင်လန်းဖွယ် မြင်ကွင်းအဖြစ်အပျက်များ ကြုံတွေ့ရမည်။ အခြွေအရံ တပည့်တပန်း ရရှိမည်။

သစ်,ဝါး,ကြိမ်ထည် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးရှိသော ကာလဖြစ်သည်။

✣ မြွေနှစ်ဖွား



ယာဉ်မတော်မဆ ဖြစ်မှုဘေး သတိထားပါ။ ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင် ဆောင်ရွက်ပါ။ လူယုံ၊ ကိုယ်စားလှယ် ဒုက္ခပေးခြင်း ခံရတတ်သည်။

ဖန်ထည်,မှန်ထည် ပစ္စည်းများ အကျိုးပေးသောကာလဖြစ်သည်။ နှလုံးနှင့် အူသိမ်ဆိုင်ရာ ရောဂါဝေဒနာများ သတိပြုကာကွယ်ပါ။

✣ မြင်းနှစ်ဖွား



အခက်အခဲ၊ ပြဿနာကလေးများ ပြေလည်သွားမည်။ ဇာတိရပ်မြေသို့ အလည်အပတ် သွားရတတ်သည်။ စားဖိုဆောင်သုံးပစ္စည်းများ ဝင်နိုင်သည်။

စွမ်းအင်,လောင်စာတို့နှင့် လျှပ်စစ်ပစ္စည်းများကြောင့် ငွေကြေး အမြတ်အစွန်းရှိမည့် စွန့်စားရသော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရကိန်းရှိသည်။

✣ ဆိတ်နှစ်ဖွား



ပြောစကား၊ ဆိုစကား အောင်မြင်၍ ဩဇာညောင်းသော ကာလ ဖြစ်သည်။ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အမှုကိစ္စများအတွက် အားကိုးတကြီး အကူအညီတောင်းခြင်း ခံရတတ်သည်။

သစ်တောထွက်ပစ္စည်းများ အကျိုးပေးမည်။ အဝတ်တန်ဆာများ ရကိန်းရှိသည်။

✣ မျောက်နှစ်ဖွား



လုပ်ငန်းဆောင်တာများ ခက်ခဲ ကြန့်ကြာနေတတ်သည်။ စိတ်ပျံ့လွင့်၍ မရေမရာ တွေဝေငေးမောနေခြင်းကို ဆင်ခြင်ပါ။

လောင်းကစား ကံစမ်းမဲတို့နှင့် ပတ်သက်၍ ငွေကြေးဆုံးရှုံးရကိန်းရှိသည်။ အမျိုးသားဇာတာရှင်တို့မှာ ဇနီးမယားရကိန်း ရှိလေသည်။

✣ ကြက်နှစ်ဖွား

ရာထူး တိုးတက်နိုင်သည်။ လုပ်ငန်းစီးပွား အောင်မြင်ဖြစ်ထွန်း... ယာဉ်ရထား ဝင်နိုင်သည်။

ကြေး,သံ,သွပ် သတ္တုပစ္စည်းများ အ... ပေး ထက်သန်သောကာလ ဖြစ်သည်...

ဖခင်၏ ဆွေမျိုးသားချင်းများအ... သုမင်္ဂလာ သာရေးကိစ္စများ ပေါ်ပေါ... လူအား ငွေအားဖြင့် ကူညီပေးရဖွယ်ရှိ...

✣ ခွေးနှစ်ဖွား

မရောက်ဘူးသော နေရာဒေသများသို့ ရောက်ရှိ၍ ဗဟုသုတ တိုးပွားလိမ့်မည်။ ပညာ... ပွဲလယ်တင့်သောကာလ ဖြစ်သည်။

တတ်သိပညာတို့ဖြင့် သူတစ်... ကူညီပေးရလိမ့်မည်။ သစ်,ဝါး... သစ်တောထွက်ပစ္စည်းများ အကျိုးပေး... အိမ်ထောင်ပရိဘောဂများ ဝင်နိုင်သည်...

✣ ဝက်နှစ်ဖွား

ငွေကြေး အမြောက်အမြား ဝင်ကိန်းရှိသည်။ ထီဆုကြီးများလည်း ဆွတ်ခူးရရှိနိုင်သည်။

လာဘ်လာဘ ရွှင်လန်းသောကာ... သည်။ နေအိမ်၌ အလှူအတန်း... ရွှင်ပွဲများ ကျင်းပရဖွယ်ရှိသည်။ ထို့ခ... စသည့် ဦးခေါင်းပိုင်း အဆင်တ... လက်ဆောင်ရမည်။

ဤလတွင် ကံဇာတာ နိမ့်ပါးနေ... သည် တနင်္ဂနွေနေ့တွင် ဖခင်အရွယ်... သားတစ်ဦးအား ဆန်ဖြင့် ပြုလုပ်ထား... စားဖွယ်တစ်ခုခု လှူဒါန်းပေးပါ။ အဆ... ဒုက္ခများ လျော့ပါးသွားပါလိမ့်မည်။

*ကြံဆောင်သမျှ အောင်မြင်ကြပါစေ...*

ရှုချင်းဖိ



www.burmeseclassic.com

www.burmeseclassic.com





ဂန္ဓာရီရသေ့ကြီး၏ လျှို့ဝှက်သော

သဗ္ဗညာ

# ခံပင်နှက်အကားတိုးဆေး

စာရေးသူနှင့် ဦးဘချော်တို့သည် ဒေးစွန်းပါတောင်တော်သို့ ဘုရားဖူး ...င့် စာရေးသူ၏ မိတ်ဆွေ ဂန္ဓာရီ ...ကြီး ဦးဒီပါထံ သွားရောက်ဂါရဝ ... နှစ်တန်သော ရည်ရွယ်ချက်ဖြင့် ...တ်ခဲ့ကြပါသည်။

...ဦးအစ ကာလရာသီဖြစ်၍ ရာသီ ... ကြည်လင်လျက် ဒေးစွန်းပါ ...တောင်တော်မှာ လှပသာယာနေပါ ...သည်။

...နေ့ခေတ်တွင် ရှေးကကဲ့သို့ ...တဲ တောတောင်တွင်း၌ ဝါးရုံ ...များ သစ်တောချုံနွယ်များ ပါးကျဲ ...သောကြောင့် စိမ့်ရေစမ်းများ ...ခြင်း မရှိကြတော့ပါ။ ခြောက် ...နေပါသည်။

...ပါသော်လည်း မြို့ပြ၌ နေထိုင် ...နှန်းကျပ်သော လူသူ အဆောက် ...များ မော်တော်ကား၊ မော်တော် ...ယ်နှင့် အခါမလပ် ဆူညံစွာ ...သော ကာရာအိုကေ အသံချဲ့ ...များ၏ ဘေးရန်မှ ကင်းဝေးသွားရ သောကြောင့် ဒေးစွန်းပါတောင်တော် သည် ငြိမ်းချမ်းမှု ဇေရိယာလေးဟု ဆိုနိုင်ပါသေးတော့သည်။

သာသနိက အဆောက်အအုံများ၊ အဝါရောင်သင်္ကန်းတော်နှင့် သင်္ကန်း ကပ္ပိယ် သပိတ်လွယ်လျက် ဆွမ်းခံကြ နေကြသည့် ရဟန်းတော်များကိုလည်း ဖူးမြင်ရသည်။

တောကြီး တောင်ကြီးထဲတွင် ဇရပ် တန်ဆောင်းတို့နှင့် ဘုန်းတော်ကြီး ကျောင်းများကို တွေ့ရ၍ သာသနာ ပွင့်လန်းရာဒေသဟု ဆိုရမည်။

တောတောင်၏ တိတ်ဆိတ်ငြိမ်းချမ်း မှုကို လိုလားတောင့်တတော်မူကြ သော ရသေ့ရဟန်း၊ ယောဂီသူတော် စင်တို့ မွေ့လျော်ရာဒေသ ဖြစ်သော ကြောင့် စာရေးသူတို့ နှစ်ဦးသားကို အငြိမ်းဓာတ်ကြီးက ကူးစက်သွားခဲ့ပါ တော့သည်။

စာရေးသူတို့ နှစ်ယောက်သည် ဒေးစွန်းပါတောင်တော်ရှိ သပ္ပါယ်လှစွာ သော နာမည်ကျော် ဒေးစွန်းပါစေတီ တော်ကြီးကို ဦးစွာ ဖူးမြော်၍ ရွှေသင်္ကန်း ကပ်လှူရန် နဝကမ္မဝတ္ထုငွေများ ထည့် ဝင်လှူဒါန်းပြီး ရသေ့ကြီးဦးဒီပ၏ ကျောင်းသခ်မ်းကလေးဆီသို့ သွားခဲ့ကြ သည်။

နံနက်ခင်း (၉)နာရီကျော်လောက် တွင် ကျောင်းရှေ့ ကွဲတည်းပင်ကြီး အောက်ရှိ ကွပ်ပျစ်ပေါ်၌ အခန့်သား ထိုင်နေသော ရသေ့ကြီးကို ဖူးတွေ့ကြ ရ၍ ဝမ်းမြောက်ကြရသည်။

ရသေ့ကြီးက ကျွန်ုပ်တို့နှစ်ယောက် ကို ပြုံးရွှင်စွာ နှုတ်ဆက်ပြီး အသင့် ရှိနေဟန်တူသော ဆိတ်နို့ ဇုက်ပျော နိုင်ကြီးကို ကျောင်းပေါ်မှ ယူကာ ညှော်ခံကျွေးမွေးရပါတော့သည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း ရသေ့ ကြီးကို လှူဒါန်းရန် ယူလာသော ပန်းသီး၊ သစ်တော်သီးနှင့် မုန့်ထုပ်များ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို ဆက်ကပ်ခဲ့ပါသည်။

ထွေရာလေးပါး ကျန်းမာချမ်းသာ ကြောင်း စကားများပြောဆိုပြီးသော် ရသေ့ကြီးဦးဒီပက...

'ကျောင်းဆရာမှာ ဘာကိစ္စထူးများ ပါလာသေးလဲဗျ'





www.burmeseclassic.com

www.burmeseclassic.com

ဟု လိုရင်းကို မေးပါတော့သည်။

စာရေးသူသည် အလုပ်များသူဖြစ်၍ အကြောင်းရှိ၍သာ လာကြောင်း ရသေ့ကြီးက ပညာရှိပီပီ ကြိုတင်ခန့်မှန်းထားနိုင်ခဲ့သည်။ စကားလမ်းကြောင်း ဖွင့်ပေးလိုက်ပြီဖြစ်၍ လာရင်းကိစ္စကို စာရေးသူက ပြောပြခဲ့ပါသည်။

'ဒီလိုပါ ဦးရသေ့ကြီးရယ်... ကျွန်တော့်ရဲ့ မိတ်ဆွေကြီး ဦးဘချောရဲ့ ဆံပင်တွေဟာ အရွယ်မတိုင်မီ လိုတာထက်ပိုဖြူပြီး ကျန်းမာရေးလဲ ညံ့တာကြောင့် ဦးရသေ့ကြီးဆီကို ခေါ်လာခဲ့ရတာပါခင်ဗျာ'

'ဪ...ဒါလား၊ ဒီကိစ္စက မခက်ခဲပါဘူးဗျာ လွယ်ပါတယ်'

ဟု ပြောဆိုရင်း တစ်ခေါင်းလုံးဖြူနေသော ဆံပင်များနှင့် အနည်းငယ် ပိန်လှီနေသော ဦးဘချောကို လှမ်းကြည့်ပြီး အကဲခတ်လိုက်ပါသည်။

ဦးဘချောသည် စာရေးသူနှင့် ရင်းနှီးသော ရုံးအုပ်ကြီးတစ်ဦး ဖြစ်ပါသည်။ အသက်(၅၀)အရွယ်တွင် ဆံပင်များဖြူလာပြီး ကျန်းမာရေးလည်း ညံ့လာသောကြောင့် စာရေးသူက ရသေ့ကြီးထံ အကြံဉာဏ်တောင်းခံရန် ရည်ရွယ်ချက်ဖြင့် ခေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

'ဒီလိုဗျ... ဆံပင်နက်ဆေးတွေက မြန်မာ့ဆေးကျမ်းတွေမှာ အများကြီးပဲ ရှိတယ်ဗျ။ သူ့ဟာနဲ့သူ စွမ်းကြတာပါပဲ။ နာမည်ကြီးတဲ့ အရွက်မဟုတ်တဲ့ ဆေးမြင်းခွာကို ပျားရည်၊ ငရုတ်ကောင်းနဲ့ အချိုးအဆ ညီမျှစွာ စားရင်လဲ ဆံပင်နက်တယ်။

ကြိတ်မှန်ပင် ကြိတ်မှန်ရွက်ကလဲ ဆံပင်ကို နက်စေတယ်၊ ထောလပတ်ရွက်ကလဲ ဆံပင်နက်စေတယ် စသည်ဖြင့်ပေါ့ဗျာ... ဆံပင်နက်စေတဲ့ နည်းတွေ အများကြီးပါပဲ။

ကျုပ် သိထားတဲ့ နည်းကတော့



ခပ်ဆန်းဆန်းဗျ။ ကျုပ်က ဂန္ဓာရီခရီးသည်ဆိုတော့ **ယောနယ်ဘက်ကို ရောက်တုန်း ယောမယ်တော်ကြီး** ပြောပြခဲ့တဲ့ နည်းကို သိထားခဲ့တာပဲဗျ'

ဦးဒီပသည် သူ၏ ဆံပင်နက်ဆေး အကြောင်း မပြောမီ စိတ်ဝင်စားဖွယ် သူ၏ ဆေးနည်း၏ နောက်ခံသမိုင်းကို ရှင်းပြခဲ့ပါသည်။

စာရေးသူနှင့် မိတ်ဆွေ ဦးဘချောတို့လည်း ဦးရသေ့ကြီး ပြောမည့်ဆေးကို များစွာ စိတ်ဝင်စားသောကြောင့် အာရုံစိုက်၍ နားထောင်နေခဲ့ပါသည်။

'လူတွေက တော်တော်တော့ ခက်တယ်ဗျ။ စားကောင်းတဲ့ မှိုပင်တွေကို တွေ့နေပေမယ့် မှိုဆိုတာ တောက်တတ်တယ်၊ အဆိပ်သင့်တတ်တယ် ဆိုတာနဲ့ပဲ ကြောက်လန့်ပြီး အလွန်အရသာရှိတဲ့ ပြဒါးဓာတ်တွေ အပြည့်အဝကိန်းနေတဲ့ မှိုကို မစားသုံးဘဲ နေကြရတာမျိုးပေါ့ဗျာ။

ကျုပ် ပြောပြမယ့်ဆေးက ကျေးလက်တောရွာတွေမှာ နေရာတိုင်းလိုလို ရနိုင်တယ်ဗျ။ ခက်တာက မသိလို့ မသုံးတတ်ကြပဲ။ ဝါးပင်ကို လူတိုင်းသိတယ်။ မြန်မာနိုင်ငံဟာ ဝါးပင် အလွန်ပေါတာကလား။ အဲဒီဝါးပင်တွေမှာ ဝါးပိုးကောင်တွေ နေတတ်တယ်ဗျ။

အဲဒီဝါးပိုးကောင်ဟာ ဦးဘချော... ဆံပင်ကို နက်စေပြီး၊ ပိန်လှီအားနည်... နေတာကို ပြန်လည် ဝဖြိုးစေနိုင်တ... ဗျ။ မသိတော့ အဖိုးတန် အမှိုက်ဖြစ်... တာမျိုး ဖြစ်နေကြတာလေ။

ဒီဆေးနည်းဟာ ရှေးခေ... ရှင်ဘုရင်တွေ မင်းစဉ်မင်းဆက် ... သုံးဆောင်ခဲ့တဲ့ ဆေးနည်း... ယောနယ်က မိတ်ဆွေတွေက ... တာဗျ။ ယောမယ်တော်ကြီး ... နည်းလို့ ဆိုတယ်ဗျ'

'ဟုတ်ကဲ့ပါ ဦးရသေ့ရယ်... ... ကောင်ကိုတော့ ရပါပြီ။ သုံးပုံကို... ရှင်းပြပါဦး'

'အေးလေ... ရှင်းပြရမှာပေါ့၊ ... မဆုံးသေးဘူးလေ။ ဒီလိုဗျ ရသ... ဝါးပိုးကောင်လေးတွေကို စုဆောင်း... အဆစ်ပါတဲ့ ဝါးဘူးထဲမှာ ထည့်... အဲဒီ ထည့်ထားတဲ့ ဝါးပိုးကောင် မြုပ်... ပျားရည်ကို လောင်းထည့်ရတယ်၊ ပျား... ဆိုတာက စစ်မှန်ဖို့ လိုတယ်၊ ... ပျားရည်မဟုတ်တဲ့ ပျားရည်တုနဲ့ မိ... အကျိုးမများဘဲ အဆိုးတရားနဲ့ ... တတ်တယ်၊ ဒါကိုတော့ သတိပြုရ... ပျားရည်ထည့်ပြီးရင် ဝါးဆစ်ဘူးကို ... အောင်ပိတ်ပေါ့၊ ပလတ်စတစ်နဲ့လုံ... ပိတ်ပြီး ကြိုးစည်းထားရင် ရပါတယ်၊ ... တော့ အဲဒီ ဝါးဆစ်ဘူးကို မြေကြီး... (၁)လတိတိ မြှုပ်ပြီးမှ ပြန်ဖော်ရမယ်၊ ... ကိုက်အောင် (၄၅)ရက်မြှုပ်ရင် ပို... တယ်၊

ဝါးဆစ်ဘူးထဲက ဝါးပိုးကောင်လေး... ပျားရည်ထဲမှာ ပျော်ဝင်သွားပြီး ပျား... သမသွားတာပေါ့၊ အဲဒီမြှုပ်ထားတဲ့ ... ဘူးကိုပြန်ဖော်ပြီး နေ့စဉ် ပုံမှန် ... လက်ဖက်စားဇွန်းနဲ့ တစ်ဇွန်းမှိ... နောက်ပိုင်းကိုတော့ ပိတ်ထား... ဆက်လက် ရှား...ပေတော့ဆိုတာ...



www.burmeseclassic.com

www.burmeseclassic.com

# ရခိုင်မိုးတားနည်း

အစီအရင်

ရွှေခိုင်ကျော် (မြောက်ဦး)





စာရေးသူတို့ ကိုးကွယ်ယုံကြည်သော ဗုဒ္ဓဘာသာတွင် သားများကို ရှင်ပြုမင်္ဂလာအခမ်းအနား ပြုလုပ်ခြင်း၊ ဘုရားများတွင် ပွဲတော်များ ကျင်းပခြင်းများကို ပြုလုပ်ကြသောဓလေ့ ရှိသည်။

ထိုမင်္ဂလာပွဲလမ်းများမှာ ရံဖန်ရံခါ မိုးရက်နှင့်နီးနေသဖြင့် မိုးရွာသွန်း၍ ပွဲတော်များမှာ စည်ကားမှုမရှိချေ။

ရှင်ပြုပွဲတော်ဆိုလျှင် အသွားအလာ ပိတ်ပြီး စည်သင့်သလောက် စည်ကား မှုမရှိဘဲ ပရိသတ်တို့ လာရောက်မှု နည်းသွားတတ်သည်။

ဤကဲ့သို့ အလှူမင်္ဂလာပွဲများ ဆုတ်ဆုတ်ပျက်စီးရခြင်းမှာ မာရ်နတ်နှောင့် ယှက်သော အယူအဆရှိခဲ့သည်။ မာရ်နတ်မှာ ဘုရားအားဆန့်ကျင်နေသော နတ်ဖြစ်သည်။

ထိုမာရ်နတ်ကိုနိုင်သော ပုဂ္ဂိုလ်မှာ အရှင်ဥပဂုတ္တမထေရ် ဖြစ်သည်။ ထိုအရှင်မှာ ယခုတိုင် အသက်ရှင်လျက် တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်ဖြင့် နေထိုင်သီတင်းသုံးလျက် ရှိသည်ဟု အများက ယုံကြည်ကြသည်။

ထို့ကြောင့် ဗုဒ္ဓမင်္ဂလာပွဲများတွင် မာရ်နတ် လာရောက်အနှောင့်အယှက် ပျက်ဆီးနိုင်ရန် တားမြစ်ဖို့လိုနေသည်။ အရှင်ဥပဂုတ္တမထေရ်မှာ မာရ်နတ်ကို နှိမ်နင်းသော ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟု ယုံကြည်ကြသည်။

ပွဲတော်ရက်များအတွင်း အရှင်ဥပဂုတ္တရောက်ရှိပြီး စောင့်ရှောက်လျှင် မာရ်နတ် မလာရောက်နိုင်၍ ပွဲတော်မှာ ပျက်နိုင်ခြေမရှိဟု ယုံကြည်ကြသည်။ ထို့ကြောင့် ပွဲတော်ရက်များအတွင်း အရှင်ဥပဂုတ္တကို ပင့်ထားရန် လိုအပ်ပေသည်။

စာရေးသူနေထိုင်သော ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ သျှစ်သောင်းဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့မှ လပြည့်ကျော် (၄)ရက်နေ့ထိ ကျင်းပလေ့ရှိသည်။

ကဆုန်လဆိုလျှင် သင်္ကြန်လွန်၍ ဟိုဘက်လနှင့်နီးနေပြီး နှစ်တိုင်း ရှင်ဥပဂုတ္တကို ပင့်ထားရသည်။ မိုးကို တားရသည်။

တစ်ခါသော် ပွဲတော်အလယ်ရက်တွင် မိုးများစွာရွာ၍ ပွဲပျက်လုလုဖြစ်ခဲ့ရသည်။ တစ်ခါမျှ ဤကဲ့သို့ မဖြစ်ဘူး၍ စုံစမ်းကြည့်ရာ အရှင်ဥပဂုတ္တကို ပင့်သူမှာ နံနက်ထမင်းစားသောအခါ ထမင်းဆိုင်၌ အရက်သောက်၍ သီလပျက်သဖြင့် ဖြစ်ကြောင်းကို သိရှိရသည်။

ထို့ကြောင့် ရှင်ဥပဂုတ္တကို ပင့်သူမှာ ငါးပါးသီလကို ပွဲတော်ရက်များအတွင်း လုံခြုံအောင် ထိန်းသိမ်းရန် အထူးလိုအပ်ပေသည်။

## ရှင်ဥပဂုတ္တမထေရ်ကို ပင့်ရန်အစီအစဉ်

ရှေးဦးစွာ ပွဲတော်ကျင်းပသောနေရာနှင့် အနီးဆုံးရေဆိပ်သို့သွားပါ။ ယင်းဆိပ်အနီး၌ အိမ်သာများမရှိရန် လိုအပ်သည်။ ယင်းရေဆိပ်တွင် ရေ လေးပေ (၄')ခန့်ရှိသောနေရာ၌ ဝါးလုံးလေးလုံးဖြင့် ကျောင်းငယ်ဆောက်ပါ။

အမိုးကို တောင်စဉ်ဖက်မိုးပါ။ (ငှက်ပျော်ဖက်မိုးလည်း ရပါသည်။) ဝါးကျောင်းအတွင်း၌ ရှင်ဥပဂုတ္တပုံတော်ကို ပူဇော်လေ့ရှိသည်။

ထိုရုပ်တုတော်ရှေ့၌ မြေကွက်တွင် ဒီဇယ်ဆီဖြည့်ပြီး ချည်အသစ်ကို ကျစ်ထားသောမီးစာ သွင်းထားပါ။

ထို့နောက် ရှင်ဥပဂုတ္တကို ပူဇော်သူမှာ အဝတ်အဖြူဝတ်ပြီး ရှင်ဥပဂုတ္တကျောင်းရှေ့ ရေထဲတွင်ရပ်ပြီး **(ရေကျချိန်တွင် ရေမှာ တစ်ပေခန့်ပဲ ရှိမည်)** ငါးပါးသီလခံယူပါ။ ဆီမီးကို ထွန်းညှိပါ။ ယင်းဆီးမီးခွက်အနီး၌ သာသနာပွဲကို တင်ထားရပါမည်။

သီလခံယူပြီးနောက် ရှင်ဥပဂုတ္တကို အောက်ပါအတိုင်းဆို၍ သုံးကြိမ်ပူဇော်ရပါမည်။ ဤကဲ့သို့ ပွဲတော်ပြီးသည့်တိုင်အောင် နေ့တိုင်း ပူဇော်ရပါမည်။

www.burmeseclassic.com

ပွဲတော်ရက်အတွင်း ဆီမီးလုံးဝ မငြိမ်းစေရပါ။ ပွဲတော်ပြီးဆုံးသည်နှင့် မီးကို ငြိမ်းသတ်ရပါမည်။

**ရှင်ဥပဂုတ္တာရှိခိုး**

ဒိနေဒိနေ နမာမဟံ၊
ဥပဂုတ္တ မဟာထေရံ၊
မာရဗန္ဓ နာဘိတေဇံ၊
သောနေ့ာဌာနံ အာဂစ္ဆတု၊
အန္တရာယေ ဝိဓမိတွာန၊
သုခံဒေတု ပုနပ္ပုနံ၊

ခက်ခဲသော ပါဠိအသံထွက်

**ဥပဂုတ္တ** =ဥပဂုတ်တ
**မာရဗန္ဓနာ** =မာရဗန်ဓနာ
**အာဂစ္ဆတု** =အာဂစ်ဆတု
**အန္တရာယေ** =အန်တရာယေ
**ဝိဓမိတွာန** =ဝိဒမိတ်တွာန
**ပုနပ္ပုနံ** =ပုနတ်ပုနံ

အနက်အဓိပ္ပါယ်

**မာရဗန္ဓနာဘိတေဇံ**– မာရ်နတ်သားကို နှောင်ဖွဲ့ခြင်းငှာ စွမ်းနိုင်သည့် တန်ခိုးရှိတော်မူသော၊ **ဥပဂုတ္တမဟာထေရံ**– အရှင်ဥပဂုတ္တမထေရ်ကို၊ **အဟံ**–တပည့်တော်သည်၊ **နမာမိ**–ရှိခိုးပူဇော်ပါ၏။

**သော**–ထိုအရှင်မြတ်သည် နောတပည့်တော်တို့၏၊ **ဌာနံ**–နေရာအရပ်သို့၊ **အာဂစ္ဆတု** – ကြွလာတော်မူစေသတည်း။

**အန္တရာယေ** – ဘေးဥပါဒ်အန္တရာယ်အပေါင်းတို့ကို၊ **ဝိဓမိတွာန**– ပယ်ဖျောက်တော်မူ၍၊ **ဒိနေဒိနေ**– နေ့တိုင်းနေ့တိုင်း၊ **ပုနပ္ပုနံ**–အဖန်တလဲလဲ သုခံချမ်းသာကို၊ **ဒေတု**– ပေးတော်မူပါ အရှင်ဘုရား။

ဟု ရွတ်ဆိုရပါမည်။

ထို့နောက် ကမ်းသို့ တက်လာပြီးလျှင် မည်သည့်နေရာမှ မည်သည့်နေရာအတွင်းဟု နယ်သတ်မှတ်ပြီးလျှင် ကောင်းကင်သို့မော့ကြည့်၍...

'ဥုက္ကတိပိသော အန္တရာကာယေ အဓိဋ္ဌာမိ'

ဟု ခုနစ်ခေါက် ရွတ်ဆိုရပါမည်။

ဤနည်းကို အသုံးပြု၍ ရှေးအခါက ပွဲတိုင်းအောင်မြင်ခဲ့ကြောင်းကို စာပေတွင် ဖတ်ဖူးပါသည်။

ရှေးအခါက စလင်းမြို့တွင် ဆရာကြီးဦးစံလှဆိုသူကပင် ဤနည်းလမ်းအတိုင်း ဘုရားပွဲများတွင် ဆောင်ရွက်ခဲ့၍ ထင်ရှားကျော်စောခဲ့သည်။

တစ်ခါသော် မင်းတုန်းဘုရင်ကြီးသည် ဦးစံလှအားဆင့်ခေါ်၍ ယင်း၏ ဗုဒ္ဓပူဇနီယ ပွဲတော်ရက်များအတွင်း ရှင်ဥပဂုတ္တမထေရ်မြတ်ကို ပင့်ဆောင်စေသည်။ အောင်မြင်မှုရှိသဖြင့် ဆုတော်ငွေများ သနားဖူးကြောင်း ဖတ်ဖူးပါသည်။

မကြာသေးမီက မန္တလေးမြို့တွင် သူဌေးတစ်ဦး အလှူပေးမည့် အခမ်းအနား ပြုလုပ်မည့်ရက်အတွင်း မိုးရိပ်များတက်လာပြီး မိုးရွာရန် အုံ့မှိုင်းနေသဖြင့် ဤနည်းကိုသုံးပြီး ဘုန်းတော်ကြီးကတပည့်ဖြစ်သူအား စီစဉ်စေသဖြင့် မိုးလုံးဝမရွာဘဲ ပွဲမှာ စည်ကားစွာပြီးဆုံးသွားခဲ့ကြောင်း သိရှိရပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့သည် ဗုဒ္ဓပွဲတော်များ၌ မိုးရွာသွန်းမှု အနှောင့်အယှက် မရှိစေရန် ကာကွယ်သည့်အနေဖြင့် ယခုဖော်ပြသောအစီအရင်ကို အသုံးပြုပါရန် စေတနာကောင်းဖြင့် တင်ပြရေးသားလိုက်ရပေသည်။

**ရွှေခိုင်ကျော် (မြောက်ဦး)**

ကျမ်းကိုး

၁။ ရခိုင်ဟားမဲ့ဆရာတော် စီရင်ခဲ့သော မဟာသိဒ္ဓိကျမ်း။

**စာမျက်နှာ (၁၅၄)မှ အဆက်**

သိပ်သွန်းနေရင် ရသေ့လေပေါကြီး ...
သွားမယ်၊ ဟဲ...ဟဲ...'

ဦးရသေ့ကြီးသည် ဆေးနည်း... ပြောပြီးသော် စာရေးသူတို့လည်း... အသင့်ယူလာသော ထမင်းချိုင့်ကြီး... ထုတ်ပြီး ဦးစွာရသေ့ကြီးကို ကပ်လှူ... ကြပါသည်။

ပြီးမှ မြိန်ရှက်စွာ သုံးဆောင်ကြ... ဦးရသေ့အား ရိုသေစွာ ကန်တော့... နှုတ်ဆက်ပြီး ပြန်လာခဲ့ပါတော့သည်။

* * *

ဦးဘချော့သည် ရသေ့ကြီးပြော... သည့်အတိုင်း မှိုဝဲသုံးဆောင်ခဲ့... (၆)လခန့်အကြာ၌ အသားအရေ... စိုပြည်ဝင်းဝါကာ ဖြူနေသော ခေါင်း... ဆံပင်များသည် တဖြည်းဖြည်း... ညိုရောင်သန်းလျက်တစ်စတစ်စပြန်နက်... လာသည်ကို တွေ့ကြရလေသည်။

ဦးရသေ့ကြီး ပြောသည့်အတိုင်း... လျှို့ဝှက်သော ဆံပင်နက်အားတိုး... ဆေးသည် အလွန်အစွမ်းထက်... သည်ကို တွေ့ကြရပါသည်။

ထိုဆေးကို အမျိုးသမီးများပါ မှိုဝဲ... သုံးဆောင်ခြင်းဖြင့် တစ်သားမွေး... တစ်သွေးလှ ဆိုကဲ့သို့ အလှတိုးကာ... ဆံပင်ဖြူခြင်းဘေးမှ ကင်းဝေးစေနိုင်... ကြောင်းလည်း သိရပါသည်။

ဘေးထွက်ဆိုးကျိုး မရှိဘဲ သဘာဝ... ကျသော ဆေးတစ်လက် ဖြစ်ပါသော... ကြောင့် စိတ်ဝင်စားသူတို့ လိုအပ်ပါက... သုံးဆောင်မှီဝဲနိုင်ကြစေရန် မေတ္တာ... ရှေးရှု တင်ပြပေးလိုက်ပါသည်။

**မေတ္တာရှည်လျက်...**

**သမ္မုဒ္ဒ**

**စာကိုး** ။ ။ သစ္စာဇော်၏ ဝိဇ္ဇာသရ... မှတ်တမ်း။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ သွပ်(Zinc) ဓာတ်ချို့တဲ့ ...နည်းနေပြီဆိုလျှင် သွပ်(Zinc) ၆၀ ...ဝရန်ပါသည့်ဆေးကို ...က်/ည မှီဝဲပေးပါ။ ...မဟုတ်) ပညာရှင်နှင့် ...သင်၍ ကုသမှုကို ခံယူပါ။

...သနေ့ ဆေးသိပ္ပံပညာ ကုသရေး ...ယ်မှာ သွပ်(Zinc)ဓာတ်ကို ...သဖြင့်...

- ...ဓာတ်အားနည်းပြီး မျိုးဗီဇဖြစ်ထွန်းမှု ...နည်းသူများ။
- ...သေ၊ ပန်းညိုးသူများနှင့်
- ...သည်းရောင် စီပိုးကူးသည့် ကုထုံးတွေ ...... သွပ်ဓာတ်ဟာ အလွန်အသုံးတည့်ပြီး ...သေဆေး သုံးစွဲနေသည့်ကာလမှာ သွပ် ...c)ဓာတ်ပါတဲ့ဆေးကိုတွဲ၍ သောက်သုံး ...ပါသည်။
- ...သည်းခြောက်ရောဂါနှင့် စိတ်ကယောက် ...ကဖြစ် သတိလစ်နေသည့်လူနာများ။ ...ကုသွနေကြသူများမှာ သွပ်(Zinc)ဓာတ် ... ဖြည့်စွက် သောက်သုံးပေးကြရပါမည်။

...သွပ်(Zinc)ဓာတ်ဟာ အထူးသဖြင့် ...ည်းရောဂါသည်တွေ အတွက် ...သုံးဝင်သည့် တွင်းထွက်သတ္တု ...တစ်မျိုးဖြစ်လို့ အသည်းခြောက် ...ရှိသည့်သူတွေဟာ (Zinc)ဓာတ် ...မှန်သုံးစွဲသင့်ပါသည်ဟု ဆေး ...ညာရှင်များက တစ်ညီတစ်ညွတ် ... အတည်ပြု သတ်မှတ်ခဲ့ပါ ...

...တစ်ဦးအတွက် သာမန်အားဖြင့် ...Zinc)တစ်နေ့တာ လိုအပ်ချက်မှာ...

| | |
|---|---|
| ...တစ်ဦးအတွက် | Zn 12mg/ |
| ...န်ဆောင်မိခင်အတွက် | Zn 16mg/ |
| ...မိခင်အတွက် | Zn 18mg/ |


...အပ်ပြီး သွပ်(Zinc)ချို့တဲ့နေ ... ရောဂါဝေဒနာရှင်များအတွက် ...0mg နံနက်/ည လိုအပ်ပါသည်။

ဦးဘညွန့်၏

# သွပ်ဒုက္ခ

အပိုင်း(၅)

ဦးမင်းစင် (ရွှေနဝင်း)



ထို့ကြောင့် အင်္ဂရတ်ဝါသနာရှင် ပညာသင် သုတေသီများ မိမိတို့ လေ့လာရှာဖွေ စမ်းသပ်၍ ရရှိခဲ့ကြသော သွပ်ပြာများကို မိမိကျန်းမာရေးအတွက် သုံးစွဲတော့မည်ဆိုလျှင်...

ဦးစွာ ပထမ...

## (၁)သွပ်ပြာ သေ၊မသေကို အရင်ခွဲခြမ်း လေ့လာစမ်းသပ်

**ဥပမာ။ ■ သွပ်ပြာသေဆိုလျှင် ကင်းပုံသီးမှည့်ကဲ့သို့ နီရဲနေအောင် အပူပေးထားသော လိုပက်ထဲသို့ သွပ်ပြာကို ထည့်ကြည့်လိုက်ပြီး မီး အနည်းငယ် ဆက်ထိုးလိုက်ပါက လုံးဝ အခိုးမီးတောက် ငြိမ်နေပြီဆိုမှ သွပ်ပြာသေ ဖြစ်ပါသည်။**

ဤသို့ သွပ်ပြာသေဖြစ်ပြီဟု သေချာသွားပြီဆိုမှ စိတ်ချစွာ သုံးစွဲရပါမည်။

## (၂)သွပ်ပြာသေကို သုံးစွဲမှီဝဲနည်း

(က)သွပ်ပြာသေကို ခန္ဓာကိုယ်ရုပ်ဓာတ် ကျန်းမာရေးအတွက် သုံးဆောင် မှီဝဲသည့်နည်းနှင့်...

(ခ) ရောဂါဘယများ ပျောက်ကင်းအောင် ကုသသောက်သုံးနည်းဟူ၍ (၂)မျိုးရှိပါသည်။

**(က)ခန္ဓာကိုယ်ရုပ်ဓာတ် ကျန်းမာရေးအတွက် သုံးဆောင်မည်ဆိုလျှင်...**

သွပ်ပြာသေ (၁)မူး(၂ ပဲသား)ကို ပျားရည်စစ်စစ် ကောင်းကောင်း (၁) ပိဿာကို အဝကျယ် ဖန်ပုလင်းတွင် ထည့်ပြီး**[ဖန်ပုလင်းတွင် ပျားရည်ကို ဆူသာပွက်သာ နေရာချန်ထားပါ။ ပုလင်းအပြည့် ပျားရည်ထည့်လိုက်ရင် အချို့သွပ်ပြာက ဝါယော၊ အာကာသ သတ္တိရှိသည့်အတွက် ပျားရည်နှင့် စပ်ခါစမှာ ပျားရည်ဆူပွက်ထလာပြီး ပုလင်းမှ လျှံကျနိုင်၍ ဖြစ်သည်။]**

သွပ်ပြာသေကို ပျားရည်ထဲသို့ထည့် ကြေးဇွန်းဖြင့် သေချာ နှံ့စပ်သွားအောင် စိတ်ရှည်ရှည်နှင့် မွှေပေးပါ။ **[သံ၊ ကြေး သတ္တုဇွန်းများ မသုံးရပါ။]**

အချို့သွပ်ပြာသည် ပျားရည်နှင့် တစ်သားတည်း ရောသွားပြီး ပျားရည် အရောင်အတိုင်း အရောင်မပြောင်းသော်လည်း အချို့ ဝါယော၊ အာကာသ သတ္တိပြင်းသော သွပ်ပြာသေဆိုလျှင် ပျားရည် ဆူပွက်လာပြီး အဖြူရောင်(သို့မဟုတ်) မီးခိုးပြာရောင်သို့ ပျားရည် အရောင်ပြောင်းသွားပြီး (၁)ပတ်၊ (၁၀)ရက်ခန့်ကြာမှ မူလပျားရည် အရောင်အသားကဲ့သို့ ရောက်သည်ကို တွေ့ရတတ်ပါသည်။

ထိုသို့ ပျားရည်ထဲ သွပ်ပြာဆေးကို နှံ့စပ်အောင် ကြေးဇွန်းနဲ့ မွှေပေးပြီးလျှင် ပျားရည်ဖန်ပုလင်းကို အဝတ်သန့် သန့်ဖြင့် အုပ်၍ သေချာစွာ စည်းနှောင်



www.burmeseclassic.com

www.burmeseclassic.com

ပြီး နေပူတွင် (၇)ရက်ခန့်ထုတ်၍ နေလှန်းပေးပါ။

(၁)ပတ်ခန့် နေလှန်းပေးပြီး တေဖော့သွင်းလိုက်လျှင် သွပ်ပြာသေ အနှစ်များ ပျားရည် ဖန်ပုလင်းအောက်ခြေသို့ လာစုပြီးနေမည်ဖြစ်သည်။

ထိုအခါ ပြာဆေးစပ်ထားသည့် ဆေးပျားရည်ပုလင်းကို လုံးဝ မမွှေနှောက်ခြင်း၊ မပြုရဘဲ နေ့စဉ် ညအိပ်ရာဝင် ပုလင်းအပေါ်ယံမှ ဆေးပျားရည်ကို လက်ဖက်စားဇွန်းဖြင့် (၁)ဇွန်း ခပ်ယူ၍ ရေကျက်အေးဖြင့် ညစဉ် ပုံမှန် သုံးဆောင် မှီဝဲသွားပါ။

ဆေးပျားရည် ပုလင်းတစ်ဝက် ကျိုးသည့်အချိန်တွင် နောက်ထပ် ပျားရည် အသစ်နဂိုအနေ ထပ်ဖြည့်ပြီး နေ(၇) ရက်ပြုပြီး ယခင်အတိုင်း သောက်သွားပါ။

ဤသို့ **သွပ်ပြာသေ (၁)မူးသားကို ပျားရည် (၃)ပိဿာ၊ (၄)ပိဿာခန့် အထိ** ယင်းအတိုင်း ထပ်ဖြည့်၍ ပွားပြီး သောက်ပါ။

ပျားရည် (၃/၄)ပိဿာကုန်သွားမှ နောက်ထပ် သွပ်ပြာသေ(၁) မူးသားနှင့် ပျားရည်အသစ်(၁)ပိဿာ ထပ်စပ်ပြီး ယခင်နည်းစနစ်အတိုင်း သုံးစွဲ သောက်သုံးသွားမည်ဆိုလျှင်...

သွပ်ပြာသေဆေး လွန်သည်ဟူ၍ မရှိတော့ဘဲ လိုအပ်သော ဆေးအာနိသင်ကို ရရှိပြီး သင့်ခန္ဓာကိုယ်အတွက် လိုအပ်သလောက်သော သွပ်ပြာကို သတ္တုထုးကို ရရှိခံစားရပြီး အကျိုးကျေးဇူးကို ရရှိနိုင်ပြီ ဖြစ်ပါသည်။

**သွပ်ပြာသေ ကောင်းကောင်း (၁)မူးသားခန့်**ဆိုလျှင် နှစ်နှင့်ချီပြီး သုံးစွဲ၍ ရပါသည်။

ဒါကြောင့် ဆေးဆရာကြီးများက **"ဆေးကောင်းလျှင် သန်းခေါင်း"** သောက်နှင့် အသုံးဝင်လှပါကြောင်း ဆိုစကားထားခဲ့ခြင်းဖြစ်ပါသည်။

**(ခ)ရောဂါဘယများအတွက် ပျောက်ကင်းအောင် ကုသ သုံးစွဲနည်း...**

သွပ်ပြာသေကို ရောဂါဘယများ ပျောက်စေရန်အတွက် အသုံးပြုမည် ဆိုလျှင်...

အသုံးပြုမည့်ရောဂါပေါ် မူတည်ပြီး ဆေးအစွယ် ရေလဲနှင့် ပြောင်းပြီး သုံးစွဲသွားရပါသည်။

ဥပမာ...

၁။ **သွေးချို ဆီးချိုရောဂါများအတွက်** သွပ်ပြာသေ ဆန်စေ့(၁) စေ့ခန့်ကို ရှောက်ရည်ဖြင့် ဖျော်၍ ရေနွေးဖြင့် တိုက်ပါ။

ရောဂါ အတက်အကျပေါ် မူတည်၍ (၄/၅) ကြိမ်ခန့် တိုက်နိုင်ပါသည်။

၂။ **လေငန်း၊ လေဖြတ်ရောဂါများအတွက်...**

သွပ်ပြာသေ ဆန်စေ့(၁)စေ့ကို ရှောက်ရည်နှင့်ဖျော်စပ်ပြီး ကွမ်းရွက်ပြုတ်ရည်နွေးနွေးဖြင့် တိုက်ပါ။

၃။ **ပန်းသေ၊ ပန်းညှိုး ရောဂါများတွင်...**

သွပ်ပြာသေ (၁/၂)ရွေးခန့်ကို စတုမဓု (၅၀)ကျပ်သားနှင့် ရောသမအောင် မွှေပြီး ညအိပ်ရာဝင် စားပွဲဇွန်း(၁)ဇွန်း ရေနွေးနှင့်တိုက်ပါ။

၄။ **အသည်းရောဂါများ၊ ကင်ဆာရောဂါများ စသည့် ရောဂါများကို...**

ပျားရည်(၅၀)ကျပ်သားတွင် သွပ်ပြာသေ (၁)မတ်သားစပ်၍ နံနက်၊ ညစားပွဲဇွန်း(၁)ဇွန်း ရေကျက်အေးဖြင့် တိုက်ပါ။ [နံပါတ်(က)မှာ ဖော်ပြခဲ့တဲ့ နည်းစနစ်အတိုင်း ဆေးစပ်ပါ။]

၅။ **အရက်ဖော ဖောနေသူ၊ အရက်ကြောင် ကြောင်နေသူများအတွက်...**

သွပ်ပြာသေ ဆေးပျားရည်စာ... ဇွန်း(၁)ဇွန်းကို ဆီးသီးပြုတ်ရည်... သကြားနှင့် စပ်၍ ဖျော်ပြီးတိုက်ပါ။

၆။ **ဦးနှောက် အာရုံကြောရော... အကြောအားနည်း ရောဂါများကို...**

သွပ်ပြာသေ ဆေးပျားရည်၊ စာ... ဇွန်း(၁)ဇွန်းကို မြင်းခွာရွက်သတ္တု... (၁)ဇွန်းနှင့် ဆီးစေ့ဆန်အမှုန့် ... စေ့ခန့် ထည့်၍ စပ်ပြီး ရေကျက်အေး... ဖြင့် တိုက်ပါ။

နိဂုံးချုပ်ရသော် ယခု စာ... တင်ပြခဲ့သည်တို့မှာ အင်္ဂရတ်... ဆေးပညာရပ်အနေဖြင့် ဓာတ်ပြ... ၏ သုံးစွဲမှုကို စနစ်တကျနှင့် ဓာတ်... သည့်အန္တရာယ် မကြုံတွေ့ရ... အောင်...

ဓာတ်သေပြာ စမ်းသပ် စိစစ်န... များဖြင့် သေချာစိစစ် စမ်းသပ်ပြီးမှ... သုံးစွဲကြပါရန် အထူးအလေး... တင်ပြထားပါသည်။

**ပြာ...ဆိုပြီးရော** အရမ်းကာ... မသုံးစွဲမိကြစေရန် စေတနာ... ဖြင့် စာရေးသူ လေ့လာသိရှိထား... မခြွင်းမချန် တင်ပြထားပါသည်။

အကယ်၍များ စာရေးသူ မသိ... သော လစ်ဟာမှုလေးများရှိခဲ့... လည်း ပညာရှင်များ သည်းခံ၍ ... ထားကာ ဝါသနာရှင် ပညာသင်... အတွက် ပညာပွားပေးကြပါ... ပန်ကြား တိုက်တွန်းလိုက်ပါသည်။

***အားလုံး ဝါသနာရှင်များ ပညာပြည့်... နှလုံးလှ၍ ကျန်းမာရွှင်လန်းကြပါ...***

**ဦးမင်းဇော်(ဇော်ဝင်း)**

www.burmeseclassic.com

www.burmeseclassic.com

### [illegible]

**စီးပွားရေး** ။ ဆန်အရောင်းအဝယ်ကောင်းမည်။ ဆေးဝါးထုတ်လုပ် ...ည်း ကောင်းမည်။ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရောနစ် ...ရောင်းဝယ်သူ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ မိမိဌာနမှ အခြားဌာနတစ်ခုသို့ ပြောင်းရွှေ့ ...ကိုင်ရခြင်း သို့မဟုတ် အဝေးခရီးတွင် သွားရောက် တာဝန် ...ဆောင်ရမည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက် ငွေကြေးကိစ္စဖြင့် ခရီးထွက်ရ ...ည်။ သားသမီးများအတွက် ငွေကုန်ကြေးကျများမည်။

**အချစ်ရေး** ။ အချစ်ရေးကတော့ မရေမရာ မသေမချာ ဖြစ်နေ ...။ ချစ်သူရှိပြီးသူများ မင်္ဂလာကိစ္စ တိုင်ပင်ရတတ်သည်။

**ပညာရေး** ။ ပညာရေးမှာ အခက်အခဲပြဿနာ တွေ့ကြုံရတတ် ...။ သို့သော် နောက်ဆုံး ကျော်ဖြတ်နိုင်မည်။

**ကျန်းမာရေး** ။ ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်တတ်၍ အချဉ်၊ အပူ ...များကို လျှော့စားပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ... ၂၉။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ မွေးနေ့ နံနက် (၉း၁၅)နာရီတွင် "ဗုဒ္ဓေါ ဘဂဝါ" ဂါထာတော်ကို (၁၀၈)လုံး ပုတီးကုံးဖြင့်(၆)ပတ်စိပ်ပေးပါ။

### [illegible]

**စီးပွားရေး** ။ ရွှေအရောင်းအဝယ်၊ ရွှေပန်းထိမ်လုပ်ငန်းများ ...ရောင်းအဝယ်ကောင်းမည်။ ရှေ့နေရှေ့ရပ်များ၊ ပွဲစားများ၊ ...ကိုယ်စားလှယ်များ အကျိုးဖြစ်မည့်ကာလဖြစ်သည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းအဆင်ပြေမည်။ ကိုယ်စားလှယ်ဆန် ...သောလုပ်ငန်းများ လုပ်ကိုင်ရမည်။

**အိမ်တွင်းရေး** ။ မိသားတစ်စု အဆင်ပြေသာယာသော ကာလ ...ဖြစ်သည်။ သားသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ...ကောင်းသောကာလဖြစ်သည်။

**အချစ်ရေး** ။ စကားကြောင့် အပြုအမူအနေအထိုင်ကြောင့် ချစ်သူ ...နှင့် အဆင်မပြေဖြစ်မည်။ ချစ်သူနှင့် ကွဲကွာရတတ်၍ အထူးသတိ ...ထား ဆင်ခြင်ပါ။

**ပညာရေး** ။ ပညာရေးကံဇာတာ တက်နေသောကာလဖြစ်သည်။ ...ကျောင်းပညာရေးသာမက သက်မွေးမှုသင်တန်းများ တက်ပါ။ ...နှစ်စွာ အောင်မြင်တတ်မြောက်မည်။

**ကျန်းမာရေး** ။ သွေးနှင့်ပတ်သက်သော ရောဂါဖြစ်တတ်၍ ...ကိုယ်ရောစိတ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ... ၂၉။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ... ၃၀။

**ထီထိုးရန်ရက်များ** ။ ၂၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၃၊ ၅၊ ၇ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်မှ (၃၀)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျောင်ခြည်



**အဆောင်ယတြာ** ။ မွေးနေ့ နံနက်(၉း၁၅)နာရီတွင် "သုဂတော" ဂါထာတော်ကို (၂၇)လုံး ပုတီးကုံးဖြင့် (၁၅)ပတ် စိပ်ပေးပါ။

### အင်္ဂါ

**စီးပွားရေး** ။ နိဗ္ဗာန်ကုန်များ အရောင်းအဝယ်ကောင်းမည်။ ဗုဒ္ဓဆင်းတုတော်များ ထုလုပ်လှူဒါန်း၊ ကိုးကွယ်သူများမည်။ ငွေကြေးလုပ်ငန်းများ အမြတ်အစွန်းများမည်။

**ဝန်ထမ်းရေးရာ** ။ ငွေကြေးကိုင်တွယ်သုံးစွဲခွင့်ရသော ဝန်ထမ်းများ အထူးသတိထားသုံးစွဲပါ။ စာရင်းအင်းမှန်ကန်စွာ ပြုစုထားပါ။ ငွေကြေးပြဿနာပေါ်တတ်သည်။

**အိမ်တွင်းရေး** ။ ငွေကြေးကိစ္စကြောင့် အိမ်တွင်းရေး မသာမယာဖြစ်တတ်သည်။ သားသမီးများ၏ နိုင်ငံခြားခရီး အဆင်ပြေမည်။

**အချစ်ရေး** ။ ချစ်သူရှိပြီးသူများ အချစ်ရေး အဆင်ပြေသာယာမည်။ လက်ထပ်ရန် အခွင့်အရေး ပေါ်ပေါက်လာလိမ့်မည်။ ချစ်သူမရှိသေးသူများ ခရီးသွားရင်း ချစ်သူနှင့် တွေ့မည်။

**ပညာရေး** ။ ပညာရေးကံဇာတာ ထိပ်သို့ ရောက်ရှိနေသောကာလဖြစ်သည်။ စာမေးပွဲ အင်တာဗျူး သင်တန်းဝင်ရောက်ဖြေဆိုပါ၊ ထိပ်ဆုံးမှ အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး** ။ အသဲအမြစ်များ နာကျင်ကိုက်ခဲခြင်း၊ အထူးသဖြင့် ဒူးနာ၊ ဒူးကိုက်ဖြစ်ရတတ်သည်။ ညဘက်ရေမချိုးပါနှင့်၊ နွေးနွေးထွေးထွေးနေပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ မွေးနေ့ နံနက်(၉း၁၅)နာရီတွင် "အနုတ္တရော ပုရိသဒမ္မသာရထိ" ဂါထာတော်ကို (၁၀၈)လုံး ပုတီးကုံးဖြင့် (၈)ပတ် စိပ်ပေးပါ။

### ဗုဒ္ဓဟူး

**စီးပွားရေး** ။ အမျိုးသမီးအသုံးအဆောင်များ၊ အလှကုန်များ၊ ချုပ်ပြီးသား အဝတ်အထည်များ အရောင်းအဝယ်ကောင်းမည်။ ရုပ်ရှင်၊ ဇာတ်၊ အငြိမ့် အနုပညာလုပ်ငန်းများ လုပ်ကိုင်ရမည်။

**ဝန်ထမ်းရေးရာ** ။ မိမိတာဝန်ယူထားသော အလုပ်၊ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ပါ။ အထက်လူကြီးနှင့် အဆင်မပြေ ဖြစ်တတ်သည်။

www.burmeseclassic.com

**အိမ်တွင်းအရေး** ။ အိမ်တွင်းရေး မသာမယာဖြစ်ရတတ်သည်။ အိမ်ထောင်ဖက် ကျန်းမာရေးညံ့တတ်သည်။ သားသမီးများကလည်း ပြဿနာရှာတတ်သည်။



**အချစ်အရေး** ။ ချစ်သူပိုင်းဝိုင်းလည်နေသော ကာလဖြစ်သည်။ ဘဝတစ်သက်တာအတွက် ရွေးချယ်ရမည်ဖြစ်၍ နှလုံးသားတစ်ခုတည်းဖြင့် မဆုံးဖြတ်ဘဲ ဦးနှောက်နှင့်ပါ ဆုံးဖြတ်ပါ။



**ပညာအရေး** ။ ပညာရေးတွင် ကြိုးစားရလိမ့်မည်။ ကြိုးစားက ဘုရားဖြစ် ဟူသော စကားပုံကို အမှတ်ရပါ။ ကံယိုင်လျှင် ဉာဏ်နှင့် ဝီရိယကူညီရမည်။



**ကျန်းမာအရေး** ။ ဦးခေါင်းမူးဝေခြင်း၊ ခေါင်းကိုက်ခြင်း ဝေဒနာတို့ဖြစ်တတ်၍ နေပူမီးပူမခံပါနှင့်။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ** ။ ၂၊ ၄၊ ၇၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၅၊ ၇၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ မွေးနေ့ နံနက်(၉း၁၅)နာရီတွင် "အရဟံ"ဂုဏ်တော်ကို (၂၇)လုံး ပုတီးကုံးဖြင့် (၁၇)ပတ် စိပ်ပေးပါ။

## ကြာသပတေး

**စီးပွားအရေး** ။ အီလက်ထရောနစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မိုတိုင်းဖုန်းများ ရောင်းအားကောင်းမည်။ အမြတ်ငွေများများရရှိမည်။

**ဝန်ထမ်းအရေးရာ** ။ သူတစ်ပါးကိုယ်စား လုပ်ကိုင်ရလိမ့်မည်။ သူတစ်ပါးလုပ်ဆောင်ခဲ့သော ငွေကြေးအရှုပ်အထုပ်ကို လုပ်ငန်းလွှဲမယူမီ ရှင်းအောင်လုပ်ပါ။

**အိမ်တွင်းအရေး** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ အိမ်ထောင်ဖက်ကြောင့် ဂုဏ်တက်ရမည်။ စီးပွားရေးလုပ်ငန်း လုပ်ဆောင်လျက်ရှိသောသားသမီး အောင်မြင်ဖြစ်ထွန်းမည်။

**အချစ်အရေး** ။ မိမိ၏ အနေအထိုင် အပြောအဆို အပြုမူကြောင့် အထင်လွဲခံရတတ်သည်။ ချစ်သူက ချစ်စိတ်မှန်၍ စွပ်စွဲလိမ့်မည်။

**ပညာအရေး** ။ ပညာရေးကောင်းပါသည်။ နည်းနည်းကြိုးစားရုံဖြင့် များများ အောင်မြင်မည့်ကာလဖြစ်သည်။

**ကျန်းမာအရေး** ။ အကြောနာခြင်း၊ ခြေနာခြင်း၊ ခြေခေါက်ခြင်း ဖြစ်တတ်၍ သတိဖြင့် သွားလာလုပ်ကိုင်ပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၃၊ ၅၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၄၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၆၊ ၉ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ မွေးနေ့ နံနက်(၉း၁၅)နာရီတွင် "ဝိဇ္ဇာစရဏသမ္ပန္နော" ဂုဏ်တော်ကို (၁၀၈)လုံး ပုတီးကုံးဖြင့် (၅)ပတ် စိပ်ပေးပါ။

## သောကြာ

**စီးပွားအရေး** ။ အထည်ချုပ်လုပ်ငန်းများ အကျိုးအမြတ်များမည်။ ငွေကြေးအရောင်းအဝယ်၊ အလဲအလှယ်လုပ်ငန်းများ တွက်ချေကိုက်မည်။ အမြတ်များမည်။

**ဝန်ထမ်းအရေးရာ** ။ ရာထူးတက်ရန်(သို့)အဆင့်တိုး[...] ကိန်းရှိသည်။ အထက်လူကြီးများကို ဂါရဝတရားထား[...] မိမိအရည်အချင်းကို ပြသလိုက်ပါ။

**အိမ်တွင်းအရေး** ။ ငွေရေးကြေးရေးလည်း အဆင်ပြေမည်[...] အိမ်တွင်းရေးလည်း သာယာမည်။ သားသမီးကိစ္စဖြင့် ပူ[...] ကိန်းရှိသည်။

**အချစ်အရေး** ။ ချစ်သူဘဝမှ အိမ်ထောင်သည်ဘ[...] ပြောင်းရကိန်းရှိနေသည်။ လူကြီးမိဘ ငွေကြေးမန အ[...] အဆင်ပြေမည်။

**ပညာအရေး** ။ ရိုးရိုးအတန်းပညာတွင်လည်း ထူးချွန် ထ[...] မြက်သလို အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း သင်ယူပါက ထူးချွန်စွာ အောင်မြင်တတ်မြောက်မည်။

**ကျန်းမာအရေး** ။ စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်မာတ်ကျ စသည့်စိတ်[...] ပတ်သက်သော ခံစားမှုများရှိမည်။ စိတ်ရောကိုယ်ပါ အနားယူပေး[...]

**ဆောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ [...]
**ရှောင်ရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ [...]
**ထီထိုးရန်ရက်များ** ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ [...] ၂၄၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၆၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ မွေးနေ့ နံနက်(၉း၁၅)နာရီတွင် "လောက[...]" ဂုဏ်တော်ကို (၂၇)လုံး ပုတီးကုံးဖြင့် (၉)ပတ် စိပ်ပေးပါ။

## စနေ

**စီးပွားအရေး** ။ ငွေကြေးအရောင်းအဝယ်လုပ်ငန်း၊ ငွေပန်းထိမ်လုပ်[...] တို့ အကျိုးအမြတ်များမည်။ အမျိုးသမီးအသုံးအဆောင်ပစ္စည်း[...] အလှကုန်များ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းအရေးရာ** ။ လုပ်နေကျအလုပ်များထက် တာဝန်ပိုယူရ[...] လုပ်ငန်းကို လုပ်ကိုင်ရလိမ့်မည်။ လူစားထိုး မလုပ်ကိုင်ပါနှင့် ပြဿ[...] ပေါ်တတ်သည်။

**အိမ်တွင်းအရေး** ။ ငွေဝင်ကောင်းသောကြောင့် အိမ်တွင်းရေး အဆင်[...] နေမည်။ သားသမီးတို့အတွက် ငွေကုန်မည်။

**အချစ်အရေး** ။ အချစ်ရေးအဆင်ပြေသည်။ ရုတ်တရက် အိမ်ထောင်[...] ကျကိန်းရှိနေသည်။ မိဘများကလည်း သဘောတူကြပါလိမ့်မည်[...]

**ပညာအရေး** ။ ပညာရေးတွင် အခက်အခဲ ပြဿနာတွေ့[...] စိတ်ပျက်အားငယ်ခြင်း မဖြစ်ပါနှင့်။ ဉာဏ်နှင့် ဝီရိယ ကူလိုက်လျှင် အောင်မြင်မှု ရရှိပါလိမ့်မည်။

**ကျန်းမာအရေး** ။ လေထိုးလေအောင့်ဖြစ်တတ်သည်။ လေ[...] များကို ရှောင်ပါ။ အငန်လျှော့စားပါ။

**ဆောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ [...]
**ရှောင်ရန်ရက်များ** ။ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ [...]
**ထီထိုးရန်ရက်များ** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၆၊ ၂၀၊ ၂၁၊ ၂၄၊ [...]
**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ မွေးနေ့ နံနက်(၉း၁၅)နာရီတွင် "လော[...]" ဂုဏ်တော်ကို (၉)လုံး ပုတီးကုံးဖြင့် (၁၀)ပတ် စိပ်ပေးပါ။

*ကျန်းမာ ချမ်းသာကြပါစေ*


**ဆရာ ရောင်ခြည်**

www.burmeseclassic.com

www.burmeseclassic.com

# မဟာကျန် ရာဇမုနိရုပ်ပွားတော်

ပုသိမ် မောင်မောင်



[illegible]

ကျောက်ညိုရာဇာမုနိ ရုပ်ပွားတော် ည် ရခိုင်ပြည်နယ်၊ ကျောက်တော် ယ်အရှေ့အရပ် သီရိမာနဒီသရီ ကျောင်း၏ ယာဘက်ကမ်း တစ်မိုင်ခွဲ ခန့်တွင် တည်ရှိသည်။

အရှေ့ဘက်တွင် ရမ်းချောင်းတောင် ကြီးနှင့် ကျောက်တော်–မြောက်ဦး လမ်း၊ တောင်ဘက်တွင် ပဖိုင်း ချောင်း(ပန်းတိုင်ချောင်း) ကျောက်ကျပ် ရွာတို့ တည်ရှိပြီး၊ အနောက်ဘက် တွင် သရီချောင်းနှင့် ရွာမပြင်ကျေးရွာ တို့ တည်ရှိသည်။

**ရုပ်ပွားတော်၏ အတိုင်းအတာမှာ ဦးတော်မှ ပလ္လင်ခေတ်အထိ အမြင့်(၁ ဆ ၅)ပေ၊ ပခုံးတော်အကျယ် (၆ ပေ ၁)ပေ၊ ဒူးစွန်းနှစ်ဖက်အကျယ် (၈ ပေ ၄)ပေတို့ဖြစ်ပြီး ရုပ်ပွားတော်ကြီးမှာ ခါးစီဝင်နှင့် ဖရွှေပလ္လင်တော်ကို ပြုပြီး ရွှေနှင့်သမာပတ် စံဝင်အနေ ပြုပါသည်။**

အောက်ခံ ကြာမှောက် ကြာလှန်ပါ ပလ္လင်တော်ကြီးတွင် အလယ်တည့် ၌ ဆင်တစ်ကောင် ပါရှိပြီး အောက်ခြေအနား ပတ်လည်တို့၌ ခေတ် ရခိုင်ရိုးရာ ယဉ်ကျေးမှုကို ဖော်ပြပေးသည့် ကျင်ကိုင်နေ ရုပ်လုံးများ၊ သစ္စာရှိသော စာမရီ ရုပ်များ၊ ရဲစွမ်းသတ္တိဂုဏ်ကို ဖော်ပြသည့် ခြင်္သေ့ရုပ်များ၊ ခြူးပန်း နွယ် အသွယ်သွယ်တို့ဖြင့် ပြည့်စုံ စွာ ဖော်ပြပါရှိနေသည်။

ရာဇမုနိရုပ်ပွားတော်၏ သမိုင်း အကျဉ်းမှာ ရက္ခပူရဓညဝတီ ပြည်ကြီး ခင် **စန္ဒသူရိယမင်းကြီး**သည် မဟာမုနိရုပ်ရှင်တော်မြတ် သွန်းလုပ် တော်မူပြီး ကြွင်းကျန်သည့် ရတနာ ရွှေငွေ အမြောက်အမြားတို့ကို ယူ ဆောင်စေပြီး ရုပ်တုတော်၏ ပလ္လင် အောက်ဝယ် မြှုပ်တော်မူလေ၏။

အချို့ကို ရုပ်ပွားတော်များ သွန်းလုပ် လေ၏။ ဤရုပ်ပွားတော်များကို မဟာ ကျန်ရုပ်ပွားတော်များဟု ခေါ်ဆိုကြပါ သည်။

တတိယဓညဝတီခေတ် မဟာ သက္ကရာဇ် ၂၁၄ ခုနှစ်(ဘီစီ ... ခုနှစ်)

[illegible]



www.burmeseclassic.com

www.burmeseclassic.com

စန္ဒသူရိယမင်း၏ အနွယ်တော် (၆) ဆက်မြောက်ဘုရင် **သူရိယစက္ကမင်းကြီး**သည် မဟာမုနိရုပ်ရှင်တော် သွန်းလုပ်ရာမှ ကြွင်းကျန်သော ရတနာ အချို့အား ဖော်ယူကာ မဟာမုနိနှင့် အရွယ်တော် မခြားသည့် ပဥ္စလောဟာ ဖြင့်(**ရွှေ, ငွေ, ကြေး, သံ, ခဲဖြင့်**) မဟာကျန်မုနိငါးဆူ သွန်းလုပ်ကိုးကွယ် တော်မူခဲ့ပါသည်။

အဆိုပါ မုနိငါးဆူတို့အားလည်း အေဝမုနိ စူဠာမုနိ ရာဇမုနိ သကျမုနိနှင့် စန္ဒာမုနိ ဟူ၍ သမုတ်တော်မူလေသည်။

ဓညဝတီခေတ်၊ ဝေသာလီခေတ် ကုန်ဆုံး၍ လေးမြို့ခေတ်တွင် **မင်းရင်ဖြူမင်းကြီးနှင့် မိဖုရား စောမုက္ခ်**တို့ သည် အဥ္စနဒီမြစ်တစ်ရိုးဝယ် ပဥ္စာမြို့တော်ကြီးကို သိမ်းမြန်းအုပ်ချုပ်တော် မူပြီး သက္ကရာဇ် ၂၂၁ ခုနှစ်(အေဒီ ၈၅၉ ခုနှစ်)တွင် ရှေးရှေးသော မင်းကောင်း မင်းမြတ်တို့၏ သဘောအတိုင်း ကိုးကွယ်မှုဆိုင်ရာတွင် သူမတူသော ပေးကမ်းခြင်း၊ လှူဒါန်းခြင်း ပြုလုပ်ခြင်း တို့ကို အလိုရှိနေသည့် မင်းဖြစ်၍...

**သူရိယစက္ကမင်း သွန်းလုပ်တော်မူခဲ့သည့် မဟာကျန်မုနိငါးဆူကို** ဗုဒ္ဓမြတ်စွာ၏ ကိုယ်စားတော် မဟာမုနိ ရုပ်ရှင်တော်မြတ်နှင့် မဝေးကွာလှသည့် နေရာများတွင် တူညီသော တာဝန်း များချကာ မြေအောက်ဌာပနာတိုက် ကြီးများ ပြုလုပ်ပြီး...

သွန်းစက်တော် မဟာကျန်မုနိတို့ အား အသီးသီး ဌာပနာတည်၍ အထက်မှ ကျောက်ညိုဆင်းတုတော် များအား တစ်နေ့တည်း၊ တစ်ချိန်တည်း တွင် အစားထိုး တည်ထားကိုးကွယ် တော်မူပါသည်။

မုနိငါးဆူ တည်ထားကိုးကွယ်ရာ တွင် ထူးခြားလှစွာသော အဆောင် အယောင်တို့ဖြင့် အစဉ်အတိုင်း ကြွချီ လာကြပြီး...

ဘုရားတည်သည့် နေရာများသို့ အရောက်၌ ဘုရင်ကြီးနှင့် မိဖုရားကြီး က သွန်းစက်တော်ရာ ရာဇမုနိနှင့် ကျောက်ဆင်းတုတော် ရာဇမုနိ၊ မုနိတော်နှစ်ဆူတို့အား တင်ဆောင် တော်မူလာသည့် ပန်းရထားနှစ်ခုကို တာဝန်ယူကာ ပင့်ဆောင်သွားလေ သည်။

**အိမ်ရှေ့ဥပရာဇာ**သည်ကား **စူဠာမုနိ ဆင်းတုတော်နှစ်ဆူကို** လည်း ကောင်း၊ **ပြည်ကြီးစိုး**သည်ကား **သကျမုနိ ဆင်းတုတော်နှစ်ဆူကို** လည်းကောင်း၊ **ပညာရှိပုဏ္ဏားကြီး** သည် **အေဝမုနိ ဆင်းတုတော်မြတ် နှစ်ဆူ**ကို လည်းကောင်း...

**ဟာရဝေကြီး**သည်ကား **စန္ဒာမုနိ ဆင်းတုတော်နှစ်ဆူ**ကို လည်းကောင်း အသီးသီး တာဝန်ယူကာ တည်ထား ကိုးကွယ်မည့် နေရာများသို့ ပင့်ဆောင် သွားရ၏။

သက္ကရာဇ် ၄၈၅ ခုနှစ်(အေဒီ ၁၁၂၃ ခုနှစ်)တွင် လေးမြို့ခေတ် ဒုတိယ ပုရိမ်မြို့တော်ကြီးကို အုပ်စိုးတော်မူ သော **ဒသရာဇာမင်းကြီး**သည် အဆို ပါ မဟာကျန်မုနိငါးဆူတို့အား ပြန် လည်ပြုပြင် မွမ်းမံတော်မူပါသည်။

သက္ကရာဇ် ၁၀၁၄ ခုနှစ်(အေဒီ ၁၆၅၂ ခုနှစ်)တွင် မြောက်ဦးရွှေမြို့တော် ကို ဆက်ခံစိုးစံတော်မူသည့် စန္ဒသုဓမ္မ ဘုရင်မင်းမြတ်သည် မိဖုရားကြီး ရတနာဒီပနှင့်အတူ မဟာမုနိဘုရားနှင့် မုနိငါးဆူအား အမြဲမပြတ် လာရောက် ဖူးမြော်ခဲ့ကြသည်။

ထိုအချိန်က ရာဇမုနိဘုရားသိမ် တော်ကြီးမှာ ဟောင်းနွမ်းနေပြီ ဖြစ် သဖြင့် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီး သည့် လက်သမား အကျော်အမော် တို့ကို ခေါ်ယူကာ အလွန်တရာ လှ ခံ့ညားသော သိမ်တော်ကြီးကို ဆောက် လုပ်လှူဒါန်း ပူဇော်တော်မူပြီး ကျောက် စာကမ္ပည်း ရေးထိုးကာ မှတ်တမ်းတင် ခဲ့လေသည်။

**ရာဇမုနိရုပ်ပွားတော်၌ ရှိခဲ့မှုသော အဆိုပါ စန္ဒသုဓမ္မကျောက်စာမှာ ခုနှစ်က သိုက်ဆရာများ ရှာဖွေ ကြောင်း ပျောက်ဆုံးသွားပြီ ဖြစ်ပါသည်။**

ရခိုင်ဘုရင်မင်း အဆက်ဆက် တည်ထားသမျှ အစဉ်ပြုလုပ် ကိုးကွယ် တော်မူခဲ့ကြသည့် ဤရာဇမုနိဘုရား ကြီးမှာလည်း သိုက်ဆရာများ ထုနက်ရိုက်ချိုးမှုများကြောင့် ဦးတော် ကျိုးပြတ်၍ ကိုယ်တော်မြတ်မှာလည်း ဆောက်,ဓားဒဏ်ရာ၊ ထိုးနက်ရာတို့ဖြင့် အတိဖြစ်ကာ ချက်တော်ကို လွှန်ပြ ဖောက်ကြသဖြင့် ချက်ပေါက်ဘုရား ပင် ဆိုကြသေး၏။

ချုံနွယ်ပိတ်ပေါင်း မြက်နွယ်တော အဖြစ် ပစ်ပယ်ခြင်းကို နှစ်အတန်ကြာ ခံလာရပါသည်။

သို့သော်လည်း တန်ခိုးကြီးမုနိတော် များဖြစ်ခြင်းကြောင့် မကွယ်ပျောက်နိုင် ဘဲ ၁၃၄၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၅)ရက် ၁၉၈၃ ခုနှစ်၊ ဇူလိုင်လ(၁၄) ရက် ကြာသပတေးနေ့တွင် အမ်းမြို့ ရွာမပြင်ကျေးရွာ မြောက်ကျောင်း သီတင်းသုံးရန် ရောက်ရှိတော်မူ သည့် ဆရာတော် ဦးဥတ္တရအရှင် သူမြတ်သည် ချုံနွယ်တို့ဖြင့် တော အလယ်၌ မသဲမကွဲသော ကျောက် မည်းတုံးကြီးသဖွယ် ဖြစ်နေသည့် ရာဇမုနိဘုရားပျက်ကို စိတ်မချမ်းမြေ့ ဖွယ်ရာ တွေ့ဆုံဖူးမြင်ရ၍...

'အရှင်ဘုရား တပည့်တော်သည် ဤ ဖြစ်နေသည်များကို ရှေးပြီး အ ပကတိဖြစ်အောင် ဆောင်ရွက်မွမ်းမံ ပြု




www.burmeseclassic.com

www.burmeseclassic.com

…ည်

…ာ မနောစိတ်တွင် ရည်သန်…ဋ္ဌာန်ပြုတော်မူပြီး တောချုံများကို …ငင်းကာ ၁၃၄၉ ခုနှစ်၊ ကဆုန်လ …ရက်မှ စတင်ပြီး ရွာမပြင်ကျေးရွာ၊ …ာက်ကျပ်ကျေးရွာတို့မှ ဇေါပက …များ ဖွဲ့ကာ ပန်းရန်အကျော်များဖြင့် …ပင်မွမ်းမံခဲ့ကြသည်။

ရာဇမုနိ ရုပ်ပွားတော်မြတ်အား …ောင်းပကတိ ချောမွေ့ပြေပြစ် …ာင် ပြုလုပ်၍ ၁၃၅၀ ပြည့်နှစ်၊ …န်ဆောင်မုန်းလတွင် ဗုဒ္ဓါဘိသေက …နေကာဇာတင်ပွဲကို ပြုလုပ်တော်မူ …သည်။

အလွန်တရာမှ တန်ခိုးတော်မြတ်နှင့် …ည်စုံသည့် ဤရာဇမုနိရုပ်ပွားတော် …အား နိုင်ခဲ့ကြီးမားလှသည့် သိမ် …တော်ကြီးမှာလည်း စုလစ်မွမ်းချွန် …တောင်ပန်းခက် အမျိုးမျိုးသော …န်ဆာများ ဆင်ယင်လျက် ယခုအခါ …မြောက်သွားပြီ ဖြစ်ပါသည်။

ရခိုင်နောက်ဆုံးဘုရင် မဟာသမတ …င်းသက်ထက် သက္ကရာဇ် ၁၁၄၆ …၁၇၈၄) ခုနှစ်၊ ပြာသိုလဆုတ် (၇)ရက် …နေ့တွင် မြန်မာဘုရင် ဘိုးတော် ဗဒုံမင်း …သည် ရခိုင်နေပြည်တော် မြောက်ဦးမြို့ …ကို တိုက်ခိုက်သိမ်းပိုက်သည့်အခါ …ဟာမုနိနှင့် **ညီတော် သုံးဆူဖြစ်ကာ …ှင်ကျော်မုနိ၊ ရွှေဘုံသာမုနိနှင့် မာရ် …အောင်မြင်မုနိ**တို့ကို ရခိုင်ရိုးမလမ်း …ကြောင်းအတိုင်း ပင့်ဆောင်သွားခဲ့ပြီး …အဆိုပါ ဘုရားလေးဆူထဲမှ တစ်ဆူကို …ပြည်မြို့အနောက်ဘက်ကမ်း ရွှေဘုံသာ …ရွာတွင် တည်ထားခဲ့၍ ရွှေဘုံသာဘုရား …ဟု ယနေ့တိုင် နာမည်ကြီးနေပါသည်။

**ရှင်ကျော်မုနိ**ကို ရွှေတောင်မြို့ ရွှေနတ်တောင်မှ ဆရာတော် …ဦးအာစိက္ခဏက အညာမဟာမြိုင်



…တောဘက်မှ ရှာဖွေတွေ့ရှိပြီး မန္တလေးမှ ကားလမ်းအတိုင်း ပင့်လာကာ အောင်လံမြို့တွင် ညအိပ် သီတင်းသုံးစဉ် ပျားရည်နှင့် ပေါက်ပေါက်ကပ်ရန်၊ မျက်နှာသစ်တော်ရေ ကပ်ရန် အိပ်မက် ပေး၍ အိပ်မက်အတိုင်း ပြုလုပ်ခဲ့ရပါသည်။

ယခု ရွှေတောင်မြို့ ရွှေနတ်တောင် ပရိဝုဏ်ထဲရောက်ပြီး ယာယီဂန္ဓကုဋိ တိုက်ထဲ လူအားဖြင့် ပင့်ဆောင်ရာ မည်သို့မျှ ပင့်၍မရဘဲ မြောက်ဘက်သို့ တစ်နာရီနီးပါးမျှ မျက်နှာတော် လှည့်နေပါသည်။

နောင်တော်ကြီးရှိရာ မဟာမြတ်မုနိ ဘုရားကြီးကို ဦးချိုက်ကြည့်ညိုနေသည်ဟု ယူဆကြပြီး နောက်တစ်နာရီခန့် ကြာပြီး ပြန်မ,ကြရာ အားမစိုက်ရဘဲ အလွယ်တကူ ပင့်ဆောင်ရရှိ၍ ဤနေရာတွင် **၁၉၉၁ ခုနှစ်ကစ၍ ကိန်းဝပ်ကြောင်း** သိရပါသည်။

ကျန်ဘုရားနှစ်ဆူကိုမူ အမရပူရမြို့တော်သို့ ရောက်အောင် သယ်ဆောင်သွား၍ မဟာမြတ်မုနိဘုရားကို အမရပူရမြို့တော် အရှေ့မြောက်ဘက် မန္တလေးရပ်တွင် လည်းကောင်း၊ နောက်တစ်ပါးကို နန်းဦးမှာ ပူဇော်သဖြင့် **နန်းဦးဘုရားဟူ၍** လည်းကောင်း၊ ဆုတောင်းပြည့်သည့်အတွက် **ဆုတောင်းပြည့်ဘုရားဟူ၍** လည်းကောင်း အသီးရှိပါသည်။

ဇလွန်မြို့သို့ ရောက်သွားရသည့် အကြောင်းမှာလည်း အမရပူရပြည့်ရှင် ပုဂံမင်းမှာ နန်းဦးဘုရားဒါယကာဖြစ်သော မိဖုရားခေါင်ကြီးနှင့် တိုင်ပင်ပြီး ဇလွန်မြို့သူကြီးဦးရွှေပွင့်အား ဇလွန်မြို့သို့ ယာယီပင့်ဆောင်ခွင့် ပေးလိုက်သည်မှစ၍ ရောက်ရှိသွားခြင်း ဖြစ်ပါသည်။

ယင်းအချိန်သည် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီး မြန်မာနိုင်ငံအထက်ပိုင်းကို အင်္ဂလိပ်တို့ သိမ်းယူချိန်ဖြစ်ပါသည်။

ထို့နောက် မြန်မာနိုင်ငံကိုပြန်ရောက်ခဲ့၍ **ပြည်တော်ပြန်ဘုရား** ဟူ၍လည်း တွင်ပါသည်။

ကွယ်လွန်သူ ရခိုင်မြန်မာ ပဏ္ဍိတ် ဆရာကြီး ဦးဦးသာထွန်း၏ ပြောပြချက်အရ ရခိုင်ပြည်နယ်တွင် မဟာကျန်မုနိငါးဆူရှိသည့်အထဲက **ရာဇမုနိဘုရားသည် ဇလွန်မြို့သို့ ရောက်ရှိသွားကြောင်း**နှင့် အဆိုပါ ရာဇမုနိဘုရားတွင် ရေးထိုးထားသော ရာဇမုနိဂါထာတော် (၇)ပုဒ်ရှိကြောင်း…

ဘုရားကို ပင့်ယူသွားခဲ့စဉ်က **ဘုရားမှာ မကိုဋ်တော် ပါသွားသဖြင့် ရာဇမုနိဂါထာတော်သည် မကိုဋ်တော်ကစပြီး စမွခဏ်မှာ ဆုံးကြောင်း၊** မကိုဋ်တော်ဆောင်း ဘုရားဖြစ်သည့်အတွက် ရာဇာမုနိဘုရားဖြစ်ကြောင်း သိရပါသည်။

ကွယ်လွန်သူ ဆရာကြီးဦးဦးသာထွန်း (ရခိုင်မြန်မာ ပဏ္ဍိတ်)နှင့်အကွ စာပေသုတေသီများ ဖြစ်ကြသော



www.burmeseclassic.com

www.burmeseclassic.com

ရခိုင်မှ ထေရ်ကြီးဝါကြီး ရဟန်းပုဂ္ဂိုလ်များက မာရ်အောင်မြင်ဘုရားကြီးတွင် ဂါထာတော် (၇)ပုဒ်ရေးထိုးပါရှိကြောင်း တညီတညွတ်တည်း ထွက်ဆိုကြသည့်အပြင်...

ကောဇာ ၁၃၃၉ ခုနှစ်(ခရစ် ၁၉၇၇ ခုနှစ်)တွင် ထုတ်ဝေသော **"ရက္ခပူရ ဗုဒ္ဓသာသနာ့ရောင်ခြည်"** စာအုပ် စာမျက်နှာ (၆၄)မှ (၆၉)ထိတွင်လည်း အတိအလင်း ရေးသား ဖော်ပြထားပါသည်။

အဆိုပါ ဂါထာတော်များကို လေးမြို့ခေတ် မင်းရင်ဖြူဘုရင်လက်ထက် ကစ၍ ဘုရားဆင်းတုတော်များတွင် ဂါထာတော်များ ရေးထိုးခြင်း၊ အလှူကောင်းမှုတော် ပြုလုပ်သည့် ပုဂ္ဂိုလ်တွေအကြောင်းကို ရေးထိုးခြင်းတို့ ရှိခဲ့ဖူးကြောင်း သိရပါသည်။

**ထူးခြားသည်မှာ ဖလွန်ဘုရားဒေါပဏကာ ထုတ်သည့် စာအုပ်တွင် ပါရှိသည့် ဂါထာတော်(၄)ပုဒ်သည် ရခိုင်မှာ ရှိသည့် ရာဇမုနိဂါထာတော်(၇)ပုဒ်ထဲက (၄)ပုဒ်နှင့် တူနေသည့် အပြင် ယနေ့တိုင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် ရှိသည့် သက်ကြီးရွယ်အိုများမှာ ဤရာဇမုနိ ဂါထာတော်(၇)ပုဒ်လုံးကို နှုတ်တိုက် ရနေကြဆဲပင် ဖြစ်ပါသည်။**

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်တွင် တတိယ ဓညဝတီခေတ် သူရိယစက္က မင်းကြီး သွန်းလုပ်ကိုးကွယ်တော်မူသည့် ပဥ္စလောဟာဖြင့် သွန်းစက်တော် မဟာကျန်မုနိငါးဆူနှင့်...

လေးမြို့ခေတ် မင်းရင်ဖြူမင်းကြီး တည်ထားကိုးကွယ်သည့် ကျောက်ညိုဆင်းတုတော် မုနိငါးဆူ ရှိခဲ့ရာ...

ကျောက်တော်မြို့ ရွာမပြင်ကျေးရွာ အနီးရှိ ရာဇမုနိရုပ်ပွားတော်သည် မင်းရင်ဖြူမင်းကြီး တည်ထားကိုးကွယ်သည့် မုနိငါးဆူအနက် ကျောက်ညို ရာဇမုနိရုပ်ပွားတော်ဖြစ်၍...

ဖလွန်မြို့သို့ ရောက်ရှိသွားသည့် မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးသည် **ရခိုင်ပြည်နယ်ရှိ မဟာကျန်မုနိငါးဆူထဲမှ ရာဇမုနိဘုရား ဖြစ်ပါက သူရိယစက္ကမင်းကြီး သွန်းလုပ်ကိုးကွယ်တော်မူသည့် မဟာကျန်မုနိငါးဆူအနက် ပျောက်ဆုံးနေသော မဟာကျန် ရာဇမုနိရုပ်ပွားတော် ဟုတ်,မဟုတ်ကို ဆက်လက်၍ သမိုင်းသုတေသီများ လေ့လာ ဖော်ထုတ်သင့်ပါသည်။**

မည်သို့ပင်ဖြစ်စေ အဆိုပါ ရာဇမုနိ ဂါထာတော်(၇)ပုဒ်လုံးကို ဖြစ်စေ၊ နှစ်သက်ရာ တစ်ပုဒ်ချင်းဖြစ်စေ (၉) ကြိမ် ရွတ်ဖတ်လျှင် ထူးခြားသည်ဟု ဆိုပါသည်။ ဘုရင်မင်းများ ရွတ်ဖတ်သည့်အခါ ဩဇာအာဏာ တန်ခိုးထက်မြက်ကြီးမားကြောင်း၊ သာမန်အရပ်သားများ ရွတ်ဖတ်လျှင် ဘေးအန္တရာယ် အဖုံဖုံက ကင်းလွတ်ကြောင်း...

စီးပွားချမ်းသာ ဥစ္စာစနပြည့်ဝကြောင်း...

ယုံယုံကြည်ကြည်ဖြင့် ပုတီးစိပ်ခြင်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ကို မပျက်မကွက် လုပ်ဆောင်သွားပါက အနန္တ သိဒ္ဓိဆိုသော မရေမတွက်နိုင်သည့် အကျိုးကျေးဇူးများကို ဖြစ်မြောက်ပြီး ပြည့်စုံလာမည်ဖြစ်၍ ရာဇမုနိဂါထာတော်(၇)ပုဒ်လုံးကို အောက်ပါအတိုင်း ဓမ္မဒါနအဖြစ် ဖော်ပြလိုက်ပါသည်။

## (၁)မင်္ဂလာတော်မှာပါသည့် ဂါထာတော်

### (သင်းကျစ်တော် ဂါထာတော်)

ဩောင်း ကာသပဏ္ဍာယ၊
ဥပသိမာ မမ မောလိ၊
ဖေဟိ ဖေဟိ ဗုဒ္ဓံဝါ ဓမ္မံဝါ သံဃံဝါ၊
သဂ္ဂေသုဝါ ဟုရုံဝါ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဩောင်း** | = အောင်း |
| **ပဏ္ဍာယ** | = ပစ်ဆာယ |
| **ဖေဟိဖေဟိ** | = အေဟိအေဟိ |
| **ဗုဒ္ဓံဝါ** | = ဗုတ်ဓံဝါ |
| **ဓမ္မံဝါ** | = ဓမ်မံဝါ |
| **သဂ္ဂေသု** | = သက်ဂေသု |

**အနက်**

**ဩောင်း**– မြင့်မြတ်သော မင်္ဂ... ဖြစ်ပါစေသတည်း။ **သဂ္ဂေသုဝါ**– နတ်... ပြည် ဗြဟ္မာပြည်တို့၌ လည်းကောင်း... **ဟုရုံဝါ**– နဂါးပြည်၊ ဂဠုန်ပြည်တို့၌... လည်းကောင်း၊ **ဗုဒ္ဓံဝါ**– ဘုရားရတနာ... သည်လည်းကောင်း၊ **ဓမ္မံဝါ**– တရား... ရတနာသည် လည်းကောင်း၊ **သံဃံဝါ** – သံဃာရတနာသည် လည်းကောင်း... **မမ**–အကျွန်ုပ်၏၊ **မောလိ**– မြတ်သော... ဦးခေါင်းထက်သို့၊ **ကာသပဏ္ဍာယ**– အရောင်အဝါဖြင့်၊ **ဥပသိမာ**= **ဥပ**... **မာယ**– နှိပ်စက်တတ်သော ... အပေါင်းကို ငြိမ်းအေးစေခြင်း... **ဖေဟိဖေဟိ**– မဆိုင်းလျှင်စွာ ကြွတော်... ပါ အရှင်ဘုရား။

## (၂)နဖူးတော် ဂါထာတော်

သိန္နေဟံ အတိ သိန္နေဟံ၊ ဥရ သိန္နေ...
ဝရ သိန္နေဟံ အသုက္ခာ ဗုဒ္ဓေါ တံ မ...
အဟံကရေ ပုဗ္ဗိတော ရမ္မတေ သုခံ...

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **သိန္နေဟံ** | = သိန်နေဟံ |
| **အသုက္ခာ** | = အသုတ်ခါ |
| **ဗုဒ္ဓေါ** | = ဗုတ်ဓော |
| **တံ မန္တံ** | = တန်မန်တန် |
| **ရမ္မတေ** | = ရန်မတေ |

**အနက်**

**သိန္နေဟံ**– ချစ်ခြင်းကို လည်း... ကောင်း၊ **အတိသိန္နေဟံ**– အလွန်... ချစ်ခြင်းကို လည်းကောင်း၊ **ဥရသိန္နေ...**



www.burmeseclassic.com

www.burmeseclassic.com



– ရင်ဝယ်သားကဲ့သို့ ချစ်ခြင်းကို
ကောင်း၊ **ဝရသီဓမ္မဟံ**– မြတ်
ချစ်ခြင်းကို လည်းကောင်း၊
–မြတ်စွာဘုရားသည်၊ **အသုက္ခာ**
–ခြောက်မသွေ့၊ **တံမန္တံ**– ထိုမန္တန်
**အဟံ**– အကျွန်ုပ်သည်၊ **ကရေ**–
၏၊ **ပူဇိတော**– ရတနာသုံးပါးကို
အပ်သည်ရှိသော်၊ **သုခါ**–
သာစွာ၊ **ရမ္မတော**– မွေ့လျော်ရ၏။

(၃)လက်ယာလက်ရုံးတော်

ဂါထာတော်

သာရ စက္ကုပိဒ္ဓံသံ၊
သုဒ္ဓ မသ ဩရသံ၊
ဆိန္နကံ ဘဝေ အာသံ၊
အဝိ သု,မာနသံ၊

သော ပါဠိအသံထွက်

**စိဒ္ဓံသံ** = စက်ကဝိတ်ဓနိသံ
**သုဒ္ဓမသာ** = သံသုတ်ဓမတ်သ
**ဆိန္နကံ** = သန်ဆိန်နကံ

**တ်**

**သာရစက္ကုဝိဒ္ဓံသံ**– သံသရာ
ဟူသော စက်အကန့်ကို ဖျက်
တော်မူပြီးသော၊ **သံသုဒ္ဓ**– ကောင်း
ကြယ်တော်မူသော၊ **အသသ**–

ထိုဘုရားရှင်၏၊ **ဩရသံ**– သူတော်ကောင်းတရားတည်းဟူသော ရင်သွေးတော်အစစ် ဖြစ်တော်မူထသော၊ **ဘဝေ**– ဘဝများစွာသံသရာ၌၊ **အာသံ**–တွယ်တာတတ်သည့် တဏှာတရားကို၊ **သံဆိန္နကံ**– ကောင်းစွာဖြတ်တောက်တော်မူပြီး ထသော၊ **သုမာနသံ**– ကောင်းမြတ်သော စိတ်နှလုံးရှိတော်မူထသော၊ **သံဃံအဝိ**– သံဃာတော်မြတ်ကိုလည်း၊ (**အဟံ**– အကျွန်ုပ်သည်၊ **ဝန္ဒေ**– ရှိခိုးပါ၏။)

(၄)လက်ဝဲလက်ရုံးတော်

ဂါထာတော်

တံ မေ သံ ဒီ ကော မံ သု ရေ၊
သော အ ပ နာ ပ သု သု ဝိ
အ ဓံ သိ တိ ဖု ဝိ သိ ဆ၊
က ကော က ဂေါ နမ ယဟံ၊

**အနက်**

**တံ**– တဏှင်္ကရာ မြတ်စွာဘုရား လည်းကောင်း။

**မေ**–မေဓင်္ကရာ မြတ်စွာဘုရား လည်းကောင်း။

**သ**– သရဏင်္ကရာ မြတ်စွာဘုရား လည်းကောင်း။

**ဒီ**–ဒီပင်္ကရာ မြတ်စွာဘုရား လည်း ကောင်း။

**ကော**– ကောဏ္ဍည မြတ်စွာဘုရား လည်းကောင်း။

**မံ**– မင်္ဂလ မြတ်စွာဘုရား လည်း ကောင်း။

**သု** – သုမန မြတ်စွာဘုရား လည်း ကောင်း။

**ရေ**– ရေဝတ မြတ်စွာဘုရား လည်း ကောင်း။

**သော**– သောဘိတ မြတ်စွာဘုရား လည်းကောင်း။

**အ** – အနောမဒဿီ မြတ်စွာဘုရား လည်းကောင်း။

**ပ**– ပဒုမ မြတ်စွာဘုရား လည်း ကောင်း။

**နာ**– နာရဒ မြတ်စွာဘုရား လည်း ကောင်း။

**ပ**– ပဒုမုတ္တရာ မြတ်စွာဘုရား လည်းကောင်း။

**သု**– သုမေဓာ မြတ်စွာဘုရား လည်းကောင်း။

**သု**– သုဇာတာ မြတ်စွာဘုရား လည်းကောင်း။

**ပိ**– ပိယဒဿီ မြတ်စွာဘုရား လည်းကောင်း။

**အ**– အတ္ထဒဿီ မြတ်စွာဘုရား လည်းကောင်း။

**ဓံ**–ဓမ္မဒဿီ မြတ်စွာဘုရား လည်း ကောင်း။

**သိ**–သိဒ္ဓတ္ထ မြတ်စွာဘုရား လည်း ကောင်း။

**တိ**–တိဿ မြတ်စွာဘုရား လည်း ကောင်း။

**ဖု**– ဖုဿ မြတ်စွာဘုရား လည်း ကောင်း။

**ဝိ**–ဝိပဿီ မြတ်စွာဘုရား လည်း ကောင်း။

**သိ**– သိခီ မြတ်စွာဘုရား လည်း ကောင်း။

**ဝေ**–ဝေဿဘူ မြတ်စွာဘုရား လည်းကောင်း။

**က**– ကကုသန် မြတ်စွာဘုရား လည်းကောင်း။

**ကော**–ကောဏာဂုံ မြတ်စွာဘုရား လည်းကောင်း။

**က**–ကဿပ မြတ်စွာဘုရား လည်း ကောင်း။

**ဂေါ**–ဂေါတမ မြတ်စွာဘုရား လည်း ကောင်း။

(**ဣတိ**–ဤသို့၊ **အဋ္ဌဝီသံ**–



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေ**– ရှင်တော်မြတ်ဘုရားကို၊ **အဟံ**– အကျွန်ုပ်သည်၊ **နမာမိ**–ရှိခိုးပါ၏။)

## (၅)ရှင်ညွှန့်တော်ဂါထာတော်

အာသယာနုသယဉာဏံ၊
ဣန္ဒြိယာနံ ပရောပရေ၊
မဟာကရုဏာဉာဏဉ္စ၊
ယမကပါဋိဟာရိယဉ္စ၊ အနာဝရဏဉာဏဉ္စ၊
သဗ္ဗညုတ၊ ဆ အ,သာဓာရဏာ ဣမေ၊

ခက်ခဲသော ပါဠိအသံထွက်

**ဣန္ဒြိယာနံ** = အိန်ဒရိယာနံ
**ဉာဏဉ္စ** = ညာနင်စ
**ပါဋိဟာရိယဉ္စ** = ပါတိဟာရိယင်စ
**အနာဝရဏဉ္စ** = အနာဝရနင်စ
**သဗ္ဗညုတ** = သတ်ဘင်ညုတ

**အနက်**

**အာသယာနုသယ ဉာဏဉ္စ**– သတ္တဝါတို့၏ အလိုအာသယကို သိတော်မူသော အာသယာနုသဉာဏ်တော် လည်းကောင်း၊ **ဣန္ဒြိယာနံ ပရောပရေစ**– သတ္တဝါတို့၏ ဣန္ဒြေရင့်မရင့်ကို သိတော်မူသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော် လည်းကောင်း၊ **မဟာကရုဏာဉာဏဉ္စ**– ဝေနေယျများစွာ သတ္တဝါတို့အပေါ်၌ သနားကရုဏာ လွန်စွာ ကြီးမားတော်မူသော မဟာကရုဏာဉာဏ်တော် လည်းကောင်း၊ **ယမကပါဋိဟာရိယဉ္စ** – အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြုဖန်တော်မူနိုင်သော ယမကပါဋိဟာရိယဉာဏ်တော် လည်းကောင်း၊ **အနာဝရဏဉာဏဉ္စ**– သိအပ်သော တရားတို့ကို အဆီးအတား အပိတ်အပင်မရှိ သိတော်မူနိုင်သော အနာဝရဏ ဉာဏ်တော် လည်းကောင်း၊ **သဗ္ဗညုတ**– တရားအဖုံဖုံ အလုံးစုံကို အကုန် သိမြင်တော်မူနိုင်သော သဗ္ဗညုတဉာဏ်တော် လည်းကောင်း၊ **အသာဓာရဏာ**– အသာဓာရဏ ဉာဏ်တော်တို့သည်၊ **ဣမေ**–ဤ(၆)ပါးတို့ပါတည်း။

## (၆)ချက်တော်ဂါထာတော်

## (ခါးတော်ဂါထာတော်)

ကာယော စန္ဒန ဂန္ဓောစ၊
ကာယံ သတ္တ ရာဇိယံ၊
ဣဒ္ဓိနံ စတုမေဝစ၊
ဣဒံ မန္တသ အာနုဘာဝေ၊

ခက်ခဲသော ပါဠိအသံထွက်

**စန္ဒန ဂန္ဓော** = စန်ဒနဂန်ဓေါ
**သတ္တ** = သတ်တ
**ဣဒ္ဓိနံ** = အိတ်ဓိနံ
**မန္တသ** = မန်တတ်သ

**အနက်**

**ကာယော**– ကိုယ်သည်၊ **စန္ဒန– ဂန္ဓော စ**– စန္ဒကူးနံ့နံ့ခြင်း လည်းကောင်း၊ **ကာယံ**– ကိုယ်ကို၊ **သတ္တ ရာဇိယံ**– မင်းခုနစ်ပါးတို့ ချစ်ခြင်း လည်းကောင်း၊ **ဣဒ္ဓိနံစတုမေဝစ**– တန်ခိုးဣဒ္ဓိပါဒ် လေးပါးတို့ လည်းကောင်း၊ **ဣဒံ**– ကိုယ်က စန္ဒကူးနံ့နံ့ခြင်း,ကိုယ်ကို မင်းခုနစ်ပါး ချစ်ခြင်းနှင့် တန်ခိုး ဣဒ္ဓိပါဒ်လေးပါးသည်၊ **မန္တသ**–မန္တန်၏၊ **အာနုဘာဝေ**– အာနုဘော်တည်း။

## (၇)စမ္မခက်ဂါထာတော်

ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တာ သတ္တဗောဇ္ဈင်္ဂါ အဋ္ဌင်္ဂိကော မဂ္ဂေါ စတုသတိပဋ္ဌာနံ သဗ္ဗသ ဣန္ဒော သဟာသ သုရိယော ဗြောင်း နမော မေတ္တာနံ ရာဇဘာယံ စောရာယံ ဥဒကဘာယံ အဂ္ဂိဘာယံ သတ္တဘာယံ သဗ္ဗဘာယံ ဝေဿော ဝေယတု မင်္ဂလံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ ဒုက္ခံ ဣတိ။

ခက်ခဲသော ပါဠိအသံထွက်

**ဣတိပိ** = အိတိပိ
**ပိဋကတ္တယံ** = ပိတကတ်တယံ
**အနိစ္စံ** = အနိတ်စံ
**ဒုက္ခံ** = ဒုတ်ခံ
**အနတ္တာ** = အနတ်တာ
**သတ္တဗောဇ္ဈင်္ဂါ** = သတ်တဗွတ်ဈင်
**အဋ္ဌင်္ဂိကော** = အတ်ထင်ဂိကော
**မဂ္ဂေါ** = မဂ်ဂေါ
**သဗ္ဗသ** = သပ်ဗတ်သ
**ဣန္ဒော** = အိန်ဒေါ
**သဟာသ** = သဟာတ်သ
**ဗြောင်း** = ဗအောင်း
**မေတ္တာနံ** = မစ်တာနံ
**ဥဒကဘာယံ** = အုဒကဘာယံ
**အဂ္ဂိ** = အဂ်ဂိ
**သတ္တဘာယံ** = သတ်ထဘာယံ
**သဗ္ဗဘာယံ** = သပ်ဗဘာယံ
**မင်္ဂလံ** = မင်ဂလံ
**သင်္ခတံ** = သင်ခတ်
**ပဋိစ္စသမုပ္ပန္နံ** = ပတိတ်စသမုပ်
**ဓမ္မံ** = ဓမ်မံ

အနက်အဓိပ္ပာယ်

**ပိဋကတ္တယံ**–ပိဋကတ်သုံးပုံသ
**ဣတိပိ**–ဤသို့ ဖြစ်ခြင်း, ပျက်
စသော သဘောရှိသော
လည်း၊ **အနိစ္စံ**–အနိစ္စမည်၏၊ **ဒုက္ခံ**– ဒုက္ခမည်၏၊ **အနတ္တာ**– အနတ္တ
၏။

**သတ္တဗောဇ္ဈင်္ဂါ**– ခုနစ်ပါးသေ
ဗောဇ္ဈင်သည်လည်းကောင်း၊ **အဋ္ဌင်္ဂိ
ကော**– အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသေ
**မဂ္ဂေါ**– မဂ်သည်လည်းကော
**စတုသတိပဋ္ဌာနံ**– လေးပါ
သတိပဋ္ဌာန်သည် လည်းကော
**သဗ္ဗသ**–အလုံးစုံသော တရားအ
ကို၊ **ဣန္ဒော**– အစိုးရတော်မူသေ



www.burmeseclassic.com

www.burmeseclassic.com

...ဘုရားသည် လည်းကောင်း၊ ...**သုရိယော**– ရောင်ခြည် ...တောင် အလင်းကိုဆောင်သော ...သည် လည်းကောင်း၊ **ဂုဏ္ဏတိဝိ**– ...ဖြစ်ခြင်း,ပျက်ခြင်း စသော ...ရှိသောကြောင့်လည်း၊ **အနိစ္စံ**– ...မည်၏၊ **ဒုက္ခံ**– ဒုက္ခမည်၏၊ ...**ဿ**–အနတ္တမည်၏။

...**ဿာနံ**–မေတ္တာရှင် မြတ်စွာဘုရား ...အား၊ **နမော**– ရှိခိုးပါ၏၊ ...**င်း**– အန္တရာယ်ကင်း ရန်စွယ် ...ပါစေသတည်း။

...**ဘယံ**– မင်းဘေးကို လည်း ...င်း၊ **စောရဘယံ**– ခိုးသူဘေး ...လည်းကောင်း၊ **ဥဒကဘယံ**– ...ဘေးကိုလည်းကောင်း၊ **အဂ္ဂိဘယံ**– ...ဘေးကိုလည်းကောင်း။ **သတ္တဘယံ** ...လက်နက်ဘေးကို လည်းကောင်း၊ ...**ဘယံ**– အားလုံးသောဘေးကို လည်းကောင်း၊ **ဇေယျော**– အောင်မြင်နိုင်သည်၊ **ဟောတု**– ဖြစ်ပါစေသတည်း၊ **မင်္ဂလံ**– မင်္ဂလာဟူသမျှသည်၊ **ဇယတု**– အောင်မြင်ပါစေသတည်း။

**ပဋိစ္စသမုပ္ပန္နံ**–အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရားသည်၊ **သင်္ခတံ**– ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်အပ်သည် ဖြစ်၍၊ **အနိစ္စံ**– အမြဲမရှိ၊ **ခယဓမ္မံ**–ကုန်ခြင်းသဘောရှိ၏၊ **ဝယဓမ္မံ**– ပျက်ခြင်းသဘောရှိ၏၊ **ဝိရာဂဓမ္မံ**– ရာဂကင်းခြင်းသဘောရှိ၏၊ **နိရောဓဓမ္မံ**– ချုပ်ငြိမ်းခြင်းသဘောရှိ၏၊ **ခမတိ**– ပညာရှိအပေါင်းသည် နှစ်သက်၏။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဝမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

## ပုသိမ် မောင်စောမောင်

ကိုးကားချက်

၁။ မဟာမုနိ ရုပ်ပွားတော်များ (အရှင်စက္ကိန္ဒ)။

၂။ ရခိုင်မဟာမုနိ၏ မဟာကျန်မုနိငါးဆူ(သူမြတ်–မဟာအောင်မြေ)။

၃။ ရခိုင်သဟာယအသင်း (ရန်ကုန်) မဂ္ဂဇင်း– အမှတ်(၅)၊ ရိုးမလူ၏ "အမေးကရာလွှမ်းနီမေ" ဆောင်းပါး။

၄။ ၂၀၀၀ပြည့်နှစ်၊ ဧပြီလထုတ် ပါရမီမဂ္ဂဇင်း အမှတ်(၉၁) စောမင်းနွယ်(မြောက်ဦး)၏ "ဇလွန်မာရ် အောင်မြင်ဘုရားကြီးမှ လက်ကျန် ဂါထာတော်များ" ဆောင်းပါး။

စာမျက်နှာ (၁၆၈)မှ အဆက်

...ကြီး (မြို့နယ်သံဃနာယက)၏ မိန့်ကြားချက်အား မှတ်သားခဲ့ရပါသည်။ ...ဘင်တောင်မြောက်ပါး ရွှေတစ်ဆယ်သား

...ဆိုသည့် စကားအရ မြို့၏ အနောက်မြောက်ထောင့် ဆင်တောင်စေတီ၊ ...ထောင့်ရှိ မျောက်ရုပ်၏ ပါးမှ ရွှေများ ရရှိခဲ့ဖူးကြောင်း၊ မြို့ မြောက်ဘက် ...မထွက်ဘုရားမှာလည်း တန်ခိုးကြီးကြောင်း...

ထိုဘုရားရှေ့ရှိ စေတီငယ်တွင် ယိုးဒယား(ထိုင်း)သို့ စစ်ချီရာမှ အပြန်တွင် ...ထားခဲ့သော ဥစ္စာပစ္စည်းများကို ပြသခဲ့သော သင်္ကေတအမှတ်အသားအရ ...ရောက်တူးဖော် ရရှိခဲ့ဖူးကြောင်းဖြင့် ဒေသခံများ၏ ပြောပြချက်များလည်း ...ခဲ့ပါသည်။

မြို့ပတ်လည်တွင် စေတီပုထိုးများ ဝိုင်းရံလျက်ရှိပြီး **"ပုဂံ–မိုးနဲ"** ဟု လည်း ...ကောင်း၊ **"ရှမ်းပြည်နယ်၏ ပုဂံမြို့"** ဟု လည်းကောင်း တင်စားခေါ်ကြသည့် ...ငွေစေတီ(အရိုး တောင်ဘုရား)သည် ဟော်ဝင်း၏ အနောက်တောင်ထောင့် ...မြင်ဘက်တွင် ရှိနေပါသည်။

နတ်သမီး(၁၂)ပါးဂူမှာလည်း မြို့တည်ပုံ သမိုင်းနှင့် ဆက်စပ်၍ လေ့လာသင့် ...သော အရာတစ်ခုဖြစ်၍ ထိုင်းနိုင်ငံမှပင် ထိုဓာတ်လမ်းအား မှတ်တမ်းတင်ခဲ့ကြောင်း ...သိရသည်။ သို့ဖြစ်၍ နယ်လှည့်သုတေသီ ဂမ္ဘီရပညာရှင်များ သွားရောက် ...လေ့လာသင့်သော နေရာတစ်နေရာ ဖြစ်ပါကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ...ခွင့် သတင်းကောင်းပါးအပ်ပါသည်။

၈၈တြ

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ရန် ဖုန်းနံပါတ်အသစ်များ...

၀၉–၇၇၆၃၄၉၇၈၅

၀၉–၂၅၂၅၈၃၁၇၅



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာ

# ဂန္ဓာရီပညာရှင်များ

လေ့လာသင့်သော မိုးနဲမြို့

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုးနဲမြို့ကို ဘီစီ(၅၁၉)တွင် စော်ဘွား စောကျိုက တည်ထောင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ရှမ်းပြည်နယ်များ ဂေဇက်တီးယား အပိုင်း(၁)၊ အတွဲ(၂)တွင် ဖော်ပြချက်အရ မိုးနဲနယ်တွင် အရှေ့ဘက်သံလွင်မြစ်၊ တောင်ဘက်မိုင်းပန်နှင့် မောက်မယ်နယ်များ၊ အနောက်ဘက်တွင် မိုင်းစိတ်နှင့် မိုင်းပွန်နယ်များ မြောက်ဘက်တွင် လဲချားနှင့် ကျိုင်းခမ်းနယ်များအထိ ကျယ်ဝန်းကြောင်း...

အရှေ့လောင်ဂျီတွဒ် (၉၇)ဒီဂရီ (၃၀)မိနစ်နှင့် (၉၈)ဒီဂရီ (၄၅)မိနစ်အကြား မြောက်လတ္တီတွဒ် (၂၀)ဒီဂရီ (၁၀)မိနစ်နှင့် (၂၁)ဒီဂရီအကြား တည်ရှိကြောင်း မှတ်သားရပါသည်။

မြန်မာဘုရင်များ လက်ထက်တော်မှပင် ရှမ်းနယ်ခရိုင် ရုံး(၁)ရုံးတွင် မိုးနဲသည် တစ်ရုံးအပါအဝင်ဖြစ်ပြီး မြန်မာအရာရှိထဲမှ စစ်ဗိုလ်၊ ဝန်ကြီး၊ မှူးကြီး၊ ဝန်ထောက်အဆင့်ရှိသူ ပုဂ္ဂိုလ်များကို ရွေးချယ်ခန့်ထား တာဝန်ပေးအပ်ခဲ့သည်။ ထိုပုဂ္ဂိုလ်များကို စစ်ကဲတော်ကြီးများဟု ခေါ်ရလေသည်။

မိုးနဲမြို့လယ်ရှိ စေတီကြီးမှာ စစ်ကဲကြီး ဦးရွှေအောင် တည်ခဲ့သော စေတီဖြစ်၍ ထိုစေတီ၏ တန်ဆောင်းအတွင်း၌ ကိုးကွယ်ထားသော ရေးဆင်းတုတော်များထဲမှ ကြေးဆင်းတုတော်တစ်ဆူတွင် ကြေးစို့ပေါင်း တစ်[illegible] ကျော်ဖြင့် သွန်းလုပ်ထားသည်[illegible] ထူးခြားစွာ ဖူးမြင်ခဲ့ရသည်။

ဟော်ဝင်းအတွင်းရှိ ကြေးနွား[illegible] ရုပ်မှာလည်း ထိုင်းနိုင်ငံတွင်ရှိသော[illegible] နွားရုပ်အား မြန်မာဘုရင်များလ[illegible] ထက် သိမ်းပိုက်ရယူခဲ့ကြောင်း...

ထို့ကြောင့် လာ၍ ခိုးယူရန် ကြံ[illegible] ဖူးကြောင်း၊ နွားရုပ်အား ရွှေ့ပြောင်[illegible] ထားရှိစဉ်က ရေးဂန္ဓာရီ အစီအစ[illegible] နှင့်အညီ အစီအမံနှင့် [illegible] ပြုလုပ်ထည့်သွင်း ရွှေ့ပြောင်း[illegible] ကြောင်း ထိုစဉ်က [illegible]ကျောင်း[illegible]

စာမျက်နှာ (၁၆၇)



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် သဘာဝသုခ တိုင်းရင်းဆေးကုခန်း

# ဆရာ ဦးထွန်းဝေ

(တဆ--၀၂၀၆၄)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# မီးယပ်ဖြူဆင်းရောဂါ

ကာကွယ်စောင့်ရှောက်နည်း

မြောင်းမြမောင်ယဉ်တင့်


တိုင်းရင်းဆေးပညာရှင် တစ်ယောက် ဖြစ်လာရင် ရောဂါမျိုးစုံကို ကုနိုင်ဖို့လို တယ်။ အထူးသဖြင့် အမျိုးသမီး ဆေးဆရာမများက အမျိုးသားရောဂါ သာမက၊ အထွေထွေရောဂါကို ကုသ နိုင်ဖို့ လိုသလို အမျိုးသားဆေးဆရာ များကလဲ အမျိုးသမီးရောဂါသာမက အထွေထွေရောဂါကို ကုသနိုင်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် သဃ်န်းကျွန်းမြို့နယ်ကို ရောက်တဲ့အခါ အထွေထွေ ရောဂါ ကုသနေတဲ့ ဆရာဦးထွန်းဝေနဲ့ မီးယပ် ဖြူဆင်းရောဂါ အကြောင်းတွေကို ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးထွန်းဝေက တိုင်းရင်းဆေး ဆရာတော်ကြီး ဦးဘသီရဲ့ သားဖြစ်ပြီး သဘာဝဓမ္မဆရာကြီး ဦးထွန်းရည်ရဲ့ တပည့်တစ်ဦးဖြစ်ပါတယ်။ ဆေးကု သက်နှစ်(၂၀)ခန့် ရှိနေပြီဖြစ်တဲ့ ဆရာဦးထွန်းဝေနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက် ပါတယ်။

▲ဒီတစ်ပတ်ဆရာနဲ့ ဆွေးနွေးမယ့် ရောဂါကတော့ မီးယပ်ဖြူဆင်း ရောဂါ ကာကွယ် စောင့်ရှောက်နည်းများကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

အဲဒီ မီးယပ်ဖြူဆင်းရောဂါမှာ မှုမှန် မီးယပ်ဖြူဆင်းခြင်းနဲ့ မှုမမှန်မီးယပ်ဖြူဆင်း ခြင်းရှိကြောင်း သိရပါတယ်။ အဲဒီနှစ်မျိုး ရဲ့ကွဲပြားခြားနားချက်များကို ရှင်းပြပေးပါ ဆရာ"



ဆရာဦးထွန်းဝေ(တဆ-၀၂၀၆၄)

○'မီးယပ်ဖြူဆင်းနှစ်မျိုးအနက် **မှုမှန် မီးယပ်ဖြူဆင်းခြင်းဟာ** ဆင်း တယ်ဆိုရုံ စိုစိစိနေတာလောက် ပဲရှိပြီး အနံ့အသက်မရှိဘူး။ ယားယံ မှုမရှိဘူး၊ သားအိမ်,ဆီးစပ်ကိုက်ခဲ တာတွေ မဖြစ်ဘူး။ ပင်ပန်းနွမ်းနယ် နုံးခွေသွားခြင်းလဲ မဖြစ်ဘူး၊ အဲဒါ မှုမှန်မီးယပ်ဖြူဆင်းခြင်းပဲ ဖြစ်ပါ တယ်။

**မှုမမှန်မီးယပ်ဖြူ ဆင်းခြင်းက တော့** ဆင်းတာများမယ်၊ ယားယံမှု ရှိပြီး အနာဖြစ်တတ်ပါတယ်။ အနံ့ အသက်က ငါးညှီနံ့လို ပြင်းတတ်ပါ တယ်။ ဆီးစပ်ကိုက်ခဲခြင်းရှိပြီး နုံးခွေ ပင်ပန်းမှုတွေ ဖြစ်တတ်ပါတယ်။

အထက်မှာ ပြောခဲ့တဲ့အတိုင်း မှုမှန် မီးယပ်ဖြူဆင်း တတ်တယ်ဆိုတာနဲ့ မှုမမှန်မီးယပ်ဖြူဆင်းတာ ကွဲပြားခြား နားပါတယ်'

▲"ဘယ်အချိန်တွေမှာ မီးယပ်ဖြူဆင်း တတ်တယ်ဆိုတာနဲ့ မီးယပ်ဖြူဆင်း ရောဂါဖြစ်စေတဲ့ အကြောင်းအရင်း များကို ဆက်ပြီး ပြောပြပေးပါဦး"

○'အပျိုဖော်ဝင် အမျိုးသမီးတွေဟာ ပုံမှန်အဆိုနဲ့ တစ်လ နှစ်ကြိမ် ဆင်းတတ်ပါတယ်။ တစ်ကြိမ်က တစ်လနဲ့ တစ်လထက် ဝက်,ဝက် လိုက်ရင် လလယ်လောက်မှာ ဆင်း တတ်ပါတယ်။ နောက်တစ်ကြိမ်က သွေးမပေါ်မီ တစ်ရက်ရက်မှာ ဆင်း





www.burmeseclassic.com

www.burmeseclassic.com

တတ်ပါတယ်။

**မီးယပ်ဖြူဆင်းစေတဲ့ အကြောင်း အရင်းများကတော့...**

၁။ အပူအစပ် အစားအစာများ လွန်ကဲစွာ စားသောက်ခြင်း၊
၂။ နေပူ၊ မီးပူခံပြီး ရေချိုးခြင်း၊ ညဘက်တွင် ရေချိုးများခြင်း၊
၃။ အရိပ်ကင်းနဲ့သော နေရာတွင် နေထိုင်မှုများခြင်း၊
၄။ အပူကြီးသော အဖျားဖြစ်ခဲ့ခြင်း၊
၅။ မီးတွင်းမှာ မီးမကင်ဆေးများ လွန်ကဲစွာ သုံးစွဲခဲ့ခြင်း၊
၆။ သန္ဓေတားဆေးများ သုံးစွဲခြင်း၊ ထိုးခဲ့ခြင်း၊
၇။ မီးယပ်ဖြူဆင်းသူ ဝတ်ဆင်ခဲ့သော ထဘီ၊ အတွင်းခံဘောင်းဘီ၊ စကတ်စသည်တို့ ဝတ်ဆင်မိခြင်း၊
၈။ ဆီးချိုသွေးချိုရှိခြင်း (သို့မဟုတ်) ဆီးချိုသွေးချို မျိုးရိုးရှိခြင်း၊
၉။ ကာလသားရောဂါ၊ မှိုရောဂါ ရှိသူနဲ့ ဆက်ဆံမိခြင်း...

စတဲ့ အကြောင်းအချက်များက မီးယပ်ဖြူဆင်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများ ဖြစ်ပါတယ်'

▲ **'မီးယပ်ဖြူဆင်းရောဂါ ဖြစ်လာပြီဆိုရင် ဖြစ်တတ်တဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦးဆရာ'**

○ 'မီးယပ်ဖြူဆင်းရောဂါ ဖြစ်လာပြီဆိုရင် အောက်ပါ လက္ခဏာများ ဖြစ်တတ်ပါတယ်။

၁။ အားအင်ကုန်ခန်း မောပန်းခြင်း၊
၂။ နှလုံးခုန်ရင်တုန်ခြင်း၊ မောခြင်း၊
၃။ အကြောတက်ခြင်း
၄။ မူးဝေထိုင်းမှိုင်းခြင်း၊
၅။ ရင်ပူရင်ငတ်ခြင်း၊
၆။ ကိုယ်ခန္ဓာအောက်ပိုင်း ညောင်းညာကိုက်ခဲခြင်း၊
၇။ အစားအအိပ်ပျက်ခြင်း၊

**မမှန်**
**မီးယပ်ဖြူ**
**ဆင်းတာက**
**ဖြစ်မြဲဓမ္မတာမို့**
**စိုးရိမ်စရာ**
**မရှိဘူး...**

၈။ လစဉ် ပေါ်မယ့် ရာသီပန်းမပေါ်ခြင်း၊ ပေါ်ခဲ့ရင်လည်း နည်းခြင်း၊ (တစ်ရက်၊ နှစ်ရက်သာ စိုစွတ်ရုံ ပေါ်ခြင်း)
၉။ မကြာခဏ ဖျားခြင်း၊
၁၀။ ကိုယ်သားကိုယ်ရေ ဖြူဖျော့ခြင်း၊
၁၁။ ကိုယ်နံ့မကောင်းခြင်း၊
၁၂။ မျက်နှာတွင် တင်းတိပ်၊ ဝက်ခြံများပေါက်ခြင်း၊
၁၃။ အရွယ်နှင့် မလိုက်အောင် အသားအရေ တွန့်ခြင်း၊
၁၄။ ခြေသည်း၊ လက်သည်းများ လှိုင်းတွန့်ထခြင်း၊ ကွဲအက်ခြင်း၊ ပုပ်ခြင်း၊
၁၅။ ဆံပင်ကျွတ်ခြင်း၊ နီကျင်ကျင်ဖြစ်ခြင်း၊
၁၆။ အဆစ်ရောင် အဆစ်ကိုက်ရောဂါဖြစ်ခြင်း...

စတဲ့ လက္ခဏာများဟာ မီးယပ်ဖြူဆင်းရောဂါ ဖြစ်နေချိန် ဖြစ်တတ်တဲ့ လက္ခဏာများ ဖြစ်ပါတယ်'

▲ **'အဲဒီမီးယပ်ဖြူဆင်းရောဂါရဲ့ ကာကွယ်စောင့်ရှောက်နည်းများကို သိပါရစေ'**

○ 'မမှန်မီးယပ်ဖြူဆင်းတာက ဖြစ်မြဲဓမ္မတာမို့ စိုးရိမ်စရာ မရှိသလို ကုသဖို့လဲ မလိုပါဘူး။ ရောဂါကြောင့် ဖြစ်တယ်ဆိုရင် အောက်ပါနည်းများနဲ့ ကာကွယ် စောင့်ရှောက်နိုင်ပါတယ်။

၁။ အပူအစပ် လွန်ကဲတဲ့ အစားအ[...] များကို မစားဘဲ အေးချိုဆိမ့် အ[...] အစာများ စားရပါတယ်။ အ[...] သဖြင့် ရသာ(၆)ပါးမျှအောင် စာ[...] လိုပါတယ်။
၂။ အပူအအေး မျှတတဲ့ အရပ်[...] နေထိုင်ရပါမယ်။
၃။ တစ်ကိုယ်ရည် သန့်ရှင်းရေးအတွ[...] ရေသန့်သန့်နဲ့ ဆပ်ပြာနုနုကို သုံ[...] ပါမယ်။
၄။ ယောနိဆေးရင် အပေါ်ယံကို[...] ဆေးပါ။ အထဲအတွင်းဘက်[...] မဆေးပါနဲ့။
၅။ မိမိသုံးဆောင်တဲ့ အဝတ်အထ[...] များမှအပ အခြားလူအဝတ်အထ[...] များ ဝတ်ခြင်းမှ ရှောင်ကြဉ်ပါ။
၆။ တစ်လင် တစ်မယားစနစ်ကို ကျ[...] သုံးရပါမယ်။ အထူးသဖြင့် မှိုရှိ[...] သော အမျိုးသားနဲ့ လိင်ဆက်[...] မှုကို ရှောင်ကြဉ်ရပါမယ်။ **(မိမိထံ[...] ယောက်ျားဖြစ်စေ မှိုရှိရင် ကုသ[...] မှ လိင်ဆက်ဆံမှု ပြုလုပ်ရပါမယ်[...])**
၇။ သန္ဓေတားဆေးထိုးခြင်း၊ သန္ဓေ[...] တားပစ္စည်းထည့်ခြင်းကို ဆင်ခြ[...] ပါမယ်။
၈။ ယောနိလမ်းကြောင်း တစ်လျှော[...] နဲ့ သားအိမ်အတွင်း ညစ်ညမ်း[...] အညစ်အကြေးများ စင်ကြယ်စေ[...] ဆီး(ဖီး)ခေါက်ပြုတ်ရည် နွေးနွေး[...] နံနက်တစ်ကြိမ်၊ ညတစ်ကြိ[...] တစ်နေ့(၂)ကြိမ် ဆေးရပါမယ်[...] အနာဖြစ်ရင် ကျက်စေပြီး အည[...] အကြေး သန့်ရှင်းစေပါတယ်'

အထက်မှာ ပြောခဲ့တဲ့အ[...] နေထိုင်စားသောက် ကျင့်ကြံသွား[...] မီးယပ်ဖြူဆင်းရောဂါ ကာကွယ် စောင့်ရှောက်ပြီးသား ဖြစ်ပါတယ်'





www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ၊နွား ဆီးချုပ်ရောဂါ

[illegible]ကျွန်တော် မြင်းခြံမြို့နယ် ဆီမီးခုံမှာ [illegible]ခန့်ကျစဉ်က တစ်ရက်မှာ ဆီမီးခုံ [illegible] ငနန်းဆိုတဲ့ရွာကို ကျွဲ၊နွားတွေ [illegible]ကာကွယ်ဆေးထိုးဖို့ သွားပါတယ်။ [illegible]ဘီးလေးနဲ့ပေါ့။ ဆီမီးခုံနဲ့ ငနန်းရွာ [illegible] (၂)မိုင်လောက် ဝေးပါတယ်။

[illegible]က်ဘီးလေးစီးပြီး စိမ်းစိုနေတဲ့ [illegible]ယာရှုခင်းတွေ ကြည့်ရတာ၊ ရော[illegible]မြစ်ကြီးဘေးနားက ဖြတ်သွားရတဲ့ [illegible] သောင်ပြင်က ဟင်္သာမောင်နှံတွေ [illegible]ကြည့်ပြီး စက်ဘီးနင်းရတဲ့ အရသာ[illegible]ကို ခုထိ သတိရနေတုန်းပါပဲ။

ငနန်းရွာကိုရောက်ဖို့ (၁)မိုင် [illegible]လောက် အလိုမှာ ငနန်းရွာသား ကိုဖူး [illegible] တဲနားကို ရောက်ပါတယ်။ ကိုဖူး [illegible] ကျွန်တော့်ကို မြင်တယ်ဆိုရင်ပဲ **"[illegible]ဆရာလေး ဆရာလေး"**လို့ အော်[illegible]ပြီး...

'အဆင်သင့်လိုက်တာ ဆရာလေး [illegible] ကျွန်တော့်နွားကြီး ဘာဖြစ်မှန်း [illegible]ဘူး ဝင်ကြည့်ပါဦး'

ဆိုလို့ ခိုင်းနွားကြီးက တစ်ကောင် [illegible]သက် (၅)နှစ်လောက်ရှိပြီ။ အိပ်[illegible]၊ ထလိုက် အကြိမ်ကြိမ်ဖြစ်ပြီး [illegible]ကြီးကလဲ ကုန်းနေပါတယ်။ ဆီး[illegible] တစ်စက်တစ်စက် ကျနေပါ[illegible]တယ်။ နောက်ခြေထောက်နဲ့ သိုတံကို [illegible]ပြီး ကန်နေတာလဲ တွေ့ရပါတယ်။

ကျွန်တော် သိလိုက်ပါပြီ။ ကိုဖူးရဲ့ **[illegible]ကြီးဆီးချုပ်နေပြီဆိုတာ။** ဆီးချုပ်[illegible]တဲ့ နွားတွေဟာ ဒီပုံစံအတိုင်း ဖြစ်



နေတတ်ပါတယ်။ ဗိုက်ကလဲ ပြည့်နေပါတယ်။

ကိုဖူးကို အကျိုးအကြောင်း မေးကြည့်တော့ မနေ့က နွားကြီးကို အလုပ်အရေးကြီးလို့ နေမြင့်တဲ့အထိ ထွန်တဲ့အကြောင်းနဲ့၊ အစာစားလဲ များသွားတယ်လို့ ပြောပါတယ်။

ကိုဖူးတို့ တဲနားမှာ အုန်းပင်ရှိပါတယ်။ အုန်းသီးတစ်လုံး ခူးခိုင်းပြီး **အုန်းတစ်လုံးအရည်နဲ့ ယမ်းစိမ်းတစ်ကျပ်သား** ဖျော်ပြီး တိုက်လိုက်ပါတယ်။ **ကြက်သွန်နီတစ်ဥကို ညှက်တညှက် ထောင်းခိုင်းပြီး နွားရဲ့ သိုပတ်ထဲကို ထည့်ခိုင်းလိုက်ပါတယ်။** မကြာမီမှာပဲ ဆီးစသွားပါတယ်။ တစ်စက် တစ်စက် သွားရာကနေ နည်းနည်းများလာပါတယ်။

နွားကို သွက်သွက်လေး မောင်းခိုင်းလိုက်ပါတယ်။ မောင်းရာကနေ ပြန်လာတော့ ဆီးပေါပေါသွားပါပြီ။ နွားကြီးလဲ လှုပ်ရှားမှုတွေ ငြိမ်သွားပါပြီ။

ကိုဖူးကို နွားကြီး ရေတိုက်ဖို့ မှာခဲ့ပြီး ကျွန်တော် ငနန်းရွာကို ဆက်သွားပါတယ်။ ရွာမှာ နွားတွေကို ကာကွယ်ဆေးထိုးပြီး ညနေမှာ ရွာကအပြန် ကိုဖူးတဲကို ဝင်လိုက်တော့ ဆီးချုပ်တဲ့ နွားကြီး စားမြုံ့ပြန်နေပါပြီ။

ကိုဖူးက အားရဝမ်းသာပြောပြီး အုန်းသီးဆန်နဲ့ ထန်းလျက်ကျွေးလို့ နားနားနေနေ စားခဲ့ရပါသေးတယ်။ ကောင်းမှကောင်း။

**ငွေသိန်း(တိ/ဆေး/ကု)**

---

စာမျက်နှာ (၁၇၀)မှ အဆက်

▲ '[illegible]'

○ 'မှမှန် မီးယပ်ဖြူဆင်းခြင်းဟာ ဖြစ်မြဲဓမ္မတာမို့ စိုးရိမ်စရာမရှိပါဘူး။ ယနေ့ခေတ်မှာ သုံးစွဲနေတဲ့ အချိုမှုန့် (ဟင်းချိုမှုန့်)တွေဟာ စားသုံးမှုများရင် ရင်တွင်းမှာပူပြီး ရေငတ်တတ်သလို အမျိုးသမီးများအတွက် မီးယပ်ရောဂါအမျိုးမျိုး ဖြစ်တတ်တဲ့အတွက် ဆင်ခြင်စားသောက်ရပါမယ်။

**သွေးဆုံးဖို့မှ အဖြူဆင်းတယ်၊ အနံ့အသက်ဆိုးတယ်ဆိုရင်** သားအိမ်လည်တံကင်ဆာ(သို့မဟုတ်) သားအိမ်ကင်ဆာနဲ့ ပတ်သက်နေတတ်ပါတယ်၊ ဒါကြောင့် တတ်ကျွမ်းနားလည်တဲ့ တိုင်းရင်းဆေးဆရာ/ဆရာမ မီးယပ်အထူးကု ဆရာဝန်များနဲ့ ကုသဖို့ လိုပါတယ်။

မိမိအိမ်ထောင်ဖက် လင်ယောကျ်ားမှာ **ဆီးပူညောင်းကျ(ဂနိုရောဂါ) ရှိမယ်ဆိုရင်** လိင်ဆက်ဆံခြင်း လုံးဝ မပြုလုပ်ဘဲ ပျောက်ကင်းအောင် ကုသပြီးမှ လိင်ဆက်ဆံမှု ပြုလုပ်ရပါမယ်။

နောက်ဆုံးပြောချင်တာက တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်းဟာ မီးယပ်ဖြူဆင်းရောဂါသာမက အခြား လိင်ရောဂါများကို ကာကွယ်ပြီးသား ဖြစ်ကြောင်း ပြောချင်ပါတယ်'

▲ '[illegible]'

○ 'ဆရာဦးထွန်းဝေနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာဦးထွန်းဝေ**
သဘာဝသုခတိုင်းရင်းဆေးကုခန်း
အမှတ်(၈၇၀) သုမန(၃)လမ်း
၁၆/၁-ရပ်ကွက်၊
သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၉၇၃၈၁၈၅၅၄၆
**(ဥပုသ်နေ့တိုင်းဆေးခန်းပိတ်ပါသည်။)**


**မြောင်းမြမောင်ယဉ့်တင်**



www.burmeseclassic.com

www.burmeseclassic.com

# တိုင်လေးမျိုး



တွက်နည်းနှင့် အဟော

ကျွန်ုပ်တို့လူသားတွေ၏ ကံကြမ္မာကို ကျွန်ုပ်တို့၏ ရှေးအတိတ်ကံနှင့် ကျွန်ုပ်တို့အား စတင်မွေးဖွားလာသော **ကောဇာသက္ကရာဇ် (မိမိမွေးဖွားသည့် ခုနှစ်)**က ကျွန်ုပ်တို့ တစ်ဘဝစာအတွက် စိုးမိုးချယ်လှယ်သွားသည်ဟုဆိုလျှင် သင်ယုံပါမည်လား...။

ထို အကြောင်းအရာတို့သည်ကား အမှန်ပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ မြန်မာ့ရိုးရာဗေဒင်ပညာတွင် ဂြိုဟ်နက္ခတ်တာရာတို့၏ ရပ်တည်မှု ရာသီအသွားအလာ အဆုတ်အတက်တို့သည် ထို ကောဇာသက္ကရာဇ်ကို အခြေခံတွက်ယူရာမှ ပေါ်ထွက်လာခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။

မိမိကို မွေးဖွားပေးသော ကောဇာသက္ကရာဇ်သည် မိမိအတွက် အသက်တိုခြင်း၊ ရှည်ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသည်တို့ကို မိမိမွေးဖွားကတည်းက တစ်ပါတည်း ယူဆောင်လာခဲ့၏။

ထို့ကြောင့်ပင်လျှင် ဗေဒင်လက်ရိုး၊ လက်ဆန်း အမျိုးမျိုးတွက်ရာ၌ မွေးဖွားလာသော သက္ကရာဇ်ခုနှစ်ကို အခြေခံ၍ တွက်ယူရခြင်းပင်ဖြစ်ပါသည်။

ယခုလအတွက် ကောဇာသက္ကရာဇ်ကို အခြေခံပြီး အလွယ်ဆုံးတွက်ယူနိုင်သော ဗေဒင်တွက်နည်းတစ်ခုကို တင်ပြပါမည်။

ထိုတွက်နည်းနှင့်ပင် မိမိ၌ အသိုက်အဝန်း အခြွေအရံ များခြင်း၊ နည်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသည်တို့ကို သိရှိရပါမည်။

လွယ်ပါသည်။ သင် စိတ်ပါဝင်စားပါက အောက်ပါတွက်နည်းနှင့်အဟောကို လေ့လာဖတ်ရှုကြည့်ပါ။

---

**တိုင်လေးမျိုး**

---

**တွက်နည်းနှင့်အဟော...**

---

မိမိ၏မွေးဖွားသည့်ခုနှစ်ကိုတည်ပြီး (၄)နှင့် စားပါ။ လဒ်မလို အကြွင်းကိုကြည့်ပြီး အောက်ပါအတိုင်း မှတ်ထားပါ။

၁။ (၁)ခုကြွင်းလျှင် ရွှေတိုင်ရ၏။
၂။ (၂)ခုကြွင်းလျှင် စပါးတိုင်ရ၏။
၃။ (၃)ခုကြွင်းလျှင် ဖွဲတိုင်ရ၏။
၄။ (၀)သုညကြွင်းလျှင် ဆန်တိုင်ရ၏။

**ဥပမာ။ ။** ၁၃၅၀ပြည့်နှစ်သားကို တွက်ကြည့်မည်ဆိုပါစို့။

၄ ÷ ၁၃၅၀ = ၃၃၇-မလို

```
  ၁၂
  --
  ၁၅
  ၁၂
  --
   ၃၀
   ၂၈
   --
    ၂-အကြွင်းကို
      ယူရပါမည်
```

တွက်နည်းကိုသိလျှင် အဟောတို့ကို ဆက်လက်ဖတ်ရှုပါ။

၁။ **ရွှေတိုင်ရသောသူသည်...**
ပစ္စည်းဥစ္စာပြည့်စုံသူ မိသား... ပေါက်ဖွားခြင်း၊ ငယ်စဉ်က... ချမ်းသာစွာ နေထိုင်ခဲ့ရခြင်း။

၂။ **စပါးတိုင်ရလျှင်...**
ထိုသူသည် အလုပ်ကို ဝီရိယ... စိုက်၍ လုပ်ရသကဲ့သို့ ဝီရိယအ... ကို ခံစားရပြီး သားသမီးအ... ပေါ်၍ မကြောင့်မကျ မတော... ချမ်းသာမည်။

၃။ **ဖွဲတိုင်ရသောသူသည် ...**
သူတစ်ပါး၏ လက်အောက်၌... ကိုင်ရတတ်၍ ဆင်းရဲပင်... နေထိုင်ရတတ်သည်။

၄။ **ဆန်တိုင်ရသောသူသည်...**
မိမိလုပ်သမျှ လုပ်ငန်းတို့... အောင်မြင်၍ စည်းစိမ်ချမ်း... ပြည့်စုံကာ၊သားသမီး ခြွေရံသ... တို့နှင့် ပြည့်ပြည့်စုံစုံ နေထိုင်ရ...

**သင်ရော... မည်သည့်တိုင်...ဖွားသူဖြစ်သနည်း။**

***သုနက္ခတ္တံ ကောင်းသောနက္ခတ်...***
***ကြ၍ ကောင်းကျိုးသုခ ရရှိပါစေ...***

**ကောင်းခန့် (သခ္ချာမြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# နှင်းဆီပင်မှ

## လက်တွေ့ ငွေပြဒါး



ထွယ်ကူစွာ စမ်းသပ်လိုသူတို့အတွက် နည်းလမ်းငယ်တစ်ခုလည်းဖြစ်၏။ လက်တွေ့သဘောလည်းဆောင်၏။ ဆန်းပြားသည့် လောကီနည်းလမ်းအချို့ကို ကြားနာခွင့်ရခဲ့ရ၏။

အကြောင်းကား ဉာဏ်ကြီးရှင်၊ ပညာကြီးရှင်ဟု ဆိုနိုင်သော ဆရာရှင်ပညာဒီပ ရသေ့ကြောင့်ပင် ဖြစ်၏။ ဆရာရသေ့က သက်တော်(၇၄)နှစ်အရွယ်သားအရည် စိုပြည်ကာ တည်ငြိမ်သော အပြုံးပိုင်ရှင်ဖြစ်ပေသည်။

ထိုဆရာရသေ့က ယခင်မဟာမြိုင်တောတွင် နေထိုင်ပြီး ယခုအခါ မဟာမြိုင်တောတွင် မရှိ၊ ဘယ်တော၊ ဘယ်မြိုင် ရောက်ရှိ သီတင်းသုံးနေကြောင်း သိခွင့် မရတော့ချေ။

မဟာမြိုင်တောဆိုသည်က မြန်မာနိုင်ငံ၏ အနောက်မြောက်ထောင့်အရပ်တွင် တည်ရှိနေပြီး ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် တန့်ဆည်မြို့နယ် (၃)ပွင့်ဆိုင် ဧရိယာတို့တွင် ပါဝင်ကြောင်း မှတ်သားဖူး၏။

**မဟာမြိုင်တောကြီးက စုံနဲ့သာမြိုင် ဓားမြိုင် မြိုင်ကြီးပိုင်နှင့် အင်ကြင်းမြိုင်တို့ထိုတွင် တည်ရှိ၍ ချက်မကြီး ချက်မအရှင်း ပဉ္စင်တောင်အရာတို့သာ ဖြစ်သည်။**

အစိုးရဝန်ထမ်းဘဝ တာဝန်ဖြင့်သွားလာရင်း မဟာမြိုင်တောမှ ရသေ့ရှင်ပညာဒီပနှင့် ကြုံတွေ့ ဦးခိုက်ခွင့်ရခဲ့လေသည်။ ရသေ့ရှင် ပြောပြသော ဗဟုသုတအကြောင်းကား လူတို့အတွက် နှင်းဆီပင် အသုံးဝင်ပုံပင် ဖြစ်လေသည်။

### နှင်းဆီပွင့်နှင့် သွေးတိုးရောဂါ

**"နှင်းဆီနီနီ သွေးကို ကြည်၏"**

ဆိုသောစကားကို ကြားဖူးခဲ့၏။ သွေးတိုးရောဂါဖြစ်ပါက နှင်းဆီပွင့်နီနီ လက်တစ်ဆုပ်ကို ရေဖြင့် ပြောင်အောင်ဆေးပြီး (၃)ခွက် (၁)ခွက်ပြုတ်၍ သောက်ပါမူ သွေးတိုးကျကြောင်း မှတ်သားဖူး၏။

### နှင်းဆီပင်မှ လက်တွေ့ ငွေပြဒါးထုတ်ပြခြင်း

ဆရာရှင်ရသေ့က...

'ကဲ... ဒကာကြီး နှင်းဆီပွင့်မှ လက်တွေ့ ပြဒါးထုတ်နည်းကို ယူမလား'

ဟု မိန့်လေသည်။

'တင်ပါ့ဘုရား တပည့်တော် သိချင်ပါတယ် ချီးမြှင့်ပါဘုရား'

ဟု ပြန်လျှောက်မိလေသည်။ ဆရာရှင်ရသေ့မှ...

'ဟောဟိုမှာ နှင်းဆီပွင့် အပွင့်(၂၀)လောက် ဒကာကြီး အညာက ခူးခဲ့ချေ'

ကျွန်တော်လည်း နှင်းဆီပွင့်(၂၀)တိတိ ခူးခဲ့ရာ ရသေ့အရှင်မှ ကြွေပန်းကန်ပြားထဲသို့ စနစ်တကျ ခြွေကာ ထည့်စေ၏။ ထို့နောက် သောက်ရေခွက်ဖြင့် ရေတစ်ခွက် ထည့်စေပြန်သည်။

'ကဲ......ဒကာကြီး ဗဟုသုတမှတ်ပါ။ ဆားနဲ့ သံပရာဟာ ပြဒါးထုတ်တဲ့နေရာမှာ မပါမပြီး ဆရာကြီးသဖွယ်ပါရတယ်'

ဟု မိန့်သဖြင့် သံပရာသီး(၃)လုံး၊ ဆား ဇွန်း(၁)ဇွန်းခန့် ကြွေပန်းကန်ခွက်သို့ ထည့်စေ၏။ ထို့နောက် နှင်းဆီပွင့်ဖတ်များ ညာတံ၊ ဖူးငုံတို့ပါမကျန် နာရီဝက်မျှ လက်ဖြင့် ဖျစ်နယ်ဆုပ်ကိုင်စေပြန်သည်။

'ဒကာကြီး အခုလို ကိုယ်တိုင် လက်နဲ့ နယ်ခိုင်းရတာ တစ်သက်လုံး မှတ်မိစေအောင်ပဲ၊ ပွင့်ဖတ်တွေကို ဆယ်လိုက်၊ ရေကို သွန်ထုတ် အနှစ်သားကို မြင်ရအောင် နမူနာကြည့်'

ဟု မိန့်၏။ ကျွန်တော်လည်း ပြဒါး သတ္တုပါမပါ အလွန်သိချင်လှသဖြင့် ပွင့်ဖတ်ဆယ်ပြီး ရေကို စစ်ကာ အနှစ်အကျန်ကို ကြည့်မိ၏။

'အရှင်ဘုရား...ဖြူရွရွ ငွေမှုန်အသွင် အနှစ်မှာရှိပါတယ်ဘုရား'

ဟု ကျွန်တော်မှ ဝမ်းသာအားရ လျှောက်မိ၏။

ရသေ့ရှင်မှ ပြုံး၍ မိန့်၏။

'ဒကာကြီး... အဲဒီပြဒါးအနှစ်ကို လုံထဲထည့်ကာ မီးအေးအေးနဲ့ အဆင့်ဆင့်တက်ရင် အချို့လူတွေလိုချင်တဲ့ ပြဒါးလုံးစစ်စစ်ပုလဲနှစ်ကို ရတာပေါ့

ဒကာကြီး စဉ်းစားကြည့် ဒီနှင်းဆီပွင့်တွေကို စနစ်တကျ ရယူပြီး ပြဒါးထုတ်ရင် အဂ္ဂိရတ်ဝါသနာရှင်တို့ အလွန်မက်မောတဲ့ ပြဒါးခတ်ကို သန့်သန့်ပြန့်ပြန့် ဝယ်သုံးစရာ မလိုတဲ့ ရနိုင်တာပေါ့။

ဒကာကြီး အရာရာတိုင်းမှာ အသိမှ အတတ်ကို ပြောင်းရတယ်၊ အသိဟာ ဝိဇ္ဇာဉာဏ်ဖြစ်ပြီး အတတ်ဟာ သိပ္ပံအသွင်ဆောင်တယ်။

ခုပြောပြလိုက်၊ လက်တွေ့ပြလိုက်တာဟာ ပြဒါးခတ်လိုသူတို့အတွက် အဖိုးအခမကုန်တဲ့ မြန်မာတို့ရဲ့ ဝိဇ္ဇာမရ အတတ်ပဲပေါ့'

ရသေ့ရှင်သည် အခြားသော သစ်ပင်များ ဆေးဖက်ဝင်ပုံ၊ အသုံးပြုပုံတို့ကို ကောင်းစွာ နားလည် အလွန်သိလှသည်ဟု စိတ်မှ မှတ်ချက်ချမိ၏။ ထို့နောက် ဆရာရှင်ရသေ့အား ဦးညွှတ်ကန်တော့လိုက်မိပါတော့သည်။

'သာဓု...သာဓု...သာဓု'

**ရဲမျိုးသူ(မောင်မြိုင်)**



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ပုတီးစိပ်ရန်

**ယာဉ် သတိပေးသော**
**မိန်းကလေးတစ်ယောက်အကြောင်း**

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ကြက်ဖြူတောင်ကုန်းရွာ၏အရှေ့စကြံ တောင်ပေါ်မှာ မောင်သူတော် ရောက်ခါစက ကိုယ်တွေ့ဖြစ်ရပ်မှန်လေးပါ။

မောင်သူတော်ရောက်ခါစက စကြံတောင်ပေါ်မှာ ကိုးတောင်ပြည့် အေးချမ်းအောင်မြင် စေတီတော်တစ်ဆူ ယှိုင်ရွဲ့နေသော ဇရပ်ကလေးတစ်လုံး။ ကျောက်တုံးတွေနဲ့ ဆောက်ထားသော လူနှစ်ယောက်ထိုင်သော ကျောက်တိုက်ကလေးတစ်ခုသာ ရှိတာပါ။

မောင်သူတော်က ကျောက်တိုက်ကလေးထဲမှာ ခြေဆန့်မရလို့ ခပ်ကောင်းကောင်း ကွေးကွေးလေး အိပ်ရတာပါ။

အမိဋ္ဌာန်ဝင်တဲ့ နေ့ရက်တွေမှာဆို နံနက် (၄)နာရီလောက်ထပြီး အမြဲတမ်း ပုတီးစိပ်နေကျပါ။

တစ်ညမှာ ခုလည်ရွာထဲက ဘိုးဘိုးဦးလွမ်းမောင် လာလည်တာနဲ့ စကားကောင်းသွားတာကြောင့် အိပ်ရာဝင်နောက်ကျသွားပါတယ်။

နံနက်အိပ်ရာထ နောက်ကျနေချိန်မှာ အသက်ကိုးနှစ်အရွယ် ရောင်ပေစူးလေးနဲ့ ပါးပြင်မှာလဲ သနပ်ခါး ပါးကွက်ကျားလေးနဲ့ နှုတ်ခမ်းလေးကလဲဆေးနီဆိုးထားသလို ရဲနေတယ်၊ မိန်းကလေးက...

'(၄)နာရီထိုးပြီး (၅)မိနစ်ကျော်နေပြီ ထတော့'

လို့ သုံးခွန်းလောက် ဆက်ပြောတယ်။ မောင်သူတော်က...

'ဘယ်က ကလေးမက လာနှိုးတာပါလိမ့်'

ဆိုပြီး မျက်လုံးဖွင့်ကြည့်လိုက်တယ်။ စက္ကန့်ပိုင်းပဲ မြင်လိုက်ပြီး ရုတ်တရက်ပျောက်သွားတယ်။

နာရီကြည့်လိုက်တော့ (၄)နာရီ (၅) မိနစ် အတိအကျ ဖြစ်နေတယ်။ ဒါကြောင့် ကျောက်တိုက်အပြင် ထွက်ကြည့်တော့ မိန်းကလေးကို မတွေ့တော့ဘူး။ စေတီတစ်ပတ် ပတ်ရှာတော့လဲ မတွေ့ဘူး။

မောင်သူတော်လဲ ဆက်မရှာတော့ဘဲ ဘုရားသောက်တော်အေး အမွှေးတိုင်၊ ဆီမီးတိုင် ထွန်းကပ်ပြီး **"အရဟံ ဗုဒ္ဓေါသီဠိ"** ဂုဏ်တော်ပုတီး ထိုင်စိပ်နေတယ်။

ပုတီးပတ် (၂၀)ကျော်လောက်မှာ မွှေးကြိုင်နေတဲ့ ရနံ့လေးကို သိသိသာသာ ရှူရှိုက်နေရတယ်၊ မောင်သူတော်လဲ မွှေးရနံ့ဘက်ကို အာရုံ မရောက်ဘဲ ဂုဏ်တော်ဘက်ကို အာရုံ စူးစိုက်ပြီး ပုတီးစိပ်၊ မေတ္တာပို့ အမျှပေး ဝေပြီး မွှေးရနံ့က ပျောက်သွားတယ်။

မောင်သူတော်လဲ ဘုရားဂုဏ်တော်များ ပွားများ၊ မေတ္တာပို့ အမျှဝေသော အကျိုးကျေးဇူးကြောင့် နတ်ကောင်း နတ်မြတ်တွေက ချစ်ခင်ပြီး စောင့်ရှောက်ပေးနေတာပဲလို့မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ယုံကြည်မှု သဒ္ဓါတရားများ တိုးပွားလာကာ ဂုဏ်တော်များ ပွားများနေလိုက်ပါ တော့တယ်။

ယုံကြည်မှု သဒ္ဓါတရားများဖြင့် ဂုဏ်တော်များ ပွားများနိုင်ကြပါစေ သန္နိဋ္ဌာန်ပြုလျက်...

**ကြော်တောင် သူဇော်**
**(စဉ့်ကူးမြို့)**



www.burmeseclassic.com

www.burmeseclassic.com

# ကွင်းလျှောကြိုးပြားချည်နည်း

...သူပရိသတ် စည်ကားသော ...ရားပုထိုး၊ အဓိကရ နေရာများ၏ ...တ်တရစျေးဆိုင်များတွင် လက် ...လက်ကြပ် အဆင်တန်ဆာများကို ...ာင်ပျို၊ လုံမပျိုတို့ စိတ်ဝင်တစား ...ယူဆင်မြန်းကြသည်ကို တွေ့ရ ...ည်။


...မှုစ်သူတို့ ထုံးစံအရ ချစ်မေတ္တာ ...ကေတများအပြင် အဆွေခင်ပွန်း ...သင်္ဂဟဆိုင်ရာ သင်္ကေတများစွာ ...ည်း အားပေးခြင်း ခံကြရသည်။

...ခတ်လူငယ်တို့သည် အများဆုံး ...တကာ ဘာသာစကားများဖြစ်ကြ ...သော အင်္ဂလိပ်၊ တရုတ် စာများကို ...ခြုံအဆင့်မျှ နားလည်ကျွမ်းဝင်မှု ...ကြသည်ကို တွေ့ရသဖြင့် တိုးတက် ...ာင်းမွန်လာသော ဘာသန္တရ ...လာလိုက်စားမှုကို ချီးကျူးဝမ်း ...က်မိသည်။

...ဥပမာအားဖြင့် **အရိုးပုတီးသဏ္ဌာန် ...ထုပ်ထားသော** (ပလတ်စတစ် ...စားဖြစ်သည်။) လက်ကြပ်(Hand ...)တစ်ခုတွင် "FRIEND" ဟူသော ...ည်းစာကို ထင်ရှားစွာ တန်ဆာ ...ထားသည်။

...မ်းခြမ်းကွေးပုံစံတွင် မျက်နှာပုံ ...ထားသော သစ်သားပန်းပုရုပ် ...ခုတွင်ကား "ရှဲထိုပုလောင်" (Xiē ... Bù Lǎo)ဟု ထွင်းထားသည်။

...ခင်းမွှမ်း အရွယ်ရောက်သည့်တိုင် ...ကောင်သေးသော ခင်မင်မှုမေတ္တာ ...က်စတမ်း" ဟူ၍ မိတ်ဆွေရင်းချာ ...သောဇဉ်ကို ဖော်ကျူးထားသည်။




လက်ကြပ်(Hand chain)တစ်ခု

ယင်း **"လက်ကြပ်"** များတွင် စိတ်ဝင်စားမိသည်ကား ကြိုးထိန်းကွင်း ပြုလုပ်ထားပုံဖြစ်သည်။ ကွင်းလျှော ကြိုးထုံးဖြစ်သည်။ စိပ်ပုတီးခေါင်း အထိန်းကြိုးအဖြစ် ဖွတ်မြီးကြိုးချည် နည်းကို အသုံးပြုကြရာ အလုံးအဝိုင်း ပုံသဏ္ဌာန်ရှိသည်။

ယခု သုံးထားသော အထိန်းကြိုးထုံးမှာ **ကြိုးပြားပုံသဏ္ဌာန်ဖြစ်သည်။** ဘူးလည်သီးခတ်သကဲ့သို့ အဆင့်ဆင့် ဆက်တွဲထားခြင်းဖြစ်ကာ လက်ကြပ် (Hand Chain)နှင့် လိုက်ဖက်သောပုံစံ ဖြစ်သည်။

သို့ဖြစ်၍ ကွင်းလျှောကြိုးပြားချည်နည်းကို လေ့လာတင်ပြလိုက်ပါသည်။

ပုံ(၁)။ ။ပင်မ မဏ္ဍိုင်ကြိုး၏ အောက်တွင် ကြိုးပြားချည်မည့် အထိန်းကြိုးA(တစ်မီတာခန့်) ကိုထားပါ။ ကြိုးစ A1ကို မြားအတိုင်း ကျော်ခြင်း၊ လျှိုခြင်း ပြုပါ။

ပုံ(၂)။ ။ကြိုးကွင်းတစ်ကွင်းကို ရရှိမည်။

ပုံ(၃)။ ။တင်းတင်းရင်းရင်း ဖြစ်အောင် ဆွဲပါ။ ကြိုးစ A1ကို မဏ္ဍိုင်ကြိုးအောက်မှ လျှိုပါ။

ပုံ(၄)။ ။ကြိုးစ A2ကို A1အောက်မှ လျှိုပါ။ မဏ္ဍိုင်ကြိုးကို ကျော်၍ ကွင်းအတွင်းမှ လျှိုထုတ်ပါ။


ပုံ(၅)။ ။ကျစ်လျစ်အောင် ဆွဲတင်း၍ ကြိုးစA2ကို မဏ္ဍိုင်အောက်မှလျှိုပါ။ ကြိုးစ A1ကို A2 အောက်မှ ပြန်လျှိုပါ။


ပုံ(၆)။ ။(ကြိုးစA1)မဏ္ဍိုင်ကို ကျော်၍ ကွင်းအတွင်းမှ လျှိုထုတ်ပါ။ ပုံ(၄)အတိုင်းဖြစ်လာ၏။ သို့ဖြင့် တစ်ကွင်းပြီးတစ်ကွင်း



www.burmeseclassic.com

www.burmeseclassic.com




ဆက်၍ ချည်သွားပါ။

ပုံ(၇)။ ။ကွင်းလျှော ပြုနိုင်သော ကြိုးပြားအတွဲကို ရရှိပါပြီ။ ဘူးလည်သီးခတ် ချည်ထုံးနည်း အတွဲလိုက်ပုံစံဖြစ်သည်။

**ဂျာနီအလှသာတန်ဖိုးရှိသော ကြိုးထုံး လက်ဖွဲ့ဆိုင်ရာ အယူအဆတွင် ဘူးလည် သီးခတ်ချည်နည်းသည် အချက်အချာကို ဖုံးကွယ်ခြင်းဖြစ်သည်။**

**အထပ်အလှကို ဖြစ်စေသည်။ သူ တစ်ပါးအပြု အနှောင့်အယှက်များကို ရှိနှင့်သည်ဟု ရှေးဆရာကြီးများ ဆိုမိန့် ခဲ့ကြသည်။**

ဘူးလည်သီးခတ်ချည်နည်း အထပ်ထပ် စုစည်းထားသော ဤကွင်းလျှော ကြိုးပြား ကြိုးထုံးကလေးသည် လက်ဆောင်ရရှိပါက(လက်ဆောင်ပစ္စည်း၌ ချည်ထုံးထားခြင်း ဖြစ်ပါက) နှစ်ဦး နှစ်ဖက် ခိုင်မြဲသော ချစ်မေတ္တာ သံယောဇဉ်များ စုစည်းကျစ်လျစ်စေသည်။

အမုန်းအာဃာတများ လွင့်ပျောက်စေသည်။ သံသယပျောက်ကွယ်၍ အမုန်ဘဝ ရောက်လွယ်စေသည်။

**နေအိမ်ဂေဟာတွင် ထားရှိပါက** (လက်ဆောင်ရ၍ဖြစ်စေ၊ ကိုယ်တိုင် ဝယ်ယူခြင်းဖြစ်စေ) နေအိမ်ဂေဟာ သန့်ရှင်းစင်ကြယ်စေ၍ သမားတို့ပညာ ယတြာစီမံ မကောင်းကြံသမျှ မစွန့်မငြိ အကျိုးသက်ရောက်မှု မရှိစေဘဲ ပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ ကင်းစင်ပပျောက်စေနိုင်သည်။

ကံ၏အကျိုးကို အနှောင့်အယှက် ကင်းစွာ တင်းပြည့်ကျပ်ပြည့် ခံစားရရှိနိုင်ကြသည်။

ဘုရားစင်တွင် အလှဆင်ပူဇော်သည့် မီးကြိုး၊ ပန်းစည်း၊ ခန်းဆီး လိုက်ကာ စသည်တို့၌ စည်းနှောင် ပူဇော်ခြင်းဖြင့် ပိုမို အကျိုးထူးရရှိစေပေသည်။

**[ကြိုးထုံး လက်ဖွဲ့များအကြောင်း ရှင်းပြပေးတော်မူသည့် ဆရာအရှင် ပညာဒီပနှင့် ထုံးအိုင်ဆရာကြီး ဦးတင်ဖေတို့အား ဂါရဝပြုလျက်...]**

**ထက်မင်းဇော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# အဆောင်ကျောက်မျက်များ အကြောင်း (၃)

အောင်ဇေ (LL.B)

...ခုလအတွက် ဖော်ပြပေးမည့် စိတ်...စားဖွယ်ကောင်းသော အဆောင်...ကျောက်မှာ **ကျောက်သစ်ဥ အဆောင်...ကျောက်** ဖြစ်ပါသည်။

...ရှာဖွေရရှိနိုင်သော ဒေသမှာ ကချင်...ပြည်နယ် လိုင်ဇာ ခရိုင်း ဗိုင်းကျမြို့နယ် ...တွင်း ပါဝင်သော ကုလားအတောင်...ကျောက် ဖြစ်ပါသည်။


...ပြင် ရှေးခေတ်ရာဇဝင်များအရ ...သိရှာမိုရ်များ နေထိုင်ခဲ့သည့် ...ကျုံတောင်တွင်လည်း ရှာဖွေရရှိနိုင် ...သည်။

...တောင်များတွင် အချို့နေရာ ...သည့် သစ်ပင်ကြီးများ မပေါက်ဘဲ ...ပင်ငယ်များသာ ပေါက်သည့် ...ကျောက်တုံးကျောက်ဆောင် ထူထပ် ...သော တောင်ကမူများ ရှိသည်။

...ထို တောင်ကမူ ကျောက်ကြို ...ကျောက်ကြားတွင် ဆင်တုံးမနွယ်၊ ...သမနွယ်၊ တီလက်သာ၊ မျောက်ဥ ...ထူပင် စသည့် အမြစ်ဥကြီးများရှိ ...အပင်တို့ ပေါက်ရောက်တတ်ကြ ...သည်။


...သီဥတုဒဏ်ကြောင့် တောင်ပြို ...သည့်အခါ ယင်းအပင်တို့၏ အမြစ်ဥ ...ငယ်များ မြေသားဖုံးအုပ်၊ ကျောက် ...ကြီးများပိ စသည်ဖြင့် နှစ်သန်း ...များစွာ ကြာသောအခါ ကျောက် ...ကတိ ဖြစ်သွားကြရသည်။

...ထို့ကြောင့် ကျောက်သစ်ဥ ဆိုသည် ...ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်သွား ...သော နွယ်ပင်၊ သစ်ပင်တို့၏ ဥများပင် ...ပါသည်။ အထူးသဖြင့် ဆေးဖက် ...နွယ်ပင်ဥများ ဖြစ်ကြ၏။



▲ ကျောက်သစ်ဥအတွင်းသားကို ပြုလုပ်ထားသော အဝါရောင်အစေ့နှင့် အဝါရောင်လက်စွပ်ကျောက်တို့ကို တွေ့မြင်ရပုံ

▼ (ကျောက်သစ်ဥ) သစ်ဥကျောက်ဖြစ်ရုပ်ကြွင်းကို အပေါ်ဘက်မှ မြင်ရပုံ





www.burmeseclassic.com

www.burmeseclassic.com

အချို့ ကျောက်သစ်ဥများမှာ အလေးချိန်ငါးဆယ်သား၊ တစ်ပိဿာ ခန့်သာ ရှိကြသော်လည်း အချို့မှာ အလေးချိန်ငါးပိဿာ၊ ဆယ်ပိဿာ အထိ ရှိတတ်ကြသည်။

ကျောက်တုံးကြီးများအောက်၊ မြေကြီးများအောက် ရောက်ရှိနေပြီးမှ တစ်ဖန် ငလျင်ဒဏ်ကြောင့်လည်းကောင်း၊ မိုးရေတိုက်စားခြင်းကြောင့်လည်းကောင်း ထိုနေရာ ထပ်မံပြိုကျပြီး ကျောက်သစ်ဥများ မြေပေါ်သို့ ပြန်ပေါ်လာရခြင်းဖြစ်သည်။

ကျောက်သစ်ဥ၏ အပေါ်ဘက် အပြင်ခွံအရောင်မှာ ပကတိ သစ်ဥ အရောင်ကဲ့သို့ပင် ဖြစ်သည်။ ညိုဝါဝါ မည်းပြာပြာရောင်ဖြစ်ပြီး အမြုပ်ဖွေးဖွေး သကဲ့သို့ ဝါကြန့်ကြန့် အရောင်များလည်း တွေ့ရသည်။


သစ်ဥအခွံမှ အစေးဖြူများ ထွက်ပြီး ထိုအစေးဖြူများ ကျောက်ဖြစ်သွားရာမှ ဝါညစ်ညစ်အရောင် ဖြစ်သွားခြင်းဟု ယူဆပါသည်။

ကျောက်သစ်ဥ၏ အောက်ခြေမျက်နှာပြင်မှာ အဝါရောင်၊ လိမ္မော်ရောင်မျိုးဖြစ်သည်။ အပေါ်ခွံထက် ပို၍ ချောညက်ပါသည်။

ကျောက်သစ်ဥကို ကျောက်ဖြတ်လွှဖြင့် လှီးဖြတ်ကြည့်သောအခါ အတွင်းသားမှာ လွန်စွာညက်ညောပြီး အဝါရောင်၊ အဖြူရောင်၊ လိမ္မော်ရောင်တို့ ရောနှောနေကြောင်း တွေ့ရသည်။

ကန်စွန်းဥအဝါ အတွင်းသားနှင့် အနည်းငယ်တူပါသည်။ ကျောက်သားဟု မထင်ရဘဲ စားချင်စရာကောင်းလှ၏။

**အခွံနှင့်နီးသော အတွင်းသားကား အဝါရောင်ဖြစ်ပြီး အခွံနှင့် အတွင်း အလယ်အနှစ်သားကား အဖြူရောင်ဖြစ်သည်။ ကျောက်ဖြစ်ရုပ်ကြွင်း သစ်ပင် [illegible] အသားလောက် မာကျောခြင်းမရှိပါ။ အလင်းပိတ်အသားဖြစ်သည်။**



ကျောက်သစ်ဥဖြင့် ပြုလုပ်ထားသော အဖြူရောင် ပိုများသည့် စေတီများနှင့် လက်စွပ်ကျောက်များကို တွေ့မြင်ရပုံ

ထိုကျောက်သစ်ဥအတွင်းသားကို စေတီငယ်များ၊ လက်စွပ်ကျောက်များ ပြုလုပ်ရာ အချို့မှာ လိမ္မော်ရောင်၊ အချို့မှာ အဝါရောင်၊ အချို့မှာ အဖြူရောင်၊ အချို့မှာ အဖြူ,အဝါ,လိမ္မော်ရောသော အရောင်များ ဖြစ်ကြသည်။

ကျောက်သစ်ဥအတွက် အဆောင် ကျောက်စေတီငယ်များကို နေအိမ်တိုင်းတွင် ဘုရားစင်၌ဖြစ်စေ၊ အိပ်ခန်းအတွင်း၌ဖြစ်စေ ဆောင်ထားခြင်းဖြင့် အိမ်ရှိ မိသားစုများကို ကျန်းမာရေး ပိုမိုကောင်းမွန်စေခြင်း၊ ကူးစက်ရောဂါဆိုးများ မကပ်ရောက်နိုင်ခြင်း၊ မကျန်းမမာဖြစ်နေသူများရှိလျှင် ဆေးကောင်း၊ ဆရာကောင်းတွေ့ပြီး သက်သာပျောက်ကင်းစေခြင်း...

**ကျောက်သစ်ဥအဆောင် လက်**

**ကျောက်ကို လက်စွပ်ကွင်း၌**

**ဆင်သူ၊** အင်္ကျီအိတ်, ပိုက်ဆံအိတ် တွင်ထည့်၍ ဆောင်ထားသူ၊ အိပ် ခေါင်းအုံးအောက်တွင် ထားအိပ် မှာလည်း ကျန်းမာရေး ကောင်း ခြင်း၊ ရောဂါဆိုးများ အလွယ်တ မကူးစက်၊ မဖြစ်ပွားနိုင်ခြင်း...


**ရောဂါ ခံစားနေရသူဆို**

ဆေးကောင်း၊ ဆရာကောင်းတွေ့ မြန်မြန် သက်သာပျောက်ကင်း နာတာရှည် ရောဂါဝေဒနာ နာလန်ထလာနိုင်ခြင်း...

**ဆေးခန်း,ဆေးရုံများတွင် ကျော**

**သစ်ဥအဆောင် စေတီငယ်**

www.burmeseclassic.com



◆ ကျောက်သင်ဥကိုကျောက်ပြတ်လျှင် ပိုင်းပြတ်ထားပြီး အောက်ပိုင်းအပြင်ခွဲချောင်

**ထားခြင်းဖြင့်** လူနာများ ရောဂါ ...ာပျောက်ကင်းမှုကို ပံ့ပိုးပေး ... ဆေးဆရာများ ဆောင်ထားပါ ... ဆေးစွမ်းပိုထက်ခြင်း၊ ဆေးကုသမှု ...နေ့ ပိုမိုအောင်မြင်ခြင်း စသည့် ...ကျိုးထူးများ ရရှိစေနိုင်ပါသည်။

ကျောက်သစ်ဥ အဆောင်များကို ...ဒ္ဓိတင်ပုံမှာ ယခင်အတိုင်း ဘုရား ...ရှေ့တွင် ခုံ,စားပွဲ စသည့် အမြင့် ...ခုမှာ ဝိတ်ဖြူစင်ကြယ်ခင်းခြင်း။ အဆောင်ကျောက်များကို ရေသန့် ...ချော်ကင်ပွန်း၊ အမွှေးနံ့သာရည်တို့ ... ဆေးကြောသန့်ရှင်းစေခြင်းပြုကာ ...လင်ပန်းတွင်ထည့်၍ ဝိတ်ဖြူ ...ထားသော စားပွဲ(သို့မဟုတ်)ခုံပေါ် ...ပါ။

အင်္ဂါနေ့မှစတင်၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် နံနက်(၅)နာရီ၊ ည(၈)နာရီတို့တွင် ဘုရားရှင်အား ပန်း, ရေချမ်း, အလင်းတိုင်, အမွှေးတိုင် စသည် လှူဒါန်းပူဇော်၍ ဆေးသိဒ္ဓိမန္တန်တော်ကို တစ်ကြိမ်လျှင် (၃၇) ခေါက်ရွတ်ပွားပူဇော်ပေးရမည်။ **(၃၀) ရက်တိတိ နေ့စဉ်ရက်ဆက် သိဒ္ဓိတင်ပေးရန်ဖြစ်သည်။**

ထိုရက်များအတွင်း သီလဆောက်တည်ခြင်း၊ ဘေးမဲ့သက်ပယ်စားသုံးခြင်းများပြုသင့်သည်၊ **[ကြာသပတေးနေ့ညမှာ သိဒ္ဓိတင်ကိစ္စ ပြီးစီးမည်။]**

ထိုကျောက်သစ်ဥ အဆောင်များကို (၃)ရက်တစ်ကြိမ် သိဒ္ဓိပြန်တင်ပေးရပါမည်။ နံနက်(၃၇)ခေါက်၊ ည(၃၇)ခေါက် ဆေးသိဒ္ဓိမန္တန်တော် ရွတ်ဖတ်ပေးခြင်းဖြင့် အဆောင်ကျောက်မှာ သိဒ္ဓိစွမ်းအား ပြန်ပြည့်ပါသည်။


**ဆေးသိဒ္ဓိမန္တန်တော်**

၁။ ဥုံ ကုဟ ဗုဒ္ဓေါ စ ဓမ္မော စ၊
သံဃော စ သရဏံ ဝရံ။
အနေန သစ္စဝါကျေန၊
တိကိစ္ဆာ သိဒ္ဓိရတ္တု မေ။

၂။ ဥုံ ဗာလာ သဗ္ဗ မကလျာဏံ
ကလျာဏံ ပဏ္ဍိတာသဒါ။
အနေန သစ္စဝါကျေန၊
တိကိစ္ဆာ သိဒ္ဓိရတ္တုမေ။

၃။ ဥုံ အပ္ပမာဒါ သိဝံ သဗ္ဗံ
ပမာဒါ အသိဝံ သဒါ။
အနေန သစ္စဝါကျေန၊
တိကိစ္ဆာ သိဒ္ဓိရတ္တု မေ။

www.burmeseclassic.com



◆ ကျောက်မြတ်ရှုမြင် လိုမြင်ထားသော ကျောက်သင်ပုံအတွင်းသားကို တွေ့ရပုံ

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓါစ** | = ဗုတ်ဓါစ |
| **ဓမ္မောစ** | = ဓမ်မောစ |
| **သစ္စဝါကျေန** | = သစ်စဝက်ကျေန |
| **တိကိစ္ဆာ** | = တိကိတ်ဆာ |
| **သိဒ္ဓိရတ္ထု** | = သိတ်ဓိရတ်ထု |
| **သဗ္ဗ** | = သပ်ဗ |
| **ပဏ္ဍိတာ** | = ပန်ဒိတာ |
| **အပ္ပမာဒါ** | = အတ်ပမာဒါ |
| **သဗ္ဗံ** | = သပ်ဗံ |

အနက်

၁။ **ဦး**–အန္တရာယ်ကင်း ရန်စွယ်ရှင်းစေသတည်း။ **ဣဓဟ**–ဤလောက၌၊ **ဗုဒ္ဓါစ**–မြတ်စွာဘုရားသည်လည်းကောင်း၊ **ဓမ္မောစ**–တရားတော်မြတ်သည် လည်းကောင်း။ **သံဃောစ** – သံဃာတော်မြတ်သည်လည်းကောင်း၊ **ဝရံ**–မြတ်သော၊ **သရဏံ**–ကိုးကွယ်ရာတည်း။ **အနေနသစ္စဝါကျေန** – ဤ မှန်သော သစ္စာစကားကြောင့်၊ **ဓမ**–အကျွန်ုပ်၏၊ **တိကိစ္ဆာ**–ဆေးကုခြင်းသည်၊ **သိဒ္ဓိရတ္ထု**–ပြီးစီးပါစေသတည်း။

၂။ **ဦး**–အန္တရာယ်ကင်း ရန်စွယ်ရှင်းစေသတည်း။ **ဗာလာ**–လူမိုက်တို့သည်၊ **သဗ္ဗံ**–အလုံးစုံသော၊ **အကလျာဏံ** – မကောင်းမှုကို (**ကရောန္တိ**–ပြုကြကုန်၏။) **ပဏ္ဍိတာ** – ပညာရှိတို့သည်၊ **သဒါ**–အခါခပ်သိမ်း၊ **ကလျာဏံ**–ကောင်းမှုကို(**ကရောန္တိ**–ပြုကြကုန်၏။) **အနေနသစ္စဝါကျေန** – ဤ မှန်သော သစ္စာစကားကြောင့်၊ **ဓမ**–အကျွန်ုပ်၏၊ **တိကိစ္ဆာ**–ဆေးကုခြင်းသည်၊ **သိဒ္ဓိရတ္ထု** – ပြီးစီးပါစေသတည်း။

၃။ **ဦး**–အန္တရာယ်ကင်း ရန်စွယ်ရှင်းစေသတည်း။ **အပ္ပမာဒါ**–မမေ့မလျော့သော သူတို့သည်၊ **သဗ္ဗ**–အချင်းခပ်သိမ်း၊ **သီဝံ**–ငြိမ်းချမ်း၏။ **ပမာဒ** – မေ့လျော့သောသူတို့သည်၊ **သဒါ**–အခါခပ်သိမ်း၊ **အသီဝံ**–မငြိမ်းမချမ်းကြ၊ **အနေန** **သစ္စဝါကျေန**–ဤမှန်သော သ[...] စကားကြောင့်၊ **ဓမ** –အကျွန်[...] **တိကိစ္ဆာ** – ဆေးကုခြင်း[...] **သိဒ္ဓိရတ္ထု** – ပြီးစီးပါစေသတ[...]

*[ဤဂါထာတော် ပါဠိအန[...] နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ[...] တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦး[...] အောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏ[...] ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိ[...] ကောဝိဒ(နိကာယဝိပုလ)]မှ ပြ[...] ပါသည်။]*

ကရင်ပြည်နယ်၊ ဘားအံ[...] ကော့ဖြိုင်ဂူနှင့် ဖာပွန်ခရိုင်[...] တို့တွင် သာသနာပြုခဲ့သော ဘ[...] ဦးပညာဝုဍ္ဍိ၏ ဂန္ဓာရီပညာမှ[...] ပွဲတွေ့အဆောင် အစီအရင်[...] ယုံကြည်မှုဖြင့် အကျိုးထူး ရ[...] ပါစေ။

**စေတနာမှန်လျှင် ကံကောင်း[...]**

**အောင်စေ(LL.B)**

www.burmeseclassic.com

www.burmeseclassic.com

ပညတ်သည် လူ့လောက နယ်ပယ်၌ အမည်တပ် ခေါ်ဝေါ်သုံးစွဲရန် သက်သက်ပါ။ **မရှိ မှန်,မှန်နေပါ၏။**

ပထဝီ,တေဇော,အာပေါ, ဝါယော အကာသပူးတွဲဓာတ်သည် သူ့သဘော သူဆောင်၏။ **အရှိ မှန်,မှန်ပါ၏။**

သခါရနယ်၌ ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ် ပရမတ်တရားသည် ဥဒယ–ဝယ ဖြစ်ပျက် ဓမ္မအနေဖြင့် ပေါ်၏။

ဖြစ်ပျက်ဓမ္မကို မြင်ရန်အတွက် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာသတိ၊ သမ္မာဝါယမ၊ သမ္မာသမာဓိ ကာရကအင်္ဂါငါးပါးဖြင့် အားထုတ်ရသည်ဟု ဝိပဿနာကျမ်းစာ၌ ဖတ်ရှုရ၏။ ဤကား ပရမတ်တရား၏ သဘာဝလက္ခဏာကိစ္စအမှန်ပါ။

ပညတ်၊ ဓာတ်၊ ပရမတ်တရားတို့သည် သူ့နယ်နှင့်သူ မှန်၏ဟု ဆိုရပေတော့မည်။

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်ကာလပါ။

ကျွန်တော် တင်ပြမည့် အနှီပုဂ္ဂိုလ်သည် ယခုအခါ၌ လူ့ပြည်လူ့လောက၌ မရှိတော့ပါ။ သို့သော် ယင်း၏ လုပ်ရပ်တစ်ခုကိုတော့ ယနေ့ထက်တိုင် အမှတ်ထင်ထင် ဖြစ်နေ၏။

ကျွန်တော်တို့ရပ်ကွက်တွင် အသက်လေးဆယ်ကျော် ကိုဘိုကေ တစ်ယောက်ရှိပါသည်။

အမေမုဆိုးမ ဒေါ်ပုခင်မှ နံနက်ဈေးအတွင်း၌ ကုန်စိမ်းရောင်း၊ ညနေတွင် ကုန်စိမ်းတောင်းကို ခေါင်းရွက်ပြီး ကုန်စိမ်း လည်ရောင်းရ၏။

ကိုဘိုကေ၏ အလုပ်ကား နံနက်၊ ည ထမင်းဟင်းချက် ဘယ်ဘက်လက်တစ်ဖက်က ငယ်စဉ်က မီးလောင်ခံရ၍




# ပညတ်မှု

## ဓာတ်ဖွဲ့ယှက်သလော

ကွေးကောက်ကောက်ဖြင့် မသန်ရှာပါ။

သို့သော် ယင်း၏ ဝါသနာကား ပန်းထိမ်သုံး ရွှေကျိုသည့် ဖားဖိုအဟောင်းလေးဖြင့် အကုန်အကျသက်သာသော ဓာတ်ခဲဟောင်းဖင်မှ သွပ်ဓာတ်သားကို ယူ၍ သွပ်ဓာတ်လုံး ထိုးလေ့ရှိ၏။ ကျွန်တော်လည်း ကျောင်းပိတ်ရက်များတွင် သွားကြည့်လေ့ရှိ၏။

တစ်နေ့တွင် ကျွန်တော့်အား...

'ကောင်လေး... ငါ ဓာတ်ထိုးနည်း တစ်နည်းရလို့ ကြေးနီကို လူ့ရိုးပြာနဲ့ ဓာတ်ထိုးမလို့ကွ'

ဟု ပြောပြီး သုသာန်မှ လူရိုးကို မီးရှို့ပြီး ပြာကို အိမ်သို့ ယူလာပါတော့သည်။

ကိုဘိုကေသည် ကြေးနီကို ပျော်မှတ်ပို့င့်ရောက်အောင် ဆိတ်မျက်လုံးကဲ့သို့ အလင်းအကြည်ရအောင် မီးပေးဓာတ်ထိုးပြီး လူရိုးပြာနှင့် ပေါက်၏။ ရရှိလာသော ကြေးဓာတ်လုံးကို အိမ်တုရားစင်၌ ထားလိုက်ပါတော့သည်။

ထိုလူရိုးပြာနှင့် ထိုးထားသော ဓာတ်လုံးသည် လူရိုးပြာဓာတ် စင်ကြယ်သည်၊ မစင်ကြယ်သည်ကို ကျွန်တော် မသိပါ။

ဓာတ်လုံး၏သဘာဝသည် **ရှပ်ကို နာမ်သွင်း။ နာမ်ကို ရုပ်ချုပ်၊ နာမ်ကို ရုပ်ခွာ**ဟု ပုံသေနည်းရှိပါသည်။

နောက်ပိုင်း ကျွန်တော်လည်း ရန်ကုန်မြို့တွင် အလုပ်ဝင်၍ အခေါ်၊ အစ်မများနှင့်နေရာ ငါးနှစ်ကျော်သွား



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ကျွန်တော်-မင်းဘူးသို့ ခဏပြန်လာသောအခါ ကိုဘိုကေလည်း မရှိတော့ပါ။ ခေါင်းက ဆံပင်ပါးအောင် တစ်နှစ်ပတ်လုံး ခေါင်းပေါ်က ကုန်စိမ်းတောင်းကို မချရဘဲ ရှာကျွေးခဲ့သည့်မိခင်ဒေါ်ပုခင်လည်း ကွယ်လွန်သွားပါပြီ။

အိမ်ရှေ့ သွပ်ကြမ်းပြင် တန်းထုတ်ထားသော သုံးပင်ပတ်လည် မြေစိုက်အိမ်လေးနှင့် အိမ်ဝိုင်းကို စားရေးသောက်ရေး စီးပွားရေး ချွတ်ခြုံကျ၍ ရောင်းစားရသည်ဟု သိရပါသည်။

ကျွန်တော်လည်း ယခုအချိန် ပင်စင်အငြိမ်းစားယူပြီး၍ ပညတ်ဓာတ်ဖွဲ့ယှက်မှု တရားအစဉ်ကို ဉာဏ်မီသလောက်အားထုတ်နေချိန်တွင် ကိုဘိုကေ၏ ပုံရိပ်ကို မြင်ယောင်လာပြီး သတိတရ ရှိလှသည်။

နောက် ကိုဘိုကေ သုသာန်က လူရိုးပြာကို အိမ်သို့ယူလာပြီး ဓာတ်လုံးထိုးသည်ကိုလည်း ကျွန်တော်ပဲ သိပါသည်။

သုသာန်က လူရိုးပြာနှင့် မိမိနေသောအိမ်၏ ပညတ်ဓာတ်ယှက်စပ်မှုကို ကျွန်တော် တွေးဆကြည့်မိပါသည်။

လူသား၏ ဇီဝယန္တရား လည်ပတ်နေစဉ် လောကနယ်၌ လူသည် သူ့ဘဝ သူ့အလုနှင့်...

လောကနယ်၌ အနှီလူသား ကွယ်လွန်သောအခါ အသုဘရုပ်နှင့် အန္တိမဘဝ သေဆုံးလောင်တုံး ပြာကျရ၏။

'သင်္ချိုင်းနယ်မှ ရုပ်နာမ်ဖျက်၏ ဗလာ
မသာပြာ ကိစ္စက ဝိပဿနာနယ်'

***(စလင်းကန်လယ် ဆရာတော်ကြီး၏ ဟောပြောမိန့်မှာချက်။)***

အဖြူအစိ အရာရာကို ဝေဖန်ပိုင်းရှု ဉာဏ်ကြီးသူ၌ ပါလိမ့်မည် ဆိုသကဲ့သို့ နေမင်း လမင်း တင့်တယ်ထွန်းလင်းသော **လူ့လောကနယ်၌ သေဆုံးလောင်တုံး အရိုးမျာပန ပြာကျသည့် ဓာတ်ကို မရောသင့်ပါဟု ယူဆမိ၏။**

ဗေဒနယ်တွင် လူနေအိမ်နှင့် လူရိုးပြာ မည်ကဲ့သို့ ဓာတ်ယှက်သည်ကို ကျွန်တော် ဓာတ်တိုင်ထူကြည့်မိပါသည်။

***




**(မင်္ဂလာရှိသော အိမ်အတွက် သုသာန်က လူရိုးသည် အနိုင်ဓာတ် အသေဓာတ်ကဲ့သို့ ဓာတ်ဖွဲ့ယှက်နေသည်ကို တွေ့ရပါ၏။ အိမ်နေလူသည်လည်း သစ်ဆွေးတုံးကဲ့သို့ ရိန္ဓမ်းပျက်သုဉ်းရမည်သာ။)**

**အောင်လှသန်း(မင်းဘူး)**

# အနာကျက်တဲ့ ငှက်ပျောစေး



တောထဲတောင်ထဲသို့ သွားရောက်၍ ထမင်းချေ၊ ရေခပ် တောတိုး သစ်ရွက်ခူးသူတို့ မကြာခဏ ဆိုသလို ဓားဖြင့် ခုတ်မိရှမိ ရှိကြသလို ငုတ်ထိုး၊ ကျောက်ချွန်ရှ၍ သွေးထွက်ပြီး အနာတရ ဖြစ်ကြရသည်။

တောထဲတောင်ထဲ သွားသူများသည် မည်သူမျှ ကြိုတင်၍ ဆေးမယူ သွားကြပေ။ အနာဖြစ်မှ ဆေးရှာကြသည်။ တောထဲမှ ပြန်လာမှသာ ဆေးလိမ်း ဆေးစား ကုသကြသည်။

အမြဲ တောသွားသူများမှာ ဆေးလည်း အပို ယူမသွား၊ ယူသွားလေ့လည်း မရှိကြ။ **အနာဖြစ်ပြီဆိုမှ တောငှက်ပျောပင်ကိုသာ ရှာပြီး ငှက်ပျောပင်ကို ခါးလယ်မှ ခုတ်လိုက်လျှင် ငှက်ပျောပင်မှအစေးများ ထွက်လာပေမည်။**

**ထိုအစေးဖြင့် ထိခိုက်မိသော အနာကို သုတ်လိမ်းပြီး အဝတ်ဖြင့် စည်းထားပါက သွေးတိတ်သွားပါလိမ့်မည်။** (၂)ရက်၊ (၃)ရက်ခန့်ကြာလျှင် စည်းထားသည့် အဝတ်ကို ဖြေလိုက်ပါ။ အနာမှာ ရောင်ခြင်း ရင်းခြင်း မရှိဘဲ အံ့သြစရာကောင်းလောက်အောင် ကျက်သွားကြောင်း တွေ့ရပေသည်။ ဒါကြောင့် အနာကို ကျက်စေတဲ့ ငှက်ပျောစေးလို့ ပြောလိုက်ပါရေ...

*ရောဂါကင်းဝေး ကျန်းမာကြပါစေ။*

**ဆရာဦးစိန်ညွန့်(သထုံ)**



www.burmeseclassic.com

www.burmeseclassic.com



# အလုပ်အကိုင် လာဘ်ပွင့်လန်းစေသည်

နေမင်း (နတ်မောက်)

ရှေးရှေးက အဆောင်ယတြာ

ရှေးဘိုးဘွားတို့ ထားရစ်ခဲ့သည့် အလွယ်အသာအယာ ပြုလုပ်နိုင်သည့် ယတြာလေးတစ်ခု တင်ပြလိုပါသည်။

ဤယတြာသည် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးများ အတွက်ပါ အံဝင်ခွင်ကျသည်ဟု ရှင်းပြပါသည်။

ရှင်းပြသူမှာ **နတ်မောက်မြို့နယ်၊ ချမ်းတောရွာမှ ရှေးမဟာဘုတ် ဗေဒင်ဆရာကြီးဟု နာမည်ကြီးခဲ့သည့် ဆရာကြီးဦးမာဒင်**ဖြစ်ပါသည်။

ခင်းသာကြီးစိန်မာဒင် နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားပွဲတွင် လာရောက် ကပြသည့်နှစ်က သူ့ကို မွေးခဲ့သဖြင့် ဦးမာဒင်ဟု အမည်ပေးခဲ့ကြောင်း သိခဲ့ရသည်။ ထားပါတော့။

ဆရာကြီးမှာ **အသက်ရှစ်ဆယ် ကျော်လုပြီ ဖြစ်ပြီး** မျက်စိရူးရှလှသည်။ နှုတ်မှ မခက်မခဲ မပင်မပန်း ရှင်လန်းစွာဖြင့် အလွယ်အသာ ပြုလုပ်နိုင်သော သူတိုင်းအတွက် ယတြာပညာလေး တစ်ရပ် ချီးမြှင့်ပါရန် ပြောဆိုမိသော အခါ ပြုံးရယ်ပြီး သုံး,လေးမျိုး ပြောပြပါသည်။

နှုတ်မှ အသံလည်း ဖမ်း၊ ရေး၍လည်း မှတ်သားခဲ့ပါသည်။

ဆရာကြီး ပြောပြသည့်များထဲမှ ယခုတင်ပြလိုသော ယတြာမှာ ကျွန်ုပ်သယယတြာဟု ထင်မြင်ယူဆမိသဖြင့် ဦးစွာပင် ရေးသား တင်ပြလိုက်ပါသည်။

'မည်သူမဆို လူတိုင်း လူတိုင်း **မိမိ၏ မွေးနေ့သိရုံဖြင့် အလွယ်တကူ ပြုလုပ်နိုင်ခြင်း**၊ ခက်ခဲပင်ပန်း မရှိခြင်း၊ ငွေကုန်ကြေးကျမရှိခြင်း၊ ကြီးကျယ် ခမ်းနားစရာမလိုခြင်းတို့ကြောင့် ယခု ယတြာကို လူတိုင်းလူတိုင်း တစ်နှစ် တစ်ကြိမ် ပြုလုပ်ပေးသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

မိမိ၏ မွေးနေ့သိလျှင် အမြစ်နံ၊ အညွန့်နံကိုသိရန် လွယ်ပါသည်။

**တနင်္ဂနွေသားသည် စနေမှာ အမြစ်နံဖြစ်၍ တနင်္လာသည် အညွန့်နံ** ဖြစ်သည်။

ဤဥပမာကို ကြည့်၍ အခြားနေ့သားများ အလွယ်သိပါလိမ့်မည်။

သို့သော် လူတိုင်း သိလွယ်စေရန် (၇)နေ့သားသမီးများ၏ အမြစ်,အညွန့်များ ရေးသား တင်ပြလိုက်ပါသည်။

* * * ————→

အထက်ဖော်ပြသည့် မိမိမွေးနေ့၏ အမြစ်အညွန့်ကို သိပြီဆိုလျှင် မိမိမွေးနေ့၏ **အမြစ်ရော အညွန့်ပါ,ပါသည့် သစ်သားကို တောင်ဝှေး ပြုလုပ်ရပါမည်။**

အလွယ်အသာ သိရန် ဖော်ပြလိုက်ပါသည်။

* * *

- ❖ တနင်္ဂနွေသားအတွက် - ထောက်ကြံ့သား
- ❖ တနင်္လာသားအတွက် ညြောသား
- ❖ အင်္ဂါသားအတွက် ခရေသား
- ❖ ဗုဒ္ဓဟူးသားအတွက် စိန်ပန်းသား
- ❖ ကြာသပတေးသားအတွက် လောက်သေသား
- ❖ သောကြာသားအတွက် ပိတောက်သား
- ❖ စနေသားအတွက် သစ်အယ်သား

တို့ ဖြစ်ပါသည်။

အထက်ဖော်ပြသည့်အတိုင်း မိမိ၏ အမြစ်,အညွန့်နံပါသည့် သစ်သားရပြီ ဆိုလျှင် မိမိ၏ အရပ်အမောင်းနှင့်အညီ ဖြတ်ယူပါ။

သင်၏ အရပ်အမြင့်သည် ငါးပေခွဲရှိလျှင် ငါးပေခွဲ ဖြတ်ယူပါ။

ထို့နောက် အရင်းအဖျား မလွဲစေဘဲ တောင်ဝှေးပြုလုပ်ပါ။ အရင်းဘက် တုတ်ပြီး အဖျားဘက်သို့ ပြေပြေလေး

| နေ့/နံ | အမြစ်နံ | အညွန့်နံ |
|---|---|---|
| တနင်္ဂနွေ | စနေ | တနင်္လာ |
| တနင်္လာ | တနင်္ဂနွေ | အင်္ဂါ |
| အင်္ဂါ | တနင်္လာ | ဗုဒ္ဓဟူး |
| ဗုဒ္ဓဟူး | အင်္ဂါ | ကြာသပတေး |
| ကြာသပတေး | ဗုဒ္ဓဟူး | သောကြာ |
| သောကြာ | ကြာသပတေး | စနေ |
| စနေ | သောကြာ | တနင်္ဂနွေ |



www.burmeseclassic.com

www.burmeseclassic.com

မသိမသာ သေးသွားသော ပုံစံပါ။

ပြီးလျှင် **အရင်းဘက်မှနေပြီး အဖျားဘက်သို့ သင်လိုရာဆန္ဒများ တောင်ဝှေးတွင် ရေးရပါမည်။**

ကျန်းမာချမ်းသာ လန်းဖြာရပါစေ၊ လိုရာဆန္ဒ ပြည့်ရပါစေ၊ ရည်မှန်းချက် အောင်မြင်ရပါစေ၊

စီးပွားလာဘ်လာဘ အလုပ်အကိုင် အဆင်ပြေရပါစေ စသည်ဖြင့် ရေးသားပါ။ **အထူးမှာ သစ်သားကို အရင်း အဖျား မလွဲပါစေနှင့်။**

အဖျားဘက်မှ အရင်းဘက်သို့ ရေးမိလျှင် သစ်ဓောက်ထိုးဖြစ်တတ်ပြီး ပိုဆိုး အဆင်မပြေ ဖြစ်တတ်သည်ဟု ဆရာကြီးမှ အမှာစကားပါးပါသည်။

ထိုသို့ပြုလုပ်ပြီးလျှင် **ယင်း တောင်ဝှေးနှင့်အတူ ခုနစ်ရက် အိပ်ရမည်။** မိမိအိပ်ရာနံဘေး ချအိပ်လျှင် ရပါပြီ။

ထို့နောက် မွေးနေ့နံနက်ပိုင်းတွင် ယင်းတောင်ဝှေးကို မိမိတို့ မြို့ရွာရှိ တန်ခိုးကြီးဘုရားတစ်ဆူဆူ၏ လက်ယာဘက်တွင် အရင်းကို အောက်ဘက်ထား၊ အဖျားကို အပေါ်ဘက်ထား ထောင်လျက် လှူဒါန်းရပါမည်။

တောင်ဝှေးနှင့်အတူ လှူဒါန်းရန်မှာ…

* * * ⟶

တို့ကို လှူ၍…

“ဒိဝါတပတိ” အစရှိသော ဂါထာကို(၉)ခေါက်ရွတ်ဆို၍ လှူကာ မေတ္တာပို့၊ အမျှဝေကာ မေတ္တာပို့ကာ လိုရာဆန္ဒများ ဆုတောင်းပါ။ ခုနစ်ရက်၊ ခုနစ်လအတွင်း ထူးခြားစွာ တိုးတက်ကြီးပွား၍ အောင်မြင်မှုများ ဝင်လာ… တသဲသဲ ဆိုသလို ထပ်ကာထပ်ကာ ရရှိ လာပါလိမ့်မည်။


လူတိုင်း မခက်မခဲ မပင်မပန်း ရှင်လန်းစွာ ပြုလုပ်နိုင်ကြပါစေ။

**နေမဝင်(နတ်မောက်)**

- တနင်္ဂနွေသားသည် “ကျောက်ကျော”
- တနင်္လာသားသည် “ဆီးယို”
- အင်္ဂါသားသည် “လမုန့်”
- ဗုဒ္ဓဟူးသားသည် “ပေါက်ပေါက်ကို ပျား… ဆမ်း၍လှူ”
- ကြာသပတေးသည် “သီးယို”
- သောကြာသားသည် “ထန်းလျက်”
- စနေသားသည် “အုန်းသီးစိတ် …”

## ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ





## ထီးလိုက ရွေးချယ်ပါ ဤဂဏန်း

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

**အကြိမ်** ၃၃၄
**အောက်တိုဘာလ** + ၁၁
**ခုနှစ်** ၂၀၁၆
၂၃၆၁ = ၁၂ = ၃

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၃)ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၃၊ ၆၊ ၈၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၁၊ ၃၊ ၆၊ ၈** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| စ…ဆုံး | စ…ဆုံး | စ…ဆုံး | စ…ဆုံး |
|---|---|---|---|
| ၁…၁ | ၃…၁ | ၆…၁ | ၈…၁ |
| ၁…၃ | ၃…၃ | ၆…၃ | ၈…၃ |
| ၁…၆ | ၃…၆ | ၆…၆ | ၈…၆ |
| ၁…၈ | ၃…၈ | ၆…၈ | ၈…၈ |
| ၁…၀ | ၃…၀ | ၆…၀ | ၈…၀ |

မှတ်ချက် ။ ။ (…)ကွင်းအတွင်းတွင် **၃၊ ၆၊ ၈** ဂဏန်းများ ဦးစားပေး ရွေးချယ်ပါ။

“**အကြိမ်**”ဂဏန်းမပါဘဲ “**လ**” ဂဏန်းနှင့် “**နှစ်**”ဂဏန်းကိုသာ ပေါင်းပါက (၁+၁+၂+၀+၁+၆) = ၁၁ = ၂ ဂဏန်းရ၍ (၂)ဂဏန်းမှာ အားကြီးပါသည်။ သို့ဖြစ်၍…

| စ… | ဆုံး | | | | | |
|---|---|---|---|---|---|---|
| ၁… | ၁ | ၂ | ၃ | ၆ | ၈ | ၀ |
| ၃… | ၃ | ၆ | ၈ | ၀ | ၁ | ၂ |
| ၆… | ၆ | ၈ | ၀ | ၁ | ၂ | ၃ |
| ၈… | ၈ | ၀ | ၁ | ၂ | ၃ | ၆ |

ဤလတွင် **တနင်္လာနှင့် အင်္ဂါသား သမီးများ** ထီကံ အထူးပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှေးဟောင်း ဘုရားတစ်ဆူဆူတွင် ဘုရားရင်ပြင်တော်ကို (၅)ရက်တိတိ သန့်ရှင်းရေးလုပ်ပေး… မိမိ၏ မွေးနံအရပ်ထောင့်တွင် ရေချမ်း… သက်စေ့ လှူဒါန်းပေးပါ။

မေတ္တာသုတ်တော်ကြီးကို မိမိသက်စေ့… (၁၀၈)လုံး ပုတီးကုံးဖြင့် များများပူဇော်ပေး…

ဤအဓိဋ္ဌာန် အောင်မြင်ပြီးပါ… သက်ကြီးရွယ်အို(၅)ဦးအား မိမိ တတ်နိုင်… သမျှ ဆေးဝါးများ လှူဒါန်းပေးပါ။ ပြီး… ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦ ၃၁၂၁၈၀ ✦ ၂၈၆၃၃၁ ✦ ၆၀၈၃…

**ထီကံ ပွင့်ပါစေ**

**ဆရာရဲထက် (…)**



www.burmeseclassic.com

www.burmeseclassic.com

# မြွေကုဆရာကြီးနှင့် တွေ့ဆုံခြင်း

ဘုန်းမြင့်ကျော်

မြွေကုကျော်ကြားသော ဆရာကြီး
နှင့် တွေ့ရန် **ဆန်နီချောင်ကျေးရွာသို့**
ရောက်ခဲ့ပါသည်။ **ဆန်နီချောင်**
**ရွာမှာ မြန်အောင်မြို့မှ ရထားစီး**
**လျှင် တစ်ဘူတာသာ စီးရပါ**
သည်။ အနေးရထားနှင့်မှ ရောက်ပါ
သည်။ အမြန်ရထားမှာ ဘူတာငယ်
ဖြစ်၍ မရပ်ပါ။

ရထားဆိုက်လျှင် စတင် တွေ့ရှိသော
သူကို မေးလိုက်ပါလျှင် ဆရာကြီး၏
အိမ်ကို ညွှန်ပြကြပါသည်။

ဆရာကြီး၏ အမည်မှာ **ဦးသာဂဒိုး**
ဖြစ်ကြောင်း သိရပါသည်၊ ဆရာကြီး၏
သဘောမှာ လွန်စွာ ဖော်ရွေကြပါသည်။
ကျွန်ုပ်တို့၏ လာရင်းကိစ္စနှင့် ပတ်
သက်၍ ဆရာကြီးမှာ မြွေကုကျော်ကြား
သည့်အတွက် ကုထုံးကုလက်နှင့်
ပတ်သက်သော အချက်အလက်များ
ကို ကြားနာလိုပါ၍ လာရောက်ခြင်း
ဖြစ်ပါကြောင်း ရှင်းပြလိုက်ပါသည်။

○ 'သိချင်တာရှိရင် မေးနိုင်ပါတယ်။
သိသမျှတော့ ဖြေပါမယ်'


❒ **'ဆရာကြီး အသက်တယ်လောက်**
**ရှိပြီလဲ ခင်ဗျာ'**

○ '၁၂၉၅ ခုနှစ်၊ ကဆုန်လဆိုတော့
(၆၀)နှစ်ရှိပါပြီ'

❒ **'မြွေကုပညာနဲ့ ပတ်သက်ပြီး ဆရာ**
**ကြီး၏ ဆရာအစဉ်အဆက်ရှိရင်**
**သိပါရစေ'**

○ 'ပထမဆရာက တွံတေးအရှေ့
ဘက် ကံဘဲ့ရွာ အနောက်တောင်
ဘက်မှာ ကျောင်းရှိတယ်။ ဆရာ
တော်ဘွဲ့က **မိုးကြိုးပစ်ဆရာတော်**
ဖြစ်ပါတယ်။

ဒုတိယဆရာက ကွမ်းခြံကုန်းမြို့
နယ် ကညည်းစုရပ်မှ **ဆရာကြီး**
**ဦးလှမောင်** ဖြစ်ပါတယ်၊ တတိယ
ဆရာကတော့ **ရခိုင်ဆရာကြီး ဆရာ**
**ထွေး** ဖြစ်ပါတယ်။ ယင်းဆရာကြီးထံ



မှာ ဗိန္ဒောပညာ သင်ယူခဲ့ပါတယ။

စတုတ္ထဆရာကတော့ **ရခိုင်**
**မာန်အောင်မြို့မှ ဆရာတော်ဦးနန္ဒ**
ဖြစ်ပါတယ်'

❒ **'တိုင်းရင်းဆေးလက်မှတ်များ ရှိပါ**
**သလား ခင်ဗျာ'**

○ 'တိုင်းရင်းဆေးလက်မှတ်တော့ မရှိ
ပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံလုံး
ဆိုင်ရာ အဘိဓမ္မာတောင်သာ ဆေး
ပညာအဖွဲ့ချုပ်မှ အသိအမှတ်ပြုပြီး
စာအုပ် ထုတ်ပေးထားတာတော့
ရှိပါတယ်'

❒ **'အခြားထူးခြားသော သင်တန်းများ**
**တက်ခဲ့တာရှိရင် သိပါရစေ'**

○ 'ကျောက်ဖြူမြို့တွင် ၁၉၅၅ ခုနှစ်၊
(၁၀)လပိုင်းလောက်က တပ်တွင်း
ဆေးမှူးသင်တန်းတက်ခဲ့ဖူးပါတယ်။
၁၉၆၄ ခုနှစ်လောက်က (BPI)မြွေ
ဆိပ်ဖော်ဖို့ တပ်မတော်မှ တပည့်
နှစ်ယောက်နဲ့အတူ လေ့လာနိုးနော
ဖလှယ်ရန်တစ်လ သွားရောက်ခဲ့ပါတယ်။

' တော်လှန်ရေးကောင်စီ လက်ထက်
မြန်မာသမားတော်ညီလာခံ ရန်ကုန်
မြို့မှာ ကျင်းပသည်ကို တက်ရောက်ခဲ့
ရပါတယ်'

❒ **'ဆရာကြီးက တပ်မတော်မှာ**
**အမှုထမ်းခဲ့တယ်ဆိုတော့'**

○ 'ဟုတ်ပါတယ် ကျွန်တော် ကဒုံကနီ
ရောမှ တပ်က ထွက်ခဲ့ပြီး
ကျိုက်ထော်ကို ပြန်ခဲ့တယ်။ နောက်
မှ မြန်အောင် ဆန်နီချောင်မှာ
အခြေချတာပါ။

တပ်မတော်က ထွက်တုန်းက ကျွန်း
ညိုကြီးမှ (၁၂)တောင်ရှည်တဲ့ ငန်းမြွေ
ထီးတစ်ကောင်၊ မိန်းမလှကျွန်းက (၇)
တောင်ရှည်တဲ့ ငန်းရွှေဝါမတစ်ကောင်
ဖမ်းယူခဲ့ပါတယ်။

တိရစ္ဆာန်ကြီးကြပ်ရေးမှူး ဗိုလ်ရွှေ
သိန်းက လှူဒါန်းဖို့ ကမ်းလှမ်းတာနဲ့
ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို လှူခဲ့ဖူးပါ
တယ်'

❒ **'ဆရာကြီးမှာ သားသမီး ဘယ်**
**နှစ်ယောက်ရှိပါသလဲ ခင်ဗျာ'**

○ '(၅)ယောက်ရှိပါတယ်။ သား
အကြီးဆုံးက ဦးညွန့်မောင် မီးသတ်
အရာရှိ ကျိုက်ထော်၊ ကော့မှူးမြို့
နယ်ခွဲမှာပါ ကျန်တဲ့ (၄)ယောက်
ကတော့ အတူနေပါပဲ'

❒ **'သားသမီးတွေကိုရော ပညာအမွေ**
**ပေးထားပါသလား ခင်ဗျာ'**

○ 'ဟုတ်ကဲ့ အားလုံးကို ပေးထားပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်'

❐ 'အခြားတပည့်များရော ရှိပါသလား။ ခန့်မှန်း ဘယ်နှစ်ဦးလောက်ရှိပါသလဲ ခင်ဗျာ'

❍ 'ခန့်မှန်းခြေအားဖြင့် တပည့်ပေါင်း (၁၃၀)ခန့် ရှိပါတယ်။ ပုပ္ပါး၊ ကျောက်ပန်းတောင်း၊ ကြံခင်း၊ မြန်အောင်၊ ထူးကြီး နေရာအနှံ့ပါပဲ'

❐ 'မြွေကိုက်ခံရတဲ့သူ ဘယ်နှစ်ဦးလောက် ဆရာကြီး ကုခဲ့ပါသလဲ ခင်ဗျာ'

❍ 'ခန့်မှန်း(၈၀)ကျော်ခန့် ရှိပါတယ်'

❐ 'ဘယ်နှစ်ဦးအသက်အစဉ် ရှိခဲ့ပါသလဲ ခင်ဗျာ'

❍ '(၄)ဦးလောက်တော့ရှိမယ်'

❐ 'ဆရာကြီး မြွေတစ်မျိုးတည်း ကုပါသလား ခင်ဗျာ'

❍ 'အနာကြီးရောဂါ၊ လေငန်းရောဂါများကိုလဲ ကုပါတယ်'

❐ 'ဟုတ်ကဲ့ခင်ဗျာ မြွေကုတဲ့အခါ ဂါထာမန္တန်နဲ့လား၊ သို့မဟုတ် ဆေးဝါးသက်သက်နဲ့လား ဆိုတာသိပါရစေ'

❍ 'မြန်မာ့ကုထုံးမှာတော့ ဂါထာမန္တန်နဲ့ မကင်းပါဘူး။ အဓိကတော့ ဆေးနဲ့ပါ'


❐ 'အဲဒီဆေးများကို သိခွင့်ရနိုင်မယ်ဆိုရင် သိရပါစေဆရာကြီး'

❍ 'ကျွန်တော့်ပညာကို သေရွာယူမသွားချင်ပါဘူး။ မသေခင် အကြီးမားဆုံးသောဒါနပြုသွားချင်ပါတယ်။ ဒီဒါနကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မဖြစ်စေချင်ဘူး။ လူသားအားလုံးအတွက် အကျိုးသက်ရောက်စေချင်တယ်။ ဆရာက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးမယ်ဆိုတော့ ကျွန်တော်ပြုချင်တဲ့ ဒါနဟာ တစ်လုံးတစ်ဝတည်း ပြည့်သွားပြီလို့ ဆိုရမှာပါ'

❐ 'ဆရာကြီးရဲ့ ပညာဒါနကိုတော့ လူသားခုခေါ် နတ်သားခုခေါ်ကြမှာပါ။ နောက်ပြီး ဆရာကြီးကဲ့သို့ ပညာဒါန ပြုချင်ကြတဲ့ ပုဂ္ဂိုလ်များ ပေါ်ပေါက်လာကြပါစေလို့လဲ ကျွန်တော်တို့ ဆုတောင်းပေးရှာ ပို့သရမှာပါ ခင်ဗျာ'







❍ 'ကျွန်တော့်ရဲ့ ပထမဆရာကတော့ ကိုယ်လုံကိုယ်ခံအဖြစ် မြွေဆေးထိုးပေးတယ်။ အဲဒီဆေးနည်းကိုတော့ ကျွန်တော် မသိပါဘူး။

ဒုတိယဆရာဖြစ်တဲ့ ဆရာကြီး ဦးလှမောင်ဆေးနည်းကတော့ **စိန်နီ၊ ဆေးဒန်း၊ ကန့်၊ ဟင်းရိုင်း၊ ဝက်သား၊ ဒုတ္တာ၊ လက်ချား ဆိုတဲ့ သတ္တုခုနစ်ပါး ဆေးဖြစ်ပါတယ်။**

ဒီ သတ္တုခွန်း(၇)ပါးစာတ်ကို တစ်ကျပ်သားစီစု မှုန့်အောင်ထောင်း၊ ယမ်းစိမ်း (၁၅)ကျပ်သား၊ ကျောက်ချဉ် (၄၀)ကျပ်သားအားလဲ အမှုန့်ထောင်း အားလုံးသမအောင်မွှေ သံဒယ် အသစ်တွင်ထည့် သံပရာရည် နစ်အောင် စိမ်၊

မီးအေးအေးနဲ့ ဝေမကျအောင် ချက်ရပါတယ်။ ခပ်ထပ်ထပ်ရှိရင် အောက်ချအအေးခံ ဆေးများကို ရွှေငယ်စေ့ခန့် လုံးထား ခြောက်အောင် နေလှန်းပါ။

မြွေကိုက်ခံရသူအား အဲဒီ ဆေး တစ်ခါတိုက်ရင် တစ်လုံး၊ တစ် သုံးကြိမ်တိုက် ပျောက်ပါတယ်။

အဲဒီဆရာကြီးဟာ အသက်(၁၀) သားမှာ မြွေကုသခဲ့တာ တစ်ယော မှ အပျောက်အရှ အဖိတ်အစဉ် ကြောင်း သိခဲ့ရပါတယ်။

တတိယဆရာကတော့ ဗိန္ဒောပညာ သင်ပေးတာပါ။ စတုတ္ထဆရာကတော့ မြွေဆေးရော၊ ဗိန္ဒောဆေးရော အခြား လောကီပညာရပ်များပါ သင်ကြား တဲ့ **ကွမ်းသီးချောင်း ဆရာတော် ဦးနန္ဒ**ဖြစ်ပါတယ်။

ဆရာတော်၏ ဆေးကတော့...

'မြွေသူတော်(ခေါ်) ငန်းတော်ကျား ပုံသ ကို ဗိုက်ခွဲ၊ သည်းခြေထုတ်ယူထား ဗိုက်ထဲသို့ နန်းလုံးကြိုင်အပြည့်ထ ထောင်းကောင်း၍ မီးကင် အမှုန့်ပြု နောက် ပျဉ်းတော်မ၊ ပျဉ်းတော်ခွ ဆေးယင်နဲ့ လေးတူ ထည့်ကြိတ်၊ ငန်းတော် ကျား ဗိုက်ခွဲစဉ်က ထုတ်ယူထား သည်းခြေထည့်...

နောက်ပြီး စပါးကြီးသည်းခြေ တော သည်းခြေ မိကျောင်းသည်းခြေ ရှိုင်း သည်းခြေများ ထည့်ကြိတ် အဆေး လုပ်ထားပါတယ်'

❐ 'ဆရာတော်ဦးနန္ဒဆေးနည်းတ ဇွယ်ဝံ့ကျော်ထင်ကျမ်းမှာ ကျွန်တော် ဖတ်ရှုတဲ့ ဆေးနည်းအတိုင်းပါပဲ။

မင်းရင်ဆေးကတော့ ငန်းတော်ကျား ပုံသကွဲ့ဗိုက်ထဲ နန်းလုံးကြိုင်အပြည့်ထ အခြောက်လှန်း၊ နန်းလုံးကြိုင်မှုန့် အချည်းမှုန့် ကြိတ်ပါတယ်။

အဲဒီဆေးရင်းထဲမှာ ကျွန်တော် ဆရာက တောသူမင်းကြီး ဆေး ကလေး ထည့်ကြိတ်ပါတယ်။ ဒီနေရာ နည်းနည်းကွာ ဟနေတာက ဆရာ ပျဉ်းတော်မ ပျဉ်းတော်ခွ ကျွန်တော်တို့ တောသူမင်းကြီး ဆေးကလေး ခြ တယ်။ ဆေးအခေါ် ကွဲပြားနေတာလ တော့မသိဘူး။ ဆေးမင်း မြစ်ရင်း





www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်းမှာပါ'

○'ဟုတ်ပါတယ် ရာသီဥတု သာတဲ့အခါ အုတ်ရှစ်ကုန်း တဲကြီးကုန်း တောင်ကြောဘက် ထွက်ရှာပြီး ပြုပါမယ်'

❒ **'တွေ့ရှုတော်ပါတယ် ဆရာကြီး ခင်ဗျာ အခု ယခု ဆရာကြီး ကုနေတာက ဘယ်ဆေးနည်းနဲ့ လက်တွေ့ ကုသနေပါသလဲ'**

○'ယခု ကျွန်တော်ကုနေတာက ဆရာကြီးနှစ်ဦးရဲ့ ဆေးနှစ်ခုလုံးကို ပေါင်းကြိတ်ပြီး **ဂဠုန်ရာဇာထုံဆေး** ကြီးလို့ နာမည်ပေးပြီး အဲဒီဆေးနဲ့ ပင် ကိုယ်လုံးကိုယ်ခံဆေးထိုးပေးတယ်။ ကုတဲ့အခါမှာလဲ အဲဒီဆေးနဲ့ ကုသပါတယ် ခင်ဗျာ'

❒ **'ဆရာကြီးရဲ့ ဂဠုန်ရာဇာထုံဆေးကြီး အသုံးချနည်းကို သံပရာရည် ရောစပ်ပြီး (၃)ပုံ (၁)ပုံနှုန်းနဲ့ ရောစပ်ထိုးပါတယ်။**

နောက်ပြီး အဲဒီဆေးကို သံပရာရည်နဲ့ သွေးပြီး ငယ်ထိပ်ကနေ ခြေချင်းဝတ်အထိ စုတ်နဲ့ ထိုးရပါတယ်။ ဒီနေရာမှာ အတွေ့အကြုံကရတဲ့ သင်ခန်းစာလေးတစ်ခုပြောချင်ပါတယ်'

❒ **'အဲဒီလို ရှိပါ ဆရာကြီး'**

○'ဒီလိုဗျ… မြွေကိုက်ခံရတဲ့ သူနာတစ်ဦးကို ကျွန်တော့်တပည့်တစ်ယောက်က သမားစဉ်အတိုင်း ဆေးတိုက်တယ်။ နောက်ပြီး ငယ်ထိပ်က ခြေချင်းဝတ်အထိ စုတ်နဲ့ ထိုးပါတယ်။

လူနာဟာ အဆိပ်တက်တဲ့ လက္ခဏာ မရှိတော့ဘူး။ ဒါပေမယ့် ခြေထောက်တစ်ခုလုံးမချိမဆံ့ ရောင်နေတယ်။ အဲဒီလက်က ရောင်လိုက် လျော့လိုက်နဲ့ ဖြစ်နေတော့ ကျွန်တော့်တပည့်က ကျွန်တော့်ကို လာခေါ်တယ်။ ကျွန်တော်လိုက်သွားပြီး ဆေးနဲ့ သံပရာရောစပ်ပြီး စုတ်ပေါက်တယ်။ နောက်ပြီး ခဏခဏ လူးပေးခိုင်းတယ်။ တစ်ပတ်လောက်ကြာမှ ပျောက်သွားတယ်၊

ဒီလို ဘာကြောင့်ဖြစ်ရသလဲလို့ ကျွန်တော် အပြန်ပြန်အလှန်လှန် စဉ်း



စားတယ်။ ဒီတော့ အဖြေတစ်ခု ရလာတယ်။ ကျွန်တော့်တပည့်ကို ခေါ်ပြီး ကုသပုံရေဆုံးရေဖျား မေးရတော့တယ်၊

မင်း ငယ်ထိပ်ကနေ ခြေချင်းဝတ်အထိ ဆေးထိုးတဲ့အခါ ဆက်တိုက်ထိုးချလိုက်သလားလို့ မေးတော့ တပည့်က ဝန်ခံပါတယ်။

နောက် တို့သတိထားရမယ့် အချက်တစ်ချက်ကို ငါသိပြီ ဘာလဲဆိုတော့ မင်းက ဆေးကို ဆက်တိုက် ထိုးချလိုက်တော့ အဆိပ်က ပြန်ဆင်းချိန်မရဘဲ ရောက်တဲ့နေရာမှာ အဆိပ်အကျဉ်းကျပြီး အထက်မရောက် အောက်မရောက်နဲ့ ဒုက္ခဖြစ်တော့တာပေါ့ကွာ။

ဒီတော့ နောက်ကို ဆေးပေါက်ပေးရင် ငယ်ထိပ်ကနေ ကုပ်အထိ ထိုး၊ အဲဒီနေရာမှာ ငါးမိနစ်ရပ်ထား၊ နောက် ကုပ်မှ ခါးဆစ်ရောက်အောင် ထိုး၊ ငါးမိနစ်ရပ်ထား။

နောက် ခါးဆစ်မှ ဒူးရောက်အောင် ထိုး၊ ငါးမိနစ်ရပ်ထား။ ဒူးမှ ခြေချင်းဝတ်အထိထိုးလို့ ပြောလိုက်ရပါတယ်။

ကျွန်တော်ကိုယ်တိုင်လဲ ဒီအတိုင်း ခုထိုးဆေးပေါက်ပေးပါတယ်။ ဒါဟာ အတွေ့အကြုံကရတဲ့ သင်ခန်းစာ တစ်နည်း ကုထုံးကုလက်ပေါ့'

❒ **'ခြေချင်းဝတ်ကို ထိုးပြီးရင် ငါးမိနစ်ရပ် ခြေဖျားအထိ ဆက်မထိုးရတော့ဘူးလား ဆရာကြီး'**

○'ကျွန်တော် ကုလာတဲ့ လူနာထဲမှာ ခြေချင်းဝတ်အောက် ထိုးပေးရတဲ့ သူတစ်ယောက်မှ မရှိဘူး။

ခြေချင်းဝတ်အထိထိုးပြီးရင် ဒဏ်ရာမှာ အဆိပ်တွေ နုပ်ချေးလို ဖြူဖြူပျစ်ပျစ်တွေ ပြန်ထွက်ကျလာတော့တာပဲ။ နောက်ပြီး လူနာကို နှာဆေးထပ်ပေးလိုက်ပါတယ်'

❒ **'နှာဆေးက ဘယ်လိုဟာပါလဲခင် ခင်ဗျာ'**

○'နှာဆေးကတော့ အမျိုးမျိုး ရှိပါတယ်။ ဒါပေမယ့် မြန်ဆန်လွယ်ကူထိရောက်တဲ့ နှာဆေးကတော့ **စိန်နီ၊ ဆေးခန်း၊ ကန့်၊ ဟင်းရိုင်း**ကို လေးတူ အမှုန့်ပြု နားဖာကလော် တစ်ဖွန်းစာလောက် စက္ကူတွင် ထည့်လိပ်၊ နှာခေါင်းထဲကို မှုတ်သွင်းပေးလိုက် အားလုံးကောင်းသွားပါလိမ့်မယ်'

❒ **'တကယ်တော့ "စိန် ဆေး ကန့်၊ ဟင်းရိုင်းလေးမျိုး" ဆိုတာ မြွေဆိပ်ကို မြွေဆိပ်နဲ့ ဖြေပြတဲ့သဘောတရားပေါ့ ခင်ဗျာ'**

○'ဟုတ်ပါတယ်'

❒ **'လှိုက်လှိုက်လှဲလှဲ တွေ့ရှုတော်ရှိပါတယ်။ သေသေချာချာ အသုံးပြုပုံ အသေးစိတ် အချက်အလက်များအား စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြတဲ့အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ စာဖတ်ပရိသတ်များကိုယ်စား ဆရာကြီးကို အထူးကျေးဇူးတင်ကြောင်းပါ ခင်ဗျာ'**

***မြွေဆိပ်အန္တရာယ်ဘေး ကင်းဝေးကြပါစေ***

### ဘုန်းမြင့်ကျော်

ဓာတ်ရှင်၊ ဒိုးသေဘီ၊ ပညာရှင်များသို့ ပန်ကြားလွှာ…

ဤဆောင်းပါးမှာ (၁၀-၇-၂၀၀၀) ပြည့်နှစ်က ပေးပို့ခဲ့သော ဆောင်းပါးဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။

ယခုအခါ ဆောင်းပါးတွင် ပါဝင်သော မြွေကုဆရာကြီး၏ အဆက်အနွယ် တပည့်များမှ ဆက်လက်ရေးသားဖော်ထုတ်ပေး၍ မှတ်တမ်းတင်ကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်…

ဦးအကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

သီးနှံပင်များသာမက လူသားနှင့် အိမ်မွေးတိရစ္ဆာန်အတွက်ပါ စွယ်စုံအသုံးဝင်သည့်

# အရွက်ကစော်ဖောက် အပင်အားဆေးရည်

**Fermented Plant Juice(FPJ)**

တန်ခြေ



▲ အရွက်ကစော်ဖောက် အပင်အားဆေးရည် (F.P.J) ဖောက်လုပ်ပုံ

စာရေးသူရဲ့ မိတ်ဆွေတစ်ဦးက ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယ မြို့မှာ ဂျပန်နိုင်ငံက ပညာရှင်နဲ့ ဒေသခံ အော်ဂဲနစ် စိုက်ပျိုးရေးပညာရှင်တစ်ဦး တို့ ပူးပေါင်းပို့ချတဲ့ တောင်သူအကျိုးပြု အော်ဂဲနစ်သင်တန်းကို (၂)နှစ်တိတိ တက်ရောက်ပြီး ကိုယ်တိုင်လဲ သီးနှံပင် မျိုးစုံကို စိုက်ပျိုးထုတ်လုပ်နေသူတစ်ဦး ဖြစ်ပါတယ်။

သူ့ရဲ့ခြံထဲမှာ အဲဒီနည်းပညာတွေ နဲ့ စိုက်ပျိုးထုတ်လုပ်ထားတဲ့ သီးနှံ တွေဟာဆိုရင် ဘေးပတ်ဝန်းကျင်က သမားရိုးကျနဲ့ ဓာတ်မြေဩဇာတွေကို အားကိုးစိုက်ပျိုးတဲ့ အခြားတောင်သူ တွေရဲ့ သီးနှံပင်တွေထက် ပိုမိုကြီးထွား သန်စွမ်းပြီး အရသာ ပိုရှိပါတယ်။

ဒ့ါအပြင် ဈေးကွက်ရောက်သွားရင် လဲ အခြားခြံထွက်သီးနှံတွေလို အသီး တွေရှုံ့သွားတာမျိုး၊ ဟင်းသီးဟင်းရွက် တွေ နွမ်းလွယ်တာ၊ ပုပ်လွယ်တာ၊ ဘုရားပန်းတွေ ညှိုးနွမ်းလွယ်တာမျိုး မဖြစ်ဘဲ အမြဲစိမ်းလန်းနေတာကို တွေ့ ရပါတယ်။

ဒါကြောင့် သူ့ဆီကို တကူးတက သွားရောက်ပြီး အချိန်ယူမေးမြန်းခဲ့ တယ်။ သူက သင်တန်းတက်တဲ့ **ဓာတု ကင်းလွတ်အော်ဂဲနစ်** နည်းပညာ သင်တန်းက သင်တန်းမှတ်စုနဲ့ လက် တွေ့ပြုလုပ်နည်းတွေ အကုန်လုံး စာရေးသူကို စိတ်ရှည်လက်ရှည် အကုန်ရှင်းလင်းပြသပါတယ်။

ဒါနဲ့ပဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအတွက် စိုက်ပျိုးရေး ရောင်ခြည်ကဏ္ဍကနေ လွယ်ကူ သက် သာပြီး ကုန်ကျစရိတ်လဲနည်းကာ လက်တွေ့ အသုံးဝင်တဲ့ စိုက်ပျိုးရေး နည်းပညာလေးတွေကို ဖြန့်ဝေပေး လိုက်ပါတယ်။

ဒီလို ဖြန့်ဝေရာမှာ သူပေးတဲ့ **သဘာဝအားဆေး၊ ပိုးသတ်ဆေးနဲ့ မှိုရောဂါသတ်ဆေးနည်း** ပညာတွေ ကို သင်ခန်းစာ အမှတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။

ဒီတစ်ပတ်မှာ မိမိစိုက်ခင်း၊ ခြံစည်း ရိုးနဲ့ အနီးအနား ပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝ ပေါက်ပင်လေးတွေကနေမှ သီးနှံတွေကို ပက်ဖျန်းအသုံးပြုရတဲ့ **အပင်ကစော်ဖောက် အားဆေးရည် [Fermented Plant Juice(FPJ)]** ပြု လုပ်နည်းကို ဖော်ပြပေးလိုက်ပါတယ်။

## ပြုလုပ်ပုံကတော့

**မြေရွက်ပင်၊ ဝိစပ်ပင်၊ မှုံ(ဝါးစို့)၊ ပဲရိုင်းပင်နဲ့ ပဲအမျိုးအနွယ်ပင်များရဲ့** အညွန့်ထိပ်ဖျားများ၊ **ဂျုံယယ်ပင်များ** ... **သခွား၊ ဘူး၊ ကျောက်ဖရုံ၊ ဖော်** ... **သီးပင်တို့ရဲ့** ထိပ်ဖျားတို့ကို နေ ... ခြည် မထွက်မီ အစိုဓာတ်ရှိ ... မနက်ခင်းအစောမှာ လိုက်လံ ခူး ... ရပါမယ်။

အိမ်ရောက်ရင် တစ်လက် ... အရှည်ခန့် ခုတ်ဖြတ်စဉ်းရပါမယ်။ ... တို့ ခူးဆွတ်လာတဲ့ အရွက်စို ... အရှည် တစ်စင်တီမီတာမှာ တ ... ကစော်ဖောက် အကျိုးပြု အ ... ဘက်တီးရီးယား စုစုပေါင်း တစ် ... အထိ ရှိပါတယ်။

အဲဒီ ခုတ်စဉ်းပြီးသား အရွက် ... ကို **ကြံသကာ**(သို့မဟုတ်)သကြား ... (သို့မဟုတ်)**ထန်း**...**ချက်ခဲ**နဲ့ ထု...



www.burmeseclassic.com

www.burmeseclassic.com

ထုရောမွှေရပါမယ်။ ကြံသကာနဲ့ ထန်းလျက်ကိုတော့ ထုခြေထားမယ် ဆိုရင် ပိုကောင်းတာပေါ့။ မိမိလုပ်နိုင် သလောက် ပမာဏအထိ ရောမွှေပြီး သန့်ရှင်းတဲ့မြေအိုး (သို့မဟုတ်) စဉ့်အိုးတစ်လုံးမှာ သုံးချိုး နှစ်ချိုးအထိ ထည့်ရပါမယ်။


အဲဒီ ကုန်ကြမ်းပစ္စည်းတွေကို ထည့်ခင်မှာ ကြံသကာ၊ ထန်းလျက် ကို စဉ့်အိုးအောက်ခြေမှာ တစ်လက်မ ခန့် အခံထည့်ပေးပြီး အပေါ်ကနေ တစ်လက်မခန့် ဖုံးအုပ်ပေးစေချင်ပါ တယ်။ ပြီးရင် စဉ့်အိုးဝနဲ့ ဆံ့တဲ့ ကျောက်တုံးနဲ့ဖြစ်စေ ရေစင်အောင် ဆေးပြီး အပေါ်ကနေ ဖိထားပေးပါ။

အဲဒီ စဉ့်အိုးအဝကိုမှ ရှမ်းစက္ကူ ဖြစ်စေ၊ သတင်းစာဂျာနယ်ဖြစ်စေ တစ်ခုခုနဲ့ ဖုံးအုပ်ပြီး ကြိုးတစ်ချောင်းနဲ့ ချည်ပါ။ ပလတ်စတစ်စ၊ မိုးကာစတွေ သုံးရပါ။

ဘာကြောင့် စက္ကူကိုမှ သုံးရတာလဲ ဆိုတော့ အရွက်နဲ့ အတူပါသွားတဲ့ အကျိုးပြု အနုဇီဝပိုးလေးတွေက အောက်စီဂျင်ကိုရယူဓာတ်ပိုးပြီးအလုပ် လုပ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

(၇)ရက်ခန့် သိုလှောင်ပြီးနောက် အထဲက ထွက်လာတဲ့ **အပင်ကစော် ဖောက်ရည်**ကို စစ်ယူပြီး အသုံးပြုနိုင် ပြီဖြစ်ပါတယ်။

စစ်ယူပြီးအကျန် အရွက်အကြွင်း အကျန်တွေကို အားနည်းတဲ့ သစ်သီး ပင်တွေနဲ့ ဝါပြီးချိန်နေတဲ့ အပင်တွေ အောက် အပေါ်ယံမြေဆီလွှာကိုဖော်ပြီး မြှုပ်နှံလို့ ရေရွှဲစိုအောင် လောင်းပေးပါ က ကောင်းမွန်စွာ ပြန်လည်သန်စွမ်း လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။




---

အသုံးပြုပုံကတော့

**အပင်ပေါက်ခါစနဲ့ ပျိုးငယ်ပင်များ အဆင့်မှာ ဆေးတစ်ဆ ရေအဆ တစ်ထောင်**(ရေ လေးဂါလန်မှာ ဆေး ရည် ၂၀ စီစီ)သုံးနိုင်ပြီး စိုက်ပင် ကြီး ထွားရင် ကြီးထွားလာသလို အဆငါးရာ ထိ ရောစပ်အသုံးပြုနိုင်ပါတယ်။ (၅) ရက်ကနေ (၇)ရက်တစ်ကြိမ် ပက်ဖျန်း အသုံးပြုအသုံးပြုနိုင်ကြောင်းသိရတယ်။

အထက်ပါ အပင်ကစော်ဖောက် ရည်ကို စာရေးသူတို့ လူသားများပါ သောက်သုံးနိုင်ကြောင်း သိရလို့ အဆို ပါမိတ်ဆွေထံမှ သူ လုပ်ပြီးသား အပင် ကစော်ရည်ကို အနည်းငယ် ယူသောက် ကြည့်ပါတယ်။ ဝိုင်အရသာရှိပြီး စား ကောင်းလို့အိပ်ပျော်တာကို တွေ့ရတယ်။

စိုက်ပျိုးသီးနှံပင်တွေအတွက် သီးနှံ ပင်တွေ ကြီးထွားစေတဲ့ **အပင်ဟော်မုန်း (Hormone)**ဓာတ်များ ပါဝင်တဲ့အပြင် အပင်တွေ စိမ်းလန်းစိုပြည်စေတဲ့ **အစိမ်းရောင်(Chlorophyll)**ကို ပိုမို မြင့်တက်စေပါတယ်။

ဒီနေရာမှာ ဖော်စပ်တဲ့ အပင်အရည် တွေက စာရေးသူတို့ လူသားတွေ

www.burmeseclassic.com

အတွက်ပါ သောက်သုံးနိုင်တဲ့ ပစ္စည်းအမည်တွေဖြစ်ပြီး စိုက်ပျိုးသီးနှံပင်တွေအတွက်သာ အသုံးပြုမယ်ဆိုရင်တော့ မိမိခြံထွက် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ ကန်စွန်းရွက်၊ ဟင်းနုနွယ်၊ မန်ကျည်းပင်၊ ဘောစကိုင်း၊ ပေါင်းမြက်များ သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ စိမ်းစိုလန်းဆန်းတဲ့ မည်သည့်အပင်ကိုမဆို အသုံးပြုနိုင်ကြောင်းလဲ ပြောပြပါတယ်။

ဆေးအမည်များထဲက **မြေရှက်လို့ခေါ်တဲ့ အရွက်ကိုတော့** စာရေးသူတို့ ရှမ်းပြည်နယ်တောင်ပိုင်းမှာတော့ ဓနုတိုင်းရင်းသားအခေါ် "**ကမြင်းရွက်**" လို့ခေါ်ပါတယ်။

မိုးဦးကျ အစိုဓာတ်ရှိရင် မြေကြီးထဲကနေ သန်သန်စွမ်းစွမ်း ပြန်လည်ထွက်လာတတ်ပါတယ်။ ကိုးရီးယားတိုင်းရင်းဆေးစွမ်းစုံကျမ်းမှာတော့ "**အမျိုးသမီးများ၏အပင်**" လို့တောင် ခေါ်ပါတယ်။

အဆိုပါ မြေရှက်နဲ့ ပိစပ်ပင်တွေမှာ **သံဓာတ်၊ ထုံးဓာတ်၊ သတ္တုဓာတ်နဲ့ ဓါးနိုးဓာတ်**တို့ ပါဝင်ပြီး သွေးရေလည်ပတ်မှုများ အားကောင်းစေကြောင်း၊ အကြောအချဉ်များ သန်မာစေတဲ့အပြင် အနာတရဖြစ်တဲ့ ဒဏ်ရာများကိုလဲ လျင်မြန်စွာ ပျောက်ကင်းစေကြောင်း သိရပါတယ်။

**မျှစ်အချဉ်ဖောက်ရည်က** ခွန်အားနည်းသူတွေကို အားဆေးကောင်းဖြစ်ပြီး နာလန် အမြန်ထစေပါတယ်။ ဝါပြီးသန်စွမ်းမှုမရှိတဲ့ အပင်တွေအတွက် အလွန်အစွမ်းထက်ပါတယ်။

ခွာညိုပင်နဲ့ ဂျပန်တောင်ဗမာပင်လို့ခေါ်တဲ့အပင်ကို ကစော်ဖောက်ရည်အဖြစ် အသုံးပြုမယ်ဆိုရင်တော့ အသည်း၊ အူသိမ်၊ အူမ ရောဂါများနဲ့ ကိုက်ခဲညောင်းညာ နာကျင်မှုတွေ သက်သာ ပျောက်ကင်းနိုင်ကြော သိရပါတယ်။

အထက်ပါ- အပင်ကစော်ဖော ရည်ကို ပိန်လှီအားနည်းနေတဲ့ နွ နွားမ, ဝက်နဲ့ ကြက်များကို ဖွဲ ရောမွှေကျွေးခြင်း။ ဖွဲနုရည်နဲ့ ရော တိုက်ကျွေးမယ်ဆိုပါက ခွန်အာ မောက်ရှင်လန်းစေတယ်လို့ဆိုပါတ

ဒါကြောင့် စိုက်ပျိုးထားရှိတဲ့ သီ စိုက်ခင်းတွေသာမက စာရေးသူ လူသားများရဲ့ ကျန်းမာရေး တိရစ္ဆာ များအတွက်ပါ စွယ်စုံအသုံးဝင် အပင်ကစော်ဖောက်ရည်ကို လက်တွေ အသုံးချ သုံးစွဲကြည့်စေလိုကြောင် အကြံပြု ရေးသားတင်ပြအပ်ပါတ

**တနိုင်းခ**

---

**စာမျက်နှာ (၁၉၁)မှ အဆက်**

ပြားချပ်ချပ်ဖြစ်ကာ နဂိုအတိုင်း ကျန်းမာရေး ဒေါင်ဒေါင်မြည်ဖြစ်လာသည်။ သူ သုံးစွဲခဲ့သော ဆေးနည်းကို ပြောပြသည်။

ပေပင်ကိုအထက်အညာဒေသတွင် အပင်တော်တော်များများ တွေ့နိုင်ပါသည်။ သို့သော် ပေသီးသီးသည်ကို တစ်ခါတစ်ရံမှသာ တွေ့မြင်နိုင်ပေသည်။

ထန်းပင်နှင့်ဆင်တူပြီး ထန်းသီးကဲ့သို့ နှစ်စဉ်နှစ်တိုင်း အသီးမသီးပေ။ ပေတစ်သီး၊ ကျိုးတစ်သားဆိုရိုးစကားကဲ့သို့ ပေပင်သည် တစ်ခါသီးပြီးသည်နှင့် အပင်မှာ သေသွားတော့သည်။

ကျိုးကန်းငှက်မှာလည်း တစ်သားပေါက်ပြီးနောက် နောက်ထပ် ဥ,မဥတော့ပေ။

ပေသီးသည် မော်တော်ကား ထိုင်ခုံအခင်း၊ ပက်လက်ကုလားထိုင် အခင်းများကို ဖောက်၍ ကြိုးဖြင့်သီကာပြုလုပ်ကြသည်။

ကျန်းမာရေးအတွက်ကောင်းပြီး ဈေးကြီးသည်။ တမလန်းသားဖြင့် ပက်လက်ကုလားထိုင် ခုတင်ပြုလုပ်ပြီး သုံးစွဲလျှင် ကျန်းမာရေးအတွက် ကောင်းသဖြင့် ဈေးကြီးလှသည်။

(...)ဆေးခန်းသို့ ရောဂါအခြေအနေပြန်ပြ ဆေးခန်းလာပြသော လူနာရှင်တစ်ဦး၏ ပြောပြချက်အ

**"ပေရွက်" ကို သုံးခွက်တစ်ခွက်ထင် ပြုတ်သောက် ညည်အိပ်သည့်အခါ ဗိုက်ကိုပေရွက်ပတ်ပြီးအိပ်လျှင်တ ဖြည်း ရေဖျဉ်းစွဲနေသည်များ ကျလာကာ ပျောက်ထ သွားတော ဓတွေ့ ရှုသည်**ဟု ပြောပြ၍ အိမ်သို့ ပြန်ရောက် သောက်လည်းသောက်၊ ပတ်ပြီးအိပ်ကြည့်ရာ သိသိသာ ရေဖျဉ်းစွဲနေသည်များကျလာပြီး ကျန်းမာရေး ကောင်းလ သည်။

ယခု ဖွန်လ (၁၈)ရက်ဆွေးနွေးပွဲကို တက်ရောက်နိုင် လုံးဝနီးပါး ပျောက်ကင်းသွားသည်။ ဗိုက်လည်း ဆူထွက်မ ဘဲ ချပ်ချပ်ရပ်ရပ် ဖြစ်သွားပါတော့သည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်လည်း မိမိအ ထဲတွင် ရေဖျဉ်းရောဂါစွဲကပ်နေသူများ တွေ့ပါက ကျန်းမာ အသိစိတ်ဖြင့် ကူညီစောင်မကာ ဤဆေးနည်းလေးကို မျှ ပေးကြရင်း ကုသိုလ်ယူကြပါဟု တိုက်တွန်းအပ်ပေသ

**လှထွန်းမြေ့ (ဓက်စ်)**



www.burmeseclassic.com

www.burmeseclassic.com

# ရေဖျဉ်းစွဲရောဂါ အတွက်

လှထွန်းမြွေ (စက်ခဲ)

**ဆေးကောင်းတစ်လက်**



၂၀၁၅ခုနှစ်၊ နှစ်ဆန်းပိုင်းက –မ–က(၂) ရန်ကင်းတွင် မူကြို ဆိုင်ရာ ဗဟိုအဆင့်ဆွေးနွေးပွဲ တက်ရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအခြေပြု မူကြို(ECD)ရှိသောမြို့နယ်(၉၆)မြို့နယ်မှ မူကြိုတာဝန်ခံ ဒုတိယမြို့နယ် ပညာရေးမှူးများနှင့် လက်ထောက်မြို့နယ် ပညာရေးမှူးများ ဆွေးနွေးပွဲသို့ တက်ရောက်ကြရသည်။

အချို့မြို့နယ်ရှိ ကျောင်းများတွင် တစ်ခုနှစ်ကတည်းက ကျောင်းအခြေပြုမူကြို ဖွင့်လှစ်ထားကြသည်။ အတိုင်းအတာတစ်ခုအထိ အောင်မြင်ကြပါသည်။

ဆွေးနွေးပွဲ လာရောက်တက်စဉ်က မြို့နယ်မှ မူကြိုတာဝန်ခံ ဒုတိယမြို့နယ်ပညာရေးမှူးကိုမြင့်ဦးတစ်ယောက် ကျန်းမာရေး ချို့တဲ့နေသည်ကို သတိထားမိသည်။

ယခင်က အထက်တန်းပြ (ကာယ) တာဝန်ကိုနှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့ပြီး မြို့နယ်ပညာရေးမှူးရုံးသို့ လက်ထောက်မြို့နယ် ပညာရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့သည်။

(၆)နှစ်ကျော် တာဝန်ထမ်းဆောင်ပြီး ဒုတိယမြို့နယ် ပညာရေးမှူးအဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရသည်။

သူ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းကြည့်ရာ နှစ်ရှည်လများ အရက်သောက်ခဲ့သည့် ဒဏ်ကြောင့် အသည်းရောဂါနှင့် ရေဖျဉ်းရောဂါစွဲပြီး ဗိုက်က ဆူထွက်နေသည်။

ရန်ကုန်မြို့ရှိ အထူးကုဆေးခန်းများတွင် သမားတော်ဖြင့် သွားရောက်ပြသကုသရာ ဆရာဝန်က အရက်လုံးဝမသောက်ရန် သတိပေးပြီး သောက်ဆေး တစ်လစာ ပေးလိုက်သည်။ တစ်လဆေးသောက်ပြီး ပြန်ပြရန် မှာလိုက်သည်။

သို့သော်လည်း နေထိုင်ရာ(...)မြို့သို့ ပြန်ရောက်လာသည့်အခါ သူငယ်ချင်း အပေါင်းအသင်းများနှင့်တွေ့ပြီး အရက်သေစာ ပြန်လည်သောက်စားမိသည်။

ဗိုက်ကဆူထွက်လာပြီး တဖြည်းဖြည်း မာလာသည်။ ဆေးခန်းပြန်ပြရသည်။ နောက်ပိုင်း ရုံးပင် မတက်နိုင်သဖြင့် ဆေးခွင့်ယူရသည်။

နောက်ပိုင်း ပြည်နယ်အစည်းအဝေးများတွင် သူ့ကို လုံးဝမတွေ့ရတော့ပေ။ အခြေအနေ လုံးဝမကောင်းကြောင်း လုပ်ဖော်ကိုင်ဖက်များမှတစ်ဆင့် ကြားသိရသည်။

၂၀၁၆ခုနှစ်၊ ဖွန်လ(၁၈)ရက်နေ့တွင် အ–ထ–က(၆) မော်လမြိုင်ရတနာမွန် ခန်းမ၌ ကျင်းပသော အခြေခံပညာကျောင်းများ ထိရောက်အောင်မြင်စွာ ကြီးကြပ်အကဲဖြတ်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပသည်။

ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ ပညာရေးမှူးရုံးများမှ (ပညာ၊ စီမံ၊ ဘဏ္ဍာ၊ စစ်ဆေးရေး) အရာထမ်း၊ အမှုထမ်းအားလုံး တက်ရောက်ကြပြီး အားလုံးတက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

ထို အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးမကောင်းသော (...)မြို့နယ်မှ ဒုတိယမြို့နယ် ပညာရေးမှူး ဦးမြင့်ဦးကို ကျန်းမာစွာဖြင့် တက်ရောက်လာနိုင်သည်ကို ဝမ်းမြောက်ဖွယ် တွေ့လိုက်ရ၍ အကျိုးအကြောင်းကို မေးမြန်းသည်။

ဦးမြင့်ဦးမှ တိုင်းရင်းဆေးနည်းပညာကြောင့် ယခုကဲ့သို့ ကောင်းလာခြင်းဖြစ်ကြောင်း ရှင်းပြသည်။အရက်လည်း ယတိပြတ် ဖြတ်နိုင်သွားပြီဖြစ်သည်။ ဝမ်းဗိုက်လည်း ဆူထွက်မနေတော့ဘဲ


(စာမျက်နှာ (၁၉၀) သို့)

www.burmeseclassic.com

ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာကနသိရှိစေရန်အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**နိုဝင်ဘာလ** (၂၂) ရက်နေ့ကိုတွက်လိုသည် ဆိုပါစို့။ (၂၂) ရက်နေ့၏စိုးမိုးဂဏန်းမှာ **(၆)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၂၉)** ရ၏။ ယင်း**(၂၉)**ကို တစ်လုံးတည်း ဖြစ်အောင်ပေါင်းလျှင် ၂ + ၉ =၁၁ရ၏။ ထို့ကြောင့် ထိုသူအတွက်**နိုဝင်ဘာလ**(၂၂) ရက်နေ့တွင် **(၂) ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

သော အကူအညီများရရှိခြင်း၊ မိမိက [illegible] အညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်း[illegible] အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အ[illegible] များ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် [illegible] ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် [illegible] တာသဖွယ် အဖြစ်အပျက်များ၊ တိုးလိုတ[illegible] ဖြစ်ခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် [illegible] အံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်[illegible] ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်[illegible] ခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်[illegible] ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာ[illegible] ပညာရေး ဆရာသမားနှင့် ပတ်သက်[illegible] ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ ဂဏ[illegible] ရသော ရက်များကို သတိပြု ရှောင်[illegible] သင့်ပါသည်။ အကောင်းဆုံးမှာ ၃ [illegible] ဂဏန်းရသော ရက်များပင် ဖြစ်ပါသ[illegible] ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂ [illegible] ၉ ဂဏန်းရသော ရက်များပင် ဖြစ်[illegible] တော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်း[illegible] ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွ[illegible] လျှင် ဆွေမျိုးပြည့်ဝ လူလုံးလှကာ [illegible] အလယ် ဂုဏ်ဝင့်ကြွယ်သည် လော[illegible] အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု [illegible] ပြည့်ပါစေ။***

**သုခစုစံ(ကျိက်လတ်)**

◆ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ◆

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | 1 ၃ | 2 ၄ | 3 ၅ | 4 ၆ | 5 ၇ |
| 6 ၈ | 7 ၉ | 8 ၁ | 9 ၂ | 10 ၃ | 11 ၄ | 12 ၅ |
| 13 ၆ | 14 ၇ | 15 ၈ | 16 ၉ | 17 ၁ | 18 ၂ | 19 ၃ |
| 20 ၄ | 21 ၅ | 22 ၆ | 23 ၇ | 24 ၈ | 25 ၉ | 26 ၁ |
| 27 ၂ | 28 ၃ | 29 ၄ | 30 ၅ | | | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထား



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းသွင်
(သာကေတ)

# ဝိဇ္ဇာရ မှော်ပညာတစ်ရပ်

အကြားအမြင် လေ့ကျင့်နည်း

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ...ဝါး, အင်းအိုင် , ဂါထာ, မန္တန်, ...ဓရ ဂမ္ဘီရပညာရပ်များ နတ်နှင့် ...များ၊ သူတော်စင်များ စောင်မ ...ည့် ထူးကဲသော ပုဂ္ဂိုလ်များ ...ကြောင်းကို ဖတ်ရှုရပါသည်။

...သို့ ကူညီစောင့်ရှောက်ခြင်းသည် ...ဆက် မကင်းကြ၍ ဖြစ်သည်ဟု ...ပါသည်။ ထိုပုဂ္ဂိုလ်တို့သည် ...ကျင့်သီလ သမာဓိတရားများကို ...င့်သိကြသူများဟုလည်း သိရ ...ည်။

...တို့သည်လည်း ကိုယ်ကျင့်သီလ ...ဓိတရားများကို စောင့်ထိန်းကြပြီး ...င့်သည်များကို ပြုကြပါလျှင် ...ကောင်း နတ်ကောင်းမ ဆို ...သို့ နတ်များ၊ ဝိဇ္ဇာများ စောင်မ ...ကို ခံကြရပါသည်။

...ရေးသူလည်း ဗဟုသုတအဖြစ် ...ကောင်း၊ ဝါသနာပါသူများ လေ့လာကျင့်ကြံလိုပါက ကျင့်ကြံနိုင်ကြစေရန်လည်းကောင်း အလွန်အကျိုးများသော ကိုယ်တွေ့ **ဝိဇ္ဇာရေမေတ္တာဂိုဏ်းမှော်ပညာ** အကြောင်းများနှင့် အတွေ့အကြုံ အထောက်အထား အနည်းငယ်ကို ရေးတတ်သလို ရေးပြီး တင်ပြလိုပါသည်။

စာရေးသူသည် **ဒုတိယကမ္ဘာစစ်မဖြစ်မီ ယခု ထိုင်း ခေါ် ယိုးဒယားနိုင်ငံ၊ မဲဆောက်မြို့ မြန်မာကျောင်းကြီးဘိုးဆရာတော်ကြီးထံမှ ပြန်လာပြီး** ယခု ကရင်ပြည်နယ်ရှိ ရွှေဂွန်းရွာမှ ပန်းထိမ်ဆရာ ဦးထွန်းရွှေ၊ ကိုမောင်သွင်၊ ကိုသောင်းရွှေတို့နှင့် ဝဲပုံဂူသို့သွားပြီး သက်လွတ်စား၍ ဥပုသ်ရက်ရှည် စောင့်ကြပါသည်။ စာရေးသူကား အာစရိယဝါဒအရ မှော်စဉ်တက်သည်။

မှော်ပညာ ပေါက်မြောက်ရန်မှာ နား,မျက်စိ ဆိတ်ကွယ်ရာ မိမိနှင့် သပ္ပါယ သင့်လျော်သော ဒေသဌာနများတွင် ကျင့်ကြံပြုလုပ်မှ ပြီးမြောက်နိုင်မည်ဖြစ်၍ ဆိတ်ငြိမ်အေးချမ်းသာယာသော ဝဲပုံဂူသို့ သွားရောက်ကြခြင်း ဖြစ်ပါသည်။

ဝဲပုံတောင်တွင် ဘုရားဂူကြီးနှင့် ဆိတ်ငြိမ်သော ဂူငယ်ပေါင်းများစွာရှိသည်။ သူဌေးဂူ စသော ဂူအကြောင်းများကို ယခင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၌ ပါရှိသည်ကို ဖတ်ရှုရသည်။

ဘုရားဂူကြီးသည် ထိုစဉ်က ယခု ကရင်ပြည်နယ်၊ မွန်ပြည်နယ်ခေါ် သော ပြည်နယ်များရှိ ဂူများအနက် အသာယာဆုံးဂူဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

တောင်ခြေမှ ဂူပေါက်သို့ ပေ(၄၀၀) ကျော်မျှ အုတ်စောင်းတန်းနှင့် တက်ရသည်။ စောင်းတန်းအဆင်း တောင်ခြေတွင် ချိုအေး၍ အရသာရှိသော တောင်သလဲပင် တစ်ပင်ရှိသည်။

အခြား သရက်၊ ပိန္နဲ၊ ငှက်ပျော၊ သဘော်၊ နာနတ် စသော သီးပင်များနှင့် ရာသီမရွေး ပွင့်ဖူးနေသော ပန်းပင်များနှင့် ဥယျာဉ်ကြီးသဖွယ် ကျယ်ဝန်းသော မြေပြန့်နှင့် ကုန်းမြေများ ရှိသည်။

ကျောင်းဇရပ်များလည်း ရှိသည်။ **ဂူကျောင်း ဆရာတော်ကြီး**သည် သီလ,သမာဓိနှင့် ပြည့်၍ အလွန် ဘုန်းကြီးသည်။

အချို့က ဆရာတော်ကြီးအား တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ဥစ္စာစောင့်များ ထောက်ပံ့နေသည်။ ထို့ကြောင့် ဂူကြီးနှင့် ကျောင်းဘုရားများကို ပြုပြင် တည်ဆောက်နိုင်သည်ဟု ပြောကြသည်။

ထိုဒေသမှ သက်ကြီးရွယ်အိုများကို စုံစမ်းကြည့်လျှင် ဝဲပုံတောင်၏ ထူးခြားချက်နှင့် ဂူများအကြောင်း၊ ဆရာတော်ကြီး၏ ဘုန်းတန်ခိုးကြီးကြောင်းများကို ပိုမိုသိနိုင်ပါမည်။

စာရေးသူတို့သည် ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ ဆွမ်းစားဇရပ်တွင် တည်းခိုပြီး နေ့စဉ် နံနက်စာ စားသောက်ပြီး အနည်းငယ် ကျယ်ဝန်းသော ဂူတစ်ဂူသို့ တက်ကြပြီး ဘုရားရှိခိုး၊ သီလခံ၊ နတ်ပင့်၊ ဝိဇ္ဇာပင့်၊ မေတ္တာပို့ အမျှဝေပြီး ဂုဏ်တော်ပုတီး (၁၀၈)ပတ် ပြည့်အောင်စိပ် လိုရာဆုတောင်းကြသည်။

တစ်ခါတစ်ရံ ဖယောင်းတိုင်မီး တစ်ဝက်မှ တစ်တိုင်ကုန်သည်အထိ မီးကသိုဏ်းလည်း ရှုကြသည်။ အားလပ်ချိန်တိုင်း မေတ္တာပို့နေကြရသည်။

(၃)ရက်မျှ ကြာပြီးနောက် တစ်ဂူစီ ခွဲ၍ နေကြသည်။ ညနေဘက် ဂူများပေါ်မှ ဆင်းကြပြီး ရေမိုးချိုးပြီးနောက်၊ ညဘက်လည်း ဇရပ်ပေါ်တွင် အထက်ပါအတိုင်း ဘုရားရှိခိုးပြီးမှ အိပ်ကြသည်။ အခြားသူများ (၉)ရက် မတိုင်မီ အိမ်ပြန်ကြသည်။

စာရေးသူသာ မော်စဉ်တက်သည်။ မော်စဉ်တက်သူသည် သစ္စာနှင့် အဓိဋ္ဌာန်ပြုရသည်။ (၃)ရက်=တြင်း= ၃×၃=၉ နဝင်း-၉×၃=သတ္တဗီသ(၂၇) တြင်းကျေ နဝင်းကျေ အဓိဋ္ဌာန်ပြုရသည်။

ဆက်တက်နိုင်လျှင် (၁၀၈)ရက် တစ်ရာ့ရှစ်နဝင်း တက်ရမည်။ ပြီးမြောက်လျှင် အရာရာ အောင်မြင်မည်။

မော်စဉ်တက်ရာတွင် နတ်များနှင့် ဝိဇ္ဇာများကို ပင့်ရသည်။ ဆေးဝါး၊ အင်းအိုင်၊ ဂါထာမန္တန်နှင့် မော်ပညာများမှာ အထက်လမ်း၊ အောက်လမ်း ရှိသည်။

အထက်လမ်းမှာ သီလ,သမာဓိ တရားများကို စောင့်ထိန်း၍ သမာဒေဝ နတ်များ၊ ဝိဇ္ဇာများ၏ အကူအညီကို ယူ၍ ပြုကြရသည်။ အလွန် အကျိုးများသည်။ ထွက်ရပ်ပေါက်နိုင်သည်။

အောက်လမ်းမှာလည်း အလွန်စွမ်းသည်။ နတ်မိစ္ဆာများ၊ ဖုတ်ကဝေ၊ တစ္ဆေ ဝေမာနိကပြိတ္တာတို့၏ အကူအညီကို ယူ၍ ပြုကြရသည်။ အစီစီ အထိ အကျိုးပေးနိုင်သည်။

အောက်လမ်းဆရာများ ကျိုးကန်း ချည့်နဲ့ရွဲ့စောင်း ဆွံ့အ ရူးသွပ်ပြီး ဘဝဆုံးကြရသူများစွာကို တွေ့ဖူးသည်။

အကောင်းနှင့် အဆိုးမှာ အဆိုး



သည် အလွန်လွယ်သကဲ့သို့ အော[...] လမ်းသည် အလွန် လွယ်ပါသည်[...] တတ်သိသော ပညာရှင်တို့သည်[...] အကုသိုလ် လက်ဆင့်မကမ်းလို[...] သဖြင့် တိမ်ကောသွားခြင်း ဖြစ်ပါသည်။

**နတ်ပင့်နှင့် ဝိဇ္ဇာပင့်မန္တ[...]** အောက်တွင်ဖော်ပြပါမည်။

မော်စဉ်တက်၍ (၇)ရက် မမြောက်[...] အနှောင့်အယှက် အခက်အခဲ အမျိုး[...] မျိုးနှင့် ကြုံရသည်။ သို့ပါသော်လည်း **"ငါ ဘာမှ မဖြစ်နိုင်ဘူး။ ငါ ရည်မှန်းချက် အောင်ရမည်"**ဟု စိတ်[...] တင်း၍ ဆက်လက်၍ကျင့်ရာ (၇)ရက် ကျော်ပြီးနောက် နိမိတ်ထူးများ ပေါ်[...] ပါတော့သည်။

မပီမသသော စကားပြောသံများ[...] အသိုးအိုး ပိတ်ဖြူဝတ် ရသေ့ဝတ်ပုဂ္ဂိုလ်[...] များ၊ ပန်းချီပန်းပုရေးထုထားသည့် နတ်သမီးနတ်သား သဏ္ဌာန်များ[...] မထင်မရှား မြင်ရသည်။

နောက်ပိုင်းတွင် ထင်ထင်ရှားရှား[...] တစ်ခဏမျှ မြင်ရကြားရသည်။ ထို[...] မြင်ရကြားရပြီး ဘော်[...] နတ်တွေ ဝိဇ္ဇာ[...] တွေ ပြိတ္တာတွေ ရှိသယ်ဆိုတာ ကို[...]



www.burmeseclassic.com

www.burmeseclassic.com



တွေ့သိရတော့သည်။

ဒီဗွစကျွ ဒီဗွသောတ အမြင်မျိုးကား တော့တ်ပါ။ တစ်ခါတစ်ရံ နား, မျက်စိ အာရုံနှင့် အိပ်မက်များတွင် ဂါထာမန္တန် အနည်း အင်းကွက်များကို ကြားရ မြင်ရသည်။ သုံးစွဲကြည့်သောအခါ အလွန်အကျိုးများသည်။ ယခုတိုင် သည်း မမေ့ပါ။ စိတ်မှာလည်း ပျော်ရွှင် လာပြီး မိမိလုပ်ငန်းအပေါ် အလွန် အားတက်မိပါသည်။

(၉)ရက်မြောက်ပြီးနောက် အခြား သူများလည်း အိမ်ပြန်ကုန်ကြသည်။ ဘုရားဖူးများလည်း အလွန်စည်ကား သည်။ မိမိကျင့်ကြံနေသော ဂူသို့ လည်း ပေါက်ပေါက်ရှာရှာ ရောက်လာ ကြသည်။ သာယာမှုများနှင့် ကြုံရ သည်။

အခြား အနှောင့်အယှက် အမျိုးမျိုး တို့ကို ခံနိုင်ရည် ရှိခြားသော်လည်း သာယာမှုများနှင့် ကြုံတွေ့ရသော ခံနိုင်ရည် အလွန်ခဲယဉ်းပါသည်။

(၂၇)ရက်မတိုင်မီ မဲဆောက်မြို့ သို့ဆရာတော်ကြီးထံမှ ညီဖြစ်သူ သည်း ရောက်လာသောကြောင့် နေရပ်သို့ ပြန်လာကြပြီး အနယ်နယ် အရပ်ရပ်သို့ လှည့်လည် ဆေးဝါးကုသ ကြသည်။

အများအားဖြင့် ပယောဂကို ကုကြ သည်။ ဆရာညီနောင်၊ ဗိဇ္ဇာညီနောင် ဟု ခေါ်ကြသည်။ အချို့ကလည်း အောက်လမ်းဆရာများ ထင်ကြ၍ ယောညီနောင်ဟု ခေါ်ကြပါသည်။

ထိုခေတ်က မော်လမြိုင်၊ ရွှေဂွန်း၊ ကော့ကရိတ်၊ ကမမောင်း မြို့ရွာများမှ ပိုသိကြပါသည်။ (၃)နှစ်နီးပါး အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ကြပြီး နောက် လူငယ်အများနှင့် ဘီ–အိုင်–အေ ရောက်လာသောအခါ စစ်တပ်ထဲသို့ ဝင်လိုက်ကြပါသည်။

စစ်ပြီးသောအခါ မော်လမြိုင်မြို့တွင် **"မြန်မာပညာဓုဝတိုင်းရင်းဆေးပညာ အဖွဲ့"**မှ ကုသိုလ်ဖြစ်ဆေးရုံ ဖွင့်ကြရာ စာရေးသူအား ပယောဂကုတာဝန် ပေးကြပါသည်။

စစ်မဖြစ်မီနှင့် စစ်ဖြစ်ပြီးချိန် နှစ်ပေါင်း သုံးဆယ်နီးပါး မော်လမြိုင်မှ တောင် ဘက် ကန်ပေါက်၊ အရှေ့ဘက် မြဝတီ မဲဆောက်၊ အနောက်ဘက် ဘီလူး ကျွန်း အလုပ်ဝဲပတန် မီးရထားလမ်း တစ်လျှောက် မြောက်ဘက် ဖာပွန်မြို့ များအထိ ဆေးကုသွားရသည်။

အများအားဖြင့် ပယောဂဆရာ အနေနှင့် ပင့်ခေါ်ကြသည်။ ညီအစ်ကို နှစ်ယောက်ဖြစ်၍ ဆရာညီနောင် ဆရာကြီး၊ ဆရာလေးဟု ယခုတိုင် ခေါ်ကြပါသည်။

စစ်ပြီး မော်လမြိုင်မြို့၌နေစဉ် အချိန် ရတိုင်း ကျိုက်သန်လန် တောင်ပေါ်ရှိ တောင်ပေါက်ကျောင်း အရှေ့ဘက် အဆင်း ညာဘက် နှစ်ကျိပ်ရှစ်ဆူဝတ် ဘုရား တောင်ဘက်မုခ်အဆင်း ညာ ဘက်သိမ်၊ မဟာမြတ်မုနိဘုရား အရှေ့ ဘက်စောင်းတန်းအဆင်း အင်းဝ ကျောင်းသိမ်များတွင် မေ့ာ်စဉ်အကျင့် ကို ကျင့်သည်။

မိမိနေအိမ်တွင်လည်း ကျင့်သည်။ အချို့က **"ဒီဆရာတွေ အမြဲ ဘုရား ရှိခိုးနေတာပဲ"**ဟု ပြောကြပါသည်။ ပယောဂအကြောင်း။ ပယောဂ အတွေ့ အကြုံနှင့် မိမိဉာဏ်မီသရွေ့ကို အနည်း ငယ် တင်ပြလိုပါသည်။

ရောဂါကုရာ၌ နတ်မိစ္ဆာ,ကဝေ, တစ္ဆေ,အမနုဿ ယှဉ်သော **အပ, ပယောဂနာ**နှင့် ဓာတ်လေးပါး ဖောက် ပြန်၍ဖြစ်သော သွေးပယောဂ, လေပယောဂဆိုသော **အတွင်းပယောဂ** နှစ်မျိုးရှိသည်ကို သိသင့်သည်။

အပ,ပယောဂရှိကြောင်း ပရိတ် တရားတော်အရ လည်းကောင်း၊ အပ္ပမာရ, ယက္ခာဗာဓ, အမနုဿဂါဟ အနာရောဂါများသည် လည်းကောင်း အပ,ပယောဂကြောင့် ဖြစ်ကြောင်း များကို သိနိုင်ပါသည်။

အတွင်းပယောဂ၊ အပ,ပယောဂဟု ခွဲခြားမသိဘဲ အပ,ပယောဂဟု ထင် ကြသောသူ (၁၀)ယောက်တွင် (၄)ယောက်လောက်သာ အပ,ပယောဂ များ ဖြစ်တတ်သည်။

အပ,ပယောဂ ကုရ အလွန်လွယ် သည်။ မာယာများသော **ဖုတ်သရဲ၊ ဖုတ်သူငယ်၊ ဖုတ်သူတော်** သုံးမျိုးရှိရာ ဖုတ်သူတော်မှာ ကုရ အနည်းငယ်ခက် သည်။

ကာလီမာနှင့် တရုတ်နတ်များကို



www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်၍ ကုသရသည်။ အပ,ပယောဂမှန်း မသိဘဲ သွေးသားရောဂါ ရိုးရိုးထင်၍ ဗိန္ဒောဆရာ၊ ခေတ်ဆရာများ ကုသ၍ ရောဂါပျောက်ရန် ခဲယဉ်းသည်။

လူနာက ငြိမ်းခြောက်၍၊ သေရုပ်လက္ခဏာပြ၍ ပြေးကြရသည်များကိုလည်း တွေ့ဖူးသည်။ စာရေးသူလည်း ဆရာပေါက်စဘဝက ပြေးခဲ့ရဖူးပါသည်။

သွေးလေ သည်းခြေကြောင့် ကယောင်ကတမ်း ပိုယိုပြောဆိုပြုမူနေသည်များကို အပ,ပယောဂ ထင်ပြီး စက်ဖြတ် စသော ဆေးကြမ်းများ တိုက်ကျွေး နှာနှပ် မျက်စဉ်းခတ် ရိုက်ပုတ်ကုသလျှင် ဒုက္ခတွေ့တတ်သည်။

တွေ့ဖူး ကြားဖူးကြပါမည်။ အမျိုးသမီး အတော်များများ မီးယပ်ကြောင့် ဖြစ်တတ်သည်။ အပ,ပယောဂ မဟုတ်ဘဲ အပ,ပယောဂ ဟန်ဆောင်နေခြင်းများလည်းရှိသည်။ စိတ္တဇရောဂါသည်များလည်းရှိသည်။ မသိလျှင် အခက်ကြုံရတတ်သည်။

အချို့ မိမိကိုယ်တိုင် မသိဘဲ သူတစ်ပါး ပူးကပ်၍ ပြောသည်များကိုလည်းကောင်း၊ အကြားအမြင် သိဟန်ဆောင်၍လည်းကောင်း၊ မသိဘဲ သိသည် မဟုတ်ဘဲ ဟုတ်သည်ဟု ပြောလျှင်,ပြုလျှင် လည်းကောင်း ဒုက္ခတွေ့တတ်သည်။ မုသာဝါဒကံ ထိုက်သည်။ လာဘ်ယူလျှင် အဒိန္နာဒါနကံ ထိုက်မည်။

အပ,ပယောဂ ဟုတ်,မဟုတ်သည်ကို ကြားရုံ,မြင်ရုံဖြင့် သိရမည်။ စစ်မှန်သော ဆရာများထံ ချဉ်းကပ်၍ လေ့လာကျင့်ကြံ အားထုတ်လျှင် ဆရာတစ်ဆူ ဖြစ်နိုင်သည်။



မကျင့်မကြံဘဲ ကန်တော့ပွဲပေးရုံ၊ ငွေကြေးနှင့် တစ်ခုခု ပေးရုံဖြင့် ဖြစ်စေသတည်းဟု ပြောရုံဖြင့် ဖြစ်ရန်လွယ်မည်မထင်ပါ။ တကယ်တမ်း စမ်းသပ်လျှင် ခံနိုင်မည်မထင်။

ဒုတိယကမ္ဘာစစ် မဖြစ်မီ တောရွာမြို့ငယ်များတွင်သာ အပ,ပယောဂ အဖြစ်များသော်လည်း စစ်ကြီးပြီးဆုံးပြီးစတွင် အပ,ပယောဂရောဂါနှင့် ဝမ်းနှင့်ကျောက်ကပ် ရောဂါများအချို့ မြို့ကြီးများတွင် အတော်များများ ဖြစ်သည်။

နောက်ပိုင်းတွင် ဗုဒ္ဓမြတ်စွာ ပရိတ်တရားတော်များ ပျံ့နှံ့၍လည်းကောင်း၊ ကျန်းမာရေးဌာနများမှ အကာအကွယ်ဆေးများကြောင့်လည်းကောင်း မြို့ကြီးရပ်ကြီးများတွင် ယခုအခါ အထက်ပါရောဂါများ အလွန် နည်းသွားပါသည်။

အပ,ပယောဂ မဟုတ်ဘဲ ဟုတ်သည်ဟု အယူသီးနေသူများကို ဆရာက မဟုတ်မှန်း သိသော်လည်း ပရိယာယ်ပြု၍ ကုသပေးရသည်များလည်း ရှိပါသည်။ သမားပရိယာယ်လည်း များလှပါသည်။

ဖော်ပြခဲ့ပြီးသော မေတ္တာဂိုဏ်းမှော်ပညာကို ဆိတ်ငြိမ်သော အရပ်ဒေ... တောတောင်များတွင် လူငယ်လူ... များ မှော်စဉ်တက်နိုင်လျှင် အောင်... နိုင်မည်။

အကြားအမြင်နှင့် သိဒ္ဓိအမျိုးမျိုး... ကို မလွဲမသွေ ရရှိနိုင်ပါမည်။ ... တောင်များတွင် မကျင့်မကြံနိုင်သော်... ငြားလည်း ဆိတ်ငြိမ်ရာ ဌာနတစ်... တွင် တတ်အားသမျှ အားထုတ်လျှင်... လည်း အထိုက်အလျောက် အကျိုး... ရရှိနိုင်ပါမည်။

မေတ္တာအကျိုး ကြီးမားကြောင်း... ကြားနာဖူးကြပါသည်။ တောင်... သာသနာပြုဆရာတော် ဦးဥတ္တမ... ဆရာတော်ကြီးက "ဘုန်းကြီး... အများသတ္တဝါအပေါ် မေတ္တာ... ပွားများ၍ လောဘ, ဒေါသ, ... မရှိတော့ဘူး"ဟု မိန့်တော်မူသည်...

**သာမညဆရာတော်ကြီးက** ... ပေးပြီးတိုင်း **ဒုက္ခပ္ပတ္တာစ နိဒ္ဒု...** စသော မေတ္တာပို့ကို အမြဲရွတ်ဆို... မူသည်။

**အလံတရာ ဆရာတော်ကြီး**... လည်း မေတ္တာတရားကို အမြဲ... တော်မူသည်။

**တိပိဋကဓရ မင်းကွန်းဆရာ...** **ကြီး**သည်လည်း တပည့် ဒါယကာ... ကို မေတ္တာပို့နည်းကို သင်ကြား... ပေးတော်မူခဲ့၏။

အသီးသီးသော သံဃာ... ဆရာတော်တို့သည် အလ... ဟောကြားတော် မူကြသည်များ... ထောက်ရှု၍ မေတ္တာအကျိုးကြီး... ကြောင်းကို သိနိုင်ပါမည်။

ကျွန်ုပ်တို့သည် လူအ... ဆက်ဆံနေရသော ပုထုဇဉ်... ဗြဟ္မဝိဟာရတရား လေး...ကို ... အကျ မထားနိုင်သော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com

…အတတ်နိုင်ဆုံး ကြိုးစားရမည် …ဖြစ်ပါသည်။

### မှောင်ဝင်ဆက်…နတ်ပင့်ရန်

ဥုံ…ဗမ္မဒြီပါ များစွာအနန္တ စောင့်ကုန်ကြသည့် ဒေဝဒေဝါ နတ်တကာတို့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ဤဒီသာတစ်ပိုက်၌ စောင့်ရှောက်နေထိုင်ကြသောနတ်၊ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့…

ဥုံ ဘုရားအာဏာ၊ ဥုံ တရားအာဏာ ဥုံ သံဃာအာဏာ မိန့်တော်မြွက်သည့်…အာဏာကြောင့် မကြာချက်ချင်း ဤဌာနသို့ ရောက်စေသော်…

ရောက်လျှင်ချက်ချင်း အကျွန်ုပ်၏ အကျိုးများကို ထင်ရှားစောင်မကြစေသော်…

…ဝိဇ္ဇာ မိုယ်းကလာ ဤသိပ္ပအခေါင် …စေသော်…

ကြည့်လျှင်လည်း မမြင် ဖမ်းလျှင်လည်း မပိ သဗ္ဗပုရိသ ဣတ္ထိယ ပုံအား မြင်တိုင်းချစ်စေသော်…

တောကျားကြံ့ဆင်ဝေးကမြင် နတ်ရှင်သိုက်၌ ခြောက်စေသော်… နှောင် ဣတ္ထိကွင်း သံခြေချင်း အကွင်းကျွတ်၍ ကျစေသော်… မင်းဘေး မီးဘေး ရေဘေး ခိုးသူဘေး မချစ်မနှစ်သက်သူဘေး မနီးဝေးက ပျောက်စေသော်…

### ဝိဇ္ဇာပင့်ရန်

ဥုံ ဝိဇ္ဇာနွှရာ တဒါသဗ္ဗေ ပသာန္တေ သုတမဋ္ဌကော ပကာသေတွာ အဋ္ဌသိပ္ပံ မမံရက္ခန္တု တေသဒ်။

**အနက်**

**သဗ္ဗေ**–ခပ်သိမ်းကုန်သော၊ **ဝိဇ္ဇာနွှရာ**–ဝိဇ္ဇာဓိုရ်အပေါင်းတို့၊ **တဒါ**–ထိုသို့ တမ်းတသောအခါ၌ **ပသာန္တေ**–မြင်ကာမျှ၊ **သုတမဋ္ဌကော**–ကြားခါမျှ၌၊ **အဋ္ဌသိပ္ပံ** – မိမိတို့ ဝိဇ္ဇာဓိုရ် အတတ်ပညာကို၊ **ပကာသေတွာ**–အထင်အရှား ပြတော်မူကုန်၍၊ **သဒါ**–အခါခပ်သိမ်း၊ **တေဝိဇ္ဇာ**–ဝိဇ္ဇာဓိုရ်အပေါင်းတို့သည်၊ **မမံ**–ကျွန်ုပ်အား၊ **ရက္ခန္တု**–ရင်ဝယ်သားသို့ သနားပုံထောက် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဤမန္တန်များကို မှော်စဉ် မတက်သော်လည်း နံနက်,ည ဘုရားရှိခိုးပြီး ရွတ်လျှင် အကျိုးရှိမည်။ သီလ စောင့်ထိန်းပြီးရွတ်လျှင် ပိုအကျိုးများမည်။

လောကုတ္တရာအကျိုး မျှော်ကိုး၍ သမထဝိပဿနာ တရားများကို အားထုတ်နိုင်ပါလျှင် အဘယ် ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

***မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။***

***ဦးအုန်းသွင်(သာကေတ)***

---

**အလှူ…သုတေသီ ပညာရှင်များသို့…**

ဤဆောင်းပါးမှာ (၇–၉–၁၉၉၅)ခုနှ ရောက်ရှိလာသော စာမူဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။

သို့ဖြစ်၍ ဤဆောင်းပါးပါ ပုဂ္ဂိုလ်များ၏ ပညာဆက်များရှိပါက ကျင့်စဉ်များကို ပိုမိုရှင်းလင်းစွာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသား ပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်…*

***ဦးကျော်မိုးသိန်း***
***စာတည်းချုပ်***
***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

---

**နက္ခတ္တရောင်ခြည်**

**မဂ္ဂဇင်းသို့**

**ဆက်သွယ်ရန်…**

**၀၉–၇၅၆၃၄၉၇၁၅**

**၀၉–၂၅၂၅၈၃၁၇၉**



www.burmeseclassic.com

www.burmeseclassic.com

သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း)၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) (၁)




## သိုင်းသမားဘဝ ဒီလိုစ

သိုင်းသမားတစ်ယောက်ရဲ့ ဘဝအတွေ့အကြုံများကို ရေးသားမည်ဆိုရင် သိုင်းသမားတစ်ယောက် မဖြစ်ခင်ငယ်စဉ်ဘဝမှ စတင်၍ သိရှိဖို့တော့ လိုပါတယ်။ အကြောင်းအကျိုးသည် အပြန်အလှန် ဆက်နွှယ်လျက်ရှိရာ အကြောင်းရှိ၍ အကျိုးထင်ရသောကြောင့် သိုင်းသမားတစ်ယောက်ရဲ့ ဘဝအကျိုးတရားများအတွက် အခြေခံလာရသော အကြောင်းတရားများကို သိရှိဖို့တော့ လိုပါတယ်။

ကျွန်တော့်ဘဝတွင် ဂုဏ်ယူလောက်သောသူများ မဟုတ်သော်လဲ ကျွန်တော် သိုင်းဆရာ ဖြစ်လာရတာဟာ သူတို့နှစ်ယောက်နဲ့လဲ ဆက်စပ်ပတ်သက်နေလို့...သူတို့နှစ်ယောက်ဆိုသော "ကျွန်တော့်ဦးကြီး နှစ်ယောက် (ရန်ကုန်တွင် လွယ်လွယ် ကူကူဘကြီးလို့ပင် ခေါ်ကြပါတယ်။) အကြောင်းကို အကျဉ်းမျှ ဖော်ပြရပါမယ်။

ဘကြီးအကြီးရဲ့အမည်မှာ ဦးထွန်းတင် ဖြစ်ပါတယ်။ ရင်အုပ်ထွားထွားကျားကျားလျားလျားနဲ့ အရုပ်မောင်းကောင်းကောင်း ယောကျ်ားကောင်းပီသသူဖြစ်တယ်။

အင်္ဂလိပ်ခေတ်က ရိုက်ပွဲတစ်ခု...
လူအုပ်ထဲသို့ ငှက်ကြီးတောင်...
တစ်ချောင်း ကိုင်စွဲ၍ အတော်များ...
ကို မကြောက်မရွံ့ နောက်မတွန့်...
အတင်းဝင်တိုက်ခဲ့သူဖြစ်၍ သူ...
လက်မရွံ့ထွန်းတင်လို့ ဘွဲ့ပေးကြတယ်...

ဘကြီးအငယ် ထွန်းရင်က...
အင်္ဂလိပ်ခေတ်မှာ ရန်ကုန်ရေ...
ငမိုးလို့ နာမည်ကျော်လာတဲ့ မ...
မခံ ဆတ်ဆတ်ကြဲ လူ...
တစ်ယောက်ပေါ့။

သူလဲ တယ...လက်သ...



www.burmeseclassic.com

www.burmeseclassic.com

များကြီးနဲ့ ရေကျော်တစ်ပိုက်မှာ
စ်ပိုလ် တစ်မင်း နေလာခဲ့တဲ့သူပါပဲ။
**တ်ချက် ။ ' ။ လူမိုက်ကြီး
ယ်တစ်ထောင်ငမိုး မဟုတ်ပါ။)**

ကျွန်တော်က တော်တော် ရန်ဖြစ်တဲ့
ာင်ဆိုတော့ ဘကြီးငမိုးက သူ
တ်ထားတဲ့ လူမိုက်ပညာတွေထဲက
တ်ပညာတစ်ခုကို သင်ပေးခဲ့
ယ်။ သူ သင်ပေးတဲ့နည်းက ဒီနေ့
ထိလဲ ခေတ်မီနေသေးတယ်။

သားဆီးရန်ကာ အသုံးတည့် အသုံး
်နေတဲ့နည်းဖြစ်လို့ အသေးစိတ်
ပြပေးလိုက်ရပါတယ်။ **(အကျဉ်း
ချုပ်ထဲကို ရောက်တဲ့အခါ အသုံး
ပါ။ သူများကို အနိုင်ကျင့်ဖို့
တော့ မဟုတ်ပါဘူး။)**

**ဘကြီးငမိုး ပေးတဲ့ ခုခံတိုက်ခိုက်
ည်းကတော့...**

မိကို ရန်ပြုမယ့်သူရဲ့ရှေ့မှာ
ကြာက်မရွံ့) ရင်ဆိုင်ရပ်လိုက်ပါ။

မိခြေနှစ်ချောင်းကို ကားရပ်လို့ပဲ
ဖြစ်၊ ဘယ်ခြေရှေ့ ညာခြေနောက်၊
ခြေရှေ့၊ ဘယ်ခြေနောက်(အင်္ဂလိပ်
တ်ထွေသမားတွေလို) ထောင်လိုက်
လို့ပဲဖြစ်ဖြစ် ရပ်နေလိုက်ပါ။

မိမျက်စိကိုတော့ သူ့တစ်ကိုယ်လုံး
ခြုံပြီး(မပိတ်မသုန်) စူးစူးစိုက်စိုက်
ကြည့်နေလိုက်ပါ။

မျှော်လင့်တဲ့အချိန် (အခိုက်အတန့်
)မှာ သူ့မျက်နှာကို မိမိရဲ့ ညာ
က်ခုံနဲ့ (ဘယ်ဘက်မှ ညာဘက်သို့)
ပြန်ရိုက်လိုက်ပါ။

အရိုက်ခံလိုက်ရတဲ့ သူ့မျက်နှာ
တ်ကို လန်သွားခိုက်[ခြေနှစ်ချောင်း
၂–ကွက် ကန့်လန့်အနေအထား
သားတိုက်ကားရပ်ထားရာမှ] သူ့
ကို ညာခြေခုံဖြင့် ခတ်ထည့်
်ပါ။



ဒါမှမဟုတ် သူ့ဆီးခုံကို ညာခြေဖဝါး (သို့မဟုတ်) ညာခြေဖနောင့်ဖြင့် ဆောင့်နင်းချလိုက်ပါ။

ခြေခုံနဲ့ခတ်ခတ်၊ ခြေဖနောင့်နဲ့ နင်းနင်း လက်ခုံနဲ့ လက်ပြန်ရိုက်ပြီးတာနဲ့ မြန်မြန် တစ်ဆက်တည်းလုပ်ပါ။ ကိုယ်ခံပညာမှာတော့ "**တွဲလုံး**" ရယ်လို့ ခေါ်ပါတယ်။

မိမိရဲ့ ညာခြေ မြေပေါ်ကို ကျတာနဲ့(ခြေချမိတာနဲ့) မိမိရဲ့ ညာလက်ဝါးစောင်းနဲ့ သူ့ရဲ့ ဘယ်ဘက်လည်တိုင်သားကို ခုတ်ထည့်လိုက်ပါ။

ဒါမှမဟုတ် အရိုက်သန်တဲ့ လူဆိုရင် ညာလက်ဝါးနဲ့ သူ့ရဲ့ ဘယ်ဘက်နားရင်း(နားအုံတစ်ပိုက်)ကို ရိုက်ထည့်လိုက်ပါ။

လုယက်သူတွေ၊ လူဆိုးဓားပြဆိုရင်တော့ ညာလက်ခေါက်(လက်ခလယ်လက်ခေါက်)အချွန်နဲ့ သူ့လည်မျို(ဇလုတ်)ကို ထိုးထည့်လိုက်ပါ။[**အဲဒီနည်းနဲ့ ဘကြီးငမိုးက လူဆိုးလူမိုက်တစ်ယောက်ကို သူ့လက်ဝါးထူထူ(လက်ပြတ်)ကြီးနဲ့ ရိုက်လိုက်တာ သေသွားဖူးပါတယ်။**]ဒါကြောင့် သူ့တပည့်တွေဟာ သူ့လက်ဝါးနဲ့ ရိုက်မှာကို အလွန်ကြောက်ကြပါတယ်။

နောက်တစ်နည်းကတော့ ဒီနည်းအတိုင်း လုပ်ရာမှာ နည်းနည်းလေး ကွဲပြားပါတယ်။ ဒီနည်းကတော့ ခြေ(၂)ချောင်းကို ခွဲပြီး ခြေကားပြီး(၂–ကွက် ကန့်လန့်)ရပ်နေရာက...

ရုတ်တရက် ဘယ်ခြေကို(ဘယ်ခြေရဲ့ရှေ့) ခြေတစ်လှမ်းစာ ရှေ့သို့ တက်လိုက်ပါ။ ဘယ်ခြေရှေ့၊ ညာခြေနောက် ၂–ကွက် ထောင်လိုက် အနေအထား ဖြစ်သွားပါလိမ့်မယ်။

ဘယ်ခြေတက်လိုက်တာနဲ့ မိမိရဲ့ ဘယ်လက်ဝါးနဲ့ ရှေ့မှာရှိနေတဲ့ ရန်သူရဲ့ မျက်နှာကို ဆောင့်တွန်းလိုက်ပါ။

လက်ဝါးအစား ဘယ်လက်ဖနောင့်နဲ့ ဆောင့်တွန်းလိုက်လဲ ရပါတယ်။ သူ့နောက်ကို လန်သွားခိုက်မှာ ညာခြေခုံနဲ့ သူ့ခွကြားကို ခတ်ထည့်လိုက်ပါ။ ဒါမှမဟုတ် ညာခြေဖဝါး တစ်နည်းအားဖြင့် ညာခြေဖနောင့်နဲ့ သူ့ဆီးခုံတစ်ပိုက်ကို ဆောင့်နင်းချလိုက်ပါ။

ညာခြေ မြေကျတာနဲ့ ညာလက်ဝါးစောင်းနဲ့ သူ့လည်တိုင် ဘယ်ဘက်ကို ခုတ်ထည့်လိုက်ပါ။

လက်ဝါးစောင်းနဲ့ မခုတ်ချင်ရင်လဲ ညာလက်ဝါးနဲ့ သူ့ဘယ်ဘက်နားရင်း (နားအုံတစ်ပိုက်)ကို ရိုက်ထည့်လိုက်ပါ။

ပထမနည်းနဲ့ သဘောတရားချင်းက အတူတူပါပဲ။ ခြေတက်တာနဲ့ ခြေမတက်တာပဲ ကွာတာပါ။ လက်တွေ့လေ့ကျင့်ကြည့်ပါ။ မိမိက လျင်မြန်နေရင် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ရင် သူက ခုခံကာကွယ်ဖို့ အချိန်မရှိတော့ပါဘူး။

**"စတင် တိုက်ခိုက်ခြင်းသည် အကောင်းဆုံးသော ခုခံကာကွယ်နည်းတစ်ရပ်ဖြစ်သည်"၊ "အကောင်းဆုံးသောခံစစ်သည် ထိုးစစ်"** ဟူ



www.burmeseclassic.com

www.burmeseclassic.com

သော စစ်သေနင်္ဂဗျူဟာလာ စကားရပ်တို့ကိုလဲ သတိရပါ။

ဒီနည်းက အစပထမတော့ ကျွန်တော့်အတွက် တော်တော်လေး အသုံးတည့်တဲ့နည်းပါ။ ကျွန်တော့်ကို အနိုင်ကျင့်ချင်တဲ့ ကောင်တွေ၊ ဗိုလ်ကျချင်တဲ့ကောင်တွေကို လက်တွေ့ ပညာပေးလိုက်တာပေါ့။

ကျွန်တော်က ဒီလို လျှပ်တစ်ပြက် တိုက်ခိုက်လိမ့်မယ်လို့ ထင်မထားတော့ ရင်ဆိုင်လိုက်တာနဲ့ သူတို့ ခံလိုက်ရတာပဲ။

ကျွန်တော်တို့အရွယ်မှာ ဒီလို တိုက်ခိုက်ရေး အတတ်ကို တတ်ဖို့လွယ်တာမှ မဟုတ်ဘဲ။ ကျွန်တော်တောင် ကံကောင်းလို့ သင်ပေးမယ့်သူနဲ့ တွေ့ရတာပါ။

ကျွန်တော်နဲ့ ရင်ဆိုင်လိုက်တာနဲ့ သူတို့တစ်တွေသာ ခံသွားရတော့ နောက်ဆိုရင် ကျွန်တော့်အနားကို မကပ်ရဲကြတော့ဘူး။ ကျွန်တော့်ကိုလဲ သူတို့အနားကို ကပ်ခွင့်မပေးတော့ဘူး။

ကျွန်တော်နဲ့ ပြဿနာဖြစ်တာနဲ့ ကျွန်တော့်ကို သူတို့အနား လက်တစ်ကမ်း၊ ခြေတစ်လှမ်း အရောက်မခံဘဲ အဝေးကနေပြီး ရွှံ့နှံ့တွေနဲ့ ပစ်ပေါက်တယ်။ တစ်ခါတစ်ရံ မြေကြီးခဲတွေနဲ့ ပစ်ပေါက်တယ်။ ပေါက်ပြီး ထွက်ပြေးကြတော့တာပဲ။

ဒီတိုက်ခိုက်နည်းက လူချင်း ခြေတစ်လှမ်း၊ လက်တစ်ကမ်းအကွာ ဒါမှမဟုတ် လူချင်းကပ်နေမှ အဝိုက်မှာ တိုက်ခိုက်လို့ရတဲ့၊ သုံးလို့ရတဲ့နည်း ဖြစ်တယ်။

ကျွန်တော်က ခြေမြန်လက်မြန်နဲ့ ခပ်ကြမ်းကြမ်း လုပ်တတ်တာ သိနေတော့ ကျွန်တော့်ကို အနီးကပ်တိုက်ပွဲ လက်တစ်ကမ်းတိုက်ပွဲ မဆင်နွှဲကြ



တော့ဘဲ အဝေးပစ် လက်နက်တွေနဲ့ ပိုင်းဆော်ကြတော့တာပေါ့။

တစ်ခါတစ်ရံ (သူတို့ ပစ်ပေါက်လိုက်တဲ့) ရွှံ့နှံ့တွေ မျက်စိထဲဝင်သွားလို့ မမြင်မစမ်းနဲ့ ရေနဲ့ မနည်းဆေးပစ်ရတယ်။

သူတို့က ကျွန်တော့်ကိုကြောက်ပြီး ထွက်ပြေးကြလို့သာပေါ့။ သူတို့က ကြောက်မယ့်သာ ကြောက်နေတာ မျက်စိထဲ ရွှံ့နှံ့တွေ ဝင်နေတဲ့ ကျွန်တော်က ဘာမှလဲ မမြင်ရဘူး။ ဘာမှလဲ ပြန်မလုပ်နိုင်ဘူး။ သူတို့သာ မကြောက်မရွံ့ ပြန်လုပ်လို့ကတော့ ကျွန်တော်က ဒုတ်တုတ်ခံရမှာပါ။

ဒီနေရာမှာ အကြောင်းစပ်လို့ မျက်မမြင် ဓားသမားအကြောင်း ပြောပြချင်ပါတယ်။ အရင်က **"ဇတိုအိချိ"** လို့ အမည်ရှိတဲ့ ဂျပန် မျက်မမြင်ဓားသမားကြီးအကြောင်းကိုတော့ ကြည့်ဖူးတဲ့သူတွေလဲ ကြည့်ဖူးကြပါလိမ့်မယ်။ **(ယခုခေတ်မှာလဲ ဇတိုအိချိ ဗွီဒီယို ဇာတ်ပြား ပြန်ထွက်နေပါတယ်။)**

နောက် ဂျပန်ဇာတ်ကား တစ်ကား[illegible] ကတော့ မျက်မမြင် သိုင်းသမ[illegible] **"အိုအိချိ"** ဇာတ်လမ်းပါ။ သူတို့[illegible] မျက်စိသာ မမြင်တာ သူတို့ကို ရန်[illegible] ဓားသမားတွေကို (အကြားအာရုံနဲ့) ခုခံကာကွယ်နိုင်ပါတယ်။

နောက်ပြီး နှစ်ယောက်စလုံး ဓား[illegible] **နောက်ပြန်ကိုင်ပြီး [မောင်းတုံ[illegible] (သို့မဟုတ်) မောင်းကပ်ကိုင်နည်း[illegible] လို့ ခေါ်ပါတယ်။]** ခုခံကာကွယ် တိုက်ခိုက်ကြပါတယ်။ ဓားတစ်ချက်ခွဲ[illegible] ရန်သူတစ်ယောက် သေပါတယ်။

မျက်စိနဲ့ မြင်နေရတာတောင် [illegible] အများကြီးနဲ့ တိုက်ခိုက်မှုကို မနည်[illegible] ခုခံရပါတယ်။ မျက်စိ မမြင်လို့ကတော[illegible] သေဖို့များပါတယ်။ သိုင်းကထာ[illegible] **"မြင်,သိ,ကြား အနီးရန်သူ၊ အာ[illegible] ငါးပါး သတိထား"** ဟူသော စကား[illegible] ရှိရာတွင် **"မြင်"** ဟူသော မျက်စိအမြ[illegible] ကို ဦးစားပေးရပါတယ်။

မျက်စိမြင်ခြင်းသည် အရေးကြီး[illegible] ဖြစ်ပါတယ်။ ဂျပန်မျက်မမြင် ဓားသ[illegible] များ ဖြစ်ကြသော **"ဇတိုအိချိ"** [illegible] **"အိုအိချိ"** တို့က ဓားထိုးသံ၊ ဓား[illegible] သံတို့ သောတအာရုံနဲ့ ခံစားပြီး [illegible] တိမ်းခုခံကာကွယ်ကြပါတယ်။

ရုပ်ရှင်ထဲမှာပဲ ရှိမယ်။ အပြင်မှ[illegible] ရင် မလွယ်ပါဘူး။ ခုခံတိုက်ခို[illegible] မဆိုထားနဲ့... မိမိ မျက်လုံးနှစ်ဖ[illegible] (လုံးဝ မမြင်ရလေအောင်) အဝတ်[illegible] ပြီး လမ်းမြန်မြန် လျှောက်ကြည့်[illegible] လက်တွေ့လုပ်ကြည့်ရင် သိလာပ[illegible] မယ်။

ရှေ့လဆက်ဖတ်ပါရန်

**ဆရာကြီးမင်းယုကြွ**
**(တိုက်[illegible]ဝင်)**



www.burmeseclassic.com

www.burmeseclassic.com



# ဘေးမဲ့စွမ်းအား အကျိုးများ

ဗိုလ်မင်း (မင်းလှ)

...မြို့ပြည်နယ်၊ ရသေ့တောင် ...ယ်ရှိ ကျောက်ထရံကျောင်းတိုက် ...ည် **မေယုမြစ်၏ အနောက်ဘက် ... စေတီပြင်ချောင်း၏ အနောက် ...တမ်းစပ်တွင်** တည်ရှိပါသည်။

...ကျောက်ထရံကျောင်း၏ ကမ်းခြေ ...စပ်တစ်ခုသည် ကျောက်သားထု ...ဖြစ် သဘာဝအတိုင်း တည်ရှိ ...က် ဖြစ်နေသောကြောင့် ကျောက် ...ရံ)ကျောင်းဟု ခေါ်ဝေါ်ကြောင်း ...ပါသည်။

...ကျောက်ထရံကျောင်းသည် မေယု ...မြစ် အနောက်ဘက်ကမ်းခြေတွင် ...ရှိသောကျောင်း ဖြစ်ပါသည်။

အကြောင်းမှာ ကျောက်ထရံ ကျောင်းထိုင်ဆရာတော်ကြီး ဦးဂန္ဓမာသည် ကျွန်းကြီးနိကာယ ဂိုဏ်းချုပ်ဆရာတော်တစ်ပါး ဖြစ်ပါသည်။

နှစ်စဉ် သီတင်းကျွတ်လတွင် ကျွန်းကြီးနိကာယဂိုဏ်းမှ ဆရာတော်များနှင့် ဒါယကာများက လာရောက်ကန်တော့ကြရပါသည်။

ဆရာတော်ကြီးသည် မေတ္တာကို အခြေခံ၍ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဖြစ်ပါသည်။

လောကီ၊ လောကုတ် (၂)ဖြာသော အကျိုးစီးပွားအတွက် တပည့် ရဟန်း၊ သာမဏေ၊ ကျောင်းသား များစွာတို့ကို ပညာသင်မွေးထုတ်ပေးသော (ပရဟိတ)အကျိုးများစွာကို ဦးဆောင်ဦးရွက်ပြုတော်မူသော ဆရာတော် ဖြစ်ပါသည်။

ကျောက်ထရံကျောင်း၏ ကမ်းစပ်ကျောက်နံရံ၌ ငါးမျိုးစုံ ရှိပါသည်။ ငါးတန်၊ ငါးခူ၊ ငါးပနော်၊ ငါးစင်ရိုင်း၊ ပုစွန်၊ ကဏန်း စသော မျိုးစုံသော ငါးများကို မဖမ်းဆီးရ၊ ငါးမမျှားရ ဘေးမဲ့ကမ်းခြေနေရာအဖြစ် သတ်မှတ်ထားတော်မူခဲ့ပါသည်။

မျိုးစုံသော ငါးများသည် ကျောက်ထရံကျောင်း ကမ်းစပ်တွင် ဘေးအန္တရာယ်မရှိဟူ၍ သိကြပါသည်။ ကျောင်းပေါ်မှ ဆွမ်းစားသံချောင်း အုန်းမောင်းခေါက်ချိန်တွင် ငါးများသည် ကမ်းစပ်တွင် အစီအရီ ပေါ်လာကြပါသည်။

ကြီးကြီးငယ်ငယ် မျိုးစုံသော ငါးများသည် အနိုင်အထက် ပြုကျင့်ခြင်းမရှိကြပါ။ ငါးကြီးက ငါးအငယ်များကို ဖမ်းစားခြင်း မရှိပါ။

ဆရာတော်ကြီးက ဆွမ်းသုံးဆောင်ပြီးလျှင် ကျောင်းသား၊ ကိုရင်များက ဆွမ်းကျန်၊ ဟင်းကျန်များကို ငါးများကို အစာကျွေးကြရပါသည်။ အချို့ငါးများကို လက်ဖြင့် ကိုင်တွယ်၍ ရပါသည်။

အစာကျွေးစဉ် လက်ထဲမှာ ကိုင်ထားသော အစာများကို ခုန်၍ခုန်၍ လုယူ စားသောက်ကြပါသည်။

ဆရာတော်ကြီးသည် ဘေးမဲ့နေရာ အနီး ငါးမျှားခြင်း၊ ငါးဖမ်းခြင်း ပိုက်ကွန်





www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဖမ်းဆီးခြင်း မပြုရန် အသိပေး မေတ္တာရပ်ခံထားပါသည်။

ဘေးမဲ့ပေးခြင်း အဓိပ္ပါယ်ကို သိရှိ နားလည်ကြစေရန် တရားဟောတိုင်း ရှင်းပြတော်မူခဲ့ပါသည်။

သတ္တဝါတိုင်း ဘေးအန္တရာယ် ကင်းရှင်း၍ လုံခြုံစွာ နေထိုင်ကြစေရန် မိမိကိုယ်တိုင် သတ္တဝါများအပေါ် မေတ္တာထားကြရန် လိုသည်။

မေတ္တာတွင် **ပို့သောမေတ္တာ၊ ပွားသောမေတ္တာ၊ ထားသောမေတ္တာ** ဟူ၍ ရှိသည်။

'မေတ္တာထား၍ မေတ္တာပွားကာ မေတ္တာ ပို့နိုင်သော ပုဂ္ဂိုလ်တွေ ဖြစ်နိုင်ကြပါစေ'

ဟူ ဆရာတော်ကြီးက အမြဲ ဆုံးမ ဟောပြတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ရေနေ သတ္တဝါများအပြင် ကုန်းနေသတ္တဝါ ဖြစ်သော ကျောင်းဝင်းထဲ အတွင်းရှိ ကျေးငှက်များ ဗျိုင်း၊ တင်ကျီး၊ ဆက်ရက်၊ ကျီး(ချိုး)၊ စာကလေးများကို ဘေးမဲ့ပေးထားပါသည်။

**"ကုန်း၊ ရေနေ သတ္တဝါအားလုံး ကျောက်ထရံကျောင်းအတွင်း ဘေးမဲ့ နေထိုင်ခွင့်ရှိသည်"** ဟူ၍ အသိပေး ကြော်ငြာဆိုင်းဘုတ်ကိုလည်း ကပ်ထား ပါသည်။

ဆရာတော်ကြီးသည် ဘေးမဲ့ပေး ခြင်း မေတ္တာဓာတ် အားကြီးမှုကြောင့် တောတောင် မြစ်ချောင်းများကို ဖြတ် သန်း၍ ဒုရေး/သုရေး ကိစ္စများနှင့် ကြွရောက်သည့်အခါ ကျားရိုင်း/ဆင် ရိုင်းများနှင့် လမ်းတွင် ကြုံတွေ့ရသည်။

သို့သော် ဆရာတော်ကြီး၏ ဘေးမဲ့ မေတ္တာဓာတ် အရှိန်ကြောင့် ရှောင်ကြ ပါသည်။ ဆင် စသော တောရိုင်း တိရစ္ဆာန်များသည် လွတ်ကင်းရာသို့ ရှောင်ကြပါသည်။

တစ်ခါက ဆရာတော်ကြီးသည် သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ် နေသည့်ကြားထဲ ကျရောက်ခဲ့သည်။ အနီးရှိ သရက်ပင်ရင်းတွင် ထိုင်နေ တော်မူ၍ သတ္တဝါတွေ ဘေးကင်းကြပါ စေဟု မေတ္တာပို့လျက် ရှိနေခဲ့သည်ဟု ကြားသိဖူးပါသည်။

တိုက်ပွဲက အချိန်(၂)နာရီခန့် ပြင်းပြင်းထန်ထန်ဖြစ်သည်။ ဆရာ တော်ကြီး ထိုင်နေတော်မူသော သရက် ပင်ကိုင်းများ ကျည်ဆန်ထိမှန်၍ ကျိုး ကျခဲ့သည်။

အချို့က ထင်မှတ်ကြသည်မှာ ကျောက်ထရံဆရာတော်ကြီး ဦးဂန္ဓမာ တိုက်ပွဲကြား ကျည်ဆန်မှန်၍ ပျံလွန် တော်မူလောက်ပြီဟု တိုက်ပွဲပြီးဆုံး၍ သွားရောက်ကြည့်ရှုကြသည်။

ဆရာတော်ကြီးမှာ မည်သည့် ထိခိုက်ဒဏ်ရာမှ မရှိဘဲ ပကတိ အန္တရာယ် ကင်းရှင်းစွာဖြင့် မိမိ ကျောင်းသို့ ပြန်လည်ကြွရောက်တော် မူလာခဲ့ပါသည်။

ဘေးမဲ့ပေးခြင်း အကျိုးများစွာ ရှိနိုင် သည်။ ယခုဘဝ၊ နောင်ဘဝ ဘဝတွေ မှာလည်း ဘေးမဲ့ပေးခြင်း၏ အကျိုး ကား အနန္တဖြစ်နိုင်သည်။

မည်သည့်ပုဂ္ဂိုလ်မဆို သတ္တဝါများ အပေါ် မေတ္တာထား၊ မေတ္တာပွားကာ၊ မေတ္တာပို့နေပြီး ဘေးအန္တရာယ် မကျ ရောက်အောင် ကိုယ်တိုင်ကျင့်ကြံ အားထုတ် နေထိုင်ကြသောသူများ ဖြစ်ကြပါစေဟူ၍...။

မိုလ်မင်း(မင်းလုံ)

ကျမ်းကိုး

**ကျောက်ထရံကျောင်း ကပ်ကျော် ဘုရားကြီး(ငွေရတု)စာစောင်**

စာ ရှု လို က...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂ
အမှတ် ၂၀၉-မြေညီ
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂၂
၀၉ ၇၅
၀၉





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် တိုင်းရင်းမြန်မာ ဆေးဆရာတစ်ဦး ဖြစ်သောကြောင့် ထိုင်များပါသည်။ အထိုင်များသော ကြောင့် ဝမ်းအမြဲချုပ်ပါသည်။ စာရေး သူကဲ့သို့ပင် ဝမ်းအမြဲချုပ်သူများလည်း ရှိမည် ထင်ပါသည်။

ဝမ်းချုပ်များလျှင် ရောဂါတွေ စီတန်း ပြီး ဝင်လာပြီဆိုတာကို တိုင်းရင်းမြန်မာ ဆေးပညာရှင်တိုင်းလိုလို သိရှိကြ သည်။

မသိရှိကြသေးသော သူများ အတွက် အနည်းငယ် ရှင်းပြပေးလိုပါ သည်။ ခန္ဓာကိုယ် ပိုင်ဆိုင်သော သူတိုင်း မည်သူမဆို ဝမ်းမှန်မှန် သွားနိုင်ရမည်။ ဆီးလည်း မှန်ရပါမည်။ ဝမ်းနှင့်ဆီး မှန်နေပါက ခန္ဓာကိုယ် ကျန်းမာခြင်းနှင့် ပြည့်စုံစေပါသည်။

ဝမ်းချုပ်သည့် ခန္ဓာကိုယ် ဖြစ်နေပါ က နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင် သော ရောဂါများမှာ **ဖက်ထိုးခေါင်း ကိုက်၊ ခေါင်းအုံခေါင်းခဲ၊ သွေးတက် သွေးတိုး၊ အကြောတက်၊ မိုက် အောင့်၊ အစာမကြေ၊ ရင်ပြည့် ဗိုက်ကယ်၊ အေးထိုးရင်ကျပ်၊ ကျော ဆောင့်ကျောထိုး၊ ခါးနာဇက်နိုင်၊ ကျိုးပေါင်းထက် ရောဂါများ** တစ်ခု နှစ်ခု,သုံးခုသော ရောဂါမျိုး ဖြစ်ပေါ်ခံစားရတတ်ပါသည်။

ထို့ကြောင့် "**ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ**" ဆိုသော လက်သုံးစကား ပေါ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ဝမ်းမှန်လေသက် ဗိန္ဒောဆေးအမျိုးမျိုး အသည်အမျိုးမျိုးဖြင့် ရောင်းချနေကြ သည်ကို တွေ့မြင်နိုင်ပါသည်။ မိမိတို့ ကြုံသက်ရာ ပရဆေးများကိုလည်း သယ်ယူသုံးဆောင်ကြသည်များလည်း ရှိသည်။

မြန်မာပရဆေးမှုန့်ကို သောက်ရမှာ



သွေးတိုး ဝမ်းမှန် နှမ်းခေါင်းပဲဆာ

# ဓာတ်ဆေးမြာ

မြန်မာ့သမားတော် ဗဟိုဝင်းမောင်
[ဗိုလ်ရာ ရှေးဟောင်း ဓာတ်ဆေးပညာရှင်
(တအ-၄၁၉)
တိုင်းရင်း(ဗီဝက) အထူးကုဆေးခန်း]

ကြောက်တတ်သော သူများမှာ နံနက် စောစော **ဆားစိမ်းကို လက်(၃) ချောင်းနှင့်ယူ၍ သောက်ကြသလို ပွေးမဲဖလီ အရွက်စားဖားကြီး (၃) ရွက်ကို မီးဖုတ်ပြီး ငါးပိရည်ကျိုနှင့် တို့စားခြင်းဖြင့်လည်း** ဝမ်းမှန်အောင် ပြုလုပ်ကြပါသည်။

အချို့မှာ နံနက်စောစော ရေအေး ဝဝ သောက်ခြင်းဖြင့် ဝမ်းမှန်စေသလို၊ နွားနို့ကို နေ့တိုင်း သောက်ပေးပါက လည်း ဝမ်းကို မှန်စေသောကြောင့် လည်းကောင်း အချို့မှာ နံနက်စောစော လမ်းလျှောက်ပေးခြင်းဖြင့် ဝမ်းမှန်စေပြီး ကိုယ်လက် ကျန်းမာနေကြောင်း တွေ့မြင်ရပါသည်။

ဖော်ပြပါနည်းများအတိုင်း စား သောက်နေထိုင် ,လေ့ကျင့်ပါသော် လည်း ဓာတ်ဝမ်း ချုပ်မြဲချုပ်ကာ ဝမ်း သွားရ ခက်မာသော သူများအနေဖြင့် တိုင်းရင်းမြန်မာ ဆေးနည်းကျော်များမှ (စက္ကူပါလဆေး) **စက္ကူ**၊ မျက်စိ၊ **ပါလ** အကြည်ဓာတ်အလင်းရောင် **စက္ကူပါလ** မျက်စိအလင်းရောင် ကြည်စေသော ဆေး တိုင်းရင်းမြန်မာဆေးခန်းသုံး ဆေးနံပါတ်(၁၂)ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပါက မျက်စိ

www.burmeseclassic.com

လည်းကြည်၊ ဝမ်းလည်း မှန်စေပါသည်။

စာရေးသူမှာလည်း ဝမ်းအမြဲချုပ်ပါသည်။ တစ်ခါတလေ အထိုင်များသွားလျှင် ဝမ်းဓာတ်က မာကျစ်ပြီး စမြင်းဖြစ်ကာ ဝမ်းသွားတာကြောင့် ဒွါရကွဲပြီး သွေးစိမ်းရှင်ရှင်ကျသည့် ဝေဒနာကိုပါ ထပ်တိုးပြီး ခံစားရပါသည်။

စာရေးသူကဲ့သို့ လူမသိ သူမသိ နှစ်ရှည်လများ ခံစားနေရသော ဆရာတော်ကြီးတစ်ပါးကို လွန်ခဲ့သော နှစ်(၂၀)ကျော်က ဖူးတွေ့ခဲ့ပါသည်။

ကရင်ပြည်နယ်၊ ကော့ဘိန်းကော့ပေါက်ကျေးရွာသို့ ရောက်ခဲ့စဉ်အခါက အင်္ဂရုတ်ဓာတ်အတတ်မှာ အလွန်ကျော်ကြားသော ဆရာတော် ဖြစ်တာမို့ သွားရောက်ဖူးတွေ့ ကြည်ညိုကန်တော့ပါသည်။

ဆရာတော်ကို ကန်တော့ပြီးနောက်...

'ဆရာတော်ဘုရား... တပည့်တော် မသိရှိတာရှိလို့ မေးပါရစေ၊ ဆရာတော် မေးခွင့်ပြုပါဘုရား'

'အေး...အေး... ဘာမေးမလို့လဲ၊ မေးပါ ရပါတယ်'

ဟု ဆရာတော်၏ ခွင့်ပြုစကားကြားပြီးနောက်...

'အရှင်ဘုရား... ဒီအင်္ဂရုတ် ဖိုထိုးနေတာ ဘာကို အလိုရှိလို့ အင်္ဂရုတ်ဖိုထိုးရပါသလဲ'

ဟု မေးလျှောက်မိပါသည်။

'ဒါယကာလေး ငါ ဒီအင်္ဂရုတ်ဖိုထိုးနေတာ၊ ရွှေဖြစ်အောင်လဲ ထိုးနေတာ မဟုတ်ဘူး။ သိဒ္ဓိပေါက်အောင်လဲ ဖိုထိုးနေတာ မဟုတ်ဘူး။ ဆီး,ဝမ်း,လေမှန်ပြီး အသက်ရှည်သမျှ ကျန်းမာစေနိုင်တဲ့ ဓာတ်ပြာဆေးကို အလိုရှိလို့ အင်္ဂရုတ်ဖိုထိုးခြင်း အမှုကို ပြုလုပ်နေတာ'

ဟု အမိန့်ရှိခဲ့ပါသည်။

ဆက်လက်၍ ဆရာတော် အမိန့်ရှိသည်မှာ...

'ငါ ဃယ်စဉ် ရဟန်းဘဝမှာ စာကျက်စာအံ့ စာဝါတွေ ပို့ရပြီး အထိုင်များလွန်းတာကြောင့် လိပ်ခေါင်းဖြစ်လို့ တစ်ကြိမ်ဖြတ်တယ်။ နောက်တစ်ကြိမ် ပြန်ဖြစ်တော့ နောက်တစ်ခါ ဖြတ်တယ်။

ဒီလိုနဲ့ (၄)ကြိမ်တိုင်အောင် ပြန်ဖြစ်လို့ လိပ်ခေါင်း (၄)ခါဖြတ်ပြီးတာတောင် ဝမ်းမှာ ချုပ်မြဲချုပ်နေပြီး ဗိန္ဓောဆေးလဲမတိုး နိုင်ငံခြားဆေးပညာနဲ့ဆေးလဲ မတိုးတော့တဲ့ အတွက် အဲဒီဝေဒနာတွေကို ပျောက်ကင်းစေနိုင်တဲ့ ရှေးဝိဇ္ဇာဓရဆရာတော်များ မှီဝဲအသုံးပြုခဲ့တဲ့ ဓာတ်ပြာဆေးမှတစ်ပါး တခြားမရှိပြီမို့ ငါ ဒီအင်္ဂရုတ်ဓာတ်ထိုးခြင်းဖြင့် ဓာတ်ပြာဆေးရအောင် ကြိုးစားလုပ်ဆောင်နေခြင်း ဖြစ်တယ်'

ဟု အမိန့်ရှိခဲ့ပါသည်။

စာရေးသူမှာလည်း ဓာတ်ချုပ် စမြင်းခံ၊ သွေးဆင်း အကြောက်တက် ဝေဒနာတွေကို လူမသိ လူမသိ ကြိတ်ပြီး ခံစားနေရသူမို့ ဆရာတော်ကြီးကဲ့သို့ ရှေးဝိဇ္ဇာဓရဆရာတော်များ မှီဝဲအသုံးပြုခဲ့သော ဓာတ်ပြာဆေး ရရှိအောင် လုပ်ကိုင်မှ တော်မည်ဟု စိတ်အကြံဖြစ်ကာ...

ထိန်းသိမ်းသိုဝှက်ထားသော ဓာတ်ဆေးကျမ်းများစွာကို အရွယ်ထောက်သဖြင့် စာကျက်၍ အလွတ်မရသော်လည်း သဘောပေါက်အောင် ကြည့်ရှုပြီး အင်္ဂရုတ်ဓာတ်ထိုးခြင်း အလုပ်ကို ထိုအချိန်မှ အစပြုကာ လုပ်ကိုင်ခဲ့ပါသည်။

အင်္ဂရုတ်ဓာတ်ကျမ်း များစွာတွင် ဓာတ်လုံးလမ်းစဉ်နှင့် ဓာတ်ပြာဆေးဖုတ်ခြင်း နှစ်မျိုးနှစ်စား လုပ်ရတ်လမ်းကြောင်း တွေ့မြင်ရပါသည်။

မိမိအနေဖြင့် ဓာတ်လုံးလမ်းစဉ်ကို ဒုတိယထားပြီး ဓာတ်ပြာလမ်းစဉ် ... ထားကာ လေ့လာအားထုတ်ခဲ့ပါသည်။ ထိုဓာတ်ပြာဆေးလမ်းစဉ်ကို ပြ... ဓာတ်ဆေးကျမ်းမှာ **အသျှင်နာဂသေ... ဘိဝံသ(သိမ်ဖြူဆရာတော်) ... သားတော်မူခဲ့သော (၁)ရသာ... ဓာတ်ဆေးကုထုံးကျမ်း၊ (၂)ရေ... တရဂီနီဓာတ်သမုဒ္ဒရာ ကျမ်း... နှစ်ကျမ်းကို** အဓိကထား၍ လေ့လာ... တော့သည်။

ဤနှမ်းခေါင်းပမာ ဓာတ်ပြာဆေး... ၁၉၉၅ ခုနှစ်၊ (၁၀)ပိုင်းကျမှ ဓာတ်... ဖုတ်ခြင်း နည်းစနစ်အမှန် ရရှိ... ဓာတ်ဆေးကျမ်း၏ ညွှန်ကြားသ... အတိုင်း ဓာတ်ဆေး၏ အရောင်အ... ကို အဆင့်မီစွာ အောင်မြင်အော... ဆောင်ရွက်နိုင်ခဲ့ပါသည်။

သို့သော် နှမ်းခေါင်းပမာ ဓာတ်... ပြာကို စမ်းသပ်စားသုံးရန်မှာ ဝန်... နေပါသည်။ အဘယ်ကြောင့်ဆို... ဤဓာတ်ဆေးပြာသည် အင်္ဂ... မဖုတ်သေးခင် (အဆိပ်) ဖြစ်၍နေ... ကြောင့် စားသုံးရန် တွန့်နေပါသ...

စာရေးသူတို့၏ ရှေးသဘာ... ဆရာကြီးများ ဗိန္ဓောဆေးကို ဓာ... စမ်းသပ်ရာမှာ ဗိန္ဓောဆေးအ... အရည်မှန်သမျှ လျှာပေါ်တ... အရသာခံခြင်းဖြင့် အချိုဓာတ်၊ အ... ဓာတ်၊ အငန်ဓာတ်၊ အဆိမ့်ဓာ... အဖန်ဓာတ်၊ အခါးဓာတ် ရသာ(၆)... တို့၏ တိုးဆုတ်လွန်ကဲသော အ... ကိုကြည့်ပြီး ဖြစ်ပျက်နေသော ေ... နှင့် တွက်ချက်ကာ ဆေးချ... တိုက်ကျွေးရပါသည်။

ဝိဇ္ဇာဓရ ဓာတ်ဆေးပြာကို ... ရန်မှာ လျှာပေါ်တင်ရုံဖြင့် အ... ဓာတ် မပေါ်သောကြောင့် ကိုယ်...

www.burmeseclassic.com

...ဆုံးပြီးမှ အန္တရာယ်ကင်း၊မကင်း၊ ...ထွက်ဆိုးကျိုးရှိ၊ မရှိကို ကိုယ်တွေ့ ...နိုင်သလို ဓာတ်ဆေးပြာ၏ အကျိုး ...ရှုပြုမှုကိုလည်း ကိုယ်တိုင်သိရှိ ...ပါမည်။

သို့အတွက်ကြောင့် မိမိ၏ အသက် ...ထည့်မတွက်ဘဲ **"ဒီဓာတ်ဆေးပြာ ...ကို ငါ စမ်းသပ်စားသုံးမယ်။ ဖြစ်လို ...ဖြစ်စေတော့၊ အကျိုးထူးရှိလာ ...ခဲ့ရင် တိုင်းရင်းမြန်မာဆေးလောက ...ရဲ့ ဓာတ်ဆေးတမျှ အစွမ်းထက်လှ ...သော ဝိဇ္ဇာရေ ဓာတ်ဆေးပညာကို ...တတ်လှမ်းမီသရွေ့ လှစ်ဟ၍ ဖွင့်ပြ ...ပေးနိုင်မယ်"ဟု ယုံကြည်စွာဖြင့် ...နောင်လာနောက်သား ဓာတ်ဆေး ...ပြာ လိုလားသူများ ရရှိနိုင်ကြပါ ...စေဟု မေတ္တာရှေ့ရှုကာ ရေးသားရ ...ပါသည်။**

ဤဓာတ်ဆေးပြာ ရရှိသော နေ့မှာ ...ငန်းခုပုလင်း၌ ဓာတ်ဆေးပြာ ကပ်၍ ...နေသော **တစ်မှုန့်၊ နှစ်မှုန့်မျှ ဆေးပြာ ...ကို ရေနှင့်ကျင်းပြီး စမ်းသပ်သုံး ...ဆောင်ခဲ့ပါသည်။**

နောက်တစ်နေ့ မိုးလင်းသောအခါ **...တွင် အမြဲချုပ်၍ မာနေသော ဝမ်းမှာ ...ဆင်းသွားရာ၌ မပျော့မမာရှိခြင်း၊ ...သက်ခြင်း၊ ဒူးရည် တစ်ဆို့ခြင်း ...ကင်း၍ အနေအထိုင် ပေါ့ပါးလန်း ...ဆန်းသော ခန္ဓာကိုယ်၏ လှုပ်ရှားမှု ...ကို** သတိပြုမိလာပါသည်။

ထိုနေ့မှစ၍ နေ့စဉ်နေ့တိုင်း ...နမ်းခေါင်းပမာ ဓာတ်ဆေးပြာကို ...ရေနှင့်အတူ သုံးဆောင်မှီဝဲလျက် ...ရှိသည်။ ယနေ့တိုင်အောင် သောက် ...သုံးနေပါသည်။

**...တစ်ခွက်စာမှာ (နယားကာလက်ဖက်ရည်... ...နှင့် တစ်ကာလက်၊ ကြီးလျှင် တစ်ဝက်) ...ရေညှိ၍ သောက်သုံးပါက တစ်လဆို ...လျှင် (ဓာတ်ဆေးပြာ နှစ်တွေ့) ကုန်ပါ**



...သည်။

ဤနှမ်းခေါင်းပမာ ဓာတ်ဆေးပြာကို နှစ်ပေါင်း(၂၀)တိုင်တိုင် စားသုံးပြီး ဖြစ်သလို၊ နေ့တိုင်း စားသုံးခြင်းဖြင့် ဆေးမတိုးသွားသလို၊ ဘေးထွက်ဆိုး ကျိုးလည်း အလျှင်းမရှိ၊ နှလုံး အာရုံ ကြောသွေးတိုး ကိုယ်ခံအား ကောင်းမွန် လာသည်ကိုသာ သိရှိခံစားရပါသည်။

သို့ပါသောကြောင့် ပညာလိုလား အမျိုးကောင်းသားသမီးများ ယုံကြည် စွာဖြင့် ယခု ဖော်ပြပေးမည့် နှမ်းခေါင်း ပမာ ဓာတ်ဆေးပြာဖုတ်ခြင်း၊ သုတ် သန့်စင်ခြင်း နည်းစနစ်များကို လက် တွေ့လုပ်ကိုင်နိုင်ကြပါစေရန် ဝိဇ္ဇာရေ ဓာတ်ဆေးပညာ ဖြန့်ဝေလိုက်ပါသည်။

**မှတ်ချက် ။ ။ ဓာတ်ဆေးဓာတ်ပြာ မသေဘဲစားလျှင် လူသေမည်။ သေပြီးသော ဓာတ်ဆေးပြာ စားသုံး လျှင် သွေးအားကောင်း၍ လူရှင် မည်။**

---

နှမ်းခေါင်းပမာ ဓာတ်ဆေးပြာ

မီးဖုတ်ခြင်း အစီအစဉ်

---

နှမ်းခေါင်းပမာ ဓာတ်ဆေးပြာဆေး နည်းကို **ရသတရင်္ဂနီဓာတ်သမုဒ္ဒရာ ကျမ်းကြီး၏ စာမျက်နှာ(၁၀၄) စာပိုဒ်(၁၈၉)တွင်** ဖော်ပြထားသော **ပြဒါးဆုံးဓာတ် ဆေးနည်းစနစ်ကို** အခြေခံမူယူပြီး ကိုယ်တိုင် လက်တွေ့ ဖုတ်သော နည်းစနစ် ဖြစ်ပါသည်။

ပါဝင်သော ဓာတ်ပစ္စည်းမှာ **ပြဒါး (၅)ကျပ်သား၊ ကန့်(၅)ကျပ်သား** ဖြစ်ပါသည်။

ထို ပြဒါးနှင့်ကန့်တို့သည် (အဆိပ်) ဓာတ်များ ဖြစ်ကြပါသည်။

ပြဒါးအဆိပ်ကြောင့် ဖြစ်တတ်သော ရောဂါများမှာ ပြဒါး၌ ခဲဒေါသအဆိပ် ကိန်း၏။ ထိုအဆိပ်ကြောင့် ခန္ဓာကိုယ်၌ အနာများ ဖြစ်တတ်၏။ ပြဒါး၌ပင် ခဲမဖြူအဆိပ် ကိန်း၏။

ထိုအဆိပ်ကြောင့် နူနာရောဂါ ဖြစ် တတ်၏။ ပြဒါး၌ မီးဒေါသအဆိပ် ကိန်း ၏။ ထိုအဆိပ်ကြောင့် ခန္ဓာကိုယ် အတွင်း အပူကိန်းကာ အပူတိုးလာ၏။

ပြဒါး၌ မလဒေါသအဆိပ် ကိန်း၏။ ထိုအဆိပ်ကြောင့် ထုံနာကျဉ်နာ ရောဂါ ဖြစ်တတ်၏။ ပြဒါး၏ တုန်လှုပ်သော စပလဒေါသကြောင့် သုတ်ဓာတ် ကုန် ခန်းတတ်၏။ ပြဒါး၏ အဆိပ်ဒေါသ ကြောင့် အနာမီးလျှံကဲ့သို့ အနာများ ဖြစ်တတ်၏။

ကန့်အဆိပ်ကြောင့်လည်း ရောဂါ များ တိုးပွားလာတတ်၏။ ကန့်အဆိပ် ကြောင့် ကိုယ်ရေပူပေါ်တတ်၏။ စိတ် ချောက်ချားမှု ဖြစ်တတ်၏။ သွေးလေ ဖောက်ပြန်တတ်၏။ ခန္ဓာကိုယ် အသား အရေ ညစ်နွမ်းမည်းပြာလာတတ်၏။

ဤသို့သော ပြဒါးအဆိပ်ကန့် အဆိပ်များကို ပျောက်ကင်းစေရန် ဆေးမဖုတ်ခင် သုတ်သင်သန့်စင်ခြင်း ပြုရမည်။

ပြဒါးကို သုတ်သင်သန့်စင်ရာမှာ **ဓာတ်သမုဒ္ဒရာကျမ်း စာမျက်နှာ(၆၃) အပိုဒ်(၃၆/၁၅)တွင်** ဖွင့်ဆိုထားသော နည်းပေါင်း မြောက်မြားစွာထဲမှ အသုံး ပြုရန် အလွယ်ကူဆုံးမှာ **ပြဒါး(၁၀) ကျပ်သား။ နနွင်းမှုန့်(၁၀)ကျပ်သား။ ကျပ်ခိုး ယင်းအားလုံး စုပေါင်းရော**



www.burmeseclassic.com

www.burmeseclassic.com

**ထောင်းပြီး** ဆန့်ပုံးရည်ဖြင့် ဆေးကြော၍ အဝတ်ဖြင့်စစ်ယူ၍ ရရှိသော ပြဒါးကို အသုံးပြုရပါသည်။

ကန့်ကို သုတ်သင်သန့်စင်ရာမှာ ဓာတ်သမုဒ္ဒရာကျမ်း စာမျက်နှာ(၁၃၄)၊ စာပိုဒ်(၁၈/၂၀)တွင် ဖွင့်ဆိုသော အလွယ်ကူဆုံးနည်းဖြစ်သည့် မုန်ညင်းဆီ(သို့မဟုတ်) နှမ်းဆီ(၂၀)ကျပ်သားကို စတီးဒယ်အိုးတွင်ထည့်၍ မီးညှင်းညှင်းဖြင့် ချက်ပါ။

ဆီပူလာသောအခါ ကန့်(၁၀)ကျပ်သား အမှုန့်ကို ထည့်ပါ။ ကန့်မှုန့်များ အရည်ပျော်သွားပါက မီးနွေးနွေးဖြင့် ချက်ထားသော နွားနို့(၅၀)ကျပ်သား အတွင်းသို့ လောင်းထည့်ပြီး မီးဖိုပေါ်မှ ချပါ။ နွားနို့ အေးသွားသောအခါ ခဲနေသော ကန့်အတုံးကလေးများကို ဓာတ်ဆေးဖုတ်ရန် ဖြစ်ပါသည်။

ထို သုတ်သင်သန့်စင်ပြီးသော **ပြဒါး (၅)ကျပ်သား၊ ကန့်(၅)ကျပ်သား နှစ်ပါးပေါင်း၍** ရောထောင်းပါ။ ရောထောင်းပြီး ကန့်ပြဒါးမှုန့်ကို ဖော်မံထားသော ငှက်ပျောဖူး ဖန်ပုလင်းအတွင်းသို့ လောင်းထည့်ပါ။

## ဓာတ်ပြာဆေးဖုတ်ရန် ယန္တရားဆိုတိုက် တည်ဆောက်ခြင်း

မကျိုးမပဲ့သော အုတ်နီခဲ ကောင်းကောင်း (၂၄)လုံးကိုယူပါ။ တစ်ကန့်လျှင် အုတ်နီခဲခြောက်လုံး ထပ်စီပြီး (၄)မျက်နှာထောင့်ချင်းထိ၍ လေးထောင့်ကွက်ဖြစ်ရန် စီထားရပါမည်။

ဓာတ်ဆေးထည့်ထားသော ဖော်မံဖန်ပုလင်းကို ထိုလေးထောင့်ကွက် အုတ်တိုက်အတွင်း ဖိုခုံလောက် (၃)လုံးပေါ် သို့တင်ပြီး (သာသာညှင်းညှင်းတေဖောသွင်း) ဆိုသည့်အတိုင်း မီးဖုတ်ခြင်း အစီအစဉ် ဖြစ်ပါသည်။

၁။ ပထမမီးဖြစ်သော ဥယျာတေဇောမီးကဲ့သို့ ကိုယ်ငွေ့ရုံမျှသော မီးအချိန်(၂)နာရီ မီးပေးရမည်။

၂။ ဒုတိယမီးဖြစ်သော ပရိကာမတေဇောမီးကဲ့သို့ ဝမ်းတွင်းအစာခြေနိုင်သော မီး(၂)နာရီ နည်းနည်းတိုး၍ ပေးရမည်။

၃။ တတိယမီးဖြစ်သော သန္တပ္ပနတေဇောမီးကဲ့သို့သော အဖျား(၁၀၂)ဒီဂရီ မီးအပူမျိုး (၂)နာရီခန့် ပေးရမည်။

၄။ စတုတ္ထမီးဖြစ်သော ပရိဒယှနတေဇော် (ဝါ) ဘုပဇောဇောမီးကဲ့သို့(၂)နာရီ မီးပြင်းပြင်းပေးရမည်။

ဤကဲ့သို့ မီးချိန်(၈)နာရီကြာ မီးပေးပြီးပါက တစ်ညသိပ်၍ ဓာတ်ဆေးပုလင်းကို နှုတ်ထားရပါမည်။

ဓာတ်ဆေးပုလင်းလည်း မကွဲစေရ။ ဓာတ်ဆေးမှာလည်း အနီရောင် ခေါင်ရန်းပန်းကဲ့သို့ နီရမည်။ ပြဒါးဓာတ်မိ၍ ပြဒါးသေလျှင် ဓာတ်ဆေးနီမည်။ ပြဒါးမသေလျှင် ဓာတ်ဆေးအနီရောင် မဖြစ်ပါ။

ဤဓာတ်ပြာဆေးကို စာရေးသူ၏ ဆေးခန်းတွင် အသုံးပြုလျက်ရှိသော နှမ်းခေါင်းပမာ ဓာတ်ဆေးပြာပြဒါးဆုံး ဓာတ်ဆေး ဖြစ်ပါသည်။ ကိုယ်တိုင် နေ့စဉ်စားသလို ဝေဒနာရှင်များကိုလည်း ကုသပေးလျက်ရှိ၏။

ဝိဇ္ဇာဓရဓာတ်ဆေးပညာ လိုလားသူ၊ ဗဟုသုတတိုးပွားလိုသူ၊ လေ့လာလိုက်စားသူများ ရှေးဆရာတော်များ၏ ဝိဇ္ဇာဓရ အဂ္ဂိရတ်ဓာတ်အတတ်ပညာ တိုးပွားနိုင်ကြပါစေ။

***မြန်မာသမားတော်မင်းတင်မောင်***
***[ဝိဇ္ဇာဓရဂန္ဓီရ ဓာတ်ဆေးပညာရှင်***
***(တဆ–၄၁၉)***
***တိုင်းရင်း(စီဝက) အထူးကုဆေးခန်း]***

စာမျက်နှာ (၂၀၇)မှ အဆက်

*[ဤဂါထာတော်ကို နက္ခတ္တဗေဒ ...*
*ဗေဒင်နှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအ...*
*တာဆရာကြီး ဦးသန်းဇော်အောင်မွေ [...*
*စရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး) ...*
*ဘာသာ–ဒီယနီကာယကောဝိဒ(ပြ...*
*ပိုလ) ]မှ ပါဠိသဒ္ဒါ အနေအထားများ...*
*အောင် ပြင်ဆင်၍ အနက်ပြန်ဆိုပေး...*
*သည်။]*

ကိုယ့်ဖာသာကိုယ် မီးထွန်း...
"**မေ**" လို့ဆိုပြီး ရေးထည့်ရမယ်။အ...
တွက်ဆို "**မတေ**" လို့ဆိုပြီး ရေးရ...

ဒီဂါထာကို ဖယောင်းတိုင်...
(၃)ကြောင်း ညီစွာရေးပြီး ဘုရားရှ...
မီးထွန်းပူဇော်ပါ။ မွေးနေ့နံနက်ဖြစ်...
ညချမ်းဖြစ်စေ နှစ်သက်တဲ့အ...
ဆောင်ရွက်ပါ။

ဤသို့ မစီရင်ခင်မှာတော့ အနု...
အနန္တငါးပါးကို ဘုရားမီးပူ...
သောက်တော်ရေကပ်၊ ငါးပါးသီလ...
ပြီးမှ ဖယောင်းတိုင်မှာ ရေးပါ။

သစ်ပင်တစ်ပင်မှာ အမြစ်၊အ...
အညွန့် ပြည့်စုံမှ တင့်တယ်မှာဖြ...
ရက်သားသမီးများအနေနဲ့ ...
အပင်၊အညွန့်ဝန်း (၃)ညွန့်စီ ...
(၉)ညွန့် ဘုရားလှူပါ။

ဖယောင်းတိုင်မှာ ရေးပြီး...
ဖယောင်းတိုင်က အထက်က ...
အတိုင်း (၇)ခေါက် ရွတ်ပြီးမှ ထွ...
အတိုက်အခိုက်များ အောင်မြင်ပါမ...

ခုနစ်ရက်သားသမီးများ၏ **အ...**
**အပင်၊အညွန့်**မှာ နက္ခတ္တရောင်ခြ...
မဂ္ဂဇင်း၌ ဆောင်းပါးရှင်များ ဖော်...
ဖြစ်၍ စာမျက်နှာငဲ့ပြီး မတင်ပြတော့...
မီးထွန်းပြီးပါက လိုရာဆ...
ဆုတောင်းပါ။

*အာယု ဝဏ္ဏော သုခံ ...*

**မောင်ဗဟိန်း (...င်းတော်)**



www.burmeseclassic.com

www.burmeseclassic.com



# ရန်အပေါင်း အောင်မြင်စေသောနည်း

မောင်ဖြိုးနိုး
(အင်းတော်)

တပို့တွဲလအခါလည်း ဖြစ်သည်။ ထမနဲထိုးသော အချိန်ဖြစ်၍ အိမ်၌ ထိုးသော ထမနဲကို စားဦးစားဖျား ပြုသည်မှ နားနောင်ဘုန်းတော်ကြီး ကျောင်းသို့ သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

ပိုင်း သံကွက်ရှိသော တောတောင် နှင့် ချမ်းအေးလှသော ဆောင်းရာသီမှ သည်း ငွေနှင်းမှုန်များ လွှမ်းခြုံလျက် ရှိပါသည်။

စာရေးသူ ကျောင်းအရောက်တွင် ဆရာတော် ဦးကလျာဏကိုကြည့်ရာ မျိုးအောင်ဘုရား ဓမ္မာရုံ၌ရှိ၍ ဆန့်သင့်စွာမှ သွားရောက်ဖူးမြော် ရန်တော့ပြီး ထမနဲလည်း ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

စာရေးသူက လျှောက်ထားရာ ရန်အပေါင်း အောင်မြင်စေသောနည်း ကို ချီးမြှင့်ရန် ပြောပြတင်လျှောက် သည့်အခါ ဆရာတော် ဦးကလျာဏမှ ဤသို့ ပြန်မိန့်ဆိုပါသည်။

'ဘုရားရှင်ရဲ့ ပရိတ်တော်တွေ ဘုရားဂုဏ်၊ တရားဂုဏ် ,သံဃာဂုဏ် အဖွဲ့တွေကို စပ် ဆိုထားတဲ့ ရှေးပညာရှင်များရဲ့ ဂါထာမန္တန် တွေဟာ ထက်တယ်။ ဉာဏ်နဲ့ချင့်ပြီး အသုံး ပြုရတယ်။

ဒါပေမယ့် အသုံးပြုတဲ့ ပုဂ္ဂိုလ်ရဲ့ သီလ, သမာဓိ, သိက္ခာ ဆိုတဲ့အပေါ် မူတည်ပြီး ထက်မြက်ခြင်း၊ မထက်မြက်ခြင်းတို့ဟာ ဖြစ်ပေါ်ကွဲပြား ခြားနားမှုရှိတယ်။

အခြေခံအားဖြင့် ငါးပါးလုံခြုံမှု အင်း အိုင်၊ ဂါထာ၊ မန္တန်၊ စမ စတဲ့ အစီအရင်တွေဟာ အောင်မြင်တယ်။

သီလက မလုံခြုံ၊ သမာဓိကမရှိ၊ သိက္ခာက ချွတ်ခြုံကျဆိုရင်တော့ သဲထဲရေသွန်သလို ဘာမှ အရာမထင်ဘူး။

ဘုရားရှင်ရဲ့ ပရိတ်တော်တွေကို ရွတ်ဖတ် ကြည်ညိုပွားများရင်လဲ ဒီလိုပဲ။ ဒါပြောရတာက ပညာရှိ သတိဖြစ်ခဲ့၊ အစီအရင် မှန်သမျှမှာ စီရင်သူရဲ့ သစ္စာ,သီလ,သမာဓိ,သိက္ခာက လွန်စွာ အရေးပါတယ်'

စာရေးသူ ဆရာတော်၏ လမ်းညွှန် ဩဝါဒကို နာယူလျက်၊ ချီးမြှင့်မည့် အစီအရင်ပညာရပ်ကို ငံ့လင့်လျက် ပြောဆိုမည့် စကားကို နားထောင် လျက် ရှိနေပါသည်။

'အမှန်တော့ အောင်ခြင်းရှစ်ပါး မန္တန်တစ်ခုပါပဲ။

ဉုံ မာရံ ယက္ခံ ဂဇံ စောရံ
စိဥ္စမာနဥ္စ သစ္စကံ။
နာဂံ ဗကံ ဇိနိ ဇိနော။
ဖတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

**ဉုံ** = အုံ
**ယက္ခံ** = ယက်ခံ
**စိဥ္စမာနဥ္စ** = စိန်စမာနင်စ
**သစ္စကံ** = သစ်စကံ
**သစ္စဝဇ္ဇေန** = သစ်စဝစ်ဇေန
**ဇယမင်္ဂလံ** = ဇယမင်ဂလံ

**အနက်**

ဉုံ–ကောင်းခြင်းမင်္ဂလာ အဖြာဖြာ မှန်စွာ ဖြစ်ပါစေသတည်း။

**ဇိနော**–မြတ်စွာဘုရားသည်၊ **မာရံ** – စစ်သည်နှင့်တကွသော မာရ်နတ် သားကိုလည်းကောင်း၊ **ယက္ခံ**– အာဠာဝက ဘီလူးကို လည်းကောင်း၊ **ဂဇံ**–နာဠာဂီရိအမည်ရှိသော ဆင်ကို လည်းကောင်း၊ **စောရံ**–အင်္ဂုလိမာလ ခေါ်ကြတစ်မျိုး သူခိုးလူကြမ်း လူ့သရမ်း ကိုလည်းကောင်း၊ **စိဥ္စမာနဥ္စ**–မဟုတ် မမှန် လုပ်ကြံစွပ်စွဲ လွန်ကဲယုတ်စွာ စိဥ္စမာန အမည်ရှိသော မိန်းမကိုလည်း ကောင်း၊ **သစ္စကံ** – ဝါဒတစ်ထောင် ဆောင်ကာမာန်ထ သစ္စက မည်သော ပရိဗိုဇ်ကိုလည်းကောင်း၊ **နာဂံ**–တန်ခိုး ပြင်းထန် နန္ဒောပနန္ဒ နဂါးမင်းကို လည်းကောင်း။ **ဗကံ**–ဖြဟ္မာသက် ရှည်ကာ မိစ္ဆာယူပြင်း ဗက ဗြဟ္မာမင်း ကိုလည်းကောင်း။

**ဇိနိ**–ပါရမီမေတ္တာ ပညာလက်နက် စွဲကိုင်လျက်ဖြင့် တိုက်ဖျက်ကာဆောင် အောင်တော်မူခဲ့လေပြီ။ **ဇတေန သစ္စဝဇ္ဇေန** – ဤမှန်သော စကားကို ဆိုရခြင်းကြောင့်၊ **မေ**–အကျွန်ုပ်အား (သူတစ်ပါးအတွက်ရွတ်လျှင် **တေ**– သင့်အား)၊ **ဇယမင်္ဂလံ**–အောင်ခြင်း မင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေ သတည်း။

 (စာမျက်နှာ (၂၀၆) သို့)


www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင်

# ထီ

## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



နိုဝင်ဘာလတွင် ဖွင့်လှစ်မည့် ထီဆုငွေများနှင့် နီးစပ်ကံကောင်းစေရန် **၀၊ ၆၊ ၅၊ ၇ ဂဏန်းခြေများကို ၄၊ ၁၊ ၁၁၊ ၁၁ အက္ခရာများနှင့်** တွဲဖက်၍ ကံစမ်းပါ။

ဂဏန်းတူ အပူးအထပ်ကို အလိုရှိပါက **၀၊ ၆၊ ၅၊ ၇ အနက်** နှစ်လုံးနှင့် အထက် ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။

ထီလက်မှတ်အရောင်းဆိုင် တည်နေရာကို ရွေးလိုပါက ပျော်ပွဲစားရုံ၊ စားသောက်ဆိုင်များ၊ အဖျော်ယမကာ အရောင်းဆိုင်များအနီး ဖွင့်လှစ်ရောင်းချသော ထီအရောင်းဆိုင်၊

ကုန်းမြင့်ထက် လေကောင်းစွာ တိုက်ခတ်သောနေရာ၊ လမ်းကျယ်ကြီးများ၊ အဝေးပြေးလမ်းများအနီး ရောင်းချသောဆိုင်၊ သာယာငြိမ့်ညောင်းသော တေးသွားများ ကြားရသောဆိုင်တို့ကို ရွေးချယ်ပါ။

ဆိုင်မျက်နှာစာ၌ နက်မှောက်ေ... ပရိဘောဂ အပြင်အဆင်များ ရှိ... ပို၍ ကံထူးစေလိမ့်မည်။

**ထီကံမြှင့်ယတြာ ပြုလိုပါလျှင်** ထဘီ၊ ပုဆိုး၊ ဖိနပ်၊ ခြေအိတ် စသ... ခါးအောက်ပိုင်း အဆင်တန်... တစ်ခုခု၌ ပန်းရောင်ကို ပါဝင်... အင်္ကျီ၊ ခေါင်းပေါင်း၊ ဆံညှပ်၊ ... ထီး၊ ဦးထုပ် စသည့် ခါးအောက်ပို... အဝါရောင် တစ်ခုခုကို ဆင်မြန်း... ကံစမ်းနိုင်ပါသည်။

| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | ဗြဒ္ဓ | ကျောက်မျက် | စပ်တူထိုးလျှင် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၁မှဧပြီ၂၀ | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| ပြိဿရာသီ ဧပြီ၂၁မှမေ ၂၀ | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | နို့ဆိမ့် | ဥဿဖရား | တနင်္ဂနွေသားသမီး | တနင်္လာသားသမီး |
| မေထုန်ရာသီ မေ၂၁မှဇွန် ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခဲ | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| ကရကဋ်ရာသီ ဇွန်၂၁မှဇူ ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| သိဟ်ရာသီ ဇူ၂၂မှဩ ၂၀ | ၈ | ပြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေသားသမီး | ဗုဒ္ဓဟူးသားသမီး |
| ကန်ရာသီ ဩ၂၂မှစက် ၂၀ | ၂ | မြ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| တူရာသီ စက်၂၂မှအောက်၂၂ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေးသားသမီး | အင်္ဂါသားသမီး |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို ၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာသားသမီး | ဗုဒ္ဓဟူးသားသမီး |
| ဓနုရာသီ နို၂၂မှဒီ ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| မကာရရာသီ ဒီ၂၁မှဇန် ၁၉ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| ကုံရာသီ ဇန်၂၀မှဖေ ၁၈ | ၉ | မြ | အရှေ့မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| မိန်ရာသီ ဖေ ၁၉ မှမတ် ၂၀ | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |

မွေးလရာသီအရ ကံအခွင့်အလမ်းများ

⟵ * * *

**ဥပမာ။ ။ မိဿရာသီဖွား(မေ... ၂၁ မှ ဧပြီ ၂၀ အတွင်းမွေးသူ)...** သည် ၀,ဂဏန်း၊ အနက်ရော... အနောက်အရပ်၊ သောကြာနေ့... ဖန်သောအရသာ၊ နီလာကျောက်... က ကံလာဘ်ပွင့်လင်းစေလိမ့်မည်...

စပ်တူထိုးလိုပါက ဗုဒ္ဓဟူးသားသမီးများနှင့် ကံစပ်ပါ။ သောကြာသားသမီးတို့နှင့် စပ်တူ မထိုးသင့်ဟု ဆိုလို... သည်။

*ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ...*

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

လက်ဝါးသဏ္ဌာန်

# သိဒ္ဓိဝင် အုန်းညှာတံ



ကျွန်တော်တို့ နေထိုင်သော ကမ္ဘာကြီးတွင် ထူးဆန်းအံ့ဩဖွယ်ကောင်းသော အရာဝတ္ထုများ နေရာတိုင်းတွင် ရှိနေပါသည်။

ထိုအရာများကို လူတို့က ဖော်ထုတ်ပြီး အသုံးပြုခြင်းဖြင့် လူသားတို့အပေါ် အနည်းနှင့်အများ ကျေးဇူးပြုပေးနေကြပါသည်။

သာမန် ဖြစ်ရိုးဖြစ်စဉ်၊ ရှိရိုးရှိစဉ်နှင့် မတူဘဲ ကွဲကွဲပြားပြား ထူးထူးခြားခြား ပေါ်ပေါက်နေသောအရာများကို ဂမ္ဘီရဟု ဆိုကြပါသည်။ သို့ဆိုပါလျှင် ယခု ကျွန်တော် တင်ပြမည့်အရာကိုလည်း ဂမ္ဘီရဟု ဆိုထိုက်ပါသည်။

အဘယ်ကြောင့်ဆိုသော် နဂိုမူလ သဘာဝအားဖြင့် အုန်းပင်၏ အုန်းခိုင် အုန်းသီးသီးရန် ထွက်ပေါ်လာသော အုန်းညှာတံခေါ် ကြွက်မြီးများသည် တစ်ချောင်းချင်း၊ တစ်ချောင်းချင်း အများရှုးသွားကျရိုး ထုံးစံရှိသည်ကို လူတိုင်းသိကြပါသည်။

**ယခု ကျွန်တော် တင်ပြမည့် အုန်းကြွက်မြီးကား ယင်းကဲ့သို့ အများရှုး မဟုတ်ဘဲ လက်သီးမှ လက်ချောင်းလေးများ ထွက်နေသလို ဖြစ်နေသည်ကို မြင်တွေ့နိုင်ပါသည်။ ထို့ကြောင့် ဂမ္ဘီရဟု ဆိုခြင်း ဖြစ်ပါသည်။**

ထိုထူးဆန်းသော အုန်းကြွက်မြီးကို တစ်ရွာတည်းနေ ဦးကျောက်ခဲမှ သိဒ္ဓိဝင်ပေးရန် ပြောပါသည်။ စုစုပေါင်း (၄)ခု ယူလာပြီး (၂)ခုကို ကျွန်တော့်အား ပေးပါသည်။ (၂)ခုကို သူ့အား ပြန်ပေးရပါသည်။

ယခု ဓာတ်ပုံပါ အုန်းကြွက်မြီးကား ကျွန်တော့်အိမ်တွင် ဆောင်ထားသော အုန်းကြွက်မြီးများပင် ဖြစ်ပါသည်။

ဂမ္ဘီရပစ္စည်းမှန်လျှင် သိဒ္ဓိတစ်မျိုးမျိုး ရှိမြဲဓမ္မတာအတိုင်း ယင်းအုန်းကြွက်မြီးကို ဆောင်ထားသော အချိန်မှစ၍ ငွေရေးကြေးရေး အခက်အခဲမရှိဘဲ အကြံအစည်များ အောင်မြင်လာခြင်း၊ အကူအညီအစောင့်အရှောက်များ ရရှိခြင်း၊ အိပ်မက်ထဲ၌ ယင်းဂမ္ဘီရ ပစ္စည်းဖြင့် ဆေးကုရခြင်းတည်းဟူသော ကောင်းကျိုးတို့ကို ခံစားရပါသည်။

မောင်ပြည်ကျော်
(မင်းတုန်း)





www.burmeseclassic.com

www.burmeseclassic.com

# ပျော်ရွှင်ချမ်းသာ အိမ်တော်မင်္ဂလာ

ဖေမြင့် (မြင်းခြံ)

လူသားတိုင်း၌ အပန်းဖြေနေထိုင်ရမည့် ဥယျာဉ်နှင့်တူသော နားခိုရမည့် အိမ်သည် လူနေမှုဘဝအဆင့်အတန်း လျော်စွာ ရှိနေကြသည်။

ထိုအိမ်တွင်...

ပျော်ရွှင်ချမ်းသာ ကြည်နူးစွာနေထိုင်ကြသောမိသားစုဝင်များ ရှိသကဲ့သို့ ကိုယ်တွင်း အတ္တမာန,လောဘ,ဒေါသ, မောဟ ဟူသော မီးများကြောင့် နေ့စဉ်နေ့တိုင်း စကားကို ပျူပျူငှာငှာ မပြောဘဲ စကားတကျက်ကျက် ပူလောင်ဆူပွက်လျက်ရှိသော မိသားစုဝင်များလည်း ရှိနေကြသည်။

အိမ်တစ်အိမ်တွင် အတူနေထိုင်ကြသောလူအများသည် မေတ္တာ, ကရုဏာ,မုဒိတာ တစ်ဦးနှင့်တစ်ဦး ထားရှိမှသာ ငြိမ်းချမ်းသာယာစွာ အတူတကွ ယှဉ်တွဲနေထိုင်ရနိုင်၏။


တစ်ဦးကို တစ်ဦးက မေတ္တာ, ကရုဏာ,မုဒိတာကင်းသော မိသားစု၊ လူ့အဖွဲ့အစည်း၊ လုပ်ငန်းတိုင်း မငြိမ်းချမ်းသော ဝိရောဓိများနှင့် တွေ့ကြုံရမည်ဖြစ်သည်။

မိသားစုသည် ညီညွတ်ခြင်းမရှိ ရန်တကျက်ကျက်ဖြစ်နေပါက အိမ်ပူ ဖြစ်နေမည်။

အမှန်မှာမူ အိမ်ကပူသည် မဟုတ်ဘဲ အိမ်မှာ နေထိုင်ကြသော မိသားစုဆူညံစွာ ပြောဆိုနေထိုင်မှုကို တင်စားလျက် အိမ်ပူသည်ဟု ဆိုရိုးစကား ရှိနေခြင်းဖြစ်သည်။

အိမ်အတွင်းမှာ နေထိုင်သော ပူလောင်သော မိသားစုမီးများ၊ လိုက်ဖက်မညီသော ပတ်ဝန်းကျင်မီးများကြောင့် လူအများဘဝသည် ကိုယ်စိတ်ချမ်းသာစွာ မရှိဘဲ နေထိုင်ကြရသည်။

လူ့ဘဝသည် တိုင်းပြည်မြို့ရွာ အိမ်မှ အစပြုပြီး တစ်ဦးနှင့်တစ်ဦး အနစ်နာမခံကြဘဲ ကိုယ့်အတွက်သာ ကိုယ်ကြည့်သဖြင့် အေးချမ်းမှုကား ဝေး၏။



ပတ်လည်ဝန်းရံနေသော မီးပုံအလယ်မှာ ရပ်တည်နေထိုင်ရသကဲ့သို့ ရှိနေကြသည်။

* * *

'ဒုန်း...ဒုန်း'

အိမ်သာတံခါးရွက်ကို ပြင်ဘက်က တဒုန်းဒုန်း ဆူဆူညံညံ ထုနှက်နေခြင်းဖြစ်သည်။

ဖုန်းကို ကိုင်ပြီး လက်တစ်ဖက်က ထုနေခြင်း ဖြစ်သည်။ နံနက်စောစောသို့ရောက်တိုင်း ပြဿနာက လူနှင့်အတူတူ ပါလာမြဲ ဖြစ်သည်။ တစ်နေ့မဟုတ် နေ့တိုင်းနေ့တိုင်း ဖြစ်နေကြမိဘတွေကလည်း အော်နေကြ,ပြောနေကြဖြစ်သည်။

'ဘုရား...ဘုရား'

ဒေါ်ယုယုခင်က အိမ်သာဘက်သို့ ကြည့်လျက် နှုတ်မှ စကားသံထွက်လာသည်။

ဦးအောင်စိုးသည် တံမြက်စည်းကို လှည်းနေရာက ဒေါ်ယုယုကို ကြည့်လျက် ပြောလိုက်သည်။

'ဟေ့ မယု... နင့်သမီးနှစ်ယောက်ကို မပြောတော့ဘူးလား'

ဟု တံမြက်စည်းကို ဆောင့်အောင့်ပစ်ချပြီး ပြောလိုက်သည်။

'တော်လဲ ဖခင်တစ်ယောက်ပဲ... တော်ပြောတော့ လောကနိမ္မာ ကြော... လို့လား'

ဟု မျက်နှာထိမျက်နှာဖြင့် ဦးအောင်စိုးကို ပြန်၍ မခိုးမခန့် ပြောလိုက်သည်။

နေ့စဉ်နေ့တိုင်း သမီးနှစ်ယောက် ပြဿနာဖြစ်တိုင်း ဖြစ်တိုင်း... လင်မယားနှစ်ဦးဆီသို့ ကူးပြောင်း... နေကြဖြစ်သည်။

တစ်ဦးကမပြောဘဲ ရပ်ခဲ့လျှင် ပြဿနာ ပြီးသွားနိုင်၏။ နှစ်ဦး... မရပ်ခဲ့လျှင် လေးဦးလုံးပြဿနာ... ပြီးတော့မည်မဟုတ်ပေ။

တောက်လောင်မြိုက်နေသော မီး... ကို ရေဖြင့် ငြိမ်းသတ်နိုင်သော်လည်း... မိမိမှ မွေးဖွားထားသော သား...





www.burmeseclassic.com

www.burmeseclassic.com

သော မီးကား ရေဖြင့် ငြိမ်းသတ်ချင် မရသောမီး ဖြစ်သည်။

ထိုမီးလောင်မြိုက်ခြင်းကို ခံရသော တွေသာ များသည်။ သားသမီးကောင်း မိဘခေါင်းဟူ၍ အပြစ်တင်ဦးမည်။ ခေါင်းငုံ့ပြီး ခံရုံမှတစ်ပါး မတတ်နိုင်ပေ။

'ဒုန်း...ဒုန်း'

နောက်တစ်ကြိမ်က ယခင်အကြိမ်ထက် အသံက ပြင်းထန်သည်။

'ဟော့...မယု၊ မယု'

'မင်း... နားက လေးနေရော့လား ပြောဦးလေ'

ဟု ဦးအောင်စိုးက အောင့်အည်း မခံနိုင်သဖြင့် အသံကျယ်ကျယ် အော်လိုက်သည်။

ထိုအခါမှ...

မယုသည် အိမ်သာဘက်သို့ လှမ်းကြည့်လျက်...

'ဟော့ ပေါက်လွှတ်ပဲစား နှစ်ကောင်နေနဲ့ ရပ်လိုက်'


ဟု ပြောလိုက်သည်။ အမေဘက်သို့ သမီးအကြီးက မျက်နှာ နောက်ပြန်ကြည့်လိုက်သည်။

'အမေ့သမီးငယ်က အိမ်သာတက် ဖုန်းနှိပ်နေတာ ကြာနေပြီ၊ ခုထိ ထွက်သေးဘူး။ အမေ့သမီးငယ်ကို ပြော'

ဟု ရပြောလိုက်ပြန်သည်။ ညီအစ်မ သည် ညီညွတ်ခြင်းမရှိကြ၊ တစ်ဦး တာ တစ်ဦးက အကောင်းမမြင် ခြင်း၊ ရန်ဘက်ပြုခြင်းတို့က များ သည်။

မိဘ၊ ဦးကြီး၊ ဒေါ်ကြီး စသော တို့သည် ညီညွတ်သင့်မြတ်အောင် မနိုင်ဘဲ ရှိနေ၏။

ဦးအောင်စိုးသည် မိသားစု ညီညွတ်ကို အကြိမ်ကြိမ် တွေးသော်လည်း



ဖြေရှင်းနိုင်မည့်ကား ဝေးနေဆဲဖြစ် သည်။

တစ်ခါတစ်ရံတွင် အိပ်ရာဝင်ပြီး နဖူး လက်တင် စဉ်းစားသော်လည်း အဖြေ ကား မတွေ့၊ ပြောရခက် ဆုံးမရခက် သော သားသမီးများအတွက် စိတ်ပျက် ရသော ရက်ပေါင်းကို မရေတွက်ချင် တော့...

ဤသို့လျှင်...

**နေ့စဉ်နေ့တိုင်း သွားလာနေသော အိမ်နှင့် လူတို့သည် ကောင်းသော နေရာ၊ ကောင်းသောမိဘ၊ ကောင်းသော ရှိသောကလေးဟု ဆိုအပ်သော အိမ်၏ ကျက်သရေ၊ လူတို့၏ ကျက်သရေ ရှိမှု ဆိုသည့် ... လိုသည် မလိုသည်ကို မှန်းထားနိုင်သည်။**

မိသားစု အတူနေအချင်းချင်း နစ်နာ မှုမခံခြင်း၊ ချစ်ခင်မှုနည်းခြင်း၊ စာနာမှု မထားကြသောကြောင့် အမြင်ခြင်းမတူ စိတ်သဘောထား မတိုက်ဆိုင် တစ်ယောက်အမှားကို တစ်ယောက်က မျက်စိ ဒေါက်ထောက် ကြည့်နေသကဲ့ သို့ ဖြစ်နေလေ၏။

ဤအိမ်မှာ နေထိုင်သော လူအများ သည် ကြာကြာနေရလေ ပျော်စရာ မကောင်းလေ၊ စိတ်ညစ်စရာများလေ အိမ်ဖြစ်နေမည်မှာ သေချာ၏။

ပတ်ဝန်းကျင် လူများအနေဖြင့် အပြုံးအရွှင်မရှိသော မိသားစု၏ မျက်နှာတို့ကြောင့် ဝင်ချင်ထွက်ချင်စိတ် မရှိဘဲ ပတ်ဝန်းကျင်နှင့် ကင်းကွာသော အိမ်နှင့် လူတို့ ဖြစ်လာမည်။

လူသည် တစ်ဦးတည်း ရပ်တည် လျှင် မရစကောင်း။ လူမှုဆက်ဆံရေး ရှိရသည်။ လူအများနှင့် ကင်းကွာမရ စကောင်း တစ်အိမ်တည်း ရပ်တည် လျှင် အထီးကျန်ဖြစ်မည်။

ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စများ၌ အခြားသူများ ဆောင်ရွက် နိုင်မှသာ ငြိမ်းချမ်းသာယာ အိမ်ဖြစ် လာနိုင်၏။

သူ့ဘာသာသူ နေ၊ ကိုယ့်ဘာသာ ကိုယ်နေ စိတ်ထားရှိသောလူသည် လူအများနှင့် သွေးဖည်ဆန့်ကျင့်သကဲ့ သို့သော ရန်လိုခြင်းတစ်မျိုး ဖြစ်သည်။

စည်းစိမ်ဥစ္စာ အခြံအရံ ပြည့်စုံစွာ ရှိသောကြောင့် မိသားစု လုံခြုံစိတ်ချရ သည် ထင်နေကြသည်။ ဤကဲ့သို့ လုံခြုံစိတ်ချရသည်ဟု ဆိုလျှင် အိမ် တံခါးကို အချိန်ပြည့် သော့ခတ်ဖို့ လို မည်မဟုတ်ပေ။

တစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ ပတ်ဝန်းကျင် အနီးနားနေထိုင်ကြ သော လူအားလုံးကို ဖြစ်စေ လျစ်လျူ ရှုခြင်းသည် မကောင်းပေ။ သူ့ကိုယ် နာလိုမှ ကိုယ့်ကို နာလိုသူ ရရှိမည်ဖြစ် ကြောင်း သတိမူရပါမည်။

ဦးအောင်စိုးသည် မိသားစုအကြောင်း ကို စဉ်းစားတွေးတောပြီး မျက်နှာ မသာယာဘဲ တံမြက်စည်းကို ငေးစိုက် ကြည့်နေလေ၏။

'ဒကာကြီး ဘာတွေ ကြည့်နေတာ တုန်း'

ဟု နံနက်တိုင်း ဆွမ်းခံကြွလာသော အသက်ရွယ်ကြီးရင့်သော ဘုန်းတော် ကြီးက မေးလိုက်သောအသံကို ကြား လိုက်မှသာ ဦးအောင်စိုးသည် အမှတ်



www.burmeseclassic.com

www.burmeseclassic.com

သတိ ဝင်လာတော့သည်။

'စဉ်းစားနေမိပါတယ် ဘုရား'

ဟု လျှောက်လိုက်သည်။

'ဘာတွေများ စဉ်းစားစရာကိစ္စတွေ များနေသတုန်း ဒကာကြီး'

ဟု မေးလိုက်၏။

'ဘုန်းဘုန်းကိုယ်တိုင်လဲ နေ့တိုင်းမြင်တွေ့ ကြားနေရတော့ အထူးလျှောက်ထားစရာ မလိုဘူးဘုရား။

တပည့်တော်အိမ်မှာက နေ့စဉ်နေ့တိုင်း စကားတကျက်ကျက် များနေကြတာ ဘယ်လိုလုပ်ရမလဲ စဉ်းစားရင်းက အတွေး ထိုင်နေမိပါတယ်ဘုရား'

ဟု လျှောက်လိုက်သည်။

'ဒကာကြီး လျှောက်တာ မှန်တယ်၊ ဒကာကြီး အိမ်မှာက ဘုန်းဘုန်းဆွမ်းခံ ကြွလာတိုင်း သမီးနှစ်ယောက် စကား မများတဲ့ရက်က မရှိသလောက်ဘဲ'

ဟု မိန့်ကြားလိုက်၏။

'မှန်ပါတယ်ဘုရား တပည့်တော်လဲ အကြိမ်ကြိမ် ပြောပြဆုံးမသော်လဲ နားမထောင်လို့ စိတ်လဲ ပျက်နေပါပြီ ဘုရား'

ဟု ဦးအောင်စိုး စိတ်ဓာတ်ကျသံ နှင့် လျှောက်ထားလိုက်သည်။

'အင်း... ဒကာကြီး ပြောပြဆုံးမလို့ မရဘူး ဆိုတာ ဘုန်းဘုန်း ယုံတယ်။ ခုခေတ်လူငယ် တွေ အသိဉာဏ် ဗဟုသုတရှိမယ့် စာတွေ ကို မဖတ်ကြတော့ဘူး။

အလိမ္မာ စာမှာရှိလို့ မဟုတ်တော့ဘဲ အလိမ္မာ ဖုန်းမှာရှိနေတယ်လို့များ ထင်နေ ကြလားမသိ၊ နေ့နေ့ညည အချိန်တိုင်းမှာ ဖုန်းကို ပွတ်နေကြတာ'

ဟု မိန့်ကြားလိုက်သည်။

'ဘုန်းဘုန်း မိန့်ကြားတာ မှန်ပါ တယ်ဘုရား... ညရောက်လဲ ဖုန်းက ပွတ်လို့မပြီး၊ မနက်အိပ်ရာထတော့ လက်ထဲမှာ ဖုန်းကို ကိုင်ပြီး အိမ်သာထဲ



မှာ ပွတ်နေပြန်ရော'

ဟု ငြိမ်းငွေ့သံနှင့် လျှောက်လိုက်၏။

မယုယုသည် ဆွမ်းနှင့် ဆွမ်းဟင်းကို လာရောက်ပေးသဖြင့် ဦးအောင်စိုး သည် သပိတ်ထဲသို့ လောင်းလှူနေ စဉ်...

'ဒကာကြီးကို ဘုန်းဘုန်း နည်း လမ်းတစ်ခု ပေးခဲ့မယ်၊ ဆန္ဒရှိရင် လုပ်ကြည့်မလား'

ဟု မေးလိုက်သည်။

'ဆန္ဒရှိတယ်ဘုရား ဘုန်းဘုန်း ပေး ရင် တပည့်တော်လုပ်ပါ့မယ် ဘုရား'

ဘုန်းဘုန်းကြီးက စကားကို ဆက် လက် မိန့်ကြားသည်မှာ...

'ဘုန်းဘုန်းငယ်ရွယ်စဉ်က လောကီ အင်းပညာများကို ကြာရှည်လိုက်စား လေ့လာဖူးတယ်။ အသက်ရွယ်က ရလာတော့မှပဲ ဒီလောကီပညာရပ် တွေဟာ ဘုန်းကြီးအလုပ် မဟုတ်ဘူး လို့ အမှတ်သတိဝင်လာလို့ စွန့်ပစ်ခဲ့ တယ်။

စွန့်ပစ်ထားတာ ကြာပေမယ့် နည်း တွေက မှတ်မိသေးတယ်'

ဟု မိန့်ကြားပြီး စကားကို ရပ်ထား လိုက်ပြန်သည်။

'ဆက်လက်မိန့်ပါဦး ဘုရား'

ဟု ဦးအောင်စိုးက လျှောက်လိုက် သည်။ ဘုန်းဘုန်းကြီးမှ စကားကို ဆက်လက် မိန့်ကြားလိုက်သည်။

'ဒကာကြီးရဲ့ အိမ်မှာ မိသား တဖြည်းဖြည်း ညီညွတ်အေးချမ်း ရရှိအောင် လုပ်ကြည့်စေချင်တယ်'

ဟု မိန့်လိုက်သည်။

'ဘယ်လိုများ လုပ်ကြည့်ရမှာ ဘုရား'

ဟု ဦးအောင်စိုး လျှောက်ထားလိုက် သည်။

'ဘုန်းဘုန်းစာရွက်နဲ့ ရေးပြပေးခဲ့ ကိုယ်တိုင်လုပ်ပေးမှာ မဟုတ်ဘူး ဒကာကြီး'

'ဒီလိုဆို တပည့်တော် ဘယ်သူ လုပ်ခိုင်းရမှာလဲဘုရား'

'ကဲ...ဒကာကြီး'

ဘုန်းဘုန်းက စာအုပ်နှင့် ဘောလ် ပေးဟု တောင်းလိုက်သည်။ ဦးအော စိုးက စာအုပ်နှင့်ဘောလ်ပင် ဘုန်းဘုန်း လက်သို့ ကပ်လိုက်သည်

ဘုန်းဘုန်းသည် ကျွမ်းကျင်သည် ထင်ရသည်။ အချိန်တိုတိုတွင် သား ပြီးစီးသွားလေသည်။

'ရော့ ဒကာကြီး... ဒီစက္ကူပေါ် ရေးပြထားတဲ့ သမ္ဗုဒ္ဓေဂါထာအင် ယူသွားပါ။ အမှတ်(၆)ရပ်ကွက် ဗေဒင်ဆရာဆွေညွန့်ကို ကျော သင်ပုန်းငယ်ငယ်အပေါ်မှာ အင်း ခိုင်းပါ။

ဘုန်းဘုန်းက လွှတ်လိုက်တာ ပြောပြ၊ အဲဒီက ဆရာဦးဆွေညွန့် တစ်ချိန်က ဘုန်းဘုန်းတပည့်ဖြစ် စီရင်ပေးလိုက်မယ်။ ငွေဆန်လိ မဟုတ်ဘူး'

မိန့်ကြားလိုက်သည်။

ဦးအောင်စိုးသည် နားမ သော်လည်း ဘုန်းဘုန်းရေးထ အင်းကို အောက်ပါအတိုင်း မြင်ရ လေ၏။

***



www.burmeseclassic.com

www.burmeseclassic.com

**သမ္ဗုဒ္ဓေဂါထာတော် အင်းဆန်(၆)ကွက် မြင်းသွားချ။ ကြီးလေးလုံးသွင်း။**

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သံ | မှု | ဒွေ | အ | ဋ္ဌ | ဝီ | သ | ဥ္စ | ဒွိ | ဒ | သ | ဥ္စ | သ | ဟ | ဿ | ကေ။ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ပ | ဥ္စ | ဿ | တ | သ | ဟ | ဿာ | နိ၊ | န | မာ | မိ | သိ | ရ | သာ | မ | ဟံ။ |
| ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |

အင်းဆန်သွားရန်

| | | | | | |
|---|---|---|---|---|---|
| သ | အ | သ | ဒွိ | ဥ္စ | ဿ |
| ဝီ | (က) | မှု | ဟ | (ဃ) | ဒ |
| ဒွေ | ဥ္စ | ဋ္ဌ | သ | ကေ | သ |
| န | သိ | မ | ပ | တ | ဿာ |
| သာ | (ဠ) | မာ | ဟ | (ဏ) | ဥ္စ |
| မိ | ဟံ | ရ | ဿ | နိ | သ |

| | | | | | |
|---|---|---|---|---|---|
| ၁ | ၄ | ၇ | ၉ | ၁၂ | ၁၅ |
| ၆ | ၃၃ | ၂ | ၁၄ | ၃၄ | ၁၀ |
| ၃ | ၈ | ၅ | ၁၁ | ၁၆ | ၁၃ |
| ၂၅ | ၂၈ | ၃၁ | ၁၇ | ၂၀ | ၂၃ |
| ၃၀ | ၃၆ | ၂၆ | ၂၂ | ၃၅ | ၁၈ |
| ၂၇ | ၃၂ | ၂၉ | ၁၉ | ၂၄ | ၂၁ |

'အင်းကို ရလာတဲ့အခါ တပည့်တော် ဘာဆက်ပြီး လုပ်ရမယ်ဆိုတာ အမိန့်ရှိပါဦး ဘုရား'

ဟု စာရွက်ကို ကိုင်ထားပြီး မေးလျှောက်လိုက်သည်။

'အကာကြီး... ဆရာတွေညွှန်ဆိုက အင်းရထားပြီဆိုရင် မိမိတို့အိမ်က ဘုရားကို သက်သတ်လွတ် ဆွမ်းတော်ပါးပွဲ၊ ရေတော်ပါးခွက်၊ ပန်းလှလှ ပါးခိုင်၊ ထီး ပါးလက်ကို မိတ်ဖြူနဲ့ ခင်းကျင်းစီစဉ်ပါ။ ကကုသန်ဓောဏဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရားငါးဆူကို ရည်မှန်းလျှပြီး ပူဇော်ကန်တော့ပါ။

ကန်တော့ပြီးရင် မိသားစု စည်းလုံးညီညွတ်ပါလိုက်။ စိတ်ဝမ်းကွဲပြားခြင်း ကင်းရပါလိုက်။ ခဏခဏ ဆူပူခြင်း ငြိမ်းရပါလိုက်။ ဆုတောင်းပါ။

ကျောက်သင်ပုန်းအင်းကို သမ္ဗုဒ္ဓေဂါထာတော်ကြီးနဲ့ ခုနစ်ခေါက် မန်းမှုတ်ပါ။ ပြီးရင် ဘုရားရှေ့တော်မှာ တစ်ညထား နောက်တစ်နေ့မှာ မိသားစု သောက်တဲ့ရေအိုးထဲမှာ ထည့်ပြီး မိသားစု သောက်ကြပါ။

သမ္ဗုဒ္ဓေ ဂါထာတော်ကြီးက မိမိတို့သောက်လုပ်ထားပြီးဖြစ်တဲ့ အိမ်မှာ သစ်ကြမ်း ဝါးကြမ်း မြေကြမ်းတို့၏ အနှောင့်ယှက်ကို တားမြစ်နိုင်သလို ဘေးဥပဒ်အန္တရာယ်ဟူသမျှကိုပါ ကာကွယ်နိုင်ပေတယ်။

သမ္ဗုဒ္ဓေဂါထာရွတ်ဖတ်ရာကား ဂါထာသတ္တ မန်းမှုတ်ရလျှင် ဒေါသစိတ်ပျောက်ကောင်းကျိုးရောက်လို့ အဆိုအမိန့် ရှိတယ်'


ဦးအောင်စိုးသည် ဘုန်းဘုန်း မိန့်ကြားသမျှကို ရိုသေစွာ မှတ်သားနေလေသည်။

'အကာကြီးက ဒီသမ္ဗုဒ္ဓေဂါထာကိုနှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ကို အာရုံပြုပြီး ပါဠိအက္ခရာ ပီပီသသနဲ့ ရပ်ရမယ့်နေရာ စဉ်းငယ်ရပ်ပါ။

အကာကြီးရဲ့အိမ်ရှိမိသားစုတွေ ဒေါသဆိုတဲ့ စိတ်ဆိုးစိတ်ရိုင်းတွေ လွင့်စဉ်သွားပါလိမ့်မယ်'

ဟု မိန့်ကြား၏။

ဘုန်းဘုန်းကြီးသည် ပြန်ကြွတော့မည့် အရိပ်အကဲဏာကို ပြလိုက်သည်။



အချိန်ကြာမြင့်သွားပြီ ဖြစ်သောကြောင့် ဦးအောင်စိုးက လက်အုပ်ချီပြီးနောက် ဆွမ်းသပိတ်ကို ကပ်လှူလိုက်သည်။

သက်တော် ခြောက်ဆယ်မျှရှိသော ဘုန်းဘုန်းကြီးသည် အိမ်အတွင်းမှ ဖြည်းဖြည်း ကြွသွားလေသည်။

အကျိုးတရားတိုင်းသည် အကြောင်းကြောင့် ဖြစ်ရသကဲ့သို့ သားသမီးတိုင်းသည် မိဘနှစ်ဦးတည်း ဟူသော အကြောင်းကြောင့် ဖြစ်လာရသည်။

စိတ်ခက်ထန်သော သားသမီးတို့ကို အကြမ်းနည်းဖြင့် ဆုံးမသော်လည်းမရ၊ အနုနည်းဖြင့် ဆုံးမသော်လည်း မလွယ်သောကြောင့် မိဘတိုင်းသည် ငါးမျှားချိတ်ကို မျိုမိသောငါးကဲ့သို့ မခံချိမခံသာ နေရထိုင်ရခက်သကဲ့သို့ ရှိနေ၏။

လိမ္မာခြင်းမရှိ အမြော်မြင်ဆင်ခြင်ကင်းသော အမွေခံသားသမီးဆိုးများသည်လည်း မိဘများ လည်ချောင်း၌ အိုးခြမ်းကွဲ၊ ကျောက်စရစ်ကို မျိုထားရသည့်တူမည်မှာ သေချာ၏။


ထိုနယ်ရှိနေသော မိဘများအတွက် လဆန်းတစ်ရက် လရောင်စက်ကဲ့သို့ တစ်နေ့ထက် တစ်နေ့ တက်၍တက်၍ အိမ်တော်ကျက်သရေ မင်္ဂလာပြည့်စုံလာရတော့မည့် သမ္ဗုဒ္ဓေဂါထာတော်ကြီး၏ စီရင်သည့်နည်းဖြစ်ရာ...


ဇော်မြင့်(မြင်းခြံ)



www.burmeseclassic.com

www.burmeseclassic.com





# စံပယ်ဖြူ

ကြူကြူမွှေးတဲ့

# ပန်းကလေး၏

## ဆေးဖက်ဝင် အစွမ်းသတ္တိများ

ဦးမင်းဖြင့် (ရွှေနဝင်း)

ဝသန် မိုးဖွဲဖွဲလေးများနှင့်အတူ စံပယ်ဖြူဖွေးဖွေးလေးများ ရန့်သင်းပျံ့စွာနှင့် မြိုင်မြိုင်လိုင်လိုင်ကြီး ဖူးပွင့် ဝေဆာစွာ ပွင့်လန်းလာခဲ့လေပြီ။

ပန်းချစ်သူများ၏ ဆံကေသာဦးမှာ ရစ်ခွေထုံးဖွဲ့ ပန်ဆင်လို့ မဝအောင်ကို ပင် ခုံမင်နှစ်သက်စွာ ပန်ဆင်ကြလေ သည်။

ကြည့်မြင်ရသူတွေကလည်း ဘဝင် အေးမြပြီး ပန်ဆင်သူ၏ ကေသာဦးမှာ မွှေးရနံ့ကလည်း ကြည်နူးလန်းဆန်းလှ သည့် ရနံ့အာရုံကို ပေးစွမ်းနိုင်သည့် စွမ်းရည်ရှိပေသည်။

ရှေးရာ တိုင်းရင်းဆေးပညာရပ်တွင် **"အာရုံနေရာ ဆေးအစာ"**ဟူ၍ အကြောင်းရင်းတရား(၄)ပါးနှင့် အနာ ရောဂါများကို ပျောက်ကင်းချမ်းသာ အောင် ကုသပေးကြပါသည်။

ထို့ပြင် စံပယ်ဖြူ ကြူကြူမွှေးလှ သည့် ပန်းကလေးများက များစွာ အစွမ်းထက် ဆေးဖက်ဝင် အသုံးပြုနိုင် ကြပါသည်။

စံပယ်ပန်းသည် အာရှနိုင်ငံများ သာမက အခြားသော ဥရောပနိုင်ငံများ တွင်လည်း နှစ်သက်ခုံမင်ကြပါသည်။

အထူးသဖြင့် ကမ္ဘာ့ရေမွှေးတို့၏ ဘုရင် ပြင်သစ်နိုင်ငံတွင် အကောင်းဆုံး ရေမွှေးများ ထုတ်လုပ်ရန်အတွက် ရာသီဥတုကောင်းမွန်၍ မြေဩဇာ ကောင်းမွန်သော အရပ်ဒေသများကို သီးသန့်ရွေးချယ်ပြီး...

**စံပယ်ပန်းခင်းကြီးကို ဧက ရာထောင်ချီ၍ သီးသန့်စိုက်ပျိုးပြီး စံပယ်ပန်းပွင့်ကို နံနက်အရုဏ်မပေါ်လာမီကတည်းက နံနက်ခင်း (၇)နာရီအတွင်းအချိန်မှာ ခူးဆွတ်ပြီး ရေမွှေးအတွက် စံပယ်ပန်းအဆီကို ယခင် တိုက်၍ အဆီထုတ်ယူကြပါသည်။**

တရုတ်နိုင်ငံမှာကတော့ စံပယ်ပန်း ၏ ဂန္ဓာရုံ ရနံ့ကို ဆေးဖက်ဝင် ကျန်းမာ ရေး အကျိုးပြုစေရန် လက်ဖက်ရွက်မှာ စံပယ်ရနံ့ ကူးစက်ထုံဝင်စေပြီး စံပယ် ပန်း လက်ဖက်ခြောက်အဖြစ် ဖန်တီး ပြီး...

ယနေ့ ကမ္ဘာထိပ်တန်း ကျန်းမာရေး အကျိုးပြု စံပယ်ပန်းလက်ဖက်ခြောက် အဖြစ် ထုတ်လုပ်ပြီး ကမ္ဘာ့နိုင်ငံ အသီး သီးသို့ အဓိကဖြန့်ချိ ဈေးကွက်တင် ရောင်းချပြီး နိုင်ငံခြားဝင်ငွေကို ရှာဖွေ ပေးနေသည့် ပန်းလေးတစ်ပွင့် ဖြစ်နေ လေပြီ။

တစ်ဖန် အေရှိမား သရဖီ(ခေါ်) ရနံ့ကုထုံးများတွင်လည်း ယင်းစံပယ် ရနံ့ စံပယ်ဆီဟာ လွန်စွာ ဆေးဖက်ဝင် အသုံးတွင်လှပါသည်။

မြန်မာ့ နယ်ပယ်မှာလည်း ဝသန် ခါ ဝါဆိုဦးမှာ ဘုရားစေတီများတွင် စံပယ်ဖြူဖြူဖွေးဖွေး မွှေးမွှေး ပန်း ကလေးများ ဝေဆာမြိုင်ဆိုင်စွာ ဆက် ကပ် လှူဒါန်း ပူဇော်ထားကြသည် မှာ...

လွန်စွာ ကြည်နူးနှစ်သက်စဖွယ် ကုသိုလ်တရား ပွားများရသည့် ကလည်း ရွှေမြန်မာတို့၏ မဟာအ... အရေးကြီးတစ်ရပ် ဖြစ်ပေသည်။

ဒါကြောင့် စံပယ်ပန်းသည် မြ... ကြိုက် ကမ္ဘာကြိုက် ဘုရားလည်း... အလှလည်းဆင် ဆေးဖက်လည်း... စီးပွားရေးဈေးကွက်လည်း ကိုက်... သည့် တော်ဝင်နန်းထိုက်သည့် စံ... ဖြူပွင့်လေးအဖြစ် ဂုဏ်တင်... သည်။

စံပယ်ပန်းတွင်လည်း **ပန်းစံပ... စံပယ်အိုးမုတ်နှင့် တောစံပယ်...** စာရေးသူတို့နိုင်ငံတွင် (၃)မျိုး ... သည်။

ကမ္ဘာမှာ ရေမွှေး စတင်ထုတ်လု... ပြီး နာမည်ကျော်ကြားသော ပြင်သ... နိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း(... ကျော်မှ စတင်ပြီး ယနေ့ထိတိုင်အေ... နာမည်ကျော်ကြား လူကြိုက်အများ... ဖြစ်သော...

Chanel No.5 ရေမွှေးသည် စံ... ပန်းအဆီကို အဓိက အခြေခံထ... အခြားသော နှင်းဆီပန်း လာဗင်... စသော ပန်းအမျိုးပေါင်းများစွာ... အဆီ သဘာဝထွက်ပစ္စည်းများနှင့် ... ထုတ်လုပ်ထားပါသည်။

ထို့ကြောင့် Chanel No.5 ရေ... ၏ဂုဏ် သတင်းသည် နှစ်ပေါင်း(... ၅၀)ကြာသည့် တိုင်အောင် ရနံ့မ... အာနိသင်မပျက်၊ တည်ရှိနေနိုင်... စွမ်းရည်ထူးကို ပိုင်ဆိုင်ထားပါသ...

ဤသို့သော ထူးခြားချက် စွမ်း... များကြောင့်လည်း Chanel N...



www.burmeseclassic.com

www.burmeseclassic.com

ရေမွှေး၏ ရနံ့သည် တစ်ခါစွတ်ထားခဲ့လျှင် (၂),(၃)ရက်ခန့်အထိ ခန္ဓာကိုယ်မှာ စွဲ၍ မွှေးပျံ့နေပြီး ယင်း၏ မွှေးရနံ့ကို ခံစားရသော လူအများကို စိတ်လန်း အေးမြလန်းဆန်းစေပြီး အာရုံကြောများ၏ ရောင်ရမ်းမှုကိုလည်း လျှော့ချပေးလေသည်။

နှလုံးခုန်၊ ရင်တုန် မူးဝေခြင်းကို သက်သာစေပါသည်။ ဤသို့ နှစ်သက်ကျော်တိုင်အောင် လူအများ စွဲမက်မှု ခံမင်နှစ်သက်နေသော Chanel No.5 ရေမွှေးကို ထုတ်လုပ်ရာတွင် အဓိကပါဝင်နေသော စံပယ်ပန်းအဆီကို ထုတ်ယူရသော စံပယ်ပန်းများကို နေရာတိုင်းမှ ထွက်ရှိလာသော စံပယ်ပန်းများကို အသုံးပြု၍မရဘဲ...

ပြင်သစ်နိုင်ငံ၏ တောင်ပိုင်းမှာ ရှိသည့် Grasse နယ်ထဲမှာ ခိုက်ဒါဂွတ်နယ်မှ စိုက်ပျိုးထွက်ရှိသည့် စံပယ်ပန်းတစ်မျိုးတည်းမှသာ ထုတ်ယူရရှိလာသော စံပယ်ဆီနှင့်မှသာ Chanel No.5 ရေမွှေးကို ထုတ်လုပ်နိုင်ပါသည်။

ထိုစံပယ်ပန်းများကို (၇)လပိုင်းလယ်မှစပြီး (၁၀)လပိုင်းအကုန်အထိ ရက်ပေါင်း(၁၀၀)အတွင်း ခူးဆွတ်ပြီး စံပယ်ပန်းကို နံနက်စောစော နေရောင်ခြည်မထိုးခင် အပြီး ခူးယူနိုင်မှသာ လိုချင်သော အရည်အသွေးမီ စံပယ်ဆီကို ရရှိနိုင်ပါသည်။

စံပယ်ပန်းပွင့်ပေါင်း 2000.Kgကို အဆီထုတ်မှ စံပယ်ဆီအကောင်းစား ၁ကီလိုသာ ရရှိ၍ လွန်စွာ အဖိုးတန်ပြီး တန်ဖိုးကြီးလေသည်။

စံပယ်ပန်းပင်ကို အင်္ဂလိပ်လို Jasmineဟု ခေါ်ပြီး မျိုးရင်း Oleaceae မှ ပါဝင်ပြီး မျိုးစု Jasminumဖြစ်၍ မျိုးစိတ် arborescens ဖြစ်ပါသည်။

မြန်မာ တိုင်းရင်းဆေးကျမ်းများတွင် စံပယ်ပန်းသည် အပွင့်မှာ ခါး၏၊ ဖန်၏၊ အနည်းငယ် ချိုပြီး အေးမြပါသည်။

စံပယ်ပန်းပွင့်သည် နှလုံးသည်းခြေ အပူလောင်ခြင်း၊ ဖောက်ပြန်ခြင်း၊ ကိုယ်သားကိုယ်ရေ အလွန်ပူသော ရောဂါ၊ ရေငတ်ခြင်း၊ အရေပြားအနာရောဂါများ၊ သွားနာရောဂါနှင့် မျက်စိရောဂါများ၊ အဖုအကျိတ်၊ အပူနာရောဂါများကို နိုင်နင်းစေပါသည်ဟု ညွှန်းဆိုထားပါသည်။

ထို့ကြောင့်...

၁။ နှလုံးပူ၍ သည်းခြေဖောက်ပြန်ပြီး ညအိပ်မပျော်၊ စိတ်မရွှင် စိတ်ကျနေသောရောဂါများတွင် စံပယ်ဆီစစ်စစ်(သို့မဟုတ်)စံပယ်ပန်း လတ်လတ်ဆတ်ဆတ်၏ ရနံ့ကို ရှူရှိုက်ပေးစေခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

၂။ နှလုံးရောဂါ၊ သည်းခြေရောဂါ၊ စိတ်မမှန်၊ စိတ်မငြိမ်သော ရောဂါများတွင်...

၁။စံပယ်ပန်းပွင့်အခြောက် (၁)ကျပ်သား
၂။ကံ့ကော်ဝတ်ဆံ (၁)ကျပ်သား
၃။ဆီးစေ့ဆန် (၁)ကျပ်သား
၄။ကျောက်သွေး (၈)ပဲသား
၅။ဒိုပါလာသကြားခဲ (၃)ကျပ်သား

ယင်း(၅)မျိုးကို အမှုန့်ပြု၍ သမအောင်ဖော်စပ်ပြီး နံနက်,ည ကော်ဖီဇွန်း(၁)ဇွန်း၊ အုန်းစိမ်းရည်(သို့မဟုတ်) ကြံနက်ရည်တို့ဖြင့် တိုက်ပေးလျှင် သက်သာ ပျောက်ကင်းစေပါသည်။

၃။ ကိုယ်တွင်းအနံ့ မကောင်းခြင်း၊ ချွေးနံ့ဆိုးခြင်း၊ ခံတွင်းနံ့ မကောင်းခြင်း ရောဂါတို့ကို စံပယ်ပန်းပွင့်ခြောက်ကို လက်ဖက်ခြောက်ကောင်းကောင်းတွင် ရောစပ်၍ ရေနွေးကြမ်းပြုလုပ်၍ သောက်သုံးပေးနိုင်ပါသည်။

၄။ အရေပြား၊ ယားနာ၊ မိတ်ဖုထွက်ခြင်း Allergic ထွက်ခြင်းတို့ကို စံပယ်ပွင့်ခြောက်အမှုန့် + ခရေပွင့်ခြောက်မှုန့်, (၂)မျိုးရောစပ်၍ ကရမက်ကောင်းကောင်းဖြင့် ရောသွေး၍ တစ်နေ့(၂/၃)ကြိမ် လိမ်းပေးနိုင်ပါသည်။

၅။ နောက်ဆုံး နိဂုံးချုပ်လက်ဆောင် အနေဖြင့်...

မိန်းမတို့၏ ရင်သားတွင်း အဖုအကျိတ်၊ ရေအိတ်တည်ခြင်း၊ သားမြတ်နို့ရည်ကလစ်ကျောက်ခြင်း စသော လူမြင်မခံနိုင်သော ရောဂါများတွင်...

မိမိတို့၏ ရင်သား၊ နို့အုံအကျိတ်အဖုနေရာနှင့် အုပ်မိနိုင်သောအနေ စံပယ်ပန်းကုံးကို အရွက်ခိုက်ပြုလုပ်ပြီး...

အတွင်းခံ ဘော်လီအင်္ကျီအတွင်း နေ့စဉ် (၂)ကြိမ် နံနက်၊ ည ထည့်၍ အုပ်မိ၍ ထားပေးလျှင် (၂)ပတ်၊ (၃)ပတ်အတွင်း ယင်းအကျိတ်များ သေးငယ်၍ ကြေပျောက်သွားကြသည်ကို လက်တွေ့သိမြင်ရပါမည်။

**မှတ်ချက်။ ။ ကင်ဆာအကျိတ်မှလွဲပြီး အခြားမည်သည့် အကျိတ်မဆို ကြေပျောက်သွားစေပါသည်။ ယုံကြည်စိတ်ရှည်စွာဖြင့် နေ့စဉ်ပုံမှန်ပြုလုပ်ပေးရန်သာ လိုအပ်ပါသည်။**

မတော်၍ ရင်သားတွင်ဖြစ်သော မည်သည့် အကျိတ်ကိုမဆို ခွဲစိတ်ခဲ့ရလျှင် ငွေကုန်လူပန်း ဖြစ်တတ်ကြသည်ကို ပြောစရာလိုမည်ဟု မထင်ပါ။

ငွေမကုန် လူမပန်း ဘယ်သူမှ မမြင်မသိစေ အရှက်မရစေဘဲ မိမိကိုယ်တိုင် ပြုလုပ်၍ ပျောက်ကင်းစေနိုင်သည့် နည်းစနစ်အမှန်ကို စေတနာ အပြည့်ထား၍ တင်ပြလိုက်ပါသည်။

***မျိုးမေများ အရှက်တရား လုံခြုံစွာဖြင့် ကျန်းမာ ပျော်ရွှင်နိုင်ကြပါစေ။***

**ဦးမင်းခေါင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း

# လာဘ်လာဘ

ရွှင်လန်းကြဖို့

နိုဝင်ဘာလတွင် ငွေကြေးလာဘ် လာဘများ လွယ်ကူရွှင်လန်းစွာ ရရှိနိုင်ကြစေရန်အတွက်...

**◎ မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)**

ပိတောက်ညွန့်(၅)ညွန့်၊ အုန်းလက်(၅)ရွက်၊ သပြေညွန့်(၅)ညွန့်၊ ယပ်(၁၀)လက်တို့ကို သောကြာနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)**

လိမ္မော်သီး(၃)လုံး၊ ဆီးချိုသီး(၃)လုံး၊ သီဟိုဠ်စေ့(၃)ပန်းကန်၊ သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့၌ ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**

ဆီး(ဇီး)ညွန့်(၆)ညွန့်၊ ဥသျှစ်ညွန့်(၆)ညွန့်၊ ရဲယိုညွန့်(၆)ညွန့်နှင့် ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့၌ စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ပူဇော်ထွန်းညှိကာ လှူဒါန်းဆုပန်ပါ။

**◎ ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်း မွေးသူ)**

သီဟိုဠ်(၈)ညွန့်၊ ရွက်လှ(၈)ညွန့်၊ တမာ(၈)ညွန့်နှင့် ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စနေနေ့၌ စေတီပုထိုးတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးသူ)**

ထန်းလျက်(၂)ပန်းကန်၊ မြေပဲယို(၂)ပန်းကန်၊ သကြား(၂)ပန်းကန်နှင့် ကြက်လျှာ(၈)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ ကန်ရာသီဖွား(ဩဂုတ်လ ၂၂ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**

ကံ့ကော်ညွန့်(၁)ညွန့်၊ ဩဇာညွန့်(၁)ညွန့်၊ ကေရာဖ်ညွန့်(၁)ညွန့်နှင့် သောက်တော်ရေ (၂)ခွက်တို့ကို ကြာသပတေးနေ့၌ ဘုရားစေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးသူ)**

အုန်းလက်(၄)ရွက်၊ မာလကာညွန့်(၄)ခက်၊ ခရေညွန့်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့၌ စေတီပုထိုးတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)**

ခရေညွန့်(၆)ညွန့်၊ ဥသျှစ်ညွန့်(၆)ညွန့်၊ သပြေ(၆)ခက်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်း မွေးသူ)**

သီဟိုဠ်စေ့(၃)ပန်းကန်၊ နှမ်းယို(၃)ပန်းကန်၊ ဇီး(ဆီး)ယို(၃)ပန်းကန်နှင့် ယပ်(၆)လက်တို့ကို စနေနေ့တွင် စေတီပုထိုးတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)**



နှင်းဆီပန်း(၅)ပွင့်၊ ငှက်ပျောသီး(... လုံး၊ ကျောက်ဖရုံယို (၅)ပန်းကန်... သောက်တော်ရေ (၃)ခွက်တို့... တနင်္ဂနွေနေ့၌ စေတီတစ်ဆူ... သောကြာဂြိုဟ်တိုင်မှ ကပ်လှူ... တောင်းပါ။

**◎ ကုံရာသီဖွား (ဇန်နဝါရီလ ၂... ရက်မှ ဖေဖော်ဝါရီလ ၁... အတွင်း မွေးသူ)**

ပေါက်ပေါက်(၇)ပန်းကန်၊ သီ... ညွန့်(၇)ညွန့်၊ ပိတောက်ညွန့်(၇)... နှင့် ဖယောင်းတိုင်(၅)တိုင်တို့... တနင်္လာနေ့တွင် အများကိုးကွယ်... စေတီတစ်ဆူ၏ တနင်္ဂနွေထော... ကပ်လှူဆုတောင်းပါ။

**◎ မိန်ရာသီဖွား (ဖေဖော်ဝါရီလ ... ရက်မှ မတ်လ ၂၀ရက်အတွ... မွေးသူ)**

ဗာဒံညွန့်(၁၀)ညွန့်၊ အုန်းလက်(... ရွက်၊ ပိတောက်ညွန့်(၁၀)ညွန့်နှင့် ... ထမင်း(၇)ပန်းကန်တို့ကို သောကြာ... တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါထော... မှ ကပ်လှူဆုတောင်းပါ။

***လာဘ်လာဘ ရွှင်လန်းကြပါစေ...***

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းတည် ဆောက်ထားသော သက်ရှိသတ္တဝါများ အားလုံးသည် ဓာတ်ကြီးလေးပါး ယိုယွင်း သောအခါ အသက်၊ ဝိညာဉ် မရှိ တော့ဘဲ ရုပ်အလောင်းဖြင့် ကူးပြောင်း ကြပေသည်။

ရုပ်အလောင်းသည် ကြာကြာမခိုင် ဘဲ အပုပ်နံ့ထွက်လာခြင်း၊ အရည် များ ယိုဆင်းလာခြင်း၊ ပိုး၊ လောက်များ ထွက်လာခြင်းများသည် သဘာဝ တရားပင်ဖြစ်၏။ မည်သူမှ လွန်ဆန်၍ မရပါ။

## ဘုရားဂုဏ်တော်တန်ခိုး

သေသွားလျှင် ပုပ်ခြင်း၊ ပွခြင်း၊ အနံ့ထွက်ခြင်း၊ ပိုး၊ လောက်တွယ်ခြင်း များသည် သဘာဝတရားဖြစ်သော် လည်း ယခုအခါတွင် ကျွန်ုပ်တို့နိုင်ငံ တစ်ခွင်လုံးတွင် မပုပ်မသိုးဘဲ သဘာဝ နှင့် ဆန့်ကျင်စွာ တည်ရှိကြသည့် အလောင်းတွေ တော်တော်များများ ရှိကြ၏။

ထို သက်မဲ့ရုပ်အလောင်းတွေ ပကတိအတိုင်း တည်ရှိနေကြရာတွင်





ရမည်းသင်း ခင်မောင်ကျော်

# မပုပ်မသိုးသော ရုပ်ကလာပ်တော်များ

ဘုန်းတော်ကြီးများ၏ ရုပ်ကလာပ် တော်များသည် အများဆုံးဖြစ်နေ၏။ သဘာဝကို ဆန့်ကျင်စွာ ဖြစ်ပေါ်သည့် ထိုကိစ္စရပ်များကို စဉ်းစားလေ့လာ သောအခါ "**ဘုရားဂုဏ်တော်တန်ခိုး**" များဖြစ်သည်ဟု အများက ကောက် ချက်ချကြပါသည်။

လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များသည် မြတ်စွာဘုရားအား ယုံကြည်စွာ ဆည်း ကပ်ကိုးကွယ်၍ ဘုရားဟောကြားခဲ့ သော တရားတော်များကို တိတိကျကျ လိုက်နာကျင့်သုံးပြီး ကံငါးပါးလုံခြုံပြီး သီလသမာဓိ ကျင့်စဉ်များ တည်ငြိမ် လာပါက **အမြင်ဓာတ်၊ အသိဓာတ်၊ အကြားဓာတ်**များ အမှန်ပင် ရရှိနိုင်ကြ ပါသည်။

ထိုပုဂ္ဂိုလ်များသည် မသေမီ (ရဟန်း ဖြစ်ပါက) မပျံလွန်မီ ရုပ်ကလာပ်များ ကို ပကတိအတိုင်း အချိန်ကာလ အတိုင်းအတာတစ်ရပ်အထိ တည်မြဲ စေရန် အဓိဋ္ဌာန်ပြုကျင့်ကြံပါက သေဆုံးသောအခါ အဓိဋ္ဌာန်ပြည့်ပြီး ရုပ်ကလာပ်တော်မှာ မပျက်မစီး တည်ရှိ နိုင်ကြပါသည်။

ဤသည်မှာ ဘုရား၏ဂုဏ်တော် တန်ခိုးများ၊ ကျင့်စဉ်များ၊ သမာဓိအား များပင်ဖြစ်ကြောင်း ယူဆကြရနိုင်ပါ သည်။

## နိဗ္ဗာန်ရုပ်ပျောက်သိဒ္ဓိပေါက်

ဗုဒ္ဓဘုရား၏ ကျင့်စဉ်များကို တိတိ ကျကျ လိုက်နာကျင့်သုံးကြသော သူတော်စင်၊ ရဟန်း၊ ရသေ့၊ ယောဂီ၊ လူဝတ်ကြောင်များသည် တချို့ ရုပ်ကလာပ်တော်များ မပုပ်မသိုး ကျန်ရှိနေကြသလို အချို့ပုဂ္ဂိုလ်များ သည် ရုပ်ကလာပ်တော် အထင်အရှား ပျောက်သွားတာတွေလည်း ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်တွင် **"ရှင်အဖွဲ့ဂေါဏ"** အမည်ရှိသော "ရွှေဖြစ်" ဝိဇ္ဇာကြီး တစ်ပါး ပေါ်ပေါက်ခဲ့ပြီး ပုဂံတစ်ပြည်လုံး ချမ်းသာကြွယ်ဝစေခဲ့သော သမိုင်း တစ်ခု ရှိခဲ့ပါသည်။

ကုန်းဘောင်ခေတ်တွင် **"ဘိုးဘိုး အောင်"**ဟု ခေါ်ဝေါ်သည့် ဝိဇ္ဇာကြီး တစ်ပါး အထင်အရှား ပေါ်ပေါက်ခဲ့ရာ ယခုအထိ ပုဂ္ဂိုလ်ထူး ဝိဇ္ဇာကြီးအဖြစ် ပြည်သူများ ကိုးကွယ်ဆည်းကပ်လျက် ရှိကြ၏။

ပုဂံခေတ်မှာပင် **"ဘိုးတော်ပြူး"** ဟူသော ရသေ့ကြီးတစ်ပါး ပေါ်ထွန်း ခဲ့ပြီး ပုဂံမြို့ သစ်တောင့်ရွာအနီး တောင်ကုန်းတစ်ခုပေါ်တွင် အခေါင်း တွင်း ထည့်ထား၍ စောင့်ကြည့်နေရာ (၄၅)ရက်ကြာသောအခါ အခေါင်းတွင်း မှ ရုပ်ကလာပ်တော် ပျောက်ကွယ် သွားခဲ့ပါသည်။

ပဲခူးမြို့နယ် ဒေးစွန်ပါတောင်၏ တစ်နေရာတွင် **"ဘိုးတော်ပွင့်"**ဟု အမည်ရသော ပုဂ္ဂိုလ်တစ်ပါးသည် အခေါင်းအတွင်း ရုပ်ကလာပ်တော် ထည့်၍ စောင့်ကြပ်ထားရာမှ (၄၅) ရက်စေ့ပြီး အခေါင်းဖွင့်ကြည့်ရာ ရုပ်ကလာပ်တော် ပျောက်ကွယ်ခဲ့ပါ သည်။

ထိုရုပ်ကလာပ်ပျောက် ဝိဇ္ဇာကြီး နှစ်ပါးမှာ **"ကုဿာသယမဟိဒ္ဓိစေတီထီး" တော်ကြီး**၏ သမိုင်းစာအုပ်တွင် အထင်အရှားရှိခဲ့ပါသည်။

ယနေ့ မျက်မှောက်ခေတ်တွင်လည်း **၁၉၀၀ပြည့်နှစ်တွင်** ပုသိမ်ကြီးမြို့နယ် ဂဲ**"ရွှေကျောင်းဆင်ကြီးဆရာတော်"** သည် နယ်ချဲ့အင်္ဂလိပ်ဂေါ်ရာတပ်များ က ကျောင်းကိုဝိုင်း၍ ဖမ်းဆီးရာ တပည့်ကိုရင်လေးကို လက်တွဲ၍ ကျောင်းအထက်ဘုံဝအတွင်း တက် သွားရာ ကိုယ်ခန္ဓာပျောက်ပြီး ဖမ်းဆီး ရမှုမရှိကြောင်း မျက်မြင်သက်သေများ ယခုထိ ရှိခဲ့ပါသည်။

မုဒုံမြို့နယ် **ဂျုံးဂျုံးကျဆရာတော် ဦးသုမနသည် ၁၂၈၅ခုနှစ်၊ ပြာသို လပြည့်ကျော် (၈)ရက်၊ သန်းခေါင်း ယံအချိန်တွင်** တပည့်ဒကာများ စောင့်ကြပ် ကြည့်နေသည့်ကြားမှ ရုပ်ကလာပ်တော် ပျောက်ခဲ့ပါသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မော်ဘီရွာ **"ဝတ်ကျောင်းဆရာတော် အရှင်သာသန"**သည် ၁၃၀၄ခုနှစ်၊ နယုန်လဆန်း (၁၅)ရက်တွင်း ပျံလွန် တော်မူပြီး ရုပ်ကလာပ်တော်ကို(၇)ရက် မြေမြှုပ်ထားခဲ့ပါသည်။ ရက်စေ့၍ ပြန်ဖော်သောအခါ ရုပ်ကလာပ်ပျောက် နေကြောင်း တွေ့ရှိကြရ၏။

## ရုပ်ကလာပ် မပုပ်မသိုးသည့် ဆရာတော်များ

မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ မြတ်ဗုဒ္ဓ တရားတော်များကို ကျင့်ကြံအားထုတ် ၍ သီလသမာဓိနှင့် ပြည့်စုံသော် ဆရာတော်ကြီးများ ပျံလွန်တော်မူ ကြရာ သဘာဝနှင့်ဆန့်ကျင်ပြီး မပုပ် မသိုး လောက်၊ ပိုး၊ မတက်သော ဆရာတော်ကြီးများ ရှိကြ၏။

ယခုအခါ အချိန်မရွေး သွားရောက် ဖူးမြော်လိုသူများ၊ လေ့လာလိုသူများ အတွက်ကျွန်ုပ်လေ့လာသိရသလောက် ဖော်ပြပေးလိုက်ပါသည်။

၁။ မြင်းခြံမြို့ **စွန်းလွန်းဆရာတော်**
၂။ မြင်းခြံမြို့နယ် **စမ်းကျဆရာတော်**
၃။ ရန်ကုန် ကြို့ကုန်းရပ် **ရွှေညော** **ပင်ဆရာတော်ဦးသီလ** (၁၃ ပြည့်နှစ်–ပျံလွန်)၊
၄။ ပုသိမ် မိဂဒါဂုံ **ဆရာတော် ဦးသုမနစာရ** (၁၂၈၃ခုနှစ်–ပျံလွ
၅။ ရွှေဘိုမြို့ **ဥသျှစ်ပင်ရွာဆရာတော်** **ဦးနာရိန္ဒာဘိ** (၁၃၂၅ခုနှစ်–ပျံလွ
၆။ အင်္ဂပူမြို့နယ် **ပိန္နဲကွင်းဆရာတော်** **ဦးကလျာဏ** (၁၂၇၀ပြည့်နှ– ပျံလွန်) [ရုပ်ကလာပ်တော် ရွှေ ထားရာ နှစ်ကြိမ်၊ ရုပ်ကလာပ်တော် အခိုးခံရပြီး ရွှေချိုယူသည့်အ လက်နက်ဖြင့် ထိုးဆွခြင်း၊ ရော အတွင်းချထားခြင်းများအရ အ မတော်၍ ယခုအခါ ဂူသွင်း၊ ဘု တံည်လိုက်ပြီး ဖြစ်ပါသည်။]
၇။ အင်္ဂပူမြို့နယ် **ကပြိုတော** **ဆရာတော် ဦးဝါယမ** (၁၃ ပြည့်နှစ်–ပျံလွန်) [ရွှေချထားသောဦးခေါင်းတော် ဖြ အခိုးခံသွားရ၍ ပလတ်စတ ဦးခေါင်း အစားထိုးထားရပါသည်
၈။ မြန်အောင်မြို့နယ် **ချောကု** **ဆရာတော် ဦးသိရိန္ဒ** (၁၃၄၆ခုနှစ်–ပျံလွန်)၊
၉။ အင်္ဂပူမြို့နယ် **ကပြိုတေ** **ဆရာတော် ဦးစန္ဒ**
၁၀။ ပုပ္ပါးတောင် **ညောင်ပင်** **တက်လမ်းဘေးမှ ဆရာတော်**

www.burmeseclassic.com

www.burmeseclassic.com

တစ်ပါး [ယခုအခါ ရုပ်ကလာပ် ရှိတော့ပါ။ တစေခေရျာပန ချင်းပလိုက်သည်ဟု သိရပါ သည်။]

စစ်ကိုင်းတောင်ရိုး **ရှင်ဖြူရှင်လှ ဘုရားဆရာတော် ဦးနန္ဒသိရိ** (၁၃၄၇ခုနှစ်–ပျံလွန်)၊

မော်လမြိုင်မြို့ **မောဝီအောင်မြေ ဆရာတော်** (အင်္ဂလိပ် ၁၉၈၉ခုနှစ် ပျံလွန်)၊

သာပေါင်းမြို့နယ် **ရွှေယင်မျှော် ဆရာတော်**၊

ပန်းမော်ကမြို့နယ် **ဝေသုက္ခို တောရဆရာတော်**၊

သာယာဝတီအနောက်ခြမ်း **ထိန် တောရွာဆရာတော်**၊

ဒဂုံမြို့သစ်မြောက်ပိုင်းဆရာတော်၊

ပခန်းငယ် **ရွှေသာမောင်းစေတီ ဆရာတော်ဦးစန္ဒိမာ**(၁၃၂၉ခုနှစ် –ပျံလွန်)

ဌက္ကမမြို့နယ်၊ **ကျွဲခြံရွာဆရာတော် ဦးသာဂရ** (၁၃၄၄ခုနှစ်–ပျံလွန်)

ပျဉ်းမနားမြို့နယ် **ပေါစ်ခေါင် ဆရာတော် ဦးနန္ဒမာလာ** (၁၃၄၁ခုနှစ်–ပျံလွန်)၊

ရေနီ၊ မြို့လှ အရှေ့ဘက်တော အတွင်းရှိ**တောင်ဗီလာဆရာတော်** (ရမည်းသင်း)။

ယခုဖော်ပြသော ဆရာတော်ကြီးများသည် ကျွန်ုပ်လေ့လာသိရသော ဆရာတော်များ၏ ရုပ်ကလာပ်တော်များပင်ဖြစ်ပြီး အခြားသောမြို့နယ်၊ ဒေသ ကျေးရွာများတွင်လည်း ရှိနိုင်ကြပါသေး၏။

## ဖြစ်ရပ်ဆန်းတစ်ခု

ကျွန်ုပ်သည် ယခင်က တပ်မတော်တွင် အမှုထမ်းခဲ့ရာ ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို စကားဝိုင်းတစ်ခုမှာ ကြားသိမိရကြောင်း ဤဆောင်းပါး ပြုစုချိန်တွင် သတိရလာမိ၏။

ဖြစ်ရပ်က ဒီလိုပါ။ ရှမ်းပြည်နယ် တောင်ပိုင်းရဲ့ တပ်မြို့တစ်မြို့ တိုးချဲ့ရာမှာ သင်္ချိုင်းတစ်ခု မလွတ်မကင်းဖြစ်တာကြောင့် အဲဒီသင်္ချိုင်းကို နေရာပေးပြီး ရွှေ့စေခဲ့ပါတယ်။

သင်္ချိုင်းက အုတ်ဂူတွေကို သက်ဆိုင်ရာဆွေမျိုးတွေကို ပြန်ယူခွင့်ပေးထားပြီး ပြန်မယူတဲ့ဂူများကို စက်ယန္တရားအားနဲ့ဖြိုဖျက်ကြရပါတယ်။

**ဒီအခါမှာ ဂူတစ်ဂူပျက်သွားပြီး အခေါင်းကို သေသေသပ်သပ် တွေ့ရတာကြောင့် စိတ်ဝင်စားပြီး ဖွင့်ကြည့်လိုက်တဲ့အခါမှာ မပုပ်မသိုးတဲ့ အဘိုးကြီးတစ်ဦးရဲ့ ရုပ်အလောင်းကို တွေ့ရှိကြရပါတယ်။**

ဒီကိစ္စကို လူကြီးတွေ တင်ပြ အသိပေးတဲ့အခါ ထူးဆန်းတာကြောင့် ဆရာဝန်က ဆေးရုံရင်ခွဲခန်းကို သယ်ပို့စေပြီး ခွဲစိတ်ကြည့်ကြပါတယ်။

ဓားနဲ့ဗိုက်ကို ခွဲတယ်ဆိုရင်ပဲ ပကတိလူကဲ့သို့ သွေးတွေပန်းထွက်လာပြီး ဆရာဝန်အပါအဝင် ကြည့်တဲ့လူများ အံ့ဩခြင်း၊ ကြောက်ရွံ့ခြင်း ဖြစ်ကြရပါတယ်။

လူကြီးတွေလဲ ကြောက်ရွံ့ပြီး ချက်ချင်းပဲ ဆရာဝန်ကို ပြန်ချုပ်စေပြီး သင်္ချိုင်းသစ်ပေးတဲ့နေရာမှာ အခေါင်းနဲ့ပဲ ပြန်မြှုပ်ပေးလိုက်ကြပါတယ်။

နောက်တစ်လခန့် ကြာတော့ အလောင်းခွဲတဲ့ဆရာဝန်ဟာ ယားယံတဲ့ဝေဒနာ စွဲကပ်လာလို့ နေ့စဉ်ကုတ်ခြစ်နေရပြီး ကာလကြာတော့ ကုဋ္ဌနူနာစွဲကပ်ပြီး အလုပ်က စွန့်ခွာသွားရတဲ့ ဖြစ်ရပ်ဆန်းပါပဲ။

နှစ်တွေကြာလှပြီမို့ နေရာ ဒေသတွေကိုတော့ မေ့သွားရပါပြီ။ ဒီရုပ်အလောင်းဟာ ဘုရားဂုဏ်တော်ကျင့်ကြံပွားများပြီး သီလ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပြီး သူသေတဲ့အခါမှာ သားသမီးတွေက ဘာမှမသိလို့ မြှုပ်နှံ ဂူသွင်းလိုက်တာပဲလို့ ယူဆမိပါတယ်။

**အခုလို မပုပ်မသိုး ရုပ်ကလာပ်တော်များရှိနေကြတဲ့ အရပ်ဒေသများက ရဟန်း၊ ရသေ့၊ ယောဂီ၊ လူဝတ်ကြောင်များ၊ သတင်းဆောင်းပါးများကို ဓမ္မမိတ်ဆွေများ ရှာဖွေဖတ်ရှုပေးသင့်ကြောင်း တင်ပြလိုက်ရပါသည်။**

**ရမည်းသင်း ခင်မောင်ကျော်**

သူ့ရှု သုတေသီ...ပညာရှင်တို့ ခင်ဗျာ.

**မိမိဒေသရှိတမှုပါ မပုပ်မသိုးသော ထူးခြားသော ဆရာတော်ကြီးများအကြောင်း မိမိသိသမျှ ရေးသား ပေးပို့နိုင်ပါသည်။ မရေးသားနိုင်ပါကလည်း သွားရောက်လေ့လာကြည့်ရှု မှတ်တမ်းတင်နိုင်ရန် ဓမ္မလမ်းညွှန်များ ရေးသားပေးပို့ ကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နဂါးရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



ယခု တင်ပြမည့် သမ္ဗုဒ္ဓေဂါထာကို တွေ့ဖူးသူများလည်း ရှိကြပေလိမ့်မည်။ မတွေ့ဘူးသူများလည်း ရှိကြပေလိမ့်မည်။ တွေ့ဖူးသူများအဖို့ မထူးဆန်းသော်လည်း မတွေ့ဘူးသူများအဖို့ ထူးဆန်းနေမည်မှာ အမှန်ဖြစ်ပါသည်။

မည်သို့ဆိုစေ သမ္ဗုဒ္ဓေဂါထာများ အမျိုးမျိုး ရှိသည့်အနက် ယခု တင်ပြလိုက်သည့် သမ္ဗုဒ္ဓေဂါထာသည်လည်း အထိုက်အလျောက် တန်ခိုးရှိမည်မှာ အမှန်ပင်ဖြစ်သည်ဟု ယုံကြည်မိပါသည်။

အဘယ်ကြောင့်ဆိုသော် သမ္ဗုဒ္ဓေဂါထာဟူသမျှတို့သည် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကိုသာ အဓိက မူတည်ထားပြီး ပညာရှိများ စိစစ်၍ ထုတ်နုတ်စီစဉ်ထားသောကြောင့် ဖြစ်ပါသည်။

ဤသမ္ဗုဒ္ဓေဂါထာ၏ အစွမ်းထက်မြက်ပုံကို အကျယ်ချဲ့၍ မရေးလိုပါ။ ''မြွေဆိပ်''ကုသည့် ဆရာတစ်ဦး လက်သုံးပြုနေကျ ဂါထာအစွမ်းတစ်လက် ဖြစ်သည်ဟု ကြားသိရပါသည်။

ဂါထာသုံးနည်းကို လက်ာနှင့်တကွ ဖော်ပြလိုက်ပါသည်။ **ဤဂါထာကို ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ မင်းကုန်းကျောင်း ဆရာတော် ဦးကောဏ္ဍညထံမှ** ရရှိခဲ့ပါသည်။

စာရှုသူများအနေနှင့် ယုံကြည်စွာ သုံးကြည့်ကြပါရန် မေတ္တာဖြင့် တင်ပြလိုက်ပါသတည်း။

ထူးဆန်းသော

# သမ္ဗုဒ္ဓေဂါထာ

ရှင်ဝါသဝ
(ကံဦးကျောင်း၊ မိုးညှင်း)

<u>သမ္ဗုဒ္ဓေဂါထာ</u>

ဥုံ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဗုဒ္ဓေါ မေ သတ္တပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဣသွာသုဝ ဗုဒ္ဓံ သရဏံ ဂတော သဗ္ဗဒုက္ခာ ဝိနဿန္တု။

ဒွါဒသဉ္စ ဓမ္မော မေ သတ္တပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ ဣသွာသုဝ ဓမ္မံ သရဏံ ဂတော သဗ္ဗဘယာ ဝိနဿန္တု။

ပဉ္စသတ သဟဿာနိ သံဃော မေ သတ္တပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ ဣသွာသုဝ သံဃံ သရဏံ ဂတော သဗ္ဗရောဂါ ဝိနဿန္တု။

နမာမိ သိရသာမဟံ ဝေသံဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ နမက္ကာရာ နဘာဝေန မ.အ.ဥ ဟိတ္တွာ သဗ္ဗေ ဥပဒ္ဒဝေ ဥ.အ.မ အနေကာ အန္တရာယာပိ နမောဗုဒ္ဓါယ ဝိနဿန္တု အသေသတော ယဒ္ဒါ ဗုမောနမး

ခက်ခဲသော ပါဠိအသံထွက်

**ဥုံ သမ္ဗုဒ္ဓေ** = အုံ သန်ဗုတ်ဓေ
**အဋ္ဌဝီသဉ္စ** = အတ်ထဝီသင်စ
**ဗုဒ္ဓေါ** = ဗုတ်ဓေါ
**ဗုဒ္ဓံ** = ဗုတ်ဓံ
**ဂစ္ဆာမိ** = ဂစ်ဆာမိ
**သဗ္ဗဒုက္ခာ** = သတ်ဗဒုတ်ခါ
**ဝိနဿန္တု** = ဝိနတ်သန်တု
**ဒွါဒသဉ္စ** = ဒွါဒသင်စ
**ဓမ္မော** = ဓမ်မော
**သတ္တပါကာရံ** = သတ်တပါကာ[illegible]
**ဓမ္မံ** = ဓမ်မံ
**သဗ္ဗဘယာ** = သတ်ဗဘယာ
**ပဉ္စသတ** = ပင်စသတ
**သဟဿာနိ** = သဟတ်သာနိ
**ဓမ္မဉ္စ** = ဓန်မင်စ
**သံဃဉ္စ** = သံဃင်စ
**နမက္ကာရာ** = နမက်ကာရာ
**ဟိတွာ** = ဟိတ်တဝါ
**သဗ္ဗေ** = သတ်ဗေ
**ဥပဒ္ဒဝေ** = အုပတ်ဒဝေ
**အန္တရာ** = အန်တရာ
**ဗုဒ္ဓါယ** = ဗုတ်ဓါယ
**ယဒ္ဒါ** = ယတ်ဒါ

အနက်အဓိပ္ပါယ်

**ဥုံ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ** – [illegible]
ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို[illegible]
**သရဏံ**–ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာ**[illegible]
ဆည်းကပ်ပါ၏။

**ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ [illegible]
အကျွန်ုပ်၏၊ **သတ္တပါကာရံ**–[illegible]
(၇)ထပ်တည်း၊ **ဗုဒ္ဓံ** – မြတ်စွာ[illegible]
ကို၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏။

**ဣသွာသုဝ သော ဘဂဝါ** – [illegible]
သောဂုဏ်တော်ကိုးပါးနှင့် ပြည့်[illegible]
မူသော မြတ်စွာဘုရား၊ **သဗ္ဗ**[illegible]
– အစရှိသော ဂုဏ်တော်ခြောက်[illegible]
ပြည့်စုံတော်မူသော တရား[illegible]



www.burmeseclassic.com

www.burmeseclassic.com

**...သုပ္ပဋိပန္န**–အစရှိသော ဂုဏ်တော်...ပါးနှင့် ပြည့်စုံတော်မူသော သံဃာ...တော်တို့သို့၊ **ဧထ**–လာရောက်ကြ...ကုန်။

**ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊ **သရဏံ**–...ကိုးကွယ်ခြင်းသို့၊ **ဂတော** – ကပ်...ရောက်သောသူသည်၊ **သဗ္ဗဒုက္ခာ** –...အလုံးစုံသော ဆင်းရဲမှ၊ **ဝိနဿန္တု**–...ပျယ်ပျောက်စေသတည်း။

**ဒွါဒသဥ္စ ဓမ္မော** – တစ်ကျိပ်နှစ်ပါး...သောတရားတော်သည်၊ **မေ**–အကျွန်ုပ်...၏ **သတ္တုပါကာရံ**–တံတိုင်း(၇)ထပ်...သည်။ **ဓမ္မံ**–တရားတော်မြတ်ကို၊ **သရဏံဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်...ပါ၏။(ဤ-သွာ-သုဓ–ရှေးအတိုင်းဆို)

**ဓမ္မံ သရဏံ ဂတော**–တရားတော်...ကို ကိုးကွယ်ဆည်းကပ်သောသူသည်၊ **သဗ္ဗဘယာ** – ခပ်သိမ်းသောဘေးမှ၊ **ဝိနဿန္တု** – ပျောက်ပျက်စေသတည်း။

**ဗုဒ္ဓသာတ သဟာဿာနိ** – ငါးသိန်း...ကုန်သော ဘုရားရှင်တို့သည်၊ **သံဃော**–သံဃာတော်သည်၊ **မေ**–အကျွန်ုပ်...၏ **သတ္တုပါကာရံ**–တံတိုင်း(၇)ထပ်...သည်။ **သံဃံ သရဏံ ဂစ္ဆာမိ**–သံဃာ...တော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ (ဤ-သွာ-သုဓ–ရှေးအတိုင်းဆို)

**သံဃံ သရဏံ ဂတော**–သံဃာကို ကိုးကွယ်ဆည်းကပ်သော သူသည်၊ **သဗ္ဗရောဂါ ဝိနဿန္တု** – အလုံးစုံသော ရောဂါမှ ကင်းစေသတည်း။

**တေသံ**–ထိုဘုရားရှင်တို့၏၊ **ဓမ္မဥ္စ**–တရားတော်ကိုလည်းကောင်း။ **သံဃဥ္စ**–သံဃာတော်ကို လည်းကောင်း။ **အဟံ**–အကျွန်ုပ်သည်၊ **သိရသာ**–ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

**အဟံ**–အကျွန်ုပ်သည်၊ **အာဒရေန**–ရိုသေစွာ၊ **နမာမိ**–ရှိခိုးပါ၏။ **နမက္ကာရာ နုဘာဝေန**–ရှိခိုးရသော အာနုဘော်ကြောင့်၊ **မ.အ.ဉ ဟိတွာ**–ပယ်ဖျောက်၍၊ **သဗ္ဗေဥပဒ္ဒဝေ**–ခပ်သိမ်းသော ဥပဒ္ဒဝေါတို့သည်လည်းကောင်း၊ **ဥ.အ.မ အနေကာ အန္တရာယာဝိ** – များစွာသော အန္တရာယ်တို့သည်လည်းကောင်း၊ **အသေသတော**–အကြွင်းမရှိ၊ **ဝိနဿန္တု**–လွင့်ပျောက်စေကုန်သတည်း။



*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မှော်ဇရိယ(မဟာဝဏ္ဏဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

<u>ဂါထာသုံးနည်းလင်္ကာ</u>

သမ္ဗုဒ္ဓေဟု ဆုဝေလျှံနှာ
နိဒါန်းစာကား ကွမ်းမှာသတ္တော်
ခေါင်းလျှော်သတ္တ ဘတ္တတြိန်း
ဆီလိမ်းပဥ္စ စီးထလေ့မှာ
ရှစ်ကြိမ်သာတည့် နံ့သာပန်းရိုး
ကိုးကြိမ်နိုးလော ချုပ်မိုးအခါ
ဝင်အိပ်ရာမူ ကိုးကြိမ်ဟူ၏
ရန်သူတွေ့မြောက် ဆယ့်နှစ်ခေါက်တည့်
စစ်ရောက်သောခါ ရွတ်ပါကိုးကြိမ်
ပဋ္ဌိသန္ဓေ မဖွားနေသော်
ရေကိုကိုးခေါက် မှန်း၍သောက်က
ချမ်းသာရ၏ ခပ်ထနှောင်သွင်း
သံခြေချင်းနှင့် အတွင်းတိုက်လှောင်
တထောင်ရှစ်လေ ထွက်မြောက်လေ၏
ပန်းမွေးနှစ်ခေါက် ခရီးရောက်ရာ
သားမြောက်ချမ်းသာ ထိပ်မှာတင်ခိုက်
ဘေးရန်ဖွဲ့လည်း မြူမှိုက်မလိမ်း
ဘေးရန်ငြိမ်း၏ ဓားထိလှံရာ
ပြောင့်စူးရာကို ဆီသာညွှန်းပြ
စုတ်သတ္တတည့် ပါဒရက်ရောဂါ
အပူဖြာ၍ အနာတဝ
သွက်ချာပါဒ ကိုက်ထကိုယ်လက်
မြေတက်မြေကိုင် အပူယိုင်ရောဂါ
အနာအိုအနာပျက် သွေးစက်စက်နှင့်
ရပ်လျက်မတည် တောဖမ်းသည်ကို
ဆီမှာသတ္တ သုံးဆယ်ကျအောင်
စုတ်ကြပြီးခါ လိမ်းလေပါလော
စက္ခုပသာဒ မျက်စိစသည်
ကြိမ်းစတတွေ ဖြူလေတခါ
တီသလ္လာနှင့် ပူနာမျက်သား
တက်သည်များကို ရေသာညွှန်းပြ
ပျောက်ရကေန် လွှင့်ရုံမှန်၏
တတွေ့ထူပ ပယောဂမူ
တောသူကဝေ တစ္ဆေစုန်းနတ်
မြွေဟပ်သူကို ဦးထိပ်ဆံက
အဦးစ၍ မှန်းကြပါလေ
ရှင်းရှင်းပြေ၏။ ။
ထွေထွေရာရာ ဘေးဘယာကို
ဉာဏ်သာအလင်း ပြဋ္ဌာန်းခြင်းဖြင့်
ပျောက်ကင်းရောဂါ ဗျာပါလဲကင်း
ဘေးရန်ရှင်း၏ မင်းမင်းတကာ
သုံးမြဲတည်း။
ကြည်သာမြတ်နိုး ရေသစ်အိုးသို့
မညှိုးပန်းသွင် နေ့တိုင်းစဉ်ထည့်
ပွင့်လင်းသာသနာ ပွားကြောင်းရှာ၍
စန္ဒာလမင်း အခေါင်ခြင်းသည်
ကောင်းခြင်း သမ္ဗုဒ္ဓေအကျိုးတည်း။ ။

**ဦးဝါသဝ**
***(ကံဦးကျောင်း၊ မိုးညှင်း)***



www.burmeseclassic.com

www.burmeseclassic.com

# ကောဇာမှာ ကောင်းသလား

ကောဇာမှာ ကောင်းသလား။ မကောင်းဘူးလား၊ တွက်မကြည့်ချင်ကြဘူးလား အလွယ်လေးပါ။

ဒီပညာ ဘယ်ကရသလဲ၊ ပညာ၏ အရင်းအမြစ်က ဘယ်ကလဲ။ စာရေးသူ မသိပါ။ ကျေးလက်တောရွာက ရခဲ့ခြင်းပါ။ သူတို့ဆရာဘုန်းကြီး၏ ဆင့်ပွားဖြစ်ပါတယ်။

**မွေးသက္ကရာဇ်နဲ့ 'ကောဇာရောက်ဆဲသက္ကရာဇ် ပေါင်းရမှာပါ။ ပေါင်းရကိန်းလက်ရှိအသက်နဲ့ စားပါ။ အကြွင်းမှာ (၄)မြှောက်ပေါင်းပါ။**

**ပေါင်းပြီးရင် (၈)နဲ့မြှောက်စားပါ။ (၅)သို့မဟုတ် (၀)ကြွင်းရင် စုတ်၊ လာဘ်ရမှာဖြစ်ပါတယ်။**

**လက်ကိုသိချင်သလား။** လက်ရှိရောက်နေဆဲအသက် (၁၂)နဲ့ စားပါ။ အကြွင်းကို ကဆုန်လမှာရေးပါ။

**နေ့သိချင်သလား။** လက်ရှိအသက်မှာ (၃)ပေါင်းပြီး (၇)နဲ့စားပါ။ အကြွင်းက နေ့ပါပဲ။

ဥပမာ တွက်ပြပါမည်။ **၁၃၁၄ ခုနှစ်ဖွား အသက်(၆၄)နှစ် ဆိုပါစို့။**

**မွေးသက္ကရာဇ်** ၁၃၁၄
**ကောဇာသက္ကရာဇ်** + ၁၃၇၈
**စုစုပေါင်း** ၂၆၉၂

၆၄ | ၂၆၉၂ | ၄၅
၂၅၆
၁၃၂
၁၂၀
၁၂ ကြွင်း
+ ၄
၈ | ၁၆ | ၂
၁၆
၀ ကြွင်း

အသက်(၆၄)နှစ်ရှိသူ အဘိုးကြီး **စုတ်လာဘ်ရမည်** ဖြစ်ပါသည်။

စုတ်ကိုမလိုလျှင် လာဘ်ရပါမည်။ စုတ်ရောလာဘ်ရောလိုလျှင် နှစ်မျိုးစလုံး ရပါမည်။

ဂေါ်မစွံ အဘိုးကြီးများလည်း ရတတ်ပါသည်။

ရမည့်အရွယ်ကတော့ သူနှင့်လိုက်ဖက်မည့်အရွယ် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ကံမှောက်မှားပြီး အငယ်လေးတွေနှင့်လည်း တွေ့တတ်ပါသည်။

ကံမှာ ဆရာကြီးတင်မိုးရဲ့ အလှကိုယ်စီ ကဗျာထဲကလိုပါ။

"ဖိုးလမင်းလဲ၊ သူ့အဆင့်နှင့် အလင်းနှင့်။ မီးတိုင်ငယ်လဲ သူ့အရွယ်နှင့် အစွယ်နှင့်ပဲ"

အဘိုးကြီးတွေလည်း အထင်သေး၍ မရပါ။ အဘွားကြီးတွေလည်း ထို့အတူဖြစ်မှာပါ။ ပညာနယ်ပယ်မှာ အရိယာမဖြစ်သေးသရွေ့ ပုထုဇဉ်တွေ ပျော်နေကြဦးမှာပါ။ ကဗျာတစ်ပုဒ်ထဲကလို…


'အရွယ် ညောင်းလာပေမယ့်၊ အကြောင်းဖန်လာရင်၊ ရင်ခွင်အသစ်၊ နှလုံးသားအသစ်မှာ၊ အချစ်ကြောင့် အရွယ်တင်၊ ရင်ခွင်ထဲမှာ အလိုလိုနုပျိုတာလည်း အမှန်ပါ'

ပုထုဇဉ်များ၏ အနှစ်တွေပါ။

**လကို သိချင်ရင်**…

၁၂ | ၆၄ | ၅
၆၀
၄ ကြွင်း

**ကဆုန်လစရေဆိုတော့** ၄ကြွင်းမို့ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်မှာဆုံးတော့ ဝါခေါင်လပေါ့။



**နေ့ကို သိချင်ရင်**…

အသက် ၆၄
ပေါင်းဂဏန်း + ၃
၇ | ၆၇ | ၉
၆၃
၄ ကြွင်း

နေ့အလိုက ဗုဒ္ဓဟူးနေ့ပဲ။

ဟုတ်လား၊ မဟုတ်လား ပြော[...] သလို ၁၃၁၄ခုနှစ်ဖွား အဘိုးကြီး[...] အဘွားကြီးတွေ အဖြေရှာကြည့်ပါ။

ကျန်မွေးသက္ကရာဇ်တွေလည်း [...] ဥပမာတွက်ပုံအတိုင်း တွက်ကြည့်ပါ။

ဘယ်လိုပဲဖြစ်ဖြစ် ချစ်စရာကောင်း[...] သည့် မြန်မာ့ရိုးရာ ပညာရပ်တွေ[...] ပျောက်ရသလို ကျေနပ်စရာ တွေ့[...] ဖြစ်ပါသည်။

**ယုတ္တိမဲ့ဒေသမားတွေအဖို့ သု[...] သနပ် ဖြုကြည့်ပါ။**

**အာယု ဝဍ္ဍော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းဆက်)**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူက တစ်ပတ်(၃)ရက်လောက် ရွှေမုဓောဘုရားပေါ်သွားပြီး ပုတီးစိပ်တတ်တယ်။

ယခုနှစ် ၂၀၁၆ ခုနှစ် နွေရာသီဟာ ချိန်တင်လောက်အောင် နေအပူချိန် မြင့်တက်နေတယ်။ ပဲခူးမြို့မှာ တစ်ရက်ကို အပူချိန်(၄၀)ဒီဂရီမှ (၄၂)ဒီဂရီလောက်ထိ နေ့စဉ်လိုလိုပဲ မြင့်နေတယ်။

ဒါကြောင့် အိပ်ရာက စောစောထပြီး ဘုရားကို သွားခဲ့တယ်။ ဘုရားပေါ်ရောက်တော့ နံနက်(၅း၀၀)နာရီလောက် ရှိပါပြီ။

ဘုရားပေါ်မှာ ပုတီးစိပ်တာတို့၊ သန့်ရှင်းရေးပြုတာတို့ လုပ်လို့ အချိန်(၂း၀၀)လောက် နီးပါးကြာတယ်။

ဒီတော့ နံနက်(၉း၀၀)နာရီလောက်မှာ ဘုရားရင်ပြင်က ပြန်ဆင်းပြီး အိမ်ပြန်ခဲ့တယ်။

နေအပူချိန်ကတော့ ပြင်းလာပြီ။ လိုင်းကား(သုံးဘီးတုတ်တုတ်)စောင့်ရင်း မှတ်တိုင်မှာ (၁၅)မိနစ်ခန့် စောင့်ရတယ်။

လိုင်းကားလာမှ စီးပြီး ပဲခူးဈေးကြီးအထိ လိုအပ်တာလေး ဝင်ဝယ်ပြီး ဖိုင်းကနိုင်းတောင်ပိုင်းအိမ်ကို နံနက်(၉း၃၀)နာရီ ကျော်ကျော်လောက် ပြန်ရောက်တယ်။

ဘုရားကနေ ဖိုင်းကနိုင်းနေအိမ်ကို လမ်းလျှောက်ပြန်ခဲ့ရင် နံနက်(၁၀း၀၀)နာရီလောက်မှ ရောက်မှာ။ အခုလိုတော့ လိုင်းကား(သုံးဘီးတုတ်တုတ်)ယာဉ်စီးပြီး ပြန်ခဲ့တာ။

ဒီကနေ့ကတည်းက ချွေးများများထွက်တတ်တယ်။ အိမ်ရောက်တော့ ချွေးသီးနေတာပဲ။ နေကလဲ အရမ်းပူတယ် မဟုတ်လား။ ဆရာဝန်က ပြောတယ်။

သကြား၊ ထန်းလျက်၊ နို့ဆီ

# ပုရွက်ဆိတ်တက်ခြင်း

ကင်းဝေးစေဖို့



နေပူထဲက ပြန်လာလို့ ချွေးတွေ အများကြီးထွက်ခဲ့ရင် ခေတ္တနားပြီး သံပရာရည်လေးသောက်ပါ။ ရေခဲရည် လုံးဝမသောက်ပါနဲ့လို့ မှာထားတယ်။ ဒါကြောင့် အိမ်ရောက်တော့ သမီးငယ်ကို...

'သမီးငယ်ရေ အပါးဖို့ သံပရာရည်လေးဖျော်ပေးစမ်းပါ။ ရေခဲသေတ္တာထဲက ရေနဲ့ မဖျော်နဲ့နော်'

'ဟုတ်ကဲ့ပါ အပါး ဟုတ်ကဲ့'

ခေတ္တအကြာတွင်...

'အပါးရေ... သကြားဘူးထဲမှာ ပုရွက်ဆိတ်သေးသေးလေးတွေ ဝင်နေတယ် အများကြီးပဲ။ အဲဒီကောင်လေးတွေက လက်နဲ့ ပွတ်တိုက်မိပြီး သေသွားရင် နံလဲ နံတယ်။ ဒီတော့ သံပရာရည်မရနိုင်တော့ဘူး။ ရေအေးလေးပဲ သောက်တော့'

'သမီးရေ နောက်နောင်များမှာ ပုရွက်ဆိတ်တွေကြိုက်တတ်တဲ့ သကြား၊ ထန်းလျက်၊ နို့ဆီတွေ ထည့်ထားတဲ့ ဘူးတွေထဲမှာ မဆလာစပ်တဲ့ ဖလာ၊ ဇီရာ၊ လေးညှင်းပွင့်လေးတွေကို သီးခြားထုပ်ပြီး ဘူးထဲရော ထည့်ထားလိုက် ပုရွက်ဆိတ် မတက်တော့ဘူး မှတ်ထား'

'နို့ဆီဘူးက ဖောက်ထားတော့ ဘယ်လိုလုပ် ထည့်ရမှာလဲ'

'ဖောက်ထားတဲ့ နို့ဆီဘူးဘေးမှာ ကပ်ထားပြီး အပေါ်က ဇလုံနဲ့အုပ်ထားပေါ့။ **အနံ့ကို စုတ်ယူတတ်တဲ့ ကိတ်မုန့်တို့လို အစားအစာမျိုးတွေကိုတော့ မရဘူးနော်။** ပုရွက်ဆိတ် မတက်ပေမယ့် မုန့်တွေ မဆလာဆော်နံသွားဦးမယ်'

နောက်တစ်နေ့ ဘုရားကအပြန် အိမ်ရောက်တော့...

'အပါးရေ... သံပရာရည်သောက်မလား၊ သကြားဘူးထဲမှာ ပုရွက်ဆိတ် တစ်ကောင်မှ မဝင်ရဲတော့ဘူး။ အပါးပြောသလို **ဇီရာ၊ ဖလာ၊ လေးညှင်း၊ သစ်ကြံပိုးတွေထုပ်ပြီး** ရောထည့်ထားလိုက်တာလေ'

'အေး... အခုလို လက်တွေ့လေးလုပ်ကြည့်တော့ သိပြီပေါ့၊ သံပရာရည် ဖျော်လိုက်တော့'

ဦးစိန်(ထိုးချောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

မဟာမြိုင်ဆရာတော်ကြီး ချီးမြှင့်သော

# အဘယဆေးတော်ကြီး





မြန်မာနိုင်ငံအတွင်း၌ တောမှီ ပျော်မွေ့တော်မူသော ရသေ့၊ ရဟန်း၊ သူတော်စင် ပုဂ္ဂိုလ်များစွာတို့သည် ရှေးအခါကပင် မိမိတို့၏ လောကီ၊ လောကုတ္တရာ အကျိုးစီးပွားအတွက် ပါရမီဖြည့်ဆည်းကာ လူသားတို့ ကျန်းမာရေးအတွက် အသက်ရှည်ကြာ အနာမဲ့ကြောင်း ဆေးစွမ်းကောင်း များကို ကြံဆတော်မူခဲ့ပါသည်။

လူ့ဘဝတွင် ကျန်းမာချမ်းသာစွာဖြင့် အဓိက လူ့ဘဝ သက်တမ်းစေ့နေခွင့် ရရေးသည် လူသားအားလုံးအတွက် အဓိက လိုအပ်ချက် ဖြစ်ပါသည်။

ထိုကဲ့သို့ ဆိုခဲ့သည့် အတိုင်းပင် မြန်မာရွှေပြည်တွင် နေမြင်လမြင် ဖြစ်တော်မူသော ထွက်ရပ်ပေါက်ပြီး ပုဂ္ဂိုလ်အရှင်မြတ်တို့သည် တပည့်သားသမီးတို့အတွက် သစ္စာ မေတ္တာ အရင်းခံ၍ (၉၆)ပါး ဝေဒနာရောဂါများ ကုသရန် ဆေးစွမ်းကောင်းများကို နည်းနာပြသ ကာယ်မစောင့်ရှောက်လျက် ထာဝစဉ် ရှိနေပါသည်။

ထိုနည်းတူစွာ ဆရာသခင် အဘိုးဝါသည် မဟာဂန္ဓာရီမဟိဒ္ဓိလမ်းစဉ်ကြီးအတွက် ပါရမီဖြည့်စဉ်က မဟာမြိုင်အတွင်းစခန်း၌ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ဖြစ်တော်မူသော မဟာမြိုင်ဆရာတော်ကြီးကိုယ်တော်တိုင် ချီးမြှင့်တော်မူသည့် အဘယသုခ ဆေးတော်ကြီးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ဓမ္မမိတ်ဆွေ အပေါင်းအတွက် ခွင့်ပြုမိန့်လျှောက်ထားပြီး ဖော်ပြလိုက်ပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတိုက်၏ အကျိုးတော်ဆောင်များနှင့် တကွ မြန်မာ နိုင်ငံသူ နိုင်ငံသား အားလုံး ဘေးရန်ကင်းရှင်းပြီး ကျန်းမာချမ်းသာစွာဖြင့် သူတော်ကောင်းတရား ပွားများနိုင်ကြပါစေ။

**အဘဆေးနည်းကား...**

၁။ ဇာတိပ္ဖိုလ်သီး
၂။ ကြံစု
၃။ စမုန်မျိုးငါးပါး
၄။ ပိတ်ချင်း
၅။ နွားမြေရင်းခေါင်း
၆။ တြိကဋုက်(၃)ပါး
၇။ ဖာလာ
၈။ ကရဝေး
၉။ သစ်ကြပိုး
၁၀။ အိပ်မွှေးသီး
၁၁။ ဆီးဖြူသီးခြောက်
၁၂။ ဆေးနုလဲ
၁၃။ မိဿလင်

**ဤ(၁၃)မျိုးကို အမျှစီ** ကျားဟင်း ဆေးမြစ်ဆေးရင်းတစ်ပါး၏ (၈)ဆ၊ နုပ်ချိုမြစ် ဆေးရင်းတစ်ပါး(၃)ဆ၊ သကြားဆေးရင်း တစ်ပါး(၆)ဆ၊ ကလောသီးအဆန်ကား ဆေးအားလုံးထက်ဝက် ညက်စွာကြိတ်၍ ပျားရည်နှင့်တေ၊ ည,နံနက်စား၊ ရေအေးနှင့်သောက်၊ ဝမ်းပျော့စေလိုလျှင် ရေနွေးနှင့်သောက်၊

လူပျိုနာ၊ ဂရင်ဂျီနာ၊ အရိုးအဆေ ကိုက်သော်၊ အသားအရေခြောက်က သော်၊ ချောင်းဆိုးသော်၊ အချိန်မရွေ ဖျားသော်၊ သွေးဝမ်းသွားသော တစ်ကိုယ်လုံးကိုက်ခဲသော်၊ ဖောရော သော်၊ ပျို့အန်သော်၊ သွေးအန်သော နံဘေးနာသော်၊ ရှူးသော်၊ ဖော့ရော သော်၊ စမြင်းခံသော်၊ နူနာစွဲသော အရေကွာသော်၊ ရင်နာသော်၊ ပူ လှိုက်သော်၊ ခြေပူနာစွဲသော်၊ လျှာ နာသော်၊ ဥတုမလာသော် ဤအ ဆေးတော်ကြီးကို သောက်က ပျော ကင်း၏။

**ဝိဇ္ဇာတန်ခိုး မြန်မာမျိုး ဆောင်ရွက်ရှိပါစေ။**

**ဗုဒ္ဓဘာသာ သာသနာ ရော နေလိုလလို လင်းပါစေ။**

**ဦးအုန်းမြင့်ကြို(ပါရမီ)**



www.burmeseclassic.com

www.burmeseclassic.com

ာရေးသူ နေထိုင်သော ရွှေတောင်
ည် မြေလတ်ဒေသတွင် ဘာသာ
အခမ်းအနားနှင့် ဘာသာရေးပွဲ
်များ၊ ရိုးရာပွဲတော်ငယ်လေးများ
အဓိဋ္ဌာန်အောင်ပွဲများနှင့် နှစ်
တ်လည်တွင် နေရာအနှံ့အပြား
င်းပလေ့ရှိသော မြို့တစ်မြို့ ဖြစ်ပါ
ည်။

ှေးဟောင်းသမိုင်းဝင် ရွှေနတ်
င်စေတီတော်၊ သရေခေတ္တရာ
် ရှေးဟောင်းရဟန္တာ(၈၀) သိမ်
်များ၊ ရွှေတောင်မြို့ဝန် ဦးမှုံ
ည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင်
ားများသည် ဒေသခံများ၏
ာ,သာသနာအပေါ် သဒ္ဓါတရား
ိုးစေရာ အဓိက နေရာများဖြစ်ခဲ့
ည်။

ွင်းဝါပ ဆယ့်နှစ်လလုံးတွင်
မ္မာတရားပွဲများ ကျင်းပနိုင်ခြင်း
ည်လည်းကောင်း၊ တောရောမြို့ပါ
ျာအနှံ့တွင် ပဌာန်းရွတ်ဖတ်
ပွဲများ ကျင်းပနိုင်ခြင်းတို့သည်
ကောင်း ရွှေတောင်မြို့၏ ထူးခြား
ဘာသာရေး အစဉ်အလာ
င်းများ ဖြစ်ကြသည်။

ည်းတူစွာ ဘာသာရေးအဖွဲ့
ည်းများလည်း ပေါ်များသည်။
အသင်း၊ ဓမ္မစကြာအသင်းများ
ရတိတ အသင်းအဖွဲ့များလည်း
းအပြားရှိသည်။

ျှင့် ဒေသခံ အတော်များများ၏
ိမ်တွင် သိမ်မွေ့သော ပြဟ္မစိုရ်
ား အရိပ်အငွေ့များက လွှမ်းမိုး
ယထားကြသည်ဟု မှတ်ယူထား
ည်။

ါအားလျော်စွာ တရားသင်တန်း
ခန်းဝင်သူများကိုလည်း အမြဲ
တွေ့မြင်နေရသဖြင့် အားကျ





# ခင်ပွန်းကြီးဆယ်ပါး

ဖြစ်ဖွားတင်းစင် အဓိဋ္ဌာန်အောင်မြင်

အောင်ချစ်ကြည်
(ကြို့ပင်ကောက်)

ကျေနပ်မိပါသည်။

ထိုအထဲတွင် ပါရမီလမ်း ပါရမီစခန်းများအတွက် ပုတီးအဓိဋ္ဌာန်ဝင်သူများ၊ ဂန္ဓာရီစခန်းလမ်းကြောင်းပေါ် လျှောက်လှမ်းနေသူများကိုလည်း အတော်များများ တွေ့ရှိရ၍ ချီးမွမ်းဝမ်းမြောက်ခဲ့ရပါသည်။

တစ်နေ့တွင် စာရေးသူ နေထိုင်သော လမ်းထဲမှ မိတ်ဆွေတစ်ဦးနှင့် စကားလက်ဆုံကျခိုက် ထိုပုဂ္ဂိုလ်၏ ပုတီးအဓိဋ္ဌာန်ကျင့်စဉ် အောင်မြင်မှု မရဘဲ အဓိဋ္ဌာန်ဝင်သည်နှင့် တစ်ပြိုင်နက် သူ့တွင် အခက်အခဲ အမျိုးမျိုး၊ အဟန့်အတား တစ်ခုပြီးတစ်ခု ကျရောက်ကာ အကြောင်းဖန်လျက် အဓိဋ္ဌာန် အကြိမ်ကြိမ် ပျက်ရကြောင်း၊ ယခု လက်လျှော့တော့မည့် အကြောင်းများကို စိတ်မကောင်းဖွယ် ကြားသိခဲ့ရပါသည်။

သို့ဖြင့် ရက်သတ္တနှစ်ပတ်ခန့် အကြာတွင် ထိုပုဂ္ဂိုလ်အတွက် အားတက်ဖွယ် နည်းလမ်းကောင်းကို

www.burmeseclassic.com

စာရေးသူ ရရှိခဲ့ပြီး သူ၏ အမိဌာန် လမ်းကို ဆက်လက် လျှောက်လှမ်းစေခဲ့ရာ အထူးအောင်မြင်ခဲ့သဖြင့် တိုက်ဆိုင်မှု ရှိသူများ အားတက်ဖွယ်ရာ ရေးသားဖော်ပြအပ်ပါသည်။

*  *  *

လွန်ခဲ့သည့် (၄)နှစ်ကျော်ကာလ တပို့တွဲလက ဖြစ်ပါသည်။ ရွှေတောင်မြို့ ဆီမီးထူးကျောင်းတိုက်အတွင်း ရှေးဟောင်းစေတီတော်နှစ်ဆူ ထီးတင်ပွဲတွင် ပူဇော်ရန်အတွက် ပိဋကတ်စုံ ရေးသားပြီးစီးသဖြင့် ကျောင်းတိုက် ဆရာတော် ဦးဝိနယထံသို့ စာရေးသူ သွားရောက် ဩဝါဒ ခံယူခဲ့သည်။

ဆရာတော်က ရတုကို တစ်ပိုဒ်ချင်း စစ်ဆေးဖတ်ရှုပြီး ပြင်ဆင်ဖြည့်စွက်စရာ အချို့ကို လမ်းညွှန်ရေးသားခိုင်း၍ ကိစ္စ ပြီးစီးခဲ့သည်။

ထိုအချိန်တွင် ပြည်မြို့ "**ဆုထူးပန် ရထားမျိုး**"အဖွဲ့ခေါင်းဆောင် အခါပေး ဆရာဦးခင်ဦးက ထီးတော်တင်ပြီးလျှင် ဤဘုရားတွင် (၃)ရက်ပုတီးအမိဌာန် ဝင်ပြီးမှ ပြန်မည့်အကြောင်း ဆရာတော်အား လျှောက်ထားသဖြင့် စာရေးသူ၏မိတ်ဆွေ အမိဌာန်မအောင်မြင်ရခြင်းနှင့် စပ်လျဉ်း၍ သတိရကာ ဆရာတော်အား လျှောက်ထားဖြစ်ခဲ့သည်။

'အမိဌာန်ပါရမီ ဖြည့်ကျင့်အားထုတ်သူများမှာ ဘယ်လိုပင် ကိုယ်အား၊ ဉာဏ်အား၊ ဝီရိယအားတွေ စိုက်ထုတ် လုပ်ဆောင်မယ့် အားစိုက်သလောက် ခရီးမရောက် အကျိုးမထူးတဲ့ အလွဲလွဲ အမှားမှားတွေ ဖြစ်တတ် ဖြစ်လေ့ရှိကြပါတယ်။

အဲဒီလိုဖြစ်တဲ့အခါမှာ တချို့က အခါမသင့်လို့၊ တချို့ကြတော့ နေရာမမှန်လို့ နေရာက ကြမ်းတမ်းလို့၊ တတ်တွေရှုပ်လို့၊ မမြင်ရတဲ့ပုဂ္ဂိုလ်တွေ နှောင့်ယှက်လို့ စတဲ့ အတွေးတွေ ဝင်တတ်ကြပါတယ်။



သို့သော်... အဲဒီအကြောင်းတရားတွေရဲ့ ဟန့်တားမှုဟာ ရာနှုန်းအားဖြင့် အလွန်ပဲ နည်းလွန်းလှပါတယ်။

အဓိက အကြောင်းရင်းကတော့ မိမိရဲ့ ကံကြွေးတွေ၊ အပြစ်တွေကို စင်ကြယ်အောင် ဆေးကြောပြီးမှ အမိဌာန် ဆောက်တည်ခြင်းများကို ပြုလုပ်ကြစေချင်ပါတယ် အာကြီး'

ဆရာတော် အမိန့်ရှိသည့် အဓိပ္ပါယ်ကို စာရေးသူရော ဦးခင်ဦးပါ နှစ်ယောက်စလုံး သဘောမပေါက်ကြပါ။

ဤတွင် ဆရာတော်က ဆက်လက်၍ ရှင်းလင်းစွာ မိန့်မှာသဖြင့် ကောင်းစွာ မှတ်သားခဲ့ရပါသည်။

'ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် ခင်ပွန်းကြီးဆယ်ပါးအပေါ်၌ ကာယကံ၊ဝစီကံ၊မနောကံတို့ဖြင့်(တစ်ခုခုဖြင့်) မရည်ရွယ်ဘဲ ပြစ်မှားမိမှုပါက ပြစ်မှားကျူးလွန်တဲ့ အကုသိုလ်ကံ အားလျော်စွာ ဆိုးကျိုးဖြစ်စမြဲပင်။

ထိုကဲ့သို့ အ,ဂါရဝ ကံထိုက်ဖူးသူများသည် အများနဲ့မတူတဲ့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ စတဲ့ ကုသိုလ်တရားများကို ပွားများအားထုတ်ကြသော်လဲ ဆိုခဲ့ပြီးသော အပြစ်ကြောင့် ဤသို့ အဟန့်အတားများနဲ့ ကြုံရတတ်ပါတယ်။

အထူးသဖြင့် ဤကဲ့သို့ ပါရမီကျင့်စဉ်... ပြုလုပ်တိုင်း အဖုအထစ်များ ... တယ်... အပြစ်ဖြစ်မယ်လို့ ... လည်းကောင်း မသိကြ၍ လည်း... အမှုမဲ့အမှတ်မဲ့လည်းကောင်း ... တွေးမှား ပြောမှား မိပါက ထိုသို့ ... တတ်ကြတယ် အာကြီးတို့'

ဆရာတော်က ဆက်လက်၍ ဥ... နှင့်ရှင်းပြခဲ့သဖြင့် ဗဟုသုတ ... သည်။

'**အုတ်ကျိုးအုတ်ပဲ့ အုတ်ပုံတို့ ... ပေါင်းကြီးပေါင်း မြစ်ဆောင်ခြား... တစ်ရှိန်တည်းက လူပုဂ္ဂိုလ်၊ ... ရဟန်းသူတော်စင်ပုဂ္ဂိုလ်များနှင့် သိ... ဗြဟ္မာအပေါင်းတို့ ပိုင်ဝန်း၍ အရေ... တင် ကိုးကွယ်ထားခဲ့သည့် ဘုရား... ပေါင်း၊ ဘုရားစေတီပျက်ပြုံပါက ... အဆောက်အအုံအနီး သန်... ဆယ်တောင်အတွင်း မြတ်သန်... ဦးတိုက်ဝတ်ပြည့် ဂါရဝ မပြုဘဲ သွား... အဂါရဝကံ ထိုက်ကြပေတယ်**'

ဟု လည်းကောင်း မိမိတို့ ... အမှတ်မဲ့ အပြစ်ရနေတတ်ပုံကို ... ဆုံးမခဲ့ပါသည်။

ထိုသို့ဆိုလျှင် ရဟန်းသံဃာ... များမှ အစပြု၍ ယခုလက်ရှိ သ... ထင်ရှား ခင်ပွန်းကြီးဆယ်ပါး... ပါဝင်သော မိဘဆရာသမား ... ထက် အသက်ဂုဏ်ဝါ ကြီးမြင့်သူ... ဓမ္မကထိကများ၊ ကိုယ့်အပေါ် ... ပြုခဲ့ဖူးသူများအပေါ် ကာယကံ,ဝစီ... မနောကံ တစ်ခုခုဖြင့် အမှတ်... ကျူးလွန်ပြစ်မှားမိပါက ကျူး... အလျောက် အကုသိုလ် အပြစ်... ရရှိကြပေမည်။

အပြစ်ကြီးလျှင် မဂ်တား ဖိုလ်... ဖြစ်သည်အထိ ဆိုးကျိုးရ... ဖြစ်နိုင်သဖြင့် အမြဲ သတိပြု... ကြရန် ဆရာတော်က ဆက်... မိန့်မှာခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က ဆက်လက်၍ အကြံပေးဆုံးမစကား ဆိုခဲ့ပါသည်။

'အဘကြီးရဲ့မိတ်ဆွေကို ပြောပြပါ။ ခင်ပွန်းကြီးဆယ်ပါးအား ဝန်ချတောင်းပန်ခြင်းပြုပြီးနောက် မိမိလုပ်လိုတဲ့ ပါရမီကျင့်စဉ်များကို ဆက်လုပ်ပါ။ အောင်မြင်ပါလိမ့်မယ်' ဟု အကြံပေးခဲ့ပြီး ခင်ပွန်းကြီးဆယ်ပါးကို မည်သို့မည်ပုံ ဝန်ချတောင်းပန်ရမှုကို ဆက်လက် လျှောက်ထားခဲ့သဖြင့် ဆရာတော်က စာရွက်ပေါ်တွင် ရေးမှတ်စေကာ အသေးစိတ်ပြောပြပေးခဲ့သဖြင့် အောက်ပါအတိုင်း အသေးစိတ်မှတ်သား၍ မိတ်ဆွေဖြစ်သူ ပါရမီရှင်အား ပေးကာ အားပေးစကားတွန်းခဲ့ပါသည်။

*　*　*

ခင်ပွန်းကြီးဆယ်ပါး

၁။ မြတ်စွာဘုရား။
၂။ ဓမ္မကဗုဒ္ဓါ။
၃။ အဋ္ဌသာဝက, မဟာသာဝက၊
၄။ ကိလေသာကင်းစင် သံဃာတော်များနှင့် သမုတိသံဃာတော်များ။
၅။ မိခင်(ဘဝအဆက်ဆက် တော်စပ်ခဲ့သော မိခင်များအပါအဝင်)။
၆။ ဖခင်(ဘဝအဆက်ဆက် တော်စပ်ခဲ့သော ဖခင်များအပါအဝင်)။
၇။ အသက် သိက္ခာ ဂုဏ်ဝါ ကြီးသူများ။
၈။ ဆရာသမား (ကြားဆရာ, မြင်ဆရာ, သင်ဆရာ အားလုံးပါဝင်)။
၉။ သူတော်သူဇ်များ။
၁၀။ မိမိအပေါ် ကျေးဇူးပြုခဲ့ဖူးသည့် ကျေးဇူးရှင်များ...

အထက်ဖော်ပြပါ ခင်ပွန်းကြီးဆယ်ပါးတွင် ပါဝင်သည့် ပုဂ္ဂိုလ်များအား အပြစ်မှ ခွင့်လွှတ်နိုင်ပါရန် ဝန်ချတောင်းပန်ရန် ဖြစ်ပါသည်။

မိမိနေအိမ်ရှိဘုရား (သို့မဟုတ်) မိမိ



မြို့ရွာရှိ ဆုတောင်းပြည့် တန်ခိုးကြီးဘုရား တစ်ဆူဆူတွင် သောက်တော်ရေချမ်း, ဆီမီး, ပန်းများ ပူဇော်၍ ငါးပါးသီလ ခံယူဆောက်တည်ပြီးနောက်နှုတ်မှ...

'ဘုရားတပည့်တော် (...)နေ့သား/သမီးသည် သိတတ်သည့် အရွယ်မှစ၍ ယနေ့ထိကာလများအတွင်း ခင်ပွန်းကြီးဆယ်ပါးတို့အား မသိမိုက်မှား ကျူးလွန်ထားခဲ့သော ကာယကံ,ဝစီကံ,မနောကံမှုများ ရှိခဲ့ပါက ထိုအပြစ်တို့မှ ခွင့်လွှတ်ပေးတော်မူကြပါရန် အရှင်သူမြတ်တို့ဘုရား... ကျေးဇူးရှင် အပေါင်းတို့၏ ခြေတော်အစုံကို ဦးခိုက်၍ ရှိသေစွာ ဝန်ချတောင်းပန်ပါ၏ဘုရား'

ဟု ဝန်ချတောင်းပန်လိုက်ပါ။

ထို့နောက် ကျက်မှတ်ဆောင်ထားနိုင်ရန် အောက်ပါ ဝန်ချဂါထာစာပိုဒ်အား ချီးမြှင့်ပေးလိုက်ပါသည်။

ဝန်ချဂါထာ

အစ္စယော မောဟန္တေ အစ္စာဂမာ၊
ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ၊
ယောဟံဝေ မကာသိံ၊
တဿမေ ဘန္တေ အယျော အစ္စယံ၊
အစ္စယတော ပဋိဂ္ဂဏှာတု၊
အာယတိံ သံဝရာယ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **အစ္စယော** | =အစ်စယော |
| **မောဟန္တေ** | =မောဟန်တေ |
| **အစ္စာဂမာ** | =အစ်စာဂမာ |
| **ယထာမူဠှံ** | =ယထာမုန်လှံ |
| **ယောဟံဝေ** | =ယောဟံအေဝ |
| **မကာသိံ** | =မကာသိန် |
| **တဿမေ** | =တတ်သမေ |
| **ဘန္တေ** | =ဘန်တေ |
| **အယျော** | =အယ်ယော |
| **ပဋိဂ္ဂဏှာတု** | =ပဋိတ်ဂန်နှာတု |
| **အာယတိံ** | =အာယတိန် |

အနက်

**ဘန္တေ**–အရှင်ဘုရား။ **ယထာဗာလံ**–မိုက်မဲသည့်အလျောက်၊ **ယထာမူဠှံ**–တွေဝေသည့်အလျောက်၊ **ယထာအကုသလံ** – မလိမ္မာသည့်အလျောက်၊ **မေ** –တပည့်တော်အား၊ **အစ္စယော**–အပြစ်သည်၊ **အစ္စာဂမာ** – လွှမ်းမိုးခဲ့လေပြီ။

**ယောဟံ** – အကြင် တပည့်တော်သည်၊ **ဝေ**–ဤသို့ယွင်းဖောက် အပြစ်ရောက်အောင်၊ **အကာသိံ**–တွေဝေစရိုက် မိုက်မဲသမှု ပြုမိခဲ့ပါပြီ။

**ဘန္တေ**–အရှင်ဘုရား။ **အယျော**–အရှင်ဘုရားသည်၊ **တဿမေ**–ထိုအပြစ်ငြိ မချည့်မပျော့ တပည့်တော်၏၊ **အစ္စယံ**–အပြစ်ကို၊ **အာယတိံ**–နောင်အခါ၌၊ **သံဝရာယ**–စောင့်စည်းခြင်းငှာ၊ **အစ္စယတော** –အပြစ်အားဖြင့်၊ **ပဋိဂ္ဂဏှာတု**–ခံယူတော်မူပါလော့။

*[ဤဂါထာတော်၏ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မျှော်စရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြုဆိုပေး*

www.burmeseclassic.com

ပါသည်။ ]

ထိုနေ့က ဘုန်းတော်ကြီးကျောင်းမှ ပြန်ရောက်လျှင်ရောက်ချင်း စာရေးသူ၏ မိတ်ဆွေထံ သွားရောက်၍ အကျိုးအကြောင်း ပြည့်စုံစွာ ပြောပြီးနောက် ဆရာတော် မိန့်မှာသည့်အတိုင်း သူ့အား အဓိဋ္ဌာန်ပုတီးစိပ်ခြင်းကို ဆက်လက်လုပ်ဆောင်ရန် အားပေးစကားပြော၍ ပြန်ခဲ့သည်။

ထို့နောက် မိမိ၏ ဌာနဆိုင်ရာ တာဝန်အရ နယ်ပြောင်းခဲ့ရသဖြင့် (၄)နှစ်ကျော် လူချင်း ကွဲကွာခဲ့ရာ အဆက်အသွယ်လည်းပြတ် သတင်းလည်းပြတ်ခဲ့သည်။

ယခု ၁၃၇၇ ခုနှစ်၊ သင်္ကြန်ရက်က ဆီမီးထူး ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်စောင့်သွားစဉ် မမျှော်လင့်ဘဲ ထိုမိတ်ဆွေနှင့် တွေ့ဆုံခဲ့ရာ အတိုင်းမသိ ဝမ်းမြောက်ဖွယ်ရာ စကားများကို ကြားခဲ့ရပါတော့သည်။

ဆရာတော်၏ လမ်းညွှန်ဆုံးမသည့်အတိုင်း ခင်ပွန်းကြီးဆယ်ပါးကို ဝန်ချတောင်းပန်ခြင်း၊ ထိုစဉ်က ပေးခဲ့သော ဝန်ချဂါထာဖြင့် အမြဲမပြတ် ပူဇော်ဝန်ချခြင်းများဖြင့် မိမိစိတ်ကို ကြည်လင်စေလျက် အဆင့်ဆင့် ဆောင်ရွက်သည့် အဓိဋ္ဌာန်လမ်း၊ ပါရမီစခန်းများလည်း အဆင်ပြေချောမွေ့ အောင်မြင်ရကြောင်း...

လောကီပိုင်းတွင်လည်း ယခင်နှင့်မတူဘဲ လုပ်ငန်းကိုင်ငန်း စီးပွားလမ်းများပွင့်၍ စတိုးဆိုင်တစ်ခုနှင့် လိုက်ထရပ်စ်ကားတစ်စီး ရှိနေပြီဖြစ်ကြောင်း သြဝါဒပေးခဲ့သော ဆရာတော်အားလည်း အထူးကျေးဇူးတင်ကြောင်းတို့ကို အားပါးတရ ပြောပြရှာပါတော့သည်။

မိတ်ဆွေ၏ ပြောပြချက်များ ကြားသိရချိန်တွင် စာရေးသူရင်မှာ တစ်ချိန်က မိမိ ကူညီခဲ့မှုအတွက် အထူးဂုဏ်ယူဝမ်းမြောက် ဖြစ်မိပါတော့သည်။ ထိုနေ့က စာရေးသူ ကိုယ့်ကိုယ်ကို ကျေနပ်နေမိပါသည်။

ထို့ပြင် ယခင်ကနှင့် မတူတော့ဘဲ တက်ကြွလန်းဆန်းလျက် ပါရမီစခန်း အဓိဋ္ဌာန်လမ်းများကို အားစိုက်လုပ်ဆောင်နေသော မိတ်ဆွေကြီးကို ကြည့်၍လည်း ရှေ့အဖို့ ကြီးစွာသော အောင်မြင်မှုများ ရရှိပါစေ... ထူးခြားထက်မြက်သော ဂန္ဓာရီဝိဇ္ဇာဘာဝ၊ ထိုမှ တက်လှမ်း· အရိယာဝိဇ္ဇာလမ်းကို လျှောက်လှမ်းနိုင်သော ဆုထူးပန် ယောကျ်ားမြတ်တစ်ဦး ဖြစ်ပါစေဟု မုဒိတာပွားနေမိပါတော့သည်။

ထိုမှတစ်ပါးလည်း ကျွန်တော်၏ မိတ်ဆွေ အကြုံပြုသကဲ့သို့ ကြုံတွေ့ရင်ဆိုင်နေကြရသော အဓိဋ္ဌာန်လမ်း အဓိဋ္ဌာန်စခန်းများမှ ပါရမီရှင် အပေါင်းသည်လည်း ဤဆောင်းပါးတွင် ပါဝင်သော ခင်ပွန်းကြီးဆယ်ပါး အပြစ်ကြွေးများကြောင့် လမ်းကြောင်း မဖြောင့်ဘဲ အခက်အခဲများ တွေ့ရှိပါက ကျွန်တော်၏ မိတ်ဆွေကဲ့သို့ ဝန်ချတောင်းပန်ခြင်း...

ဤဝန်ချဂါထာဖြင့် မပြတ်ပူဇော်၍ ဝန်ချခြင်းများဖြင့် လိုရာအဓိဋ္ဌာန်များ ပြီးမြောက်အောင်မြင်ကာ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကို ဆထက်တိုး၍ အကျိုးအနန္တ ရရှိကြပါစေရန် ဆန္ဒမွန်ပြု၍ ဤစာစုကို ရေးသားတင်ဆက်လိုက်ရပါသည်။

***အဓိဋ္ဌာန်ပါရမီများ ပြည့်ဝအောင်မြင်ကြပါစေ။***

**အောင်ချစ်ကြည်**
**(ကြို့ပင်ကောက်)**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ဖတ်ရှုလိုသူများသို့...**
စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ငွေယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျ
(နှစ်ထောင့်ခြောက်ရာကျပ်
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူမျ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။
**နက္ခတ္တရောင်ခြည်မဂ္ဂ**
အမှတ် ၂၀၉–မြေညီ
၂၉–လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကု
ဖုန်း–၀၁ ၂၄
၀၉
၀၉ ၂၁၂၅



www.burmeseclassic.com

www.burmeseclassic.com

# အောင်သမ္ဗုဒ္ဓေနှင့်



အောင်ဆက် အစီအရင်၊ အောင်ဆက်ကျော့စဉ်

တစ်နေ့သော ညချမ်းအခါသမယတွင် ကျွန်ုပ်နှင့် မိတ်ဆွေကြီးဦးနေထွန်းတို့နှစ်ဦးအား မြစ်ကမ်းနားတွင် တည်ရှိသော **"အောင်မြေလောက"** စေတီတော်သို့ သွားရောက် ဖူးမြော်ကြလေသည်။

ထို အောင်မြေလောကစေတီတော်အား စစ်ကိုင်းမြို့၏ ဝါတွင်းဘုရားစဉ် ဖြစ်သော....

'ပုံ့တောင်,ဇေ,ချမ်း,ဥ,နန်း,နာမ်, လေး, ပ,ထု, ရှင်,အောင်,ကောင်း အမြောင်ငါးထပ် ကြီးအပြီး ကောင်းမှုတော်'

ဟူသော ဝါဆိုကာလ ဝါတွင်း၌ ဝါဆိုလပြည့်နေ့မှစ၍ ဥပုသ်စဉ်အတိုင်း ဘုရားပွဲတော် ပြုလုပ် ကိုးကွယ်သော စေတီတော် ဖြစ်လေသည်။

**ဘုရားစဉ်၏ အမည်တော် အပြည့်အစုံမှာ...**

- ပုညရှင်စေတီ၊
- တောင်ဘီလာစေတီ၊
- ဇေတဝန်စေတီ၊
- ချမ်းသာကြီးစေတီ၊
- ဥမင် ၃၀ စေတီ၊
- ရှင်ပင်နန်းဦးစေတီ၊
- ရှင်ပင်နာမ်ကိုင်းစေတီ
- လေးကျွန်းမာန်အောင်စေတီ၊
- ပတ္တမြားစေတီ
- ထူပါရုံစေတီ
- ရှင်မြို့ရှင်လုစေတီ၊
- အောင်မြေလောကစေတီ၊
- ကောင်းမှုတော်စေတီ

တို့ ဖြစ်ကြလေသည်။

**ဂါမဏိဇော် (ဝိဇ္ဇာဓရ) စစ်ကိုင်း**

အောင်မြေလောက ဘုရားစေတီ၏ ဘုရားပွဲ မစတင်မီ သီတင်းကျွတ်လဆန်း (၅)ရက်နေ့တွင် ငါးထပ်ကြီးစေတီတော်အား ဘုရားပွဲ ပြုလုပ်လှူဒါန်းသဖြင့် **"အမြောင့်ငါးထပ်ကြီး"** ဟု လက်ာစပ်ဆိုလေသည်။ ***(ဝါတွင်းဘုရားစဉ်ကို အလျဉ်းသင့်သဖြင့် ဗဟုသုတတင်ပြလိုက်ပါသည်။)***

သို့နှင့် ကျွန်ုပ်တို့နှစ်ဦးသည် အောင်မြေ လောကစေတီတော်အား ဝတ်ပြုကြလျက် ပြီးလျှင် အေးချမ်းစွာ ထိုင်လိုက်ကြလေ၏။

ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းတွင် အသက် ခပ်လတ်လတ်အရွယ် အမျိုးသမီးတစ်ဦးသည် စေတီတော်အား လက်အုပ်ချီလျက် တီးတိုးညင်သာစွာ ရွတ်ဆိုပူဇော်နေလေ၏။

ဦးနေထွန်းသည် ငြိမ်သက်စွာ နားစွင့်လျက် ကျွန်ုပ်အား မေးဆတ်ကာ **"သမ္ဗုဒ္ဓေဂါထာ ရွတ်နေတာ"** ဟု ပြောလေ၏။

'သမ္ဗုဒ္ဓေဂါထာ ရွတ်ဆိုပူဇော်တော့ ကောင်းတာပေါ့ဗျာ၊ အတိုက်အခံ ရန်သူမှန်သမျှကို ကာကွယ်ဖယ်ရှားပေးပြီး ကိစ္စအဝဝကို အောင်မြင်စေတာပေါ့'

ဟု ကျွန်ုပ်မှ ပြောလျှင်...

'နေပါဦး ကိုဂါမဏိရ... သမ္ဗုဒ္ဓေဂါထာက မှအမျိုးမျိုးရှိနေတယ်။ အဲဒါက ဘယ်လို ခွဲခြားကျင့်သုံးရတယ်၊ ရွတ်ဆိုရတယ်ဆိုတာ မျိုး ရှိသေးလား'

ဟု ဦးနေထွန်းမှ မေးလေ၏။

'စနစ်တကျအကာအကွယ်ယူ အားယူပြီး ရွတ်ဆိုပူဇော်ချင်သူအတွက်တော့ ခွဲခြားပြီး ကျင့်သုံးရွတ်ဆိုရတာပေါ့ဗျာ'

'ဒါဖြင့် ဘယ်လိုခွဲခြားကျင့်သုံးရမလဲ ပြောဦးလေ'

ဟု ဦးနေထွန်းမှ စကားထောက်လျှင်...

'ပြောမှာပေါ့ ဆရာရယ်၊ ဒီလိုဗျ... သမ္ဗုဒ္ဓေဂါထာက (၆)မျိုး ရှိတယ်။

၁။ အရှေ့ကျွန်းသမ္ဗုဒ္ဓေ
၂။ အနောက်ကျွန်းသမ္ဗုဒ္ဓေ
၃။ တောင်ကျွန်းသမ္ဗုဒ္ဓေ
၄။ မြောက်ကျွန်းသမ္ဗုဒ္ဓေ
၅။ သီဟိုဠ်သမ္ဗုဒ္ဓေ
၆။ အောင်သမ္ဗုဒ္ဓေ

လို့ ရှိတယ်။ ဒီတော့ ဘယ်လို အရေးကိစ္စတွေမှာ ဘယ်သမ္ဗုဒ္ဓေဂါထာကို အသုံးပြုရမလဲလို့ ဆိုရင်...

၁။ မိမိနေထိုင်ရာမှ **အရှေ့အရပ်က** အလုပ်ကိစ္စများ၊ ပြဿနာများစသော လူမှုရေး စီးပွားရေး၊ ပညာရေးတို့ အောင်မြင်လိုပါလျှင်...



www.burmeseclassic.com

www.burmeseclassic.com

**"အရှေ့ကျွန်း သမ္ဗုဒ္ဓေဂါထာ"**ကို ရွတ်ဆို အသုံးပြုပါ။

၂။ **အနောက်အရပ်က** အလုပ်ကိစ္စများ၊ ပြဿနာများစသော လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ အောင်မြင်လိုပါလျှင်... **"အနောက်ကျွန်း သမ္ဗုဒ္ဓေဂါထာ"** ရွတ်ဆို အသုံးပြုပါ။

၃။ **တောင်အရပ်က** အလုပ်ကိစ္စများ၊ ပြဿနာများစသော လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ အောင်မြင်လိုပါလျှင်... **"တောင်ကျွန်း သမ္ဗုဒ္ဓေ"**ကို ရွတ်ဆို အသုံးပြုပါ။

၄။ **မြောက်အရပ်က** အလုပ်ကိစ္စများ၊ ပြဿနာများစသော လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ အောင်မြင်လိုပါလျှင်... **"မြောက်ကျွန်း သမ္ဗုဒ္ဓေ"**ကို ရွတ်ဆို အသုံးပြုပါ။

၅။ ပင်လယ်ရပ်ခြား စသော ရပ်ဝေးဒေသများမှ အလုပ်ကိစ္စများ၊ ပြဿနာများစသော လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ အောင်မြင်လိုပါလျှင်... **"သီဟိုဠ်သမ္ဗုဒ္ဓေဂါထာ"**ကို ရွတ်ဆို အသုံးပြုပါ။

၆။ အနှစ်ချုပ်အားဖြင့် မည်သည့်အရပ်ဒေသမဟူ လက်ငင်း ပေါ်ပေါက်လာသော အလုပ်ကိစ္စများ၊ ပြဿနာများစသော လူမှုရေး၊ စီးပွားရေး၊ ပညာရေးမှန်သမျှကို လက်ငင်းအသုံးပြုနိုင်အတွက် **"အောင်သမ္ဗုဒ္ဓေ"**ကို ရွတ်ဆို ပူဇော်ရပါမည်။

ထို့ကြောင့် အခြေအနေ အချိန်အခါ အရပ်ဒေသမရွေး အသုံးပြုလျက် စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ အောင်မြင်နိုင်ကြစေရန် "အောင်သမ္ဗုဒ္ဓေဂါထာ"၏ အောင်ဓာတ်အစီအရင်ကို ဖော်ပြပေးလိုက်ပါသည်။

## အောင်သမ္ဗုဒ္ဓေ အစီအရင်များ

၁။ အစီအရင် ပြုလုပ်မည့်သူသည် နေ့ကောင်းရက်သာကို ရွေးလျက် နံနက်ခင်း(၉)နာရီမတိုင်ခင်၌ ကိုယ်လက်သန့်စင်ပြီးလျှင် သန့်ရှင်းသော အဝတ်ကို ဝတ်ထားရပေမည်။

၂။သန့်ရှင်းသော အုန်းဆီကို ဘူးစသည်ဖြင့် အဆင်သင့် ဆောင်ထားရပေမည်။

၃။ နံနက်(၉)နာရီထိုးလျှင် မိမိ အိမ်ဦးခန်းဘုရား သို့မဟုတ် ဆိတ်ငြိမ်သော ဘုရားစေတီတော်တို့၏ ရှေ့တွင် ထိုင်လျက် အုန်းဆီဘူးကို ရှေ့တွင် ထားပါ။

ထို့နောက် ငါးပါးသီလကို ခံယူပါ။

၄။ ပြီးလျှင် အုန်းဆီဘူးအား စူးစိုက်၍ ကြည့်ပြီး အောင်သမ္ဗုဒ္ဓေဂါထာကို (၁၀၈)ခေါက် ရွတ်ဆိုရပါမည်။

၅။ ပြီးဆုံးအောင်မြင်လျှင် ဘုရားရှင်အား ရှိသေစွာ ဦးချကန်တော့ပြီး အုန်းဆီပုလင်းကို ယူဆောင်၍ သန့်ရှင်းသောနေရာတွင် ထားပါ။

မိမိတို့ကြုံတွေ့ရသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့တွင် အသုံးပြုမည်ဆိုလျှင် အုန်းဆီပုလင်းအား ကိုင်ပြီး **အောင်သမ္ဗုဒ္ဓေ(၉)ခေါက်** ရွတ်ဆိုပြီး အုန်းဆီကို လိမ်း၍ ကိစ္စအဝဝကို ဆောင်ရွက်ကြလျှင် လက်ငင်းကြုံတွေ့ရသော ကိစ္စအဝဝများကို ပြေလည်စေ၍ အောင်မြင်မှုများ ရရှိပါလိမ့်မည်။

## ရွတ်ဆိုပူဇော်ရန်

### အောင်သမ္ဗုဒ္ဓေဂါထာ

သမ္ဗုဒ္ဓေ အဋ္ဌဝီသတိ၊ မဟာဒွတိ ပူရတော။
ပဥ္စ ဖုဒ္ဓိ မဟာတေဇာ၊ မယသီသေ နိသေသေတိ။
ဒီပ္ပတီတံ မံ ရက္ခန္တု ယောဟု ဓဃ ဖဃ မင်္ဂလ္လံ၊
သဗ္ဗေပိ ဓမစ နမာမိ ဂုဏောအာပတ္တိ သမ္ဗုဒ္ဓေ။
အရိယာနဥ္စ သဗ္ဗေသံ၊ သာဝကာနဥ္စ သဗ္ဗသော။

အနက်မြန်မာပြန်

**အဋ္ဌဝီသတိ**– နှစ်ကျိပ်ရှစ်ဆူ...
သော၊ **သမ္ဗုဒ္ဓေ**– ဘုရားရှင်တို့...
လည်း၊ **မမ**– တပည့်တော်၏၊ **ပူရတော**
–ရှေ့မှ၊ **ဂစ္ဆတိ**– ကြွရောက်၍ သီ...
သုံးပါစေသတည်း။

**မဟာတေဇာ**– ကြီးကျယ်မြင့်မြ...
သော တန်ခိုးရှိတော်မူကုန်သော ...
**ဗုဒ္ဓိ**– သံ၊ ဂုံ၊ ပ၊ မ၊ ယျ ငါးဆူသော
ဘုရားရှင် ကိုယ်တော်မြတ်ကြီး...
သည်။

**မမ**– တပည့်တော်၏၊ **သီသေ**–
ဦးခေါင်းပြင်၌။ **နိသေသေတိ**၊ ...
ဝပ်တော်မူပါစေသတည်း။

**ဒီပ္ပတီတံ–ဒီပ္ပတီတာနိ**– ...
ခြည်တော်ခြောက်သွယ်တို့ဖြင့် ...
တင့်တယ်သော ဘုရားရှင်ကိုယ်တော်
မြတ်ကြီးတို့သည်၊ **မံ**၊ တပည့်တော်...
**ရက္ခန္တု**၊ စောင့်ရှောက်တော်မူကြပါ...
သတည်း။

**အာပတ္တိဂုဏော**– ဂုဏ်တော်
ထင်ရှား မြင့်မားပြည့်စုံခြင်းသို့ ရော...
တော်မူပြီးကုန်သော၊ **သဗ္ဗေပိ**–
အလုံးစုံကုန်သော၊ **သာဝကာနဥ္စ**–
အဂ္ဂသာဝက၊ မဟာသာဝက အပေါင်း
တို့ကိုလည်း၊ **နမာမိ**–လေးမြတ်ကော...
ရော် ပူဇော်ကန်တော့ပါ၏။

**(ဝေဓနသာစ္စဝဓေ့နှ**–ဤမှန်ကန်...
သော သစ္စာစကားကို ရွတ်ဆိုရခြင်း
ကြောင့်၊) **မေ မမ**–တပည့်တော်အား
**အဂ္ဂံ**– မြတ်သော၊ **ဇယမင်္ဂလံ**၊–
အောင်ခြင်း မင်္ဂလာတို့သည်။ **ဟောတု**
– မုချမသွေ ဖြစ်ပါစေသတည်း။

***ကိစ္စအဝဝ အောင်ဓာတ် ရယူနိုင်ကြ...
ပါစေ။***

**ဂါမဏိဇော် (ဝိဇ္ဇာရေး)**
**စစ်ကိုင်း**

www.burmeseclassic.com

(၁၂)လရာသီ နက္ခတ်ဗေဒ သိဟ်ရာသီ(Leo)

# ဝါခေါင်လ နက္ခတ်ဆေးစာ

ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

သရာ ဗင်းမြင့်အောင်

သိဟ်ရာသီ ဝါခေါင်လသည် (၁၂)လရာသီခွင်တွင် မူလ တေဇော ဓာတ် ရာသီခွင်ဖြစ်၍ ကရကဋ်ရာသီခွင် အကူး **အာပေါဓာတ် ယုတ်ပြီး အပူ ဓာတ်တေဇောဓာတ်ကြွခါစ** ပထမ (၁၀) ရက်အတွင်းမှာ **အပူငုပ် အပုပ်ဆောင် ဝါယောဓာတ်ခိုင်သည့် ရောဂါလက္ခဏာများ** ဖြစ်တတ်သည်။ သို့ဖြစ်၍...

ခေါင်းအုံ၊ ခေါင်းခဲ၊ ဇက်ကြော တက်၊ အစာမကြေ၊ ပျို့အန်ခြင်း၊ လေဆို့လေခံ၍ ကြို့ထိုးကြို့ထောက်ခြင်း၊ ဝမ်းဖောဝမ်းရောင်၊ လေပွခြင်း စသည့် ရောဂါလက္ခဏာများ ဖြစ်ပေါ်တတ်သည်။ သို့အတွက်...

## ရှောင်ရန် အစားအစာများ

**အေး၍ဖန်ပြီး သွေးလေကို ချုပ် တတ်သော၊ ဝမ်းမီးကို ပျက်စေတတ်သော** မန်ကျည်းရွက်၊ မဲဇလီရွက်၊ ကုလားပီနံ့ဥ၊ ဆီးဖြူသီး၊ ကြက်ဟင်းခါးသီးအရွက်၊ သရက်ရွက်နု၊ တမာရွက်၊ ငှက်သီး စသည်တို့ကို **ရှောင်သင့်** သည်။

ပုစွန်ချဉ်၊ ငါးချဉ်၊ ဝက်သားချဉ်၊ ငါးပိခေါင်းချဉ်၊ မှိုချဉ်၊ မျှစ်ချဉ်၊ ဘဲသား၊ ကျွဲသား၊ ကျွဲနို့၊ ဒုန်းနို့၊ လိပ်သား၊ လိပ်ဥနှင့် မြေအောင်းသား၊ မီးမြှိုက်သားနှင့် လက်လုပ်ချဉ်၊ ချဉ်ဖတ် စသည်တို့ကို **ရှောင်ကြဉ်**ရပါမည်။

## ကျန်းမာရေးအတွက် အကျိုးပြု ဆေးဖက်ဝင် ဓာတ်စာအစာအာဟာရ စားသုံးသင့်သည့် အစားအစာများ

### အသီးအရွက်

ပင်စိမ်းရွက်၊ ဒန့်သလွန်သီး,အရွက်၊ ပဲရွက်၊ မြင်းခွာရွက်၊ ကြက်သဟင်းရွက်၊ ခွေးတောက်ရွက်၊ ကြိတ်မှန်ရွက်၊ လယ်ပတူရွက်၊ ပေါက်ပန်းဖြူပွင့်၊ အရွက်၊ ရေသကျည်းရွက်၊ ဉာဏ်ပွင့်၊ ဉာဏ်ရွက်...



သဘော်သီးရွက်နု၊ သဘော်သီးစိမ်း၊ ငှက်ပျောဖူး၊ ငှက်ပျောအူ၊ ကန်စွန်းရိုးနီ၊ ကနဖော့၊ ဖားပေါင်၊ ကြာရိုး၊ ချဉ်ပေါင်ဖြူ၊ ခဝဲသီး၊ ပဲလင်း မြွေသီး၊ ပဲညွှန့်၊ ပဲကြီး၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲလိပ်ပြာ စသည်တို့ကို စားသုံးနိုင်ပါသည်။

### အသားငါး

ဆိတ်သား၊ နွားသား၊ ငုံး၊ ခါ၊ ချိုး၊ စာကလေး၊ ချေသား၊ ဆတ်သား၊ ယုန်သား၊ ဝက်သား၊ နွားကလေးသား၊ ကြက်သား၊ ငါးခူ၊ ငါးကြင်း၊ ငါးရံ့၊ ငါးရှဉ့်၊ ငါးမြင်း၊ ငါးတန်...

ပုစွန်တုပ်၊ လယ်ပုစွန်လုံး၊ ဖားသား၊ ငါးလေးပေါက်၊ ပလီမ၊ ဒေါင်းပဆိတ်၊ ပုစဉ်းရင်ကွဲအခြောက်၊ ခါချဉ်ဥ စသည်တို့ကို စားသုံးနိုင်ကြပါသည်။

### အချိုပွဲအတွက် စားသုံးရန် အသီးအနှံ

သရက်သီးမှည့်၊ ဒူးရင်း၊ မင်းကွတ်၊ သစ်တော်၊ ကျွဲကောသီး၊ သစ်တိုသီး၊ ရေငန်းသီး၊ သဘော်သီး၊ ငှက်ပျောသီး၊ ပျားလိမ္မော်သီး၊ ကျောက်ဖရုံယို၊ ဆီး(ဇီး)ယို၊ သရက်ပြင်၊ ပိန္နဲသီး၊ မာလကာသီး၊ နာနတ်သီး စသည့် သစ်သီးများကို စားသုံးသင့်ပါသည်။

### အချဉ်သီး

သပြေသီး၊ မန်ကျည်းသီးမှည့်၊ ရှောက်သီး၊ သံပရာသီး၊ သရက်ချဉ်၊ မရန်းသီးအချဉ်၊ သစ်တိုသီး၊ ရေငန်းသီး အချဉ် စသည်တို့ကို လိုအပ်သလို အသုပ် ဟင်းပွဲတို့တွင် ထည့်သွင်း စားသုံးပေးနိုင်ပါသည်။

အထူးသဖြင့် **ဤဝါခေါင်လတွင် အရေပြား ယားနာ၊ ဝဲစို၊ နှင်းခူနာ၊ ခြေဝဲစားခြင်းတို့** ဖြစ်တတ်ပြီး **ခြေထောက် ဒူးအောက်ပိုင်း၊ ရေစို၊ အအေးမိများလျှင်** ဝမ်းဖော၊ ဗိုက်ပွ၊ လေဆို့၊ လေကျပ် ဖြစ်တတ်၍ ခြေနွေး အောင် ဂရုပြုပြီး ဝမ်းဗိုက်ကို နှင်းဆီ၊ ပရုတ် မီးနွေးနွေးပေးပြီး ဗိုက်ကို



www.burmeseclassic.com

www.burmeseclassic.com

လိမ်းပါ။

ယားနာများကိုလည်း လိမ်းပေးနိုင်ပါသည်။ ဝမ်းပျက်၊ ဝမ်းဖော၊ ဝမ်းကိုက်ဖြစ်ခဲ့လျှင် **ဆားမီးဖုတ်နှင့် နနွင်းမှုန့်စစ်စစ်ကို (၁)အချိုး (၄)ဆနှန်း ရောပြီး ရေနွေးပူပူနှင့် တိုက်ပါ။**

သိဟ်ရာသီ ဝါခေါင်လ အခါသမယတွင် မိသားစု ထမင်းဝိုင်းအတွက် ကျန်းမာရေး အကျိုးပြု...

ဆေးဖက်ဝင် ဓာတ်စာ

ဟင်းစပ်အတွဲများ

[(၇)ရက်(၁)ပတ်စာဟင်းပွဲများ]

**၁။ ငုံးသား ဆီပြန်ဟင်း (သို့မဟုတ်) ငုံးသားထောင်းကြော်**
- ကြက်သဟင်းရွက်ဟင်းချို၊
- မြူရွက်သုပ်၊
- ငရုတ်သီးဆားထောင်း၊ သံပရာချဉ်ဆမ်း။

**၂။ ဆိတ်သားစဉ်းကော ဆိတ်အသားလုံးဟင်း**
- သနပ်စုံ အသုပ်၊
- ချဉ်ပေါင်ဟင်းချို၊
- သပြေသီး ငါးပိကြော်။

**၃။ ငါးရံ့ခေါင်းချဉ်ရည်ဟင်း**
- ကြက်သားကင်ပွန်းချဉ်ကြော်၊
- မြင်းခွာရွက်သုပ်၊
- ရခိုင်ငါးပိထောင်းစပ်စပ်။

**၄။ ဝက်ပုံးရည်ကြီးဟင်း**
- ပေါက်ပန်းဖြူပွင့်သုပ်၊
- မျှစ်၊ ချဉ်ပေါင်၊ ပုစွန်ကြော့ချဉ်ဟင်း၊
- ပုစွန်ခြောက်၊ ဘာလချောင်ကြော်။

**၅။ ငါးမြင်းငါးပိတစ် မန်ကျည်းရည်အုပ်ချက်**
- ဒန့်သလွန်ရွက်ဟင်းခါး၊
- မျှစ်နှင့် ပုစွန်ကြော်၊
- ဂျူးမြစ်ငရုတ်သီးထောင်း။

**၆။ ဆိတ်သားခြောက် မီးဖုတ်ဆီဆမ်း**
- သီးစုံပဲကုလား အချဉ်ဟင်း၊
- ကြက်သဟင်းရွက် ပုစွန်ခြောက်ကြော်၊
- မြေပဲဘာလချောင်ကြော်။

**၇။ ငါးကလေးပေါက် အိုးကပ်ချက် ပင်စိမ်းအုပ်**
- မျှစ်ချဉ်ပေါင်၊ ကန်စွန်းရွက်ဟင်းလျော်
- ငါးပိဖျော် တို့စရာစုံ၊
- ငါးမီးဖုတ်၊ ငှက်ပျောအူ၊ တာ... ပေါဟင်း။

ယခု တင်ပြခဲ့သည့် (၇)ရက် (၁) ပတ်စာ ဟင်းစပ် အတွဲများသည် (၁၂)ရာသီခွင်တွင် သက်ဆိုင်ရာ ရာသီ ခွင်နှင့် သင့်တော်သည့် အပူ, အအေး, အတက်, အသက် စသော နက္ခတ်ဓာတ်စာဆေးပညာဖြင့် ချင့်ချိန်၍ ဆေးဖက်ဝင် စားဖွယ်ရာ ဟင်းလျာများအဖြစ် သက်ရောက်အောင် တွဲစီမံပေးထားသည့် **"ဓာတ်စာဟင်းလျာ"**များ ဖြစ်ပါသည်။

**ဆရာ မင်းချမ်းသာ**

# သွပ်ဖမ်းနည်း



**(ရွှယ်စုံဓာတ်ဆရာကြီး ဦးသိန်းဟံထံမှ ရရှိသည်၊ အောင်မြင်ပါက ဗီယ၊ နေပေါက်၏။ ဗီယကို သတိထားပါ။)**

၁။ စမုန်မျိုးငါးပါး၊ ထင်းရှူး၊ ထန်းလျက် တစ်ပါး... ကြက်သွန်အနီမှန်၏၊ တစ်ဖန် ငရုံ့ပတူ၊ နွားမူစငုတ်၊ နုပ်နုပ်ညက်ခြေ၊ ထန်းလျက်မွှေ၍ တေလေမြဲမှတ်။

၂။ ထိုသည့် သွပ်ကို ကြပ်ကြပ်ထုခြေ၊ နာနာမွှေ၍၊ နီးလေပြီးမှ၊ ဖွဲမီးပြုရှင့်၊ ခေါင်းကဖွေးဖြူ၊ တိုင်ရောက်မူသော်၊ ယူ၍လုံသွင်း၊ မီးပြင်းနာနာ၊ ထိုးကြပါလော၊ အလိုချမ်းလော့၊ အသွတ်မရောက်ပျဉ်း၏တည်း။

လုပ်နည်း...

စမုန်မျိုး(၅)ပါး၊ ထင်းရှူး၊ ကြက်သွန် နီ၊ ငရုံ့ပတူ၊ နွားစာငုတ် (အညာဒေသ ကုန်းတန်းများတွင် ပေါက်တတ်သည်။) အမျှစ် ထန်းလျက်နှင့်တေ သွပ်ကို ထုခြေ၍ အထက်အောက်နီး၊ လုံး၍ ဖွဲတစ်ထပ်၊ ထင်းတစ်ထပ်နှင့်ဖုတ်၊ ဖွဲခေါင်းဖြူလျှင် ... ဗိုနှင့် မီးနာနာထိုး။ အလိုချမ်းစေ၊ သွပ်ပြီးချုပ်ပြီးရ၏။

**တင်လှ (ဆ-မ-ဦဝ်း)**



www.burmeseclassic.com

www.burmeseclassic.com

# ဗိုဇင်ရုပ်ပြောင်း စိတ္တဇလောက

သိကောင်းမှတ်ဖွယ်ရာ

ပညာစဉ်
မင်းလက်ျာအောင်



ဝိဇ္ဇာလောင်းတို့ ဖိုဝင်ကြသော ...ကြောင်းကို ကျွန်တော်သည် ငယ်စဉ် ...င် လွန်စွာ စိတ်ဝင်စားခဲ့ပါသည်။

ကျွန်တော်တို့ငယ်စဉ်က လူကြီး ...များကဖြစ်စေ၊ လူငယ်အချင်းချင်း ...စေ ပြောဆိုကြသော ပုံပြင်များ ...တွင် ထိုအကြောင်းကိုသာလျှင် ...စ်သက်ခုံး ဖြစ်ခဲ့၏။

ထို့ကြောင့်ပင်လျှင် ကျွန်တော်သည် ...ရုတ်ပညာကို ဝါသနာကြီးခဲ့သည် ... မဆိုနိုင်ခြေ၊ တစ်နည်းဆိုရသော် ...ပြင်တို့ကပင် ကျွန်တော့်အား ...ရုတ်ပညာ၏ မျိုးစေ့ကို ချပေးခဲ့ ...ည်ဟုလည်း ပြောဆိုနိုင်ပါသည်။

အရွယ်ရောက်ပြီး၍ ဝါသနာအရ ...ရုတ်နှင့် သက်ဆိုင်ရာ စာပေကျမ်း ...တို့ကို လက်လှမ်းမီသမျှ လေ့လာ ...ခဲ့သော်လည်း ဓာတ်တို့အား ...ခြင်း၊ သတ်ခြင်း စသည်တို့ကိုသာ ...၍ **အန္တိမဖြစ်သော ဖိုဝင်ရုပ် ...ောင်းခန်း**ကို မတွေ့ခဲ့၊ မဖတ်ခဲ့ဘူး ...

...ဖြင့်... တစ်နေ့သောအခါ၌ **...ာတ်ပြာသတ်ရှာ ဆရာကြီး ...င်အောင်ထံမှ သဗ္ဗဓာတုက ...သနီကျမ်းပေမူ**ကို ငှားရမ်းကြည့် ...တွင် **သတ္တကမ္မဋ္ဌ်ုစီရင်နည်း** ...၌ ဖိုဝင်ခန်းကို မမျှော်လင့်ဘဲ ...ခဲ့ပါ သည်။

ဆရာကြီး ဦးတင်အောင်မှာ ...တော် ငယ်စဉ်က ပညာသင်ပေးခဲ့ ...သော မူလတန်းကျောင်းအုပ်ဆရာ ...သခု အငြိမ်းစား)ဖြစ်ပြီး အဂ္ဂိရတ် ...ရှင်ကြီးတစ်ဦး ဖြစ်ရုံမျှမက ...တော်နှင့်လည်း အလွန်ပင် ရင်းနှီး ...ခဲ့သည့်တိုင် အကြောင်းမတိုက် ...သောကြောင့် ထိုကျမ်း(ပေစာ)နှင့် ...တော့်မှာ နီးလျက်နှင့် ဝေးခဲ့ရပေ သည်။

ကျွန်တော်သည် အဂ္ဂိရတ်ဝါသနာ ရှင်တစ်ဦးဖြစ်သည့် အားလျော်စွာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကိုလည်း မလွတ်တမ်း ဖတ်ရှုအားပေးခဲ့သည်။

လူများစွာတို့ အထင်သေးတတ် သော '(ဝါ) ဉာဏ်မမီ နားမလည်နိုင် သော အဂ္ဂိရတ်ပညာကို ကဏ္ဍတစ်ခု အနေဖြင့် ထည့်သွင်းဖော်ပြသော မဂ္ဂဇင်းနှင့် စာရေးသူ အဂ္ဂိရတ်ဆရာ ကြီးများကို များစွာ လေးစားဂုဏ်ယူမိ ခဲ့သည်။

တစ်ချိန်သောအခါတွင် မိမိသည် လည်း ထိုဆရာကြီးများကဲ့သို့ စာတွေ့၊ လက်တွေ့ ရှာဖွေတွေ့ရှိခဲ့သမျှတို့အား နောက်လူတို့ မပင်မပန်းဘဲ အလွယ် တကူ သိမြင်နိုင်ကြစေရန် တတ်စွမ်း သမျှ ဖော်ပြရေးသားမည်ဟု စိတ်ကူး ရှိခဲ့သော်ငြား အကြောင်းမညီညွတ်၍ ရေးသားဖော်ပြနိုင်ခြင်း မရှိခဲ့ပါ။

ဤသို့ဖြင့် နက္ခတ္တရောင်ခြည်

www.burmeseclassic.com

မှတ်ချက် ။ ။ လက်သည်းကွင်းအတွင်းမှ စာကို (ရှ ရှ နှ ရှ ရဇ္ဖွသွာဟ)ဟူ၍ အသံထွက် ဖတ်ရပါသည်။

ဤသို့ ကုန္တာသယမန္တန်ဖြင့် သုံးကြိမ်ရွတ်၍ တစ်ဆယ့်နှစ်တောင်ခန့်ရှိသော မြေကို တောစောင့် တောင်စောင့် ဘုမ္မစိုးနတ်တို့ထံ တောင်းခံပြီးလျှင် ရအပ်သောမြေတွင် မိမိလက်အတောင်ဖြင့် တွင်းဝလေးတောင်၊ အစောက်ခုနစ်တောင်ရှိသော တွင်းကို ကောင်းစွာ တူးပြီးမှ...

နံ့သာမျိုးငါးဖြာ ထင်းအရာတို့ကို တစ်ခါတည်း ရှာကြပြီးလျှင် ယင်းဝိဇ္ဇာဒိုလ်လောင်း သူတော်ကောင်းသည် တပည့်ကို သင်ကြား၍ မှာထားအပ်သော စကားတို့သည်ကား...

'အမောင်တပည့်... ဤလောကသံသရာ မှန်စွာမယုတ် ဤခန္ဓာအကောင်ပုပ်ကြီးသည် အဟုတ်တည် မယုံကြည်အပ် မနှမြောအပ်သောရုပ်။

တလှုပ်လှုပ်ရွေ့လျော၊ တသောသောပျက်စီး၊ မှောက်လျက်သေလိုသေ၊ ပက်လက်ကြီး နေလိုနေ၊ တခွေခွေလျားလျား ကားယားကြီးတစ်မျိုး၊ အက်ထိုးကြီးမခြား သေပုံတွေက များသား၊ နာပုံတွေက အထင်အရှား၊ ဒုက္ခပုံတွေကလည်း အမြင်သား။

ဤကဲ့သို့ တရားတို့တွင် မရဏမှ တစ်ပါး သုံးပါးတို့တွင် ပယ်ရှားဖြုတ်၍ ကိုယ် ဘယ်တရား ချုပ်ပါလိမ့်လို့ ခန် အကျဉ်းအားဖြင့် စဉ်းစားကာ ကြည့်လိုက်သော်...

ဩော်...အာရမ္မဏူပ ပကာတူပတို့ နာနာခဏိကတို့နှင့်တကွ အညီ ဦ့သို့ကျ။ တည်သမျှ သင်္ခါရတို့၌ န်ကို မရခင်အကြား တစ်ခဏမျှ



ခွဲခြား၍ တစ်စုစီ သွားကြသည်ဟူ၍။ ။

ပါဠိတော်မှာမလာ အဋ္ဌကထာမှာလည်း မညှပ်။ ဥတုဇကလာပ်သည် သာလျှင် မပြတ်တရား အမှန်အားဖြင့် နာမ်ထားရာနေရသည်ဟု။ သဗ္ဗညုဓမ္မကွန် နာမ်မှာအချုပ် ဉာဏ်ရှာကာ အသာအုပ်၍ ပစ္စယုတ်တစ်ကြောင်း။

မလစ်အဟုတ် အသစ်လုပ်မည့်ကျွန်ုပ်၏ ဤရုပ်ဟောင်းကို နုတ်ပြောင်းကာ ဓာတ်တန်ခိုးဖြင့် အမှတ်တစ်မျိုး မသေမပျောက်ရအောင် ယခုမြေတွင်းသို့ အဖေဆင်း၍ မကြေမရှင်း သေသော ဤခန္ဓာကို သုသာန်အရာ ထားပြီးလျှင်...

တရားတည်းဟူသော ဘာဝနာ အခါခါရှုနိုက် အလိုက်သင့်ခေါ် ဆရာတော် ဆရာတော်ဟု သုံးခွန်းလောက်ကြွေးကြော်၍ အဖေကိုမေးသော် မရ၊ အရေးကိုမေးသော် မရ၊ အရေးကိုတော်လှမှ တဘော်မချို့ ယင်းပြင်တစ်ဝ မြေကို ကော်၍မို့ အဖေပေါ်သို့ ဖို့ပါကုန်လော့။

ဖို့ပြီးသောခါ သိဿာအစစ် ငါ့ကို ပစ်၍ မလစ်တပါး မောင်မသွားနှင့်။ သွားကာမနေ ငါအဖေသည် မသေဆတ်ဆတ် ခန္ဓာပြတ်လိမ့်။

နှစ်သိမ့်မေတ္တာ ကရုဏာနှင့် ဆရာလိုတစ်အင်၊ ဖခင်လိုတစ်သွယ်၊ မိခင်လိုတစ်ဝ အစစကို နှိုင်းဆဆင်ခြင် ဆရာသင် ပညာထမြောက် ငါ့နှယ် ပေါက်အောက် ငါနောက်ကိုသာ လိုက်စေ့ငှာဟု သေချာမဆွ ဆရာပြ၏။

စစလုံးစုံ ဆရာဂုဏ်ကို အပုံကြီးပွား၊ ကျေးဇူးများကို ထောက်ထားငဲ့ကွက် မောင်မဖျက်နှင့်။ မပျက်မှန်စွာ သက်ခန္ဓာကို မောင့်မှာအပ်နှင်း မောင့်လက်တွင်ဝယ် ပြုတိုင်းလွယ်လိမ့်။

တကယ်စိုက်စိုက် ကျားကလိုက်၍ ဆင်မိုက်ညိုးညဲ့ ထိုးပြီဟန်သို့ လာဟန်မနေး မောစ်မပြေးနှင့်။ နောင်ရေးဆိုရာ ပျိုကညာကညာတို့ ကမ္ဘဇိဿဖြင့် စိတ်ရှိတိုင်းဖျားယောင်း။ မောင့်ကို ပေါင်းမည်ဟု ဦးခေါင်းကျောသပ် သဘောညှပ်၍ ပြောလတ်သောခါ မောင်မပါနှင့်။ မာယာတန်ခိုး အမျိုးမျိုးနှင့် ဖြိုးဖြိုးတက်ကြွ ဖျက်လာကြလိမ့်။

ဖျက်ကာမရှောင် ယောင်တောင်ပြားပြား အထင်မှား၍ ငါ့သားတသူ ပစ်ခဲ့မူလျှင် တောသူမြေတွင်း အဖေရင်းမှာ သေခြင်းမက သေဆုံးရလိမ့်။ မယွင်းဘဝါ ဝိပါကာ နောင်သာတစ်ထောက် မောင်သာကြောက်မှ မဖောက်ရှည်ကြာ သင်နှင့်ငါသည် မကွာတူကွ မေတ္တာယျှရှင် ပလ္လင်တစ်ခန်း ကံ့ကော်နန်းမှာ ထူးဆန်းသစ္စာ ပွင့်သောခါလျှင် သေချာမဆွ မောင်နှင့်ဖလည်း မုချ ပိုင်ပိုင် ကြည်ညိုနိုင်လိမ့်။

ထိုမှတစ်သီး မြေဖို့ပြီးသော် တောကြီးဂန္ဓာ နံ့သာထင်းဆောင် နှစ်တောင်ဖြင့် အပေါ်ဆင့် အသင့်မှန်စွာ



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း၊ ဇူလိုင်လ အထူးထုတ်အတွက် စာမူများ ဖိတ်ခေါ်သော ကြော်ငြာကို ဖတ်လိုက်ရလေသည်။

ဤတွင်မှ မိမိ လွန်စွာ စိတ်ဝင်စားခဲ့သော ဖော်ကျိုဖိုဝင်ခန်းကိုပင် မူရင်းအတိုင်း ပြန်လည်ရေးသားရန် စိတ်ကူးရမိသည်။

ရည်ရွယ်ချက်ကား မိမိကဲ့သို့ ဝါသနာရှင်များအား အလွယ်တကူ သိမြင်နိုင်စေရန်နှင့် လွန်စွာ ရှားပါးခဲ့ပြီဖြစ်သော စာမူတစ်ခုကို ပြန့်ပွားစေလိုခြင်းပင် ဖြစ်ပါသည်။

ယခု ဖော်ပြသော အကြောင်းအရာတို့မှာ **သဗ္ဗဓာတုကပကာသနီကျမ်း ပေမူ သတ္တကျွတ္တုံ စီရင်နည်းကဏ္ဍ** ဖိုဝင်ရုပ်ပြောင်းခြင်း အခန်းကို မူရင်းစာသားများအတိုင်း ရေးသားတင်ပြခြင်း ဖြစ်ပါသတည်း။ ***စာရေးသူ***

---

အသန္တိနွတ္တကရုပ်သို့
ရောက်ပြီးသော ဓာတ်လုံးဖြင့်
ဖိုဖင်ရုပ်ပြောင်းခြင်းကို ပြရာသော
အခန်း

---

**ဧယျောတု** ။ ။ လူမဝင် သူမနင်း သန့်ရှင်းစင်ကြယ်သော မြေနေရာကို ရှာတွေ့၍ တစ်ဖန်တွေ့သည်ရှိသော်...

၁။ အတောင်နှစ်ဆယ်ရှိသော ဖန်ရည်ဆိုး ကိုယ်ဝတ်ပုဆိုး

၂။ အရှည်လေးတောင်ရှိသော ဖန်ရည်ဆိုး အပေါ်ရုံပုဆိုး

၃။ ဖန်ရည်ဆိုးအင်္ကျီ

၄။ အရှည် လေးတောင်ရှိသော ဖန်ရည်ဆိုး ဦးရစ်ပုဆိုး

၅။ အရှည် လေးတောင်ရှိသော ဖန်ရည်ဆိုး အောက်ခံအဝတ်

ယင်းတို့ကို ကောင်းမွန်စွာ စီရင်ဝတ်ဆင်ပြီးလျှင်...



လူချောလူလှ–မိန်းမလှ အအ–အကန်း ကိုယ်တစ်ခြမ်းသေ။ အမွေ ပြတ်တောက် ခြေထောက်မပါ။ အသည်းညှာ ရှေ့မှာတစ်ခု သဗ္ဗညု။ အဦးအဖျား ထူးခြားသော အရသာတို့ကို မရှောင်ဘူး နေ့ညတွေ့သမျှ ဝဝကြီးစားတတ်သော တပည့်မြတ်သူလိမ္မာတို့ကို တစ်ခါတည်းတိုင်ပင်၍...

ခေါ်ငင်မယုတ် လေးဆယ်ကိုး ဥပုသ်ကို မယုတ်အောင် သမထဖြင့် လစေ့အောင် ဆောက်တည်ပြီးမှ ယင်း အာကာသစိုး ဘုမ္မစိုးနှင့် ရုက္ခစိုးဒေဝါ သေလာပဗ္ဗတ။ အရပ်ရပ်သော တောစောင့်နတ် တောင်စောင့်နတ်တို့ကို မိမိ၏အဖို့ဘာဂ ကုသလ အမျှဝေပြီးမှ...

အလိုရှိအပ်သော တစ်ဆယ့်နှစ်တောင်ခန့်မျှ အကျယ်အဝန်းရှိသော မြေနေရာကို ဂန္ဓာသယမန္တန်ဖြင့် အရှေ့သို့ မျက်နှာမူလျက် လက်ဖြင့် ယှက်၍ ခြေစုံရပ်ပြီးလျှင် သုံးကြိမ် ရွတ်ဖတ်၍ ယင်းနတ်များထံ တောင်းခံပါလေ။

ယင်းနတ်တို့သည် "သာဓု သာဓု သာဓု"ဟူသော အသံကို အမြန်မနှေး လူတို့နားနှင့် ကြားစေခြင်းဟူသော အရေးဖြင့် ကြွေးကြော်ကုန်၏။

ယင်း ဂန္ဓာသယမန္တန်တော်ကား အင်းပေါင်း နှစ်သောင်းတစ်ထောင်၊ အိုင်ပေါင်း နှစ်သောင်းတစ်ထောင်၊ ဂါထာပေါင်း နှစ်သောင်းတစ်ထောင် မန္တန်ပေါင်း နှစ်သောင်းတစ်ထောင်တို့ ဖြင့် စီရင်လျက် **အရှင်သုနန္ဒ ဂူသိန္ဓ မည်သော ရသေ့ တစ်ဦးသည်** အထူး စီရင်တော်မူခဲ့သော ဝိဇ္ဇာရေမန္တရသူ[illegible] တွင် ဘင်္ဂလီဘာသာဖြင့် ဖော်ပြရေးသားလျက် ရှိပါကြောင်း

ယင်းဂန္ဓာသယမန္တန်ကို မြန်မာ[illegible] ပြန်ဆိုရသည်ရှိသော်။

'အို...ဟိမဝန္တာ တောခန့်ဝါတွင် မှန်[illegible] ခြင်း ရှင်နတ်မင်းတို့ ချက်ချင်းခုသာ သိ[illegible] ငါ့မှာမလတ် သီလမြတ်နှင့် တစ်ရပ်[illegible] မဂ္ဂတစ်ခန်း မင်္ဂိုလ်လမ်းတို့ စီ[illegible] ထုတ် ကြိုးအားကုတ်၍ အဟုတ်ရကုန်[illegible] ဤကောင်းမှုကုသိုလ်တို့၏ အဖို့ကို...

အို...အို...နတ်မင်း သင်တို့လျှ[illegible] မကြွင်းခုသာ ငါ့ပံမှာသို့ မကြာ[illegible] ဤမင်္ဂလာထိုကို အနှုန်းလှုပ်လျှား သင်တို့[illegible] လည်း ထင်ရှားကြပါစေသော်။

ငါလည်းတမူ ဤမြေဝှယ် ခုမှမနေ[illegible] ပေးလော့ ၊ အရေးကြိုက်ကြုံ ရှိ[illegible] တဟုန်တည်းခြင်း မြေကိုနင်း၍ ချ[illegible] ခုသာအပ်ကြပါ။ မကြာမညီး လေး[illegible] တို့ကို ရှိနိုးမပို ငါကားလိုင်၏။

အို...အို...နတ်များ သင်တို့အား[illegible] မှားတမူ ငါ့ကိုလျှက နောက်မှမ[illegible] သခင် ပလ္လင်တန်နန်း ကြွအလုပ်တွင် [illegible] တင် ပန်ဆင်သစ္စာ သင်တို့ငါလည်း [illegible] တူကွ ပူဇော်ရလိမ့်။

အို...အို...အေဝါ နတ်တကာကို [illegible] ဤမြေမှုကို ဝေမကြာ ငါ့ကိုသာလျှင် [illegible] မနှေး မေတ္တာရေးဖြင့် အေးအေး[illegible] ပါကုန်လော့ ၊

ကြေငြာ...ဒေဝတာ ဒေဝ[illegible] အာရက္ခနှင့် မယသုခံ[illegible] ဟုလှ...ဟုလှ(မြှင်ပြန်ပြ)။ ၊





www.burmeseclassic.com

www.burmeseclassic.com



ထားပြီးခါမှ မကွာနဂိုရ်မောင့်ကိုလွှဲအပ်သမ္ဘိန္နခေတ်နှင့် မတ်မတ်ရတ်ခါ ရှေ့ပြုဗ္ဗာက မှန်စွာတည့်တည့် ထင်းမုံကို ကြည့်၍မို့ စိစိပြုပါ။

ပြသောခါ မကြာစိုက်စိုက် မီးလုံးတိုက်၍ ဖုတ်မြိုက်သင်္ဂြိုဟ် မီးလုံးမျို၍ မြေကိုဆူမျှ မြေကြီးကလျှင် မီးထချင်၏။

ရက်လျှင်သတ္တ ခေ့ရောက်ကလျှင် မီးစမမြင် ငြိမ်းစေချင်မှ ပြာလျှင်ကျ၏။ တစ်ဝထိုခါ ပြာလျှင်မအေး ခပ်နွေးနွေးကို သားထွေးသည်းခြာ ယူပြီးခါလျှင် မကြာတလစ် မောင်မပစ်နှင့်။

ပစ်လျှင်မူက၊ မိဘပမာ ငါ့ဆရာလည်း မကြာလတ်လတ် ခန္ဓာပြတ်လိမ့်။ တစ်ရက်မရှေ့ ရက်မခေ့ခင် အလျင်တမူ မင်းမယူနှင့်။

နောင်မူရက်ခေ့ မပြတ်တွေ့သော် ပြကတေ့နဂို သူ့အလိုမောက် တတောင်လောက်မြေစာ မနေသာလျက် ဘာသာတက်လိမ့်။

တစ်ချက်တက်ရာ မြင်သောခါမှ တစ်နေ့တစ်ခါ ထိုမြေစာကို မှန်စွာဆက်ဆက် ခုနစ်ရက်တည် ပယ်လေဘိလော့။

မခေ့ရက်ရေ မပယ်လေနှင့်။ ပယ်လေတုံက ငါ့အဘမှာ မုချဆတ်ဆတ် ခန္ဓာပြတ်၍ မတ်မတ်လည်တိုင် မထူနိုင်ဘဲ မခိုင်ညှိုးနွမ်း အသေဆန်းလိမ့်။

မခန်းမေတ္တာ ငါ့ကိုသာလျှင် ပီတာမယွင်း ဖခင်ရင်းသို့ ထင်လင်းခုခါ သနားပါမှ ငါသာခုပ ချမ်းသာရလိမ့်။ သားလှကျေးဇူး ဂုဏ်အထူးကို ရှင်မြူးသာယာ ငါဆပ်ပါအံ့။

မကြာလတ်လတ် ဖခင်နတ်၏ မိန့်မြွက်ဝစနံ အတန်တန်ကို မကျန်မကြွင်း ငါ့သားရင်းသို့ ထင်လင်းချိုချို မှတ်စေလို၏။ အလိုတကျ ဖက်စွကြီး နောင်ပြီးစီးသော် တောကြီးဘေ့ခြာ ဟေမဝါချက် ဂန္ဓိုင်ထက်ဝယ် သက်သက်ကြည်ကြည် စံရပြီဟု တလီရတနာ သားသည်းခြာ မကွာစိုက်စိုက် ငါးသားလိုက်မှ…

ဖိုတိုက်ရတနာ မောင်ဆင်းပါက မကြာသုတ်သုတ် ငါ့နယ်လုပ်၍ အားထုတ်အမှန် ခေတ်ရတနံကို တစ်ဖန်မယွင်း ငုံပြီးလျှင် မကင်းဝိပဿနာ ဘာဝနာမျိုး ရှိအင်ခိုးလျက် ရိုးရိုးမတ်မတ် ခြေစုံရပ်၍…

တွင်းမြတ်စဉ်က မြေစာမှိုမှို မမေ့ဖို့နှင့်။ တွင်းတို့ဓမ္မတာ ဆင်းမိပါလျှင် မကြာချက်ချင်း နှလုံးသွင်းရာ ဖြစ်တတ်စွာ၏။

ရက်မှာသတ္တ ခေ့ကာလမှ တစ်ဝဥသုံ အလုံးစုံကို ကုန်စင်သိရောက် အထမြောက်၍ ငါ့နောက်ကိုသာ လိုက်နိုင်ရာ၏။ မှာခိုက်မခြား ငါ့စကားကို မှတ်သားနာယူ အလေးမူလော့။ ။

ဤကဲ့သို့ ပြောဆိုစကား တပည့်သားကို သင်ကြားပြီးမှ ယင်းဆရာ ဝိဇ္ဇာဓိုရ်လောင်း သူတော်ကောင်းသည် **အသမ္ဘိန္နသတ္တကွတ်ရှင်**(ထွက်ရပ်ဝင်ပြီးမည်သည့်ခေတ်လုံးမဆို) တေဇောဝင်ကို ဉာဏ်ရှင်၍ ငုံပြီးမှ…

တစ်ဟုန်တည်း တွင်းထဲသို့ဆင်းပြီးလျှင် မိမိ၏ ပရိဝါရ အရပ်သို့ မျက်နှာမူလျက် ခြေစုံမတ်တတ် ရပ်ပြီး[illegible] နှစ်ဖက်သော လက်အစုံဖြင့် ကြ[illegible] ပမာ ဦးတင်ကာမိုး ရှိခိုးပြီးလျ[illegible] နှစ်ဖက်သော မျက်လွှာကို တစ်ခါတ[illegible] ချပြီးလျှင်…

ဩော်…ဒွတ္တိံသကာ ငါ့ခန္ဓာသ[illegible] မှန်စွာမယုတ် ဝိညာဉ်ချုပ်၍ အမြ[illegible] သွေးပြည်ကျ၍ မလှမေးပါး ဘေး[illegible] နံစောင် ညီဟောင်ကွဲပြတ် အသာ[illegible] တွဲကပ်နှလုံး အညို့ဖုံးလျက် မျက်[illegible] လည်းပျက် လျှာလည်းထွက်ကာ[illegible]

ပါးစပ်တခြား အထက်သွား[illegible] အောက်သွားကျဲကာ ကြောက်[illegible] အဟုတ် သွေးလေသက်တို့ အ[illegible] ဖွားဖွား ပိုးလောက်စား ခြေကာ[illegible] ရောင် ဗိုက်ပြောင်ပြောင်နှင့် သူတော[illegible] မလှ အနိစ္စဟု စိတ်ချဖို့ရာ ငါ့ခန္ဓာမှ[illegible] မယုတ်သဏ္ဌာန် လုပ်သည့် ဤရုပ်[illegible] ကောန်စက်ဆုပ်ပါ၏တကား။ ။

ဤကဲ့သို့ ကာယာနုပဿနာ [illegible] **ကမ္မဋ္ဌာန်းတရား**ကို အဟုတ်ကြည့်[illegible] သတိပြု၍ သိမှုအလို့ငှာ ဝိဇ္ဇာ[illegible] လောင်း သူတော်ကောင်းသည် တွင်[illegible] အောင်း၍ နေလေ၏။

ထိုအခါ ဝါသနာရှိ အရာ[illegible] ကပ္ပာကယာ သိတတ်သည့်[illegible] မြတ်လီမှာ ကဝိန္ဒာလောင်း သူတော်[illegible] ကောင်းသည် ဆရာအား ကြင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သဘော မေတ္တာဓာနှင့် ဩဝါဒမပျက် ...ွင်းပေါ်သို့တက်ကာ နှစ်ဖက်သော ...က်ဟတ္ထာဖြင့် ယှက်ခါစုမိုး ရှိခိုး ...အို...ဆရာ အို...ဆရာ ဟု ...ာယာသိမ်မွေ့ လေပြကတော့ဖြင့် ...ရွှေသုံးခါ ဝစနာအကျင့် အသာဖွင့်၍ ...စ်ဆင့်ခေါ်တဲ့ ရှာလေ၏။

ဤကဲ့သို့ သတိမချို့ တပည့်တို့က ...ိုင့်ခေါ်သော အသံကို တစ်ဖန် ဆရာ ... ကြားရပြန်သည်ရှိသော် တပည့် ...မျှ ငါ့သားတူးက ချီးကျူးကော်ရော် ...ှုတ်ဖြင့် ပူဇော်သည်တကားဟု အားရ ...မ်းသာ မေတ္တာလှစ်ကူး အသစ်စူး၍ ...စ်ထူးတော်မူလေ၏။

ဤကဲ့သို့ ဆရာထူးလတ် အသံမြတ် ...ို့ ကြားအပ်သည်ရှိသော် တပည့် ...သည် အဟောဝတ ဩော်... အံ့ဖွယ် ...ှတကား။ ဘုရား တရား သံဃာအား ...ိုင်း သုံးပါးရတနာ မဟာဗိသနိုး ...နိုးထင်ပြောင် သူရောင်သူရိန် ဝတီ ...သ ဝါသဝသီကြား ထက်ဖျားပြဟ္မာ ...ွှာမကြွင်း...

ဤမည်သော ဟိမဝန္တာနယ်အတွင်း ...် ကောင်းစောင့်ကြပ် အရပ်ရပ်သော ...ာစောင့်တောင်နေ ရေမြေပိုင်ခြင်း ...ိုင်နတ်မင်းတို့... အလျှင်းမယုတ် ...နိပ်ဆရာ မဟာပဏ္ဍိ ကဝိမျက်မှန် ...ိုးတန်ကို တဘန်မပျက် မေတ္တာ ...တ်၍ ဆက်ဆက် စောင်မတော်မူ ...ပါကုန်လော့ ဟူ၍...

ဤကဲ့သို့ သစ္စာမချို့ မေတ္တာပို့ပြီး ...ှင် ခပ်ရှိရှိမခြား တွင်းအပါးသို့ ...သွားကာ သွားပြီးလျှင် ဆရာ၏ ...ခြအနေကို ဘယ်လိုပင် နေသလဲ ...တွေးတောဆင်ခြင် ရှိုနိုးဦးတင်၍... ...အို... ဖခင်ဆရာ ဖခင်ဆရာဟု ...ာဝစနာဖြင့် တစ်ခါတည်း ခေါ်ပြန် လေ၏။ ထိုအခါ ဆရာသည် ဘာဝနာ နိမိတ် အပ္ပနာရိပ်ကို တဆိတ်ရှေးရှု အလေးပြုလျက် တစ်စုမမှား ဂရုထား၍ တပည့်သား၏ ခေါ်သံကို တစ်ဖန်မခြား အတန်မျှ မကြားရရှာလေပြီ။

ဤအခါ တပည့်သည် ဆရာ၏ မျက်နှာကို စေ့စေ့ကြည့်၍...

'ဩော်... အဟောဝတ အံ့ဖွယ်တန်နိုး တရားကိုသုံး၍ လုံးလုံးကြီးနေရှာပေသည်။ ဩော်...ဆရာသည် ဝဋ်ကို ဤဗိုမြေ အတွင်း အသေကင်းအောင်လို့ မဆင်းမစိ ရေးအဖို့က ပဋိညာဉ်အချက် နှုတ်အမြွက်ဖြင့် ရုတ်တရက်အဆော ဝဋ်ကိစ္စ စိတ်ချ၍ ဆောင်ရွက်လေ့'

ဟု...

ဤကဲ့သို့သော စကား၏ အဆက် ကို မပျက်စေ့ငှာ ယခုဘုရား ဂေါတမ ၏ သာသနာတွင် မဟာရက်န မြေညီ အတွင်း စေတီရင်း၌ မယွင်းသမှု သစ္စာ ပြု ငါယခု ဆိုခဲ့သည်ကို မပိုမရှေ့ အလိုဖြည့်မှ ငါပြကတော့ ကောင်းတော့ မည်ဟု အောက်မေ့စဉ်းစား သတိထား ၍ မမှားစေရာ ဤမြေစာ သေချာစွာ တောင်းဖြင့်ပွေ့ကာ ကောင်းမွန်စွာ လောင်းဖြည့်ကုန်၏။

ထိုအခါ ဆရာသည် မယိမ်းမနွဲ့ ကျောက်တိုင်ကဲ့သို့ တခဲနက် တည်ရှာ လေ၏။

ဤအခါတွင် မြေစာဖြည့်အပ် တွင်းပြည့်လတ်သော် ထင်းမြတ်နံ့သာ ယင်းကိုရှာ၍ မှန်စွာမယောင် ခုနစ် တောင်ဆင့် အမြင့်မှာ ထားပြီးမှ ဆရာ အပ်နှံ တစ်ဖန်ထည့်အပ် သမ္ဘိန်ဓာတ်ကို မလပ်ယူကာ ထင်းပုံရာသို့ မှန်စွာမဆွ ပြသော်ကာလျှင် မုချပြောင်ညီး နတ် လောင်မီးသို့ အံ့ချီးမကုန် လောင်ကျွမ်း ကုန်၏။

ယင်းထင်းမီးသည် ခုနစ်ရက်ကြာ မှသာ ပြာဘဝသို့ တစ်ခါတည်း ကျ ရောက်လေ၏။ ထိုပြာသည်လည်း ခုနစ်ရက်ကြာပြန်မှ အမှန်အေးရပြန် လေ၏။

ယင်းပြာ အေးသည်ဆိုလျှင်ပင် တစ်နေ့လျှင် တစ်တောင် အထက်သို့ ဆောင်၍ တောင်ဘို့ပမာ ကဲ့အရာသို့ တစ်ခါတည်း တက်လာရလေ၏။

ဤသို့မပျက် ဆက်ကာ ပြာတက် လာသော် တစ်နေ့လျှင် တစ်တောင် ပြာကိုဆောင်၍ မရှောင်ပယ်စွန့်ရ လေ၏။

ဤကဲ့သို့ ခုနစ်ရက်လည်မြောက် ပြာနုပျောက်သော် အောက်က ယောက်ျား နိမ့်မှာန်သွားသည်။ တော ဖျားဂန္ဓာ ဟေမဝါသို့ မကြာဆက်ဆက် ဂနိုင်ချက်သို့လျှင် မပျက်ထွက်ကြလေ တော့၏။ ။

ဤသည်တို့မှာ ဆရာမြဆိုသော ပုဂ္ဂိုလ်ကြီးသည် အထူးထူးသော ကျမ်းတို့မှ ကောက်နုတ်စီရင်ရေးသား ခဲ့သော **သဗ္ဗဓာတုကပကာသနီ (ပေမူ)ကျမ်းမှ သတ္တုကွဲတ္ထုံစီရင်နည်း ကဏ္ဍတွင်** ဖော်ပြပါရှိသည့် ဖိုဝင် ရုပ်ပြောင်းခန်းကို မူရင်းအတိုင်း ရေးသားတင်ပြလိုက်ရခြင်းပင် ဖြစ်ပါ သည်။

တစ်ဖန် ယင်းကျမ်းသတ္တုကွဲတ္ထုံ စီရင်နည်းကဏ္ဍ ဖိုဝင်ရုပ်ပြောင်းခန်း အတွက် ကိုးကားသော မူရင်းကျမ်းစာ မှာ ဝိဇ္ဇာရေဖလပဝီဇ(ဆ)သျှတ်(ဘင်္ဂလီ ဘာသာ) ဖြစ်ပါကြောင်း တင်ပြခြင်း ပြုအပ်ပါသတည်း။

ပညာစက္ခု မင်းလက်ျာအောင်

www.burmeseclassic.com



ကျွန်ုပ်နှင့်

# လေထဲကအသံ

မောင်နီး(ကျောက်မဲ)

ကျွန်ုပ်မှာ ပုတီးစိပ်မှုကို အားသန်သူ ဖြစ်ပါသော်လည်း ရံဖန်ရံခါ အာနာပါန ရှုမှတ်သူတစ်ဦးလည်း ဖြစ်ပါသည်။

၁၉၉၂ ခုနှစ်လောက်က ဖြစ်၏။ အာနာပါန ရှုမှတ်နေစဉ် မိမိ အပါအဝင် အရာအားလုံး ပျောက်သွားသလို အဖြစ်မျိုးကို လက်ဖျစ်တစ်တွက်မျှ ခံစားလိုက်ရပါသည်။

မှည်သို့သော အခြင်းအရာမျိုး ဖြစ်ပါလေသနည်းဟု ဖျတ်ခနဲ စဉ်းစားလိုက်မိ၏။ ထိုခဏအတွင်း...

'နိဗ္ဗာနကင်းတာ'

ဟူသော စကားကို နားနှင့်ဆတ်ဆတ် ကြားလာရပေသည်။

ကြားလိုက်ရသော စကားကို မေ့ထား၍ ဆက်လက် ကျင့်ဆောင်နေပါသည်။ သို့သော် လုပ်ငန်းစဉ်က ရှေ့သို့ တိုးမလာဘဲ တဝဲလည်လည်သာ ဖြစ်နေပါတော့သည်။

ကြာလာတော့ ဘာကို ရှုမှတ်ရမည်နည်း မသိတော့ပါ။ လမ်းစပျောက်သွားသလို အဖြစ်မျိုးဟုပင် ဆိုရပေမည်။

'တရားနာပါလား'

ထပ်မံ ကြားလာရသည့်အသံ ဖြစ်ပါသည်။ ဟုတ်ပေသားပဲ။ မြတ်ဗုဒ္ဓ ဟောကြားတော်မူထားသည့် တရားဒေသနာတော်ပင် လမ်းညွှန်ချက် မဟုတ်ပါလော။

သို့သော် မိမိရောက်ရှိနေသော ဒေသတွင် တရားဟောကြားနိုင်သည့် ပုဂ္ဂိုလ်(ဘုန်းကြီး)မရှိချေ။

မည်သည့်နည်းနှင့် တရားနာနိုင်မည်နည်းဟု စဉ်းစားရင်းက ဆရာတော်က ဦးဉာဏိဿရ၏ ဿတိပဋ္ဌာန် အလုပ်ပေးတရားခွေ ပါလာသည်ကို အမှတ်ရလာ၏။

ကျင့်စဉ်ပြီးပြီးချင်း ပါလာသည့် အခွေကို ဖွင့်၍ တရားနာလိုက်၏။ ကံကောင်းပေစွ။ နောက်ထပ် ဆက်လှမ်းရမည့် ခရီးကို သိသွားလေပြီ။

လေထဲက အသံ၏ သတိပေးချက်သည် ကျွန်ုပ်အတွက် ထိရောက်လှပါသည်။ ကောင်းသော သတိပေးချက်များ ဖြစ်သဖြင့် လေးစားအားထားရပေသည်။

ပုဂ္ဂိုလ် မမြင်ရသော်လည်း စေတနာထားပြီး သတိပေးနေသော ထိုအသံရှင်သည် ထူးခြားသော ဝိသေသ[illegible] ပုဂ္ဂိုလ် ဖြစ်ပေမည်ဟု ဉာဏ်မီသ[illegible] စဉ်းစားမိလေ၏။

ထိုသို့သော် ပုဂ္ဂိုလ်၏ စေ[illegible] မေတ္တာတရားကိုလည်း ယခုထ[illegible] ရရပါလိုကြောင်း ကျွန်ုပ်မှာ [illegible] တုံ့ပြန်ပို့ရင်း ဆုတောင်းနေ[illegible] သတည်း။

www.burmeseclassic.com



# ပရလောကသူတစ်ဦးနှင့်

တွေ့ဆုံရခြင်း

သွန်းဝေနီ

၂၀၀၄ ခုနှစ်ခန့် ကျွန်တော် မှော်ဘီ မြို့ယာရဲတပ်ရင်း(၃)တွင် တပ်သား အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကာလ ဖြစ်ပါသည်။ ထိုအချိန်က နိုင်ငံ ရေး အခြေအနေများ ရှုပ်ထွေးနေပြီး ငယ်ရဲတပ်ဖွဲ့ဝင်များကို သစ်ခိုးဂိုဏ်း များက ပစ်မှတ်ထား တိုက်ခိုက်ခြင်းကို ကြုံတွေ့နေရချိန် ဖြစ်ပါသည်။

နယ်မြေစိုးမိုးရေး လှုပ်ရှားရန် အထက်မှ ညွှန်ကြားလာချက်အရ ရဲအုပ်ဦးစီးသည့် ကျွန်တော် ပါဝင် သော တပ်စု(၁)စုသည် စုရပ်နေရာမှ သာယာဝတီအပိုင် ဒိုးမားကျေးရွာသို့ ချီတက်ခဲ့ကြသည်။

ထိုမှတစ်ဆင့် တိုက်ကြီးမြို့နယ် အပိုင် ဖလုံကျေးရွာသို့ ဆက်လက် ထွက်ခွာလာခဲ့ကာ တောတွင်း တစ်နေရာ၌ ခေတ္တစခန်းချ ရပ်နားကြ ပါသည်။

ကျွန်တော်တို့ စခန်းချခဲ့သော နေရာ မှာ ယခင်က သစ်စခန်း၊ ဆင်စခန်းများ ရှိခဲ့သော နေရာဖြစ်ခဲ့ကြောင်းကိုတော့ နောက်မှ သိရှိခဲ့ရပါသည်။

အချိန်ကာလမှာ နွေဦးရာသီဖြစ်၍ ကျွန်တော်တို့အဖွဲ့သည် တောထဲမှ ဝါးများကို ခုတ်ယူပြီး စခန်းချ နားနေရာ ၌ ယာယီဝါးကွပ်ပျစ်များထိုးကာ အိပ် စက်နားနေပါသည်။

ကျွန်တော်သည် ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးခြင်း၊ ဓာရဏပရိတ်နှင့် မေတ္တာသုတ်တို့ကို အမြဲရွတ်ပွား ပူဇော်ခြင်းတို့ကို ဆောင်ရွက်လေ့ ရှိပါသည်။

တောစခန်းတွင် ရပ်နားနေစဉ် (၅)ရက်မြောက်ည၌ ကျွန်တော်သည် ပြုမြဲဝတ်အတိုင်း ဘုရားရှိခိုး ပရိတ်ရွတ်ပြီး ဝါးကွပ်ပျစ်ပေါ်တွင် အိပ်စက် လိုက်ပါသည်။ လမိုက်ည ဖြစ်သည့် အားလျော်စွာ ထစ်လောကလုံး မှောင်မည်းနေလျက် ပုရစ်သံ၊ ပုစဉ်း ရင်ကွဲသံများသာ ကြီးစိုးနေပြီး တစ်ခါ တစ်ရံမှသာ ဆင်အော်သံ၊ ကျားဟိန်း သံများကို အဝေးက ကြားနေရသည်။

ညဉ့်လယ်ချိန်လောက်တွင် ပက် လက်အိပ်နေမိသော ကျွန်တော့် ခန္ဓာကိုယ်အပေါ်သို့ တစ်ဦးတစ် ယောက် ခွတက်လိုက်သလို ခံစား လိုက်ရကြောင်း သတိထားမိလိုက် သည်။

www.burmeseclassic.com

သို့နှင့် နံဘေးတွင် ချထားသော ဓာတ်မီးဖြင့် ချက်ချင်း ထိုးကြည့်လိုက်ရာ အသက်(၂၀)ကျော်ခန့်အရွယ်ရှိမည့် မိန်းမတစ်ဦးက ခက်ထန်ရန်လိုသော မျက်နှာထားဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်ကို ဓာတ်မီးရောင်တွင် တွေ့လိုက်ရသည်။

သို့နှင့် ထိတ်လန့်တကြားဖြင့် အတင်းရုန်းကန်ပြီး တွန်းချလိုက်ရာ ထိုမိန်းမက လည်ပင်းကို အတင်းဝင်ညှစ်ထားပါသည်။

ကျွန်တော်လည်း ကြောက်အားကြီးစွာဖြင့် နှုတ်မှ အသံများထွက်လျက် ထိုမိန်းမကို ကိုယ်ပေါ်မှအတင်းတွန်းချလိုက်ရာ သူက အတင်းပြန်တက်ကာ လည်ပင်းကို ညှစ်လိုက်ပြန်ပါသည်။

ကျွန်တော်က တွန်းချလိုက်၊ သူက လည်ပင်းညှစ်လိုက်၊ ကျွန်တော်က အမှောင်ထဲတွင် လက်သီးဖြင့်ပင့်ထိုးလိုက်၊ သူက ရှောင်တိမ်းကာ လည်ပင်းညှစ်လိုက်ဖြင့် ဝရုန်းသုန်းကား ဖြစ်လျက်ရှိရာ အသံဗလံများကြောင့် တပ်စုတစ်စုလုံး နိုးလာပြီး ကျွန်တော့်ထံ အရေးတကြီး ပြေးလာကြည့်ကြပါသည်။

ထိုအခါ အားလုံး၏ မြင်ကွင်းထဲတွင် လေထဲကို လက်သီးနှင့် ဒေါသတကြီး ထိုးနေသော ကျွန်တော်၏ ဖြစ်အင်ကိုသာ မြင်တွေ့လိုက်ကြရပါသည်။

ထို့ကြောင့် ကျွန်တော့်ကို ယောင်နေသည် အထင်ဖြင့် ခေါ်နိုးသူကနိုး၊ ဆွဲထူသူကထူ၊ ရေတိုက်သူကတိုက်ဖြင့် ရှုပ်ယှက်ခတ်သွားခိုက် ကျွန်တော့်ကို ရန်ပြုနေသော ထိုမိန်းမလည်း ထူးဆန်းစွာ ပျောက်သွားပါတော့သည်။

ဖြစ်ပျက်ပုံများကို ကျွန်တော်



ပြန်ပြောပြသောအခါ အများစုမှာ ယုံကြည်ခြင်းမရှိဘဲ အရက်မူးပြီး ထင်ရာမြင်ရာ ပြောသည်ဟုသာ ထင်နေကြပါသည်။ ယင်းတို့၏ ဝေဖန်သံများကို အတွေ့အကြုံ ရင့်ကျက်သော တပ်ကြပ်ကြီး ကျော်ဆန်းမှ လက်ကာပြပြီး ဝင်ရှင်းပြလိုက်တော့မှ ငြိမ်ကျသွားကြတော့သည်။

ဆရာကြီးက ကျွန်တော် ရှုတ်ဖတ်နေသော ဓာရဏပရိတ်သည် ပရလောကသားများအဖို့ ပူလောင်လှသဖြင့် ယင်းဒဏ်ကို မခံနိုင်၍ သမာဓိအားနည်းသောသူကို ယခုကဲ့သို့ ရန်ပြုခြင်း ခံရခြင်းဖြစ်ကြောင်း သုံးသပ်ပြပါသည်။

ကျွန်တော်တို့က ဆရာကြီးကို ဘာကြောင့် ဒီလိုပြောနိုင်လဲဟု ဝိုင်းဝန်းမေးမြန်းကြတော့မှ ဆရာကြီးက တစ်ချိန်က ယင်းတို့တပ်စု ဤနေရာတွင် အချိန်ကြာကြာ စခန်းချခဲ့ဖူးကြောင်း၊ ထိုအချိန်က ယင်းနေရာသည် သစ်စခန်း၊ ဆင်စခန်းတစ်ခုဖြစ်ခဲ့ပြီး သစ်စခန်းမှ အိမ်ထောင်ရှင်မိန်းကလေးတစ်ဦးမှာ သားဦးကိုယ်ဝန်ကို မီးမဖွားနိုင်၍ သေဆုံးခဲ့ရကြော

သူ့အလောင်းကို ယခု ဝါးကွ

ချထားသောနေရာတွင် မြှု

ကြောင်း၊ ထို့ကြောင့် သူ့မြေပုံပေ

တက်အိပ်နေ

ရန်ပြုခြင်းဖြစ်ဟန် တူကြော

ပြောပြသိရှိလိုက်ရ

ကျွန်တော့်မှာ ကြက်သီး

ထလောက်အောင်

ထိတ်လန့်သွားခဲ့ရပါသ

ကျွန်တော်သည် ထ

နေရာတွင် ဆက်မအိ

တော့သော်လည်း မိုးလင်းရန်

လိုနေသေးသည်။ သို့နှင့် တစ်ယော

တည်း ဆက်မအိပ်ရဲတော့၍

နှစ်ယောက်ကို တစ်ဖက်တစ်

ထားပြီး ခေါ်အိပ်လိုက်ရပါသည်

ဒါတောင်မှ ခေါင်းရင်းနှင့်

တို့တွင် တစ်စုံတစ်ယောက်

မချမ်းနှင့် လမ်းလျှောက်နေ

ခြေသံပြင်းပြင်းကို မိုးသောက်

ပျို့လာသည်အထိ ကြားနေရ

ဖြစ်ပါသည်။

ဤကား ကျွန်တော်၏ ပရလော

သူတစ်ဦးနှင့် တွေ့ဆုံရခြင်း ကိုယ်

အဖြစ်အပျက်တစ်ခုပင် ဖြစ်ပါသ

**သဗ္ဗေသတ္တာ အဝေယျာဟော**

**မေတ္တာသစ္စာရည်လျက်...**

**သွန်းနေနီ**

**မှတ်ချက်။ ။ ကိုယ်တွေ့ ဖြ**

**များကို ပြော**

**သော ရဲအုပ် ဘိုမောက်အား အ**

**ကျေးဇူးတင်ရှိပါကြောင်း မှတ်**

**တင်အပ်ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူ သန်းမြင့်ထွန်း

◆ မြတ်စွာဘုရားစေတီတော်ကြီး အရှေ့ဘက် အပေါ်ပိုင်းမှ ရှုမြင်ရပုံ

# ရွှေကူနဂါးရုံမှာ

## အဓိဋ္ဌာန်ဝင်စဉ်က ထူးဆန်းသော အတွေ့အကြုံများ

စာရေးသူက မည်သည့်အရာမဆို ထူးထူးဆန်းဆန်းဆိုလျှင် သိချင်၊ ...ချင်သည်။ သွားရောက်လေ့လာ ...သည်။

ထို့ကြောင့် အဝေးမှာရှိသည့် အထူး ...ဆန်းဆိုလျှင် နီးစပ်ရာပုဂ္ဂိုလ်များနှင့် ...သွယ်၍ စုံစမ်းကြည့်သည်။ ...လာကြည့်သည်။

...အနီးအနားမှာရှိသည့် အထူး ...ဆန်းဆိုလျှင် ကိုယ်တိုင်သွားရောက် ...လာကြည့်သည်။ ဟုတ်တာတွေ ...း တွေ့ရတတ်သည်။ မဟုတ်တာ ...လည်း တွေ့ရသည်။

...ခဲ့ရာ မကြာမီကာလက ပခုက္ကူ ...ဘုရားစေတီတော်ကြီး၏ အရှေ့ ...ောင်ဘက်နား၌ ကပ်လျက်ရှိ ... နဂါးရုံလိုဏ်ဂူအတွင်း ပုတီးစိပ်ကြသူများက ဥစ္စာစောင့်မကလေးနှင့် တွေ့ကြရသည်ဆို၍ တကယ်ဟုတ်,မဟုတ်သိရအောင် ထိုလိုဏ်ဂူအတွင်းမှာ သွားရောက်ပုတီးစိပ်ပါသည်။

ပုတီးစိပ်ကတော့ ဂုဏ်တော်ကိုးပါးကို အနုလုံ၊ ပဋိလုံ(အပြန်အလှန်) စိပ်ပါသည်။ စိပ်ပုံက...

'အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ'

ဟူ၍ပင် ဖြစ်ပါသည်။

ပုတီးအပတ်ရေကတော့ **တြင်းကြေ၊ နဝင်းကြေ၊ သတ္တဗိသနက္ခတ် (၂၇)လုံးကြေ၊** ထိုသို့ကြေလျှင် လောကီအရာမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ် ဘယ်အရာမဆို ပြီးစီးအောင်မြင်သည်ဟု ရှေးဝေဒနက္ခတ္တပညာရှင်ကြီးများ အယူအဆကို ယုံကြည်လေးနက်စွာ မှတ်သား၍ (၂၇)ပတ်စိပ်ခြင်းဖြစ်ပါသည်။

အဓိဋ္ဌာန်ရက်လည်း (၂၇)ရက်၊ အဓိဋ္ဌာန်နာရီလည်း နေ့(၂)နာရီနှင့် ည(၇)နာရီ နှစ်ရပ်ပေါင်းလျှင် (၂၇)ကိုပဲ ရည်ညွှန်းသတ်မှတ်စိပ်ပါသည်။ ထိုသို့စိပ်ရာ၌လည်း ပထမအပတ်၊ ဒုတိယအပတ်၊ တတိယအပတ်ဟု သုံးမျိုးခွဲစိပ်ပါသည်။

ပထမအပတ် ပုတီးစိပ်စဉ်တွင် ထိုသူတို့ပြောကြသည့် ဥစ္စာစောင့်မ

www.burmeseclassic.com



◆ နဂါးရုံအတွင်းမှ ရုပ်ပွားဆင်းတုတော်



◆ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ကြသည့် နဂါးရုံဘုရား

ကလေးဆိုတာ မတွေ့ရပါ။ ထိုသို့မတွေ့ရသော် ထူးခြားတာတစ်ခုတော့ တွေ့ကြုံရပါသည်။

ထိုအတွေ့အကြုံမှာ မိမိခန္ဓာကိုယ်၌ ရေအေးအေးဖြင့် ပက်ဖျန်းလိုက်သလို အပက်ဖျန်းခံရပြီး အေးစိမ့်သွားပါသည်။ ယင်းနောက် နံ့သာဆီနံ့တစ်ခုကဲ့သို့ မွှေးပျံ့သော အနံ့တစ်ခုကိုလည်း ရှူရှိုက်လိုက်ရပါသည်။

ထိုအနံ့မှာ နဂါးရုံဘုရားလိုဏ်ဂူကြီးတစ်ခုလုံး ပျံ့နှံ့သွားသည်ဟု ထင်ရပါသည်။ ထိုအတွေ့အကြုံမှတစ်ပါး ဘာမျှမတွေ့ရပါ။

သို့သော် ထိုသူတို့ပြောကြသော ဥစ္စာစောင့်မကလေးဆိုတာကများ အနံ့ပေးလေရော့သလားဟုတော့ ထင်မိခဲ့၏။

စာရေးသူအနေနှင့် ဝန်ခံရလျှင် ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းမှာ ပါရမီကုသိုလ်လည်းဖြစ်ချင်၊ ပရလောကမှ ရှိသော သတ္တဝါတို့ကိုလည်း ဗဟုသုတအဖြစ် သိချင်၊ မြင်ချင်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဖော်ပြပါ ကြိုးစားအားထုတ်မှုတို့ကို ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော်လည်း ထိုသူတို့ပြောသော ဥစ္စာစောင့်မကလေးကို ထိုနဂါးရုံထဲမှာ မတွေ့ရပါ။

သို့နှင့် ဒုတိယအပတ်(၂၇)ရက် အဓိဋ္ဌာန်ဝင်ပြန်ပါသည်။ သို့သော်လည်း (၂၄)ရက်အထိ ဘာမျှထူးခြားမှု မရှိပါ။

(၂၅)ရက်မြောက်သောနေ့သို့ရောက်သောအခါမှ နေ့လည်(၂)နာရီအချိန် ပုတီးစိပ်ပြီး ည(၇)နာရီအချိန် ပုတီးစိပ်သောအခါကျမှ ကလေးမကလေးတစ်ယောက် ဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီးတိုင်၊ အမွှေးတိုင်တို့

လှူဒါန်းပူဇော် ...
တော့သွားသည်ကို ...
တွေ့ရပါသည်။

ထိုစဉ်ကလည်း ...
သာမန် အမျိုးသမီး ...
ကလေးတစ်ယောက် ...
ပဲဟူ၍သာ ထင် ...
မှတ်ခဲ့၏။ ယင်း ...
ကလေးမကလေး ...
ထွက်သွားကာမှ ...
အား ကြက်သီး ...
မွေးညင်းတွေ ...
လာသည်ကို သ ...
ပြုမိသည်။

ထိုသူတို့ ပြော ...
ကြသော ဥစ္စာ ...
စောင့် မကလေး ...
ဆိုသည်မှာ ...
ဖြစ်နေလေမလားမသိဟု တွေး ...
မြင်မိပါသည်။ ဤစာတွေး အ ...
အမြင်နှင့်ပဲ ဒုတိယ (၂၇)ရက် အဓိဋ္ဌာန် ...
ပြီးဆုံးသွားပါသည်။

စာရေးသူသည် ထိုသူတို့ပြောသော ဥစ္စာစောင့်မကလေးဆိုတာ လက်တွေ့ ...
မသိရတော့ စိတ်ထဲမှာ မကျေမနပ် ...
ဖြစ်နေပါသည်။

သို့နှင့် တတိယပတ်(၂၇)ရက် အဓိဋ္ဌာန် ထပ်၍ ဝင်ပြန်ပါသည်။ ထိုအခါမှာတော့ သီးခြားအဓိဋ္ဌာန်တစ် ...
ထပ်မံပြုပါသည်။

ထို အဓိဋ္ဌာန်မှာ...

'ဤနဂါးရုံဘုရားလိုဏ်ဂူအတွင်း၌ ဥစ္စာစောင့်မကလေးတကယ်ရှိရှိမှန်လျှင် အ ... အားကိုယ်တွေ့မြင်ရအောင်ပြပါ။ ... မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်သလိုဖြစ် ... သည်'

ဟူ၍ ဖြစ်ပါသည်။






www.burmeseclassic.com

www.burmeseclassic.com



▲ အေဒီ(၁၂)ရာစုက-မြစိမ်းညိုရုပ်တု

ရွှေကူစေတီတော်ကြီး၏ မြောက်ဘက်၌ရှိသော မြစိမ်းညိုနတ်နန်း ▶



ထိုနေ့က ထူးခြားမှုတစ်ခုရှိသည်ကိုတော့ သတိပြုမိပါသည်။ ပုတီးမစိပ်မီ အချိန်ကာလကစ၍ ခန္ဓာကိုယ်နှင့်စိတ်အစဉ်မှာ ပထမ၊ ဒုတိယအပတ်ပုတီးစိပ်သည့်အချိန်တို့နှင့် မတူဘဲ အထူးသဖြင့် လန်းဆန်းနေပါသည်။

သို့ဖြစ်သောကြောင့် အရဟံဂုဏ်တော်ကို အာရုံပြုသည်နှင့် တစ်ပြိုင်နက် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူနေပုံ၊ ဗုဒ္ဓမြတ်စွာ၏ ပုံသဏ္ဌာန်ဒြပ်တော်ကိုပါ ကြည်လင် ပြတ်သားစွာ မြင်နေရပါသည်။

သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော စသည်တို့ကို အာရုံပြု ပုတီးစိပ်သောအခါ၌လည်း ဗုဒ္ဓမြတ်စွာ၏ ဂုဏ်နှင့်ဒြပ် ထင်ဟပ်လျက် စိတ်အစဉ်မှာ ထင်မြင်နေပါသည်။

ပုတီးစိပ်သည့် အခါပေါင်းများစွာပင်ရှိသော်လည်း ထိုအချိန်ကလောက် ကြည်နူးနှစ်သိမ့်မှု မရှိခဲ့ဘူးပါ။

ထိုသို့ တွေ့မြင်ခံစားရပြီး ပုတီးစိပ်ထိုသာ ပြီးဆုံးသွားပါသည်။ အမိဋ္ဌာန်ပြု မျှော်လင့်ခဲ့သော ဉစ္စာစောင့်မလေးကမတွေ့ရပါ။

သို့သော်လည်း နောက်ဆုံး တတိယနေ့သည် အထူးခြားဆုံးနေ့ဟု ထင်မြင်ယူဆလျက်ရွှေကူမြတ်စွာဘုရားစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ လှည့်ပတ်၍ မေတ္တာအထူးပို့ပါသည်။

ထိုအချိန်မှာ ည(၉)နာရီကျော် (၁၀) နာရီခန့်ရှိနေပေပြီ။ လပြည့်ညဖြစ်၍ လရောင်ကလည်း ကြင်လင်နေပေသည်။

ထိုသို့ရှိနေစဉ် ကလေးမကလေး တစ်ယောက် လရောင်အောက်မှာ မြင်တွေ့ရပါသည်။ သို့နှင့် မလှမ်းမကမ်း အဝေးတစ်နေရာမှ သူ၏ အရိပ်အရောင်ကို စူးစိုက်ကြည့်နေမိပါသည်။

စိတ်ထဲ၌လည်း **"ဉစ္စာစောင့်မကလေးဆိုတာ ဒါပဲထင်ရဲ့"**ဟုလည်း အောက်မေ့မိ၏။

ထိုကလေးမကလေးသည် ရွှေကူစေတီတော်ကြီး၏ မြောက်ဘက် ရှင်းလင်းနေသော တစ်နေရာ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် တစ်စုံတစ်ခုကို အာရုံပြုနေသော အသွင်အပြင်နှင့် တွေ့မြင်ရပါသည်။

ထို့နောက် စေတီတော်ကြီး၏ အနောက်ဘက် **မယ်စိမ်းညို(မြစိမ်းညို)** ဂူရှိရာသို့ လျှောက်သွားပါသည်။ ထိုနေရာ၌ပင် အမှတ်မထင် ပျောက်ကွယ်သွားပါသည်။

ထိုအချိန်အခါမှာ ထိုသူတို့ပြောကြသည့် ဉစ္စာစောင့်မကလေးဆိုတာ တွေ့လိုက်ရပါသည်။

ထိုစဉ်တွင် စိတ်ထဲ၌ တွေးထင်မြင်မိလိုက်သည်ကား... ယင်းသည် ပုဂံခေတ် အလောင်းစည်သူမင်း၏ မိဖုရား(မြစိမ်းညို)က ဉစ္စာစောင့်မကလေး ဖြစ်နေလေရော့သလား၊ သို့မဟုတ် (မြစိမ်းညို)ပင်လျှင် ရွှေကူစေတီတော်မြတ်ကြီးကို စောင့်နေရသော နတ်အဖြစ်နှင့် ထိုစေတီတော်မြတ်ကြီး၏ ဝေယျာဝစ္စတို့ကို ပြုလုပ်ဆောင်ရွက်နေလေရော့သလားဟူ၍...။

**ပခုက္ကူ ဆန်းမြင့်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# အာဂန္တုအာ

ကောင်းမြင့်မြတ်စိန်



ကျွန်တော်နဲ့ ကျွန်တော့်အိမ်သူတို့ဟာ **မိတ္ထီလာမြို့နယ်၊ ကုက္ကိုတုန်းရွာကို** ရောက်နေချိန်မှာ ကျွန်တော့်အိမ်သူရဲ့ ဆွေမျိုးမောင်နှမများဟာ မတွေ့တာကြာပြီဖြစ်တဲ့ သူတို့ရဲ့ အစ်မကြီးကို ဝမ်းသာအားရ လာရောက်တွေ့ဆုံကြပါတယ်။

သူတို့ ညီအစ်ကိုမောင်နှမတွေဟာ တစ်ယောက်နဲ့ တစ်ယောက် အလွန်ချစ်ခင်ပြီး သံယောဇဉ်ကြီးကြပါတယ်။ ဒီအထဲမှာ ကျွန်တော့်အိမ်သူရဲ့ မောင်ဝမ်းကွဲ ကိုဆန်းလှဦးကလဲ တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။

ဒီရွာက အိမ်သူရဲ့ ဇာတိရွာပါ။ ကျွန်တော်တို့ ရွာကိုရောက်ပြီး နောက်တစ်နေ့မှာ ကိုဆန်းလှဦး ရောက်လာပါတယ်။ သူတို့မောင်နှမစကားတွေ ပြောကြ၊ ရယ်ကြ၊ စကြနောက်ကြနဲ့ ပျော်စရာကောင်းပါတယ်။

ကိုဆန်းလှဦးနဲ့ ကျွန်တော်လဲ အချိန်အနည်းငယ်အတွင်း ရင်းနှီးသွားပါတယ်။ ညဘက်မှာ စကားလက်ဆုံပြောမကုန် ဖြစ်ခဲ့ပါတယ်။

ဒီလိုပြောတဲ့ အကြောင်းအရာတွေထဲ ကျွန်တော် စိတ်ဝင်စားတဲ့ အကြောင်းအရာတစ်ခု ပါလာပါတယ်။ ကိုဆန်းလှဦးက ဒီလိုပြောပါတယ်။

'ကျွန်တော် ၁၉၉၄ ခုနှစ်က အလွန်ထူးဆန်းတဲ့ ဝိညာဉ်လောကသားတွေနဲ့ ကြုံတွေ့ခဲ့ဖူးတယ်ဗျ'

'ဘယ်မှာ ကြုံဖူးတာလဲ ဘယ်လိုကြုံတွေ့တာလဲဗျ'

'အောင်ပုညရှင်စေတီမှာ တွေ့ခဲ့တာဗျ။ အောင်ပုညရှင်စေတီဟာ မိတ္ထီလာမြို့နယ်၊ ကျွဲတလင်းကျေးရွာအုပ်စုက နွားစန်းတောင်ရွာရဲ့ 'အနောက်မြောက်ဘက်မှာရှိမယ်။ ကျွန်တော်က အဲဒီနွားစန်းတောင်ရွာမှာ နေတာလေ။

အဲဒီအချိန်တုန်းက ကျွန်တော်... ဘာသာရေးအဓိဋ္ဌာန်တွေ တော်တော်... လုပ်ခဲ့တာဗျ။ တစ်နေ့တော့ နံနက်... စောစောမှာ အောင်ပုညရှင်စေတီ... တော်ကို သွားပြီး အဓိဋ္ဌာန်တစ်ခု လု... တယ်။

စေတီတော်ကို လက်ယာရစ် ... ပြီး သမ္ဗုဒ္ဓေဂါထာတော် တစ်ထောင်... ပူဇော်တယ်။ စေတီတော်ပေါ်... ဘယ်သူမှလဲ မရှိဘူး။ အဲ...သမ္ဗု... တစ်ထောင် ရွတ်ပြီးတော့ စေတီတော်... ရဲ့ အနောက်ဘက်မုခ်မှာ ကျွန်တော်... ထိုင်ပြီး မေတ္တာပို့နေတုန်း အမျိုးသား... ကြီးတစ်ယောက်နဲ့ အမျိုးသမီး... ယောက် ရုတ်တရက် ရောက်... တယ်။

အမျိုးသားကြီးက တောင်းပန်... လေသံနဲ့ ကျွန်တော့်ကို ပြောတယ်။ "... ရယ်... ဆရာရွတ်လိုက်တာ ပ...

www.burmeseclassic.com

အဲဒီလိုဖြစ်နေပြီ ကျွန်တော်တို့ မောင်နှမသုံး ယောက် စေတီတော်ရင်ပြင်ကို ဝင်လို့ မရ တော့ဘူး။

အဲဒီ စေတီလှေကားအတက်အဆင်းမှာ "အာတာပူအာ"လို့ ရွတ်ပေးခဲ့ပါဆရာ။ အဲဒီလိုမှ လုပ်မပေးရင် ကျွန်တော်တို့ စေတီ တော်ပေါ် ဝင်ပြီး ရှိခိုးလို့ ရမှာမဟုတ်ဘူး ဆရာ"တဲ့။

သူတို့ မောင်နှမသုံးယောက်ဟာ အဲဒီလိုပြောပြီး ချက်ချင်း ပျောက်သွား တယ်။ ကျွန်တော်လဲ အံ့ဩသွားတာ ပေါ့။ စိတ်လဲ တော်တော်မကောင်းဘူး။ သူတို့ခမျာ မျက်နှာငယ်လေးတွေနဲ့ တောင်းပန်နေတာဗျ'

ထိုအခါ ကျွန်တော်က...

'နေဦး... ကိုဆန်းလှဦးရဲ့ ကျွန်တော် အံ့ဩကြားဖူးတာ တစ်ခုရှိတယ်ဗျ။ (ပုဒ်အာ-အာဒိပု)ဆိုတဲ့ ဂါထာလေး။ '(ပုဒ်အာ)ဆိုတာ အပိတ်ပေါ့ဗျာ။ (အာဒိပု)ဆိုတာ အဖွင့်တဲ့။ တောထဲတောင်ထဲသွားတဲ့အခါ အဆိပ်ရှိ မြွေဆိုးအန္တရာယ်က လွတ်အောင် တောထဲ ဝင်(ပုဒ်အာ)လို့ ရွတ်ရသတဲ့။

မြွေတွေ ပါးစပ်ဟလို့ မရဘူး။ တောထဲ ကထွက်ပြီးက ထွက်ရင်(အာဒိပု)လို့ ရွတ်ပေးခဲ့ ရသတဲ့။ တကယ်လို့ ရွတ်မပေးခဲ့ရင် တောထဲက သတ္တဝါတွေက အစာတောင်စား လို့ မရနိုင်တော့ဘူးတဲ့။ အခု ကိုဆန်းလှဦး ပြောတာက (အာတာပူအာ)ဆိုတော့ နား ကြားလွဲတာလားလို့ပါ'

'နားကြားမလွဲပါဘူး ကိုမြင့်စိန်ရယ် ကျွန်တော်လဲ (ပုဒ်အာ) (အာဒိပု)ဂါထာ ကို သိပါတယ်ဗျ။ အခု သူတို့ပြောသွား တာ "**အာတာပူအာ**"ပါ။ ကျွန်တော် အဲဒီအတိုင်း "**အာတာပူအာ**"လို့ စေတီ လှေကားအတက်အဆင်းမှာ ရွတ်ပေးခဲ့ပါတယ်'

အဲဒီနောက်ရော တွေ့ဖူးသေးလား ကိုဆန်းလှဦး။ သူတို့က ဘယ်လိုအဝတ်တွေ ဝတ်ဆင် ထားတာလဲဗျ ကိုဆန်းလှဦး'

'ကျွန်တော်လဲ စိတ်မကောင်းတာနဲ့ သူတို့ကို သနားသွားလို့ နောက်လဲ စေတီတော်ပေါ်ကို မသွားဖြစ်တော့ပါ ဘူး။ နေဦးဗျ... အဲဒီတုန်းက သူတို့ မောင်နှမသုံးယောက်လုံး သာမန် အရပ်ဝတ်ပဲ ဝတ်ထားတာ အရောင် ကတော့ အဝါရောင်ဖျော့ဖျော့လေးပဲ'

'အင်း...ကိုဆန်းလှဦး ကြုံရပုံကလဲ မြတ်စွာဘုရားဟောခဲ့တဲ့ မေတ္တသုတ် ဖြစ်ပေါ်လာပုံအကြောင်းထဲက ရဟန်း တော်တွေလို ကြုံရတာပဲဗျ။ အဲဒီ အကြောင်းထဲမှာ ရဟန်းတော်တွေက သစ်တောထဲက သစ်ပင်တွေအောက် မှာ တရားတော်တွေ ရွတ်ကြဖတ်ကြ တရားအားထုတ်ကြ လုပ်ကြတယ် လေ။

သစ်ပင်တွေမှာနေထိုင်တဲ့ ရုက္ခစိုး တွေက အစမှာတော့ ခဏလောက်ပဲ တရားအားထုတ်ကြတာ ဖြစ်မယ်ထင် လို့ ရှောင်ရှောင်ပေးကြတယ်လေ။

နောက် ရက်လကြာလာတော့ သူတို့ရုက္ခစိုးတွေ နေစရာ ဘုံပျောက် လာလို့ ရဟန်းတော်တွေ မနေနိုင် အောင် ခြောက်လှန့်ကြတယ်။ ကြာ တော့ ရဟန်းတွေလဲ တရားအလုပ် တွေပျက်ပြီး တရားအားထုတ်လို့လဲ မရနိုင်တော့ဘူး။

ဒါနဲ့ မြတ်စွာဘုရားထံ ပြန်သွားပြီး အကြောင်းစုံ လျှောက်ကြတယ်။ မြတ်စွာဘုရားက အဲဒီရဟန်းတွေကို မေတ္တသုတ် သင်ပေးလိုက်တယ်။ အဲဒီ တောကိုပဲ ပြန်ပြီး တရားအလုပ်တွေ ပြန်လုပ်စေတယ်။

ရဟန်းတွေကို မေတ္တသုတ်ကို ရွတ်ဖို့ မေတ္တာဘာဝနာ ပွားများကြဖို့ မှာလိုက် တယ်။ ပြီးမှ တရား အလုပ်လုပ်ကြဖို့ မှာလိုက်တယ်။

မေတ္တသုတ်ဖြစ်ပေါ်လာပုံမှာ အဲဒီလို ဖတ်ဖူးတယ် ကိုဆန်းလှဦးရဲ့၊ လူတွေ မသိမမြင်နိုင်တဲ့ သတ္တဝါတွေက ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ရှိနေ တတ်တယ်ဗျ။ အခု ကိုဆန်းလှဦး ကတော့ လက်တွေ့ကြုံခဲ့ရတာပဲပေါ့။

အဲ... ဆက်ပြောရရင်တော့ အဲဒီလို မေတ္တသုတ်တွေ ရွတ်၊ မေတ္တာတွေ ပွားတဲ့အခါကျတော့မှ ရုက္ခစိုးတွေက ရဟန်းတော်တွေကို မနှောင့်ယှက် တော့ဘူးတဲ့ ချစ်ခင်လာပြီး အကူအညီ တွေတောင် ပေးကြသတဲ့လေ။

အခုလဲ ကိုဆန်းလှဦးက မေတ္တာပို့ ပေးနေမိလို့ သူတို့မောင်နှမသုံး ယောက်က ဒီလို လာတောင်းပန်တာ ဖြစ်လိမ့်မယ်ဗျ'

'ဟာ ဟုတ်မယ်ဗျ။ ဒါကို ကျွန်တော် တောင် မစဉ်းစားမိဘူး၊ အဲဒီတုန်း ကတော့ ကိုယ့်လုပ်ရပ်ကြောင့် သူတို့ အတွက် အနှောင့်အယှက်ဖြစ်သွားလို့ အတော်ကို စိတ်မကောင်းဖြစ်မိပြီး နောက်လဲ အဓိဋ္ဌာန် မလုပ်တော့ဘူး ဗျာ'

'ဒါပေမယ့်ဗျာ အဲဒီမောင်နှမ သုံး ယောက်က "**အာတာပူအာ**"လို့ ဆိုဖို့ တောင်းပန်ခဲ့တာပဲလေ'

ကျွန်တော်က အဲဒီလိုပြောတဲ့အခါ ကိုဆန်းလှဦးဟာ ဘာမှ ပြန်မပြောဘဲ ငြိမ်သက် တွေးတောနေပါတော့တယ်။

**ကျွန်တော်ကတော့ "အာတာပူအာ" ဆိုတာတော့ ဘာအဓိပ္ပါယ်လဲ၊ ဘယ်လို ဘာသာစကားလဲ၊ ဘယ်သူ သိနိုင်မလဲ ဆိုပြီး စဉ်းစားနေမိပါတယ်။**

**နဂါးရုံရောင်ခြည်မဂ္ဂဇင်း တပတ် ပရိသတ်ကြီး ကြားဖူး မြင်ဖူးပါသလား။ အဓိပ္ပါယ်သိနိုင်တဲ့ သုတေသီ၊ ပညာရှင်များ ခင်ဗျာ နဂါးရုံရောင်ခြည်မဂ္ဂဇင်းမှာ ဖော်ထုတ် ရေးသားပေးစေလိုပါတယ်။**

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com



# ကျွင်းဇော်မဟာယ

ခင်သစ္စာ
(ဆက်သွယ်ရေး)

ဇီးဖြူပင်ရွာလေးသည် ရခိုင်ရိုးမ တောင်ခြေတွင် တည်ရှိပါသည်။ ရွာသူရွာသားများမှာ ရိုးသားအေးဆေး ပြီး လယ်ယာလုပ်ငန်းဖြင့် အသက် မွေးဝမ်းကျောင်းပြုကြသည်။

ထို ဇီးဖြူပင်ရွာကလေးသည် **ငါးသိုင်းချောင်းမြို့နယ်ခွဲ သီတာ ကုန်းမြင့်အပိုင်တွင်** ရှိသော အစွန် အဖျား ရွာကလေးတစ်ရွာဖြစ်သည်။

အုပ်ချုပ်မှုဖြင့် အနည်းငယ် အလှမ်း ဝေးသော်လည်း ဒေသခံ ပြည်သူလူထု ၏ ရိုးသားအေးဆေးမှု၊ စည်းကမ်း လိုက်နာမှုနှင့် တရားဥပဒေကို လေးစား မှုတို့ကြောင့် ရာဇဝတ်မှု ကင်းရှင်းသော ဒေသဖြစ်သည်။

၁၃၆၈ ခုနှစ်၏ ပြာသိုလသည် စပါးပေါ်ချိန်ဖြစ်၍ လယ်ယာတစ်ခွင် တစ်ပြင်လုံး ရွှေရောင် လွှမ်းသော စပါးခင်းများက နေရာ အပြည့် ယူထားသည်။

ဘယ်နေရာကိုပဲ ကြည့်ကြည့် ရွှေရောင် စပါးခင်းများက တောင်သူ များအတွက် အားဆေးသဖွယ်ပင်။ လယ်ယာလုပ်ငန်းခွင်၏ ဓလေ့အရ စပါးများကို အချိန်မီ ရိတ်သိမ်းခြွေလှေ့ ကြရသည်။

ရင့်မှည့်နေသော စပါးများကို ရိတ်သိမ်းပြီး ကောက်လှိုင်းများအဖြစ် စည်းထားရသည်။ ယင်းကောက်လှိုင်း များကို တလင်းသို့ သယ်ယူပြီး နွားများ ဖြင့် နယ်ကြရသည်။

ထိုအခါမှ တော... များဖြင့် ရော... စပါးများကို ရရှိသည်။ လေတိုက်... အချိန်တွင် ထိုစပါးများကို ... လှေ့သောစင်ပေါ်တွင် တင်၍ ... အခါမှ ကောင်းမွန်သန့်စင်သော... များကို ရရှိပါသည်။

တောင်သူဦးကြီးများ၏ ... နွားအားများဖြင့် ရုန်းကန်၍ ... သော ထိုစပါးများမှ ပြည်သူ... အဓိက စားသုံးရန် မရှိမဖြစ် ... သော ဆန်ကို ရရှိပါသည်။

ယခုခေတ်တွင် စပါးဈေး... ကောင်းနေသဖြင့် လယ်... တွင် တောင်သူဦးကြီးများသည် ... ရည်ချောင်းစီး အလုပ်ကြိုး...



www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ လက်ဖျားတွင် ငွေသီး၍ နှင့် ငွေနှင့် ဆိုင်ကယ်နှင့် တောင်သူ တ် ရောက်ခဲ့ပေပြီ။

ဖြူပင်ရွာကလေးတွင် နေထိုင် သော ဖိုးအောင်နှင့် ဖိုးမောင်တို့မှာ မေ ညီအစ်မအရင်းမှ မွေးထားသော အစ်ကိုဝမ်းကွဲများ ဖြစ်ကြသည်။

ထိုသူတို့ နှစ်ဦးစလုံးမှာ တစ်ဦး ည်းသောသားများ ဖြစ်ကြသည့် တွက် ညီအစ်ကိုဝမ်းကွဲ ဆိုသော ည်း အရင်းတမျှ ချစ်ခင်ကြ၏။ ဦးစလုံးမှာ အလယ်တန်းအဆင့် သာ ပညာသင်ယူကြပြီး လယ်ယာ ပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင် ခြင်းဖြစ်၏။

မိဘများ အထူးအားထားရသော မှာသည့် သားရတနာလေးများ ကြသည်။ ဒီနှစ် လယ်သိမ်းပြီးချိန် င် ညီအစ်ကိုနှစ်ဦးနှင့်အတူ ရွာထဲ ကလေးများ၏ ရှင်ပြုပဥ္စင်းခံပွဲကို မ့်သဲသဲ ကျင်းပကြမည်ဖြစ်သည်။

ယခုကဲ့သို့ စပါးပေါ်သော ရာသီတွင် အစ်ကိုနှစ်ဦးမှာ တလင်းထဲတွင် အိပ်ကြရသည်။ သူတို့ ညီအစ်ကို ယ်များမှာ ယှဉ်နေသဖြင့် တလင်း သည်း အတူယှဉ်လုပ်ကြခြင်း သည်။

ထိုကဲ့သို့ စပါးများကို လုံခြုံစိတ်ချ တလင်းထဲတွင် သွားရောက် သော တစ်ရွာတည်းနေ အဖော် ပေါင်းများလည်းရှိသည်။

ဆောမန္တရာသီ၏ လရောင်ဆမ်း ညချမ်းအချိန်ခါတွင် လူငယ် စုမှာ ရေနွေးကြမ်းသောက်ရင်း တ်တတ်ရာရာများကို ဝိုင်းဖွဲ့ ဆိုကြပြီး ညဥ့်အတော်နက်မှ လူစု ကိုယ့်တလင်းကိုယ် ပြန်အိပ်ကြ ဖြစ်သည်။

ပြာသိုလ၏ အအေးဓာတ်ကလည်း အသည်းခိုက်လို့ အရိုးကွဲမတတ် အေးချမ်းလှပေမယ့် ဖိုးအောင်တို့ ကတော့ ကောက်ရိုးပုံအတွင်း တိုးဝင် ပြီး ကောက်ရိုး၏ အနွေးဓာတ်ဖြင့် ပြာလိုဆောင်းကို အန်တုနိုင်ခဲ့ပါသည်။

ယခုတလော ဇီးဖြူပင် ရွာသူရွာ သားများ အထိတ်တလန့် အဖြစ်မျိုးနှင့် ကြုံတွေ့နေကြရသည်။ ယင်းမှာ အခြားမဟုတ်။ ရခိုင်ရိုးမ တောကြီး အတွင်းမှ ဆင်းသက်လာသော ဆင် ရိုင်းကြီးတစ်ကောင်သည် ဇီးဖြူပင်ရွာ သို့ ရောက်ရှိလာပြီး တောင်သူတို့၏ စပါးခင်းများကို ဖျက်ဆီးစားသောက် နေခြင်းဖြစ်သည်။

တောင်သူများမှာလည်း မိုးရာသီက နွားနှင့်ဖက်၍ ရုန်းကန်ထားရသော လယ်ကို စပါးပေါ်ချိန်ရောက်မှ ဆင် ရိုင်းကြီး၏ ဖျက်ဆီးခြင်းကို ခံရသည့် အတွက် ရတက်မအေးနိုင်။

တစ်နေ့တွင် ဆင်ရိုင်းကြီးသည် တောတွင်းမှ ဆင်းလာပြီး ဇီးဖြူပင် ရွာထိပ်သို့ ရောက်နေပြီ။ ရွာသူရွာသား များမှ...

'ဆင်ကြီး လာပြီဟေ့... ကယ်ကြ ပါဦး၊ ကလေးတွေ အပြင်မထွက်ကြနဲ့'

စသဖြင့် သွေးပျက်မတတ် အော် ဟစ်ကြောက်ရွံ့နေကြ၏။

ထို့နောက် ရွာသားများ စုပေါင်း၍ ဝါးဆစ်များကို မီးရှို့ခြင်း၊ ပြောက်အိုး များ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ အော်ဟံဟစ်သံများ ပေးလိုက်သော အခါမှ ဆင်ရိုင်းကြီးမှာ ရွာအပြင်သို့ ထွက်သွားပြီး ဒေါသမာန်ကြီးဖြင့် ရွာထိပ်မှ ထန်းပင်ကြီးကို နှာမောင်း ဖြင့် ရစ်ပတ်လှဲပစ်ခဲ့ပါသည်။

ညအချိန်တွင်လည်း စပါးခင်းများ၊ တလင်းများသို့ ဝင်ရောက်ဖျက်ဆီး သည်။ ထို့ကြောင့် တလင်းတွင် ညစောင့်အိပ်ကြသော ဖိုးမောင်တို့ လူငယ်များမှာ သတိကြီးစွာဖြင့် နိုးနိုး ကြားကြား နေထိုင်ကြရသည်။

ဆင်ရိုင်းကြီးအား ခြောက်လှန့် မောင်းထုတ်နိုင်ရန်အတွက် ဒူးလေး၊ လေးခွ၊ ပြောက်အိုးများ၊ မီးရှူးမီးပန်း များကို ဆောင်ထားကြရသည်။

ထိုနေ့ညတွင်လည်း တလင်းသို့ ညအိပ်သွားကြမည့် ဖိုးအောင်၊ ဖိုးမောင်တို့ ညီအစ်ကိုနှင့် အခြား လူငယ်များကို သတိဝီရိယထား၍ နေကြရန် မိဘများက မှာကြားလိုက် သည်။

ဖိုးအောင်တို့ လူငယ်တစ်စုမှာ ညဥ့်ဦးပိုင်းတွင် တလင်း၌ ချမ်းအေး လှသော ဆောင်းဒဏ်ကို ကာကွယ် နိုင်ရန် မီးလှုံကြပြီး ရေနွေးကြမ်းအိုး တစ်အိုးပြီးတစ်အိုး ကုန်သည်အထိ ဝိုင်းဖွဲ့စကားပြောကြသည်။

ညဥ့်အတော် နက်သောအခါ အအေးဓာတ်ကလည်းပိုကဲ၊ နှင်းတွေ ကလည်း တဖွဲဖွဲ ကျလာသဖြင့် လူစု ခွဲ၍ ကိုယ့်တလင်း ကိုယ်ပြန်ကာ ကောက်ရိုးပုံထဲ တိုးအိပ်လိုက်ကြ သည်။

ဖိုးအောင်နှင့် ဖိုးမောင်တို့ တလင်း မှာတော့ လယ်ကန်သင်း တစ်ခုသာ ခြားသည်။ ဖိုးအောင် အိပ်ပျော်သွားစဉ် မှာပဲ နားထဲ၌ ရိုးပြတ်များကို နင်း၍ လာသော ခြေသံသဲ့သဲ့ကို ကြားနေရ သည်။

ဖိုးအောင် နားစွင့်ထားလိုက်သည်။ အသံမှာ ပို၍ပို၍ နီးလာသည်။ ဖိုးအောင် ငုတ်တုတ်ထထိုင်လိုက် သည်။ ထိုအသံသည် ဆင်ရိုင်းကြီး၏ ခြေသံများလားဟု တွေးရင်း ကြောက်စိတ်တွေ ဝင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေသည် ဆိုသော်လည်း သတိကို ကြီးစွာထား၍ အနားတွင် အသင့်ရှိသော ဒူးလေးကို ကိုင်ကာ ကောက်ရိုးပုံအတွင်းမှ အပြင်သို့ ထွက်လိုက်သည်။ ထိုအချိန်မှာပင် တစ်ဖက်တလင်းမှ ညီငယ် ဖိုးမောင်၏ "**ဖိုးအောင်ရေ မင်းဆီကို ဆင်ရိုင်းကြီး လာနေပြီ...ပစ်...ပစ်... မင်းရဲ့ ဒူးလေးနဲ့ပစ်လိုက်**"ဆိုသော် အော်သံကို သဲသဲကွဲကွဲ ကြားလိုက်ရပါသည်။

ဖိုးအောင်လည်း အပြင်ကို လှမ်းကြည့်လိုက်ရာ မှိန်မှိန်နှင့် ကိုက်(၅၀)အကွာလောက်တွင် မိမိထံသို့ တန်းတန်းမတ်မတ် လာနေသောဆင်ရိုင်းကြီးကိုတွေ့လိုက်ရသည်။

ထို့ကြောင့် လက်ထဲမှ ဒူးလေးဖြင့် ဆင်ရိုင်းကြီး၏ ဦးခေါင်းပိုင်းသို့ မှန်းဆ၍ ပစ်ထည့်လိုက်သည်။ ဒူးလေးမှ ပစ်လွှတ်လိုက်သော မြားသည် ဆင်ရိုင်းကြီး၏ထံသို့ စိုက်ဝင်သွားချိန်တွင် "အား"ဟူသော ဖိုးမောင်၏ ငယ်သံပါအောင် အော်ဟစ်သံကို တစ်ကွင်းလုံးအနှံ့ ကြားလိုက်ရသည်။

နီးစပ်ရာ တလင်းများမှ လူများ ဝိုင်းအုံရောက်ရှိလာသော အချိန်တွင် သွေးအိုင်ထဲ၌လဲ၍ သတိမေ့မြောနေသော ဖိုးမောင်ကို တွေ့လိုက်ရသည်။

ဖိုးအောင်လည်း ဘာလုပ်ရမှန်း မသိ။ မိမိပစ်လိုက်သော မြားသည် ဆင်ရိုင်းကြီးကို မဟုတ်ဘဲ ဖိုးမောင်၏ နားထင်မှ အာခေါင်သို့ ပေါက်ထွက်သွားခြင်းဖြစ်သည်။

အို... ဘယ်လိုဖြစ်တာပါလိမ့်။ ဖိုးမောင်၏"**ဆင်ရိုင်းကြီး လာနေပြီ မင်းရဲ့ ဒူးလေးနဲ့ ပစ်...ပစ်**"ဆိုသော အော်ဟစ်သတိပေးသံ၊ မိမိ၏ မျက်လုံးထဲတွင်လည်း မိမိထံသို့ တန်းတန်း မတ်မတ် လာနေသော ဆင်ရိုင်းကြီး၊ တကယ်တမ်း ပစ်လိုက်တော့ ဝင်သွားတာ ညီလေးဖိုးမောင်။

အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြင့် ဖိုးအောင် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ အနီးဝန်းကျင်တွင်လည်း ဆင်ရိုင်းကြီးကို အရိပ်အရောင်ပင် မမြင်ရ။

အကယ်၍များ ဖိုးမောင်သာ အသက်သေဆုံးသွားပါက မိမိလည်း တရားဥပဒေ၏ အပြစ်ပေးခြင်းကို ခံရမည်။ ပဉ္စင်းတက်မည့်ဆဲဆဲ ညီငယ် ဖိုးမောင်အတွက်လည်း တစ်သက်လုံး ကြေကွဲမဆုံး ဖြစ်နေရမည်ကိုတွေးပြီး ဖိုးအောင် သောကပင်လယ် ဝေနေတော့သည်။

ဘယ်လိုမှ နားမလည်နိုင်သော အဖြစ်ဆိုး၊ မိမိအမြင်တွင် ဆင်ရိုင်းကြီးကို တွေ့ရပါလျက် ထိုဆင်ရိုင်းကြီးက ဘယ်ကိုရောက်သွားပြီး မိမိပစ်လိုက်သော မြားသည် ညီငယ် ဖိုးမောင် သွားထိရပါသလဲဆိုတာ အဖြေရှာမ

ထိုအကြောင်းကို တွေးရင်းနှင့် ဖိုးအောင် ရူးသွားချင်မိသည်။ ဖိုးမော အား ညတွင်းချင်းပင် မြို့နယ်ဆေးရုံ ပို့ဆောင်ကုသကြသည်။ ကံကော ထောက်မစွာဖြင့် ဖိုးမော သတိရလာသော အကျိုးအကြောင်း အပြ ကို လူကြီးများအား ရှင်း နိုင်ခဲ့သည်

လူကြီးများကလည်း ဖိုးအောင် နားလည်ခွင့်လွှတ်ကြသည် ဖိုးမောင်အား ဆေးရုံတွင် တစ်လ ကုသကြရသည်။

ကံကောင်း၍ အသက်သေ လွတ်ခဲ့ရသော်လည်း စကားကို သသ မပြောနိုင်ရှာသော ဖိုးမော အတွက် အားလုံးက ယူကျုံးမရ ကြရသည်။ အထူးသဖြင့် ဖိုးအောင် ညီငယ်ဖိုးမောင်အတွက် တစ်သက် ကြေကွဲမဆုံး ဖြစ်နေမိသည်။

**ထိုကဲ့သို့ ထူးခြားဆန်းကြ သော ဖြစ်ရပ်မှာ ဖိုးမောင်၏ အ ဘဝမှ ဝဋ်ကြွေးကြောင့်ပေ ဒါမှမဟုတ် တောပိုင် တောင် ကွင်းပိုင်များ၏ လှည့်စားခြင်း လား ဆိုတာကို မည်သူက အ ပြောနိုင်မှာလဲ။**

နက္ခတ္တရောင်ခြည် မဂ္ဂဇင်း တောခြောက်ခြင်း၊ ကွင်းခြောက် ဆိုသည့် အကြောင်းအရာမျ မကြာခဏ ဖတ်ဖူးခဲ့သည့်အတွက် ဖြစ်ရပ်မှာလည်း "**ကွင်း၏ဓာ** ဟုပင် စာရေးသူ ထင်မြင်မိ


**[ဖြစ်ရပ်မှန်အား အမည် လွှဲပြောင်းထားပါသည်။]**

**ခင်သစ္စာ(ဆက်သွယ်ရေ**



www.burmeseclassic.com

www.burmeseclassic.com



# မြေကြွက်မိုင်းပုစ္ဆာ အဖြေရှာသော်

ဆရာရဲမျိုးသူ (မောဓိမြိုင်) ရေးသားသော ၂၀၁၆ခုနှစ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဇူလိုင်လထုတ် စာမျက်နှာ(၂၃၃)တွင် **"အဖေနွဲ့နှင့် မြေကြွမ်းပုစ္ဆာ"** ဆိုသော ဝတ္ထုဆန်ဆန် ရေးသားထားသည့်ဆောင်းပါးကို ဖတ်ရှုခဲ့ရသည်။

ထိုဆောင်းပါးတွင် စာရေးဆရာက ပုစ္ဆာကို အဖေနွဲ့က ဘာကြောင့် ထုတ်ခဲ့သည်ကို မသိကြောင်း ဆိုထားပါသည်။

ထိုတွင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးကျော်မိုးသိန်းက စာဖတ်သူများ ဖြေရှင်းရေးသားပေးပါရန် မေတ္တာရပ်ခံထားသည်ကို ဖတ်ရှုရပါသည်။

စာရေးသူသည် "အဖေနွဲ့နှင့် မြေကြွမ်းပုစ္ဆာ" ဆောင်းပါး၏ အခြေပြုရာ နောက်ခံဖြစ်သော ပုစွန်မြောင်းစံပြရွာ ဇာတိဖြစ်သောကြောင့် အဖေနွဲ့ အကြောင်း တစေ့တစောင်းကိုလည်း တင်ပြချင်မိသည်။

ပြီးလျှင် မိမိသိထားသော ဒုတ္တာ၏ အဓွမ်းသတ္တိနှင့် မြေကြွမ်းကို မြေ ကောင်းဖြစ်အောင် ပြုပြင်ပုံအယူအဆ တို့ကိုလည်း တင်ပြချင်မိပါသည်။

ဆရာတစ်ဆူ၊ ငါပဲဟူ၍ မာနတံခွန် လွှင့်ကာ တင်ပြလိုခြင်းမဟုတ်ပါ။ ကြားနားဝ လေ့လာမိသမျှကို အများသိ အောင် တင်ပြခြင်းသာ ဖြစ်ပါကြောင်း ကြိုတင် အစီရင်ခံပါသည်။

အဖေနွဲ့သည် ပုစွန်မြောင်းရွာဇာတိ မဟုတ်ပါ။ သို့ပါသော်လည်း ပုစွန် မြောင်းရွာရှိ ရှေးက သက်ကြီးရွယ်အို များက ထူးဆန်းသော မောင်သာနွဲ့ဆို သောသူအကြောင်းကို လက်ဆင့်ကမ်း ပြောခဲ့ကြပါသည်။

စာရေးသူသည် ဆွေစဉ်မျိုးဆက် ဆက်လောက်ခြားပြီး ကြားနာ မှတ်သားခဲ့ရသူဖြစ်ပါသည်။

အဖေနွဲ့သည် ရှမ်းပြည်နယ်က ရောက်လာသော ရှမ်းတိုင်းရင်းသား တစ်ဦး ဖြစ်သည်။ မိခင်ဖခင်တို့မှာ ရှမ်းပြည်နယ်မှ နယ်ချဲ့တို့ကို တော်လှန် ခဲ့သူများဖြစ်ကြသည်။

သို့ပါ၍ အင်္ဂလိပ်အစိုးရက နယ်နှင် ဒဏ်ပေးခြင်းခံရပြီး မြန်မာနိုင်ငံ အောက်ပိုင်း ညောင်လေးပင်မြို့သို့ ရောက်လာခဲ့ရာ မောင်သာနွဲ့ပါ လိုက် ပါခဲ့ရသည်။

မိဘများသည် ရှေးဟောင်းကမ္ဘာ့ ပညာများကို ဝါသနာထုံကြသည်။ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန် များကို ယုံကြည် အသုံးပြုကြသည်။ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးစေရန် အစီအရင်များကို ပြုလုပ်ကြသည်။ ဦး တည်ချက်မှာ ပါပမျိုးခြား နယ်ချဲ့သမား ကို တော်လှန်မောင်းထုတ်ရန်သာ ဖြစ် လေသည်။

မောင်သာနွဲ့ကလေးသည် မိဘများ ၏ အစီအမံနှင့် ကိုယ်ခံဆေးများကို အမျိုးမျိုး ထိုးနှံခဲ့သည်။ ကာလသား အရွယ်တွင် ပုစွန်မြောင်း မီးလောင် ကုန်း( ယခု မင်္ဂလာကုန်း)၊ ကွင်းဒလ၊ မဒေါက် စသောရွာများတွင် ကျက်စား သွားလာခဲ့သည်။

ညောင်လေးပင်မြို့ တောရကြီး ကျောင်းတိုက်တွင် ရှင်သာမဏေအဝ နှင့်နေခဲ့ဖူးသည်။ ဘွဲ့တော်မှာ

www.burmeseclassic.com

"**နေပုည**"ဟူ၍ ဖြစ်သည်။ နာမည်ကျော် အဂ္ဂမဟာပဏ္ဍိတ၊ တောရကြီး ဆရာတော်ဦးအရိယနှင့် စာသင်ဖက် သူငယ်ချင်းများဖြစ်ကြသည်။

နောက်ပိုင်းတွင် ကိုရင်လူထွက်ပြီး ပုစွန်မြောင်းရွာ ရေကာတာရိုး၌ လှည့်လည်သွားလာရင်း လူငယ်ဘဝ အသောက်အစားနှင့် မွေ့လျော်နေခဲ့သည်။

မောင်သာနွဲ့သည် "ပြီး"သူတစ်ယောက်ဖြစ်ကြောင်း ကျော်ကြားနေသည်။ မယုံသူတစ်ယောက်က မောင်သာနွဲ့ကို ပေါက်ဆိန်နှင့် ပေါက်နိုင်သည်။

တစ်စုံတစ်ရာ ဒဏ်ရာမရ၊ မနာကျင်ခဲ့လျှင် ငွေငါးကျပ် လောင်းကြေးယူခဲ့သည်။

***(ထိုခေတ်က ငွေ၅ကျပ်မှာ ယခုခေတ် ငါးထောင်ထက် နည်းမည် မဟုတ်ပါ။)***

တစ်နေ့တွင် တုတ်တစ်ချောင်းနှင့် အထုပ်ကြီး တစ်ထုပ်ကို လျှိုထမ်းလျက် တိုက်ပုံအင်္ကျီ အဖြူတစ်ဖက် အကျားတစ်ဖက်စီ ထူးစွာ ချုပ်ဝတ်ထားသည့် ပုဂ္ဂိုလ်ကြီး၊ မောင်သာနွဲ့ထံသို့ ရောက်လာသည်။

သူသည် ခြေတစ်ဖက်တွင် ညှပ်ဖိနပ်ကို စီးပြီး တစ်ဖက်တွင် ခုံဖိနပ်ကို စီးထား၍ အရူးကြီး ဟု ယူဆရသည်။

ထိုလူကြီးက…

'မင်းကို ငါရှာလိုက်ရတာ အခုမှပဲ တွေ့တော့တယ်။ ငါ သိပ်ပင်ပန်းနေပြီ'

ဟု တည်ကြည်စွာ ပြောသည်။ မောင်သာနွဲ့၏မျက်နှာကို စေ့စေ့ကြည့်ကာ ခြေနှင့် တစ်ချက်တည်း ကန်ချလိုက်လေသည်။ မောင်သာနွဲ့သည် များစွာ ဒေါသထွက်သွားသည်။

သို့သော် အတိတ်ပါရမီ နိုးဆော်ချက်ကြောင့် ဦးနှောက်ထဲတွင် အသိ



ဉာဏ်များ ရုတ်တရက် ပြိုးပြက် ဝင်းလက်လာပြီး ထိုလူကြီးခေါ်ရာ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့ပါသည်။

မောင်သာနွဲ့သည် တောင်ငူ အုတ်တွင်း သာသနာပြုစခန်းသို့ ရောက်သွားခဲ့သည်။ သူ့ကို ခေါ်ဆောင်သွားသူမှာ **ထွက်ရပ်ပေါက်ဝိဇ္ဇာကြီး အဖေရှင် ဆိုသူ ဓနုဖြင်လမြင်**ဟု ပြောကြပါသည်။

အဖေရှင်၏ အမိန့်နှင့် သူဝမ်းထဲမှ အင်းအိုင်လက်ဖွဲ့၊ ဆေးဝါးများကို အန်ထုတ်ရပြီး ပါရမီရှင်ဖြစ်သည့်အလျောက် ပါရမီလမ်းကြောင်း လျှောက်ခဲ့ရာ နောင်သောအခါ **လေးကြိုးကိုင်ဆရာကြီး အဖေနွဲ့**ဟူ၍ ကျော်ကြားသော ဝိဇ္ဇာမဟိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီး ဖြစ်ခဲ့ပါလေသည်။

ပုစွန်မြောင်းရွာသားများသည် ထိုအကြောင်းကို အဆင့်ဆင့် ပြောခဲ့ကြပါသည်။ အဖေနွဲ့သည် ဆရာရဲမျိုးသူ (ဗောဓိမြိုင်)ဆောင်းပါးပါ ပုစွန်မြောင်းရွာမှ ကျောင်းဆရာကလေး၏ အိမ်ခြံမြေကို ရှင်းပေးခဲ့ပါသည်။

ထိုခြံမြေကို မူလက တံငါမိသားစုတို့ ပိုင်ဆိုင်ခဲ့ပါသည်။ ထိုမိသားစုဝင် (၅)ဦး

တို့သည် တံငါဘဝနှင့် အသက်မွေးခ
တစ်နေ့သောအခါ ငါးစီပူငါးတို့
စားသုံးပြီး အဆိပ်သင့်၍
ကွယ်လွန်သွားကြသည်
သူတို့နေသောခြံကို စွဲယ
ကာ ပရလောကသားမျာ
ဘဝနှင့် နေထိုင်ခဲ့ကြသည်
ခြံကို အဆင့်ဆင့် ရောင်းချ
နေထိုင်သူများ ပြောင်း
ကြသည်

ထိုခြံ၌ နေသူတိုင်း ထောင်တန်း
ခြင်း၊ လူသေခြင်းများနှင့် ကြုံကြ
သည်။ ထိုခြံတွင် နေရဲသူမရှိအောင်
ဖြစ်နေသည်။

မြေကြမ်းသော ခြံအဖြစ် လူအများ
က ရှောင်ကြသည်။ ထိုအချိန်တွင်
တစ်ရပ်တစ်ကျေးမှ ပြောင်းလာသေ
ကျောင်းဆရာမိသားစုသည် ခြံ
ရာဇဝင်ကို မသိကြဘဲ ဈေးပေါပေါ
ဝယ်ယူခဲ့ကြသည်။

ခံသာသည်မှာ ကျောင်းဆ
မိသားစုသည် ရတနာသုံးပါး
ကြည်ညိုသူများဖြစ်ကြသည်။
ကြောင့်ပင် အဖေနွဲ့သည် သူ ကျင်လည်
ကျက်စားခဲ့သော ရွာကလေး
ရောက်လာပြီး ကူညီခဲ့ခြင်း ဖြစ်ဟန်
ပါသည်။

အဖေနွဲ့သည် ကျောင်းဆရာလေ
၏ မြေကြမ်းသည်ဆိုသော ခြံမြေ
တစ်ရက်ကြိုတင်၍ ဆားပက်နိုင်
သည်။ ဓာတ်အတာတ်နှင့် မြေပြင်ခြ
ဟု ဆိုပါသည်။

နောက်တစ်နေ့ နံနက်(၉)နာရီတွင်
အဖေနွဲ့ရောက်လာသည်။ ခြံ၏
ကြိုဟ်(၄)ထောင့်တွင် ကြက်လျှာ
အလံ(၄)ခု လွှင့်ထူသည်။


သောမကြိုဟ် (၄)ထောင့်တွင်
ဖယောင်းတိုင်၊ အမွှေးတိုင်များ ညှိထွန်း





www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပြီး အဖေနဲ့သည် ဘုရား ရှင်ကိုယ်တော်မြတ်ကြီးနှင့် ရတနာသုံးပါးကို ဦးထိပ်ပိထား၍ ပူဇော်သည်။

ထွက်ရပ်ပေါက် ဆရာသခင်များကို ပင့်ဖိတ်ပြီး သစ္စာဆိုပါသည်။ သူ၏ သစ္စာဆိုပုံမှာ ရိုးရိုးကလေးသာ ဖြစ်သည်။

'(၇)ရက်သားသမီးတို့ ပိုင်ဆိုင်သော ခြံမြေတွင် မကောင်းသော အနှောင့်အယှက်များ ရှိနေပါသည်။ အဖိုးအခမယူဘဲ ဖြူစင်သော မေတ္တာဖြင့် ကူညီကြောင်း သစ္စာပြုပါသည်' ဟူ၍ နှုတ်ထွက်သစ္စာဆိုသည်။

အဖေနဲ့သည် ရက္ခန်းစင်တောင် ဆရာတော်ကြီးကို အထူးပြု တိုင်တည် ခြင်း ပြုခဲ့သည်။

ထိုစဉ်တွင် ရွာသားများ ဝိုင်းဝန်း ကြည့်ရှုနေကြသည်။ ထိုလူစုထဲမှ အမျိုးသမီးကြီးတစ်ဦးကို တံငါသည် ခြံရှင်ကြီးက ဝင်ရောက် ပူးကပ်ခဲ့သည်။ "ကြောက်လှပါပြီ၊ ကယ်တော်မူပါ" ဆို၍ အဖေနဲ့ကို ကန်တော့သည်။

အဖေနဲ့က ထိုပရလောကသားကို ခြံက ထွက်ခွာပေးရန် ပြောပြသည်။ ပရလောကသားကို ကုသိုလ်ပြု၍ အမျှဝေပေးမည်၊ သာဓုခေါ်လျှင် ဤ ဘဝဆိုးမှ လွတ်၍ ကောင်းသော ဘဝသစ်သို့ ရောက်မည်ဟု ပြောပြခဲ့သည်။

ခြံရှင်ကျောင်းဆရာကို ပြုလုပ်ရန် တာဝန်(၂)ခုပေးခဲ့ပါသည်။ သံဃာ တော်(၅)ပါးကို ဆွမ်းကပ်၍ သင်္ကန်း ပရိက္ခရာ လှူပေးရန်၊ ထိုအလှူပြီးလျှင် ခြံရှင်တံငါသည်မိသားစုကို အမျှဝေ ပေးရန်မှာ ပထမပြုလုပ်ဖို့ဖြစ်ကြောင်း ပြောပြသည်။

ဒုတိယအချက်မှာ နောက်တစ်နေ့ တွင် ဒုတ္တာ(၅)ကျပ်သားကို ဝယ်၍ ရေဖျော်ပြီး ခြံမြေအနှံ့ ပက်ဖျန်းပေးရန် ဖြစ်ပါသည်။

ဤတွင် မြေကြမ်းပုစ္ဆာ၏ ပေးထား ချက်မှာ "ဒုတ္တာ" ဖြစ်လာသည်။ ဒုတ္တာ ကို အဖေနဲ့ ဘာကြောင့်သုံးရပါသနည်း အဖြေကို ရှင်းပြပါတော့အံ့။

"ဒုတ္တာ" မှာ အပြာရောင်ဓာတ် ပစ္စည်းတစ်မျိုးဖြစ်သည်။ ပရဆေးဆိုင် များတွင် အလွယ်တကူ ဝယ်၍ရပါ သည်။ ပရဆေး ဖော်စပ်ရာတွင် လည်း ကောင်း၊ အဂ္ဂိရတ်ပညာခွင်၏ ဓာတ် ဆေးအဖြစ် လည်းကောင်း သုံးစွဲသည် ကို တွေ့ရပါသည်။

**ဒုတ္တာမှာ ပြည်တွင်းထွက်နှင့် အိန္ဒိယမှလာသော** ဒုတ္တာ(၂)မျိုးရှိ သည်။ အိန္ဒိယ ဒုတ္တာက စွမ်းရည်ပို မြင့်ပါသည်။ ဒုတ္တာတွင် ကြေးဓာတ်များ ပျော်ဝင်နေသည်။ ကြေးပစ္စည်းများ အညိုတက်လာလျှင် ဒုတ္တာပြာရောင် (သို့မဟုတ်) စိမ်းဖန့်ဖန့်အရောင်များ ပြောင်းသွားသည်ကို တွေ့ရသည်။

ဒုတ္တာကို ဖိုခွင်တွင် လုံနှင့် ထိုးလျှင် ကြေးကို ရသည်။ ဒုတ္တာနှင့်ကြေးမှာ သဘာဝတူ ဓာတ်များဖြစ်သည်။

ပုစွန်မြောင်းစံပြရွာကြီးတွင် ဦးစန္ဒော ဘာသ ဟူသော ဓာတ်လုံးထိုးသည့် ဆရာတော်ကြီးရှိခဲ့သည်။

ဆရာတော်ကြီးသည် တောမုန်လာ ပင်ရိုင်းများကို ပဥ္စငါးပါး ထုထောင်း ခြေမွ၍ လုံကြီးတွင် ထည့်ကာ ဖိုခွင် တင်၍ ထိုးရာ ကြေးဓာတ်လုံးကြီးကို ရလေသည်။ မီးရင့်အောင်ထိုးသော် ကြေးနက်သေကို ရသည်။ မြွေကိုနိုင်ကြောင်း ဆရာတော်ကြီးက ပြောပြခဲ့သည်။

**ကြေးသည် မြီးနှင့် ကော၍ မရပါ။ ဖိုခွက်တွင် ကြေးနှင့် မြီးမတွဲပါ။ ကြေး ရည်ထဲသို့ မြီးလောင်းထည့်သော် ပေါက်ကွဲသည်။ မြီးထဲသို့ ကြေးထည့် လျှင်လည်း ပေါက်ကွဲပါသည်။ ဒုတ္တာမှာ သည် ကြေးမဟုတ်သော ပုံဆောင်ခဲဖြစ်ပြီး အပူပေးလျှင် အငွေ့ဖြစ်သွားသည်။**

မြေကြမ်းခြံကို ဒုက္ခပေးနေသော ပရလောကသားများသည် အမှန်ဆို သော် အငွေ့လိုင်းသဘောသာ ဖြစ် သည်။ ထိုအရာကို လူတို့ ထိ၍ ကိုင်၍ မရပါ၊ ပြဒါးငွေ့လှိုင်း၊ ဒုတ္တာငွေ့လှိုင်း များ သဘောခြင်းတူညီသည်။

**ဒုတ္တာရည် ပက်ဖျန်းခြင်းသည် ပရလောကသားတို့၏ အငွေ့လှိုင်း ပုံရိပ်များကို ခြေဖျက်ခြင်း ဖြစ်သည် ဟု စာရေးသူက တွေးဆမိပါသည်။** မိမိ၏ အတွေ့အကြုံ မတိသာဖြစ်၍ သေချာ တိကျ မှန်ကန်သည်ဟု မဆိုလိုပါ။

သို့ရာတွင် စာရေးသူသည် မြေ ကြမ်းပုစ္ဆာနှင့် ဒုတ္တာကို အဖြေထုတ်ရာ ၌ တိကျသော အထောက်အထားကို ပြဆိုလိုပါသည်။

ထိုအဲထောက်အထားမှာ ရက္ခန်းစင် တောင်ဆရာတော်ကြီးနှင့် သက်ဆိုင်ပါ သည်။ အဖေနဲ့၏ စီမံမှုတွင်လည်း ရက္ခန်းစင်တောင် ဆရာတော်ကြီးကို တိုင်တည်မှု အထူးပြုခဲ့သည်ကို သတိ ပြုမိပါသည်။

စာရေးသူသည် တောင်ကြီးမြို့၌ ဝန်ထမ်းဘဝနှင့် တာဝန်ထမ်းဆောင် နေစဉ် ရက္ခန်းစင်တောင်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီး၏ တပည့်ကြီးတစ်ဦးဖြစ်သော ဝပ်ရှော့ပိုင်ရှင် ဦးကြွင်နှင့် သိကျွမ်းခင်မင်ခဲ့ပါသည်။

ဦးကြွင်က ရက္ခန်းစင်တောင် ဆရာတော်ကြီးပေးခဲ့သော ကလေးများ လန့်ခြင်း၊ ပယောဂပူးခြင်း၊ မိစ္ဆာဓာတ်နှောင့်ခြင်း၊ ဘဝဆက်ကို ဖြတ်တောက်ပေးခြင်းနည်းတို့ကို ပြောပြခဲ့သည်။

ထိုနည်း၏ အဓိကမှာ **"ဒုတ္တာ"** ဖြစ်သည်။

စီရင်ပုံမှာ "ဖဲထီး" သံချောင်း အတိုအစတစ်ခုခုကို ဆားရည်နှင့် စိမ်ရသည်။ ထိုအခါ သံချေးတက်လာသည်။

ထိုသံချေးရည်တွင် ရဟန်းတော်တို့ ဝတ်ရုံသော သင်္ကန်းဟောင်းစ တစ်လက်ဝါးခန့်ကို နှစ်ထားရသည်။ သင်္ကန်းစတွင် သံဓာတ်ကိန်းရန် ပြုလုပ်ခြင်းဖြစ်သည်။

သံဓာတ်ကိန်းသည့် သင်္ကန်းစတွင်ဒုတ္တာ တစ်မတ်သားခန့်ကို ထည့်ကာ အိတ်ရှုံ့ ကလေးချုပ်ရသည်။ ပယောဂပူးသူ၊ အစွဲကပ်သူ၊ ထိတ်လန့်သူ ကလေးရောလူကြီးပါ လည်တွင် ဆွဲပေးထားရသည်။

ဒုတ္တာ၏ သတ္တိမှာ စက်ဖြတ်နိုင်ကြောင်း ပြောပြသည်။ အထူးသဖြင့် မိစ္ဆာပယောဂကို အထူးနိုင်သည်ဟု ဆိုပါသည်။

အစီအရင်ပြုလုပ်ပုံနှင့် ပတ်သက်၍ သိရသည်မှာ ဖဲထီးသံကို နာမ်ဓာတ်ကောက်လျှင် **၅+၇+၆=၁၈** ဖြစ်သည်။ (၁၈)ကို ပေါင်းသော် နဝင်းဂဏန်း(၉) ရသည်။ ဖဲထီးသံချောင်း စိမ်ထားသော ဆားရည်တွင် သင်္ကန်းစစိမ်ခြင်းမှာ နဝင်းဓာတ်ကို တန်ခိုးသိဒ္ဓိရှိပြီးဖြစ်သော သင်္ကန်းတော်၌ သွင်းပေးခြင်းဟု ဆိုသည်။

သင်္ကန်းတော်၌ နဝင်းဓာတ်ကိန်းပြီးမှ ဒုတ္တာထည့်ကာ အိတ်ရှုံ့ကလေး ပြုလုပ်၍ ပရိတ်ကြိုး၊ ပဌာန်းကြိုးတို့နှင့် ဆွဲပေးရခြင်းဖြစ်၍ ထိုအစီအရင်များ များစွာ အစွမ်းထက်ခြင်းကို ဖြစ်စေ ပါသည်။

ထိုဖြစ်စဉ်တို့ကို လေ့လာသုံးသ ကြည့်လျှင် **ရက္ခန်းစင်တောင် ဆရာတော်ကြီးသည် ဒုတ္တာကို စက်ဖြတ်ခြ အတွက် အသုံးချစေခဲ့ကြောင်း** ထင်ရှားလှပါသည်။

ဤတင်ပြချက်များကို ပုံ ဟုတ်သည်၊ မှန်သည်ဟု စာရေးသူ မပြောလိုပါ။

ဖြစ်တန်ရာသည်ကိုသာ ချိတ်ဆ တွေးခေါ်လျက် မြေကြမ်းပဋ္ဌာ အဖြေထုတ် ရှင်းလင်းလိုက်ခြင်းသ ဖြစ်ပါသည်။

**မေတ္တာရှည်လျက်...**

**သမ္မုဋ္ဌ**

---

စာမျက်နှာ (၂၅၄)မှ အဆက်

ပါဘူး။ အဲ... လှူချင်တာလေးတွေ လှူနိုင်ဖို့ပဲ ဆန္ဒရှိနေတာကို လှူနေရပြီဆိုတော့ ဘာမှ မလိုတော့ဘူးပေါ့။ရတ သုံးပါး ဂုဏ်ကျေးဇူးပါပဲ။

မြတ်စွာဘုရားရဲ့ ဓမ္မပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ တပည့်သား သံဃာတော်များကို လှူဒါန်းခြင်း သာသနာကို စောင့်ရှောက်နေတဲ့ အဘရက္ခန်းစင်တောင် ဆရာတော်ကို ဆည်းကပ်ခြင်းဆိုတဲ့ အကျိုးတရားတွေပဲ ရတနာသုံးပါးကို ဘယ်တော့မှ မမေ့နဲ့... ယုံယုံကြည်ကြည်သာလုပ် လက်ငင်းဒိဋ္ဌ အကျိုးပေးတယ်'

'ဟုတ်ကဲ့ ခင်ဗျ'

လေးလေးဒေါ်မေရှင်၏ ကိုယ်တွေ့ ဩဝါဒကို နာခံရင်း ဦးချကန်တော့လိုက်ပါသည်။

'အေး...အေး၊ သာဓု...သာဓု...သာဓု... ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ ပြည့်စုံ စေကွယ်။ ဘုရား တရား ရတနာသုံးပါးကို မပျက်မကွက်လုပ်နော်။ မမေ့နဲ့...ကြားလား ဘယ်တော့မှ မဆင်းရဲဘူးကွယ်'

'ဟုတ်ကဲ့ပါ လေးလေး...မမေ့မလျော့ ကြိုးစားအားထုတ်ပါမယ် လေးလေး'

**အဘရက္ခန်းစင်တောင် ဆရာတော်ကြီးနှင့် ခေတ်ဟောင်း ရုပ်ရှင်မင်းသမီး ဒေါ်မေရှင်တို့၏ ပဌာန်းဆ အဖြစ်အပျက်ကို** သတိရလျက် ကျုံးဘေး လမ်းမကြီးတစ်လျှောက် ပြန်ခဲ့ပါတော့သတည်း။

**မောင်အောင်ဝင်းမန်း**



www.burmeseclassic.com

www.burmeseclassic.com

# ဘသာ ရတနာ့ဝင်ကောင်းသရုတော်နှင့်

ရုပ်ရှင်မင်းသမီးကြီး ဒေါ်မြရှင်

မောင်မြအောင်ဝင်းပြန်

၁၉၉၅ ခုနှစ်က ဖြစ်သည်။

တစ်နေ့...

'လေးလေး'

'ဟဲ့...ဘယ်သူလဲ'

ဆောင်းထားသော ဦးထုပ်ကို ...ပြလိုက်မှလေးလေးဒေါ်မြရှင် ... မှတ်မိသွားတော့၏။

'ဘယ်သူများလဲလို့ဟယ်... ... မင်း ရန်ကုန်မှာပဲလား'

'ဟုတ်ကဲ့ခင်ဗျ... လေးလေး ...ကောင်းတယ် မဟုတ်လား။ ...မ်းတွေဘာတွေ လျှောက်လို့' ...ခါတိုင်းဆိုလျှင် အိပ်ရာပေါ် ...မြဲ လဲ့နေတတ်သော လေးလေး ... သွားလာလှုပ်ရှားနေသည်ကို ...ရသောကြောင့် စူးစမ်းလိုက်၏။

'အေး...ဟုတ်တယ်ကွ၊ အတော် ...ပါးလန်းဆန်းနေတယ်။ အရင်ကလို ...တ်ဘူး။ ဒါပေမယ့် ခြေထောက် ... နာလို့ လမ်းသိပ်မလျှောက်နိုင် ...

...ကြောင့် ပြီးခဲ့တဲ့မတ်လ မွေးနေ့မှာ ...ကြီးတို့၊ ရွှေကျိုးမြင်တို့၊ မန္တလေး ...င်ကျောက်တော်ကြီးတို့ သွားချင် ...တောင် မသွားလိုက်ရဘူး။ ကဲ... ...ထိုင်၊ မင်း ဘယ်တုန်းက ...တ်တာလဲ'

'သကြန်မတိုင်ခင်ကပါ လေးလေး။ ...ကြန်တွင်းမှာ စစ်ကိုင်းဘက် သွားနေ ... အခု သကြန်ပြီးမှ လေးလေးဆီ ...ခဲ့တာပါ။ စစ်ကိုင်း ညောင်တုန်း ...င်မှာ ဦးပဥ္စင်းကြီး ဦးဇေယျ ...တ်ဟောင်းရုပ်ရှင်မင်းသားကြီး)ကို



လဲ သွားကန်တော့ခဲ့ပါ သေးတယ်'

'ဩော်... သာခု ကွယ်... သာခု... သာခု...ဒါထက် ကိုသုခ တစ်ယောက်ရော နေကောင်းတယ် မဟုတ်လား'

'ဟုတ်ကဲ့... အဘကတော့ သူ့ ကျန်းမာရေး ဂရုစိုက်ပါတယ်။ ကျန်းမာ အောင် နေပါတယ်'

'ဟုတ်တယ်... ကိုသုခကတော့ မျက်စိအာရုံပိုင်း သိပ်မကောင်းပေမယ့် ကျန်းမာတော့ ဟိုဟိုဒီဒီ ရောက်တယ်။ မန္တလေးရောက်တိုင်းလဲ လေးလေးဆီ ဝင်ပါတယ်။ သူနဲ့ လိုက်လာတဲ့ မို့မို့မြင့်အောင်တို့၊ နီနီဝင်းရွှေတို့၊ ရာမ တို့ကလဲ လေးလေးကို ကန်တော့သွား ကြသေးတယ်။

ကိုသုခက လေးလေးကို အများကြီး ကြည့်ရှုစောင့်ရှောက်ခဲ့တာပဲ။ တစ်ခါက ကိုသုခကို မေးမိတယ်။ အောင်မြင်း ရှစ်ပါးသီချင်းဆိုတော့ သာမန်သီချင်း လို မဆိုဘဲ ဘုရားကို အာရုံပြုပြီး ဆိုမိတယ်။

အဲဒါ ကောင်းရဲ့လားဆိုတော့... **"သိပ်ကောင်းတာပေါ့ မရှင်ရဲ့၊ ကုသိုလ်စိတ်ဖြစ်တာမို့ ကုသိုလ် ရတာပေါ့"** တဲ့။ လေးလေးဖြင့် ဝမ်းသာလိုက်တာ၊ အားရလိုက်တာ'



'အခုရော...လေးလေး နှစ်ဘာတွေ ပြောပါဦး'

'အေး...အေး...လေး လေးကလဲ ပြောပြရဦး မယ်။ ဒါမျိုးဆိုတာက ယုံကြည်တဲ့သူမှ ပြော ကောင်းတာ'

အရင်ကမူ လေးလေး နှင့်တွေ့လျှင် လောကရေးရာ အာလာပ သလ္လာပများသာ ပြောဖြစ်ကြ၏။ ယခု တစ်ခါတော့ ဘာသာရေးဘက်ကို ဦးတည်မိကြတော့သည်။

'လေးလေးက ပရိတ်ကြီးအုပ်ရယ်၊ တောင်တန်းဆရာတော် ဦးဥက္ကဋ္ဌ ပုံတော်ရယ်၊ သာမညတောင်ဆရာတော်ရဲ့ ပုံတော်ရယ် ခေါင်းရင်းမှာထားတယ်။

မနက်အိပ်ရာနိုးတာနဲ့ အိပ်လျက်က လက် အုပ်ချီပြီး ငါးပါးသီလ ခံလိုက်တယ်။ ပြီးမှ အိပ်ရာကထပြီး မျက်နှာသစ် ကိုယ်လက် သန့်စင် ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဖတ် တယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးတွေနဲ့ သတ္တဝါတွေအားလုံးကို အမျှဝေတယ်။ မေတ္တာပို့တယ်။ ကျန်တဲ့ အချိန်တွေမှာတော့ လေးလေး အားနေတာပဲ။ ပုတီးစိပ်နေတာပေါ့'

'ထူးခြားမှုလေး တွေကရော လေးလေး'

'ထူးခြားတာတွေကတော့ အများကြီးပဲ။ အခု လေးလေးမှာ အရင်ကထက် ပိုပြီးလျှုနိုင်တန်းနိုင်တယ်။ ပြီးခဲ့တဲ့ မတ်လ(၁၆)ရက်နေ့က လေးလေး အသက်(၇၉)နှစ် ပြည့်တာပေါ့။

အဲဒီနေ့က ခြေထောက် နာနေတာနဲ့ ဘယ်မှ မသွားနိုင်လို့ အိမ်ရှေ့ကြွလာတဲ့ သံဃာတော်များကို ထိုင်လှူတာတောင် နှစ်ထောင့်သုံးရာ ကုန်တယ်'

လေးလေးဒေါ်မေရှင် နေထိုင်ရာ **မန္တလေးမြို့၊ အရှေ့ပြင်၊ အောင်တော်မူရပ်၊ မြနန္ဒာလမ်းမှာ** ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် ကပ်နေသည်။

ကျောင်းတိုက်ကြီးများမှာ (၆၂)လမ်း တစ်လျှောက်တွင်ရှိ၍ တစ်ပြခန့်သာ ကွာဝေးသည်မို့ အိမ်ရှေ့ကြွလာသော ရဟန်းသံဃာများကို ထိုစဉ်က ဝတ္ထုငွေ လှူသည်မှာပင် နှစ်ထောင့်သုံးရာ ကုန်ခြင်း ဖြစ်ပါသည်။

'အခက်အခဲ လိုအပ်နေတာ ရှိရင်လဲ၊ အဘရက္ခန်းစင်တောင် ဆရာတော်ကို အဓိဋ္ဌာန်ပြု တိုင်တည်လိုက်ရင် ဆရာတော်က ဖြည့်ဆည်းပေးတယ်။ အခုလဲ ခြေထောက် နာနေတာကို တိုင်တည်လိုက်တော့ မကြာခင် ပျောက်သွားမယ် သိမီးလို့ အမိန့်ရှိတယ်'

'ရက္ခန်းစင်တောင် ဆရာတော်က ဘယ်လိုနည်းနဲ့ အမိန့်ရှိပါသလဲ လေးလေး'

'နှုတ်စီးပြီး မိန့်တာပေါ့'

'ဘယ်သူ့ကို နှုတ်စီးတာလဲ ခင်ဗျာ'

'လေးလေးကိုပါပဲ။ လေးလေး ကိုယ်တိုင်ရဲ့ ပါးစပ်ကနေ စီးပြီး မိန့်တာလေ'

'ထူးထူးခြားခြား တွေ့ကြုံပြီးတာလေးတွေ ပြောပါဦး လေးလေး'

'အများကြီးပဲကွယ့်၊ အေးအေးဆေးဆေးမှ စုံအောင် ပြောရဦးမယ်။ အစုလောလောဆယ် မှတ်မိနေတာလေး ပြောပြမယ်။ လေးလေး ရုပ်ရှင်လောက,က အနားယူပြီး မန္တလေးကို ပြန်ခဲ့တော့မယ်ဆိုတော့ စမ်းချောင်း၊ အောင်သပြေလမ်းက အိမ်လေးနဲ့ ခြံကို ရောင်းပြီးမှ ပြန်မယ်ပေါ့။

ရန်ကုန်မှာ နောက်ဆုံးနေတာမို့ အေးအေးဆေးဆေး နေရင်း ရောင်းမယ်ပေါ့လေ။ ဒါနဲ့ ယူချင်တဲ့သူတွေက လာတော့ ကြည့်ကြပါရဲ့၊ တစ်ယောက်တစ်မျိုး အကြိုက်မတွေ့ဘဲ ဖြစ်နေကြတာနဲ့ တစ်နှစ်ကြာသွားတယ်။

ဒီတော့ တစ်နှစ်တိတိ ပြည့်တဲ့နေ့မှာ ဘာလို့များ ရောင်းမထွက်တာလဲ ဆိုပြီး အဘရက္ခန်းစင်တောင်ဆရာတော်ကို တိုင်တည်မှုပဲလို့ စိတ်ကူးရလိုက်တယ်။

ရရချင်းပဲ အဘဆရာတော်အတွက် အုန်း,ငှက်ပျောပွဲသစ်လဲ၊ အမွှေးနံ့သာတွေပူဇော်၊ ကိုယ်တိုင်လဲ သန့်သန့်ရှင်းရှင်းနဲ့ အဘဆရာတော်ကို တိုင်တည်လိုက်တယ်။

နှုတ်စီးပြီး မိန့်တော့တာပဲ။ နှစ်ပတ်အတွင်း ပြေလည်သွားမယ်ပေါ့။ ဒီလိုနဲ့ နေလာလိုက်တာ တစ်ရက်ပြီး တစ်ရက်သာ ကုန်သွားတယ်။ အကြောင်းမထူးဘူး။ ဟုတ်မှ ဟုတ်ပါ့မလားပေါ့။

ဆယ်ရက်ပြည့်တဲ့ မနက်စောစော
မှာပဲ အငြိမ်းစားအရာရှိကြီး
တစ်ယောက် ရောက်လာပြီး ချက်ချင်း
ပဲ သဘောကျသွားတယ်။ နှစ်ဦးနှစ်
ညှိပြီး အရောင်းအဝယ် တည့်သွား
ပါပဲ'

'ဒါဖြင့် လေးလေးက ဟိုဟိုတုန်း
ကတည်းက ရက္ခန်းစင်တောင်ဆ
တော်ကို ပွဲပေးခဲ့တာပေါ့'

'ရုပ်ရှင်ရိုက်နေကတည်းကပေါ့။ တစ်
က မတ္တရာမြို့ စကျင်တောင် မြောက်
က စဉ့်ကူးမြို့နယ် ရက္ခန်းစင်တော
လေးလေးရောက်သွားတယ်။

အဲဒီမှာ ဆရာတော်ရဲ့ ရုပ်တုကြီး ရှိ
လေ။ အဲဒီကပဲ ဆရာတော်ဟာ အ
စခန်း ပြီးမြောက်သွားတာတဲ့။

လေးလေးလဲ အဲဒီကစပြီး အဘရက္ခ
တောင်ဆရာတော်ကို ပွဲပေးခဲ့တာ။ အ
အခဲရှိရင် တိုင်တည်ခဲ့တာပဲ။ အ
တော်က နှုတ်စီးပြီး မိန့်လေ့ရှိတယ်

အဲ... လောဘကြီးတာတော့ မကြိုက်
ရန်ကုန်က အိမ်ရောင်းတုန်းကလဲ မ
မတောင်းနဲ့လို့ မိန့်ခဲ့တယ်။

ဟိုတစ်ခါကလဲ လေးလေး ထိုထို
"အဘဆရာတော် သမီး အလှူ
လုပ်ချင်လို့ ဤထီလက်မှတ်လေးကို
အောင် မစပါဘုရား"ဆိုတော့...

"ပိုက်ဆံ များလာရင် မကောင်း
ဖြစ်တတ်တယ်။ လှူချင်တန်းချင်တာ
လာရင် တော်တော့" ဆိုပြီး မိန့်
အဲဒီနောက်ပိုင်း လေးလေးကို
လာကန်တော့၊ ဒီလူက လာ
ကိုယ့်စိတ်မှာ လှူချင်တာလေးတွေ
ရပြီပေါ့'

'ကိုယ့်ဆန္ဒလေးတွေ
တော့ စိတ်ချမ်းသာနေတာပေါ့
လေးလေးရာ'

'အေးပေါ့... လေးလေး စား





www.burmeseclassic.com

www.burmeseclassic.com

# စက်ငှက်မှာ

ပြေးလိုက်နေတဲ့မိန်းမ

တောင်တွင်း ကျော်ငြိမ်း



လွန်ခဲ့တဲ့ ၁၉၉၄ ခုနှစ်လောက်က …ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ …နဲမြို့မှာ လမ်းဆောက်လုပ်ရေး …ဌာနအဖွဲ့(၂)မှ တာဝန်ယူ၍ …ယာဥ်ကွင်းသစ်ကြီး တစ်ခုကို …ည်ဆောက်ခဲ့ပါသည်။

အဲဒီစီမံကိန်းမှာ စာရေးသူဟာ …ထမ်းတစ်ဦးအဖြစ် တာဝန်ထမ်း …ဆောင်နေသည့် အချိန်ကပါ။ စီမံကိန်း …လုပ်ငန်းများ အမြန်ပြီးစေရန် အထက် …ကြီးများ၏ ညွှန်ကြားချက်အရ …လုပ်ငန်းများအား မနားမနေ ကြိုးပမ်း …ဆောင်ရွက်နေချိန် ဖြစ်ပါသည်။

စာရေးသူ လုပ်ကိုင်သည့် အပိုင်းမှာ …မြေကြီးလုပ်ငန်း ဖြစ်ပါသည်။ ကျွန်တော် …နှင့်အတူ ပူးတွဲတာဝန်ယူရသည့် ပုဂ္ဂိုလ် …ကတော့ ဦးအောင်ကြည်ပါ။ သူက …ခင်းအလုပ်များနှင့် စာရေးသူက …ပိုင်းကို တာဝန်ယူ ဆောင်ရွက်ကြ …ပါသည်။

ကျွန်တော်တို့ မြေကြီးလုပ်ငန်း၏ တာဝန်ခံ အင်ဂျင်နီယာမှာ ဦးကျော်လှိုင် (ယခု အင်ဂျင်နီယာမှူး) ဖြစ်ပါသည်။ ထိုစဥ်က ဦးကျော်လှိုင်မှာ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဖြစ်ပြီး ဦးအောင်ကြည်နှင့် စာရေးသူတို့မှာ အင်ဂျင်နီယာ(စ)မြို့ပြများ ဖြစ်ကြပါသည်။

နေ့ခင်းပိုင်း အလုပ်ကို နံနက်(၆) နာရီမှာစ၍ (၁၁)နာရီမှာ ထမင်းစားချိန် (၁)နာရီ နားပါသည်။ နေ့လယ်(၁၂) နာရီမှာ လုပ်ငန်းပြန်စ၍ ညနေ(၅) နာရီမှာ တစ်ကြိမ် ရပ်နားပါသည်။

ညလုပ်ငန်းများကို ညနေ(၆)နာရီ အချိန်ပြန်စပြီး ည(၁၁)နာရီတွင် ရပ်နားပါသည်။ လုပ်ငန်း လိုအပ်ချက်အရ (၁၂)နာရီအထိသော် လည်းကောင်း၊ ည(၁)နာရီထိသော် လည်းကောင်း၊ နာရီပြန်(၂)ချက်ထိသော် လည်းကောင်း လုပ်ရသည်များလည်း ရှိပါသည်။

အင်ဂျင်နီယာမှူးသည် နံနက်(၇) နာရီဝန်းကျင်တွင် လုပ်ငန်းခွင်အားလုံးသို့ လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညွှန်ကြားပါသည်။

လက်ထောက် အင်ဂျင်နီယာမှာ နေ့ခင်းပိုင်းတွင် ရုံးလုပ်ငန်းများနှင့် တခြားအရေးကြီးကိစ္စများမှအပ ကျန် အချိန်များတွင် အချိန်ပြည့် အလုပ်ခွင်မှာ ကြီးကြပ်လျက် ရှိနေပါသည်။

ညအချိန်များမှာတော့ အင်ဂျင်နီယာမှူးနှင့် လက်ထောက်အင်ဂျင်နီယာတို့က ည(၈)နာရီဝန်းကျင်တွင် လာရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားကာ ပြန်သွားလေ့ရှိပါသည်။ သူတို့၏ ညွှန်ကြားချက်အတိုင်း ကျွန်တော်တို့က လုပ်ငန်းကို အကောင်အထည် ဖော်ကြရပါသည်။

တစ်ညမှာတော့ အင်ဂျင်နီယာမှူး ဦးဘွန်ကြည်က ပုံမှန်အတိုင်းပင် လာရောက်ကြည့်ရှုပြီး ပြန်သွားပါပြီ၊ လက်ထောက်အင်ဂျင်နီယာ ဦးကျော်လှိုင်မှာ တခြားအလုပ်ကိစ္စတစ်ခု ရှိနေ၍ ပုံမှန်

www.burmeseclassic.com

အချိန်တွင် လုပ်ငန်းခွင်သို့ ရောက်မလာသေးပါ။

အဲဒီညက ကျွန်တော်တို့ အလုပ်လုပ်နေသော လုပ်ငန်းခွင်မှာ မြေလမ်းအဟောင်းနှင့် မြေလမ်းအသစ် ဆုံသည့် နေရာ၏ တောင်ဘက်အခြမ်း နမ့်စန်–မိုးနဲ ဆက်သွယ်ထားသည့် ကားလမ်းဘက်သို့ ဦးတည်သော အပိုင်းများရှိသည့် ဧရိယာတွင် မြေကြီးလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ မြေကြီးလုပ်ငန်းခွင်မှာ မြေထိုးစက်၊ မြေခြစ်သယ်စက်၊ မြေသိပ်စက်၊ မြေညှိစက်၊ မြေကော်တင်စက်နှင့် မြေမော်တော်ယာဉ်များ ရှိပါသည်။ ယင်းစက်ယာဉ်များနှင့် လုပ်ငန်းများ ဆောင်ရွက်ကြရပါသည်။

အဲဒီည(၁၀)နာရီခန့်တွင် မြေအောက်တင်စက် မောင်းသော မောင်အေးကြွေ ဆိုသူက စာရေးသူအား ပြောပါသည်။

'ဆရာ ကျောက်ခွဲစက်က ဆရာဦးတင်မြင့်နဲ့ ဆရာဦးလှအင်တို့က မှာလိုက်ပါတယ်။ ဆရာ့ကို ပြောပြီး (၁၀)နာရီလောက်မှာ ကျောက်ခွဲစက်ကို လာခဲ့ပါတဲ့။ ဆရာ့ကို သေသေချာချာ ပြောပြပါလို့ မှာလိုက်ပါတယ်'

ပုံမှန်အားဖြင့်တော့ မြေကော်တင်စက်သည် ကျွန်တော့်အလုပ်သိမ်းမှ ကျောက်ခွဲစက်ကို သွားလုပ်ရတာဖြစ်ပါသည်။ ဒါပေမယ့် ကျောက်ခွဲစက်အလုပ်မှာ အရေးတကြီး လိုအပ်လာလျှင်တော့ လိုသည့်အချိန်မှာ စက်ကို လွှတ်ပေးရတာလည်း ရှိပါသည်။

ကျွန်တော်တို့တစ်တွေသည် တစ်ဦးနှင့်တစ်ဦး လက်တွဲပြီး တိုင်ပင်ကြကာ လုပ်ငန်းအောင်မြင်ရေးကို အဓိကထားပြီး ဆောင်ရွက်ခဲ့ကြတာပါပဲ။ တစ်ဦးမှာ လိုအပ်ချက်ရှိလျှင် အခြားသူများက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသည်။

ကျွန်တော်လည်း ည(၁၀)နာရီသာသာ အချိန်လောက်မှာ မောင်အေးကြွေကို ခေါ်ပြီး သူ၏စက်အား ကျောက်ခွဲစက်သို့ လွှတ်လိုက်ပါတော့သည်။

အေးကြွေ၏ မြေကော်တင်စက် ထွက်သွားပြီး မကြာလိုက်ပါ။ လက်ထောက်အင်ဂျင်နီယာ ဦးကျော်လှိုင်၏ကား ရောက်ရှိလာပါသည်။ ဦးကျော်လှိုင်၏ကားက မြေလမ်းအဟောင်းဘက်က မောင်းအလာ၊ အေးကြွေ၏စက်က လုပ်ငန်းဆောင်ရွက်ဆဲ ပြေးလမ်းအသစ်ဘက်က ကျောက်ခွဲစက်သို့အသွား ကိုက်(၁၀၀)ခန့်လောက် အကွာအဝေးမှာ ဆက်၍ မောင်းသွားပါသည်။ လက်ထောက်အင်ဂျင်နီယာ၏ ကားကလည်း ကျွန်တော်တို့ လုပ်ငန်းခွင်သို့ ရောက်ရှိလာပါသည်။

"ရောက်သည်ဆိုလျှင်ပဲ...

'အေးကြွေဆိုတဲ့အကောင်... မိန်းမတစ်ယောက် ခေါ်လာပြီး စက်ပေါ်တော့ မတင်ဘူးဗျ။ လူကြီးတွေ သူ့မှာ ပေါက်မှာကြောက်လို့နဲ့တူတယ်။ ကောင်မလေးကို စက်နောက်က လိုက်ခိုင်းထားတယ်။

လူကြီးတွေ မမြင်ရတဲ့ နေရာရောက်မှ စက်ပေါ်ကို ခေါ်တင်မှာနဲ့တူတယ်။ ပြေးလိုက်ရလို့နဲ့ တူပါရဲ့ဗျာ... ဆံထုံးလဲပြေလျော့ပြီး ဆံပင်တွေက ဖားလျားကျလို့...ခင်ဗျားဆီက ထွက်သွားတော့ မမြင်လိုက်ဘူးလား'

အဲဒီလို ဦးကျော်လှိုင်က မေးပါသည်။

'အေးကြွေရဲ့စက် ဒီကအသွားမှာ သူ့ညီအေးချို့နဲ့သူ ညီအစ်ကိုနှစ်ယောက်ပါပဲ၊ မိန်းမတစ်ယောက်မှ မပါ,ပါဘူးခင်ဗျာ။ ဒီနားက လုပ်ဖော်ကိုင်ဖက်တွေ အားလုံး သိကြပါတယ်'

ကျွန်တော့်အနီးမှာရှိသည့် လူအားလုံးကလည်း မည်သည့် မိန်း[...] မပါကြောင်း၊ သူ့ညီအေးချို[...] ယောက်သာ အဖော်အဖြစ် လိုက်[...] သွားကြောင်း ပြောပြကြပါသည်။

လက်ထောက် အင်ဂျင်နီ[...] ဦးကျော်လှိုင်၏ မျက်စိဖြင့် အ[...] အရှား မြင်လိုက်ရသည့် မျက်[...] ကိုယ်တွေ့ပါ။ ဦးကျော်လှိုင် စကား[...] လည်း ငြင်းဖွယ်ရာ မဟုတ်[...] မှန်သောစကား ဖြစ်သည်ဆို[...] ကျွန်တော်တို့ အကြွင်းမဲ့ ယုံကြည်[...] ပါသည်။

အဲဒီအချိန် ဒေသခံတစ်ဦးဖြစ်[...] ကျွန်တော်တို့ အလုပ်ထဲမှ ဦးအော[...] ညွှန့်ဆိုသူက အောက်ပါအတိုင်း [...] ပြပါသည်။

'ဆရာတို့ လေယာဉ်ကွင်းစီမံကိန်း [...] ဟိုးအရင်ကတည်းက လေယာဉ်ကွင်း[...] အချိန်မှဲ့ ဖြတ်သွားဖြတ်လာ လုပ်[...] တွေဟာ မကြာခဏဆိုသလို [...] နောက်က မိန်းမတစ်ယောက် လို[...] တတ်ကြောင်း ကိုယ်တွေ့ကြုံခဲ့[...] တစ်ဆင့် ကျွန်တော် ကြားခဲ့[...] ကျွန်တော်တို့ မြို့ခံလူ အများ[...] သိနေကြပါတယ် ဆရာ'

အဲဒီလို ဦးအောင်ညွှန့်က ရှ[...] သည်။

ယခု အေးကြွေ၏ စက်နော[...] ပြေးလိုက်နေသည့် မိန်းမသည် "[...] **လောကသူတစ်ဦး"** ဖြစ်သည်[...] ကျွန်တော်တို့ သိကြရပါတော့[...] ခင်ဗျား...။


ချစ်လှစွာသော စာဖတ်ပရိသ[...] အတွက် ဖြစ်ရပ်မှန်တစ်ခုအား [...] အတိုင်း တင်ပြအပ်ပါသည်။

**တောင်တွင်း ကျော်ငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com




# ဦးသူတော်ကြီး

ခွင့်လွှတ်ပေလိုသာ

## ညောင်ပင်နှင့် ဦးသူတော်

မြန်မာလူမျိုးအများစု၏ အယူအဆ တွင် သစ်ပင်များ၌ သစ်ပင်စောင့်နတ် ရှိသည်ဟု ယုံကြည်ကြပြီး သစ်ပင်ကြီး တွင်မူ ရုက္ခစိုးနတ်ရှိသည်ဟု ယုံကြည် ကာ သက်တမ်းရှည် ညောင်ပင်ကြီးများ တွင်မူ **ဦးသူတော်(ဖိုးသူတော်)**ရှိ သည်ဟု ယုံကြည်ကြပါသည်။

မြတ်စွာဘုရားသည် ဗောဓိ ညောင်ပင်ခြေရင်း ရွှေပလ္လင်ပေါ်၌ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ညောင်ပင်သည် သစ်ပင်များအနက် မြင့်မြတ်သောအပင်ဖြစ်၍ သူတော် ကောင်းတို့ မှီတင်းနေထိုင်သည်ဟု ယုံကြည်ကြပါသည်။

ညောင်ပင်ကြီးများသည် မြို့ဦးထိပ်၊ ရွာဦးထိပ် စေတီများအနီး၊ ဘုန်းတော် ကြီးကျောင်းများအနီး၌ အများဆုံး ရှိ ကြပြီး အကိုင်းအခက်များ ဝေဆာ အုံဆိုင်းကာ ယုံကြည်သူအချို့က ညောင်ပင်ကြီးများ၏ ပင်စည်တွင် ဖြစ် စေ၊ သီးခြားဖြစ်စေ သစ်သားဖြင့်(၄) တိုင်စင် နတ်ကွန်းလုပ်ထားသည်။

ထို့နောက် ညဉ့်ပိုင်းနှင့် မနက် စောစောအချိန်တို့၌ ဖယောင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူခြင်းများ ပြုလုပ်ကြပါ သည်။

အဆိုပါ ညောင်ပင်အောက်နှင့် နတ်ကွန်းအနီးတွင် အညစ်အကြေးစွန့် ခြင်း၊ မဖွယ်မရာပြုမူ ပြောဆိုခြင်းများ မပြုကြပါ။

ညောင်ပင်ကြီးများရှိ ဦးသူတော်တို့ သည် ယင်းတို့ကို ယုံကြည်အားထား သူများအား ကူညီတတ်သောကြောင့် အချို့က သားသမီးရတနာ ရရှိအောင် ဆုတောင်းခြင်း၊ စီးပွားဥစ္စာပေါများ ကြွယ်ဝအောင် ဆုတောင်းခြင်း ပြုကြ ပါသည်။

ဆုတောင်း ပြည့်သူများရှိသလို မပြည့်သူများလည်း ရှိပါသည်။ ကျွန်တော့်အနေနှင့်မူ ညောင်ပင်ကြီး များတွင် ဦးသူတော်ရှိသည်ကို ယုံကြည်ပါသည်။ ယုံကြည်ရသည့် အကြောင်းမှာ...

## ညောင်ကိုင်းကို ခုတ်ပြီး ညောင်ပင် ကြီးအောက်၌ သစ်ရွက်ခြောက်များ မီးရှို့ခဲ့ခြင်းကြောင့် သတိပေးခံရပုံ

ကျွန်တော် ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့တွင် အထွေထွေ အုပ်ချုပ် ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန် ထမ်းဆောင်နေစဉ်က ဖြစ်ပါ သည်။

www.burmeseclassic.com

ထိုမြို့တွင် ဌာနမှ ဆောက်လုပ်ပေးထားသောအိမ်မှာ ဝန်ထမ်းကုန်းရပ်ကွက်တွင် ခြံဝင်းကျယ်ကြီး(၁)စု အတွင်း၌ အင်္ဂလိပ်လက်ထက်ကပင် ဆောက်လုပ်ထားခဲ့ရာ ရှေးခေတ်ဘိုတဲပုံစံ ဖြစ်ပါသည်။

ဘိုတဲမှာ (၂)ထပ်ဖြစ်ပြီး ရှေ့တွင် ဆင်ဝင်ရှိကာ ဆင်ဝင်နှင့် ကပ်လျက်တွင် ညောင်ပင်ကြီး(၁)ပင်မှာ ဘိုတဲသက်တမ်းနှင့်အတူတူ နှစ်(၁၀၀) ဝန်းကျင် သက်တမ်းရှိသည်ဟု ခန့်မှန်းရပြီး လုံးပတ်လည်း ကြီးကာ အကိုင်းအခက်များ ဝေဆာ အုပ်ဆိုင်းနေပါသည်။

ညောင်ပင်ကြီး အောက်ခြေတွင် (၄)တိုင်စင် သစ်သားနတ်စင်တစ်ခု ရှိပါသည်။ ကျွန်တော်တို့မိသားစုသည် ဘိုတဲအပေါ်ထပ်တွင် နေပါသည်။

အဲဆိုပါ ဘိုတဲသို့ စရောက်သည့်နေ့က အခြားဒေသသို့ ရာထူးတိုးဖြင့် ပြောင်းရွှေ့တော့မည့် ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်မှာ ညောင်ပင်ကြီးတွင် သူတော်စင် ဦးသူတော်ကြီး ရှိကြောင်း...

ညောင်ပင်အောက်ခြေတွင် အညစ်အကြေးစွန့်ခြင်း၊ အမှိုက်သရိုက် သားငါးများ ပစ်ခြင်း၊ ညောင်ပင်ကိုင်းများကို ခုတ်ခြင်း၊ သစ်ရွက်ခြောက်များကို မီးရှို့ခြင်း၊ ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောဆိုခြင်းတို့ကို ဦးသူတော် မကြိုက်ကြောင်း...

နတ်စင်တွင် ညအချိန် မီးပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်းတို့ကို ပြုလုပ်ပေးရန် သူနေခဲ့သည့် နှစ်များအတွင်း အထက်ပါအတိုင်း ပြုလုပ်ပေးခြင်းကြောင့် ဘေးအန္တရာယ်များ ကင်းရှင်းကြောင်း ပြောပါသည်။

ရုံးမှ ဒေသခံ ဝန်ထမ်းများကလည်း ညောင်ပင်ကြီးတွင် ဦးသူတော် ရှိသည်



ကို ဝန်ထမ်းကုန်းရပ်ကွက် တစ်ခုလုံး သိကြောင်း ပြောပါသည်။

ထို့ကြောင့် ကျွန်တော်သည် ညောင်ပင်ကြီးအောက် သန့်ရှင်းရေးလုပ်ခြင်း၊ နတ်စင်တွင် မီးထွန်းခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူခြင်းတို့ကို မပြတ် ဆောင်ရွက်ခဲ့ပါသည်။

တာဝန်ထမ်းဆောင်၍ မကြာခင် တစ်ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းရုံးက အစည်းဝေးဖိတ်သဖြင့် တိုင်းရုံးစိုက်ရာ ပုသိမ်မြို့သို့ အစည်းဝေးသွားတက်ရာ ဘိုတဲတွင် ဇနီးဖြစ်သူနှင့် တူ(၁)ဦး ကျန်ခဲ့ပါသည်။

ဇနီးဖြစ်သူသည် ဘွဲ့ရတစ်ဦးဖြစ်ပြီး လောကီရေးရာများကို ယုံကြည်မှုမရှိ၊ အလေးအနက်လည်း မထားသူ ဖြစ်ပါသည်။ တူဖြစ်သူမှာလည်း လူငယ်သာ ဖြစ်သောကြောင့် ထူးထူးထွေထွေ မစဉ်းစားတတ်သေးပါ။

ပထမနေ့တွင် အစည်းအဝေး မပြီးသဖြင့် ပုသိမ်မြို့ တည်းခိုခန်းတွင် ညအိပ်ပါသည်။ ညပိုင်းတွင် ဇနီးဖြစ်သူထံ ဖုန်းဆက်ရာ နေကောင်းကြောင်း အိမ်ကို စိတ်မပူဘဲ အစည်းဝေး ဆက်တက်ရန် ပြောပါသည်။

နံနက်ပိုင်း အိပ်ရာထစတွင် ဇနီးဖြစ်သူထံ ဖုန်းဆက်ရာ ဇနီးဖြစ်သူက...

'ညတုန်းက အကောင်းကြီး ဒီမနက်အိပ်ရာထမှ လမ်းလျှောက်လို့ မရတော့ဘူး ဖုန်းရှိရာကို တရွတ်ဆွဲပြီး လာရတယ်၊ အိမ်သာကိုလဲ တရွတ်ဆွဲသွားရတယ်။ သိပ်ဒုက္ခ ရောက်တယ်'

ဟု ငိုသံပါနှင့် ပြောပါသည်။ ကျွန်တော် အလွန် ထိတ်လန့်သွားပြီး ကျွန်တော်က...

'လေဖြတ်တာလား'

ဟု မေးရာ...

'မဟုတ်ဘူး... ဘယ်လိုမှ မနေဘူး ပါးလဲ မရွဲ့ဘူး၊ ခေါင်းလဲ ကြည်လင်တယ်၊ လမ်းမလျှောက်နိုင်တာ တစ်ခု ရှိတယ်၊ ကျန်တာ အကုန်ကောင်းတယ်'

ဟု ပြောပါသည်။

'မနေ့ညနေက ဘာတွေလုပ်သလဲ'

ဟု မေးရာ...

'ဘာမှ ထူးထူးထွေထွေ မလုပ်ဘူး အိမ်... ခြံထဲ သန့်ရှင်းရေးလုပ်တယ်။ ညောင်ရွက် ခြောက်တွေကို တံမြက်လှည်း စုပုံပြီး မီး... တယ်။ ဆင်ဝင်နဲ့ မလွတ်တဲ့ ညောင်ကိုင်း... တူလေးကို ခုတ်ခိုင်းတယ်။ ဒါပဲလုပ်... ရှိတယ်'

ဟု ပြောပါသည်။

'ဘယ်နားမှာ မီးရှို့တာလဲ'

ဟု မေးရာ...

'ညောင်ပင်အောက်က နတ်စင်နား... ရှို့တာ'

ဟု ပြောပါသည်။

'ဒါဆို ဒုက္ခတော့ရောက်ပြီ အညစ်အကြေး... စွန့်တာတောင် မကြိုက်တာ၊ ညောင်ကိုင်း... ခုတ်၊ မီးလဲ ရှို့ဆိုတော့ သည်းခံမှာမ... တစ်ခုခုတော့ သတိပေးတာနေမှာ'

ဟု တွေးမိပြီး ဖုန်းပြောပြီးသည်... တည်းခိုခန်း၌ပင် ဘုရားရှိခိုးပြီး ညောင်... ပင်ကြီးရှိ ဦးသူတော်ထံ စိတ်ညွတ်... မသိနားမလည်သော 'ဇနီးဖြစ်သူ... များပွင့်မှုကို သည်းခံခွင့်လွှတ်... ရန် အဝေးကနေ လှမ်းတော... လိုက်ပါသည်။

သွေးသားရောဂါဟုတ်၍ ချက်...





www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ် မဖြစ်နိုင်သေးသောကြောင့် ဇနီးဖြစ်သူကို ဆေးရုံသို့ မသွားစေတော့ပါ။

ထို့နောက် အစည်းဝေးခန်းဝင်ပြီး လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် လူကြီးများနှင့် လုပ်ငန်းအရပ်ရပ် ဆောင်ရွက်နေခြင်းကြောင့် ဇနီးဖြစ်သူ အကြောင်းကို မတွေးတောနိုင်တော့ပါ။

နေ့လယ်ပိုင်း အစည်းဝေးပြီးလျှင် ပြီးချင်း နေအိမ်သို့ မော်တော်ယာဉ်ဖြင့် ပြန်ခဲ့ရာ ဇနီးဖြစ်သူမှာ တရွတ်ဆွဲသွားနေသည့်အခြေအနေမှ ထိုင်နိုင်ထနိုင် ဖြစ်နေသည်ကို တွေ့ရပါသည်။

လမ်းကောင်းကောင်း မလျှောက်နိုင်သေးပါ။ ကျွန်တော်သည် ခရီးဆက်မဆိုက်ပင် ညောင်ပင်အောက်ရှိ နတ်စင်ရှေ့ရှိ မီးရှို့ထားသော သစ်ရွက်ခြောက်ပြာများကို ရှင်းခြင်း၊ သန့်ရှင်းအောင် ရေဖျန်းခြင်း၊ နတ်စင်တွင် ပန်းအသစ်၊ ရေချမ်းအသစ်များ ကပ်လှူခြင်း၊ အမွှေးတိုင်၊ ဖယောင်းတိုင် ထွန်းညှိပူဇော်ပါသည်။

ဇနီးဖြစ်သူမှာ ဘိုတဲပေါ်မှ အောက်သို့ မဆင်းနိုင်သေး၍ ကျွန်တော်တစ်ဦးတည်းပင် ဇနီးဖြစ်သူ၏ မှားယွင်းမှုကို ခွင့်လွှတ်ပေးပါရန်၊ နောက်ထပ်မဖြစ်စေရန် စောင့်ထိန်းပါမည် ဖြစ်ကြောင်း ဦးသူတော်ကြီးကို တောင်းပန်ပါသည်။

ဇနီးဖြစ်သူကိုလည်း ဘိုတဲပေါ်မှ နေ၍ တောင်းပန်စေပါသည်။

ညနေပိုင်းအချိန်တွင် ဇနီးဖြစ်သူမှာ ဘိုတဲပေါ်၌ လမ်းပြန်လျှောက်နိုင်အောင် တိုးတက်လာပါသည်။

ခြေထောက်များ ကွေး၍ဆန့်၍ ကောင်းသေးသဖြင့် ဘိုတဲလှေကားမှ ဆင်းခြင်း၊ တက်ခြင်း မပြုနိုင်သေး။ ထိုနေ့ ညမှောင်ရီပျိုးချိန်တွင် ညောင်ပင်ကြီးအောက်ရှိ နတ်စင်တွင် ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်း၍ သောက်ရေကပ်ပြီး ဇနီးဖြစ်သူ၏ မှားယွင်းမှုကို ခွင့်လွှတ်ပါရန် ဦးသူတော်ကြီးကို ဒုတိယအကြိမ် တောင်းပန်ပါသည်။

နောက်တစ်နေ့ မနက် အိပ်ရာထပြီးနောက် ဇနီးဖြစ်သူသည် အုံ့ဩစရာကောင်းလောက်အောင် ဘိုတဲအောက်သို့ ဆင်းခြင်း၊ တက်ခြင်း ပုံမှန်သွားလာ လှုပ်ရှားခြင်းတို့ကို ပြုနိုင်ပါတော့သည်။

ကျွန်တော်က စိတ်မချသဖြင့် **"လမ်းလျှောက်ရတာ မူလအတိုင်း ပြန်ဖြစ်လာပြီလား"**ဟု မေးရာ **"မူလအတိုင်းပြန်ဖြစ်သွားကြောင်း"** ပြောပါသည်။

ဤဖြစ်စဉ်တွင် ဇနီးဖြစ်သူ၏ လမ်းမလျှောက်နိုင်လောက်အောင် တရွတ်ဆွဲသွားနေရသော ရောဂါသည် သွေးသားကြောင့်ဖြစ်သော ရောဂါဆိုပါက ရုတ်တရက် ကောက်ကာငင်ကာ ဖြစ်ပြီး တစ်ညအိပ်နှင့်ပင် ကင်းကင်းရှင်းရှင်း ပြန်ပျောက်သွားမည် မဟုတ်ပါ။

သို့သော် သူတော်ကောင်းနေသည့် နေရာအောက်တွင် မီးရှို့ခြင်း၊ သူတော်ကောင်းနေသည့် ညောင်ပင်မှ သစ်ကိုင်းကို ခုတ်ခြင်းတို့ကြောင့် ဦးသူတော်ကြီးက သတိပေးခြင်းသာဖြစ်သည်။

မှားယွင်းမှုကို ခွင့်လွှတ်ပါရန် တောင်းပန်လိုက်သောအခါ ဦးသူတော်ကြီးက ခွင့်လွှတ်သဖြင့် တစ်ညအိပ်နှင့်ပင် မူလအတိုင်း ပြန်လည်ကောင်းမွန်လာသည့် ကိုယ်တွေ့ဖြစ်ရပ်ကို စာရှုသူများ ဖတ်ရှု သတိပြု ဆင်ခြင်နိုင်ပါရန် မျှဝေပေးလိုက်ပါသည်။

**မောင်ကံ(တံတားရွာ)**

---

**စာမျက်နှာ (၂၆၂)မှ အဆက်**

မလှုပ်မယှက်ကြီးကွ။

စောစောကလို ကွယ်ပျောက်မသွားဘူး။ နောက်ထပ် ဆက်ပစ်ရအောင်ဘာမှမရှိဘူး။ ဓာတ်မီးတစ်လက်သာရှိတော့တာ။ ကြက်သီးတွေထ၊ ခေါင်းနားပန်းကြီးလာပြီး ရွာကို တချိုးတည်းဆောင့်ပြေးလာရတယ်။

တစ္ဆေမက ငါ့ဦးခေါင်း လာမရှင်းမိနဲ့ ခုတ်မှာ သူသိတယ်ကွ။ ဒါကြောင့် ဝေးဝေးက မြေကြီးကို ပုတ်နှိုးတာ။ လူတို့ရဲ့ စိတ်အကြံကို သိတယ်'

'သိတာပေါ့ကွ၊ ငါ့ခေါင်း လာမှတာတောင် အိပ်ပျော်နေမှန်းသိလို့ လာမှတာ၊ အိပ်ချင်ယောင်ဆောင်နေတော့ မအိပ်မှန်းသိလို့ အနားတောင် မလာဘူး။

ပရလောကသားတွေမှာလဲ သူတို့ရဲ့ ဘဝအဆင့်အတန်းအလိုက် ကမ္ဘာ့ဗီဇ[?]တန်ခိုးတွေ ရှိကြတယ်။ အတိတ်က ပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်ကံတွေလိုက်ပြီး အကျိုးပေးတာ'

'အေး ဟုတ်တာပေါ့'

ကိုစံသည် ကိုစိန်ငွဲ့ပေးသော ရေနွေးကြမ်းတစ်ခွက်ကို မော့ချလိုက်သည်။

'ကဲ...ငါလဲ ညက ယုန်ထောင်ထားခဲ့တဲ့ပိုက်တွေ သွားဖြုတ်ခဲ့ဦးမယ်ကွာ။ ဟဲ...ဟဲ...ဟဲ...ညက တစ္ဆေမကို လှမ်းပစ်လိုက်တဲ့ ဓားမတိုလေး ကိုလဲ ယူရဦးမှာ'

ကိုစံသည် ပြောပြောဆိုဆို တောင်ကုန်းဆီသို့ သွားပါတော့သည်။

**မှတ်ချက် ။ ။ အနှစ်(၅၀)ခန့်က ဖြစ်ရပ်မှန်ကလေးတစ်ခု ဖြစ်ပါသည်။ နာမည်များကို ပြောင်းလဲထားပါသည်။ ပြောပြခဲ့သူမှာ စာရေးသူ၏ဦးလေး (ဦးလုစိန်) ဖြစ်ပါသည်။**

**စလင်း ဦးကျော်**



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ် မဖြစ်နိုင်သေးသောကြောင့် ဖနီးဖြစ်သူကို ဆေးရုံသို့ မသွားစေတော့ပါ။

ထို့နောက် အစည်းဝေးခန်းဝင်ပြီး လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် လူကြီးများနှင့် လုပ်ငန်းအရပ်ရပ် ဆောင်ရွက်နေခြင်းကြောင့် ဖနီးဖြစ်သူ အကြောင်းကို မတွေးတောနိုင်တော့ပါ။

နေ့လယ်ပိုင်း အစည်းဝေးပြီးလျှင် ကြီးချင်း နေအိမ်သို့ မော်တော်ယာဉ်ဖြင့် ပြန်ခဲ့ရာ ဖနီးဖြစ်သူမှာ တရွတ်ဆွဲသွားနေသည့်အခြေအနေမှ ထိုင်နိုင်ထနိုင် ဖြစ်နေသည်ကို တွေ့ရပါသည်။

လမ်းကောင်းကောင်း မလျှောက်နိုင်သေးပါ။ ကျွန်တော်သည် ခရီးဆက်မဆိုက်ပင် ညောင်ပင်အောက် ရှိ နတ်စင်ရှေ့ရှိ မီးရှို့ထားသော သစ်ရွက်ခြောက်ပြာများကို ရှင်းခြင်း၊ သန့်ရှင်းအောင် ရေဖျန်းခြင်း၊ နတ်စင်တွင် ပန်းအသစ်၊ ရေချမ်းအသစ်များ ကပ်လှူခြင်း၊ အမွှေးတိုင်၊ ဖယောင်းတိုင် ထွန်းညှိပူဇော်ပါသည်။

ဖနီးဖြစ်သူမှာ ဘိုတဲပေါ်မှ အောက်သို့ မဆင်းနိုင်သေး၍ ကျွန်တော် တစ်ဦးတည်းပင် ဖနီးဖြစ်သူ၏ မှားယွင်းမှုကို ခွင့်လွှတ်ပေးပါရန်၊ နောက်ထပ်မဖြစ်စေရန် စောင့်ထိန်းပါမည် ဖြစ်ကြောင်း ဦးသူတော်ကြီးကို တောင်းပန်ပါသည်။

ဖနီးဖြစ်သူကိုလည်း ဘိုတဲပေါ်မှ နေ၍ တောင်းပန်စေပါသည်။

ညနေပိုင်းအချိန်တွင် ဖနီးဖြစ်သူမှာ ဘိုတဲပေါ်၌ လမ်းပြန်လျှောက်နိုင်အောင် တိုးတက်လာပါသည်။

ခြေထောက်များ ကွေး၍ဆန့်၍ ကောင်းသေးသဖြင့် ဘိုတဲလှေကားမှ ဆင်းခြင်း၊ တက်ခြင်း မပြုနိုင်သေးပါ။ ထိုနေ့ ညမှောင်ရီပျိုးချိန်တွင် ညောင်ပင်ကြီးအောက်ရှိ နတ်စင်တွင် ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်း၍ သောက်ရေကပ်ပြီး ဖနီးဖြစ်သူ၏ မှားယွင်းမှုကို ခွင့်လွှတ်ပါရန် ဦးသူတော်ကြီးကို ဒုတိယအကြိမ် တောင်းပန်ပါသည်။

နောက်တစ်နေ့ မနက် အိပ်ရာထပြီးနောက် ဖနီးဖြစ်သူသည် အုံ့ဩစရာကောင်းလောက်အောင် ဘိုတဲအောက်သို့ ဆင်းခြင်း၊ တက်ခြင်း ပုံမှန်သွားလာ လှုပ်ရှားခြင်းတို့ကို ပြုနိုင်ပါတော့သည်။

ကျွန်တော်က စိတ်မချသဖြင့် **"လမ်းလျှောက်ရတာ မူလအတိုင်း ပြန်ဖြစ်လာပြီလား"**ဟု မေးရာ **"မူလအတိုင်းပြန်ဖြစ်သွားကြောင်း"** ပြောပါသည်။

ဤဖြစ်စဉ်တွင် ဖနီးဖြစ်သူ၏ လမ်းမလျှောက်နိုင်လောက်အောင် တရွတ်ဆွဲသွားနေရသော ရောဂါသည် သွေးသားကြောင့်ဖြစ်သော ရောဂါဆိုပါက ရုတ်တရက် ကောက်ကာငင်ကာ ဖြစ်ပြီး တစ်ညအိပ်နှင့်ပင် ကင်းကင်းရှင်းရှင်း ပြန်ပျောက်သွားမည် မဟုတ်ပါ။

သို့သော် သူတော်ကောင်းနေသည့် နေရာအောက်တွင် မီးရှို့ခြင်း၊ သူတော်ကောင်းနေသည့် ညောင်ပင်မှ သစ်ကိုင်းကို ခုတ်ခြင်းတို့ကြောင့် ဦးသူတော်ကြီးက သတိပေးခြင်းသာဖြစ်သည်။

မှားယွင်းမှုကို ခွင့်လွှတ်ပါရန် တောင်းပန်လိုက်သောအခါ ဦးသူတော်ကြီးက ခွင့်လွှတ်သဖြင့် တစ်ညအိပ်နှင့်ပင် မူလအတိုင်း ပြန်လည်ကောင်းမွန်လာသည့် ကိုယ်တွေ့ဖြစ်ရပ်ကို စာရှုသူများ ဖတ်ရှု သတိပြု ဆင်ခြင်နိုင်ပါရန် မျှဝေပေးလိုက်ပါသည်။

**မောင်ကာံ(တံတားရွာ)**

**စာမျက်နှာ (၂၆၂)မှ အဆက်**

မလှုပ်မယှက်ကြီးကွ။

စောစောကလို ကွယ်ပျောက်မသွားဘူး။ နောက်ထပ် ဆက်ပစ်ရအောင် ဘာမှမရှိဘူး။ ဓာတ်မီးတစ်လက်သာ ရှိတော့တာ။ ကြက်သီးတွေထ၊ ခေါင်းနားပန်းကြီးလာပြီး ရွာကို တချိုးတည်း ဆောင့်ပြေးလာရတယ်။

တစ္ဆေမက ငါ့ဦးခေါင်း လာမ,ရင် ဓားမနဲ့ ခုတ်မှာ သူသိတယ်ကွ။ ဒါကြောင့် ဝေးဝေးက မြေကြီးကို ပုတ်နှိုးတာ။ လူတို့ရဲ့ စိတ်အကြံကို သိတယ်'

'သိတာပေါ့ကွ၊ ငုံ့ခေါင်း လာမ,တာတောင် အိပ်ပျော်နေမှန်းသိလို့ လာမ,တာ၊ အိပ်ချင်ယောင်ဆောင်နေတော့ မအိပ်မှန်းသိလို့ အနားတောင် မလာဘူး။

ပရလောကသားတွေမှာလဲ သူတို့ရဲ့ ဘဝ အဆင့်အတန်းအလိုက် ကမ္မဇဣဒ္ဓိတန်ခိုးတွေ ရှိကြတယ်။ အတိတ်က ပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံတွေလိုက်ပြီး အကျိုးပေးတာ'

'အေး ဟုတ်တာပေါ့'

ကိုစံသည် ကိုစိန်ငွဲ့ပေးသော ရေနွေးကြမ်းတစ်ခွက်ကို မော့ချလိုက်သည်။

'ကဲ...ငါလဲ ညက ယုန်ထောင်ထားခဲ့တဲ့ပိုက်တွေ သွားဖြုတ်ချေဦးမယ်ကွာ။ ဟဲ...ဟဲ...ဟဲ...ညက တစ္ဆေမကို လှမ်းပစ်လိုက်တဲ့ ဓားမတိုလေး ကိုလဲ ယူရဦးမှာ'

ကိုစံသည် ပြောပြောဆိုဆို တောင်ကုန်းဆီသို့ သွားပါတော့သည်။

**မှတ်ချက် ။ ။ အနှစ်(၅၀)ခန့်က ဖြစ်ရပ်မှန်ကလေးတစ်ခု ဖြစ်ပါသည်။ နာမည်များကို ပြောင်းလဲထားပါသည်။ ပြောပြခဲ့သူမှာ စာရေးသူ၏ဦးလေး (ဦးလုစိန်) ဖြစ်ပါသည်။**

**စလင်း ဦးကျော်**



www.burmeseclassic.com

www.burmeseclassic.com

လူထို့၏

# စိတ်အကြံကို သိသော[illegible]

ပရလောကသား

စလင်း ဦးကျော်



မကျီးတန်းရွာကလေးသည် အိမ်ခြေ (၇၀)ကျော်ရှိသော ရွာကလေးဖြစ်သည်။ အထက်အညာဒေသတွင်ရှိပြီး ဧရာဝတီမြစ်ကမ်းနှင့် (၇)မိုင်ခန့်အကွာ၊ မြစ်၏ အနောက်ဘက်တွင်ရှိသည်။

ရွာ၏ အရှေ့ဘက်တွင် ဆည်ရေသောက် လယ်မြေများရှိပြီး ရွာ၏ တောင်ဘက်တွင် ကုန်းမြေများရှိသည်။ ယာမြေများဖြစ်ပြီး ဧက(၅၀၀၀) နီးပါးရှိသည်။

ရွာတွင် လယ်သမား၊ ယာသမားများနှင့် လယ်ယာလုပ်သားများ နေထိုင်ကြသည်။ ကိုပွေလီ၊ ကိုစိန်၊ ကိုစံနှင့် ကိုတက်တိုးတို့သည် တောင်ကုန်းမြေများပေါ်တွင် ညအခါ ယုန်လိုက်လေ့ရှိသည်။

တောင်ကုန်းပေါ်တွင် သန်း၊ ဒဟတ်၊ ဇီး(ဆီး)၊ ချင်းယား၊ နဘဲ၊ ထနောင်း၊ မန်ကျည်း၊ ကြောင်ဝါ၊ ရှားနှင့် ဂျုတ်ပင်များ အများဆုံး ပေါက်လေ့ ရှိသည်။

တောင်ကုန်းပေါ်တွင် နေရာများကို အမည်အသီးသီးနှင့် ခေါ်ဝေါ်ကြသည်။ **မထုံးကုန်း၊ အရိုးတောင်ကုန်း၊ စက်ကုန်း၊ ဖိုးလူးကန်ကွင်း၊ ဘဖိုးတေယာကွင်း၊ ဂျုတ်ပင်ကွင်း၊ ရေပိုကြီးကွင်း**စသည်ဖြင့် အမည်များ သမုတ်ထားကြသည်။

ဂျုတ်ပင်ကွင်းဟု ခေါ်ခြင်းမှာ မြေမျက်နှာပြင် ချိုင့်ဝှမ်းသော နေရာတွင် ဂျုတ်ပင်က ပေါက်နေသည်။ ချိုင့်ဝှမ်းမြေဖြစ်သဖြင့် မိုးရွာသောအခါ ရေများတင်ကျန်ရစ်ခဲ့ပြီး အစိုဓာတ်အတော်နှင့် မခြောက်သွေ့ပေ။

အစိုဓာတ်ကြောင့် မြက်များ အခြားနေရာထက် ရှင်သန်စိမ်းလျက်နေသည်။ မြက်များပေါသဖြင့် နွားကျောင်းသားများ ဆုံစည်းကြသည်။ နွားကျောင်းစားကျက်ကွင်းဖြစ်သည်။

ဂျုတ်ပင်မှာလည်း အရိပ်ကောင်းသဖြင့် နွားကျောင်းသားများ တရေးတမော အိပ်သောနေရာလည်း ဖြစ်သည်။ ပတ်ဝန်းကျင် ကျေးရွာများမှ နွားကျောင်းသမားများ ဆုံစည်းရာနေရာလည်း ဖြစ်သည်။

တစ်နေ့တွင် နွားကျောင်းသားများ နွားကျောင်းရင်း ဂျုတ်ပင်အောက်သို့ ရောက်လာကြသည်။ မြေကြီးများ ပွနေသည်ကို တွေ့ရသည်။ အမျိုးသမီးစီးဖိနပ်တစ်ရံနှင့် လက်ဆွဲငယ်ကလေးတစ်လုံးကို တွေ့ကြရသည်။

နောက်နေ့များတွင် ခါတိုင်းကဲ့သို့ နွားကျောင်းသားများသည် ဂျုတ်ပင်အောက်တွင် အိပ်ကြသည်။ အိပ်ပျော်သွားသောအခါ ဦးခေါင်းကို အ[illegible]သည်။

နိုး၍ ကြည့်သောအခါ ဦးခေါင်း[illegible]ကို မတွေ့ကြရပါ။ နောက်ပိုင်း၌ နွားကျောင်းသားများသည် အချင်း[illegible] နောက်ပြောင်ကြတာ မဟုတ်[illegible] သိလာသဖြင့် ဂျုတ်ပင်အောက်[illegible] မအိပ်ရဲကြတော့ချေ။

တစ်နေ့ နံနက်ပိုင်းတွင် မကျီး[illegible] ရွာမှ ကိုစိန်သည်။ ကုန်းပေါ်မှ ယာ[illegible] ဆီသို့ သွားရင်း ယုန်ခြေရာများ[illegible] ယုန်ကိုက်လမ်းများကို ရှာဖွေသည်[illegible]

ဂျုတ်ပင်ကွင်းသို့ ရောက်သော[illegible] ယုန်ခြေရာနှင့် ယုန်ချေးများကို [illegible] ပါသည်။ ယုန်ကိုက်လမ်းများကို[illegible] လတ်လတ်ဆတ်ဆတ် [illegible] ယုန်ကိုက်လမ်းနေရာကို [illegible] မှတ်ခဲ့ပြီး မကျီးတန်းရွာ (သူ၏ အိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့သည်။

ကိုစိန်သည် ရွာထဲသို့ ရောက်လျှင် သူနှင့် ယုန်လိုက်ဖက် ကိုပွေလီအိမ်ကို သွားသည်။

'ပွေလီရေ'

'ဟေ'

'မနက်က ဂျုတ်ပင်ကွင်းကို ငါ ရောက်ခဲ့တယ်။ ယုန်ခြေရာတွေနဲ့ ယုန်လိုက်လမ်းတွေ တွေ့ခဲ့တယ်' **(ယုန်လိုက်လမ်းဆိုသည်မှာ ယုန်ကလေးများသည် မိမိတို့သွားသော လမ်းကလေးများကို ဘေးမှ သစ်ခက်ကလေးအား ကိုက်၍ မှတ်သားထားကာ သွားလေ့ရှိသည်ကို ခေါ်ခြင်းဖြစ်သည်။)**

'သေချာသလား ဟေ့ မောင်စိန်'

'သေချာပါတယ်ဆိုကွာ'

'သေချာရင် ညနေချိန်မှာ ရွာက စောစောထွက်မယ်၊ ည ကုန်းပေါ်မှာ ယုန်လိုက်ကြမယ်ကွာ'

ညနေ (၅)နာရီထိုးသောအခါ ကိုပွေလီနှင့် ကိုစိန်တို့ ယုန်ထောင်မည့် ပိုက်များကို ထမ်းကာ တောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။ ဂျုတ်ပင်ကွင်းသို့ ရောက်လျှင် ပါလာသော ဆေးပြင်းလိပ်နှင့် ကွမ်းယာတို့ကို ထုတ်ကာ တောထိုင်ကြသည်။

**(တောထိုင်သည် ဆိုသည်မှာ ချုံပိုင်ကြီးများကို နေရာ သတ်မှတ်တောင်းပြီး ထိုနေရာအတွင်းတွင် ယုန်လိုက်ခွင့်တောင်းခြင်း ဖြစ်ပါသည်။)**

ယုန်ပိုက်များကို ထောင်ကြသည်။ ...ရက်ဖြစ်လို့ ခြေခင်းလက်ခင်း ...ရပေ။ ကိုပွေလီနှင့် ကိုစိန်တို့ ...သည် ယုန်စည်းတန်းပြီးလျှင် တရေး ...အိပ်ပြီးမှ ယုန်များကို ရှာဖွေ ...မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

နှစ်ယောက်သား ဂျုတ်ပင်အောက်သို့သွားကာ ပုဆိုးပိုများကို ဖြန့်ခင်းကာ အိပ်လိုက်ကြသည်။ ကိုပွေလီမှာ နေ့ခင်းက နွားကျောင်းခဲ့သူဖြစ်သည်။ ပင်ပန်းသဖြင့် အိပ်ပျော်သွားသည်။ တခေါခေါနှင့် အိပ်မောကျနေသည်။

ကိုစိန်မှာ နေ့ခင်းက အိပ်ခဲ့သည်က တစ်ကြောင်း အိပ်ရာလည်းပြောင်းနေသဖြင့် အိပ်မပျော်ဘဲ မျက်စိကျယ်နေသည်။ ည(၁၁)နာရီခန့်ရောက်မှ မျက်လုံးများ ဖန်စပ်လာသည်။

အနည်းငယ်ကြာလျှင် ကိုစိန် အိပ်ပျော်သွားသည်။ ကိုစိန် အိပ်ပျော်ခိုက် တစ်စုံတစ်ယောက်က ဦးခေါင်းကို မ,လိုက်သဖြင့် ကိုစိန်၏ ခေါင်းအပေါ်သို့ ကြွတက်လာသည်။

ကိုစိန် ဖျတ်ခနဲ နိုးလာပြီး မျက်လုံးများကို ဖွင့်ကြည့်သောအခါ လား... လား သူ၏ ဘေးတွင် လူတစ်ယောက် မတ်တတ်ရပ်နေသည်ကို တွေ့ရသည်။

ထိုလူကို သေချာစွာ ကြည့်သောအခါ အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။ ရုပ်ရည်ချောမောလှပပြီး သူ့ကို ပြုံးစိစိ လုပ်ပြနေသည်။ သို့သော် သူ၏ ခန္ဓာကိုယ်၌ ဘယ်ဘက်လက် မပါချေ။ ကြည့်နေရင်း အမျိုးသမီးမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ကိုစိန်သည် သူ၏ ခေါင်းကို လာမ, သူမှာ ပရလောကသားဖြစ်ကြောင်း သိလိုက်ရင်ပဲ ကြက်သီးမွေးညင်းများ ထသွားသည်။ သူသည် မျက်စိများကို ဖွဖွကလေး မှိတ်ကာ ကိုပွေလီဘက်သို့ ကြည့်နေသည်။

ကိုပွေလီနှင့် သူသည် တစ်လံသာ သာခြားနေသဖြင့် လက်,မကုတ်သာ ဖြစ်နေသည်။ ကိုစိန်ကြည့်နေရင်း အမျိုးသမီး ပြန်ပေါ်လာပြီး ကိုပွေလီ၏ ခေါင်းကို မ,နေပြန်သည်။

ကိုပွေလီကတော့ မနိုးပါ။ ဘယ် လောက်ပင် မ,နေနေ အိပ်ရေးကြီး လျက်ပင်။ အကြောက်အလန့်လဲ မရှိတဲ့ ကိုပွေလီပါ။

ကိုစိန်သည် မျက်လုံးများကို ဖွကာ ကြည့်နေရင်းမှ အိပ်ပျော်သွားသည်။ အိပ်ပျော်ရင်ပဲ ဦးခေါင်းကို လာမ,ပြန် သည်။

ကိုစိန် လန့်နိုးလို့ မျက်လုံးများဖွင့်ရာ စောစောက ဘယ်ဘက်လက်မပါ သော မိန်းမချောပရလောကသားပင် ဖြစ်သည်။

သူ့ကို ပြုံးပြလျက်။ ကြည့်နေရင်း ပျောက်သွားပြန်သည်။ ကိုစိန် ဇောချွေး တွေ ပြန်လာသည်။ ဆက်မအိပ်ရဲ တော့ပါ။

ပရလောကသားသည် လူ၏ စိတ် အကြံကို သိသည်။ ကိုစိန် အိပ်မပျော် ခင်တွင် ဦးခေါင်းကို မ,မဘဲ အိပ်ပျော် ခါမှ လာမ,သည်။

'ပွေလီ...ပွေလီ...ဟေ့...ပွေလီ'

'ဘာတုန်းကွ မောင်စိန်ရ'

'ထစမ်းပါကွာ တို့အိမ်ပြန်ကြမယ်'

'ဟ... တလားမှ ယုန်မလိုက်ရ သေးဘဲနဲ့ ဘာဖြစ်လို့ အိမ်ပြန်မှာတုန်း။ မင်းပဲ အဖော်စပ်လို့ ငါလိုက်လာတာ မဟုတ်လား'

'စပ်စပ် မစပ်စပ်ကွာ၊ အခုပြန်မယ် မနက်ကျမှ ယုန်ပိုက်တွေ လာဖြုတ် မယ်'

ကိုစိန်သည် ကိုပွေလီကို ...နှိုးကာ



www.burmeseclassic.com

www.burmeseclassic.com

ညတွင်းချင်း ရွာသို့ ပြန်ခဲ့ကြသည်။

နောက်နေ့ညနေတွင် ကိုစိန်နှင့် တစ်ရွာတည်းသား ကိုစံသည် ယုန်ထောင်မည့် ပိုက်ဖောင်များကို ညာဘက် ပခုံးပေါ်တွင် ထမ်းလာသည်။

ပုဆိုးအပိုတစ်ထည်ကို ခေါင်းပေါင်းထားသည်။ ရေဘူး၊ ဆေးလိပ်နှင့် သုံးခဲထိုးဓာတ်မီးတို့ကို လွယ်အိတ်ထဲထည့်ကာ ဘယ်ဘက်ပခုံးနှင့် ထမ်းလာသည်။

ကိုစိန်မှ...

'ဟေ့...မောင်စံ၊ ယုန်လိုက်သွားမလို့လား'

'အေးကွ'

'ဘယ်ကွင်းဆီ သွားထောင်ဖို့တုံး'

'ဂျုတ်ပင်ကွင်းဆီကို သွားမလို့ အဲဒီက ယုန်ပေါတယ်ကွ'

'အေး... အဲဒီက ယုန်ပေါပါတယ်။ သွားလိုက်ပေါ့ကွာ ဒါပေမယ့် မင်းကို ငါပြောစရာရှိတယ်'

'ပြောစရာရှိရင် ပြောကွာ'

'ဂျုတ်ပင်ကွင်းကို ယုန်တော့လိုက်ပေါ့၊ ဒါပေမယ့် ညအိပ်ရင် ဂျုတ်ပင်အောက်ကို မအိပ်နဲ့နော်'

'ဘာပြုလို့တုန်းကွ'

'အဲဒီအပင်မှာ တစ္ဆေမရှိတယ်။ မနေ့ညက ငါနဲ့ ပွေလီ အဲဒီကွင်းသွားပြီး ယုန်လိုက်ကြတယ်။ ညဦး ဂျုတ်ပင်အောက် အိပ်ကြတယ်။ ငါ့ခေါင်း တစ္ဆေမက လာလာမ,တယ်၊ တစ္ဆေမက ခပ်ချောချောပဲ။ ဒါပေမယ့် ဘယ်ဘက်လက်တစ်ဖက် မပါဘူးကွ။ အဲဒါ မင်းနဲ့ တွေ့နေမှာစိုးလို့ ငါက သတိပေးတာပါ'

'အောင်မယ်... မင်းက ငါ့များ တစ္ဆေကြောက်တတ်တဲ့ ကောင်များ မှတ်နေလား၊ တစ္ဆေမကြောက်လို့ တစ်ယောက်တည်းသွား ယုန်လိုက်မှာ မင်းတစ္ဆေမ ငါ့ခေါင်း လာ,ရင်တော့ ဓားမနဲ့ကို ခုတ်လိုက်မယ်'



ကိုစံသည် ခါးမှာ ထိုးလာသည့် ဓားမလေးကို ကိုင်ပြပါသည်။

'တစ္ဆေမကို မင်းပဲ ကြောက်ပါ။ ငါကတော့ မကြောက်ဘူးဟေ့။ ကြောက်မွေးပါရင် ဓာဂနာနဲ့ နုတ်ပစ်မယ် ဟင်း...ဟင်း...ဟင်း...'

'အေးပါ မောင်ရာ...မကြောက်လဲ သွားပါ။ သူငယ်ချင်းချင်း မပြောမရှိ ဖြစ်မှာစိုးလို့ သတိပေးတာပါ။'

ထိုသို့ပြောဆိုပြီး ကိုယ်တစ်ယောက် ယုန်ပိုက်များကို ထမ်းကာ တောင်ကုန်းပေါ်သို့ တက်သွားပါသည်။

နောက်တစ်နေ့ မိုးလင်းသောအခါ ကိုစိန်သည် အိမ်အောက်တွင် လက်ဖက်ရည်ကြမ်း သောက်နေစဉ်...

'မောင်စိန်ရေ... မောင်စိန်... ငါ လာဦးမယ်ဟေ့'

'အေး...လာ လာ'

'မနက်အစောကြီးပါလားကွ မောင်စံရ...ဘာတွေ အရေးကြီးလို့လဲ'

'ညက ငါ ယုန်လိုက်သွားတာ ညတွင်းချင်း ဆောင့်ပြေးခဲ့ရတယ်'

'တောင်ကုန်းပေါ်မှာ ရန်ဖြစ်ခဲ့လို့လား'

'ဘယ်သူနဲ့မှ ရန်မဖြစ်ပါဘူး။ မင်း တစ္ဆေမနဲ့တွေ့လို့ ကြောက်တာနဲ့ ပြန်ပြေးလာတာ'

'ဆိုစမ်းပါဦး ညအိပ်တော့ မင်းခေါင်း လာ,မ,သလား'

'ဘယ်က လာမ,ရမှာလဲ၊ တစ္ဆေမက ပါး တယ်။ လူ့အကြံသိတယ်ကွ၊ ငါ့ခေါင်းကို မ,ရင် ဓားမနဲ့ခုတ်မှာ သိပုံပေါ်တယ်။ ဦး... ကို လာ မ,မတူ။ ဝါးနှစ်ပြန်လောက်... မြေကြီးကို လက်နဲ့ ပုတ်တာ'

'ပြောစမ်းပါဦး'

'ဒီလိုကွ... ငါလဲ တောတို... ယုန်ပိုက်တွေကို လိုက်ထောင်... လုပ်ငန်းပြီးတာနဲ့ ဂျုတ်ပင်အောက်... ပုဆိုးအပိုကို ခင်းအိပ်လိုက်တ... ဘေးမှာလဲ ဓားမကလေး ချထား... ပေါ့။

အိပ်ပျော်လို့ ည(၁၁)နာရီဝန်း... ရောက်တော့ ဗုန်းဗုန်း... ဗုန်းဗုန်း... မြေကြီးကို ပုတ်တဲ့သံ ထွက်လာတ...

ငါ လန့်နိုးလာတာပေါ့ကွာ။ အ... လာရာကို အိပ်ရင်းက ကြည့်... တော့ ဝါးနှစ်ပြန်ကွာလောက်မှာ ... မည်းသဏ္ဍာန်ကြီးတစ်ကောင်ကို ... တယ်။ သူက ပုတ်နှိုးတာပေါ့။

ပြီးတော့ ကြည့်ရင်း ပျောက်... တယ်။ တော်တော်နဲ့ အိပ်မပျော်... နေတယ်။ (၁၂)နာရီခွဲလောက် ... တော့ ရှိုက်ဆို အိပ်ပျော်သွားတ...

အိပ်ပျော်ရင်ပဲ မြေကြီးကို ... ဗုန်း...ဗုန်းဗုန်းဗုန်းနဲ့ ထပ်ပုတ်... တယ်။ ငါ လန့်နိုးလို့ ကြည့်လိုက်... စောစောကနေရာမှာပဲ မည်း... သဏ္ဍာန်ကြီးကို တွေ့ရပြန်ပါတယ်...

ငါလဲ အိပ်ရေးပျက်အောင် ... မလားဆိုပြီး ဓာတ်မီးနဲ့ထိုးကြည့်... တယ်။ အမယ်လေး ကြောက်စရာ... ပါလား မည်းနက်နေတဲ့ အမွေး... သဏ္ဍာန်ကြီးကို မြင်ရတယ်။

စုတ်ဖွားဖွားကြီးကွ။ ဘာ... ညာမပြောနဲ့ ဘေးမှာချထားတဲ့ ... စုတ်ကလေး တအားလွှဲပစ်လိုက်... ပေါ့။ ''ဘုတ်''ဆို အသံ... တယ်။ သူ့ခန္ဓာကိုယ်ကို ... ထွက်လာတဲ့အသံပေါ့ကွာ။ ပြီး...





www.burmeseclassic.com

www.burmeseclassic.com



မေနှာမိုး (တောင်ငူ)

ထူးဆန်းသော

# မိုးကြိုးမီးလုံးနှံကြီး

၂၀၁၆ခုနှစ်၊ နွေရာသီကာလသည် "...ယ်နီညို" ရာသီဥတု ဖြစ်တာနဲ့အညီ ...င် ယခင်နှစ်တွေက နွေရာသီဥတု ...ထက် ပိုမိုပူပြင်းမှုကို ခံစားကြရပါတယ်။ ...ခါတိုင်းနှစ်တွေက သင်္ကြန်မိုးလေး ...မိုးလေးတွေရွာလို့ အပူရှိန်သက် ...ပါတယ်။ အခုနှစ်မှာတော့ အညာ ...ဘက်မှာ လေမိုးတွေ သည်းထန် ...ပေမယ့် စာရေးသူတို့မြို့မှာ ...ရွာလို့ အပူရှိန် (42°C)အထိ ရှိခဲ့ပါတယ်။

အခု စာရေးနေတဲ့ ၁၆–၅–၂၀၁၆ နေ့မှာတော့ အပူရှိန်(44°C)အထိ ရှိခဲ့ပါတယ်။ နောက် သုံးလေးရက်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေသဖြင့် မုန်တိုင်းသတင်းကိုလဲ သတိပေးထားပါတယ်။ (ဒါ အခုအဖြစ်အပျက်ရဲ့ နောက်ပိုင်းကာလလေးပါ။)

၃၀–၄–၂၀၁၆ရက်နေ့ ညနေပိုင်းမှာတော့ မိုးရိပ်,လေရိပ်များ ဖြစ်ပေါ်လာပြီး မိုးများ စတင်ရွာသလို လေတွေလဲ တိုက်ခဲ့ပါတယ်။

ည(၈)နာရီ အချိန်လောက်မှာတော့ မိုးကြီးသည်းထန်စွာရွာချပြီး လျှပ်စီးတွေလက်ကာ မိုးကြိုးပစ်သံတွေလဲ သိပ်မဝေးတဲ့နေရာလောက်မှာကြားနေရပါတယ်။

မိုးထပ်ရွာလိုက်လို့ အပူရှိန်ကျသွားပြီး အေးအေးလူလူ အိပ်ရလိမ့်မယ်လို့ ထင်ထားပေမယ့် လျှပ်စီးတွေလက် မိုးကြိုးပစ်သံတွေ ပြင်းထန်စွာ ကြားနေရတာကြောင့် စော်တော်နဲ့ အိပ်မရခဲ့ပါ။

**၁–၅–၂၀၁၆ရက်နေ့** နံနက်ပိုင်းမှာတော့ စာရေးသူတို့ရွာအနီးအနားရှိ မင်းကြီးညို (၂၂)ရပ်ကွက် ဇောတိကျေးရွာစသည်တို့တွင် ယမန်နေ့ညက မိုးကြိုးပစ်သွားတဲ့အကြောင်း ပြောနေကြပါတယ်။

ညနေပိုင်းရောက်တော့ တူတော် မောင်သူရဦးက သူ့အိမ်မှာ ယမန်နေ့ညက မိုးကြိုးပစ်သွားတဲ့အကြောင်း သူ့အစ်မများနဲ့ အမေ၊ အဒေါ်တို့ကို လာပြောနေတာကို စာရေးသူလဲ ကြားနေရပါတယ်။

သူပြောပြနေတဲ့ မိုးကြိုးပစ်ပုံ တစ်မျိုးဆန်းနေတာကြောင့် စာရေးသူလဲ နောက်တစ်နေ့ ညနေပိုင်းမှာ လမ်းကြုံတာနဲ့ ပန်းပဲရွာ (ယခု မင်းကြီးညို (၂၂)ရပ်ကွက်)တွင် နေထိုင်သော တူတော် မောင်သူရဦး ဇနီး မချစ်ပန်းအိတို့နေအိမ်သို့ ဝင်ရောက်လေ့လာ မေးမြန်းခဲ့ပါတယ်။

သူတို့နေအိမ်က တိုက်ပုအိမ်ကလေးပါ။ ပတ်ဝန်းကျင် အနီးအနားမှာလဲ သူတို့အိမ်ထက် မြင့်တဲ့အိမ်တွေ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မောင်သူရဦး ပြောပြပေးတာလေးတွေက စိတ်ဝင်စားဖွယ်ရာ အထူးအဆန်းလေးတွေကိုအောက်ပါအတိုင်း ရေးသားတင်ပြပေးလိုက်ပါတယ်။

မောင်သူရဦးက ထီးနီကုန်း၊ မင်းကြီးညို(၂၂)ရပ်ကွက်ရှိ ရန်ကုန်မန္တလေး ကားလမ်း၏ အရှေ့ဘက်ရှိ ရီရှင်းဘုမ္မဇာလီမိတက်၏ လယ်ယာသုံးစက်ပစ္စည်းမျိုးစုံနှင့် ဆိုင်ကယ်၊ ကားအရောင်းဆိုင်မှ မန်နေဂျာဖြစ်ပါတယ်။

ဆိုင်အဆောက်အအုံကြီးနဲ့ သူ့နေအိမ်ကလဲ သိပ်မဝေးလှတာမို့ အဆိုပါ ၃၀-၄-၂၀၁၆ရက်နေ့က ညနေအလုပ်သိမ်းပြီး အိမ်ပြန်ရေချိုးအဝတ်လဲပြီး ဇနီးဖြစ်သူ မချစ်ပန်းအိနဲ့ ညစာ ထမင်းစားကြပါတယ်။

ထမင်းစားနေကြတော့ လေရော မိုးပါ တဖြည်းဖြည်း ညနေကထက် သဲသဲမဲမဲ ရွာချလို့နေပါပြီ။ မိုးတွေကလဲ ခြိမ်း၊ လျှပ်စီးတွေကလဲ လက်နေပါတယ်။

ဒါကြောင့် တီဗွီလဲ ပိတ်ထားပြီး တခြားမီးတွေလဲ ပိတ်ထားကာ အိမ်လယ်ခေါင်က မျက်နှာကျက်နားက လေးပေဖန်ချောင်း တစ်ချောင်းသာ ထွန်းထားပါတယ်။ အချိန်ကည(၈)နာရီ လောက်ရှိပါပြီ။

ထမင်းစားပြီးကြသောအခါ မချစ်ပန်းအိက နေအိမ်ရဲ့နောက်ဘက်နားရှိ မိဘများနေအိမ်ရှိ မီးဖိုခန်းမှာ ပန်းကန်များ သွားဆေးနေပါတယ်။

မောင်သူရဦးကတော့ နံရံနားကပ်ထားတဲ့ ကုလားထိုင်မှာ ထိုင်နေပါတယ်။ ဒီအချိန်မှာ မိုးရော လေပါ သည်းသထက် သည်းထန်စွာ ရွာနေပါပြီ။ လျှပ်စီးတွေကတဝင်းဝင်း၊ မိုးခြိမ်းသံတွေက တဂျိမ်းဂျိမ်းနဲ့ ကြားနေရပါတယ်။

ထိုအချိန်မှာ မောင်သူရဦးတို့၏ နေအိမ်တောင်ဘက် ခြံထောင့်နားက လူတစ်ရပ်သာသာရှိ အလှစိုက်ထားသော ဝါးနက်ရုံလေးဆီမှ **တဖောက်ဖောက်,တဖျပ်ဖျပ်နဲ့ လျှပ်စီးခတ်လိုက်ပြီး ရှော့ဖြစ်သလို အသံမျိုးတွေကို** မောင်သူရဦးက ထိုင်နေရာက မိုးသံတွေကြားထဲမှာ ကြားနေရပါတယ်။

တစ်ဆက်တည်းမှာပဲ ဘယ်က ဝင်လာမှန်းမသိတဲ့ **မီးသီးလုံးခန့်ရှိတဲ့ မီးလုံးအနီကြီးဟာ မောင်သူရဦး၏ ဦးခေါင်းအထက်ငါးပေအကွာလောက်မှာ** ထွန်းထားတဲ့ လေးပေဖန်ချောင်းရဲ့ မီးချပ်ထဲကို ဝင်သွားပြီး တဖောင်းဖောင်းနဲ့ ပေါက်ကွဲသံတွေ ဖြစ်ပေါ်လာပြီး တဖျပ်ဖျပ်နဲ့ ရှော့တွေလဲဖြစ်နေပြီး ဖန်ချောင်းလဲ ကျွမ်းသွားပါတယ်။

အဲဒီအချိန် မီးတွေမှိတ်သွားပြီး အချိန်တစ်ဆက်တည်းမှာ မောင်သူရဦးက မတ်တပ်ရပ်ပြီး ဖန်ချောင်းပလပ်ကြိုးကို ဆွဲဖြုတ်လိုက်ပါတယ်။

ပလပ်ကြိုးဖြုတ်လိုက်တော့ ရှော့ဖြစ်တာတွေလဲ ပျောက်သွားခဲ့ပြီး တစ်ချိန်တည်းမှာ လေးပေဖန်ချောင်းရဲ့အထက် ခေါင်းမိုးရဲ့အပေါ် ကောင်းကင်မှာ **"ဂျိမ်းဂျလိမ်း"**ဆိုပြီး ကျယ်လောင်တဲ့ မိုးခြိမ်းသံကြီးကို ကြားလိုက်ရလို့ မောင်သူရဦးလဲ တော်တော်တုန်လှုပ်သွားခဲ့ပါတယ်။

ဤနေရာမှာ စာရေးသူအနေနဲ့ မိုးကြိုးပစ်တာနဲ့ပတ်သက်လို့ အနီးကပ်မျက်မြင်ကိုယ်တွေ့ ကြုံဖူးတာလေး အနည်းငယ် တင်ပြလိုပါတယ်။

စာရေးသူဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ထီးနီကုန်း ကုလားဘုရားကျောင်းအနီးရှိ သမဆိုင်အဆောက်အအုံကြီး၏ အောက်ထပ်က ကောင်တာအနောက်နား... ရန်ကုန်မန္တလေး ကားလမ်းကြီး... မျက်နှာမူ၍ ထိုင်နေပါတယ်။

အဲဒီတုန်းမှာ လေတွေမိုးတွေ... သည်းထန်စွာရွာနေပြီး လျှပ်စီး... လက် မိုးတွေချုန်းဖြစ်နေစဉ် စာရေး... ရဲ့ရှေ့ရှိ ပေတစ်ရာလမ်းရဲ့ အရှေ့ဘက်... နံဘေးရှိ ကုက္ကိုပင်ကြီးကို "ရှူး... အသံမြည်ပြီး လျှပ်စီးကြောင်းကြီး... ကုက္ကိုပင်ကြီးရဲ့ထိပ်ကနေ ... အတိုင်း အတွင်းဘက်ကို ဝင်သွား... "ဂျိမ်းဂျလိမ်း"ဆိုတဲ့ မိုးခြိမ်းသံ... ကျယ်လောင်စွာ ကြားလိုက်ရပါတ...

သစ်ကိုင်းကွကြားထဲက မီးခိုးငွေ့... လဲ ထွက်လာပါတယ်။ ကုက္ကို... အချို့လဲ ပြတ်ကျကုန်ပါတယ်။

ကုက္ကိုပင်ကို မိုးကြိုးပစ်မှန်း... မိုးစဲသွားတော့ အနီးအနားမှလူတွေ... လာကြည့်ကြပါတယ်။ စာရေးသူ... မိုးကြိုးသွားလိုချင်ပေမယ့် ဘယ်... မကြံတတ်လို့ မချင့်မရဲဖြစ်ခဲ့ရပါ... တယ်။

စာရေးသူ တွေ့ကြုံခဲ့ရတာ... သမရိုးကျ မိုးကြိုးပစ်ခြင်းပါ။ ... မောင်သူရဦး တွေ့ကြုံရတာက... မိုးကြိုးပစ်ပုံ ထူးဆန်းနေတာကြော... ဗဟုသုတအလို့ငှာ ရေးသားတင်ပြ... လိုက်ပါတယ်။

သိရှိသူ ပညာရှင် သုတေသီ... ရှင်များမှ မိမိတို့အတွေ့အကြုံ... ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း... ဆက်လက် ရေးသားပေးပို့ကြပါ... ဖိတ်ခေါ်အပ်ပါသည်။


***သုတတိုးပွား အကျိုးများကြပါစေ***

**စန္ဒာမိုး (ကောင်ငှ)**



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာယယက်ရှက်

ကောင်းဟိန်း
(ကျွန်းသစ်)

၂၀၀၃ ခုနှစ်...

ခါနွေဦး နှစ်သစ်ကူးစ အလှပ်မှ ...ားယူပြီး မွန်ပြည်နယ်၊ ဘီလင်းမြို့ ...အတွင်း နှင်းပုလဲဘူတာနှင့် ...ခွဲခန့်လောက်ရှိသော တောအုပ် ... **ရွှေအင်ခုံဂူတောရ ဝိပဿနာ ...အလင်းကျောင်း၌** အဓိဋ္ဌာန်(၉) ...ခန်း၌ ရဟန်းဝတ်နှင့် တရားထိုင် ...ည်။

...ကျောင်းမှာ တောရိပ်တောင်ကြား ... တည်ရှိ၍ တရားအားထုတ်ဖို့ ...ကောင်းဆုံးနေရာဖြစ်သည်။

...ရားထိုင် ဇမ္ဗာရုံအဆောင်၊ ဆိတ် ...သော ဣရိယာပုတ်ကို ဆောင်နိုင် ...သစ်ရိပ်ဝါးရိပ်ကလည်း ကောင်း ... မိမိတို့နှစ်သက်ရာ တရားချောင် ... အသီးသီး ဖန်တီးထားသည်။

ထိုကျောင်းတွင် ညောင်ပင်ကြီး ...ပင်ကို ရာဇမတ်ကို ထုံးဖြူသုတ်၍ ...တ်ထား၏။ ထိုအထဲတွင် တရား ...ထုတ်ဖို့ ဆုံးဖြတ်ခဲ့ပါသည်။

ထိုနေရာအနီးဝန်းကျင်၌ အမှိုက် ...ကအစ သန့်ရှင်း၍ ဌရချမ်းစင် ... နတ်ကွန်းရှိပါသည်။ နတ်ရုပ်မရှိ ...လည်း ပန်း၊ ရေချမ်း အစဉ် လန်းဆန်းနေပါသည်။

ထိုနေရာ၌ သရဲခြောက်၍ မည်သူမျှ တရားမထိုင်ရဲကြပါ။ ည,ညကျ ညဦး နက်ပိုင်း(၉)နာရီမှစပြီး ဟယ်ဟယ်... ဟားဟား ရယ်သံကြီးဖြင့် ခြောက်လှန့်သည်ဟု တရားရှာဖက် ယောဂီများထံမှ သတင်းရသည်။

သည်တော့ ကျွန်ုပ်က တစ်ချက်ပြုံးမိ၏။ တရားရှာရန်ဟူသော နာမ ဝိသေသနပုဒ်နှင့် လွတ်လပ်သော တောအုပ်မှာ အကြောင်းပြု ဒွယံ–ဒွယံ စုံတွဲအချို့သည် ချိန်းချက်ပြီး လူကြီးသူကြီး ရဟန်းများနှင့် ဆရာတော် ယုံအောင် ဟန်ဆောင်သူများ အုတ်အရောရော ကျောက်အရောရော ပါလာသည်။

ယင်းညောင်ပင်ရိပ်မှာ ချိန်းချက်ပြီး ဒွယံစုံတွဲ ရှုပ်ကြသည်ကို လျှို့ဝှက်နက်နဲခက်ခဲသော ဟန်ဆောင်ချက် လူအများ မရိပ်မိကြပါ။ လူလိမ် ကောက်ကျစ်သူများ ရှိ၏။

ဘာကြောင့် ဒီလိုစွပ်စွဲရသလိုဆိုရင် ညောင်ပင်ရိပ်ဝန်းအစွန်းမှာ လူကျင်ကြီး ကျင်ငယ်နဲ့ ထွက်နေသည်ကို ကျွန်ုပ် အနံ့ရမိ၏။ ထိုအကြောင်း လူကြီးယောဂီကြားမှ အသံမဟုတ်။ လူငယ်ယောဂီအယောင်ဆောင် အုပ်စုဝန်းကျင်ထဲမှ ပေါက်ကွဲ ယိုထွက်လာသည့်အသံဆိုတာ သိခဲ့ရ၏။

ထိုအနိဋ္ဌာရုံဆိုးကို ဆရာတော်နှင့်တကွ ရဟန်းတရားထောက် ဆရာတော် စောင့်ရှောက်သူ လူယောဂီများ သံသယစိတ် အသံမကြားရ၊ တရားအားထုတ်သူ ယောကျာ်းမိန်းမများသည် ရပ်ဝေးမှ လာရောက်တရားအားထုတ်သူများဟု အပြည့်အဝ ယုံကြည်၏။

အယောင်ဆောင်များ အရိပ်အကဲကို လူသာမန်များ မသိပါ။

သို့သော်...



www.burmeseclassic.com

www.burmeseclassic.com

ညောင်စောင့်ရက္ခစိုးက ကောင်းစွာသိ၏။ ရက္ခစိုးသည် သောတာပန်ဆိုတာ မပြောဘဲ သိနိုင်၏။ ဆရာတော်သည် သာမညဆရာတော် မဟုတ်ပါ။ ရှမ်းတိုင်းရင်းသားဖြစ်၏။ မော်ဘီ သဲအင်းဂူကျောင်း နှောကုန်းဆရာတော်နှင့် တရားရှာဖက် ဆရာတော် ဟူ၍ ရွှေအင်ဖုံဂူဆရာတော်ဟု နာမည်ကြီးပါ၏။

သူတော်စင် ဆရာတော်ကြီးသည် လူပင် လူ့နေရာ၊ နတ်ပင် နတ်နေရာ သတ်မှတ်သီးခြားထား၏။ သစ်ရိပ်၊ ဝါးရိပ်ကြီးကြီးအပင်တွေကို ဒကာ၊ ဒကာမများအား ကောင်းစွာ ပြုစုမွမ်းမံဟု မိန့်ကြားထားပါသည်။

ထို့ကြောင့် ညောင်ပင်၊ ထိမ်ပင်၊ ပိတောက်ပင်၊ သစ်မာပင် ရက္ခစိုးနတ်နေ ရက္ခသစ်ပင်ကြီးကြီးများကို ပြုပြင်မွမ်းမံ နတ်ကွန်းဆောက်၊ တရားထိုင်သူတို့ အမှီပြုနိုင်အောင် စီစဉ်ခြင်းလည်း ဖြစ်ပါသည်။

'ကိုယ်တော်ကြီး အသက်ကြီးပါပြီ၊ ဒီညောင်ပင်တစ်ပိုက်မှာ သရဲခြောက်တယ်တဲ့ ထွက်ပြေးလို့ မလွတ်ဘဲ ဖြစ်နေပါဦးမယ်'

ဟု လူငယ်စုံတွဲ ယောဂီအတုဖြစ်သည်ကို ကျွန်ုပ်ဉာဏ်ရိပ် လူကဲခတ်ပညာဖြင့် ဆင်ခြင်မိသူများ၏ အသံပဲဆိုတာ သိ၏။ ကျွန်ုပ်က ပြတေ့ဗ္ဗာန္တြေ ဗ္ဗာရိယာပုတ်ဖြင့် ပြုံးမိ၏။

သူတို့သည် ပသို့ပင်ဆိုပါစေ ရာဇမတ်ဖြူ ကာရံထားသည့် ဝန်းထဲမှာ ထိုင်စရာ ဖျာခင်းထားသည့် ရာဇမတ်တံခါးဝင်းခတ်သောသည်ကို ဖွင့်ဝင်၍ တရားထိုင်ဖို့ ဆုံးဖြတ်ခဲ့ပါ၏။

*   *   *

ကျွန်ုပ်သည် ဦးစွာဆင်ခြင် စီမံလိုက်မိ၏။ သာဝတ္ထိပြည်၌ ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားထံ ဝိပဿနာကမ္မဋ္ဌာန်းတောင်းပြီး တောအုပ်သို့ ကြွခဲ့၏။

တောအုပ်ရှိ နတ်ဒေဝါများ ခြောက်လှန့်၍ ရဟန်းများ တရားအားထုတ်မရအောင် ဖြစ်နေသည်။ ဘုရားရှင်ပေးသော မေတ္တာလက်နက်ဖြစ်သော မေတ္တသုတ်ပရိတ်တော်ကို...

ကရဏီယ မတ္ထ ကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ၊

သက္ကော ဥဇူ စ သုဟုဇူ စ၊ သုဝစော စဿ မုဒု အနတိမာနီ၊

ထိုအပုဒ်ကိုလည်း အလုံးစုံသော မေတ္တသုတ်ပရိတ်ကို ရွတ်ပွားလိုက်ပါသည်။ ရွတ်ပွားလို့ နာရီဝက်ခန့်ရှိတော့...

'သာဓု...သာဓု...သာဓု'

ဟူသော အသံများ ညဉ့်သန်းခေါင်ယံဝယ် ကြားရ၏။ အမွှေးနံ့သာများ ပျံ့သင်းလာ၏။ မိမိဝန်းကျင်မှာ အလင်းတိုင်၊ နံ့သာတိုင်များ လာထွန်းပေးသည်ဟု ထင်မြင်မိ၏။

ကျွန်ုပ်သည် အဆက်မပြတ် မေတ္တာပို့ဝေ အမျှဝေသောအသံဖြင့် 'ဝေဝေဆာဆာ မတိုးမကျယ် သူတော်ကောင်းတို့ ပြကတေ့ အသံပေးလိုက်ပါသည်။

တစ်ညဉ့်လုံး သမထဝိပဿနာဖြစ်ခြင်းပျက်ခြင်း ရုပ်နာမ်ပရမတ်ပညတ်ကို သဲအင်းဂူဆရာတော်ကြီး၏ ရှုရိုက် အာနပါနကမ္မဋ္ဌာန်းနည်း စီးဖြန်းမိပါ၏။

ထွက်သက်ဝင်သက် တရားအမြင် ရုပ်နာမ်ကို ဆင်ခြင်လျက် လောက၏ ဖြစ်ခြင်းပျက်ခြင်း ရုပ်ကနာ၊ နာမ်တရား ခွဲခြားသိမြင်လာပါ၏။

မိမိဦးထိပ်ထက်မှ ညောင်ရွက်ထဲတွင် မြတ်စွာဘုရားရှင် ပဥ္စဝဂ္ဂီငါးဦးအား မေ့စကြာ တရားဦးဟောနေပုံကို မြင်တွေ့နေရပါသည်။ ပုံရိပ်သွင် ...
တည်အိမ်ဝယ် ထင်ဟပ်မြင်တွေ့ ...

ကျွန်ုပ်၏ သဒ္ဓါစိတ်သည် ကြည် ...
အေးမြလာ၏။ အလွန်တရာ ...
သော နှေ့ကာလဝယ် ပတ် ...
တခွင်တပြင်လုံး လေပူရိုက်၍ ...
ခြင်း ဖြစ်နေရမည့်အစား ...
လေညင်း နှင်းဝေသင်း ...
ပန်ကာလေတမျှ ညင်းအေးလှ ...

အမြင်အာရုံထဲမှာ အလင်း ...
သည် အကွယ်အကာမရှိ ဟင်း ...
ပြင်ကြီးကား ကျယ်ဝန်းလှပါ၏ ...

နတ်စည်သံညောင်း နတ်စော ...
များ ဝေစီလှပါသည်။ ခေါင်း ...
ကြေးစည်အသံကား ငြိမ့် ...
သာယာလှပါ၏။

နတ်ဒေဝါများ ကျွန်ုပ်အား ...
လျက် ပန်းများဝေဆာလျက် ...
အာရုံထဲ ထင်ထင်ရှားရှား အလ ...
ဝေနေပါသည်။

ရှေ့ဆုံးမှာ နတ်သမီးသည် ...
ရှေ့ ရောက်ရှိလာပါသည်။ အ ...
လည်း ဝေနေပါသည်။

'သားတော်ဘုရား... တပည့်တော် ...
စိတ်အစဉ် သွန်ဝေဖျန်းလျက် ...
ဘုရား'

'အသင်ကား အသူတုံး'

'မှန်ပါ... တပည့်တော်မသည် အ ...
၏ မယ်တော်ဟောင်းနတ်သမီး ...

'အလို...လို'

ထိုနတ်သမီးအား ခြေဆုံးခေါ ...
ကြည့်နေမိ၏။ ကျွန်ုပ်၏ ကွယ်လွ ...
ခန္ဓာဟောင်း စွန့်ခွာသွားသော ...
သမိခင် ကျေးဇူးရှင်ပေတည်း။

မိခင်ရှိစဉ်က ကျွန်ုပ်အား ...
'ရဟန်းဝတ်ပေးပါ၊ အမေ ...
ယ်၊ အနည်းဆုံး ...သောနဲ့ ...
ရဟန်းလောက် ...ပေးပါ၊ အမေ ...



www.burmeseclassic.com

www.burmeseclassic.com

အမ(ရဟန်းဒါယိကာမ) ဖြစ်ချင်တယ်။ သားမမွေးမီ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်ကောင်းတိုးတို့က ပေးခဲ့တယ်။ ဆွမ်းအုပ်နှီး(နှစ်)လုံးပေးတော့ တစ်လုံးက အမေ့အတွက် နောက်တစ်လုံးက ရှာဦး ဆရာတော်ထံ လှူပါ'

ဟု မိန့်မှာလိုက်တယ်။

'ဆွမ်းအုပ်(၂)ခုအနက် အမေ့အတွက် ဆွမ်းအုပ်နှီးနှီးကို ဖွင့်ကြည့်တော့ သားယောက်ျားလေး ဖြစ်နေတယ်။ အဲဒီလိုအိပ်မက်ကြောင့် အမေသားကို သန္ဓေတောင်းထားတာပါ'

ဟူသော စကားအမှန် တောင်းဆိုဖူးသည်။ ကျွန်ုပ်အသက်ပင် ခြောက်ဆယ်ကျော်ပြီးသည်အထိ ရဟန်းတော်ဘူးခဲ့ပါ။ ထိုတရားကျောင်းလက်လေမှ ရဟန်းဝတ်နှင့် ရဟန်းအရာအားထုတ်ဖြစ်ပါသည်။

ကျွန်ုပ် မျက်ဝန်းအိမ်မှာ စိုရွှန်းသောမျက်ရည်၊ ဝမ်းနည်းလွန်းလို့၊ အမေ့ကိုသတိရလွန်းလို့ ငိုပြီးကျတဲ့ မျက်ရည်တော့ မဟုတ်ပါ။

ပီတိသောမနဿ၊ ဖဿ၊ တဏှာကင်း ကိလေသာအချင်း လုံးဝမပါ။ ကာအဝန်းအဝိုင်း ကျဆင်းလာသော မျက်ရည်ကြည်…

ထိုအချိန်ကား လင်းအရုဏ်နေဝန်းရောင်ခြည်များ သန်းလာပါပြီ။ တရားခန်းမှ ထတော်မူခဲ့ပြီး ကိုယ်လက်သန့်စင်ပြီး အာရုံခံ ဆွမ်းစားကျောင်းသို့ ကြွလှမ်းရဦးမည် ဟူသော အသိဖြစ်သည် တရားထိုင်ရင်း အိပ်မက်မဟုတ်ပါ။

အနီးတစ်ဝိုက်မှာလည်း ဆီမီးကောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိထားသော ရုပ်ကြွများ ထင်ကျန်ရစ်ခဲ့သည်။

* * *



"ဦးပဥ္စင်းကြီး ငိုထားသလား မျက်လုံးတွေ မှေးရောင်နေသလားလို့"

တရားထိုင်ဖက် ရဟန်းအချင်းချင်း ဝေဖန်လိုက်ပုံက တကယ့် ဖြစ်ရပ်ပဲဟု ကိုယ်တိုင် သိလိုက်ရသည်။

မကြာမြင့်မီ ရဟန်းရှင်သာမဏေ၊ သီလရှင်၊ ယောဂီယောက်ျား၊ ယောဂီမိန်းမများ မိမိတို့ တရားစခန်းဆီသို့ လျှောက်လှမ်းနေတာကို မြင်တွေ့ရပြန်သည်။

ထိုနံ့ရောအခါ ကျွန်ုပ်သည် မဆိုင်းမတွ ညောင်ညိုရိပ်သို့ ကြွလှမ်းခဲ့ပါ၏။ ရိပ်ဝန်းအနီးတစ်ဝိုက်ရှိ တိရစ္ဆာန်ချေး၊ လူမစင်ဖြစ်သော ကျင်ကြီးကျင်ငယ် မှန်သမျှ မရွံ့မရှာ သိမ်းလှည်းကျင်းမိပါသည်။

ဒါပေမယ့်…

ဒီနေ့ ဒီနေရာ သီးသန့် တရားမထိုင်ဖြစ်ပါ၊ ဆရာတော်ကိုယ်တိုင် တရားထိုင်နည်း စိတ်၊ ရုပ်နာမ်၊ အဖွဲ့ကို ပင်မ ဓမ္မာရုံကြီးထဲမှာ ဟောကြားပါမည်။ ဆရာတော်ဩဝါဒကို ခံယူရန် ဓမ္မာရုံကြီးထဲသို့ ပြောင်းရွှေ့နေရာယူလိုက်သည်။

ဆရာတော်နုစဉ်က မော်ဘီ နှောကုန်းသဲအင်းဂူဆရာတော်ကြီးနှင့်အတူ မြန်မာနိုင်ငံ အရပ်ရပ်မှ ရဟန်းသံဃာများ တရားထိုင်ခဲ့ပုံ ဟောကြားပါသည်။

တရားဟူသည် အာနပါန ထွက်သက်ဝင်သက်မှတ်ပြီး တရားနှလုံးသွင်းပုံကို ကိုယ်တွေ့သိရှိရပုံ ဟောပါသည်။ အလွန်တရာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။

နည်းနိဿယတရား ဟောပြောညွှန်ကြားပြီး ဆရာတော်သီတင်းသုံးနေသော ကျောင်းဆောင်သို့ ပြန်ကြွပြီး တရားထောက် ဆရာတော်များ၏ ကြီးကြပ်မှုဖြင့် တရားထိုင် အားထုတ်ကြပါသည်။

အတန်ငယ်ကြာတော့ နောက်နားဆီမှ အမျိုးသမီးယောဂီတစ်ဦး စူးစူးဝါးဝါး ငိုကြွေးသံကြားရ၏။

'အမယ်လေး… ဆရာတော်ရဲ့ တပည့်တော်မှာ ဆရာတော့်တရား ကြိုက်နှစ်သက်လွန်းလို့ ဆရာတော်ဆီ လာခဲ့ဖို့ကြံရွယ်နေဆဲ တပည့်တော်မဟာဝ တစ်ပါးပြောင်းခဲ့ပါပြီ၊ အခု ဆရာတော်ထံ လာချင်ပါရဲ့ ညောင်ပင်စောင့်နတ်ကြီးက အဝင်မခံဘူး ဟီး…ဟီး… ဟီး အမယ်လေးဟဲ့'

ဟု သို့ကလို စကားပြော အသံပေးရင်း ငိုသံ ကျွန်ုပ် နားဝဆီ ပျံ့နှံ့လာပါသည်။ တကယ်လား အပလီတာလား မသိ အကြားအာရုံထဲ ဝင်လာသည်။

'ဟဲ့ ဒကာမကြီး… ဒီလိုမလုပ်ရဘူး တရား



www.burmeseclassic.com

www.burmeseclassic.com

အားထုတ်တဲ့လူတွေ နှောင့်ယှက်သလိုဖြစ်နေတယ်'

တရားထောက် ဆရာတော်တစ်ပါး စကားသံပါ ကြားလိုက်ရ၏။ ကျွန်ုပ်မှာ တရားအာရုံထဲမှာမရှိ မူရင်း ကိုယ်စိတ်ဝမ်း ပြေးလှုပ်နေပါသည်။ တကယ်ပဲ ရုက္ခစိုးနတ်ကြီးက တားမြစ်လေသလော အပလီတာမဟုတ်နိုင် အကာယ်ပင်ဖြစ်နိုင်သည်။

သေသူပရလောကသား ရိုးရိုးဆိုရင် ကျောင်းစောင့်နတ်၊ စမ္မာရုံစောင့်နတ်၊ ရုက္ခစိုးနတ် ဆိုင်ရာနတ်များက တားမြစ်တတ်တယ်ဆိုတာ အသိသုတနားလည်ထားပါ၏။

အစွဲလမ်းဆိုတာ အမှန်တကယ် သုဂတိနှင့်မကျွတ်တဲ့ ဒုဂ္ဂတိနှင့်ဘဝကူးရင် သူတော်ကောင်းတို့နေရာ မဝင်မဆန့်ရ၊ ဖဲကြည့်ခံရစမြဲ၊ ထိုမိန်းမသည် မကျွတ်မလွတ် စွဲလမ်းတာပဲဖြစ်လိမ့်မည်။

နောက်တစ်နေ့...

နေ့ပြောင်းသော် ညောင်ပင်တွင် သရဲခြောက်သည်ဟု ပြောသံကြားရပြန်သည်။ သရဲမဟုတ်ပါ။ မတော်တရော် အမြင်မတော် တွေ့ရင်တော့ ရုက္ခစိုးကြီး ခြောက်လှန့်လွှတ်လိမ့်မည်။

ဆရာတော်ကြီး၏ ဘုန်းတန်ခိုးအရှိန်အဝါကြောင့် လူကို ဒုက္ခမပေးတာဖြစ်လိမ့်မည်။

ဗုဒ္ဓဘုရားရှင်ကို သက်ဝင် ယုံကြည်သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရုက္ခစိုးတို့ မတော်တရော်အမှုကို သည်းမခံပါ။ နှင်လွှတ် အမြင်ကွယ်ပြီး ညာညာတာတာ ရိုးရိုးယဉ်ယဉ် ခြောက်လှန့်လွှတ်သည်ဟု လူကြီးသူမ တရားရှင်တစ်ဦးပြော၍ သိခဲ့ရ၏။

ဘုရားရှင်၏ မေတ္တာလက်နက် မေတ္တာသုတ်ပရိတ်တော် ရွတ်ပါက



ကောင်းစွာ လာမူကြိုဆည်း ဝတ်ကြီးဝတ်ငယ် ဟူသမျှ ပြုခဲ့သည်ဆိုသော ဘုရားရှင်လက်ထက်က သာဝတ္ထိပြည် ရဟန်းငါးရာ တကယ်ခံစားရတာ ကျွန်ုပ် လက်ခံပါပြီ။

ကျွန်ုပ် တရားထိုင် အားထုတ်ဖို့ ကူညီတာ၊ မနှောင့်ယှက် ဆိတ်ငြိမ်သော ကုရိယာပုတ်ဆောင် နတ်ပြည်ရောက် မိခင်နတ်သမီးနှင့် ဆုံစည်းခွင့် ရုက္ခစိုးကူညီနိုင်တယ်ဆိုတာ အခိုင်အမာ ယုံကြည်ပါ၏။

ရုက္ခစိုးနတ်များသည် လောကပါလ နတ်မင်းကြီးလေးပါး ကုဝေရနတ်မင်းကြီးလက်အောက်ခံ ဖြစ်သည်။

ဗုဒ္ဓသာသနာတော်ကို စောင့်နေသော သိကြားမင်း၊ ဗြဟ္မာမင်းတို့နှင့် အတူရှိသည်။ ကျွန်ုပ်မိခင်နှင့် ပြန်လည်ရေစက်ဆုံပေးတာပဲဟု ယုံကြည်မိပါသည်။

မိခင်ကြီးသည် ၁၉၉၇–၉၈ ခုနှစ် ၁၆–၁၀–၉၇ ,၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ရွာဦး သံဃာတော်အရှင်မြတ်များအား သင်္ကန်းကပ်၊ ဥပုသ်သီလယူပြီး ဘဝခန္ဓာဟောင်း စွန့်ခဲ့ပါသည်။

ကွယ်လွန်ခါနီး ကောင်းသော ကုသိုလ်စရိုက်များပြုပြီးမှ ဘဝတ[…] ပြောင်းခြင်းသည် နတ်ပြည်သို့ ရော[…] သွားသည်ဟု ကျွန်ုပ်လက်ခံ ယုံကြ[…] ပါသည်။

အမေသည် ပရိတ်ကြီး(၁၁)သု[…] နေ့စဉ်ရွတ်ခဲ့သည့်အထဲတွင် မေ[…] သုတ်ပရိတ်ကို နေ့စဉ် မကြာ[…] ရွတ်တတ်ပါသည်။ မေတ္တာရှင်[…] တစ်ဦး ဖြစ်ပါသည်။

ကျွန်ုပ် (၉)ရက်အဓိဋ္ဌာန် ရ[…] ဝတ်နှင့် ကွယ်လွန်သူ ဖခင်အား […] ကောင်း၊ ညီအရင်းအားလည်း[…] ဘယ်ဘုံမှာ ရောက်နေသ[…] အဓိဋ္ဌာန်တရားအာရုံဖြင့် ရှာ[…] သည်။

လုံးဝ အမြင်အာရုံထဲမှ ပေါ်[…] အကြိမ်ကြိမ် ကြိုးစားခဲ့ခြင်းယခု[…] ကြိုးစားနေဆဲပါ၊ မမြင်နိုင် […] သေးပါ။

ကျွန်ုပ်တို့နှင့်တစ်ချိန်တည်း […] အားထုတ်သော ဒိုကျွေးတင်[…] သော ယောဂီအမျိုးသမီး၏ မိ[…] သည် သူမကဲ့သို့ ကြီးရင့်သူ မဟု[…] ငယ်ရွယ်နုပျိုသူဖြစ်၏။

ညောင်ညိုရိပ်မှာ အမြင်[…] အနိဋ္ဌာရုံတစ်ခုခု ပြုခဲ့မိလို့ ရုက္ခ[…] ကြီး၏ အခြားရုက္ခစိုးငယ်များ […] ချက်ဟု နောက်ဆုံးသိခဲ့ရ၏။

ယုံတမ်း ပုံဇာတ်ရီလိုပင်...

**(ကိုယ်တွေ့ တကယ်ဖြစ်ရ[…] ၂၀၀၃ ခုနှစ်၊ ဧပြီလ မဟာသ[…] ရက်မှ ဖြစ်ရပ်ကို ခံစားရေးဖွဲ့[…] ပါသည်။)**

*သုခိတာဗောဓ ဒုက္ခမု[…]*

**ကောင်းဟိန်း(ကျွန်းသစ်)**



www.burmeseclassic.com

www.burmeseclassic.com




# အမှုမေးစေသောငါ

သာခူ မခေါ်နိုင်သူ

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်းပိုင်း တစ်နေ့မှာ ကျွန်မ၏ သူငယ်ချင်းဖြစ်သူဆရာမသန်းသန်းဆင့် တစ်ယောက် အထက်တန်းပြ ရာထူးတိုးဖြင့် ကိုင်းပင်ကြီး အညာတန်းကျောင်းမှ မင်းလှ အ.ထ.ကကျောင်းသို့ ပြောင်းရွှေ့ ဝင်ရောက်ရမှာ ဖြစ်ပါသည်။

ကိုင်းပင်ကြီး အညာတန်းနှင့်မင်းလှမြို့မှာ နှစ်မိုင်ခန့် ကွာဝေးသည့်အတွက် ဆိုင်ကယ်ဖြင့် နံနက်သွား ညနေပြန်ဖြင့် သွားလို့ ပြန်၍ ရပါသည်။

တစ်နေ့သော တနင်္ဂနွေနေ့ ကျောင်းပိတ်ရက် နေ့လယ်ခင်းမှာဖြင့် သူငယ်ချင်း သန်းသန်းဆင့်တစ်ယောက် ကျွန်မထံ အလည်ရောက်လာပါသည်။

'သူငယ်ချင်းရေ... ကျောင်းပိတ်ရက်ဖြစ်လို့ အေးအေးဆေးဆေး စကားပြောရအောင် လာခဲ့တာ၊ သူငယ်ချင်း မင်းကော အားရဲ့လား'

'အားပါတယ် သူငယ်ချင်း... မနက်ပိုင်းတွေကတော့ ဗေဒင်မေးတဲ့ ဧည့်သည်တွေ၊ ကလေးနာမည်ပေးသူတွေနဲ့ နည်းနည်း အလုပ်များတာပါ။

နေ့ခင်း နေ့လယ်တွေကတော့ နားနေရတယ်ပေါ့၊ သူငယ်ချင်း လက်ဖက်သုပ်လဲ စားပါဦး၊ ရေနွေးကြမ်းလေးလဲ သောက်ပါ'

သန်းသန်းဆင့် တစ်ယောက် လက်ဖက်သုပ် တစ်ဇွန်း၊ နှစ်ဇွန်း စားပြီး ရေနွေးကြမ်းကို လက်ထဲမှ အသာချလိုက်ပါသည်။

'သူငယ်ချင်းရေ... မင်းက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စာရေးနေတာဆိုတော့ မင်းအတွက် စာရေးဖို့ ကုန်ကြမ်းပါလာတယ်။ အဲဒီအကြောင်းအရာကိုလဲ ပြောပြချင်လို့ လာခဲ့တာ။

ငါတို့အိမ်မှာက နှစ်ယောက်စလုံးက ဝန်ထမ်းတွေ ဖြစ်နေတာ သူငယ်ချင်းအသိပဲလေ။

အိမ်မှာက အဖေမရှိတော့ဘဲ နောက်ပိုင်း လယ်တွေကိုင်းတွေ ဦးဆောင်ဖို့ အလုပ်သမား မရှိမဖြစ်လိုအပ်တယ်လေ။

ငါ့ရဲ့ အမျိုးသား ကိုဝင်းမိုလ်ကလဲ လယ်ထွန်ဖို့ ထွန်ကြောင်း တစ်ကြောင်းတောင် ဖြောင့်အောင် မထွန်တတ်တဲ့သူ၊

လယ်အလုပ်ဆိုရင်တော့ ပိုပြီးဝေးလေစွ။ အဲဒါကြောင့် အလုပ်သမား နှစ်ယောက်ကို အိမ်မှာ ပင်တိုင်ခေါ်ထားရတယ်။

လယ်က ထွက်တဲ့ စပါးတွေပဲတွေ ရိတ်သိမ်းပြီးလို့ ကျီထဲ၊ ပုတ်ထဲ အားလုံး



www.burmeseclassic.com

www.burmeseclassic.com

သွင်းပြီးတဲ့အချိန် အိမ်မှာရှိတဲ့ အလုပ်သမား ကိုအောင်ထွန်းနဲ့ ကိုမြင့်ရွှေတို့ နှစ်ယောက်သား သူတို့အိမ် သုံးဖို့ တောင်ပေါ်ကို ထင်းခုတ်ရန် နွားနဲ့ လှည်း တစ်ခေါက်,နှစ်ခေါက် ပေးပါလို့ တောင်းတယ်။

ကိုဝင်းမိုလ်ကလဲ မတွန့်တိုပါဘူး၊ ကြိုက်တဲ့နေ့ သာယူဖို့ ပြောလိုက်တယ်'

နောက် နှစ်ရက်ကြာသောအခါ ကိုအောင်ထွန်းနဲ့ ကိုဝင်းမိုလ်တို့ နှစ်ယောက် လှည်းဆီထိုးလိုအပ်တာများ ပြင်ဆင်ပြီး နောက်တစ်နေ့ လသာရက် သန်းခေါင်ကျော် ည(၁)နာရီမှာ တောင်ပေါ်ကို တက်ကြတယ်။

ကိုင်းပင်ကြီး **အညာတန်းမှ စိန်ကန့်လန့်ရွာ၊ ကျောက်တံခါးရွာကို** ဖြတ်ပြီး **မုတ်ခါးဘုန်းကြီးကျောင်း** နောက်အနီးဝန်းကျင်ကို ရောက်တော့ ရှေ့တည့်တည့် ဝါးသုံးပြန်လောက်မှာ မီးလုံးနီနီရဲရဲကြီး တရွေ့ရွေ့နဲ့ လာနေတာကို လှည်းမောင်းသူ ကိုမြင့်ရွှေနဲ့ အနီးမှာ ထိုင်နေသူ ကိုအောင်ထွန်းတို့ နှစ်ယောက်သား မြင်နေကြရပါတယ်။

အနီးတွင်ထိုင်နေသူ ကိုအောင်ထွန်းက...

"ဟကောင်...မြင့်ရွှေ ဟိုးရှေ့က နီနီရဲရဲအလုံးကြီးက သရဲမီးလုံးလား။ ငါတို့ရှေ့တည့်တည့် နားကို နီးလာပြီ"

"အေး... သရဲမီးလုံးလား၊ စုန်းမီးလုံးလားတော့ မသိဘူး"

ပြောရင်းဆိုရင် နွားလှည်းကို ခပ်သော့သော့ မောင်းနှင်ရာ နီနီလုံးကြီးမှာ လှည်းနားအရောက်တွင် "ဝိုး...ဝိုး...ဝိုး" ဆိုသော အသံကို ကြားလိုက်ရပါတယ်။

အနီးမှာ ထိုင်နေသူ အောင်ထွန်းကလဲ "ဟား" ဆိုသော အသံကျယ်ကြီးနဲ့ အော်ပြီး ငြိမ်ကျသွားပါတယ်။

အဲလိုဖြစ်ပြီး ခဏအကြာမှာပင် အောင်ထွန်းမှာ လှည်းမောင်းနေသူ မြင့်ရွှေတို့ဘက် တိုး၍...

"လှည်းကို နောက်ပြန်လှည့်ပါ၊ ငါ မနေနိုင်တော့ဘူး၊ စောစောက ငါတို့ နားက နီနီလုံးကြီး ငါ့ပါးစပ်ထဲကနေ ဗိုက်ထဲရောက်သွားပြီ။

ငါ အောင့်လာပြီ သူငယ်ချင်း မြင့်ရွှေ ငါ မနေသာတော့ဘူး။ ငါ့ကို ရွာအမြန် ပြန်ပို့ပေးပါ။ ငါဘယ်လိုမှ မနေနိုင်တော့ဘူး"

"သူငယ်ချင်း အောင်ထွန်းရာ မင်းကလဲ စိတ်ကို တင်းထားပါ။ အဲဒီ နီနီလုံးကြီးက ငါတို့ လှည်းပေါ်ကနေ ကျော်သွားတာပါ။ အဲဒါ မင်းစိတ်က ထင်နေတာပါကွာ၊ ငါတို့ ထင်းခုတ်ရမယ့်နေရာ ရောက်ခါနီးပါပြီ ဆက်သွားကြရအောင်ကွာ"

"သူငယ်ချင်း မြင့်ရွှေ... ငါ တကယ်ဖြစ်နေတာပါ။ မင်း နွားလှည်းကို နောက်ကြောင်း ပြန်လှည့်ပါ။ ငါ့ကို ရွာကိုရောက်အောင်သာ ပြန်ပို့ပါ။ ငါ ဘယ်လိုမှ မနေနိုင်တော့ဘူး"

အဆက်မပြတ် ပြောနေသဖြင့် နွားလှည်းကို ကိုင်းပြင်ကြီး အညာတန်းကိုရောက်အောင် ပြန်မောင်းလာပါတယ်။

မိုးမလင်းခင် ပြန်ရောက်လာတဲ့ အတွက် လှည်းဖြုတ်ပြီး အောင်ထွန်းကို အိမ်မှာ ခဏနားပြီး နံနက်မိုးလင်းတာနဲ့...

"မင်းကို မင်းလှဆေးရုံ သွားပြတာပေါ့သူငယ်ချင်းရာ... မင်းဘာမှ မဖြစ်ပါဘူး၊ စိတ်ကို တင်းထားစမ်းပါ ယောကျ်ားပဲကွာ စိတ်ခိုင်ခိုင်ထားစမ်းပါကွာ"

အောင်ထွန်းမှာတော့ သူငယ်ချင်း မြင့်ရွှေရဲ့ အားပေးစကားကြောင့်သာ ငြိမ်နေရတယ်။ သူ ခံစားနေရသော ဝေဒနာကို သူသာ သိပါတယ်။

မနက်(၇)နာရီမှာတော့ ရွာထဲမှ ထော်လာဂျီဖြင့် ဆေးရုံရောက်လာကြပါတယ်။ ဆေးရုံမှ ဆရာဝန်ကြီးရဲ့ စစ်ဆေးမှုတွင်လဲ အကောင်းကြီးပါ။

"ကိုအောင်ထွန်း ခင်ဗျားရဲ့ စိတ်က ထင်ယောင်ထင်မှား သံသယဖြစ်နေတာပါ"

လို့ ပြောသဖြင့် ဆေးရုံမတက်ရဘဲ အိမ်ပြန်ရောက်လာပါတယ်။

ကိုအောင်ထွန်း အိမ်ပြန်ရောက်တဲ့ သတင်းကို ကြားရသဖြင့် ပေပင်တန်းမှာ အိမ်ထောင်ကျနေတဲ့ အစ်ကိုနဲ့ တစ်ရွာတည်းမှာ အိမ်ထောင်ကျနေကြသော အစ်မများ ကိုအောင်ထွန်း သတင်းကိုကြားပြီး လာရောက်မေးမြန်းကြပါတယ်။

လာရောက်မေးသူ အစ်ကို,အစ်မများကို ပြန်လွှတ်ပါတယ်။

"အစ်ကိုတို့...အစ်မတို့ ဒီမှာ မအိပ်ကြနဲ့ ပြန်ကြ ကျွန်တော် သက်သာပါတယ်"

လို့ပြောပြီး အတင်းပြန်ခိုင်းပါတယ်။

ညဘက်တွင် ရွာမှ ကျေးလက်ကျန်းမာရေးမှူး ကိုဝင်းဖော် ရောက်လာပြီး ...

"ကိုအောင်ထွန်း ဘာမှ စိတ်မပူပါနဲ့ ကိုအောင်ထွန်း ရောဂါကို ကျွန်တော် ကုပေးမယ်"

ဆိုပြီး ပြောပြောဆိုဆို သွေးပေါင်ချိန်ကို ထုတ်ပြီး စမ်းသပ်ဖို့ ကိုအောင်ထွန်း လက်ကို ကိုင်တော့ ကိုအောင်ထွန်းကနေ...

"ဆရာကိုဝင်းဖော်... ဆရာလဲ ပြန်ပါ ကျွန်တော့်ရောဂါ ကျွန်တော် သိပါတယ် အခုအချိန်မှာ သိကြားမင်းကြီး ဆင်းကယ်တောင် မရတော့ဘူး။ ဆရာလဲ မကုပါနဲ့ ပြန်ပါ"

www.burmeseclassic.com

လို့ အတင်းပြန်ခိုင်းပါတယ်။

ကျန်းမာရေးမှူး ဆရာကိုဝင်းဖော်ကတော့ ဖနီးဖြစ်သူခင်သန်းမြင့်ကို ညဘက် အချိန်ရှိရှိ၊ မရှိရှိပါ အားမနာပါနဲ့ လာခေါ်ပါရန် အထပ်ထပ်အခါခါ မှာခဲ့ပြီး ပြန်လာခဲ့ပါတယ်။

ညဘက်တွင် လူနာလာရောက် မေးသူများကို ကိုအောင်ထွန်းကိုယ်တိုင် ပြန်ခိုင်းပါတယ်။ လူနာမေးသူများ ရှင်းသွားတော့မှ ကိုအောင်ထွန်း ဘုရားဝတ်ပြုပြီး ဖနီးဖြစ်သူ ခင်သန်းမြင့်ကို လှမ်းခေါ်ပြီး...

"နင်နဲ့ငါ ပေါင်းသင်းလာတာ နှစ်ဆယ့်ခြောက်နှစ်ရှိပြီ၊ အိမ်တွေ့ထဲ သွပ်မိုးပေးပြီးပြီ၊ ပြည့်စုံသင့်သလောက် ပြည့်စုံပါပြီ။ ရေတွင်းလဲ တူးပေးပြီးပြီ၊ ဝင်းတာလဲ အပြည့်ထည့်ပေးပြီးပြီ။ အခုအချိန်က စပြီး ငါ တစ်ယောက်တည်း နေပါရစေ။ နင်နဲ့ငါရဲ့ ရေစက်က ဒီည နောက်ဆုံးပဲ။ နင်လဲ သွားအိပ်တော့။ ငါကို လာပြီး နှိုးလဲ မနှိုးနဲ့ ခေါ်လဲ မခေါ်နဲ့တော့ ငါ အိပ်တော့မယ်"

လို့ ပြောပြီး အိပ်ရာထဲ ဝင်သွားပါတယ်။

ဖနီးဖြစ်သူ ခင်သန်းမြင့်ကတော့...

"ရှင်ကလဲ စိတ်မကောင်းစရာတွေ ဘာတွေ လျှောက်ပြောမှန်း မသိပါဘူး။ ရှင်လဲ အိပ်ပျော်အောင်အိပ်ပါ။ ကျွန်မလဲ ရှင်နဲ့ မလှမ်းမကမ်းနားမှာ အိပ်ပါ့မယ်"

လို့ ပြောပြီး ဖနီးဖြစ်သူက အရင် အိပ်ရာဝင်ပြီး ကိုအောင်ထွန်းကို လှမ်းပြီး အကဲခတ်ကြည့်ရာ ပက်လက် အနေအထားဖြင့် မျက်စိကို မှိတ်ပြီး တရားရှုမှတ်နေတဲ့ ပုံစံမျိုး မြင်နေရလို့ အိပ်ရာထဲဝင်ပြီး အိပ်လိုက်ပါတယ်။

ဖနီးဖြစ်သူ ခင်သန်းမြင့် တရေးတမော အိပ်မောကျပြီး လန့်နိုးသွားတဲ့ အချိန် ကိုအောင်ထွန်းကို လှမ်းကြည့်ရာ ခန္ဓာကိုယ်တစ္ဆောင်း အနေအထား



ဟန်ဖြင့် "လူနာ ချွေးတွေ ဘာတွေများ ကျနေမလား။ သက် သောင့်သက်သာကော ရှိရဲ့လား"

လို့ မေးကြည့်ဦးမှ အတွေးဖြင့် ကိုအောင်ထွန်းအနီးသို့ ကပ်ပြီး သုံး, လေးခွန်း ခေါ်ကြည့်တယ်။

ခေါ်မရသဖြင့် ပတ်ဝန်းကျင်အိမ် အနီးမှ သူများကို လှမ်းခေါ်ပြီး အကူ အညီတောင်းရင်း ဘုရားစင်တိုင်နားက တိုင်ကပ်နာရီကို ကြည့်လိုက်ရာ ည (၂)နာရီကို လက်တံက ညွှန်ပြနေပါတယ်။

အိမ်အနီးအနားမှ သူများက အစ်ကို့ အစ်မတွေ လှမ်းခေါ်တော့ အားလုံး အပြေးရောက်လာကြပါတယ်။

ဖနီးဖြစ်သူ ခင်သန်းမြင့်မှာ သူ့စိတ်ထဲမှာ မယုံကြည်နိုင်လောက်အောင် ပင် အိပ်ခါနီးပြောသော စကားများနဲ့ အခု ကိုအောင်ထွန်း သေဆုံးတဲ့အချိန်မှာ (၂)နာရီ မှတ်ခါဘုန်းကြီးကျောင်း နောက်က နီနီလုံးကြီး ပါးစပ်ထဲ ဝင်သွားလို့ ပြန်လာသည်မှာလည်း အဲဒီ အချိန်ပင် ဖြစ်နေပါတယ်။

ကိုအောင်ထွန်းရဲ့ အသုဘကို (၃) ရက်ထားသော်လဲ မပုပ်မပွပါ။ အိပ်နေတဲ့အတိုင်းပင်။ သူနဲ့အတူ လှည်းမောင်းတဲ့ ကိုမြင့်ရွှေကတော့ မယုံနိုင်သလို ဖြစ်နေပါတယ်။

"အကောင်းကြီးပါ သူငယ်ချင်းရာ ဘယ်လိုဖြစ်ရတာလဲကွာ"

လို့ စိတ်မကောင်းကြီးစွာဖြင့် ပြောပြီး ငိုနေပါတယ်။

ကိုင်းပင်ကြီး အညာတန်းရွာသူရွာသားများလဲ မနေ့တစ်နေ့က အကောင်းသားကြီးကနေ ဘာရောဂါမှ မရှိဘဲ သေဆုံးသွားတဲ့အတွက် အံ့သြခြင်း၊ စိတ်မကောင်းခြင်း ဖြစ်ကြပါတယ်။

ကိုအောင်ထွန်းကို (၇)ရက်လည် ဆွမ်းသွတ်ပြီး အမျှဝေပါတယ်။ တစ်လ ပြည့်ခါနီးမှာတော့ ဖနီးဖြစ်သူ ခင်သန်းမြင့်က...

"ကိုအောင်ထွန်းတို့များ... ဘယ်များ ရောက်နေပြီလဲ၊ အိပ်မက်ကလေး ဘာလေး တောင်မပေးဘူး။ တော်ကတော့ အေးရာ အေးကြောင်း ရောက်နေပြီပဲ့လေ။

သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့တဲ့ ကျုပ်ကတော့ မမေ့ပေါင်တော်၊ ရှင်ပြောခဲ့တဲ့ စကားတွေကို ကျုပ် စိတ်မကောင်းခြင်း ဖြစ်နေတာ"

လို့ တစ်ယောက်တည်း ကရားရေလွှတ် ပြောနေပါတယ်။

ကိုအောင်ထွန်းကို တစ်လပြည့်လို့ ဆွမ်းသွတ်သော ညမှာဖြင့် မခင်သန်းမြင့်တစ်ယောက် ထူးထူးဆန်းဆန်း အိပ်မက်,မက်ပါတယ်။ ကိုအောင်ထွန်း တစ်ယောက် ဘုရားစေတီတစ်ခု အနားမှာ တဝဲလည်လည်နဲ့...

"ခင်သန်းမြင့်ရေ... ငါ ဒီချိုပါတောင်စေတီ ဘုရားသိုက်မှာ စောင့်နေရတယ်။ ငါတို့က မောင်နှမသုံးယောက် ငါက အငယ်ဆုံးပဲ။ ကို သူတို့က လူပြည်မှာ ကောင်းမှုသိုလ်တွေ ပြုဖို့ လွှတ်လိုက်တာ၊ ဒါပို အခု သူ



www.burmeseclassic.com

www.burmeseclassic.com

တို့ပြန်ခေါ်တာ အဲဒီဘုရားသိုက်မှာ ငါစောင့်နေရတယ်။ နင် အမှုဝေပေးမယ့်လဲ ငါ သာဓုမခေါ်နိုင်ဘူး"

လို့ ပြောပြီး ပျောက်သွားပါတယ်။

ချိုပါတောင်ဆိုသည်မှာ ရှေးဟောင်းဘုရားစေတီပုထိုးများလည်း ရှိပါတယ်။ သိုက်နန်းများလဲ ရှိတာကို ရှေးလူကြီးသူမများ ပြောတာကို ကြားဖူးပါတယ်။

နှစ်စဉ် တန်ခူးလရောက်တိုင်း ဘုရားပွဲများ၊ သိုက်ပွဲများကို ကျင်းပသည်မှာ ယနေ့အချိန်အထိ ဖြစ်ပါတယ်။

ချိုပါတောင်နဲ့ ကိုင်းပင်ကြီး အညာတန်းမှာ တစ်ဆက်တည်းဖြစ်သော်လဲ (၅)မိုင်ခန့် ဝေးပါတယ်။

ဘုရားပွဲသို့ ရပ်နီးရပ်ဝေးမှ ရွာသူရွာသားများ နွားလှည်းများ၊ ထော်လာဂျီများ၊ ဆိုင်ကယ်များဖြင့် ဘုရားပွဲ၊ သိုက်ပွဲကျင်းပချိန်တွင် လူစည်ပရိသတ်များ အလှူများပြား စည်ကားလှပါတယ်။

ဘုရားပွဲပြီး နောက်တစ်ရက်မှာဖြင့် သိုက်ပွဲပေးပါတယ်။ သိုက်ပွဲပေးချိန်မှာဖြင့် ရပ်ဝေးရပ်နီးမှ နတ်ကတော်များ သိုက်ပွဲလာရောက်ပေးသူများ လာရောက် ကြည့်ရှုသူပရိသတ်များနဲ့ ပရိသတ်ထဲမှာ သိုက်ဆက်ရှိသူများ ဝင်ရောက်ပူးသူများ ရှိပါတယ်။

မခင်သန်းမြင့်တစ်ယောက် တစ်လပြည့်တဲ့ အချိန်မှစ၍ နောက်ထပ်ပြီး တစ်ခါမျှ အိပ်မက်လည်း မပေးတော့ပါ'

**[ဤစာမူ ဆောင်းပါးသည် သူငယ်ချင်းဖြစ်သူ၏ ဖြစ်ရပ်မှန်ကို အမည်နှင့် နေရပ်များကို လွှဲပြောင်း ရေးသားထားခြင်း ဖြစ်ပါသည်။]**

**အေးချမ်းမော်(မင်းလှ)**

လက်တွေ့

# ကင်းဆိပ်ပျောက်ဆေးနည်း



စာရေးသူ ကြားခဲ့ဖူးသည်မှာ **"လူတစ်ယောက်လျှင် ကင်းသုံးကင်း တစ်ကင်းကင်းတော့ ပြီးတတ်သည်"** ဟူ၍ ဖြစ်ပါသည်။

ယခုမူ စာရေးသူ၏သမီးကြီး ကင်းသုံးကင်းတွင် ကင်းမြီးကောက် မပြီး၍လား မသိပေ။

သူ၏ဘွားအေကြီးဖြစ်သော စာရေးသူ၏ မိခင်ကြီးနှင့် အတူအိပ်နေစဉ် တစ်ညတွင် လက်ကို ကင်းမြီးကောက် ကိုက်လိုက်သဖြင့် ထ၍ အော်ငိုနေပါတော့သည်။

စာရေးသူမှာလည်း ရင်ထိတ်သွားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ယောင်နနဖြစ်နေစဉ် စာရေးသူ၏ မိခင်ကြီးမှ သဘော်သီး အခွတ်ခိုင်းသဖြင့် အိမ် တောင်ဘက်ရှိ သဘော်ပင်ရှိရာသို့ အပြေးအလွှား သွားရောက်ခွတ်ယူခဲ့ပြီး မိခင်ကြီးအားပေးလိုက်ပါသည်။

စာရေးသူမှာ မိခင်ကြီး ပြုမူနေသည်များကိုကြည့်နေစဉ် "ကင်းကိုက်တာနဲ့ သဘော်သီး ဘာဆိုင်လို့လဲ"ဟု တွေးနေမိပါသည်။

သို့သော် မကြာပါချေ။ သမီးကြီးမှာ မိခင်ကြီး ဆေးလိမ်းပေးပြီး ခဏအကြာတွင် ကင်းဆိပ်ပြေပြီး ပြန်လည်အိပ်ပျော်သွားပါတော့သည်။

နံနက်မိုးလင်း၍ **"ကင်းမြီးကောက် ကိုက်သည့်နေရာက နာသေးလား"** ဟုသမီးကြီးအားမေးကြည့်ရာ သမီးကြီးက လုံးဝမနာတော့ကြောင်း ပျောက်သွားပြီဖြစ်ကြောင်း ပြောပြသဖြင့် စာရေးသူမှာ အံ့ဩခဲ့ရပါသည်။

ဆေးနည်းမှာ အလွန်လွယ်ကူ၍ အကုန်အကျလည်း သက်သာ... မည်သည့်အန္တရာယ်မှလည်း မဖြစ်... သောကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအား သိစေ... ရေးသားလိုက်ရပါသည်။

ဆေးနည်းမှာ...

သဘော်သီးအစိမ်းတစ်လုံးကို လတ်... ဆတ်ဆတ် ခွတ်ယူပြီး ရေမဆေးတဲ့ အ... နေရာထိပ်ပိုင်းကို ဓားဖြင့် အစေ့ထွ... အနည်းငယ်လှီးလိုက်ပါ။

ထွက်လာသောအစေးများဖြင့် ကင်းကိုက်ခံရသည့် အထိရာဖေါ်သို့မကြာခဏ လိမ်း... လိုက်ပါ။

ယုံကြည်စိတ်ချစွာ အသုံးပြုကြ... ပါ။ ကင်းဆိပ်မှန်သမျှ လက်ငင်း... ပြေပျောက်ကြောင်း တွေ့ရှိရပါ... မည်သည့်ကင်းဆိပ်မဆို ပျောက်... သည်။

**ဆရာ သန်းဆောင်**
**(နဘဲကန်)**



www.burmeseclassic.com

www.burmeseclassic.com



◆ ဘိုးမင်းခေါင်နှင့်အတူနေခဲ့သော မော်လူးမှ (ဝဲ)ဒေါ်သန်းရင် (ယာ)ဒေါ်သန်းညွန့်

ညိုမင်းထက်
(မြန်မာစာ)

# မော်လူးကို ဘိုးမင်းခေါင် ရောက်ခဲ့စဉ်က...

နက္ခတ္တရောင်ခြည်ကို လစဉ် အနည်းဆုံး စာမူ(၃)ပုဒ်တော့ ပို့မယ်လို့ မျှော်မှန်းတယ်။ ဒါပေမယ့် မျှော်မှန်း သလိုဖြစ်မလာ။ (၁)ပုဒ်တောင်အနိုင်နိုင် ဘန်ကြမ်းရှာရတဲ့အလုပ်က လွယ်မလို နဲ့ တကယ်လုပ်တော့ ခက်တယ်။

သွားဖြစ်၊ မလာဖြစ်၊ မရေးဖြစ် တော့ ကြွေးကျန်တွေများ၊ စာမူကြွေး ကျန်တွေ၊ စာပေတာဝန် မကျေပွန်ဘူး လို့ဆိုချင်လဲဆိုရော ရေးချင်တဲ့စိတ်က အမြဲရှိတယ်။ ဒါပေသိ စာရွက်ပေါ်ကို ဆက်မရောက်ခဲ့နိုင်။

ဒီနေ့တော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဘန်ကြမ်းရှာထွက်မယ်။ ခေါင်းစဉ် တည်းစားမိတာက **"မော်လူးကိုဘိုးမင်း ခေါင် ရောက်ခဲ့စဉ်က"** ဆိုတဲ့ ခေါင်းစဉ်။

ဒါနဲ့ ဘိုးမင်းခေါင် မော်လူးရောက် စဉ် စခန်းချနေထိုင်ခဲ့တဲ့ **ရပ်ကွက်(၃)** က **ဒေါ်သန်းရင်၊ ဒေါ်သန်းညွန့်** တို့အစ်မနေအိမ်သို့ စာရေးသူ ရောက်ခဲ့ တယ်။

နှင်းလ(၂၉)ရက် နံနက်(၈)နာရီ စာရေးသူရောက်တော့ ဒေါ်သန်းရင်က အိမ်ရှေ့ရေကန်မှာ ရေချိုး အဝတ် အစားလဲပြီးနေပြီ။ ဒေါ်သန်းညွန့်က ယပ်တောင်တဖျပ်ဖျပ်နဲ့ အိမ်အောက် ထပ် ကြမ်းပြင်မှာထိုင်လို့ နှစ်ဦးလုံးက စာရေးသူကို သိပုံမပေါ် အသက် အရွယ်ကြီးကြပြီဆိုတော့ မျက်စိက မှုန်ဝါးဝါး...

'ဘာကိစ္စရှိလို့လဲ၊ ဘယ်သူ့ကို တွေ့ချင် လို့လဲ'

ဒေါ်သန်းညွန့်က အမေး၊ အသံ ကြားတော့ သားဖြစ်သူ ဘကြီးမောင် ထွက်လာပြီး...

'ဒီ ဆရာဦးတင်ငွေ လေးလေးတို့အမေ တို့ကို မေးစရာရှိလို့တဲ့'

ကြားက ဘကြီးမောင်က စာရေး သူအစား ဝင်ပြောပေးခဲ့...။

'ဟုတ်ပါတယ် ကျွန်တော် ဆရာ ဦးတင်ငွေ ပါ။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွေမှာ ညိုမင်းထက်(မြန်မာစာ) ကလောင်အမည်နဲ့ ဆောင်းပါးတွေ ရေးပါတယ်။

အခုလာရင်းက ဘိုးမင်းခေါင် မော်လူး ရောက်စဉ်က ဒေါ်လေးတို့အိမ်မှာ နေသွား တယ်ဆိုလို့ အဲဒီ ဘိုးမင်းခေါင်အကြောင်း မှတ်မိသမျှ ကျွန်တော့်ကို ပြောပြပေးပါလား။ ကျွန်တော် ဘိုးမင်းခေါင်အကြောင်း ရေးစရာရှိလို့ပါ'

'အခု ဒေါ်လေးက အသက်(၉၀) သန်းရင်ခေါ်တယ်။ ဒါက သန်းညွန့်တဲ့ ဒေါ်လေးညီမ သူက အသက်(၈၄)နှစ်၊ ဒေါ်လေးတို့အိမ်ကို ဘိုးမင်းခေါင် စရောက်တော့ ဒေါ်လေးက (၁၄)နှစ် သမီးပဲ ရှိဦးမယ်။

ဒုတိယကမ္ဘာစစ်မတိုင်ခင် ဘိုးမင်း ခေါင်ရောက်လာတယ်လို့ ဒေါ်သန်းရင် က ဘိုးမင်းခေါင် မော်လူးရောက်တဲ့

www.burmeseclassic.com

အချိန်ကို ပြောပြ'

ဆက်လက်ပြီး ဒေါ်လေး ဒေါ်သန်းညွန့်က...

'အဲဒီအချိန် ဒေါ်လေးတို့က မြို့သစ်မှာ နေတာလေ။ ဒေါ်လေးတို့အဖေက ဦးမြ၊ အမေက ဒေါ်နှစ်၊ အဘိုးက ဦးစံလှလို့ ခေါ်တယ်။ အဘိုးဦးစံလှတို့က ကိုးနဝင်းဂိုဏ်းတွေဆိုတော့ ဘိုးမင်းခေါင်ရဲ့ တပည့်ရင်းတွေပေါ့။

ဒေါ်လေးတို့အိမ်က သုံးခန်းပတ်လည် ခေါင်တန်းတစ်ထပ် အိမ်ရှေ့စာမျှင်ကျယ်နဲ့ ညနေထမင်းစားနေတုန်း ဘိုးမင်းခေါင် ရောက်လာတယ်။ သူ့နောက် တပည့်တစ်ယောက်ပါတယ်။

နွေအကုန်မိုးအကူး အခုလိုအချိန်မျိုးမှာပါ။ ခေါင်းပေါ်မှာ ဦးထုပ်အနီလေးသေးသေးလေး ဆောင်း၊ ပင်နီရောင် တိုက်ပုံအင်္ကျီနဲ့ ပုဆိုးကွက်ထောက်၊ နဖူးထောင့်ကျယ်ကျယ် အဲဒီတုန်းက ဘိုးမင်းခေါင် အသက်ရှိလှ (၄၀)ကျော်ဝန်းကျင်ပဲရှိမယ်။

ဒေါ်လေးတို့အိမ်မှာ တောဘိုဆိုတဲ့ ခွေးဟာ သူစိမ်းမှန်ရင် ဟောင်တယ်၊ ကိုက်တယ်။ လူစိမ်းအဝင်မခံဘူး။ အဲ...ဘိုးမင်းခေါင်နဲ့ တွေ့တော့ တောဘိုကိုက်ဖို့နေနေသာသာ ဘိုးမင်းခေါင်ရှေ့မှာ လက်ရှေ့ထုပ် ခေါင်းကို ပြားလို့ ရှိုးနေသလား အောင်းမေ့ရတယ်။

အဘိုးနဲ့အဖေတို့က ဘိုးမင်းခေါင်ကို ဆရာကြီး...ဆရာကြီး... ကြွပါဆိုပြီး နေရာထိုင်ခင်းတွေပေးပြီး ရှိခိုးကြ။ ဦးချကြနဲ့ အိမ်မှာပဲ နေစေတယ်။

အဲဒီအချိန်က မော်လူးမြို့သစ်မှာ အိမ်ဆိုလို့ (၈)အိမ် (၉)အိမ်ပဲ ရှိဦးမယ်။ ဘိုးမင်းခေါင်ကို ကိုးကွယ်တဲ့ ကိုးနဝင်းအဖွဲ့တွေက **ဦးခန့်(မော်လူး)၊ ဦးစံလှ(မော်လူး)၊ ဦးရှာန်(မော်လူး)၊ ဦးဖဲ(စီးဓမ်)၊ ဦးဘော်(လွှင်ဦး)၊ ဦးသိုက်(ဟဲနု)၊ ဦးဖိုး(ပုန်းဟုန်)၊ ဦးစံခွန်း(ကရင်)၊ ဦးရွေး(မော်လူး)**တို့ ဖြစ်ကြတယ်။

တပည့်တပန်းတွေက ပေါ်တော့ ဘိုးမင်းခေါင်စားဖို့ အိမ်ကို ထမင်းဗန်းတွေနဲ့ လာပို့ကြတာ နည်းတာတွေပဲလား...၊ စားမကုန်နိုင်ဘူး။

ဘိုးမင်းခေါင်က ရှိသမျှ ထမင်းဗန်းထဲက ထမင်းတွေ ဟင်းတွေ ရောသမပြီး ပလုပ်ပလောင်း စားပစ်တာ နည်းနည်းနောနောလား...၊ တစ်ခါစားပြီးရင်လဲ တော်တော်နဲ့ မစားတော့ဘူး။

ဒေါ်လေးတို့က အိမ်အောက်မှာ ညီအစ်မနှစ်ယောက်နဲ့ အဖော်တွေစုပြီး ကတန်း,ခုန်တန်း ကစားနေကြရင်း ဘေးကကြည့်ပြီး "ကကြ... ကကြ" လို့ ပြောတယ်။

မောလောက်ခန့်ထင်ရင် ဘိုးမင်းခေါင်က မပေါ်ရာဝိန်းဥကြီးတွေကို ကျွေးတယ်။ သူ့ကျွေးလို့စားလိုက်ရင် တအားချိုတယ်။ မဝသေးဘူး ပေးပြန်ဦးလို့ တောင်းရင် တော်ပြီ...တော်ပြီဆိုပြီး မပေးတော့ဘူး'

ဘိုးမင်းခေါင်က အိမ်မှာနေလေ့မရှိဘူး။ သွားချင်ရာသွားနေတာ ငါး၊ အင်းပက်ချင်ပက်နေတာ။ ခရုဖမ်း ရေစိမ်ပြီး သောက်ချင်သောက်တယ်။ သူများတွေကို ခရုတွေ ပေးချင်ပေးနေတာ။

ဘိုးမင်းခေါင်ပြန်လာခဲ့ရင် အိမ်ဦးခန်းမှာ တင်ပျဉ်ခွေရှိတ်ပြီး အမြဲထိုင်လေ့ရှိတယ်။ ရေနွေးဆိုလဲ ပူပူကြီးသောက်လိုက်တာ သူ့ကို ဓာတ်ပုံရိုက်လို့ မရဘူး။

ဦးစံလှဆိုတာ ဒေါ်လေးတို့အဘိုး ဘိုးမင်းခေါင်ရဲ့ တပည့်လက်ရင်းကြီး။ တစ်နေ့ တောထဲကို ဘိုးမင်းခေါင်နဲ့ အတူသွားကြတော့ ဘိုးမင်းခေါင်က ဦးစံလှကို...

'ဟေ့...စံလှ ဒီမှာ မင်းပိန်းမရဲ့ ဆွဲကြိုးနဲ့ လက်ကောက်တွေ ငါယူခဲ့တယ်'

ဆိုပြီးပြတော့ ဦးစံလှက သေ...
ကြည့်ပြီး "**ဘာဖြစ်လို့ ယူခဲ့ရသ...
ပြန်ပေးပါ**" ပြောတော့ ဘိုးမင်းခေါ်...
မပေးဘူး။ ခဏခဏ တောင်းတ...
မရဘူး။

ဒါနဲ့ ဦးစံလှလဲ အနီးရှိ ခြံတိုင်ယူ...
ဘိုးမင်းခေါင်ကို ရိုက်ထည့်သ...
ဘိုးမင်းခေါင် ခေါင်းပေါက်ပြီး လဲ...
တယ်။

လူတွေ သွားကြည့်တော့ ဘိုး...
ခေါင်ကို ဘယ်သူရိုက်တာလဲ မေး...
တယ်။ ဘိုးမင်းခေါင်က...

'ဘယ်သူမှ မရိုက်ပါဘူး။ ငါ သံ...
ချော်လဲတာပါ'

လို့ ပြောရင်း...

'ဟား... ဟား... ဟား... ဟား'

လို့ ရယ်သတဲ့...။

ဦးစံလှက အိမ်ပြန်ရောက်...
သူ့မိန်းမကို မင်းပစ္စည်းတွေ ရှိသ...
ရှာစမ်းဆိုပြီး ပစ္စည်းတွေထားတဲ့...
မှာ ရှာကြတယ်။ ပစ္စည်းတွေတွေ့...

အဲဒီအခါ ဦးစံလှက ငါမှာ...
ငါဘိုးမင်းခေါင်ကို ပစ္စည်းတွေ...
တယ်ဆိုပြီး ခြံတိုင်နဲ့ရိုက်ခဲ့တာ...
ဘိုးမင်းခေါင်ကို သွားပြီး တောင်း...
သတဲ့။ ဘိုးမင်းခေါင်က "**မင်း...
ဝဋ်ကြွေးရှိလို့ ဖြစ်ကြရတာပါကွာ**"
လို့ ပြန်ပြောသတဲ့...။

စာရေးသူက ဒီလိုဆို ဒေါ်လေး...
အိမ်ကဘိုးမင်းခေါင် ဘယ်အချိန်လော...
က ပျောက်သွားသလဲ။ ဒေါ်လေး...
သူ့ဆီက ဘာတွေ ရထားသလဲ...
မေးတော့ ဒေါ်သန်းညွန့်က ဒေါ်လေး...
ကို ဘိုးမင်းခေါင်က ငွေ(၅)ကျပ်၊ ...
ရေဖိနပ်တစ်ဖက်၊ စိပ်ပုတီးတ...
ပေးထားခဲ့တယ်။'

အတိတ်ခြည်၊ နိမိတ်ခြည်လို့ ...
မှာပေါ့လေ။ ငွေငါးကျပ်က ငါးပါးသီ...

www.burmeseclassic.com

မြို့အောင် ကျင့်ကြံဆိုတဲ့ အဓိပ္ပါယ်ပဲ။

ဖုံးဆိုင်ရေဖိနပ်တစ်ဖက်ကတော့ သူ ကိုယ်တိုင် ဘုရားဆောင်အောက်က ဆင့်ကြမ်းမှာ ဖိနပ်ကို အမိုးသဏ္ဍာန် လုပ်ပြီး အောက်ခံအခုနဲ့ ပြုလုပ်ထား သေးတယ်။ ဖုံးကြံတဲ့အန္တရာယ်က လွတ်ကင်းအောင်ဆိုတဲ့ အတိတ်နိမိတ် သို့ ထင်တာပဲ။

စိပ်ပုတီးကတော့ နေ့စဉ် အရဟံ ဂုဏ်တော်ကို ပွားများဖို့ဆိုတဲ့ သဘော ပဲ။ ပြီးတော့ ဘိုးမင်းခေါင်ကို အတိတ် ကောင်းနိမိတ်ကောင်းလို့ ဆိုကြတယ်။

ဒေါ်လေးတို့ အိမ်နောက်မှာ မပေါ် ချောင်းနဲ့ မန်ကျည်းပင်ကြီးတွေ ရှိ တယ်။ ညညရောက်ရင် ဘိုးမင်းခေါင် က သူ့ရဲ့ ခြေဖဝါးကြီးနဲ့ မြင်းခွာခြစ် သလို မြေကြီးတွေကို ပေါက်ပေါက် ခြစ်တယ်။

ဘာလုပ်တာလဲလို့မေးရင် **"ငါ မြင်း တွေနဲ့ ကစားတာပါ"** လို့ပြောတယ်။ နောက် ဂျပန်တွေရောက်လာတော့ **ဒေါ်လေးတို့အိမ်နောက်မှာ ဂျပန် တွေ မြင်းတဲတန်းကြီး ထိုးခဲ့တယ်။**

ပြီးတော့ ဒေါ်လေးကြုံတာ ပြောဦး မယ်။ ဘိုးမင်းခေါင်ရေချိုးရင် ဝတ်လစ် စလစ်ချိုးတယ်။ ဒါ အတိတ်ကိုပြတာ ပဲ ဂျပန်တွေရောက်လာပြီး ဂျပန်တွေ ရေချိုးရင်လဲ ဝတ်လစ်စလစ်ပဲ။

ဘိုးမင်းခေါင်သွားရင် တစ်ခါတစ်ခါ သူ့ရဲ့တင်ပါးနောက်က သစ်ခက်ကြီးကို ဆွဲဆွဲပြီးသွားတယ်။ အဲဒါက မိမိသွား တဲ့လမ်းကြောင်းကို သူများတွေမတွေ့ မြင်အောင်လို့ပဲ။

အခု မြို့သစ်နဲ့ မော်လူးသချိုင်းကုန်း ကြားမှာ အမြဲလိုလို လုပ်တယ်။ ဂျပန် တွေဝင်လာတော့ဂျပန်တွေကသစ်ခက် တွေကို သူတို့ကိုယ်ရဲ့နောက်မှာ ချိတ် ပြီး လမ်းစဖျောက်ကြတယ်။



မြို့သစ်မှာ ဂျပန်တွေ အများဆုံး စခန်းချကြတယ်။ ဘိုးမင်းခေါင်က မော်လူးမှာတော်တော်ကြာကြာ နေသွား တယ်။ အုန်းဒုတ်က ဒေါ်ဖြူကြီးနဲ့လဲ ရင်းနှီးတယ်။

ဘိုးမင်းခေါင်က မန်ကျီးကုန်း ရေ ပေါက်ပေါ် လမ်းလျှောက်လာနေတုန်း ရထားကြီးက မော်လူးဘက်လာနေ တယ်။ ဒေါ်ဖြူက...

'ဘိုးမင်းခေါင်... ဘိုးမင်းခေါင် နောက်မှာ ရထားလာနေတယ်၊ ရထားကြိတ်သွားမယ် မြန်မြန်လာ'

လို့ အော်တော့...

'ရထားမလာပါဘူး၊ သူ့ဟာသူနေ တာပါ'

လို့ ဆိုတယ်။ ဘိုးမင်းခေါင်ရေပေါက် လွန်ခဲ့မှ ရထားထွက်လာနိုင်တယ်လို့ ဆိုတယ်။

ဒေါ်လေးတို့ညီအစ်မက ဘိုးမင်း ခေါင်ကို ညည အမြဲနင်းပေးရတယ်။ သူ့ရဲ့ခြေသလုံးတွေ နင်းရင်း နင်းရင်း ကျောက်ပျဉ်ကြီးလို မာလာမှ ဆင်းနိုင်း တယ်။

ဘိုးမင်းခေါင်ကို ဒေါ်လေးတို့ နင်း ပေး နှိပ်ပေးရလို့လားမသိဘူး။ အခု ဒေါ်လေးတို့ အသက်(၈၀)ကျော် (၉၀) ထိ လုံးဝ အနင်းအနှိပ်မခံရဘူးလေ။ ဘိုးမင်းခေါင် ဒေါ်လေးတို့အိမ်က ထွက် သွားခါနီး ဒေါ်လေးတို့အဘိုးကို ရွှေတွေ ပေးပါတယ်။

ဒါပေမယ့် ရက်မရှိတော့ မရတာပေါ့ လေ။ ဘိုးမင်းခေါင်က အိမ်အပြင်မှာ မစင်တွေ စွန့်ထားခဲ့တယ်။

အဘိုးစံလှက ဘိုးမင်းခေါင် တော်တော်ညစ်ပတ်တယ်ဆိုပြီးရေတွေ နဲ့ ဆေးချတယ်။ ရေတွေနဲ့ ဆေးချ တော့ အဲဒီမစင်တွေဟာ အိမ်အောက် မှာ ရွှေတွေဖြစ်နေတာ တွေ့ရတယ်တဲ့။

ရွှေတွေဆိုပြီး လက်နဲ့ ကြုံးယူတယ်။ လက်ထဲရောက်တော့မှ ဘာမှ မရှိတော့ ဘူးတဲ့။ ရထိုက်ရက်မကြုံလို့ မရလိုက် တာပဲ။

အဲဒီအချိန်ကစပြီး ဘိုးမင်းခေါင် ထွက်သွားလိုက်တာ အခုချိန်ထိ ဒေါ်လေးတို့ သူနဲ့ လုံးဝမတွေ့ရတော့ ဘူး။ ဒီလောက်ပဲ မှတ်မိတယ်။


မော်လူးသားတွေထဲက အချို့ အသက်ကြီးသူတွေ ရှိသေးရင်လဲ မှတ်မိချင် မှတ်မိကြမှာပါ။

စာရေးသူလဲ သိချင်ရာရာများကို မေးမြန်းပြီး ဒေါ်လေးနှစ်ယောက်ကို ဓာတ်ပုံမှတ်တမ်းတင်၍ ပြန်လည် ထွက်ခွာခဲ့ပါတယ်။

**(ဘိုးမင်းခေါင်အကြောင်း ပြော ပြပေးသူ ဒေါ်သန်းရင်၊ ဒေါ်သန်းညွန့် တို့ကို အထူး ကျေးဇူးတင်ရှိသျှက်)**

**ညိုမင်းထက် (မြန်မာ)**

www.burmeseclassic.com



# သီချင်းတာဆေး မှားပါတယ်

ဓောမိသွင်
(ရန်ကုန်)

တချို့က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ၊ ဘိုးတော်တွေကို အရမ်းပုတ်ခတ်တတ်ကြပါသည်။ တချို့ ဘိုးတော်တွေကိုတော့ မနီးစပ်လို့ မသိပါဘူး။ အဘဘိုးမင်းခေါင်၊ အဘဘိုးဘိုးအောင်တို့ ဘိုးဘိုးငယ်တို့အကြောင်းကိုတော့ ဖတ်ဖူးကြားဖူး ကြုံဖူးတာတွေ ရှိပါတယ်။ အမေ့အိမ်မှာ အဘဘိုးဘိုးအောင် ရုပ်တုကို ရွှေချပြီး ကိုးကွယ်ထားပါတယ်။ ပုံတော်ရဲ့အမြင့်က နှစ်လက်မနီးပါး လောက်ပဲ ရှိပါမယ်။

လက်ကို ဒူးတစ်ဖက်တစ်ချက်စီမှာ တင်ထားပြီး တင်ပျဉ်ခွေထိုင်နေတဲ့ ရုပ်တုပါ။ ခေါင်းမှာ ခေါင်းပေါင်းနဲ့ လည်ပင်းမှာ စိပ်ပုတီး စွပ်ထားပါတယ်။

ပုံတော်လေးကို မ,ကြည့်တဲ့အခါ မထင်မှတ်ဘဲ လေးပါတယ်။ ပုံတော်... သက်တမ်းက နှစ်ပေါင်းကိုးဆယ်... ပါပြီ။ အမေငယ်ငယ်ကတည်း... အမေ့အမေအိမ်မှာ ကိုးကွယ်ထား... ကို အိမ်ထောင်ကျတော့ အိမ်ကို... လာတာလို့ အမေက ပြောပြပါ... အမေက အသက်ရှစ်ဆယ်ကျော်... ဆုံးသွားပြီး အမေဆုံးတာကိုက... ငါးနှစ်ရှိပါပြီ။

ကျွန်တော့်အိမ်နဲ့ ကျွန်တော်... အခါမှာတော့ ပုံတော်တွေဘာ... မကိုးကွယ်ပေမယ့် ထွက်ရပ်ပေါ... ပုဂ္ဂိုလ်ဆိုတာ ထိုင်နေရုံနဲ့ မဖြစ်... ကျင့်ကြံအားထုတ်မှုကြောင့် ဖြစ်... ယုံကြည်လေးစားမှုတော့ ရှိရမှာ... တော့ တွေးမိခဲ့ပါတယ်။

အမေ့ ဘုရားကျောင်းဆော... မြင့်ပါတယ်။ အမေတောင် ခွေး... ခေါ်တဲ့ ခုံအမြင့်ပေါ်တက်ပြီး ... ဆွမ်းတော်ကပ် ဘုရားပန်းလဲ၊ ... တော်ရေ လဲရတာပါ။

ကျွန်တော်တို့ငယ်ငယ်က ခွေး... အမြင့်ပေါ်တက်ပြီး ဘိုးဘိုး... ရုပ်တုကို ခဏခဏ ကြည့်ကြပါ... ဘုရားကို ကျောင်းဆောင်ထဲ ... ထားပြီး ပလ္လင်အမြင့်ပေါ်... ကိုးကွယ်ထားတာပါ။

အဘ ဘိုးဘိုးအောင်ရုပ်တု... ပလပ်ပေါ်တင်ပြီး ဘုရား...



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရဲ့ လက်ဝဲဘက်ထောင့် မကျ ကျမှာ တင်ထားကိုးကွယ်ခဲ့တာပါ။

ဘိုးဘိုးအောင်ရုပ်တုက အမေ့အိမ်မှာဆို ဘုရားကျောင်းဆောင်ဘက်ကို လှည့်လှည့်သွားပါတယ်။ အမေတို့ကလဲ ရှေ့တည့်တည့်ကို ပြန်လှည့်ပေမယ့် ပြန်ပြန်လှည့်သွားလို့ ထူးတယ်လို့ ပြောပါတယ်။


ကျွန်တော်တို့ မောင်နှမတွေက ခွေးခြေနဲ့ တက်ကြည့်ပြီး ဘိုးဘိုးအောင်ရုပ်တုကို ရှေ့ဘက်ကို ပြန်ပြန်လှည့်ကြည့်ပါတယ်။

ကလေးတွေဆိုတော့ ဆော့ကစားရင်း ကျောင်းသွားရင်း မေ့သွားပေမယ့် သတိရလို့ ကြည့်လိုက်မိတဲ့အခါ ဘုရားဘက်ပဲ ပြန်လှည့်နေတတ်လို့ ကိုယ်ကတည့်လိုက်၊ ဘိုးဘိုးအောင်ရုပ်တုက ပြန်လှည့်လိုက်နဲ့ ခွေးခြေပေါ်တက်ပြီး ကြည့်ကြလွန်းလို့ အမေက ခွေးခြေကို သိမ်းထားရပါတယ်။

**“ဘုရားကို နောက်ကျော မခိုင်းချင်လို့ ဘုရားဘက် လှည့်ပြီး ဘုရားရှုတာ ထင်တယ်နော်”**လို့ ပြောကြတဲ့အခါ အမေကတော့ ပြုံးနေတတ်ပါတယ်။

အမေရဲ့ ကိုးကွယ်မှုက တော်တော်နဲ့ပါတယ်။ အိမ်တွင်းနတ်အုန်းလဲ ဆွဲပါတယ်။ ဝါဝင်ဝါထွက်မှာ ရိုးရာနတ်တွေလဲ တင်ပါတယ်၊ ငါးဆို အမြီးစုံခေါင်းစုံ၊ ငှက်ပျောဆယ့်တစ်ဖီးနဲ့ အုန်းသီး မျက်နှာလှပ်ပြီး တင်ပါတယ်။ နှံ့ကြာစီလုပ်ပြီး ကတော့လေးထဲ ထည့်တင်သလို မုန့်ဆီကြော်ကို အဖြူကြော်၊ ထန်းလျက်နဲ့ကြော်ပြီး မုန့်ဖြူနှံ့နီဆိုပြီး တင်ပါတယ်။

ညဘက်ဆို ဆန်ကာတစ်ချပ်ထဲ နဲ့တွေထည့်ပြီး ယောက်မတစ်ချောင်း ဆန်ကောထဲထည့်ပြီး အိမ်ရှေ့ ဖလက်



ဖောင်းပေါ်မှာ ထားပြီး ရှာချတာလို့ ဆိုပါတယ်။

ရှာချရင် စုန်းတွေက ခွေးနက်ကြီး ယောင်ဆောင်ပြီး လာစားကြတယ်လို့ ပြောသံကြားဖူးလို့ ငယ်ငယ်တုန်းက သံဘာဂျာဆွဲတံခါး ကြားကနေ ချောင်းကြည့်ကြပါသေးတယ်။ ခွေးလာစားတာတော့ မတွေ့ပါဘူး။ ဆိုက်ကားသမားတွေ ငှက်ပျောဖီးတို့၊ အုန်းသီးတို့ ယူသွားတာပဲ တွေ့ခဲ့ဖူးပါတယ်။

အမေဆုံးတော့ ဘုရားတွေရော၊ ပုံတော်တွေရော ပူဇော်ဖို့ မျှယူကြတာ အိမ်က နယ်မှာမို့ ကားဂိတ်နဲ့နီးတဲ့ အမျိုးအိမ်မှာ တစ်ညတည်းတော့ ဘုရားစင်ပေါ်ကို ပင့်လာတဲ့ ဘုရားတွေကို အကုန်တင်ထားတာ ပုံတော်လေးတစ်ဆူက ဘုရားဘက်ကို လှည့်လှည့်နေလို့ ညီမဝမ်းကွဲက အဲဒီဘုရားလေး ပေးခဲ့ပါလို့ တောင်းပေမယ့် အမေကိုးကွယ်ခဲ့တာမို့ ပေးလို့မဖြစ်ဘူးလို့ ပြောခဲ့ရတယ်။

ကြာတော့ မေ့တာလဲ ပါတယ်။ ရွှေအပြည့်ချထားတော့ ဘုရားမှတ်လို့ ပင့်လာကြတာ အိမ်ရောက်တော့မှ စိပ်ပုတီးလည်မှာ ဆွဲထားတာကို မြင်လို့ အဘဘိုးဘိုးအောင်ပဲ သတိရလိုက်မိပါတယ်။

တကယ်ဆို အိမ်မှာ ပုံတော်ဆိုလို့ ဘိုးဘိုးအောင်ပုံတော်ပဲ ရှိတာကို၊ ကျွန်တော့် မကိုးကွယ် မ,ပသဘဲ၊ စိတ်မစွဲဘဲ အဘဘိုးမင်းခေါင်ကို အိပ်မက် မက်ခဲ့တယ်။

အိပ်မက်ထဲမှာ အင်ကြင်းတောင်ဘုရားကို ညဘက်ကြီး ရောက်သွားခဲ့ပါတယ်။ အင်ကြင်းတောင်ဆိုတာ ဖိုးဝင်းတောင် မရောက်ခင် ညောင်ပင်ကြီးဘက်မှလာရင် လမ်းမကြီးရဲ့ လက်ယာဘက်တွင် အင်ကြင်းတောင် ရွှေးဟောင်းဘုရားသို့ ဆိုတဲ့ လမ်းညွှန်မှတ်တိုင် ထူထားပါတယ်။

အဲဒီလမ်းမပေါ်ကနေ လမ်းကြားထဲချိုးပြီး ကားမောင်းဝင်သွားရင် ဆယ်မိနစ်လောက် မောင်းရင် အင်ကြင်းတောင်တော်ခြေရင်းသို့ ရောက်ပါတယ်၊ အင်ကြင်းတောင် တောင်ခြေသို့ ရောက်တဲ့အခါ မှောင်နေပေမယ့် လမ်းတွေကို ကောင်းကောင်း မြင်ရပါတယ်။

ပိတောက်ပင်တွေကလဲ ပင်လုံးကျွတ် ဖူးပွင့်နေကြပါတယ်။ ကျွန်တော်တောင်ပေါ်က ဂူတစ်ခုထဲကို ဝင်ကြည့်တော့ ဂူနံရံမှာ အဘဘိုးမင်းခေါင်ပုံတော်ကြီးကို အပြည့်ဆွဲထားတာ အပြင်က လူအတိုင်းပါပဲ။ ပုဆိုးကွက်တုံးနဲ့ တိုက်ပုံရင်ဘတ်ဟနဲ့ ဒူးတစ်ဖက်ထောင်ပြီး ထိုင်နေတာ၊ အဲဒီပုံကနေ လှုပ်လာပြီး စကားလှမ်းပြောပါတယ်။

“ဒီနေရာမှာ မင်း ဟိုအရင် ပုဂံခေတ်ကတည်းက လှူခဲ့တဲ့ဘုရားတွေ၊ ဇရပ်တွေရှိတယ်၊ မင်းနဲ့ ဆရာကိုရှိတဲ့နေရာပဲ၊ ရောက်နိုင်းနားမှာ မင်းရဲ့ ဆွေတော်မျိုးတော်တွေ မကျွတ်မလွတ်တာတွေ ရှိသေးတယ်၊ အမျှဝေပေးလိုက်ဦး”

လို့ ပေါ့…

အိပ်မက်က လန့်နိုးတော့ ကျွန်တော်

www.burmeseclassic.com

စဉ်းစားမိပါတယ်။ အင်ကြင်းတောင်မှာ ဘာပိတောက်ပင်မှ မရှိပါဘူး။ ကျွန်တော် အိပ်မက်မက်တဲ့အချိန်ကလဲ ပိတောက်ပန်းပွင့်တဲ့ ရာသီလဲ မဟုတ်ပါဘူး။ အိပ်မက်ထဲမှာ မိုးရေတွေကလဲ တဖွဲဖွဲ တစက်စက်နဲ့ ပိတောက်ပန်းနံ့လေးတွေကလဲ မွှေးကြိုင်လို့ ဘာ အဓိပ္ပါယ်ပါလိမ့်လို့ အခုထက်ထိ စဉ်းစားလို့ မရပေမယ့် အင်ကြင်းတောင်ရောက်တိုင်း ဂူနောက်ဆုံးက ထိုင်တော်မူ ဘုရားရုပ်ပွားတော်တစ်ဆူကို သွားကန်တော့ဖြစ်ပါတယ်။



အင်ကြင်းတောင်ရောက်ရင် အဲဒီဘုရားရှေ့ကို သိပ်သွားချင်မိပါတယ်။ ဘုရားရှေ့မှာ တရားလဲ သွားထိုင်ဖြစ်ခဲ့ပါတယ်။ ရှေ့ရောက်တိုင်းလဲ "**ဗုဒ္ဓံ သရဏံ ဂစ်ချာမိ၊ ဓမ္မံ သရဏံ ဂစ်ချာမိ၊ သံဃံ သရဏံ ဂစ်ချာမိ**" လို့ ကိုယ့်နှုတ်က ဒီလို အသံထွက်နဲ့ ရွတ်လာတတ်ပါတယ်။ ကိုယ်ရွတ်တာ မဟုတ်ဘဲ နှုတ်စီးပြီး ဝင်ရွတ်တာပါ။

'နားထဲမှာလဲ ပျူခေတ်က မင်း လှူခဲ့တဲ့ ဘုရား၊ မင်းဆွေမျိုးတွေလဲ ဒီနေရာတွေမှာ မကျွတ်မလွတ်သေးဘဲ ရှိနေသေးတယ် အမျှပေးဦး'

ဆိုတဲ့ ပြောတဲ့စကားသံတွေ ခဏခဏ ကြားနေရတတ်တယ်။

အစကတော့ ကိုယ်နားမလည်တဲ့ စကားတွေနဲ့ ပြောတာကြားရပေမယ့်၊ နားလည်နိုင်တဲ့စကားနဲ့ ပြောပါ၊ သိပါရစေလို့ ဆုတောင်းမိတော့မှ ကိုယ်နားလည်တဲ့ မြန်မာစကားနဲ့ ကြားခဲ့ရတာမို့ တကယ်နားနားကပ်ပြီး ပြောတယ်လို့ ယုံကြည်မိတာပါ။

အိပ်မက်နဲ့ လက်တွေ့ ရောနေတဲ့ ကိစ္စမို့ မေ့မေ့ပျောက်ပျောက်ပါပဲ။ အိမ်က လူတွေကတော့ အင်ကြင်းတောင်ကို သွားရင် တစ်ယောက်တည်း သွားတာ မကြိုက်ပါဘူး။ ရှေးဟောင်းဘုရားတွေဖြစ်ပြီး လူလဲ ပြတ်လို့ပါ။

ဖိုးဝင်းတောင်ကို ဘုရားဖူးသွားကြပေမယ့် အင်ကြင်းတောင်ကို ဘုရားဝင်ဖူးတဲ့ ရပ်ဝေးဘုရားဖူးက နည်းပါတယ်။ ကျွန်တော်ကတော့ ဘုရားရှိခိုးပြီးတိုင်း အင်ကြင်းတောင် ရေကန်ကြီးအနီးမှာ ရှိကြတဲ့ ဘဝပေါင်းများစွာက ဆွေမျိုးတော်စပ်ခဲ့တဲ့ မကျွတ်မလွတ်သေးသော သူများရှိခဲ့သေးရင် အမျှပေးဝေပါတယ်လို့ ဆိုပြီး နေ့တိုင်း အမျှဝေခဲ့ပါတယ်။

အင်ကြင်းတောင် မရောက်တာလဲ ကြာပါပြီ။ ကျွန်တော်က နယ်တကာ အလုပ်ပြောင်းနေရလို့ မရောက်ဖြစ်တာပါ။ အလုပ်စဝင်ကတည်းက မြိတ်ထားဝယ်မှာ တာဝန်ကျခဲ့ဖူးပြီး မအူပင်၊ မြောင်းမြ၊ ညောင်တုန်းကနေ မုံရွာကို ပြောင်း၊ မုံရွာကနေ ကလေးဘက် ပြောင်းခဲ့ရတယ်။

ကလေးမြို့ဘက်ကနေမှ ပုသိမ် မြောင်းမြတို့မှာ တစ်လှည့်စီ တာဝန်ကျပါတယ်။ ယခုတစ်ခါ မုံရွာဘက် ပြန်ရောက်ခဲ့ရပြန်ပါတယ်။ မုံရွာဘက် ရောက်တော့ အဘဘိုးမင်းခေါင် အိပ်မက်မက်ပြန်ပါတယ်။

အဘကို ဒီတစ်ခါတော့ မတ်တတ် ရပ်လျက် မက်ပါတယ်။ **သိသရာရှည် တယ် သတိထားလို့** အဘကပြော အခါ ပြန်ပြောမယ်လုပ်တုန်း လန့် ခဲ့ပါတယ်။ ဒါပေမယ့် စိတ်ထဲ မစွဲထား ပါဘူး အိပ်မက်က အိပ်မက်ပဲပေါ့။

မုံရွာမြို့မှာ ကျွန်တော် အစိုးရအလု လုပ်တုန်းက သုံးနှစ်လောက် လုပ်ခဲ့ တဲ့နေရာပါ။ အစက ရန်ကုန်မှာ တာ ကျပေမယ့် အလှည့်နဲ့ နယ်ကို လွှ တာမို့ ဒီနယ်မြေကို ပြန်ရောက်ခဲ့ ပြန်ပါတယ်။

မြို့ခံမဟုတ်တဲ့သူတွေကို နေစ နေရာလဲ ပေးထားတာပါ။ ရေစက်ရှိ နေရာပါပဲ။ ရောက်ရာအရပ် အားလုံးနဲ့ အဆင်ပြေအောင် တာဝန်ကျေအောင်လုပ်၊ မရှုပ်ရင် မပြ ဘူးဆိုတဲ့မူကို လက်ကိုင်ထားပြီး အ အရာရာ ကြိုးစားလုပ်ကိုင်နေရ အချိန်မှ ဘုရားတရားအလုပ်ကို ကျွန်တော် မမေ့ပါဘူး။

အနားပတ်ဝန်းကျင်ရှိ တော ကျောင်းတွေကိုလဲ ကျွန်တော်ရော ရှိခဲ့ပါတယ်။

ကိုယ့်ထမင်းချိုင့်နဲ့ကိုယ် ဥ စောင့်သွားတာမို့ တောရကျောင်း တွင် တစ်နေကုန်နေပြီး ညနေလော မှ ကိုယ့်အလုပ်လုပ်တဲ့ ဝင်းကို ပြ တယ်။ တောရကျောင်း အသက်ခုနစ်ဆယ်ကျော် အရွ လောက်ရှိတဲ့ အဘဦး ရှေ့နဲ့ တွေ့ ခွင့်မင်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘနဲ့ စကားလက်ဆုံကျစဉ်မှာ အဘက မအူကျေးရွာတွင် နေထိုင်ပြီး ဘုရကျောင်းအထိ စက်ဘီးစီး လာ ရောက်နိုင်သည်အထိ ကျန်းမာရေး ကောင်းပြီး သန့်စွမ်းသူ ဖြစ်ပါတယ်။

'အဘ အရွယ်တင်လိုက်တာ ကျန်းမာရေး ကောင်းတာကိုလဲ သဘောကျတယ်။ ဘာ ဆေးစွမ်းတွေများ စားလို့ ဒီလို ကျန်းမာသန့်စွမ်းပြီး အသက်ရှည်နေတာလဲ အဘရေ ဆေးနည်းကောင်းလေးများလဲ ပေးပါဦး။ကျွန်တော်တို့မှာတော့ အသက် ...ဆယ်လောက်နဲ့ ရောဂါက ထူလိုက်တာမှ' အဘကို မေးတော့ အဘက ...ယ်ရယ်မောမောနဲ့ ပြောပြပါတယ်။

'ဘုရားဆေးတော်ကြီးကို သောက်သုံးလို့ ...ကွာ၊ ရေသောက်သောက် ထမင်းစားစား "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"လို့ ဆိုပြီးမှ စားတယ် သောက်တယ်။ မနက်တိုင်း တစ်နာရီလောက် တော့ အချိန်ပေးပြီး တရားထိုင်တယ် ...တွေထူးထူး တခြားဆေးတွေ မသောက် ...ဘူး။

...ယ်သွားသွား ခရီးဝေးသွားတာက လွဲလို့ ...ခြေလျှောက်သွားတယ်။ ဝေးရင်တော့ စက်ဘီးကိုယ်တိုင်စီးပြီး သွားတာပဲ၊ အသား ...မစားဘူး။ ဟင်းသီးဟင်းရွက်တို့ ပဲတို့ ...တို့တော့ စားတယ်သောက်တယ်ကွာ'

အဘစီက အသက်ရှည်ခြင်း ...ကြောင်းကို သိရသည်က ဘုရား ...ရားအလုပ် လုပ်လို့ပါပဲလို့ မှတ်ယူမိ ...တယ်။ ရွာထောင်တောရကျောင်း ...မှာ စကားလက်ဆုံကျစဉ် အဘက ...အရွယ် အသက်(၂၀)ကျော်မှစပြီး ...ထမံဂိုဏ်းဝင်ပြီး ထွက်ရပ်ပေါက် ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ခဲ့ကြောင်း ပြောပြပါတယ်။

အဲဒီတုန်းကတော့ အဘက တစ်နေကုန် တရားမှတ်နိုင်ပြီး စားချိန်အိပ်ချိန်ကလွဲရင် တရားပဲ အားထုတ်မိကြောင်း၊ စီးပွားရှာဖို့က ရှိသေးလို့ ကားမောင်းတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းရရာ ကားမောင်းတဲ့အချိန်မှာလဲ ဘုရားတရားကိုပဲ အာရုံစိုက် ရွတ်ဖတ်ကာ ကားမောင်းနေရလို့ တရား မထိုင်နိုင်ရင်ပင် သတိနဲ့ အမှတ်နဲ့နေခဲ့ပြီး ကားမောင်းခဲ့ကြောင်း သိရပါတယ်။

'တစ်နေ့ အဘ ကားမောင်းလာတုန်း မုံရွာ ဝက်သတ်ရုံအနီးမှာပေါ့ကွာ၊ ကားရှေ့ ခပ်လှမ်းလှမ်းမှာ ပုဆိုးအကွက်တုံးကျဲကျဲ ပင်နီတိုက်ပုံ ဝတ်ထားပြီး လွယ်အိတ်ကြီးတစ်လုံး လွယ်ထားတဲ့လူတစ်ယောက် လမ်းလျှောက်သွားနေတာကို မြင်လိုက်တော့ အဘက ဘိုးဘိုးအောင်လားလို့ ထင်မိလို့ ကားကို ကျော်တက်မောင်းပြီးမှ ကားရပ်လိုက်တယ်။ အမြင်ဆန်းပြီး တခြားလူတွေနဲ့ မတူလို့ပါ။

ကားပေါ်ကဆင်းလာပြီး အဲဒီ အဘိုးအိုကို စောင့်ဆိုင်းနေမိတယ်။ အဘိုးအိုက လမ်းလျှောက်လာရာကနေ သစ်ပင်ရိပ်ထိုင်ခုံမှာ ဝင်နားပြီး ထိုင်လိုက်လို့ အဘလဲ အဘိုးအိုဘေးမှာ ဝင်ထိုင်လိုက်တယ်။

ကိုယ်က ပထမံ့ဂိုဏ်းကဆိုတော့ အဘဘိုးဘိုးအောင်ကို မြင်ဖူးချင်တာ၊ ထွက်ရပ်ပေါက်သွားပြီး ဆိုပေမယ့် မြင်ရတဲ့သူတွေလဲ ရှိခဲ့ဖူးတာတွေ ကြားဖူးတော့ အဘလို့ပဲ ထင်မိပေမယ့် အနားမှာ သွားထိုင်လိုက်မိပြီးမှ အဘ မဟုတ်မှန်း အလိုလို သိလိုက်မိတယ်။ ပြောစရာစကားကလဲ ရှာမရဘူး။ ဘယ်ပုဂ္ဂိုလ် ဘာလဲလို့ မေးချင်ပေမယ့် မမေးလိုက်မိပါဘူး'

'အဘ ဘယ်က လာတာပါပဲ'

လို့ မေးတာတွေကိုလဲ ချက်ချင်း ပြန်မဖြေဘူး။ သုံးကြိမ်လောက်မေးမှ...

'အလုံက လာတာကွယ့် မည်သည့် အရပ်ကို သွားမလို့လဲလို့ မေးမြန်းဦးမှာ မဟုတ်လား။ ငါ မန္တလေး မုန့်ဟင်းခါး ရပ်ကို သွားမလို့ကွယ်၊ ဘယ်ပုဂ္ဂိုလ်လဲ လို့လဲ သိချင်တယ် မဟုတ်လား၊ အပွေးမြင် အပင်သိတဲ့ ငါ့မြင်တာတောင် ဘယ်သူမှန်း မသိဘူးလား'

'မမေးခင်ကဘဲ ကိုယ်မေးချင်တာကို ကြိုသိပြီး ပြောလိုက်လို့ အံ့ဩမိသွားတာတော့ အမှန်ပါပဲကွာ၊ ငါက မန္တလေးသားမဟုတ်လို့ မုန့်ဟင်းခါးရပ် ဆိုတာလဲ မသိပါဘူး။ ရှိလား မရှိလားလဲ မသိပါဘူး။

အဘဘိုးမင်းခေါင်က ပုဆိုးအကွက်တုံးတွေကို ဝတ်တယ်။ ပင်နီရောင်

www.burmeseclassic.com

တိုက်ပုံကို ရင်ဘတ်ဟထားတတ်တယ်လို့ ထင်ထားတာ အခု ရင်ဘတ်စေ့ထားပြီး အင်္ကျီကြယ်သီးတွေလဲ အပြည့်တပ်ထားတော့ အဘရော ဟုတ်ရဲ့လားလို့ပေါ့ အဲဒီလို တွေးမိတုန်းမှာပဲ အဘိုးအိုက ရုတ်တရက် အင်္ကျီကြယ်သီးတွေကို ချွတ်ပြပြီး ရင်ဘတ်ဟပြလိုက်ပါတယ်'

'အဲဒီလို ရင်ဘတ်ဟပြမှ အဘက အဘဘိုးမင်းခေါင်လို့ ယုံလိုက်တာပေါ့။ ကျွန်တော်ပြောတာ ဟုတ်တယ် မဟုတ်လား'

'ဘယ်ဟုတ်ရမှာလဲကွာ ရင်ဘတ်ဟပြလိုက်မှ ရင်ဘတ်မှာ အနာတွေ ဗရပွ ပေါက်နေတာကို တွေ့လိုက်ရတယ်။ အနာတွေကို မြင်လိုက်ရတော့ ရွံမိပြီး အဘိုးနားမှာ ဆက်မနေလိုတဲ့ စိတ်အကြံဖြစ်လာပြီး နေရာက ထပြီး လှည့်ထွက်ခဲ့တယ်။

အဲဒီလိုနဲ့ ခြေလှမ်း တစ်လှမ်း နှစ်လှမ်းပဲ လှမ်းလိုက်ရသေးတယ် အဘိုးကို နှုတ်မဆက်ဘဲ ထလာမိတာကို သတိရပြီး ပြန်လှည့်ကြည့်လိုက်တော့ အဘိုးအိုက မျက်စိရှေ့တွင်ပဲ ပျောက်သွားတာကို တွေ့လိုက်ရတယ်။

ရှေ့မှာ ကားလမ်းမပဲရှိပြီး ဘေးတွေမှာလဲ ရှင်းလို့ ထွက်သွားရင်လဲ မြင်နေရာမှာကို ပျောက်ခြင်းမလှ ပျောက်သွားတော့ လန့်သွားတာပေါ့ကွာ'

'ဒါဆို အဘက ပုဂ္ဂိုလ်ထူးနဲ့ တွေ့တာတောင် မယုံကြည်သလို လုပ်ခဲ့လို့ ဘာမှ ထူးထူးဆန်းဆန်း မသိခဲ့ရ မကြားခဲ့ရဘူးပေါ့နော်။ အဘကို ရင်ဘတ် ဟပြတော့ ရင်ဘတ်မှာ အနာတွေပေါက်နေတာကို တွေ့ရတယ်ဆိုတော့ အဘကို ပေါက်မြောက်နေပြီလို့ ပြောတာနေမှာပေါ့။ ကျွန်တော်သာ ဆိုရင် သေချာမေးမြန်း ဆွေးနွေးခဲ့မှာပဲ၊



အဘလဲ ဉာဏ်မမီလို့ပေါ့'

'အေးကွာ... ငါသာ သေသေချာချာ ရှိရှိသေသေ ဆက်ဆံခဲ့ရင် အကျိုးထူး တစ်ခုခုတော့ ရမှာပဲ၊ ငါက အဘဘိုးဘိုးအောင်ကို တွေ့ဖူးချင်နေတာ ဆိုတော့ စိတ်ပျက်သွားတာလဲ ပါတာပေါ့ကွာ။ အဲဒီအချိန်က အသက်ကလဲ ငယ်သေးတယ်လေး'

အဘနဲ့ ခင်မင်ပြီး စကားတွေ ပြောခဲ့ရပြီး အတွေ့အကြုံများလဲ ရခဲ့ပါတယ်။ ရန်ကုန်ကို တစ်လှည့်ပြန်ရတော့ အဘနဲ့ အဆက်ပြတ်ခဲ့ရပါတယ်။ ကျွန်တော်ရဲ့အိမ်တွင် အဘဘိုးဘိုးအောင်ရုပ်တုသာ ရှိသော်လဲ အဘဘိုးမင်းခေါင်ပုံတော်ကို မဂ္ဂဇင်းများတွင်သာ မြင်ဖူးခဲ့ပါတယ်။

သူငယ်ချင်းအိမ်သို့ ရန်ကုန် ရောက်ခိုက် အလည်သွားခဲ့ရာ ဘုရားကျောင်းဆောင်ရဲ့ တစ်ဆင့်နိမ့်နေရာတွင် မီးညှိထားသော စီးကရက်များကို ပန်းကန်ပြားပေါ်တွင် ထောင်ထားရာ ပြာမကြွေဘဲ အတောင့်လိုက် မြင်တွေ့ရ၍ အံ့ဩမိရတယ်။ ထိုစီးကရက် ဆက်ထားသော ပန်းကန်ပြားနောက်တွင် အဘဘိုးမင်းခေါင် ဓာတ်ပုံ ရှိပါတယ်။

'အဘဘိုးမင်းခေါင်ကို ဆက်[illegible] တာကွ အမိန့်ခံ့ နဲ့ပေါ့'

သူငယ်ချင်းသမီးကလဲ ရုံးမသွား[illegible] စီးကရက်တစ်လိပ် ဆက်သွားခဲ့ပါ[illegible] တယ်။

'သူငယ်ချင်း မင်းကြည့်ရတာ အံ့[illegible] နေသလိုပဲ စီးကရက်ဆက်ရင် ပန်း[illegible] ပြားပေါ်မှာ မလဲဘဲ ထောင်နေ[illegible] ထူးဆန်းတယ်ကွ။ မယုံမရှိနဲ့ အ[illegible] ကတော့ တို့ကို မ,စတယ်မော[illegible] အလုပ်အကိုင်လဲ အဆင်ပြေတ[illegible] မင်းကို အဘပုံတော် ပေးလိုက်ဦး[illegible] (၅၇)နှစ်မြောက် အောင်ပွဲအ[illegible] အမှတ်မှာ ရခဲ့တဲ့ ဓာတ်ပုံပေါ့'

မည်သို့ဆိုစေ ပုဂ္ဂိုလ်ထူးနဲ့ တွေ့[illegible] တဲ့တိုင် ဘာမှန်းမသိလိုက်သော အ[illegible] ဦးသာရွှေထက်စာရင် ကျွန်တော်[illegible] ဘုရား,တရား,သံဃာမှ လွဲပြီး အ[illegible] မကိုးကွယ်လို့ သန္နိဋ္ဌာန်ချထားသော[illegible] ဖြစ်မှားခဲ့ခြင်း မရှိပါ။

အမေ့အိမ်တွင် ဘုရားဘက် [illegible] လှည့်နေသော ဘိုးဘိုးအောင်ရု[illegible] သည် အိမ်ရောက်တော့ ဘယ်ဘ[illegible] မလှည့်ခဲ့ပါပေ။ ပုံသွင်းထား[illegible] ကလေးတို့သည် အိမ်ကို ဘိုးတော်[illegible] လာတာလား သရဏဂုံပျက်လိမ့်[illegible] လို့ အဖေ သင်ထားပြီးတော့လို့ [illegible] တယ်။

အဘဘိုးမင်းခေါင်ကို ဘ[illegible] အိပ်မက် မက်ရတာလဲ၊ အဘတွေ့[illegible] ပုဂ္ဂိုလ်သည် ဘိုးမင်းခေါင်[illegible] ဘိုးဘိုးအောင်ရုပ်တုသည် နှစ်[illegible] များစွာ ဘုရားဘက် လှည့်လှည့်[illegible] ကိုယ့်အိမ်ရောက်မှ ဘာလို့ [illegible] တော့တာလဲလို့လဲ သိချင်မိ[illegible]

စောမိသွင်(ရန်ကုန်)

www.burmeseclassic.com



ကား ကျွန်တော်တို့ရပ်ကွက်ကြီး တစ်ခုလုံး အားထားရာ သောက်သုံးရေကန်ကြီးတစ်ခုသာလျှင် ဖြစ်တော့သည်။

ရေကို မမြင်ရလောက်အောင် ပဒုမ္မာကြာများ ပေါ်များလှသော်လည်း အလွန်အေးလှ၊ ကြည်လှသော ရေကြောင့် ရေသယ်၊ ရေခပ်သူများ စည်ကားလှတော့သည်။

အချိန်ကား ညနေစောင်း မိုးချုပ်စ ပြုနေပြီ၊ အောင်ဗောဓိ ကိုးနဝင်းစေတီတော်၌ ကျွန်ုပ် ပုတီးစိပ်နေသည်မှာ ယနေ့ (၉)ရက်မြောက်ည ဖြစ်သည်။ တတိယည (၉)နာရီတွင် ပုတီးစိပ်စဉ်က အနှောင့်အယှက်တစ်ခု မှတ်မှတ်ရရ ဝင်ခဲ့သည်။ စေတီတော်၏ အနောက်ဘက် ရင်ပြင်တွင် အရှေ့ဘက်သို့ မျက်နှာပြု၍ ပုတီးစိပ်နေပါသည်။ ထိုစဉ် ဂုဏ်တော် ပုတီး(၅)ပတ် အရောက် ပုရွက်ဆိတ် အမည်းကောင်ကြီးများ ခန္ဓာကိုယ်အောက်ပိုင်းမှစ၍ တရွရွ တက်လာပြီး ဦးခေါင်းပိုင်းထိအောင် များပြားလှသော ပုရွက်ဆိတ်များ အုံခဲ၍ တက်ရောက်လာခြင်းကို ခံစားရသည်။ မြင်လည်း မြင်ရသည်။ သို့သော် မကိုက်ပေ။

သို့နှင့် မေတ္တာပို့ခြင်းအလုပ်ကို ခေတ္တ ပြုလုပ်လျက် . သည်းခံရပေသည်။ အကယ်၍ ခန္ဓာကိုယ်အား တက်သော သမျှ ပုရွက်ဆိတ်တို့ ကိုက်ခဲမည်ဆိုလျှင် အဖွတ် ဒုက္ခရောက်ဖွယ် ရှိပေ

သန်းဝင်း
(အောင်မြေ)

ကိုးနဝင်းစေတီက

# သိုက်မှား

ကိုးနဝင်းစေတီတော် အောင်ဗောဓိ ကျောင်းဝင်း လှိုင်သာယာ မြို့ဦးစေတီတော်၏ အရှေ့တောင် စည်းရိုးကပ်လျက် ကျန်စစ်သားအိမ်ရာ တိုက်ခန်းများမြောက် လှိုင်သာယာမြို့နယ် ဆေးရုံကြီးအနောက်တောင်နေရာ...

ယခင် လှိုင်သာယာမြို့ မတည်မီက ပင်လျှင် ညောင်တုန်း ဓနုဖြူသွားကားလမ်းဘေး ထုံးသင်္ကန်းဖွေးဖွေးနှင့် ဖူးတွေ့နေရသော စေတီတော်...

ဆရာတော်ဦးဇဋိလ (အောင်ဗောဓိ) ကမ္ဘဋ္ဌာန်းကျောင်းဟူ၍ စတင် သိရှိရပြီး မြို့တည်စ အမှတ်(၇)ရပ်ကွက် အစွန် ဖြစ်သည်။

ဆွမ်းကွမ်း သာရေးနာရေးကိစ္စကြောင့် ကျောင်းသို့လည်း မကြာမကြာ ရောက်ရသကဲ့သို့ ရေရှားပါးချိန် အောင်ဗောဓိကျောင်းမှ ရေကန်ကြီး

www.burmeseclassic.com



သည်။

သို့သော် မကြာမီ တဖြည်းဖြည်း ဆင်းသွားကြသဖြင့် တော်သေးသဟဲ့ဟု ကျေးဖူးတင်မိတော့သည်။

ထို အောင်ဗောဓိစေတီတော်၏ အရှေ့မြောက်ထောင့်အရပ် ဝါး(၃)ကိုက်ခန့်တွင် ဆီးပင်ကြီး တစ်ပင်ရှိသည်။ ယင်း ဆီးပင်အနီး သိုက်နန်းတစ်ခုလည်း ဆောက်ထားပြီး သိုက်ရှိနေသည်ဟု အဆိုရှိသည်။

ရံခါ ညလယ်လောက်တွင် အောင်ဗောဓိကျောင်းဝန်းကျင် **နွားတွန်သံ** မကြာမကြာ ကြားရခြင်း တကယ့်နွား မဟုတ်ဘဲ ဆေးရုပ်နွားများဖြစ်ကြောင်း အောင်ဗောဓိကျောင်းအနီးဝိုင်းပတ် ဆောက်လုပ်နေထိုင်လျက်ရှိကြသော လယ်သမား တဲအိမ်(၆)လုံး၊ သီလရှင်ကျောင်း တစ်ဆောင်တွင် နေထိုင်ကြသည့် ပုဂ္ဂိုလ်များထံမှ မကြာမကြာ သတင်းကြားရ သိရပေသည်။

နောက်တစ်ခုမှာ အောင်ဗောဓိ ကိုးနဝင်းစေတီတော်၏ ထူးခြားချက်က မကြာမကြာ **ရောင်ခြည်တော်ကွန့်မြူးခြင်း။** အလှူကထိန်များ ကျောင်းတွင် ကျင်းပရက်တွင် ပဒေသာပင်လာပို့လျှင် စေတီရင်ပြင်ပေါ် ခေတ္တခဏ အသံချဲ့စက် ဖွင့်၍ မရခြင်း...

တံတိုင်းအပြင် ချဖွင့်လျှင် အသံထွက်၍ တံတိုင်းအတွင်း ချဖွင့်လျှင် အသံမလာတော့ခြင်းမှာ အသံချဲ့စက်များပိုင်ရှင်ဟူသမျှတို့ ကိုယ်တွေ့များဖြစ်ပေသည်။

"ဗိုလ်ဗိုလ်အောင်" အသံချဲ့စက် ပိုင်ရှင် မောင်အောင်စိန် မကြာခဏ ပြောဖူးသည်။

'အောင်ဗောဓိ ကိုးနဝင်းဘုရားပေါ်တော့ စက်တင်မဖွင့်ပါနဲ့ ပျက်ပြီသာ မှတ်တော့ ဘာဖြစ်မှန်းကို မသိဘူး'

ဟူ၍ ပြောဖူးသည်။

ယနေ့ည အဓိဋ္ဌာန်(၉)ရက်မြောက် ပုတီးစိပ်ရန် စောစော ထမင်းစားလျက် အနွေးထည်ကိုလည်း ပြင်ဆင်ထားသည့်တွင် သားအကြီးဖြစ်သော နိုင်လင်းဗိုလ်(၁၅နှစ်သား)က...

'အဖေ... သားလဲ လိုက်ချင်တယ်'

'ဘယ်ကို ဘယ်လိုက်မှာလဲ၊ ဘာလုပ်မှာလဲ မင်းက'

'အဖေအဖော်ရအောင်ပေါ့ အဖေကြီးက'

'ဟား...မင်းကလဲ ညတိုင်း ငါတစ်ယောက်တည်း သွားနေကြ၊ ဘာ... မင်းက ခုမှ လာပြီး လိုက်မနေစမ်းပါနဲ့ကွာ'

'လိုက်မယ် အဖေကြီးရာ ဘာမှမဖြစ်ပါဘူး'

'အေး...အချိန်က (၉)နာရီမှ စမှာ ညဥ့်နက်သန်းခေါင် တစ်ခုခုဖြစ်ရင် ကြောက်ပြီး ထွက်ပြေး ဘာညာဆို အဲဒါ ငါပါ အဓိဋ္ဌာန်ပျက်မှာ လိုက်မနေပါနဲ့ကွာ မင်းကလဲ'

'ကြည့်နေ အဖေကြီး မပြေးဘူး၊ ဘာကြီးလာလာ'

'အေးနော်... မင်းယောကျ်ားသတ္တိစကားတည်အောင်ပြော၊ စိတ်ကို နိုင်အောင်လုပ်၊ ဘာဖြစ်ဖြစ် မပြေးပါဘူးဆိုရင် လိုက်ခဲ့'

'လိုက်မယ် လိုက်မယ် မပြေးဘူး' ပြော၍မရ၊ ယနေ့ညမှ ဘာစိတ်[...] ရပြီး အတင်းလိုက်ဖို့ တောင်းဆို[...] သောသားကြီးနှင့်အတူ ည(၈း၃၀)နာ[...] ခန့် ဓာတ်မီး၊ ဆေးလိပ်၊ မီးခြစ်များ[...] ပုတီးများပါသော လွယ်အိတ်ကို လွယ်[...] လျက် ယခု အောင်မြေသာယာ တည်[...] ထားမည့် မြေနေရာ ကွင်းပြင်ကို ဖြတ်[...] သန်းလျက် သားအဖနှစ်ယောက်[...] အောင်ဗောဓိကျောင်း ကိုးနဝင်းစေ[...] တော်သို့ ချီတက်ကြပါတော့သည်။

ကွင်းလေက အေးအေး၊ လရောင်[...] က ဖွေးဖွေးနှင့် ဆောင်းလ၏ သရုပ်[...] ဖော်လျက်...

စပါးများ သလင်း၍ နွားလှည်းများ[...] ဖြင့် နယ်နေကြသော လယ်သမား[...] များအား ဖြတ်ကျော်၍ ရောက်[...] ပေါင်သို့ တက်လိုက်လျှင်...

'ဝုတ်...ဝုတ်...ဝူး...ဝုတ်'

အောင်ဗောဓိကျောင်းမှ (၆)ကောင်[...] ခန့်သောခွေးများ ဟောင်လည်း[...] ဟောင် ပြေး၍လည်း လာကြသည်[...] ကျွန်ုပ် နေ့စဥ်လုပ်နေကျ ထန်းလျက်[...] များ ပစ်၍ ကျွေးလိုက်ရာ ကျွန်ုပ်[...] သားအဖအား မိတ်ဆွေဟု သတ်မှတ်[...] လေသလားမသိ၊ အမြီးနန့်လျက်[...] ထန်းလျက်ခဲများအား သူ့ထက်ငါ [...] ကြလေတော့၏။

ထန်းလျက်ခဲကို [...]နေသော[...] ကျောင်းခွေးတစ်အုပ်ကို ရှောင်၍





www.burmeseclassic.com

www.burmeseclassic.com



…နဝင်းစေတီရင်ပြင်သို့ နေရာယူ …မြက်လှည်း ပန်းလှူရေလှူပါသည်။

ထို့နောက် အခင်းခင်းပြီးလျှင် ထိုင် …ကျ ကြာသပတေးအရပ်တွင် စေတီ …င့် အရှေ့အရပ်ကို မျက်နှာမူပြီး ဘယ် …ဘက်သေးနားတွင် သားကြီးကို နေရာ …ပေးပြီး ဘုရားရှိခိုးရပါတော့သည်။

ထိုစဉ် အရှေ့ဘက် ကိုက်(၅၀၀)ခန့် … နွားတစ်ကောင်၏ မာန်သွင်း၍ …န်သံတစ်ချက် ကြားရပါသည်။ …ယ်တဲက နွားဟုပင် ထင်လိုက်ပါ သည်။ ထို့နောက် မေတ္တာပို့လျက် …တ်တော်ပုတီးကို (၉)နာရီတိတိတွင် …တင်စိပ်ပါတော့သည်။

ပုတီး(၅)ပတ် ပြည့်ချိန်၌…

'ဝတ်ထရိန်း… ဝမ်းဘဲ'

ဗိုက်…နွားလွတ်လာသလား မသိ။

ကျွန်ုပ်တို့ ဘုရားဝန်းကျင်၌ စေတီ …တော်အရှေ့မှ အနောက်ပတ်၍ …ဖြောင်းဖြောင်းခြေသံပေးလျက် မှန်မှန် …သွားနေပေသည်။ သားကြောက်မည် …သဖြင့် လှည့်ကြည့်ရင်း…

'သား နိုင်လင်းဗိုလ်'

'ဗျာ အဖေ'

'မကြောက်နဲ့နော်၊ အဖေ အနား …ည်းနည်းတိုး'

'မကြောက်ပါဘူး ရပါတယ်'

နွားကား ဘုရားတစ်ပတ် ပတ်ပြန် သည်။ ထို့နောက် အနောက်ဘက်မုခ် …ဘုရားရင်ပြင် ခပ်ကျဉ်းကျဉ်းတွင် …နေရာယူထိုင်နေသော ကျွန်ုပ်တို့ …သားအဖ နောက်တည့်တည့်တွင် …ရောက်ရှိလာပြီး ရပ်နေသည်၊ နှာမှုတ် …သည်၊ ခွာယက်သည်။

ကျွန်ုပ်က…

'အသင်တို့၏ ရန်သူမဟုတ်၊ မိတ်ဆွေသာ ဖြစ်သည်၊ ကျွန်ုပ်တို့အား မနှောင့်ယှက်ပါ လေနှင့်၊ ပြုခဲ့သမျှ ဒါနကုသိုလ်အဖို့များအား အမျှယူပါ'

ဟု မေတ္တာပို့လိုက်သည်။

သို့သော် နွားကား ရှေ့သို့ တိုးလာပြီး သမံတလင်းအစပ်မှ ရပ်လျက် နိုင်လင်းဗိုလ်၏ ဦးခေါင်းပေါ်သို့ သူ၏ ဦးခေါင်းကို မေးတင်လျက် စားမြုံ့ခတ် နေပြန်သည်။

သားကို အနည်းငယ် စောင်းကြည့် ရာ သိပ်ကြောက်ပုံ မပေါ်သဖြင့် သတိ မပေးတော့ဘဲ အထက်ပါအတိုင်း မေတ္တာပို့လျက်ရှိသည်။

မကြာလှ၊ တစ်မိနစ်ခန့်အကြာ နွား ကြီးမှာ နေရာပြင် နောက်ဆုတ်ပြီး ကျွန်ုပ်၏ ဘယ်လက်မောင်းအဖျားမှ အရင်းသို့ "ရွမ်း" ခနဲမြည်အောင် လျှာ ဖြင့် တစ်ချက် လျက်ပါတော့သည်။

နောက် နေရာပြင်လျက် ညာဘက် လက်မောင်းဖျားမှ ပခုံးတိုင် "ရွမ်း" ခနဲ တစ်ချက် လျက်လိုက်ပြန်ပါသည်။

ကျွန်ုပ်ကား ကြောက်တော့ မကြောက် သွေးခုန်နှုန်းတော့ မြန်နေ သည်။ နှုတ်မှ အသံမထွက်သော်လည်း ဟာ…ဟ စသည့် အာမေဍိတ်ပြုဖြစ် သည်ကတော့ အမှန်။

'ကျွန်ုပ်သည် ဂုဏ်တော်(၉)ပါး (၉)ပတ်ကို (၉)ရက် ပုတီးစိပ်ခြင်း ယနေ့ နိဂုံးကမ္မတ် အဆုံးသတ်ပေပြီ၊ ဝေယျာဝစ္စ ဒါနကုသိုလ် များပါမကျန် သိုက်နန်းရှင် သိုက်ပိုင်ရှင် သိုက်ချုပ်ဘိုးဘိုးအပေါင်းတို့အား အမျှပေး ဝေပါတယ်။ နှောင့်ယှက်ခြင်း ထိတ်လန့် အောင်ပြုခြင်းများ မပြုကြပါစေနှင့် မေတ္တာ ရပ်ခံပါတယ်'

စသည့် မေတ္တာပို့လိုက်ရာ နွားကြီး ကား နောက်ဆုတ်သွားပြီး (၃,၄)ကြိမ် ခန့် တွန်သံပေးလျက် အရှေ့ဘက်သို့ ထွက်ခွာသွားပါတော့သည်။

'အဲဒါပဲ ဦးဆန်းဝင်းရေ'

'အေးကွနော်… မင်းအတွေ့အကြုံ ကတော့ ခပ်ဆန်းဆန်းလေးပဲကွာ နိုင်လင်းဗိုလ်လဲ ဒီကောင် သတ္တိ ကောင်းသားပဲနော်'

'ဟုတ်တယ် ဒီကောင် ထပြေးရင် ဒုက္ခပေါ့၊ တော်သေးတယ် မပြေးလို့ သတ္တိတော့ကောင်းသား'

'အေးလေ နေရာက သိုက်တွေရှိ တယ်လို့ အဆိုရှိကြတော့ တစ်မျိုး မဟုတ် တစ်မျိုး နှောင့်ယှက်တတ် သပေါ့ကွာ၊ နောက်ကော ရောက်သေး လားကွ'

'မရောက်တော့ဘူး။ အခုတော့ ဒီ အောင်မြေသာယာ စေတီတော်ကြီး တည်ပြီးကတည်းက ဗြိုဟ်ခွင်ပုတီးပဲ ရှိခါစိပ်ပါတယ်။ အကျိုးထူးတွေလဲ ရပါတယ်။ စနေနေ့တိုင်း (၉)နာရီစတဲ့ **"အောင်ကိုးအောင် အဓိဋ္ဌာန်"**ဝင်ဖို့ ရည်ရွယ်ထားတယ်'

'ကောင်းပါတယ် လုပ်ဖြစ်အောင် လုပ်ပါ ကိုလှတင်ရာ၊ ကဲ…ငါလဲ ဆိုင် ခန်းသွားဦးမယ်'

'ဟုတ်ကဲ့…ဟုတ်ကဲ့'

**မှတ်ချက်။ ။ ၁၄၆ ကဏ္ဍာရဝတီ ကားဂိတ်မှူးဦးလှတင်၏ ကိုယ်တွေ့ အား ခံစားတင်ပြပါသည်။**

**ဆန်းဝင်း(အောင်ဇေ)**



www.burmeseclassic.com

နုတ်ကြမ်းသည့်

# လက်ဆောင်မှု ရွှေအင်ပင်း

ကောင်းခန့်
(သခွတ်မြေ) ဝက်လက်



'သေဋ္ဌေဝ သေနေဝ ဟိယရေထံ ဂဏှာတိ
သေဋ္ဌာ သေနဝ တိဋ္ဌတိ'

*(အင်္ဂုတ္တိုရ်အဋ္ဌကထာ)*

**'ဘုရား၊တရား၊သံဃာ ရတနာ သုံးပါးကို လောက၌ အမြတ်ဆုံး အလှူခံ ဟူ၍ နှလုံးသွင်းမှတ်သူကား ခရီးဦးကြို ပြုခြင်း လက်အုပ်ချီခြင်း ရှိခိုးခြင်း စသည်ဖြင့် ပြုလုပ်လျှင် သရဏဂုံ တည်ပြီး ဖြစ်၏'**

သရဏဂုံ တည်ပြီးသူသည် ရတနာ သုံးပါးမှတစ်ပါး အခြားသော နတ်၊ တိတ္ထိ၊ ဘိုးတော်တို့ကို လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဟု သတ်မှတ်ကာ နှလုံးသွင်းရှိခိုးခြင်း ပြုလုပ်မိလျှင် မူလ ဆောက်တည် ထိန်းသိမ်းထားသော သရဏဂုံ ပျက်စေ၏ဟု ဆိုထား[သ]သည်။

ထို့ကြောင့် သရဏဂုံတည်ပြီးသော သူတစ်ယောက်သည် ထို နတ်၊ တိတ္ထိ၊ ဘိုးတော်တို့ကို "အဂ္ဂဒက္ခိဏေယျ" အမြတ်ဆုံးဟု နှလုံးမသွင်း[...] မသတ်မှတ်ဘဲ မိမိ အန္တရာယ်[...] ရောက်မည်ကို ကာကွယ်ပေးမည်[...]



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

စီးပွားလာဘ်လာဘကို တိုးတက်
မည့်သူ ဆုတ်ယုတ်မှုတို့ကို
ကွယ် စွမ်းဆောင်ပေးမည့်သူဟု
တ်မှတ်ကာ ရှိခိုးကိုးကွယ်ရုံနှင့် မိမိ
ည့်ပြီးသော သရဏဂုံသည် မပျက်
ပါဟု ဒေသနာတော်တို့၌ ဖတ်ဖူး
တ်ဖူးပါသည်။

ထိုဒေသနာတော်တို့ကို ထောက်
ခြင်းအားဖြင့် နတ်ကို ရတနာသုံးပါး
တို့နှင့်တန်းတူတို့ထက် လွန်ပြီးသာ
ကိုးကွယ်သင့်ပါ။ မိမိကျန်းမာရေး
စီးပွားရေးအတွက် အထိုက်အလျောက်
အားဖြင့် ဆည်းကပ် ရှိသေသင့်ပါ
သည်ဟု ကျွန်ုပ် ယူဆမိ၏။

## နတ်ကိုးကွယ်မှု

မြန်မာတို့ နတ်ကိုးကွယ်မှု သမိုင်း
စကို တင်ပြရလျှင်...

အိန္ဒိယတွင် ရှိခဲ့သော "အာရိယန်
နှင့် ဒရာဗီဒီယန်"တို့က အစပျိုး
ကိုးကွယ်ခဲ့သော ဗြဟ္မဏဘာသာ
ခေါ်) နတ်အသီးသီးတို့ကို ပူဇော်မှု
ကိုးကွယ်မှု အယူအဆများသည်
အေဒီ ၃–ရာစု) နောက်ပိုင်း၌ မြန်မာ
နိုင်ငံအပါအဝင် အာရှနိုင်ငံ အချို့သို့
ရောက်ရှိခဲ့၏။

အာရိယန် လူမျိုးတစ်ဖြစ်လဲ ဟိန္ဒူ
တို့သည် မြန်မာနိုင်ငံ ကမ်းရိုးတန်း
အသရှိ ထိုခေတ်က သဘောဆိပ်မြို့
ကြီးများ ဖြစ်ကြသော သုဝဏ္ဏဘူမိ
သထုံ)၊ ဥသာ(ပဲခူး)၊ ဒဂုံ(ရန်ကုန်)နှင့်
သရေခေတ္တရာ(ပြည်) စသည့် မြို့ကြီး
များသို့ ဝင်ထွက်သွားလာ ကုန်သွယ်မှု
ပြုရာမှ အစ နတ်ကိုးကွယ်မှု အယူ
များ ရောက်ရှိလာခဲ့ခြင်းဖြစ်၏ဟု
ဆိုကြ၏။

ထို့နောက် ထိုအယူအဆတို့ ကျယ်
ပြန့်လာစေသည်မှာ . ထိုကုန်သည်တို့
သည် တိုင်းရင်းသူများ ဖြစ်ကြသည့်
ပျူ၊ မွန်တို့နှင့် လက်ထပ်ပေါင်းသင်း
ရာမှ ထိုဗြဟ္မဏဘာသာနှင့် နတ်
ကိုးကွယ်မှုတို့ ကျယ်ပြန့် ကူးစက်စေခဲ့
သည်ဟု သမိုင်းသုတေသီတို့ ယူဆ
ယုံကြည်ခဲ့ကြ၏။

ထိုအယူအဆ ခိုင်မာလာသည်မှာ
မြန်မာနိုင်ငံ၏ ပထမမြို့ပြ နိုင်ငံအဖြစ်
သမိုင်း ထင်ရှားခဲ့သော "**သရေခေတ္တ
ရာ**"မြို့ တည်ဆောက်ရာ၌ **ရသေ့၊
သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီပရမိသွာ၊
မဟာပိန္နဲ** စသည့် သူတော်ကောင်း
(၇)ဦးတို့က အချင်း(၁)ယူဇနာ၊ အဝန်း
(၃)ယူဇနာ၊ တံခါးကြီး(၃၂)ပေါက်၊
တံခါးငယ် (၃၂)ပေါက် ကျုံး၊ မြောင်း
စသည့် မြို့အင်္ဂါရပ် (၇)ပါးနှင့် ပြည့်စုံ
သော သရေခေတ္တရာ ရွှေမြို့တော်ကို
သက္ကရာဇ် ၁၀၁ ခုနှစ်၊ တန်ခူးလဆန်း
(၁၁)ရက်နေ့တွင် ရွှေနန်းတော်တည်
သည်ဟု ဇာတာပုံရာဇဝင်၌ တွေ့ရပါ
သည်။

ထိုနည်းတူ **ဗိဿနိုးမြို့ဟောင်း၊
ဟံလင်းမြို့ပြ၊ ရခိုင်မြို့ပြဟောင်း
နိုင်ငံ**တို့တွင်လည်း ဗြဟ္မဏအယူအဆ
နတ်ကိုးကွယ်မှုများ ရောက်ရှိလာသည်
ကို တွေ့ရ၏။

ထိုမြို့ဟောင်းတို့ကို ပြန်လည်
တူးဖော်ရာ၌ နတ်ရုပ်တုများ ကိုးကွယ်
မှုဆိုင်ရာ အထိမ်းအမှတ်ပါ ဒင်္ဂါးများ၊
ကျောက်စာများ တွေ့ခဲ့ရပါသည်။

ထိုမှ နှစ်ပေါင်းများစွာ သက်ဆင်း
လာ၍ ပုဂံအနော်ရထာမင်းလက်ထက်
မှ ရှင်အရဟံနှင့် အနော်ရထာမင်းတို့၏
ကြိုးပမ်းမှုအရ ထေရဝါဒ ဗုဒ္ဓသာသနာ
တော် ထွန်းကားပြန့်ပွားလာခဲ့ရ၏။

**သို့သော် ရှင်အရဟံနှင့် အနော်ရထာ
တို့သည် ထိုနတ်များကို လုံးဝ မပစ်ပယ်
သေး၊ နတ်တို့ကို ကိုးကွယ်ပူဇော်ရာမှာ
ထေရဝါဒဘုရားတော်နှင့် အညီ ဖလိနတ်
တာဝန်မှ ပူဇော်သည့် မြတ်စွာ သာသနာ
၏ အစောင့်အရှောက်၊ မြို့တော်၏
အစောင့်အရှောက်၊ လူတို့၏ အစောင့်
အရှောက်အဖြစ် သတ်မှတ်ခဲ့ကြပါ၏။**

ထိုအခြင်းအရာတို့ကို ထောက်ခြင်း
အားဖြင့် ဗုဒ္ဓဘာသာဝင်တို့အနေနှင့်
နတ်ကိုးကွယ်မှုကို လုံးဝ စွန့်ပယ်ရမည်
ဟု မဆိုလိုပါ။ ရတနာသုံးပါးထက်
ကျော်လွန်၍သာ ယုံကြည်စိတ်သဒ္ဓါ
စိတ်မထားရန်ပင် ဖြစ်ပါသည်။

နတ်အများစုတို့သည် ကျွန်ုပ်တို့
လူသားတွေကဲ့သို့ပင် ပုထုဇဉ်သားများ
ဖြစ်ကြသည့်အတွက် လောဘ၊ ဒေါသ၊
မောဟ မာန်မာန တရားတို့ မကင်း
ကြပေ။

မိမိတို့ သဘောကျလျှင် ကျသလို၊
မိမိတို့ မနှစ်သက်လျှင် မနှစ်သက်သလို
အကူအညီပေးခြင်း၊ နှောင့်ယှက်ခြင်း
အမှုတို့ကို ပြုကြ၏။

နတ်ကိုးကွယ်မှု သမိုင်းကို ထိုမျှ
အကျယ့်ချဲ့ ရေးနေခြင်းမှာ ကျွန်ုပ်
ကိုယ်တိုင် သိဖူးကြားဖူး ကိုယ်တွေ့
ကြုံခဲ့ဖူးသည့် "**လက်ဆောင်ယူ
ရွှေအင်ပင်**"နတ်အကြောင်းကို တင်ပြ
ရေးသားလို၍ ဖြစ်၏။

ယခု ဒီနေရာမှ စတင်ပြီး ထို
အကြောင်းတို့ကို ရေးသားပါတော့
မည်။

* * *

## ရွှေအင်ပင်တောအုပ်

ထူးခြားစွာ အင်ပင်တို့အပင် ပေါင်း
သုံးဆယ်ကျော်မျှ တစုတဝေးတည်း
ပေါက်နေသည့် တောအုပ်တစ်ခုရှိ၏။
ထိုတောအုပ်ကို **ရွှေအင်ပင် အရှင်
သခင်ပိုင်သော တောအုပ်**ဟု ခေါ်ကြ
၏။

ထူးခြားသည်ဟု ဆိုရာ၌ ထိုတော
ထိုတောင်တို့တွင် တခြားနေရာတို့၌



www.burmeseclassic.com

www.burmeseclassic.com

အင်ပင်တို့ မတွေ့ရပေ။ ထိုနေရာ၌သာလျှင် တစုတဝေးတည်း ပေါက်နေခြင်းက ထူးခြားမှုတစ်ရပ်ဟု ဆိုရပေမည်။

တည်နေရာကား...

**စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်တွင်ဖြစ်၍** ဝက်လက်မြို့၏ အရှေ့ဘက် တစ်ဆယ့်နှစ်မိုင်မျှ အကွာအဝေးတွင် ရောဝတီမြစ်ရှိပြီး၊ ရောဝတီမြစ်၏ အနောက်ဘက်ကမ်းသည် ဝက်လက်မြို့နယ်အဆုံးဖြစ်ကာ ထိုမြစ်၏ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် ရွှေအင်ပင်တောအုပ်၏ တည်နေရာဖြစ်ပါသည်။



မြစ်ကမ်းဘေးရှိ ရွာများနှင့် ကျွန်းထဲရှိ ရွာများသို့ သွားလိုလျှင် ထို ရွှေအင်ပင်တောအုပ်အလယ်ရှိ တစ်ခုတည်းသောလမ်းမှ ဖြတ်ပြီး သွားရ၏။

ဟိုခေတ်က ကျွန်ုပ်တို့ ရွာဘက်မှ ကျွန်းထဲရှိ ရွာများသို့ သွားရောက်ရောင်းချကြသော ဆားကုန်သည်၊ ဆန်ကုန်သည်တို့သည် ထိုလမ်းမှ ဖြတ်မောင်းရာတွင် **ရွှေအင်ပင်တောအုပ်အလယ်၌ရှိသော စင်တော်သို့ ပါလာသည့် ပစ္စည်းဖြစ်စေ၊ မုန့်ပဲသရေစာဖြစ်စေ လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သပြီးမှ သွားလာလေ့ရှိကြ၏။**

ရွှေအင်ပင်တောအုပ်နှင့် ကျွန်ုပ် ဆက်စပ် သိရှိရသည်မှာ...

ကျွန်ုပ်၏ ဝမ်းကွဲအဘွားတော်စပ်သူ "အဖွားကြင်စု"သည် ရောဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသော **"နတ်မော်ဦးရွာ"**မှ အဘိုးနှင့် ကျွန်ုပ် မမွေးမီကတည်းက အိမ်ထောင်ကျသူဖြစ်သည်။

သို့နှင့် ကျွန်ုပ် ကလေးအရွယ်၌ လူကြီးတွေနှင့် မကြာမကြာ ဆိုသလို သွားရောက်ခဲ့ရာ ဖွားကြင်စု အိမ်ထောင်ကျစက ရွှေအင်ပင်တောအုပ်ထဲတွင် ထူးထူးဆန်းဆန်း တွေ့ကြုံခဲ့ရသော သူ၏ ကိုယ်တွေ့အဖြစ်အပျက်လေးကို ကျွန်ုပ် အရွယ်ရောက်စအရွယ်၌ ယခုကဲ့သို့ ပြောပြခဲ့ပါသည်။

* * *

**ဖွားကြင်စု...**

ထိုစဉ်က အသက်နှစ်ဆယ်ဝန်းကျင်ဆိုတော့ မကြင်စုဟုပင် ခေါ်ကြပါစို့။

နတ်မော်ဦးရွာသားနှင့် အိမ်ထောင်ကျပြီး မကြင်စု နတ်မော်ဦးရွာကို ရောက်ခဲ့သည်မှာ ယခုဆို တစ်နှစ်နီးရှိပြီဖြစ်သဖြင့် ရွာသူရွာသားအားလုံးနှင့် သိကျွမ်းယုံတွင်မက အခင်မင်ဆုံး မိန်းကလေးအဖော် သူငယ်ချင်းလေး,ငါးယောက်ပင် ရရှိနေပြီဖြစ်၏။

ဒီရွာနှင့် နေသားကျပြီ ဖြစ်သဖြင့်လည်း မိန်းကလေးတို့၏ နေ့စဉ်လုပ်ငန်းဖြစ်သော ရေခပ်,ထင်းခွေ, အဝတ်လျှော်,ထမင်းချက် နေ့စဉ်မပျက်အောင် အိမ်မှုကိစ္စတို့ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်တတ်ပြီဖြစ်၏။

ရေခပ်၊ အဝတ်လျှော် အ...
ကတော့ အထူးအထွေမရှိပါ။ မြစ်က...
ဘေးရွာဖြစ်သဖြင့် ရေဆိပ်ဆင်းလို...
ရုံပင်။

ထင်းခွေရာမှာတော့ အခေ...
အသင်း အဖော်လို၏။ အဘယ်ကြော...
ဆိုသော် ရွာ၏အနောက်ဘက် ...
လှမ်းလှမ်းရှိ တောင်ရိုးပေါ်သို့ တက်...
ထင်းခွေရသောကြောင့်ပင် ဖြစ်သည်...
**(ထိုအချိန်က ထိုတောင်ရိုးတို့သည်...
ယခုကဲ့သို့ တောင်ကတုံး...
မဟုတ်ပေ၊ အငယ်စား သားတော...
များပင် ရှိအောင်းလေ့ရှိသော ...
တောင်တို့ဖြစ်၏။)**

ယနေ့လည်း မကြင်စုသည် အ...
နှစ်ယောက်နှင့်အတူ ထင်းခွေ...
တောင်ရိုးပေါ်သို့ တက်ခဲ့ကြ၏။

ရာသီကား မိုးရိပ်လေဆ...
ကင်းလွတ်စ ပြုပြီဖြစ်သော တ...
သီတင်းကျွတ်လထဲပင် ရောက်ခဲ့...
ထင်းတစ်ရွက်စီအရမှာတော့ ယ...
ဆိုလျှင် အင်ဥမှိုတို့ ပေါက်လော...
သူမ စိတ်ထဲ၌ အင်ဥတူးလိုသော...
ရောက်လာကာ...

'ဟေ့...ကောင်မတွေ တို့ အ...
သွားတူးရအောင်ဟေ့'

အဖော်နှစ်ယောက်ကို ညိုလို...

'အေး...ကောင်းသားပဲ ဘယ်...
တူးမှာလဲဟင်'

သူ့အဖော်တွေက စိတ်တူကို...
တွေဆိုတော့ နှစ်ခါ မညိုရ။

'ဒါ ညည်းတို့ရွာ စ,အလာတုန်း...
သိပ်မဝေးတဲ့ လမ်းမှာ အင်ပင်...
ပေါက်နေတာ တွေ့ခဲ့တယ်။ ဒီ...
မဝေးတော့ဘူး။ ငါ မှတ်မိတယ် ...

သိပ်အဖော်နူးစရာမလို ...
သူတွေဆိုတော့ တောင်...
တွေလည်း ထည့်ပြီး ခေါ်ဦးစား ...



www.burmeseclassic.com

www.burmeseclassic.com

ချင်တာ၊ တူးချင်တာပဲ စိတ်ထဲမှာ ကြ၏။ သူတို့ ရွှေအင်ပင်တောအုပ် ရာဘက်သို့ ထွက်ခဲ့ကြသည်။

အင်ဥ ဖြစ်ပေါ်လာရခြင်းသည် ဦးရက်က ကြွေခဲ့သော အင်ရွက် တို့သည် နုန်းစပ်သဲမြေပေါ်သို့ ရောက်ကာ ယခုလို မိုးလယ် နှောင်းပိုင်းတွင် ထို သစ်ရွက်ဆွေး မှ အင်ဥမှိုအဖြစ် သဘာဝတရား က ပြောင်းလဲပေးခဲ့ခြင်းဖြစ်၏။

ထိုအင်ဥမှိုတို့ကို ဝက်သားနှင့် ရော ချက်ရာတွင် အလိုက်ဖက်ဆုံးဖြစ်ပြီး တစ်မည်တည်းပင် ချင်း၊ ကြက်သွန် တို့နှင့်သော်လည်းကောင်း ချက်၍ ဟင်းတစ်မည်အဖြစ် နှစ်သက်စွာ စား ကြ၏။

ယခုလည်း မကြင်စုတို့သူငယ်ချင်း ယောက်သည် ရွှေအင်ပင်တော သို့ ရောက်လာကာ အင်ပင်တို့၏ ာက် သဲမြေထဲတွင် အင်ဥမှိုတို့ကို ဖော်ရှာဖွေနေကြ၏။

ထမ သုံး,လေးကျင်းတူးရာမှ ဥနို့ဆီဘူး နှစ်ဘူးစီခန့် ရရှိပြီး တတို့ တက်လာကာ တောအုပ် ယ်သို့ ရောက်မှန်းမသိ ရောက် ကြ၏။

ကြင်စုသည် လက်ထဲတွင် ရှိသော င်ဆုပ်ခန့် သစ်ကိုင်းခြောက် နှင့် သဲမြေတို့ကို အားရပါးရ နေစဉ် သဲမြေအောက်မှ ပေါ် လာသော တစ်စုံတစ်ရာ င့်...

'အ...မ...လေး မြွေ...မြွေ'

အင်ဥအစား ခွေနေသော မြွေဖွေး ာင်ကို တွေ့ရာ လက်ထဲမှ ကို လွှတ်ချပြီး အဖော်နှစ်ယောက် သော နေရာဆီသို့ ပြေးခဲ့သည်။

အနား အရောက်မှာတော့...

'အလိုလေး...ဒီမှာလဲ မြွေတွေ...မြွေတွေ'

သူငယ်ချင်းသုံးယောက် မြွေတွေ တွေ့ရ၍ အနည်းငယ် ထိတ်လန့်သွား သော်လည်း မြွေနှင့်ပတ်သက်၍ တွေ့ကြုံနေကျ တောသူတွေဆိုတော့ သူတို့၏ အင်ဥရလိုမှု ဖွဲ့ကတော့ မလျော့ပေ၊ နောက်တစ်နေရာ ပြောင်း ၍ တူးရန် ကြံစည်စဉ်...

'ဝေါ...ဝရော...'

ကောင်းကင်ပြင်တစ်ခုလုံး မှောင်လု မတတ် တိမ်တိုက်တို့ ရုတ်တရက် ဖုံး လွှမ်းလာကာ လေပြင်းတို့သည်လည်း တိုက်ခတ်လာ၏။ သူတို့သုံးယောက် အင်ပင်တို့ကို မော့ကြည့်ရာ...

'ဝေါ...ဝရော...'

တောအုပ်အတွင်းရှိ အင်ပင် အားလုံးတို့သည် မြေပြင်နှင့် ထိလု မတတ် အကိုင်းတို့အားလုံး ဝပ်ပြား ထိုး လှုပ်ယမ်းနေသဖြင့် သူတို့ အလွန် ပင် ထိတ်လန့်လာလျက် သုံးယောက် သား အင်ပင်တောအုပ်အတွင်းမှ ထွက် ပြေးလာခဲ့ကြတော့သည်။

တောအုပ်လွန်၍ ဝါးလေး,ငါးဆယ် ပြန်အရောက်မှာတော့ သုံးယောက် သား တိုင်ပင်ထားသကဲ့သို့ တောအုပ် ကို ပြိုင်တူ ပြန်လှည့်ကြည့်မိကြသည်။

ထိုအခါ ထူးဆန်းစွာပင် လေမလာ၊ မိုးမလာ ကောင်းကင်တစ်ခုလုံး ကြည် လင်လျက် ရွှေအင်ပင်တောအုပ်သည် လည်း စောစောက သူ မဟုတ်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်ကာ ဣန္ဒြေကြီး တစ်ခွဲသားနှင့် အခန့်သား တည်ရှိနေ ၏။

မကြင်စုတို့ သူငယ်ချင်းသုံးယောက် ထိုနေ့က ရှာဖွေလာသော အင်ဥတို့ သည်လည်း မည်သည့်နေရာသို့ ကျကျန်ခဲ့မှန်း မသိတော့ပေ၊ ထင်းစီး လေးတွေ ကိုယ်စီရွက်ကာ ရွာဘက်သို့ သုတ်ခြေတင်ခဲ့ကြတော့သည်။

ရွာရောက်၍ သူတို့အဖြစ်ကို လူကြီး တွေအား ပြောပြရာ...

'အင်း... ညည်းတို့သုံးယောက် ဘာမှ မဖြစ်ခဲ့တာပဲ တော်သေးတယ်။ အဲဒီ ရွှေအင်ပင်က တအားနတ်ကြမ်းတာ။ သူ့ အပင်က ကျိုးကျနေတဲ့ သစ်ကိုင်းခြောက် တောင် အယူမခံဘူး။

ယူမိရင် တစ်ခုမဟုတ်တစ်ခု အကြွေးရောက် တော့တာပဲ။ ညည်းတို့က မသိသေးတဲ့ ငယ်ရွယ်သူတွေမို့ ညည်းတို့ကို ပြုံးပြ လိုက်တာနေမှာ'

ထို့နောက်တော့ မကြင်စုတို့ သူငယ်ချင်းသုံးယောက် ရွှေအင်ပင် တောအုပ်ရှိရာဘက်သို့ ယောင်၍မျှ ခြေဦး မလှည့်ရဲတော့ပေဟူသတည်း။

* * *

ရွှေအင်တောအုပ်နှင့် ပတ်သက်၍ နောက်ထပ် တွေ့ကြုံရသူကတော့ **ဝက်လက်မြို့ "ဂုဏ်ထူးဆောင် ကျူရှင်"မှ ဦးလှိုင်မိုး စာရေးဆရာ "မင်းဝသသန်ဦး" (မြို့နယ်စာနယ် ဇင်းဥက္ကဋ္ဌ)**ဖြစ်၏။

သူ့အတွေ့အကြုံက သိပ်မကြာ သေးပေ ၂၀၁၃ ခုနှစ်က ဖြစ်၏။ သူ သည် ရေဝတီမြစ်၏ အနောက်ဘက် ကမ်းတွင်ရှိ "ကျွန်းပင် သာသနာ့ ရိပ်သာ" ပရဟိတ စေတနာကျောင်းသို့ သွားရောက်ကာ (၈,၉,၁၀)တန်း ကျောင်းသားတို့အား ပညာဒါနပြု သင်ကြားပေးနေသော စေတနာဆရာ တစ်ယောက်လည်း ဖြစ်သည်။

တစ်ပတ်လျှင် နှစ်ရက်မှ သုံးရက်ခန့် ရက်ခြား နေ့ချင်းပြန် သွားရောက် သင်ကြားပေးနေသည်။ ကျွန်းပင် သာသနာရိပ်သာကျောင်းသည် ရေ ဝတီမြစ်ကမ်းတွင် တည်ရှိကာ မြောက် ဘက်တွင် "နတ်မော်ဦး" ရွာ၊ တောင်



www.burmeseclassic.com

www.burmeseclassic.com

ဘက်တွင် "ကန့်မြူ" ရွာတို့၏ အကြား တွင်ဖြစ်၏။

ဝက်လက်မြို့နှင့် ထိုကျောင်းသည် တစ်ဆယ့်သုံးမိုင်ခန့် ဝေး၍ နံနက်စော စော ဆိုင်ကယ်နှင့် သွားကာ ညနေပိုင်း မှ ပြန်လာရ၏။ အသွားအပြန်လမ်း တွင် ရှိသော ရွှေအင်ပင်တောအုပ်ကို ဖြတ်ကျော်နေရသည်။

သူ့အနေနှင့် အင်ပင်တွေ စုပေါက် နေသော တောအုပ်တစ်ခုဟု ထို့ထက် ပိုပြီး မစဉ်းစား မလေ့လာမိပေ။

တစ်ခေါက်သော ညနေအပြန်၌ ထိုရွှေအင်ပင်တောအုပ်သို့ အရောက် တွင် သူ့အိမ်က မှာလိုက်သော ကိစ္စ တစ်ခုကို သတိရ၏။ ထိုကား ဆေး အသုံးပြုရန်အတွက် အင်ရွက် လေး၊ငါးရွက်ခူးခဲ့ရန်ပင်ဖြစ်သည်။

အခက်အလက်နိမ့်သော အင်ပင် တစ်ပင်အနီးသို့ ဆိုင်ကယ်ကို လမ်းမှ ဖွဲ့ရပ်ကာ အင်ရွက် ဆယ်ရွက်ခန့် ခူးပြီး ဆိုင်ကယ်ပေါ် ပြန်ပြီးအတက် တွင်...

သူ့နောက် ဝါးသုံးရိုက်ခန့်အကွာ လှည်းလမ်းတွင် လှည်းတစ်စီး ရပ်နေ သည်ကို သတိထားမိ၏။ လှည်းမောင်း သမား ရေအိုးစင်၌ ရေဆင်း သောက် နေခြင်းဖြစ်မည်။

မောင်းသူမရှိသော လှည်းမှ နွားတို့ သည် မည်သည့်အရာကို မြင်သည် မသိ ထိတ်လန့်ပြီး သူ့ဆိုင်ကယ်ရှိရာ သို့ လမ်းမှဖွဲ့ကာ ပြေးလာသည်။ သဲမြေ တွင်ဖြစ်၍ သူလည်း မည်သို့မျှ မတတ် နိုင်...

'ဝုန်း...ရော...ရော...'

ရှောင်တိမ်းချိန်ပင် မရလိုက် လှည်းဝင်ရိုးနံဘေးစွန်းနှင့် ဆိုင်ကယ် ချိတ်မိကာ လူတခြား ဆိုင်ကယ်တခြား စီ ဖြစ်သွားတော့သည်။ သဲမြေစပ်များ



ဖြစ်သဖြင့် လူနှင့်ဆိုင်ကယ် ဘာမျှ အထိအခိုက်မရှိခဲ့ပေ။ အပွန်းအပဲ့လေး အနည်းငယ်မျှသာ...

ထိုစဉ်ကတော့ သူ မည်သို့မျှ မစဉ်း စားခဲ့မိပေ။ ဖြစ်ရိုးဖြစ်စဉ် ရိုးရိုး မတော် တဆ ဖြစ်သည်ဟုသာ ထင်ခဲ့၏။

နောက်ရက် စာရေးသူ ကျွန်ုပ်နှင့် ဆုံမိုက် ရွှေပင်ပင်အကြောင်းကို ကျွန်ုပ် သိသမျှ သူ့ကို ပြန်ပြောပြမှ...

'အေးဗျာ... ဒီလိုဆိုရင် ကျွန်တော့်ကိုလဲ အင်ရွက်ခူးတာ မကြိုက်လို့ အခုလို သတိ ပေးတာ နေမှာပါဗျာ'

ဟူ၍ ပြောခဲ့၏။

ထိုအခြင်းအရာတို့ကို ထောက် ကြည့်ခြင်းအားဖြင့် နတ်အများစုတို့ သည် ကျွန်ုပ်တို့လို ပုထုဇဉ်ထဲ အပါ အဝင်ပင်ဖြစ်၍ လောဘ၊ ဒေါသ၊ မောဟ မာန်မာနတို့ မကင်းနိုင်ကြသေး ပေ။ မိမိသဘောကျလျှင် ကျသလို မိမိသဘောနှင့် မတိုက်ဆိုင်လျှင် မတိုက်ဆိုင်သလို ပြန်လှန်၍ ကျေးဇူး ပြုကြ၏။ အပြစ်တို့ကို ပေးကြ၏၊ နှောင့်ယှက်ခြင်းအမှုကို ပြုကြ၏။

ထို့ကြောင့် နတ်တို့ကို **ကိုးကွယ်ရ မည်ဟုတော့ မဆိုလိုပါ။ မိတ်ဆွေ**

**အရာ၊ အပေါင်းသင်းအရာ ထား... လေးလေးစားစား ဆက်ဆံ... ပေ၏။**

လွန်ခဲ့သည့် နှစ်ပေါင်းများ... ကတည်းက နတ်ကိုးကွယ်... အယူအဆ ပေါ်ပေါက်ခဲ့... ကျွန်ုပ်တို့၏ မြတ်... ပွင့်တော်မူချိန်၌ နတ်ကိုး... မှုသည် အလွန်ပင် ကြီး... ကျယ်ပြန့်နေပြီဖြစ်သည်နှင့်အညီ... မြတ်ဗုဒ္ဓသည် ကျွန်ုပ်တို့၏ ဝန်း... တွင် ရှိနေကြသော ရုက္ခစိုး၊ ဘုမ္မ... အာကာသစိုး စသည့် နတ်များ... မပစ်ပယ်သည့်အပြင် မိမိတို့၏ ... ဖလာရိုးရာ နတ်များကိုလည်း ... မြှောက်သင့်ကြောင်း သုတ္တန်ဒေသ... တော်တို့၌ ဟောဖော် ညွှန်ပြ... သည်ကို သုတ္တန်ဒေသနာတော်... တွေ့ရဖတ်ရပါသည်။

ထို့အတူပင် မေတ္တာပို့ရာ၌လည်း...

'ဘုမ္မဋ္ဌဒေဝတာ ရုက္ခဋ္ဌဒေဝတာ ... သဋ္ဌဒေဝတာ အာရက္ခဒေဝတာ ... ရက္ခဒေဝတာ အဝေရာဟောန္တု အ... ဟောန္တု အနီဃာဟောန္တု သုခီ... ပရိဟရန္တု'

**'ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာကာ... နတ်၊ ကိုယ်စောင့်နတ်၊ သာသနာ... နတ်တို့အား ဘေးရန် ခပ်သိမ်း ကင်... ကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်ငြိမ်... ပါစေ၊ ကြောင့်ကြခြင်းခပ်သိမ်း ကင်ငြိမ်... ပါစေ၊ နှလုံး စိတ်ဝမ်းအေးချမ်းကြ...**

ဟု ဆုတောင်းမေတ္တာ ပို့ကြ... ဆိုပါလျှင်...

***ဝေနေယျသတ္တဝါအားလုံး ကျ... ချမ်းသာကြပါစေ။***

ကောင်းခန့် (သတ္တဗေဒ)
ဝက်လက်



www.burmeseclassic.com

www.burmeseclassic.com

# တောင်ညိုဘိုးဘိုးကြီး နှင့် ကျွန်တော်

ဦးစိုး (မတ္တရာ)



လောကကြီး၏ လျှို့ဝှက်မှုများကား ဆန်းကြယ်လှပေ၏။ ပြောမယုံ ကြုံဖူးမှ သိ ဆိုသောစကားသည် မှန်ကန်လှပေ၏။

မထင်မှတ်ဘဲ ပြုလုပ်ခဲ့သော အပြုအမူတစ်ခုကြောင့် ကျွန်တော် ကံကောင်းထောက်မစွာ အသက်အန္တရာယ်မှ လွတ်ကင်းခဲ့ရသော အကြောင်းအရာ ဖြစ်ပါ၏။

**တောင်ညိုဘိုးဘိုးကြီး (တောင်ပိုင်နတ်ကြီး)**က အသက်ဘေးမှ ကယ်ဆယ်ခဲ့ကြောင်းကို နောက်မှပင် သိရှိခဲ့ရ၏။

သိရှိခဲ့ရခြင်းနှင့်အတူ တောင်ညိုဘိုးဘိုးကြီးတို့ လည်းကောင်း၊ ဂမ္ဘီရလောကကြီးကို လည်းကောင်း ယုံကြည် လက်ခံခဲ့ရပါ၏။

၁၉၈၇ ခုနှစ်က ကျွန်တော်သည် တပ်မ လက်အောက်ခံတပ်ဖြစ်သော ခမရ(...) တပ်သို့ တပ်ကြပ်ကြီးအဆင့်တိုးဖြင့် ရောက်ရှိခဲ့ရ၏။

ကျွန်တော် တာဝန်ထမ်းဆောင်ရသော တပ်၏ အရှေ့ဘက်တွင် တောင်ညိုတောင်တန်းကြီးသည် တောင်မြောက် သွယ်တန်းလျက်ရှိ၏။

တောင်ညို တောင်တန်းပေါ်တွင် သစ်,ဝါးမှစ၍ ကျောက်သပြေ၊ အောင်သပြေ၊ မာလာဖူး၊ ပုတတ်စာပင် စသည်များ ပေါက်ရောက်၍ ဒေသခံများ၏ စားဝတ်နေရေးနှင့် စီးပွားရေးကို အထောက်အကူ ပြုနေပေ၏။

တောတိရစ္ဆာန်များ ဖြစ်သော တောဝက်၊ ဂျီ(ချေ)၊ သင်းခွေချပ်နှင့် ယုန်လေးများကိုလည်း တွေ့ရှိရ၏။

ကျွန်တော်သည် ဤတောင်ညိုတောင်တန်း၌ တောင်ညိုဘိုးဘိုးကြီးသည် သက်ရှည်တောင်ပိုင်ကြီးအဖြစ်နှင့် ရှိသည်ကို အစက မသိခဲ့ပါ။

တစ်နေ့တွင် တပ်ရင်းမှူးမှ ကျွန်တော့်အား ခေါ်၍ တပ်တွင်း၌ မွေးရန် ဝက်(၃)ကောင်အား ရွေးပေးချေခဲ့ပြီးဖြစ်၍ တပ်မှ T.2000ကားဖြင့်

www.burmeseclassic.com

သွားတင်ရန်နှင့် တပ်ရင်း မော်တော်ယာဉ်ဌာနသို့လည်း ဖုန်းဆက်ထားပြီးဖြစ်၍ မုဒုံမြို့သို့သွားရန် ပြော၏။

ကျွန်တော်က ရဲဘော်(၃)ယောက်ခေါ်၍ ကားသမားနှင့် အတူ မုဒုံမြို့ရှိ ဘင်လှိုင်မွေးမြူရေးခြံသို့ သွားခဲ့ကြ၏။

မွေးမြူရေးခြံသို့ ရောက်လျှင် တာဝန်ခံနှင့်တွေ့၍ အကျိုးအကြောင်း ပြောပြရာ တာဝန်ခံမှလည်း ငွေပေးချေပြီးကြောင်းနှင့် တပ်ရင်းမှူးမှ ဖုန်းဖြင့် အကြောင်းကြားထားပြီးဖြစ်သဖြင့် မွေးမြူရေးခြံမှ ဝက်(၃)ကောင်အား ယူစေပါ၏။

ကျွန်တော်တို့ ရဲဘော်များလည်း ဝက် (၃)ကောင်ကို ဖမ်းပြီး ကားပေါ်သို့ တင်ကာ တပ်သို့ ပြန်ခဲ့ကြ၏။

တပ်သို့ ရောက်သောအခါ အသင့်ရှိသော ဝက်ခြံတွင် ဝက်များကိုထည့်ပြီးနောက် မွေးမြူရေးတာဝန်ခံထံ အပ်နှံပြီး တပ်ရင်းမှူးအား ဖုန်းဆက်၍ ပြန်လည်ရောက်ရှိကြောင်း သတင်းပို့လိုက်လေ၏။

ဝက်(၃)ကောင် သွားဖမ်းခဲ့ခြင်း အကြောင်းက ပြီးသွားခဲ့ပြီဟု ထင်ခဲ့ရသော်လည်း မပြီးဆုံးခဲ့ရချေ။

နောက်တစ်နေ့၏ နေ့လယ်(၂)နာရီခန့်တွင် ကျွန်တော်နေသော လူပျိုလိုင်းရှေ့သို့ T.2000စစ်ကား လာရပ်သည်ကို တွေ့ရ၏။

ထိုကားသည် တပ်ရင်းမှူး အသုံးပြုနေသောကားဖြစ်၍ ဘာကြောင့်များ လာသနည်းဟု ထွက်ကြည့်လိုက်ရာ မော်တော်ယာဉ် တပ်စုမှ တာဝန်ခံ တပ်ကြပ်မောင်အေး ဆင်းလာသည်ကို တွေ့ရှိရ၏။ ယင်းမှ...

'ဆရာကြီးမြိုး ကျွန်တော်နဲ့ အဖော်လိုက်ခဲ့ပါဦး ဆရာကြီးမှာလဲ တာဝန်ရှိလို့ လာခေါ်ရတာ'



ဟု ပြုံး၍ ပြောသဖြင့်...

'လိုက်ခဲ့တာတော့ ရပါတယ်ဗျာ၊ ဘာအကြောင်းကြောင့်များလဲ'

'ဒီလို ဆရာကြီးရာ...ကားပေါ်မှာ ဝက်တင်လာတာဆိုတော့ တစ်ခုခု ဖြစ်မှာစိုးလို့ဗျား အဲဒါ တောင်ညိုဘိုးဘိုးကြီး နတ်ရေကန်က ရေနဲ့ ကားကို ဆေးဖို့ အဲဒီကို သွားမလို့ပဲ'

'တောင်ညိုဘိုးဘိုးကြီး နတ်ရေကန်က ဘယ်မှာလဲ ဆရာမောင်အေးရဲ့'

'ကျွန်တော်တို့တပ်ရဲ့ အရှေ့ဘက် တပ်ဦးကျောင်းနားမှာ ရှိတယ်လို့ ပြောတာပဲ၊ သွားကြည့်ရမှာပေါ့။ ကျွန်တော်လဲ မရောက်ဖူးသေးပါဘူး'

'ဒါဆိုလဲ သွားကြတာပေါ့ဗျာ'

ဟု ပြောပြီး ကျွန်တော်လည်း ကားခေါင်းခန်းမှ တက်လိုက်လာခဲ့၏။ ကားခေါင်းထဲ၌ ကားဒရိုင်ဘာ ရဲဘော်နှင့် တပ်ကြပ်မောင်အေး ကျွန်တော်တို့ စီးလာခဲ့ကြ၏။

ကားနောက်ပိုင်းတွင် မော်တော်ယာဉ်တပ်စုမှ ရဲဘော်(၂)ယောက်နှင့် ရေပုံး(၂)ပုံး ပါလာခဲ့သည်ကို တွေ့ရ၏။

တပ်ဦးကျောင်းကို (၅)မိနစ်ပင် မမောင်းလိုက်ရဘဲ ရောက်လာခဲ့၏။ ကျောင်းရှေ့တွင် ကားကို ရပ်လိုက်ပြီး ကျွန်တော်နှင့် တပ်ကြပ်မောင်အေးတို့ စစ်ဖိနပ်များ ချွတ်၍ ကျောင်းပေါ်သို့ တက်သွားကြ၏။

အသင့်တွေ့ရသော ဆရာတော်အား ကန်တော့ပြီး တောင်ညိုဘိုးဘိုးကြီး၏ နတ်ရေကန်အား မေးကြ...

ဆရာတော်မှ ကျောင်းပြင်ထွက်... နတ်ရေကန်သို့ သွားသော လမ်းက... အား ပြပေး၏။

ထို့နောက် ဆရာမောင်အေး... T.2000 စစ်ကားကို နတ်ရေကန်ရှိ... (၃)ကြိမ် ဦးတိုက်စေ၏။

ပြီးနောက် ဆရာတော် ညွှန်ပြ... လမ်းကလေးအတိုင်း နတ်ရေကန်... ရေခပ်ရန် ရဲဘော်(၂)ယောက်... ခေါ်ပြီး ကျွန်တော်ပါ ဆရာမောင်အေး... နှင့်အတူ တောင်ပေါ်သို့ တက်ခဲ့ကြ...

နတ်ရေကန်သည် တပ်ဦးကျောင်း... နှင့် သိပ်မဝေးလှချေ၊ ဝါး (၁၅)ပြ... သာ တက်ရ၏။

**နတ်ရေကန်မှာ ... (၁)တောင်ပတ်လည်ခန့် ... ကန်ထဲ၌ ရေမှာ(၃)တောင်ခန့်ရှိ... ရေကန်ထိပ်အား (၅)ပေခန့်အတွေ... တောင်ညိုဘိုးဘိုးကြီး၏ မတ်ရပ်ရုပ်တု...**

**တောင်ညိုဘိုးဘိုးကြီး ရုပ်တု... ဘယ်လက်၌ တောင်ဝှေးကို ... ထောက်ထားပြီး ညာလက်သည် ... အောက်ကို လက်ညှိုးညွှန်ထား၍ ... ပုတီးတစ်ကုံးအား ချိတ်ထားသည့် ... အထားမြင့် တွေ့ရလေ၏။**

တပ်ကြပ်မောင်အေးက နတ်... ကန်မှ ရေများ ခပ်ယူခွင့်ပြုပါ... ယာဉ်အန္တရာယ်မှ ကင်းဝေး... တောင်းပန်ပြီး ရဲဘော်(၂)ယောက်အား ရေပုံးဖြင့် နတ်ရေကန်မှ ရေများ ခပ်... စေ၏။

ပြီးနောက် တပ်ကြပ်မောင်အေး... ရဲဘော်များ စစ်ကားကို ရေဆေး... တောင်အောက်ဘက်သို့ ဆင်းသွား... ၏။

ရေကို (၃)ခေါက် ခပ်မည်ဟု... သွားသဖြင့် နတ်ရေကန်... ကျွန်တော်တစ်ယောက်တည်း ကျန်... ခဲ့ရ၏။

www.burmeseclassic.com

ကျွန်တော်သည် ဂါရဝပြုသည့် အနေဖြင့် တောင်ပိုင်ဖြစ်သည့် တောင်ညိုဘိုးဘိုးကြီးအား ထိုင်၍ ဦး(၃)ကြိမ်ချ ကန်တော့လိုက်ပါ၏။ ပြီးနောက်...

'တောင်ညိုဘိုးဘိုးကြီးခင်ဗျား ကျွန်တော်ဟာ ဒီတပ်မှာ တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါတယ်၊

ကျွန်တော်သည် တောင်ညိုဘိုးဘိုးကြီးအား လေးစားစွာဖြင့် ကန်တော့ပါ၏။ ကျွန်တော့်အား အစစအရာရာတွင် သားအမှတ်ဖြင့် စောင့်ရှောက်ပေးပါခင်ဗျား'

ဟု ပြောဆို တိုင်တည်လိုက်ပါ၏။ တောင်ညို ဘိုးဘိုးကြီးသည်ကား တစ်ဖက်က တောင်ဝှေးကို ထောက်ပြီး ပုတီးစွပ်ထားသော လက်က တောင်အောက်သို့ လက်ညှိုးညွှန်ထားလျက်ပင်။

မော်တော်ယာဉ်တာဝန်ခံ တပ်ကြပ်မောင်အေးနှင့် ရဲဘော်များ(၃)ခေါက်မြောက် ရေခပ်အပြီးတွင် ကျွန်တော်ပါ တောင်အောက်သို့ ပြန်ဆင်းခဲ့၏။

မဆင်းမီ လက်အုပ်ချီကာ တောင်ညိုဘိုးဘိုးကြီးရုပ်တုအား နှုတ်ဆက်ခဲ့ပါ၏။ ဘုန်းကြီးကျောင်းနားတွင် ချထားခဲ့သော စစ်ဖိနပ်များကို ပြန်ကောက်ယူလာခဲ့ကာ နတ်ရေကန်မှ ရေဖြင့် ဆေးကြောပြီးဖြစ်သော စစ်ကားဖြင့် တပ်သို့ ပြန်ခဲ့ကြ၏။

တောင်ညိုဘိုးဘိုးကြီးနှင့် ကျွန်တော်မှာ ဤတွင် ‑ စတင်၍ မိတ်ဆွေဖွဲ့ခဲ့ခြင်းဖြစ်ပါ၏။

ဤသို့ဖြင့် ကျွန်တော်တို့ တပ်ရင်းသည် (၁၉၈၉)ခုနှစ်တွင် (...)စစ်ဆင်ရေး တာဝန်ထမ်းဆောင်ရန် ရှေ့တန်းသို့ ထွက်ခဲ့ကြ၏။

မွန်ပြည်နယ်၏ တစ်နေရာတွင် ရန်သူမှ ချောင်းမြောင်း ပစ်ခတ်တိုက်



ခိုက်ခံရ၍ ကျွန်တော်၏ ခါး၌ ကျည်ဆန် ထိမှတ်ကာ ဒဏ်ရာရခဲ့၏။

ဒဏ်ရာမှာ ခါးတွင် ပတ်ထားသော ကာဘိုင်အိတ်ကွင်းမင့်အပါအဝင် ခါး၌ ဖောက်၍ ထွက်သွားခြင်းဖြစ်၏။ အရိုးကိုမထိဘဲ အသားချည်းဖောက်သွား၍ တော်သေးသည်ဟု ဆိုရပေမည်။

ထူးခြားချက်မှာ ရန်သူမှ စတင်၍ ပစ်ခတ်ချိန်၌ ကျွန်တော့်အား တစ်ယောက်ယောက်မှ ဘေးသို့ တွန်းပစ်လိုက်သကဲ့သို့ ဖြစ်သွားပြီး ဘေးသို့ ယိုင်သွားခဲ့ရ၏။

တွန်းလိုက်သူကို လျှပ်တစ်ပြက်ကြည့်လိုက်ရာတွင် ကျန်စစ်သည်များမှာ ကျွန်တော်နှင့် အနည်းဆုံး(၇)ပေခန့် အကွာအဝေးတွင် ရှိနေသည်ကို တွေ့ရ၏။

ထိုသို့ ယိုင်လဲသွားချိန်တွင် ခါး၌ ပူခနဲဖြစ်သွားကာ နာကျင်မှု ဖြစ်လာခဲ့သဖြင့် ကျည်ဆန် ထိမှန်သွားပြီဟု သိလိုက်၏။

သို့သော်လည်း ဟန်မပျက်ပင် လှည်း လမ်းကြောင်းပေါ် ဝမ်းလျား မှောက်၍ ရန်သူပစ်ရာဘက်သို့ ကာဘိုင်ကို အတွဲလိုက်(၅)တောင့်နှုန်းဖြင့် (၄)ကြိမ်ခန့်ပစ်လိုက်၏။

မိမိတို့ နောက်အဖွဲ့မှ ချောင်းမြောင်း ပစ်ခတ်သူများကို (၂)လက်မ စိန်ပြောင်းဖြင့် လည်းကောင်း၊ စက်လတ်ဖြင့်လည်းကောင်း၊ ဂျီ(4)၊ ဂျီ(3)သေနတ် လက်နက်ငယ်များဖြင့် လည်းကောင်း တန်ပြန်ပစ်ခတ်ပြီး ကျွန်အဖွဲ့မှ ပိုင်းပတ်တိုက်ခိုက်ရန် အသွား၌ ရန်သူမှ ပိုင်းဝန်းပိတ်ဆို့ ချေမှုန်းတော့မည်ကို ရိပ်မိ၍ အပစ်ရပ်ကာ ထွက်ပြေးသွားတော့၏။

ရန်သူ၏ ပစ်ခတ်မှုအသံအရ (၅) ယောက် တစ်ဖွဲ့လောက်သာ ရှိမည်ဟု ခန့်မှန်းရ၏။ တိုက်ပွဲပြီးဆုံးမှသာ ကျွန်တော်၌ ဒဏ်ရာရရှိကြောင်း အသိပေး၍ ဆေးမှူးမှ လိုအပ်သော ဆေးထိုး ဆေးထည့်ခြင်းများ ပြုလုပ်ပေး၏။

ကျွန်တော်သည် ဒဏ်ရာကို ရှေ့တန်းစခန်းတွင်သာ ကုသခဲ့၏။ တပ်ရင်းမှူးမှ ဘားအံသို့ ပို့ကြိုစနစ်ဖြင့်ပို့ကာ ဆေးကုသစေမည်ဟု ပြောသော်လည်း မသွားခဲ့ဘဲ တပ်မှ ဆေးမှူးဖြင့်သာ ကုသပါ၏။

ကျွန်တော်၏ ဒဏ်ရာရရှိမှုမှာ ရှေ့တန်းတွင် စခန်းထိုင်သွားရန် ချီတက်ရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်၍ စခန်းသို့ ရောက်သောအခါ အနားယူ ကုသခဲ့ရပါ၏။

စခန်း၌ ဆေးကုသမှုခံနေစဉ် အတွင်း ကျွန်တော်သည် ထူးဆန်းမှု တစ်ခုကို တွေ့ရှိခဲ့ရ၏။

တစ်နေ့ ညနေပိုင်းနေဝင် ဆည်းဆာအချိန်တွင် စခန်းတွင်းရှိ ဆေးတပ်စိတ်မှ ဆေးထည့်ပြီး ကျွန်တော့်နေရာသို့အပြန် အရှေ့ဘက်ကောင်းကင်၌ တင်းတောင်းခန့်ရှိသော မီးလုံးကြီးတစ်လုံးအား တွေ့ရှိရ၏။

ထိုမီးလုံးကြီးသည် တောင်ဘက်မှ မြောက်အရပ်သို့ မနှေးမမြန် ပျံသန်းသွားပြီး တောင်ပေါ်၌ ဆင်းသက် ပျောက်ကွယ်သွားသည်ကို တွေ့ရ၏။ သူငယ်ချင်း တပ်ကြပ်ကြီးများအား



www.burmeseclassic.com

www.burmeseclassic.com

ပြောပြရာ သူတို့က ရဟန္တာ ရှာနှက်သွားတာ ဖြစ်နိုင်သည်ဟု ထင်ကြေးပေးကြ၏။ ကျွန်တော့်မှာ ထိုအဖြစ်အပျက်အား ယနေ့ထိ အဖြေရှာမရခဲ့ပါ။

သို့ဖြင့် ကျွန်တော်တို့ ခမရ(...)တပ်မှာ ရှေ့တန်း၌ (၃)လခန့်ကြာချိန်တွင် အခြားတပ်ရင်းမှ လာရောက်၍ တာဝန်လွှဲပြောင်းယူခဲ့၏။

ထို့ကြောင့် ကျွန်တော်တို့ တပ်မှ အခြား စခန်းထိုင်တပ်ခွဲများကို ပြန်လည်စုပေါင်း၍ တပ်ရင်းရှိရာ မုဒုံနယ်သို့ ပြန်လည် ချီတက်ခဲ့ကြ၏။

တပ်သို့ပြန်ရောက်ပြီး (၂)ပတ်ခန့်အကြာတွင် တပ်ရင်း တပ်ထောက်စတိုတပ်ကြပ်ကြီး အိုက်လုံမှာ တပ်ခွဲတပ်ကြပ်ကြီးအဆင့်သို့ အဆင့်(ရာထူး) တိုးသွားသဖြင့် စတိုတပ်ကြပ်ကြီးအဖြစ် ကျွန်တော့်အား တပ်ရင်းမှူးမှ တာဝန်ပေး၏။

ရှေ့တန်း၌ ဒဏ်ရာရခဲ့သဖြင့် အနားပေးခြင်းဖြစ်၏။ တာဝန်လွှဲပြောင်းယူ၍မှ မကြာမီတွင် ရန်ကုန်သို့ စစ်ပစ္စည်းများ သွားထုတ်ရန် တပ်ထောက်ဗိုလ်ကြီးမှ ကျွန်တော့်ကိုခေါ်၏။

ဗိုလ်ကြီးအပါအဝင် ကျွန်တော်နှင့် ရဲဘော်(၃)ယောက်တို့ အိပ်ခုတင်နှင့် စားပွဲ၊ ကုလားထိုင်များ ထုတ်ယူရန်အတွက် ရန်ကုန်သို့ သွားခဲ့ကြ၏။

ရန်ကုန်သို့ ရောက်သောအခါ ကျောက်ရေတွင်းရပ်ကွက်ရှိ တပ်ထောက်ဗိုလ်ကြီး၏ မိဘအိမ်၌ တည်းခိုကြ၏။

တည်းခိုအိမ်သို့ ရောက်သည့် ညမှာပင် ဖတ်လမ်းက စ,တော့၏။ ထိုညက တပ်ထောက်ဗိုလ်ကြီးမှာ သူငယ်ချင်းများနှင့်တွေ့ရန် အပြင်သို့ ထွက်သွားချိန်လည်းဖြစ်၏။



တပ်ထောက်ဗိုလ်ကြီး၏ မိခင်မှာ ဘာသာရေး ကိုင်းရှိုင်းပုံရပြီး ဂုဏ်တော်ကိုးပါးကို စိတ်ခုခုတွင် ပါဝင်ပုံလည်းရ၏။ အိမ်ရှိဘုရားစင်မှာ ထိုင်၍ ရှိခိုးချင်လောက်ခံ့ညားလှပေ၏။ ထိုအခေါ်မှ ကျွန်တော့်အား...

'ဆရာကြီး...ဆရာကြီး အိမ်ထဲကို ဝင်လာကတည်းက အဒေါ့်မှာ ကြက်သီးတွေ တဖြန်းဖြန်း ထသွားခဲ့ရတယ်၊ ဆရာကြီးမှာ အစောင့်အဆောင့်တွေ ထိုးထားတာရှိလား'

'ကျွန်တော့်မှာ ဘာဆေးမှ ထိုးမထားပါဘူး အဒေါ်'

'ဒါဆိုရင် အဒေါ်က ဆရာကြီးမှာ ဘယ်လို အစောင့်ရှိတယ်ဆိုတာ ခေါ်ကြည့်လိုက်မယ်။ အစောင့်ဝင်လာရင် မေးကြည့်ပါ'

ဟု ပြောပြီး အဒေါ်က ဘုရားစင်ရှေ့တွင် ဘုရားကို ကန်တော့ကာ အာရုံပြုနေသည်ကို တွေ့ရ၏။

ခဏအကြာတွင် ထိုအဒေါ်မှာ ဘုရားစင်ကို ကျောပေး၍ ကျွန်တော်ရှိရာဘက်သို့ တုန်တုန်ချိချိဖြင့် လှည့်လာသည်ကို တွေ့ရ၏။ တပ်ထောက်ဗိုလ်ကြီး၏ အစ်မဖြစ်သူက...

'ဆရာကြီး အခုဝင်လာတာ ဘယ်သူလဲလို့ မေးလိုက်...မေးလိုက်'

ဟု ပြော၏။ ထိုအခါမှ ကျွန်တော်က...

'အခုဝင်လာတာ ဘယ်သူပါလဲ...'

ဟု မေးလိုက်ရာ...

'သားတော်ကြီး...မင်းက ဖို့ကို မသိ... ဘူးလား။ ငါ တောင်ညိုဘိုးဘိုးကြီးပဲ...'

ဟု ပြောရာ အသံမှာ တုန်ခါ... သလို ခေါင်းမှာလည်း တုန်ခါနေသည်ကို တွေ့ရ၏။

'ဟုတ်ကဲ့... တောင်ညိုဘိုးဘိုးကြီး... ဆိုရင် တောင်ညိုတောင်တန်းကြီး... မွန်ပြည်နယ်၊ မုဒုံမြို့နယ်မှာ ရှိတာ... ဒီကို ဘယ်လိုရောက်လာတာပါလဲ'

'မင်းနဲ့ လိုက်လာတာပေါ့ သားတော်... မင်းပဲ စောင့်ရှောက်ပါလို့ ဖို့ကို ပြောခဲ့... မဟုတ်လား'

'ဗျာ... ဟုတ်ကဲ့ ပြောခဲ့ပါတယ်... ဒါဆို တောင်ညိုဘိုးဘိုးကြီး ကျွန်တော်... ကို အမှန်စောင့်ရှောက်တယ်ဆိုရင်... တန်းတုန်းက ကျွန်တော် ဒဏ်ရာ... ခဲ့ပါတယ်။ အဲဒီတုန်းက ကျည်... မမှန်အောင် ဘာလို့ ကာကွယ်မပေး... တာလဲဗျာ'

'မင်း မှားနေပြီ သားတော်ကြီး... တိုက်ပွဲမှာတုန်းက မင်းကို ငါသာ စော... ကွန်းမပေးခဲ့ရင် မင်းဟာ ကျည်ဆန်... သေမှာပဲ။ ငါပြောတာ ဟုတ်,မဟုတ် ... သေသေချာချာ စဉ်းစားပါ'

'ကျွန်တော် တောင်းပန်ပါတယ်... ဘိုးဘိုးကြီး၊ ကျွန်တော့်ကို စော... ရှောက်တယ်ဆိုတာ ယုံပါပြီ။ နောင်... လဲ ကျွန်တော့်ကို စောင့်ရှောက်...'

ဟု ပြောကာ ကျွန်တော်မှာ... ချိချိဖြစ်လျက် တောင်ညိုဘိုးဘိုး... နတ်ဝင်နေသော အဒေါ်အား ... အုပ်ချီ၍ တောင်းပန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'အေး…အေး… စောင့်ရှောက်လို့ထဲမင်းနဲ့ လိုက်လာတာပေါ့ သားတော်ရာ။ မင်းကို အမြဲစောင့်ရှောက်နေတယ်နော်။ ဒါပဲ…ဒါပဲ…'

ဟု ပြောကာ အဒေါ်ကြီးမှာ သည်တုန့်,ခေါင်းတုန်များ မဖြစ်တော့ဘဲ ရပ်သွား၏။ ထို့နောက် အဒေါ်ကြီးမှာ သတိဝင်လာခဲ့၏။

'ဘယ်လိုလဲ ဆရာကြီး…ဘယ်လိုအစောင့် ရှိသလဲ'

ဟု မေးရာ ကျွန်တော်မှ တောင်ညိုဘိုးဘိုးကြီး လိုက်လံ စောင့်ရှောက်ကြောင်းနှင့် အကြောင်းစုံအား ရှင်းပြပါ၏။

ကျွန်တော်၏ ရဲဘော်(၃)ယောက်နှင့် အဒေါ်တို့ မိသားစုမှာ ကျွန်တော့်ကို မုဒုံနယ်မှ တောင်ပိုင်ဘိုးဘိုးကြီးက လိုက်လံ၍ စောင့်ရှောက်ကြောင်းများ ကြားရသဖြင့် အတော်အံ့သြကြ၏။

ကျွန်တော်ကိုယ်တိုင်လည်း အထူးပင် အံ့သြခဲ့ရ၏။ မထင်မှတ်ဘဲ ပြုလုပ်ခဲ့သော ဂါရဝတရားက ကျွန်တော်၏ အသက်ကိုပင် ကယ်တင်ရာ ရောက်ခဲ့ရ၏။

ရန်ကုန်မှ အဒေါ်ကြီးသည် မုဒုံမှ ကျွန်တော်နှင့် တောင်ညိုဘိုးဘိုးကြီး အကြောင်းကို မည်သို့မှ သိနိုင်စရာ အကြောင်း မရှိပါချေ။

ကျွန်တော်တို့အဖွဲ့သည် သက်ဆိုင်ရာ တပ်မှ စစ်ပစ္စည်းများ ထုတ်ယူပြီး ရထားကုန်တွဲပေါ်တင်ပြီး ရန်ကုန်မှ ပြန်ခဲ့ကြ၏။

မုတ္တမသို့ရောက်လျှင် တပ်မှ လာကြိုသော စစ်ကားများဖြင့် ပစ္စည်းများတင်ကာ မုတ္တမမှ ဖက်ရေယာဉ်ပေါ်သို့ ကားများတက်လျက် မော်လမြိုင်ဆိပ်ကမ်း၊ ထိုမှ မုဒုံမြို့နယ်ရှိ ကျွန်တော်တို့ တပ်သို့ ပြန်ရောက်ခဲ့၏။

ရုံးပိတ်ရက် တနင်္ဂနွေတစ်နေ့တွင် ကျွန်တော်သည် တောင်ညိုဘိုးဘိုးကြီး အတွက် လက်ဆောင်ဝယ်ခဲ့သော ပန်းသီး၊ စတော်ဘယ်ရီသီး၊ မုန့်ထုပ်တို့ကို ယူဆောင်လျက် တောင်ညိုဘိုးဘိုးကြီးရှိရာ နတ်ရေကန်ဘက်သို့ တစ်ကိုယ်တည်း သွားရောက်ခဲ့၏။

ဘိုးဘိုးကြီးအား လက်ဆောင်များ ပူဇော်ပသပြီး လေးစားစွာ ကန်တော့လိုက်ပါ၏။ ဘိုးဘိုးကြီး၏ မျက်နှာပြင်တွင်တော့ ပြုံးယောင်ယောင်မျက်နှာထားကို တွေ့ရလေ၏။

**[ကျွန်တော်၏ အသက်ကို ကယ်တင်ခဲ့သော တောင်ညိုဘိုးဘိုးကြီးအား ကျေးဇူးအထူးတင်လျက်…]**

**ဦးစိုး(မတ္တရာ)**

---

# ကလေဘဥ အဆိပ်တောက်ခေါ်



ကျွန်တော် ကျိုက်ထီးရိုးတောင်ပေါ်တွင် တာဝန်ထမ်းဆောင်နေစဉ်တွင် ဆေးပစ္စည်းများ ရောင်းချနေသော ကိုစောသဲနောင်၏ သမီးလေးဟာ သန့်,ဝမ်းတွေသွားပြီး ဆေးဝါးများကုသပြီး မပျောက်လို့ ကျိုက်ထီးရိုးတောင်ပေါ်ကို ပြန်တက်လာတဲ့အခါမှာ ကျွန်တော့်ဆီကို ရောက်လာခဲ့တယ်။

ကျွန်တော်က တိုင်းရင်းဆေးဝါးနဲ့ ကုသပေးလိုက်တဲ့အခါမှာ ပျောက်ကင်းသွားလို့ ဆေးဖိုးကန်တော့တဲ့အခါမှာ ကျွန်တော်က မယူဘဲ စေတနာနဲ့ ကုသပေးတာပါလို့ ပြောပြလိုက်ပါတယ်။

ဒါနဲ့ ကိုစောသဲနောင်က ကျွန်တော့်ကို သူ့ဘဝနဲ့ တွေ့ကြုံခဲ့ရတဲ့ ဆေးနည်းလေး ပေးလိုက်ပါတယ်။

တစ်နေ့မှာ သူ့ရဲ့သား အကြီးကောင်ဟာ **ကလေဘဥစားပြီး အဆိပ်တောက်နေလို့ သတိထစ် မေ့မျောသွားပါတယ်။**

ဒါနဲ့ **ကျောက်ချဉ်ကို များရည်နဲ့ သွေးပြီး တိုက်လိုက်တဲ့အခါမှာ**သတိပြန်လည်ရလာပြီး အသက်ချမ်းသာရာရသွားပါတယ်တဲ့။ ဒီဆေးနည်းနဲ့ ကုသပေးခဲ့တာ ပျောက်ကင်းကြပါတယ်လို့ ပြောပြပါတယ်။

ဒါကြောင့် ကျွန်တော်က နဂ္ဂတ္တရောင်ခြည်ကနေ **ကလေဘဥ အဆိပ်အတောက်အပြင် အခြား အစာအဆိပ်တောက်တွေဖြစ်ရင်လဲ** ဒီဆေးနည်းလေးကို သတိရကြစေရန် တင်ပြရခြင်း ဖြစ်ပါတယ်။

**မုလဲချောင်(18)**
**သိမ်ချောင်**

www.burmeseclassic.com

# ဆရာမလေးရဲ့အ

ဘိုမွေး(တနသာရီ)




'လာကြပါဦး…ကျွန်မယောင်လေး ယန့်ပြီး တက်နေလို့ပါ'

ဟု ဆရာမလေး ကြည်ကြည်ဝင်း၏ အလန့်တကြား အော်ဟစ်သံကြောင့် စာရေးသူသည် ကျောင်း၏ ရုံးခန်းမှနေ၍ အောက်ဘက် ဆရာမများနေရာ အဆောင်သို့ထ၍ ကြည့်လိုက်သည်။

ဆရာမ ကြည်ကြည်ဝင်း၏ မောင်ငယ် ပဥ္စမတန်းကျောင်းသားလေး ''ဖင်ပိုင်း''၏ ပါးစပ်မှ အမြှုပ်များ ထွက်ကာ ကော့လန်ပြီး တက်နေသည်။

အဆောင်နေ ဆရာမများမှာလည်း အနားမှာ ဝိုင်းအုံကာ ယပ်ခပ်သူခပ်၊ မန်းမှုတ်ချသူချနှင့် ယောက်ယက်ခတ်နေကြသည်။

အချိန်ကာလအားဖြင့် ကြည်…
နေဝင်ရီတရော နွားရိုင်းသွင်းချိန် …
ပြန်သည်။ ထို့နောက် စာရေးသူ…
အောက်သို့ ဆင်းလာပြီးနောက်…
ကြည်ကြည်ဝင်းအား…

'ဆရာမ မောင်ငယ် …
နေမကောင်းလို့အား အစာအ…

www.burmeseclassic.com

မှားလို့လား၊ ဘာများ အမှားတစ်ခုခု လုပ်ခဲ့သလဲ’

ဟု မေးလိုက်သည်။ ဆရာမ ကြည်ကြည်ဝင်းက...

‘မောင်ငယ် နေလို့ကောင်းပါတယ် ဆရာကြီး၊ ခုလေးတင် သူ့သူငယ်ချင်းတွေနဲ့ ဘောလုံးကန် ကစားရာကနေ ဆာလို့ဆိုပြီး ထမင်းအိုးဖွင့် ထမင်းခူးပြီး ...သားဟင်းချက်ကို ခပ်ပုံစားနေရင်း ...နေ နောက်ကို ပက်လက်လန်ကျပြီး “...ခွီးခွီး” နဲ့ ခုလိုမျိုး အဖြစ်မျိုးကြုံရ ...ပါပဲ။ ကယ်ပါဦး ဆရာကြီး’,

ဟု ငိုရင်း ပြောလိုက်ပါသည်။

စာရေးသူလည်း သားငယ်၏ ...က်ရခြင်း ဖြစ်စဉ်ကို လေ့လာစဉ်းစား ...နောက် တစ်စုံတစ်ခုကို သတိရ ...ချက်ချင်းပင် ကျောင်းဘုရားခန်းရှိ ...ဌာန်းရေဘူးအား ဆရာမတစ် ...ာက်ကို ယူခိုင်းလိုက်သည်။

ပဌာန်းရေဘူးရပြီးနောက် စာရေးသူ ...သည် ရေဘူးအား လက်နှစ်ဖက်မှ ...ကိုင်ကာ မြတ်စွာဘုရားအား ...မှ အာရုံပြုပြီးနောက် သရဏဂုံ ...ပါး ဂုဏ်တော်ကိုးပါးနှင့် ပဌာန်း ...ဉ်းအား ရွတ်ဆိုပူဇော်လိုက် ...သည်။

ထို့နောက် ပဌာန်းရေအား တက်နေ ...သာ “ဖင်ဝိုင်း”၏ ပါးစပ်ထဲသို့ ...အောင် တိုက်ခိုင်းလိုက်ပြီး ဦးခေါင်း ...က်မှလည်း ပဌာန်းရေဖြင့် ဆွတ်ဖျန်း ...လိုက်သည်။

မကြာမီမှာပင် “အင်း...အင်း... ...အဲ” အသံဖြင့် သားငယ်၏ပါးစပ်မှ ...ည်းညူသံ ပြုပြီးသည့်နောက် ဘာမှ ...စ်သကဲ့သို့ ငုတ်တုတ် ထထိုင်ပါ ...သည်။

ယခုမှပင် စာရေးသူရော၊ သူ၏ ...မိမ ဆရာမကြည်ကြည်ဝင်းနှင့်



ဝိုင်းအုံကြည့်နေကြသော ဆရာမများ အားလုံး “ဟင်း” ချနိုင်ကြတော့သည်။

စာရေးသူသည် ဤရေမန်းကို သားငယ်အား မတိုက်မီ “တစ်စုံတစ်ခု ကိုတွေးမိခြင်း”၏ အကြောင်း ကလေးမှာ...

စာရေးသူ တာဝန်ထမ်းဆောင်နေ သော ...မြို့နယ်၊ အ.ထ.က(ခွဲ) ...ရွာရှိ ကျောင်းဘော်ဒါဆောင်နေ ဆရာမ များမှာ မကြာခဏ ဤကဲ့သို့ ယောင်ယမ်းတတ်ခြင်း၊ ဖျားနာခြင်းနှင့် သရဲပူးသကဲ့သို့ “ဂူး...ဂူး...ဝါး... ဝါး...” ပါးစပ်မှ ပြောခြင်းတို့ကို မကြာ ခဏ ကြုံဖူးပါသည်။

ဤသို့ ဖြစ်ရခြင်းမှာ သွေးရိုးသားရိုး တော့ မဖြစ်နိုင်။ မမြင်အပ်သော “ပရလောက” မှ အနှောင့်အယှက်ပေး နေခြင်း ဖြစ်သည်ဟု ယုံကြည်မိသည်။

ဤသို့ ယုံကြည်မိသည့် အကြောင်း မှာလည်း...

အ.ထ.က(ခွဲ)...မဖြစ်မီ အလယ် တန်းကျောင်းအဆင့် နှစ်ပေါင်း (၂၀) ကျော်ကာလခန့်မှ ကျောင်းအုပ်တာဝန် ထမ်းဆောင်ခဲ့သော ...လူမျိုး ဆရာမ ကြီးတစ်ဦးမှာ ရွာအနီးရှိ ...တောင်သို့ အဖော်များနှင့် ပျော်ပွဲစားသွားရာမှ

တောင်အနီးအနားရှိ **“နတ်ကွန်း”** အနီးတွင် အပေါ့စွန့်ပြီးနောက် ရေဆင်း ကူးရာမှ ရေနစ်သေဆုံးခဲ့သည်။

ဆရာမကြီးမှာ မကျွတ်မလွတ်ဘဝ ဖြင့် ကျောင်းကို စိတ်စွဲလမ်းရာမှ ယခု ထက်တိုင် ကျောင်းတွင် စောင့်ရှောက် နေကြောင်းကိုလည်း သိခဲ့ရသည်။

ဆရာမကြီး “ပေတဘဝ” မှ လွတ် ကျွတ်နိုင်ရေးအတွက် ကောင်းမှု ကုသိုလ်များ ပြုလုပ်ပေးပြီး အမျှအတန်း ပေးဝေခဲ့သော်လည်း ဤကျောင်းတွင် “ပျော်သည်” ဆိုပြီး သာဓုမခေါ်ဘဲနေ ကြောင်း သိရသည်။ သတ္တဝါတို့သည် ရောက်ရာဘဝတွင် ပျော်ကြကြောင်း ကိုလည်း သင်ခန်းစာ ယူနိုင်ပါသည်။

သို့ရာတွင် ဆရာမကြီးမှာ ပေတဘဝ တွင် အစားအသောက် အငတ်ငတ် အပြတ်ပြတ် ဖြစ်နေပြီး ကျွေးမွေးမည့် သူ မရှိဖြစ်နေသဖြင့် အစားအစာ ရရှိ နိုင်ရန်အတွက် ကျောင်းရှိ ကံနိမ့်နေ သော ကျောင်းသား,ကျောင်းသူနှင့် ဆရာ,ဆရာမများကို လန့်အောင်, ဖျပ်အောင် ပူးကပ်ပြီး သူမအတွက် “ခေါ်စာပစ်” ကျွေးမွေးမှ စားသောက် နေရကြောင်း၊ မပူးကပ်လိုသော်လည်း “ငါ့ဝမ်းပူဆာ မနေသာ” သဖြင့် လုပ် ရပါကြောင်း ဝင်ပူး၍ ပြောဆိုတတ် သည်။

ဤဖြစ်ရပ်ကိုကြည့်လျှင် ဆရာမကြီး ဘဝမှာ ပညာတတ် ဖြစ်ခဲ့သော်လည်း၊ လူ့ဘဝကပင် ဗုဒ္ဓဘာသာကို လေးလေး နက်နက် ကိုးကွယ်ယုံကြည်ခဲ့သူ မဟုတ်ခဲ့ခြင်းတို့ကြောင့် မကောင်း သော အကုသိုလ်တရားက သူမကို ပေတဘဝသို့ ပို့ဆောင်လိုက်ဟန် တူပေသည်။

ဤသို့ဖြင့် စာရေးသူအနေဖြင့် နောက်ဆုံး ဆရာမကြီးအား ပေတဘဝ



www.burmeseclassic.com

www.burmeseclassic.com

မှ လွတ်ရာလွတ်ကြောင်း အနေဖြင့် ဤစာသင်ကျောင်းသို့ သံဃာတော် (၁၀)ပါးအား ပင့်ဖိတ်ပြီးနောက် ပရိတ်ပဋ္ဌာန်းနှင့် ကမ္မဝါစာ ရွတ်ဖတ်၍ အလှူဒါနပြုလုပ်ပြီးနောက် အမျှအတန်းပေးဝေ၍ သာဓုခေါ်စေခဲ့ပါသည်။

စာရေးသူလည်း ညဘက်တွင် မောမောဖြင့် တီဗွီရှေ့တွင်ထိုင်၍ ဇာတ်လမ်းများ ကြည့်ရာမှ အိပ်ငိုက်လာသဖြင့် အိပ်ရာဝင်လိုက်ရာ ခေါင်းနှင့်ခေါင်းအုံးထိမိသည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့တော့သည်။

'ဆရာကြီး...ဆရာကြီး'

ဟု ကျောင်းအောက်မှ ခေါ်သံကြားရသဖြင့် ကျောင်းအောက်သို့ ဆင်းလာခဲ့သည်။

မြူနှင်းများ ဝေ့ဆိုင်းနေသော ကျောင်းရှေ့ အလံတိုင်အုတ်ခုံတွင် အနီရောင် ရွှေတစ်ဆုတ်ဘရိုကိတ်ဝမ်းဆက်ကို ဝတ်ထားပြီး ဆံထုံးအား တစ်ပတ်လျှိုထုံးထားကာ ဆံမြိတ်အား ရှေ့မှခုံးကျော်ပြီး ချထားသည်။ နှင်းဆီပန်း အနီရဲရဲတစ်ပွင့်ကို ပန်ထားသည်။ အုတ်ခုံပေါ်တွင် ပြုံးစစမျက်နှာဖြင့် တင်ပလ္လင်ထိုင်နေသော ဆရာမကြီးကို "ဘွားခနဲ" တွေ့လိုက်ရသည်။

စာရေးသူလည်း တွေ့တွေ့ချင်း ရင်တုန်ပန်းတုန် ဖြစ်သွားခဲ့ပြီး၊ စိတ်ကို အမြန်ဆုံး တည်ငြိမ်အောင် ထားလိုက်ပြီးနောက်...

'ဆရာမကြီး...ခုထက်ထိ နယ်ကို မပြောင်းရသေးဘူးလား။ ကျောင်းမှာ ပျော်နေတုန်းပဲလား။ ပြောင်းလို့ ရနေပြီလေ'

ဟု ပြောရာ ဆရာမကြီးမှ...

'ပြောင်းရတော့မယ် ဆရာကြီးရေ၊ ဒီညတော့ နောက်ဆုံးနေရတော့မှာမို့ ဆရာကြီးကို နှုတ်ဆက်ရင်း လာရတာပါ။ ဒီကျောင်းမှာ နေရတာကြာလို့ ပျင်းလာပြီ မပျော်တော့ဘူး။ ဒီညမှာပဲ ခရီးထွက်တော့မယ်။

ဆရာကြီး ကျွန်မအတွက် ကုသိုလ်ကောင်းမှုပြု အမျှအတန်း ပေးဝေခဲ့တဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်လို့ မဆုံးပါဘူး။ နောင်...သံသရာမှာ ကြုံကြိုက်ရင် ပြန်ဆုံကြသေးတာပေါ့ ဆရာကြီးရယ်'

ဟု ပြောပြောဆိုဆိုဖြင့် နှင်းငွေ့ငွေ့များအကြားမှ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားပုံကို မျက်စိတစ်ဆုံး ရပ်ကြည့်နေမိပါတော့သည်။

မည်မျှကြာသည်မသိ "ပဲပြုတ်" ဟူသော မအေးစိန်၏ အော်သံကြားမှ "ဖျတ်ခနဲ" အိပ်ရာမှ နိုးလာခဲ့ရာ ဆရာမကြီးနှင့် တွေ့ခဲ့ရသည်မှာ တကယ်မဟုတ် အိပ်မက် မက်နေကြောင်း သိလိုက်ရပါတော့သည်။

ဘာပဲဖြစ်ဖြစ် ဤကျောင်းတွင် ပေတဘဝဖြင့် နှစ်ပေါင်းများစွာ ပျော်ပျော်ကြီး စောင့်ရှောက်ရာမှ လွတ်ကျွတ်သွားပြီဖြစ်ကြောင်း သိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပြီး မိမိတို့နှင့် ဘဝတူ ပညာရေး လောကသားတစ်ဦးအတွက်လည်း ဘာဝနာကျေပွန်ခဲ့ပါသည်။

စာရေးသူ မှာကြားလိုသည်မှာ လူသားတိုင်း မိမိတို့၏ ကုသိုလ်နှင့် အကုသိုလ်အလျောက် ဘဝများတွင် အကျိုးရရှိနိုင်ပုံနှင့် အရာရာ သက်ရှိနှင့် သက်မဲ့များအပေါ် အစွဲအလမ်း သံယောဇဉ်နှောင်ကြိုးများကို ကြိုးစား၍ ဖြတ်နိုင်ရန် တိုက်တွန်းလိုက်ရပါသည်။

**[တကယ့်ဖြစ်ရပ်မှန်အား ရေးသားခြင်း ဖြစ်ပါသည်။]**

***ကျန်းမာ၍ ဘေးရန်ကြောင့်ကြကင်းကြပါစေ။***

***ဘိုရွှေ(တနင်္သာရီ)***

**စာမူရှင်များသို့...**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိ ပေးအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# ထူးထွေတည့် အံ့ရာဒေသော်

ဒေါ်သုဇနဝိမ္ဗ
(B.Sc, H.G.P, Dip.Ed)



၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက် (၁၃-၁၁-၁၉၉၁)နေ့ **"ဖောင်တော်ဦးမြတ်စွာဘုရား"**ကို စာရေးသူ ဖူးမြော်ခဲ့ရသည်။

**ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ နန်းဟူးရွာတွင် ဖောင်တော်ဦးဘုရား သီတင်းသုံးပါသည်။**

ဖောင်တော်ဦးဘုရား သမိုင်းက စိတ်ဝင်စားစရာ ကောင်းပါသည်။ ပုဂံမင်းနှင့် ဆက်နွှယ်နေခဲ့ပါသည်။ *(ရှမ်းပြည်နယ်တွင် ပုဂံမင်းများ၏ ကုသိုလ်တော်ဘုရား များစွာရှိခဲ့ပါသည်။)*

ပုဂံပြည်ကြီး၌ အလောင်းစည်သူ မင်းကြီး ထီးနန်းစံခဲ့ပါသည်။ ထိုမင်းကြီးသည် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်စုံ၏။ ဘုန်းကံကြီးမား၏။ ကြိမ်စကြာပိုင်ဆိုင်သူဖြစ်၏။ *(လက်ညှိုးညွှန်ရာ အရပ်၌ ကုန်းမြေသည် ရေပြင်ဖြစ်ရသည်ဟု ကြားသိဖူးပါသည်။)*

ရေပြင်တွင် ဖောင်ယာဉ်စကြာနှင့် တိုင်းခန်း လှည့်လည်တော်မူလေ့ရှိသည်။ ဘုန်းကံကြီးသူဖြစ်၍ စိတ်အလိုဆန္ဒများ ပြည့်စုံခဲ့ရပါသည်။

တစ်နေ့တွင် မြင်းမိုရ်တောင်သွားလိုသော စိတ်ဆန္ဒ ပြင်းပြခဲ့သည်။ သို့ဖြစ်၍ သက်န်းနက် ဖောင်ယာဉ်စကြာဖြင့် မျှုးမတ်ဗိုလ်ပါ အစုံအလင် လိုက်ပါလျက် မင်းကြီး ထွက်ခွာလာ၏။

တာဝတိံသာနတ်ပြည်ကို အစိုးရသူက သိကြားမင်းပါ။ မြင်းမိုရ်တောင် မသွားရန် သိကြားမင်းက တားမြစ်လိုသည်။ သိကြားမင်းနှင့် မိဖုရားသုဇာတာတို့ လူအိုယောင် ဖန်ဆင်းကြ၏။

မင်းကြီး၏ ဖောင်ယာဉ်စကြာ အနီးသို့ လှေငယ်တစ်စင်းဖြင့် လူအိုလင်မယား လှေလှော်လာ၏။ လူအိုကြီးက မင်းကြီးကို ပြောပြသည်။

'ကျွန်ုပ်တို့ဇနီးမောင်နှံ (၁၅)နှစ်သားအရွယ်က မြင်းမိုရ်တောင်သွားရန် ခရီးထွက်ခဲ့ကြသည်။ မြင်းမိုရ်တောင်ကို မဆိုထားဘိ မြင်းမိုရ်ငွေ့ကိုမျှ မတွေ့ရပါ။ မြင်းမိုရ်တောင်ကို သွားဖို့ မကြံစည်ကောင်းပါ။ မြင်းမိုရ်တောင်ကို သွားလိုသော မြေးတို့ မိုက်လှ၏'

ဟု ဆိုလေသည်။

မင်းကြီးက လက်မခံပါ။ သွားရန် ဆုံးဖြတ်၏။ လူအိုကြီးက လှေငယ်နှင့် ဖောင်ယာဉ် ယှဉ်ပြိုင်ရန် ပြော၏။ ယှဉ်ပြိုင်ကြ၏။

လှေငယ်က မြန်လှ၏။ ဖောင်ယာဉ်က နှေးလှ၏။ ဖောင်ယာဉ်စကြာမှ ကြည့်လျှင် မြင်နိုင်သော အရပ်မှာပင် လှေငယ် ပျောက်ကွယ်၏။ သို့နှင့် အစီအစဉ်ကို မင်းကြီး ဖျက်သိမ်း၏။ မြင်းမိုရ်တောင် မသွားလိုတော့။ တိုင်းခန်းလှည့်လည်ခြင်းကိုမူ ဆက်လက်ပြု၏။

ကြီးမားလှသော **ဇမ္ဗူသပြေပင်ရင်း**သို့ မင်းကြီး၏ ဖောင်ယာဉ်စကြာ ဆိုက်ရောက်၏။ ဗိုလ်ရှုသဘင် ခံတော်မူ၏။ ဧရနားတွင် ဘီလူးမသည် သားငယ်ကို ပွေ့ပိုက်၍ ရပ်ကြည့်၏။ ဘီလူးမ၏ လက်မှ လွတ်ကျ၍ သားငယ် ရေထဲသို့ ကျလေ၏။ ဘီလူးမ ပြင်းထန်စွာ ငိုလေ၏။

မင်းကြီးက ကြိမ်စကြာဖြင့် ရေပြင်ကို ရိုက်လေ၏။ ရေစောင့်နတ် ပေါ်လာ၏။ သားငယ်ကို ယူဆောင်လာရန် ရေစောင့်နတ်ကို မင်းကြီး အမိန့်ပေး၏။ သားငယ်ကို ရေစောင့်နတ်က ယူဆောင်ပေး၏။

သားငယ် ပြန်ရ၍ ဘီလူးမ ဝမ်းသာ၏။ မင်းကြီးကို ဘီလူးမ အလွန်





www.burmeseclassic.com

www.burmeseclassic.com

ကျေးရူးတင်၏။ ဟိမဝန္တာတောအရပ်မှ **သရက္ခန်အစစ်ကို** ဘီလူးမ ယူဆောင်၏။ မင်းကြီးကို သရက္ခန်သား ဆက်သ၏။ သရက္ခန်သား၏ အနံ့ကား မွှေးကြိုင်လှ၏။

သိကြားမင်း ပေါ်လာ၏။ သရက္ခန်သားကို ရုပ်တုတော်မြတ်များ သိကြားမင်း ထုလုပ်၏။ (၅)ဆူဖြစ်၏။ တစ်ဆူစီတွင် **သီသဓာတ်တော်တစ်ဆူစီ၊ သရီယဓာတ်တော် တစ်ဆူစီ ဌာပနာပေး၏။** သရက္ခန်အစများ၊ သပြေအစများကို စုပေါင်းပြီး မြတ်ပေါင်းမဥ္ဇူ ဘုရားတစ်ဆူ စီရင်၏။ **သီသမွေတော် တစ်ဆူ၊ နလုံးဓာတ်တော် တစ်ဆူ** သွင်း၍ ဌာပနာ၏။

ကျောက်ဖြူသားဖြင့် **ရှင်ဖြူတစ်ဆူ၊ ရှင်လှတစ်ဆူ၊ သိကြားမင်း ထုလုပ်ပြန်၏။** ရုပ်တုတော်မြတ်(၈)ဆူကို မင်းကြီးအား သိကြားမင်း ပေးအပ်၏။ သိကြားမင်းက...


'သာသနာတော်၏ အကျိုးကို ဆောင်ရွက်ပါ။ လူအပေါင်း ကိုးကွယ်ရန် အကျိုးဆောင်ပါ'

ပြောဆို၍ ပျောက်ကွယ်လေသည်။

ရုပ်တုတော်မြတ်များကို အလောင်းစည်သူမင်းကြီး ကိုးကွယ်ထား၏။ ဖောင်ယာဉ်စကြာဖြင့် ဦးထိပ်တင် ကိုးကွယ်ထားသည့် ဖောင်တော်ဦး ဘုရားများ ဖြစ်လာကြသည်။

သက္ကရာဇ် ၄၈၂ ခုနှစ်တွင် အရှေ့အရပ်ဘက်သို့ မင်းကြီး တိုင်းခန်းလှည့်လည်လာခဲ့၏။ အရှေ့တောင်တန်းကြီးမှ သောတာပန်နတ်မင်းကြီးက ကိုယ်ထင်ပြ၏။

အရှေ့ဘက်ဒေသတွင် သရက္ခန်ရုပ်တုတော်မြတ်(၅)ဆူကို လှူရန် နတ်ကြီးက တောင်းဆို၏။ အလောင်းစည်သူမင်းကြီးက လှူရန် သဘောတူ



၏။

**ဖောင်တော်ပေါက်အရပ် (သန်းတောင်အရပ်)**၌ သရက္ခန်ရုပ်တုတော်မြတ်(၄)ဆူကို မင်းကြီးလှူခဲ့၏။ ဌာပနာတိုက် တည်ဆောက်ပြီး လိုဏ်ဂူသွင်းခဲ့ပါသည်။ အမိဋ္ဌာန်ပြုခဲ့ပါသည်။

**မဟာဂါမရွာကျောင်း ဆရာတော် အရိယဓဇမွရံသီထံ**၌ မြတ်ပေါင်းမဥ္ဇူဘုရားကို မင်းကြီး အပ်နှံခဲ့ပါသည်။ ပွဲလမ်းသဘင် ကျင်းပ၏။ ရေစက်ချလှူခဲ့ပါသည်။

ထို ဖောင်တော်ဦးဘုရားများကို ညောင်ရွှေစော်ဘွားများ ကိုးကွယ်ခဲ့ကြသည်။ **ညောင်ရွှေ စော်ဘွားမစောပ်နန်းဖဲ** လက်ထက်က ရွှေအင်းတိန်ဘုရားကြီးသို့ ရုပ်တုတော်မြတ်(၅)ဆူကို ရွှေ့ပြောင်းခဲ့ကြပါသည်။ ကျောင်းတော် ပြုလုပ်၍ (၅)ဆူစလုံးကို ကိုးကွယ်ခဲ့၏။ ဖောင်တော်ဦးကျောင်းတော်ကြီးဟု ခေါ်ခဲ့ကြ၏။

ထိုမှတစ်ဖန် ရွာကြီးဘန်းပုံအရပ်သို့ (၅)ဆူစလုံးကို ရွှေ့ပြောင်းခဲ့ကြ၏။ ကိုးကွယ်ခဲ့ကြ၏။ ထိုမှတစ်ဖန် သာလေးကျေးရွာအုပ်စု၊ နန်းဟူးရွာသို့ ရွှေ့ပြောင်းခဲ့ကြ၏။ ကိုးကွယ်ခဲ့ကြ၏။

ကျောင်းတော်ကြီး ဆောက်လုပ်ပြီး (၅)ဆူစလုံးကို ကိုးကွယ်ခဲ့ကြ၏။ ဖောင်တော်ဦးဘုရားဟု ထင်ရှား... ကြား၏။ တန်ခိုးဂုဏ်နှင့် ပြည့်စုံ... အလိုဆန္ဒတောင်းဆုများ ပြည့်...

၁၃၁၄ ခုနှစ်တွင် ကျောင်းတော်ကြီး... ကို ခိုင်မာစွာ တည်ဆောက်ခဲ့ကြ... ၁၃၁၈ ခုနှစ်တွင် ကျောင်းတော်ကြီး... စေတီလုံးထိပ် ထီးတော်မြတ်... အောင်မြင်စွာ လှူနိုင်ခဲ့ကြ၏။

ရုပ်တုတော်မြတ် (၅)ဆူစလုံး... ရွှေသားရွှေတုံးအဖြစ်သာ တွေ့ကြ... တော့၏။ နေ့စဉ် ရွှေချလှူသော... များလှစွာပါ။ ရှေးအစဉ်အဆက်... ရွှေအင်းတိန်ဘုရားကြီး၌ စံစဉ်က... ရုပ်တုတော်မြတ် ဒေသစာရီ ကြွခဲ့... သည်။

ညောင်ရွှေမြို့နှင့် ပင်ဖိတ်ဒေ... ဒေသအသီးသီးသို့ ကြွပါ၏။ ညက်... နေ့ချင်း(ဆွမ်းကပ်)ဖူးအဖြစ် ကြွခဲ့... သည်။ (၄)ဆူသာ ဒေသစာရီ ကြွ... (၁)ဆူမှာ ဒေသစာရီ မကြွချီပါ။


ပထမအကြိမ် (၅)ဆူကို ... ကြွချီတော်မူစေ၏။ ဘုရားလှေတော်... မှောက်(နစ်မြုပ်)သွား၏။ ရေ... (၄)ဆူကို ဖင့်ယူရရှိသည်။ (၁)... ရှာဖွေ၍ မရပါ။ (၄)ဆူနှင့် ဒေသ... ကြွချီပါသည်။ ကျောင်းတော်သို့ ပြန်... ပင့်ဆောင်ခဲ့ကြ၏။





www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋိတိုက်တော်တွင် ရေထဲမှာ ရှာဖွေ၍ မရသော ရုပ်တုတော်မြတ်ကို ဖူးတွေ့ရ၏။ ဦးခေါင်းတော်၌ ရေညှိ ရေမှော်များ တင်နေသည်ဟု ဆိုပါသည်။

**နောက်နှစ်များတွင်လည်း ထို(၁)ဆူကို ပင့်ဆောင်၍ မရပါ။ အတိတ်နိမိတ် အမျိုးမျိုး ပြသသည်။ ထိုရုပ်တုတော်မြတ်(၁)ဆူကို ဒေသစာရီ ကြွရန် မပင့်ဆောင်ကြတော့ပါ။(ဖူးမြော်သူတိုင်း သိကြပါသည်။)**

ယနေ့ထိ(ယခု စာရေးချိန်ထိ) စာရေးသူ စဉ်းစားမိသည့်အချက် ရှိပါသည်။ ဒေသစာရီ မကြွချီလိုသော ရုပ်တုတော်မြတ်(၁)ဆူသည် မဟာဂါမရွာကျောင်း၌ စံခဲ့တော်မူသော **မြတ်ခေါင်းမဥ္ဇူဘုရား (၁)ဆူပေပဲလား။**

အလောင်းစည်သူ မင်းကြီးက (ညီသည့်အမိဋ္ဌာန်ဖြင့်) မည်သို့ ဆုတောင်းခဲ့ခြင်းမျိုးလဲ၊ ရုပ်တုတော်မြတ်က မဟာဂါမရွာကျောင်း၌သာပဲ တသီးတခြား စံတော်မူချင်သည်ပဲလား... ဘားပေါင်း၊ လဲပေါင်း များစွာဖြင့် အမျိုးမျိုး စဉ်းစားခဲ့ပါသည်။

**၁၉၉၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်ထိ** (၂၅)နှစ်လုံးလုံး စဉ်းစားမိပါသည်။ အလောင်းစည်သူမင်းကြီးက ဘုန်းကံကြီးမားသည်။ (မွေးစဉ်၊ ငယ်စဉ်၊ အသက်ထင်ရှားရှိစဉ်) အဖြစ်အပျက်များကလည်း ဆန်းပြားသည်။

ရင်ခွင်ပိုက်ဘဝဖြင့် ကျန်စစ်သားမင်းက ထီးနန်းစိုးစံစေသောသူ ဖြစ်ခဲ့ပါသည်။ မင်းကြီးကောင်းမှု ရုပ်တုတော်မြတ်(၁)ဆူက ထူးထူးဆန်းဆန်း ဘန်ခိုးပြနေသည်ပဲလား...' **သိကြားမင်းကမှ သိနိုင်မည့်အချက်ပါ။** ထူးထွေတည့် အံ့ရာသော်။

စာရေးသူတို့ ဆက်လက်ပြီး ဘတ်လှေ စီးကြပါသည်။ ဝက်သကင် ဆရာတော်ကို ဖူးမြော်ရန်ပါ။ ဝက်သကင်ဆရာတော်က ထူးဆန်း၏။ လူတို့၏ စိတ်အတွင်း ဖြစ်ပျက်နေသော အကြောင်းအရာများကို ချက်ချင်းပင် အဖြေပေးတတ်ပါသည်။***(နဂ္ဂဗ္ဗ ရောင်ခြည်မဂ္ဂဇင်းတွင် ဝက်သကင်ဆရာတော်ကြီး၏အကြောင်း စာရေးသူ ရေးပြီးပါပြီ။)***

ဆရာတော် တရားဟောစဉ်က ဆုကြီးပန်ထားသည်ဟု မိန့်တော်မူခဲ့ပါသည်။ **ဆူဝေသောပရိတ်ရေ(ပုလင်းအတွင်း ရောင်စဉ်များ ထွက်သော ပရိတ်ရေ)**ကို ယူဆောင်ခွင့် ပေးခဲ့ပါသည်။

ဆရာတော်ရှေ့ စားပွဲပေါ်မှ လင်ပန်းကို တစ်ဦးချင်း ကြည့်ခိုင်းပါသည်။ လင်ပန်းပေါ်တွင် ဓာတ်လုံးတစ်လုံး တင်ထားပါသည်။ ဓာတ်လုံးမှ ရောင်စုံ ထွက်နေပါသည်။ တောက်တောက်ပပ ထွက်ပေါ်နေခြင်းပါ။ အနီးကပ်ကြည့်သူ၏ ပုံရိပ် ပေါ်ပါသည်။ ထင်ထင်ရှားရှားပါ။ အရပ်ရှစ်မျက်နှာမှ အရိပ်များ ပေါ်ပါသည်။

ထိုင်နေသော ဆရာတော်ကို ဓာတ်လုံးမှ ထွင်းဖောက်၍ ဖူးတွေ့ရပါသည်။ မှန်အကြည်သား(ဖန်သား) ကဲ့သို့ ထိုးဖောက်၍ မြင်ရခြင်းပါ။ အရာရာကို ထွင်းဖောက်မြင်တွေ့ရသည်။ **သာမန်ကြည့်လျှင် အပိတ်ဖြစ်နေသော ရောင်စုံ အလုံးတစ်လုံးပါ။**

**လူတိုင်း အံ့ဩကြပါသည်။ ဆရာတော်က မိန့်ခဲ့ပါသည်၊ အင်းလေးရေ မြင်ပေါ် ပေါ်နေသော ဓာတ်လုံးပါတဲ့။ ဆရာတော်ထံ ရောက်ရှိနေသည်မှာ ကြာမြင့်ပါပြီတဲ့။ ထိုဓာတ်လုံးက ဆရာတော်၏ သာသနာပြုလုပ်ငန်းကို အထောက်အထူ ပေးပါသည်တဲ့။ ရှင်းပြတော်မူခဲ့ပါသည်။**

ဆရာတော်၏ ဒါနဖြစ်သော နေ့လယ်စာကို စာရေးသူတို့ကို ဂေါပကအဖွဲ့သူ အဖွဲ့သားများက ကျွေးမွေးခဲ့ပါသည်။ မြိန်ရှက်စွာ စားခဲ့ကြရပါသည်။ ***(ဂျူးမြစ်သုဝ်၏ အရသာကို ယနေ့တိုင် သတိထားရ မှိုနေဆဲပါ။)***

ယနေ့ထိ(စာရေးနေချိန်ထိ) (၂၅)နှစ်လုံးလုံး ဓာတ်လုံးအကြောင်း စဉ်းစားနေဆဲပါ။

- ✦ အင်းရေပြင်ပေါ်တွင် ပေါ်နေသော ဓာတ်လုံးသည် အလောင်းစည်သူမင်းကြီး၏ ဓာတ်လုံးပေပဲလား။
- ✦ အကြောင်းတစ်စုံတစ်ရာကြောင့် ဖောင်တော်ယာဉ်မှ အင်းရေထဲ ကျခဲ့သည်ပဲလား။
- ✦ ရုပ်တုတော်(၅)ဆူနှင့် ဓာတ်လုံးအတူတကွ



www.burmeseclassic.com

www.burmeseclassic.com

လှူခဲ့သည်ပဲလား။

✦ ဒေသစာရီ ကြွချီသော ဘုရားလေ့တော် နှစ်မြှုပ်သွားခဲ့စဉ်က ထိုဓာတ်လုံး အင်းရေ ပြင်သို့ ကျခဲ့သည်လား။

ထိုဓာတ်လုံးက ထူးထူးဆန်းဆန်းပါ။ ဝက်သကင်ဆရာတော်ထံ ထူးထူးဆန်းဆန်း ရောက်ခဲ့ပါ၏။

အလောင်းစည်သူမင်းကြီးက ထူးဆန်းသူပါ။ မင်းကြီး ကျန်စစ်က မြေးတော် (အလောင်းစည်သူ)သည် ပရိက္ခရား (ကုလားမင်းသား)ဝင်စားသူဟု ယူဆခဲ့သည်။

မင်းကြီးကျန်စစ်၏ သမီးတော် (ရွှေအိမ်စည်မင်းသမီး)က သားတော် (အလောင်းစည်သူ)သည် ပရိက္ခရား ဝင်စားသူဟု ယုံကြည်ခဲ့၏။ နန်းတွင်းသူ/သားများကလည်း ထိုအချက်ကို လက်ခံခဲ့ကြ၏။ **(ပရိက္ခရားမင်းသားသည် ပြဒါးရှင်လုံးကိုင်၍ ကောင်းကင်၌ ပျံသန်းနိုင်သည်ဟု ရာဇဝင်အရ ကြားသိဖူးပါသည်။)**

ဘဝဟောင်းက ပိုင်ဆိုင်ခဲ့သော ပြဒါးရှင်လုံးကို အလောင်းစည်သူမင်း ဘဝက ပြန်လည်ရရှိခဲ့သည်ဟု ဆိုကြပါသည်။

ထိုသို့ ဆိုခဲ့ကြသော ပြဒါးရှင်လုံးသည် ဝက်သကင်ဆရာတော်ထံ ရှိနေသော ဓာတ်လုံးပေပဲလား။ ဝက်သကင်ဆရာတော်မှသာ သိနိုင်ပါမည်။ အဖြေပေးနိုင်ပါမည်။

၂၀၁၄ ခုနှစ်တွင် အင်းလေးဒေသသို့ စာရေးသူ ပြန်ရောက်ခဲ့ပါသည်။ ဆရာတော် ပျံလွန်ခဲ့သည်မှာ ကြာပါပြီ။ **ထိုထူးဆန်းသော ဓာတ်လုံးကိုလည်း မတွေ့ရတော့ပါ။** ထူးထွေတည့် အံ့ရာသော်ပါပဲ။

စာရေးသူ တက္ကသိုလ်ကျောင်းသူဘဝက ဖောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရောက်ခဲ့ဖူးပါသည်။ ဖောင်တော်ဦးဘုရား မဖူးခဲ့ရပါ။ ဝက်သကင် ဆရာတော်အကြောင်း မကြားခဲ့ရပါ။

၁၉၈၅ ခုနှစ် ရွှေဥဒေါင်းတောင် ဆရာတော် သွားရောက်ဖူးစဉ်က အင်းလေးဖောင်တော်ဦးဘုရား မဖူးခဲ့ရပါ။ ဝက်သကင်ဆရာတော် မဖူးခဲ့ရပါ။

၁၉၉၁ ခုနှစ် ကုံလုံဆရာတော် [illegible] ဖူးမြင်သောအခါမှသာ ဖောင်တော်ဦး [illegible] ဘုရား ဖူးရပါသည်။ ဝက်သကင် ဆရာတော် ဖူးရပါသည်။ ၂၀၁၄ ခု[illegible] တွင် ဝက်သကင်ဆရာတော် မဖူးမျှော်[illegible] ရပါ။

ထူးထွေတည့် အံ့ရာသော် ဖြစ်[illegible] က အလောင်းစည်သူမင်းကြီး[illegible] သက်ဆိုင်နေပါသည်ဟု စာရေး[illegible] ထင်ပါသည်။ **နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာတည်းချုပ်နှင့်အဖွဲ့ စာ[illegible] သူများ မည်ကဲ့သို့ ထင်မြင်ကြ[illegible] သနည်း။**

**ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ[illegible] စေ၊ ခန္ဓာဝန်ကို လွယ်ကူစွာ ဆော[illegible] ရွက်နိုင်ကြပါစေ။**

မေတ္တာများစွာဖြင့်...

**ဒေါ်သုမနဝီဝီထွး**
***(B.Sc, H.G.P, Dip.Ed)***

**စာရှုသူ...သုတေသီနှင့် သီလရှင်ကြီး ဒေါ်သုမနဝီဝီထွးသို့...**

သီလရှင်ကြီး၏ ဆောင်းပါးကိုဖတ်ပြီး... ကျွန်တော်၏ ထင်မြင်ယူဆချက်မှာ ဆောင်းပါးပါ ဝက်သကင်ဆရာတော် ထံ ရောက်နေသော ဓာတ်လုံးမှာ အလောင်းစည်သူမင်းကြီးနှင့် ဆက်စပ်နေမည်ဟု ယူဆပါသည်။ အသေအချာတော့ မပြောနိုင်ပါ။ ဖြစ်နိုင်ချေ များပါသည်။

ပရိက္ခရားမင်းသားဘဝက ပိုင်ဆိုင်ခဲ့သော ပြဒါးရှင်လုံးလား... ဆိုသည်မှာ လျှို့ဝှက်ချက်ကြီး ဖြစ်ပါသည်။ သီလရှင်ကြီး ရေးသားခဲ့သလို သိကြားမင်းသာ သိနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အခြားသော စာဖတ်သူ ပရိသတ်နှင့် သုတေသီပညာရှင်များနှင့် ဝက်သကင်ဆရာတော်ကြီးနှင့် အနီးစ[illegible] ပုဂ္ဂိုလ်များမှ ဝက်သကင်ဆရာတော်ကြီးရှိ ဓာတ်လုံး မည်သည့်နေရာ ရောက်သွားသည်ကို သိရှိသမျှ ရေးသားပေး[illegible] ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုး[illegible]
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီကာင်း ဦးမြမောင်
(မန္တလေး)

နှင်းပုလဲက

# လူပျိုတော် လူခြောက်ညီနောင်

(သို့မဟုတ်) သူ့အပြန်လမ်း ခန့်မှန်းကြည့်ကြပါစို့

နှင်းပုလဲက လူပျိုတော် လူခြောက်ညီနောင်ဇာတ်လမ်းကို ရေးပို့ပြီး တစ်လ ပါနီးနီးနဲ့ မျှော်ပေမယ့် ကြာလွန်းတော့ မေ့သွားပါတယ်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ တစ်ရက် မန္တလေးစာတိုက်ကြီးက ငွေလာထုတ်ရန် အကြောင်းကြားသဖြင့် ငွေပို့လိပ်စာ ရှင်မှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းဖြစ်ကြောင်း သိရတော့တယ်။

လူများပို့တာ အထင်နဲ့ မဂ္ဂဇင်းတိုက်သို့ ဖုန်းဖြင့်မေးရန် မန္တလေး(၉)လမ်း ကိုဦးစာအုပ်ဆိုင်တွင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းဖုန်းနံပါတ် ရှာစဉ် မာတိကာတွင် နှင်းပုလဲက လူပျိုတော်လူခြောက်ညီနောင်ကို တွေ့မှ (၁၁)နှစ်ကြီးများတောင် ကြာလှပါတကားလို့ ရေရွတ်မိပါတော့တယ်။

ကာယကံရှင်ဦးစံမြင့်ဆီ ရောက်တိုင်းပဲ "ပါပြီလားဗျာ" ဆိုတဲ့ သူ့မျှော်လင့်ခြင်းကို ကြားနေရတယ်။ ဘာပြန်ပြောရမှန်းမသိတာနဲ့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း ကြာသလောက် သူ့ဆီ မရောက်ဖြစ်တော့ဘူး။

ပါလာတော့လဲ ပါလာတဲ့အကြောင်း ပြောမယ်အသွား သူ့သားသမီးတွေ ပြောပြလို့ ကျွန်တော် ဟာခနဲ ဖြစ်ရတော့တယ်။

သူမရှိတော့ဘူးတဲ့ဗျာ (၁၄.၁၂.၂၀၁၅) နေ့က ကွယ်လွန်သွားပြီတဲ့ဗျာ။ **သူ့အကြောင်း ရေးတုန်းက သူ့အသက် (၇၉)နှစ် ရှိနေပါပြီ။** အသက်(၉၁)မှာ ဆုံးပြီး (၇)လကြာမှာ ပါလာတော့ သူ့ဆန္ဒတစ်ခု လိုသွားတာပေါ့။ သူ့နာရေးဖိတ်စာ လက်ကျန်ကလေး ယူခဲ့ပြီး ကောင်းရာသုဂတိ လားပါစေကြောင်း ဆုတောင်းလျက် သူ့ဘဝ နိဂုံးလေး အဆုံးသတ်ပေးချင်ပါတယ်။

---

ဘဝအစ

---

ဦးစံမြင့် မွန်ပြည်နယ်တွင် မွေးဖွားသူပါ။ လူလားမြောက်တဲ့အချိန် ပြည်တွင်း စစ်ရောင်စုံသောင်းကျန်းသူတို့ ထင်တိုင်းကြဲချိန်နဲ့ တိုက်ဆိုင်နေတော့တယ်။

ဒေသတိုင်းနီးပါး လူငယ်တွေ ဦးဆောင်ကြပြီး သောင်းကျန်းသူ ဆန့်ကျင်ရေး မဟူးတပ်များ ဖွဲ့ကြပြီး အရပ်ဒေသများကို ကာကွယ်ကြတယ်။

အင်္ဂလိပ်,ဂျပန် လက်ကျန် သေနတ်တွေကလဲ မရှားတဲ့အပြင် ဒေသဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လုပ် သေနတ်များကလဲ တစ်လက်ကို (၉၀,၁၀၀)ကျပ်နဲ့ ဝယ်လို့ ရတယ်။

စပါးတစ်တစ်တင်းကို (၃)ကျပ်. စပါးတင်း(၃၀)နဲ့ သေနတ်တစ်လက်လဲလို့ရသေးတယ်။ ဦးစံမြင့်တို့ ဦးဆောင်တဲ့ ကာကွယ်ရေးအဖွဲ့ ရပ်ရွာကို လုံခြုံစွာ ကာကွယ်ပေးနိုင်ကြတယ်။

ကျွန်တော်ကိုင်တဲ့ သေနတ်က ဗီဖဒို(ပစ္စတို)နဲ့ အရှည်ကိုင်တာဗျ။ တိုက်ပွဲဝင် သေနတ်ဟောင်းတွေဆိုတော့ လမိုင်းစီးနေတယ် ထင်တယ်ဗျာ။

ကိုင်လိုက်တာနဲ့ သွေးတကြွကြွနဲ့ လက်ကို ယားနေတာပဲ။ တိုက်ခိုက်ချင်စိတ်တွေ အတော်ပြင်းထန်နေတာဗျတဲ့...

မကြာခဏ တိုက်ခံရသလို ထိုးစစ်သဘောနဲ့ သွားတိုက်တဲ့ အခါတွေလဲ ရှိတယ် ဆိုပါတယ်။ တိုက်ပွဲဝင်စစ်လောကတွင် မကြားဘူးသေးတဲ့ အတွေ့အကြုံတစ်ခု သူ့ဆီက ကြားခဲ့ရတယ်ဗျ။

တိုက်ပွဲဖြစ်ဒေသတွေမှာ လက်ဖြောင့်တပ်သားတွေက သစ်ပင်တွေပေါ်က အပိုင်ပစ်လေ့ရှိကြရာ သူတို့နဲ့ တွေ့ကြတဲ့ တိုက်ပွဲတွေမှာ အမျိုးသမီးလက်ဖြောင့်တွေ ပါနေတယ် ဆိုပါတယ်။

သူတို့ သတ်ကွင်း ဆင်ထားတဲ့ ထောင်ချောက်ထဲ ဝင်မိတဲ့အခါ မျက်ကွယ်ကောင်းသော သစ်ပင်ကြီးတွေပေါ်က လက်ဖြောင့်တွေ ပစ်ခတ်သလို မြေပြင်နဲ့ အထက်အောက်ညှပ်ပစ်ကြတယ်။

မြေပြင်ရန်သူကို အကာအကွယ်ကောင်းကောင်းနဲ့ ခံထားပြီး အထက်ရန်သူများကို စုပြုံတိုက်ကြတော့ သစ်ပင်ပေါ်က ရန်သူများ ကြိုးနဲ့လျှော



ဆင်းပြေးကြပါသတဲ့။

တစ်နေရာတွင် တစ်ယောက်ကို မိလိုက်ရာ သူတို့ကို စက်သီးနဲ့ လိုသလိုသာ အတင်အချ အောက်ကနေ ပြုလုပ်ပေးနိုင်တယ် ဆိုပါတယ်။ အံ့သြစရာကောင်းတဲ့ စွန့်စားမှုမျိုးပါ။

## တစ်ရွာမပြောင်း သူကောင်းမဖြစ်

ရပ်ရွာအတွက် အပျော်တမ်းစေတနာ့ဝန်ထမ်း အသက်ကို စွန့်ကြ၍ ဆောင်ရွက်ခဲ့ပြီး သူတို့ခေါင်းဆောင် (၄)ဦး စက်ချုပ်အလုပ်ဖြင့် ရန်ကုန်သို့ ထွက်လာကြတယ်။

အလုပ်ရှင်က မန္တလေးတိုက်ခွဲသို့ ပို့လိုက်ပြီး အလုပ်ဝင်နေကြပေမယ့် တိုက်ခိုက်ချင်သော ပိုးတွေက ထိုးလာကြသဖြင့် ၁၉၅၂ ခုနှစ် ဦးပိုင်းတွင် (၄)ဦးသား နန်းတွင်းတပ်မတော်သို့ ဝင်လိုက်ကြတယ်။

မကြာပါဘူး။ အလုပ်ရှင်က လိုက်နှုတ်လို့ ဦးစံမြင့်တစ်ယောက် ထွက်ခဲ့ရတယ်။ ကျန်(၃)ယောက်က တစ်ယောက် ဗိုလ်ဖြစ်ပြီး အားလုံး စစ်ပြန်ဘဝများဖြင့် ကွယ်လွန်သွားပြီဖြစ်ပါသတဲ့။

တစ်ဦးတည်း ကျန်ရစ်တဲ့ စစ်ကျန် ဦးစံမြင့်တစ်ယောက် မန္တလေးမြို့ မလဲသာရပ်သူ ပုဏ္ဏားအမျိုးသမီးနဲ့ အိမ်ထောင်ကျပြီး သားသမီး(၁၀)ဦး ထွန်းကားခဲ့ပါတယ်။

စက်ချုပ် စက်ပြင် ပညာဖြင့် မိသား[...] စားဝတ်နေရေး ဖူလုံတဲ့အပြင် ကြိုး[...] ရှိသားသော ဦးစံမြင့်ကို အထက်[...] မြို့နယ်စက်ချုပ် သ/မ ဥက္ကဋ္ဌအပြင် မလဲသာရပ်ကွက် ဂေါပကလူကြီး[...] တာဝန်များပါ ထမ်းဆောင်ခဲ့သူပါ။

ဦးစံမြင့် အသက်(၇၅)နှစ်တွင် ချစ်လှစွာသော ဇနီးသည် ဒေါ်တင်[...] ဘဝတစ်ပါးသို့ ပြောင်းသွားတယ်[...] ပုဏ္ဏားထုံးစံအတိုင်း သင်္ဂြိုဟ်[...] လိုက်ပြီး ဖခင်ကြီးဦးစံမြင့်က ငါသေ[...] ဇနီးကဲ့သို့ ပုဏ္ဏားထုံးစံအတိုင်း သင်္ဂြိုဟ်[...] ပေးရန် တောင်းဆိုခဲ့တယ်။

## အိပ်ရာဝင်လဲ တစ်မျိုးလို

မေတ္တာ,သစ္စာ ကြီးမားကြသူ သက်[...] ကြီးရွယ်အိုတွေ ဖြစ်တတ်ကြ[...] အကြောင်းကလေးများကလဲ သိ[...] လိုမယ်ထင်ပါတယ်။

နှစ်ပေါင်းရှည်ကြာစွာ မေတ္တာ,သစ္စာ[...] မပျက် လက်ချင်းတွဲ၍ လောကခံတ[...] ကို ကြံ့ကြံ့ခံ ဆိုးတူကောင်း[...] ရင်ဆိုင်လာသူတို့ပီပီ အသက်ကြီး[...] လာကြတဲ့အခါ တစ်ဦးကိုတစ်ဦး အ[...] တကြည့်ကြည့် ကြည့်နေတတ်ကြ[...] တယ်။

အရွယ်ညှောင်းလို့ နေရဖို့ထ[...] သေကြရမယ့် ဘက်က နီးနေပြီ[...] တစ်ဦးကိုတစ်ဦး မမြင်တဲ့အခါ သား[...] သမီးတွေကို နင့်အဖေကော၊ နင့်အမေ[...] ကော စသဖြင့် အပျောက်မခံတတ်ကြ[...] ပေ။

မေတ္တာအကြင်နာဆိုတာ အသက်[...] ကြီးလေ တွယ်တာရကောင်းမှန်း[...] လေပါပဲ။ ဒီလို အမိအဖမျိုး တစ်[...]ကဲ့ သွားရင် ကျန်တစ်ဖက်လဲ မကြာခင်ပင် ပါသွားတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အားကိုးစရာ သားသမီးတွေ ရှိနေကြပေမယ့် အမိက ညာလက်ရုံးကြီး ရှိတော့တဲ့နောက် စိတ်အားငယ် အထီးကျန်ဘဝနဲ့ သွားလေသူနောက်သို့ ပါသွားတတ်ကြတာ အများစုပါ။

**ငယ်တော့ပျော်၊ ကြီးတော့အဖော်** ဆိုတဲ့အတိုင်း ဖော်မဲ့ တစ်ကိုယ်ရည် ဘဝမှာ ဘာမှ မပြည့်စုံတော့ဘူး။ သူ မရှိတဲ့နောက် အိပ်ရာဝင်လဲ တစ်မျိုးလို၊ ဘုရားသွားလဲ တစ်မျိုးလို ဆိုတဲ့အတိုင်း ဦးစံမြင့်လဲ ဒီအတိုင်း ဖြစ်နေတယ်။

နင့်အမေကောလို့ မေးစရာ မရှိတော့တဲ့ ဘဝမှာ အားငယ်ရှာပေမပေါ့။ အသက်(၉၀)တွင် မျက်စိနှစ်ဖက်စလုံး ကွယ်လိုက်သေးတော့ ဘဝ မီးလောင်ရာတွင် သောက လောက ပင့်လိုက်သလိုပါပဲ။

စကားအဆန်းတွေ ပြောလာတယ်။ ရန်ကုန် ရပ်နီးရပ်ဝေးက ဘယ်သူတွေ ဘာက အဖေကြီးကို တောင်းပန်စကားတွေနဲ့ ကန်တော့ကြတယ် ဆိုပါတယ်။

ဝံ့မကြည့်တော့ မကြာခင်က ကွယ်လွန်ပြီးသူတို့ ဖြစ်နေကြတယ်။ လူခြောက်ကလေးတစ်ဦး ဘုရားစင်အနီး လာထိုင်နေတယ် ဆိုတာလဲ နေ့တိုင်း လိုလို ပြောပြနေပါတယ်။

ရထားပုံများနဲ့ ဝတ်ဖြူစင်ကြယ် ဆံရှည်ပုဂ္ဂိုလ်ကြီးတို့ကလဲ လိုက်ခဲ့ဖို့ ခေါ်နေကြတယ်။ ငါ မလိုက်သေးဘူး ပြောထားတယ် ဆိုပါတယ်။

ကွယ်လွန်ဖို့ ရက်နီးလေ လူခြောက်နဲ့ ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ်ကြီးတွေ လာခေါ်နေတဲ့ အားပြိုင်ပွဲပါပဲ။

### ဇာတ်သိမ်းဆန်းသော ဦးစံမြင့်

ဘဝပြောင်းရန် ရက်(၂)ပတ် အလိုတွင် သမီး မဝင်းဝင်းကို သတိပေးတယ်။

'အဖေကြီး အရေးကြီးနေပြီ ဝေးဝေး



မသွားကြပါနဲ့'

တဲ့။ ဆရာဝန်နဲ့ ကြပ်မတ် ကုသပေမယ့် ဖခင်ကြီး လက်ခံတာ ရှိသလို လက်မခံတဲ့အခါ အခက်အခဲ တွေ့ရကြောင်း သားကြီးကိုသန့်ဇင်က ပြောပါတယ်။

မိဘတို့ ကျန်းမာရေးအတွက် သားသမီးများ အလှည့်ကျ တာဝန်ယူကြသဖြင့် လိုလေသေးမရှိ ပြုစုကြတယ် ဆိုကြပါတယ်။

ဝတ်ဖြူစင်ကြယ် ဆံရှည်ပုဂ္ဂိုလ်ကြီးများလဲ ခေါ်နေကြောင်း၊ လူခြောက်ကလေးကလဲ သူ့ကို တကြည့်ကြည့်နဲ့ ကခုန်လို့နေပါသတဲ့။

(၁၄.၁၂.၂၀၁၅) ညနေခင်း ဦးညာဏိသာရရဲ့ တရား(၂)ခွေကို ကောင်းစွာ အာရုံခံ၍ နာယူတယ်။ အဆီအနှစ်ပြည့်ဝတဲ့ တရားတွေ အဖေကြီး မှတ်သားပြီးပြီ ဆိုပါတယ်။

ညစာကျွေးပြီး အချိုရည်အေးအေးလေး တစ်ခွက်သောက်၍ အိပ်ရာဝင်ပါတယ်။

'သမီး ဒီအချိန် အရေးကြီးနေပြီ အဝတ်သစ်များ လဲပေးပါ။ ပြီးရင် ပေါင်အိုးကိုက်ပေးပါ'

ဆိုတဲ့အတိုင်း ပြုလုပ်ပေးပြီး သားကြီးကိုသန့်ဇင် လက်ပေါ်တွင် ဘဝတစ်ပါးသို့ အပြီးတိုင် ထွက်ခွာသွားပါတော့တယ်။

ဦးစံမြင့်ဘဝနဲ့ အပြီးတိုင် ထွက်ခွာသွားပေမယ့် **သံသရာခရီးကတော့ ရှည်ပါတယ်။**

သူ့ဆန္ဒအတိုင်း ပုဏ္ဏားထုံးစံနဲ့ ဗုဒ္ဓဘာသာထုံးစံ (၂)ခုလုံးဖြင့် စည်ကားစွာ သဂြိုဟ်ပေးလိုက်ပါတယ်။

သူ့ကို သယ်ဆောင်တဲ့ နာရေးယာဉ်ကို သော့မခတ်ရုံတမည် ဂျက်အားလုံးချ၍ ပို့ဆောင်ရာ မီးသဂြိုဟ်မယ့်နေရာ အရောက် ကားရပ်တာနဲ့ တစ်ပြိုင်တည်း အလိုလို နောက်တံခါးကြီး ပွင့်ကျလာတာ အံ့ဩစရာပါ။အရိုးပြာများကို ရောဝတီမြစ်တွင် မျှောလိုက်ကြပါတယ်။

ပြန်လမ်းနှစ်ခွ လမ်းဆုံပေါ်က ဦးစံမြင့်တစ်ယောက် ပဟေဠိဆန်စွာ သူ့အပြန်လမ်းကို ခန့်မှန်းကြစေဖို့ အလုပ်ပေးသဘောနဲ့ မေးခွန်းပေးထားခဲ့ဟန် တူပါတယ်။

လူ့ဘဝထဲကို အဆန်းတကြယ် ကျော်မြင်ဘဝနဲ့ ဝင်လာပြီး ဦးစံမြင့်ဘဝနဲ့ အဆန်းတကြယ် လူ့ဘဝထဲက ပြန်ထွက်သွားသူ၏ ခရီးက လမ်း(၂)ခွ ဖြစ်နေတာ တွေ့ရမှာပါ။

ဘဝဟောင်းက နောင်တော် လူခြောက်နောက်ကိုလား၊ ဘဝသစ်ကို ပို့ဆောင်ကြမယ့် ဝတ်ဖြူစင်ကြယ် ဆံရှည်ပုဂ္ဂိုလ်ကြီးများ နောက်ကိုလား ဆိုတာ သူ့အပြန်လမ်း ခန့်မှန်းကြည့်ကြပါစို့...

**အီကင်းဦးမြမောင်**
**(မန္တလေး)**

www.burmeseclassic.com

ဤ်လည်း...

✦ **မိဿရာသီဖွား(မတ် ၂၁ရက်မှ ဧပြီ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် အာပေါဓာတ်စာများကို အားပြုစားသုံး၍ ပထဝီဓာတ်စာများ လျှော့ပေါ့ဆင်ခြင်သင့်သည်။

❂ **အာပေါဓာတ်စာ။** ။ ကျွဲသား၊ ကြွက်သား၊ ရေကြက်သား၊ ဝက်သား(သုံးထပ်သား)၊ ခရု၊ လိပ်၊ ရေမြွေ၊ ကနန်း၊ ကနုကမာ၊ ဗျိုင်း၊ ဘဲ၊ ငန်း၊ ဖားသားများ၊ ငါးမြစ်ချင်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးရှူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကသပိုး၊ ငါးသလဲထိုး။

စပျစ်သီး၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သဘောသီးနု၊ ငှက်ပျောသီး၊ ကနဖော့၊ လယ်ပတူ၊ မန်ကျည်းသီးစိမ်း၊ ခဝဲ။

သပွတ်၊ အောင်မဲညို၊ ရေထိကရုံး၊ မင်းကွတ်သီး၊ ကျောက်ပွင့်၊ ရေညှိ၊ စားတော်ပဲ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ၊ ဆိတ်ဖူး၊ မုန့်ညင်းဖြူ၊ ပုံးရည်ကြီး၊ ကြံရည်၊ အုန်းရည်၊ မဲဇလီကြီး၊ ဖလံတောင်ဝှေး၊ ရေသရက်ကင်း။

❂ **ပထဝီဓာတ်စာ။** ။ ကြက်သား၊ ချိုးသား၊ ခါးသား၊ ဆတ်၊ ချေ၊ သမင်၊ ဒရယ်၊ ဆိတ်သား၊ ဝက်ပေါင်သား၊ ဖွတ်၊ ပုတတ်၊ လင်းမြွေ၊ စပါးကြီး၊ မြွေ၊ ပုရစ်၊ ပလူ။ ငါးရှူ၊ ငါးကျည်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ပုစွန်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဥ့်၊ ငါးမြွေထိုး၊ ဆိတ်နို့၊ နွားနို့၊ ထောပတ်။

ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်းစွန်းဥ၊ ဥသျှစ်သီး၊ တညင်းသီး၊ မာလကာသီး၊ ဒူးရင်းသီး၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ။

ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ၊ ဒန့်သလွန်။

✦ **ပြိဿရာသီဖွား(ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်းမွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြု၍ တေဇောဓာတ်စာများကို လျှော့ပေါ့ရှောင်ကြဉ်ပါ။

❂ **ဝါယောဓာတ်စာ။** ။ ငါးခုံးမ၊ ငါးမြစ်ချင်း၊ ငါးကြင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ချိုးဥ၊ ငုံးဥ၊ ငှက်ဥများ၊

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

# ကျန်းမာရေး အကြံပြုချက်

ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဖူး၊ ခွေးတောက်၊ ကြောင်လျှာ၊ တမာ၊ သဘောသီးရင့်၊ ရှားစောင်းခါး၊ ရင်းပြား၊ လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး။

မဲဇလီ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ ဟင်းနုနယ်၊ မန်ကျည်းမှည့်၊ ထန်းလျက်၊ မုန့်ညင်းခါး။


❂ **တေဇောဓာတ်စာ။** ။ ငါးပြေမ၊ ငါးဖယ်မ၊ ကဘီလူး၊ ကကတစ်၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ခွေးသား၊ ရှဥ့်သား၊ ကြွက်သား။

ဒူးရင်းသီး၊ ရဲယို၊ ဩဇာ၊ သဘောသီးမှည့်၊ ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ သစ်ကြပိုး၊ ကရဝေး၊ လေးညှင်း၊ ပတဲကော၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊

ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ကြိတ်မှန်ရွက်၊ လဲလူရွက်၊ ဝါရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ကြာဟင်း၊ ကုက္ကို၊ သက်ရင်း၊ ငုံ၊ ထန်းရည်၊ ဝ,ဥ၊ အင်ဥ၊ ပီလောပီနံဥ။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာကို ဆင်ခြင်စားသုံးပါ။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို လျှော့ပေါ့ဆင်ခြင်ပါ။



✦ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ရက်... ဩဂုတ်လ ၂၁ ရက်အတွင်း မွေး...)**တို့သည် ဝါယောဓာတ်စာကို ပိုမိုစား... ၍ တေဇောဓာတ်စာကို ဆင်ခြင်စား... ပါ။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်... စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)**... သည် အာပေါဓာတ်စာကို အားပြုစား... ၍ ပထဝီဓာတ်စာကို လျှော့ပေါ့စားသုံး...

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်... အောက်တိုဘာ ၂၂ရက်အတွင်း မွေး... သူ)**တို့သည် တေဇောဓာတ်စာ... အားပြုစားသုံး၍ ဝါယောဓာတ်စာ... လျှော့ပေါ့ရှောင်ကြဉ်ပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂... ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း... မွေးသူ)**တို့သည် ပထဝီဓာတ်စာ... အဓိက စားသုံး၍ အာပေါဓာတ်စာ... ရှောင်ကြဉ်ပါ။

✦ **ဓနုရာသီဖွား (နိုဝင်ဘာ ၂၂ ရက်... ဒီဇင်ဘာ ၂၀ရက်အတွင်း မွေးသူ)**... သည် ဝါယောဓာတ်စာကို အားပြုစား... ၍ တေဇောဓာတ်စာကို ဆင်ခြင်... ဆောင်ပါ။

✦ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်... ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)**... သည် အာပေါဓာတ်စာကို အား... ပထဝီဓာတ်စာများကို လျှော့ပေါ့... ဆောင်ပါ။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်... ဖေဖော်ဝါရီ ၁၈ရက်အတွင်း မွေး...)** တို့သည် တေဇောဓာတ်စာကို အား... စားသုံး၍ ဝါယောဓာတ်စာကို လျှော့... ဆင်ခြင်ပါ။

✦ **မိန်ရာသီဖွား(ဖေဖော်ဝါရီလ ၁၉ရက်... မှမတ် ၂၀ရက်အတွင်းမွေးသူ)**တို့သည်... ပထဝီဓာတ်စာကို အဓိက စားသုံး... အာပေါဓာတ်စာများကို ဆင်ခြင်... သုံးပါ။

**အာရောဂျဆုလာဘ်နှင့် ပြည့်စုံကြပါစေ...**

**ဆေးဆုတေသီ**

www.burmeseclassic.com

www.burmeseclassic.com



ချို (အမရပူရ)

# အိမ်ခေါင်းရင်းမှ

ထုံးဖွေးဖွေးနှင့် အဘိုးအုတ်ဂူ

၁၉၈၁ ခုနှစ် မန္တလေးတက္ကသိုလ်မှ စာတတ်မြောက်ရေး အသုံးလုံး စေတနာ လုပ်အားပေးအဖွဲ့သည် ရောဝတီတိုင်းဒေသကြီးသို့ မန္တလေးမှ မီးရထားဖြင့် ခရီးထွက်ခဲ့ကြပါသည်။

ရောဝတီတိုင်းဒေသကြီးတွင် မွေးတို့ လုပ်အားပေးအဖွဲ့သည် အိမ်မဲမြို့နယ်တွင် တာဝန်ကျခဲ့ကြပါသည်။

ရန်ကုန်ဘူတာကြီးတွင် လာကြိုသောကားများဖြင့် သင်္ဘောဆိပ်သို့ ပို့ဆောင်ပေးခဲ့ပါသည်။ အိမ်မဲမြို့သို့ သင်္ဘောဖြင့် နံနက်ပိုင်းစီးလာခဲ့ပြီး ညနေပိုင်းတွင် အိမ်မဲမြို့သို့ ရောက်ရှိပါသည်။

အထက်တန်းကျောင်း တစ်ကျောင်းတွင် ကြိုဆိုညှိခံကာ ညနေစာဖြင့် ကျွေးမွေးကြပါသည်။

အိမ်မဲမြို့ သင်္ဘောဆိပ်တွင် ရပ်ထားသော သင်္ဘောပေါ်တွင် ညအိပ်ကြရပြီး ဖွင့်ပွဲ ဖွင့်လှစ်မည့်နေရာသို့ သင်္ဘောဖြင့် သွားရပါသည်။

အသုံးလုံး ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတက္ကသိုလ်မှ ကြီးကြပ် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံလုပ်အားပေးမည့် လူငယ်များ၊ ဆရာ၊ဆရာမများ တက်ရောက်ကြပါသည်။

ဖွင့်ပွဲ ဖွင့်လှစ်ပြီး လုပ်အားပေးသွားရမည့် ရွာများသို့ မော်တော်ငယ်များဖြင့် သွားရပါသည်။ မွေးတို့အဖွဲ့သည် လက်ပံကုန်း ကျေးရွာအုပ်စုတွင် လုပ်အားပေး စာသင်ရမည် ဖြစ်ပါသည်။

ကြိုဆိုသော မော်တော်ငယ်ဖြင့် ခရီးဆက်ခဲ့ကြရာ လုပ်အားပေးရမည့် ကျေးရွာသို့ ရောက်ရှိကြပါသည်။

မွေးတို့သူငယ်ချင်းသုံးဦး လုပ်အားပေးရမည့် ရွာအမည်မှာ လွှစင်စုရွာဖြစ်ပါသည်။ အိမ်ပိုင်းတစ်ခုတည်းတွင် ပျဉ်ထောင်ကာ နှစ်ထပ်အိမ်နှစ်လုံးရှိပြီး အိမ်တစ်လုံးတွင် တည်းရပါသည်။

ထိုအိမ်တွင် အဘွား၊ မြေးမိန်းကလေးတစ်ယောက်၊ ယောကျ်ားလေးငယ်တစ်ယောက်တို့ နေထိုင်ကြပါသည်။

လုပ်အားပေးမည့် မွေးတို့သုံးဦး၏ အိပ်ရာလိပ်၊ လက်ဆွဲအိတ်များကို အိမ်အောက်ထပ်တွင် ချပေးပါသည်။

အိမ်တံခါးမကြီးနှင့် မနီးမဝေးတွင် အိပ်ရာခင်းပေးထားပါသည်။ အိပ်ရမည့်နေရာတွင်ထိုင်ပြီး ဘုရားကန်တော့လိုက်ပါသည်။ ခဏအကြာ တံခါးမကြီးမှ...

'ဒေါက်...ဒေါက်...ဒေါက်'

ဟု တံခါးခေါက်သံကို ကြားလိုက်ကြပါသည်။ တံခါးဖွင့်ပြီး ကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com

မည်သူမျှ မတွေ့ရပါ။ တံခါးပိတ်ပြီး နေကြပြန်ရာ မကြာမီ...

''ဒေါက်...ဒေါက်...ဒေါက်'' ထပ်ပြီး ကြားရပြန်ပါသည်။ ရှာသားများ လာရောက် စနောက်သည်အထင်ဖြင့် တံခါးဖွင့်ပြီး ကြည့်ကြပါသည်။ လက်နှိပ်မီးဖြင့် ထိုးကြည့်ရာ လူတစ်ဦးတစ်ယောက်မှ မတွေ့ရပါ။

ထို့နောက် တံခါးပိတ်ပြီး အိပ်လိုက်ကြပါတော့သည်။ ညဉ့်အချိန်လောက်တွင် မွေး၏လည်ပင်းကို လက်ဖြင့် လာညှစ်သလို ခံစားရပါတော့သည်။

အသက်ရှူကျပ်လာပြီး မလွှတ်သေးသဖြင့် ဘုရားစာများ ရွတ်ရာ နောက်ဆုံး သရဏဂုံရွတ်မှ လွတ်သွားပါသည်။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ'

ဟု ဆက်ပြီး ရွတ်ဆိုလိုက်ပါသည်။

မွေးလည်း ကြောက်လန့်ပြီး အိပ်မဝေျော်တော့ပါ။ လည်ပင်းတွင် နာနေသည့်ဝေဒနာ ကျန်ရစ်ပြီး အိပ်မက်မဟုတ်မှန်းလည်း သိနေပါသည်။

သရဏဂုံကို ဆက်ရွတ်ဆိုနေပြီး အိပ်ပျော်သွားရာ မနက်မိုးလင်းမှ နိုးလာပါသည်။ နံနက်စာ မုန့်စားပြီး အပေါ်ထပ်သို့ တက်အိပ်မည်ဟု ပြောကာ အပေါ်ထပ်ကို သန့်ရှင်းရေးလုပ်ကြပါသည်။

အပေါ်ထပ်သို့ သန့်ရှင်းရေးလုပ်ပြီး အိပ်ရာလိပ်များ ရွှေ့ထားကြပါသည်။ အိမ်အပေါ်ထပ်ရှိ ပြတင်းပေါက်တစ်ခုကို ဖွင့်လိုက်ရာ ခေါင်းရင်းထိပ်၌ မရန်းပင်ကြီးတစ်ပင်ကို အသီးများ ဝင်းဝါလျက် တွေ့လိုက်ပါသည်။

အောက်ထပ်ကို ငုံ့ကြည့်ရာ မရန်းပင်ကြီးအောက်တွင် ထုံးဖြူဖြူသုတ်ထားသော အုတ်ဂူအသစ်တစ်လုံးကို ထူးဆန်းစွာ တွေ့လိုက်ရပါသည်။

အိမ်ရှင်မြေးမလေးကို တွေ့ရသဖြင့် မေးကြည့်ရာ...

'အဘိုးရဲ့အုတ်ဂူလေ... လွန်ခဲ့တဲ့ တစ်လခန့်က ကွယ်လွန်သွားတာပါ။ မိသားစု အကြီးအကဲဖြစ်တာမို့ အိမ်ခေါင်းရင်းမှာ ဂူသွင်းလိုက်တာပါ။ အဘွား ကွယ်လွန်သွားရင်လဲ အဘိုးအုတ်ဂူဘေးမှာ ဂူသွင်းမှာပါ'

ဟု ပြောပြပါသည်။

မွေးတို့ရောက်သည့်ညတွင် တံခါးလာခေါက်သူသည် ကွယ်လွန်သွားသော အဘိုးမှန်း သိလိုက်ပါတော့သည်။ နောက်တစ်ခါ အဘိုးမှ တံခါးလာမခေါက်စေရန် တောင်းပန်စကားပြောလိုက်ပါသည်။

'ကျွန်မတို့ အသုံးလုံးလုပ်အားပေးလာတာပါ။ အဘွားအိမ်မှာ တစ်လခန့် တည်းခိုကြမှာပါ။ ဘာအန္တရာယ်မှ မလုပ်ပါနဲ့အဘိုး'

ဟု ပြောလိုက်ပါသည်။

ထိုနေ့မှစ၍ အဘိုးအုတ်ဂူဘေးမှ စာသင်ရာတွင် ဖြတ်သွားကြပါသည်။ သူငယ်ချင်းများ ရွာမှ အလည်ပြန်ရာတွင်လည်း ဖြတ်သွားကြပါသည်။ ညအခါတွင်လည်း မိုးချုပ်မှ အုတ်ဂူဘေးမှ ဖြတ်သွားကြပါသည်။

အသုံးလုံး စာတတ်မြောက်ရေး လုပ်အားပေး ပြီးသည်အထိ အဘိုးသည် အိမ်မှာ လာတည်းသည့် ဆရာမလေးတွေကို အန္တရာယ်မပြုတော့ပါ။ စိတ်အေးချမ်းသာစွာ စာသင်ပေးခဲ့ရသည်။

ရွာကလေးရှိ အဘိုးအုတ်ဂူဖွေးဖွေးလေးကို ထူးဆန်းစွာ မြင်တွေ့ခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါတော့သည်။

ချို(အမရပူရ)

မည်သူမဆို ပါဝင်ရေးသားနိုင်ပါသည်...

စာမူပို့လိုက...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉-မြေညီ၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄၊

F.3?B. November, 201?

www.burmeseclassic.com

# ပြဒါးသေ ရွှေ ရသာယနအားဆေးကြီး



ရောဂါဝေဒနာဖြစ်စေသော လိုမီးလွန်မီးများကို ပြဒါးသေရွှေ၏ သတ္တိဖြင့် လူသား၏ ကျန်းမာမှုကိုပေးစွမ်းနိုင်သော ဉဿုအနွေးဓာတ် ရရှိစေကာ သမဝမ်းမီးအဖြစ် ပြောင်းလဲပေးနိုင်သဖြင့် အစာကြေ၊ အစာကျက်၊ ခံတွင်းလိုက် အရသာပေါ် စားကောင်းမှုများ ဖြစ်ပေါ်ခြင်း၊ ဓာတ်စင်ဓာတ်ကောင်းများဖြစ်ပေါ်ခြင်း၊ သွေးအား၊ သားအား၊ သုက်အား၊ ဓာတ်အား၊ ကိုယ်ခံစွမ်းအား၊ ကာမအားများ ထူးခြားစွာ တိုးတက်ခြင်း၊ အရွယ်နုပျိုရုပ်ရည်လှပ စိုပြည်လာခြင်း၊ ကိုယ်တွင်ဖြစ်သောရောဂါ၊ စိတ်တွင်ဖြစ်သောရောဂါများကို ပျောက်ကင်းစေခြင်း၊ သတိမှတ်ဉာဏ်၊ ပညာဉာဏ် အတွေးအခေါ် အရည်အသွေးတိုးတက်လာခြင်း မသန့်သောဓာတ်များကြောင့် ရရှိလာသော ဘေးထွက်ဆိုးကျိုးများကို ရှင်းပေးခြင်း မျက်စိအမြင်စွမ်းအား တိုးတက်ခြင်းစသော ကောင်းကျိုးတရားများကို ရရှိနိုင်သည်။

ပြဒါးသေ၏ အကျိုးတရားများနှင့် ရသာယနအားဆေးကို မစားမီ လိုက်နာရန် လိုအပ်ချက်များကို မြန်မာ့အာယုဗ္ဗေဒ သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ ဓာတ်သမုဒ္ဒရာကျမ်းကြီးနှင့် ဆရာအောင်၏ ဓာတ်လေးပါးအဖွင့် ဆေးကျမ်းကြီးများမှ ကောက်နုတ်ပြီး **Shwe Pyar Thati Reinforcing Foundation fb** နှင့် **Sa Sa U Kyaw Myint Fb** များမှာ ဖော်ပြထားပါသည်။

[နေ့စဉ် စားသုံးမှုပြုနေပါက (၃)လတွင် ပြောင်းလဲမှုကို တွေ့ရမည်ဖြစ်ပြီး တစ်နှစ်ပြည့်ပါက သိသာထူးခြားစွာ ပြောင်းလဲနေမည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရပါမည်။]

ထွက်ရပ်ပေါက်ဆရာတော် ဦးကောဏ္ဍည၏ ရွှေဓာတ်လုံးကို လုံထဲထည့်ပါသည်။ ဓာတ်လုံးပေါ်တွင် ပြဒါးရည်တစ်မတ်သားတင်ပြီး ဇော်မံကာ ဖွဲမီးဖြင့် ကိုယ်တိုင်မီးပေးခဲ့သည်။ ညနေ(၆)နာရီတွင် မီးပေး၊ နံနက်(၇)နာရီတွင် ထုတ်ယူလိုက်တဲ့အခါ ရာဇမတ်ကွက်ပုံ ရွှေတစ်မတ်သား ကျလာပါတယ်။ ပြဒါးရည်ထဲ ထည့်တော့ ပြဒါးရည်မှာ ငုတ်သွားပါသည်။ နောက်ပြဒါးရည် တစ်မတ်သား ထပ်မံတင်ပြီး ဒုတိယအကြိမ် မီးပေးပါသည်။ နောက်ထပ် တစ်မတ်သား ကျလာပါသည်။ ရာဇမတ်ကွက်ပုံ ဖြစ်ပါတယ်။ ပုံထဲမှာ အောက်က ပြဒါးဓာတ်လုံးဖြစ်ပါသည်။ ပြဒါးနီရွှေဓာတ်လုံး၊ အပေါ်ကကြေးကနေ ဖြစ်လာတဲ့ ဇမ္ဗူရာဇ် ရွှေဓာတ်လုံးဖြစ်ပါသည်။

(ဆေးစားနေသောသူများ သွေးအားပြည့်အောင် စောင့်ရှောက်နေထိုင်နည်းစာအုပ် လက်ဆောင်ပေးသည်။) ***အိမ်အရောက် ပို့ပေးသည်။***

တစ်လစာ ၂၀၀၀၀ိ/ကျပ်

**(မြန်မာ့အာယုဗ္ဗေဒ သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**
**ရွှေပြာသတ္တိ စစ ဦးကျော်မြင့်(တ/ဆ ၂၉၉၂၊ B.A၊ C.T.M.P) စစ တိုင်းရင်းအထူးကုဆေးခန်း**
**အမှတ် -၅၂၄၊ မဓာဝီလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့**
**ဖုန်း-၀၉ ၅၁၅၆၁၃၆၊ ၀၉ ၂၅၄၀၇၅၀၃၅၊ ၀၁ ၉၆၉၉၇၇၉၊**



www.burmeseclassic.com